မြသန်းတင့်

အိမ်ကြီးနှင့်အိပ်မက်

(ဆဋ္ဌမတွဲ)

အခန်း ၇၀

ထိုက်ယုသည် မက်မုံပွင့်အဖွဲ့ဟူသော အမည်ဖြင့် ကဗျာအဖွဲ့ ထောင်ခြင်း၊

စမ်းယဉ်သည် မိုးမခပွင့်ကြီး များပေါ်တွင် ကဗျာရေးခြင်း။

ကျိုလျှံသည် အကြီးမ၏အလောင်းကို တတိုင်းမွေးရင်ပြင်တွင် ခုနစ်ရက် ခုနစ်ညထားကာ ဘုန်းတော်ကြီးများ၊ ဝတ်အဖွဲ့များကိုဖိတ်၍ တရားစာများကို ရွတ်ဖတ်လေ၏။ ထိုစဉ် မယ်မယ်က သူ့ကိုခေါ်ကာ အလောင်းကို ဆွေမျိုးစုသင်္ဂြိုဟ်သည့် ဝတ်ကျောင်းသို့ပြောင်းရွှေ့ရန် ပြောသည့်အတွက် အငယ်မ၏ သင်္ချိုင်းအနီးတွင် မြေကွက်တစ်ကွက်ရွေးပြီးနောက် ထိုနေရာတွင် မြှုပ်နှံရလေ၏။ သင်္ဂြိုဟ်သည့်အခါတွင် ဆွေမျိုးများနှင့်အတူ ဝမ်ဆင့်နှင့်မမယုတို့သာ တက်ရောက်ကြလေ၏။ နတ်ငှက်မယ်ကားအသုဘကိစ္စတွင် ဘာမျှ ကူညီလုပ်ကိုင်ပေးခြင်း မရှိချေ။ ကျိုလျှံ တစ်ယောက်တည်းကသာ ဦးဆောင်၍လုပ်ရလေ၏။

သို့ဖြင့် နှစ်ကုန်ကာနီး၍ လာခဲ့လေပြီ။ ထိုအတောအတွင်း လင်ချိရှောင်သည် အရွယ်ရောက်သည့် ယောကျ်ားအစေတော် ရှစ်ယောက်တို့ကို ခေါ်လာခဲ့ကာ စံအိမ်တွင် သူတို့နှင့် သင့်လျော်သည့် အစေတော်

မိန်းမများရှိ မရှိ လာရောက်မေးမြန်းလေ၏။ နတ်ငှက်မယ်က လင်ချိရှောင် ယူလာသည့် ယောကျ်ားအစေတော်များ၏ စာရင်းကို ကြည့်ပြီးနောက် မယ်မယ်နှင့် သခင်မဝမ်တို့ထံ လာရောက်တိုင်ပင်ခြင်းပြုလေ၏။ သူတို့နှင့် အရွယ်တူ အစေတော် အများအပြားရှိသည့်တိုင် သင့်လျော်သည့် သတို့သမီးကို ရှာမရနိုင်ဘဲဖြစ်လျက် ရှိလေ၏။ ယုန်ယွမ်းမှာ သူတို့စံအိမ်မှ ဘယ်တော့မျှ မထွက်တော့ဘဲ အသက်ထက်ဆုံး စံအိမ်မှာပင် နေတော့မည်ဟု ဆုံးဖြတ်ကာ ပေါက်ယုကိုလည်း စကားမပြော၊ ဝတ်ကောင်းစားလှတို့ကိုလည်း ဝတ်ဆင်ခြင်း မပြုတော့ချေ။ ထို့ကြောင့် ယုန်ယွမ်းနှင့် လက်ဆက်ပေးရန်မှာ မဖြစ်နိုင်တော့ချေ။ ဟုပိုမှာလည်း ကျန်းမာရေးမကောင်းသည့်အတွက် သူနှင့်လက်ထပ်ဖို့ မဖြစ်နိုင်တော့ချေ။ ဆိုင်ယွန်းမှာလည်း ခပ်စောစောကကျိယုန်၏အမြှောင်ဖြစ်ခဲ့သည့်တိုင် အမျိုးအမည်မသိသောရောဂါ စွဲကပ်လျက်ရှိသဖြင့် လက်ထပ်၍မဖြစ်တော့ချေ။ သူတို့အပြင် လီဝမ်းနှင့် နတ်ငှက်မယ်တို့၏ အစေတော်များမှာလည်း သူတို့သဘောဖြင့်သူတို့ အိမ်မှထွက်ကြတော့မည် ဖြစ်သည့်အတွက် သူတို့နှင့် ပေးစား၍ မဖြစ်နိုင်တော့ချေ။ အခြားအစေတော်များမှာလည်း ငယ်ရွယ်သေးသည့်အတွက် လက်ထပ်ပေး၍ မဖြစ်သေးချေ။ ထို့ကြောင့် ထိုယောကျ်ား အစေတော်များမှာ စံအိမ်ဝင်းထဲမှ သတို့သမီးရှာ၍ မဖြစ်တော့ဘဲ အပြင်တွင် ရှာဖွေရန်သာ ကျန်တော့သည်။

နတ်ငှက်မယ် နေထိုင်မကောင်းဖြစ်လျက်ရှိသည့်အတောအတွင်း၌ လီဝမ်းနှင့်တန်ချွန်းတို့မှာ စံအိမ်ကြီးအုပ်ချုပ်ရေးကိစ္စအဝဝဖြင့် မအားမလပ်နိုင်အောင်ဖြစ်လျက်ရှိကြလေ၏။ ထိုအတောအတွင်း၌ နှစ်သစ်ကူးအတွက် ပြင်ဆင်ရခြင်း၊ မီးအိမ်ပွဲတော်အတွက် ပြင်ဆင်ရခြင်းတို့ကြောင့် ကဗျာအဖွဲ့ကိုပင် မေ့လျော့နေကြလေပြီ။ ထိုနှစ်နွေဦး၌ ကြမ္မာဆိုးများလည်း ဆက်တိုက်ဝင်လာခဲ့လေ၏။ ပေါက်ယုတွင် မိတ်ဆွေကောင်းတစ်ဦးဖြစ်သည့် လူစင့်လျှ သေဆုံးခြင်း၊ အကြီးမနှင့်အငယ်မတို့ ကွယ်လွန်ခြင်း၊ ဝုအဲ နေထိုင်မကောင်း ဖြစ်ခြင်းတို့ကြောင့် ပေါက်ယုမှာ စိတ်ဓာတ်အကြီးအကျယ်ကျလျက်မှိုကာ ငိုင်တိုင်တိုင်ဖြစ်လျက်ရှိလေ၏။ မာလာနှင့် အစေတော်များသည် ပေါက်ယု၏အခြေအနေကိုသိသည့်တိုင် မယ်မယ်ကို

မပြောရဲကြဘဲ သူတို့တတ်နိုင်သည့်နည်းများဖြင့် ပေါက်ယုကို စိတ်ပြေလက်ပျောက်ဖြစ်အောင် အားပေးနှစ်သိမ့်နေရလေ၏။

တစ်မနက်၌ ပေါက်ယုသည် အိပ်ရာမှနိုးလာစဉ် အပြင်ဘက်မှ တခစ်ခစ်ရယ်သံနှင့် ခပ်အုပ်အုပ်စကားပြောနေသံများကို ကြားရလေ၏။

မာလာက ခပ်ပြုံးပြုံးဖြင့်

"သခင်လေး ပေါက်ယု။ ဟိုမှာ သွားလုပ်ပါဦး၊ ချင်ဝမ်းနဲ့ ရှေယွေ့ရယ်၊ ဖန်ကွမ်းကို ကလိထိုးနေကြတယ်။ ဟိုမှာ ယားလို့ သေတော့မယ်"

ပေါက်ယုသည် ရှဥ့်မွေးဝတ်လုံအင်္ကျီကို ပခုံးပေါ်သို့ ကောက်တင်ပြီးနောက် အပြင်သို့ထွက်လာခဲ့လေ၏။ မိန်းကလေးသုံးယောက်မှာ အိပ်ရာများကို မသိမ်းရသေးချေ။ ထို့ပြင် သူတို့ကိုယ်ပေါ်တွင် အတွင်းခံအင်္ကျီကလေးများသာ ဝတ်ထားကြလေ၏။ ချင်ဝမ်းမှာ အစိမ်းရောင်ကိုယ်ကျပ်အင်္ကျီကိုဝတ်ထားပြီ ဘောင်းဘီအနီ၊ ဖိနပ်အနီတို့ကို စီးထားလေ၏။ ချင်ဝမ်းသည် ဖန်ကွမ်းကို ကိုယ်ပေါ်တွင် ကားရားခွထိုင်လျက်ရှိပြီးလျှင် ဖန်ကွမ်းကို ကလိထိုးလျက်ရှိလေ၏။ ရှေယွေ့မှာ အနီရောင်ပိုးရှဥ့်မီးအင်္ကျီကိုဝတ်ထားပြီး ဝတ်ရုံအင်္ကျီဟောင်းကြီးကို ပခုံးတွင် ခြုံထားလေ၏။ ဖန်ကွမ်းမှာ ပွင့်ရိုက် ကိုယ်ကျပ် အတွင်းခံအင်္ကျီကို ဝတ်ထားပြီး ဘောင်းဘီအနီကိုဝတ်ထားကာ ယားလွန်းသဖြင့် ခြေထောက်များကို ကော့ကော်ကန်ကားလုပ်ရင်း တခစ်ခစ်ရယ်လျက်ရှိလေ၏။

"ဟင်၊ နင်တို့နှစ်ယောက်က မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နေကြတာ ငါကယ်မှဖြစ်မှာပေါ့"ဟု ပေါက်ယုက ရယ်၍ပြောလေ၏။

ပေါက်ယုသည် ခုတင်မီးဖိုကြီးပေါ်သို့တက်လာကာ ချင်ဝမ်းကို နောက်မှ ကလိထိုးသည်တွင် ချင်ဝမ် က န်ကွမ်းကို လက်လွှတ်လိုက်ပြီးလျှင် သူ့ဘက်သို့ လှည့်လိုက်လေ၏။ ဤတွင် ဖန်ကွမ်းက ချင်ဝမ်းကိုဖမ်းဆွဲလိုက်ပြီး ချိုင်းကြားထဲသို့ ကလိထိုးလေ၏။

"လေးယောက်စလုံးနော်။ တော်တော်ကမြင်းထကြ။ အအေးမိနေကြလိမ့်ဦးမယ်"ဟု မာလာက ပြောလေ၏။

ထိုစဉ် လီဝမ်း၏အစေတော်ဖြစ်သည့် ပီရွှေ့ ရောက်လာလေ၏။

"မနေ့ညတုန်းက သခင်မလေးလီဝမ်း လက်ကိုင်ပဝါကျနေရစ်ခဲ့လို့။ ဒီမှာများမတွေ့မိကြဘူးလား"

ဆိုင်ယွန်းက

"ဟုတ်ဘယ်၊ တွေ့တယ်။ ကြမ်းပေါ်ကကောက်ရတာ။ ဘယ်သူ့ဟာမှန်းမသိတာနဲ့ သိမ်းထားတာ။ လျှော်ပြီးလှန်းထားတယ်။ မခြောက်သေးဘူးထင်တယ်"

ပီရွှေ့သည် ခုတင်မီးဖိုကြီးပေါ်တွင် လုံးထွေးနေကြသူများကို မြင်လျှင်ကြည့်၍ ပြုံးလေ၏။

"ဒီမှာက ပျော်စရာကြီးနော်။ စောစောစီးစီး ဆော့နေလိုက်ကြတာ"

"နင်တို့အဆောင်မှာကော မဆော့ကြဘူးလား။ ဟိုမှာ အဖော်တွေအများကြီးရှိသားနဲ့" ဟု ပေါက်ယုက မေးလေ၏။

"ကျွန်မတို့ သခင်မက သိပ်စည်းကမ်းကြီးတယ်။ သူ့ ညီမနှစ်ယောက်ရော၊ မလေးပေါက်ချင်းရော တုတ်တုတ်မှတောင် မလှုပ်ရဲကြဘူး။ ခုတော့ မလေးပေါက်ချင်းကလဲ မယ်မယ်နဲ့သွားနေပြီဆိုတော့ ပိုဆိုးတာပေါ့။ ခုဆိုငြိမ်လို့။ ဒါတောင် နောင်နှစ်ဆိုယင် သူ့ ညီမနှစ်ယောက်ကလဲ ပြန်လာကြမှာ။ အဲဒီအခါမှာဆို ပိုပြီးတောင်ဆိုးလိမ့်ဦးမယ်။ မလေးပေါက်ကြည့်ရဲ့အဆောင်ဆိုယင်လဲ ပျင်းစရာကြီး။ မလေးစမ်းယဉ်တစ်ယောက်ပဲကျန်တော့မှာ"

ထိုစဉ် စမ်းယဉ်က လွှတ်လိုက်သည့်အစေတော် ဆွေ့လူရောက်လာကာ ပေါက်ယုအား ကဗျာတစ်ပုဒ်ဖတ်ရန် အခေါ်ခိုင်းလိုက်လေ၏။ ကဗျာအကြောင်းကိုမေးမြန်းသည့်အခါတွင် ဆွေ့လူက

"မလေးတို့တစ်သိုက်လုံးတော့ တစ်တိုင်းမွှေးဆောင်မှာ ရောက်နေကြပြီ။ သခင်လေးကိုယ်တိုင်သွားနားထောင်ယင် ပိုကောင်းတာပေါ့" ဟုပြောလေ၏။

ပေါက်ယုသည် ကိုယ်လက်သန့်စင်ကာအဝတ်အစားလဲပြီးနောက် ထွက်လာခဲ့လေ၏။ ရောက်သည့်အခါတွင် ထိုက်ယု၊ ပေါက်ကြည်၊ စမ်းယဉ်၊

ပေါက်ချင်းနှင့် တန်ချွန်းတို့သည် ကဗျာတစ်ပုဒ်ကို ဖတ်နေကြသည်ကို တွေ့ရလေ၏။

"ဘာဖြစ်လို့ဒီလောက်တောင်နောက်ကျရတာလဲ။ ကိုယ်တို့ ကဗျာအဖွဲ့ကလေး ငြိမ်ချက်သားကောင်းနေတာ တစ်နှစ်လောက်တောင်ရှိသွားပြီ။ ဘယ်သူကမှလဲမဆော်ဩကြဘူး။ ခုဆိုယင် နွေဦးရောက်တော့မယ်လေ။ အားလုံးရှင်သန်လန်းဆန်းတဲ့အချိန်မဟုတ်လား။ ဒီတော့ ကိုယ်တို့ကဗျာ အဖွဲ့ကလေးကိုလဲ လန်းဆန်း ရှင်သန်အောင် လုပ်ဖို့ကောင်းတာပေါ့"

စမ်းယဉ်က

"ကိုယ်တို့ ကဗျာအဖွဲ့ကို ဆောင်းဦးပေါက်မှာ တည်ထောင်ခဲ့တယ်။ ဆောင်းဦးမှာထောင်တာမို့လို့ သိပ်ပြီးမရှင်သန်တာ ထင်တယ်။ ခု အားလုံးရှင်သန်လန်းဆန်းတဲ့အချိန်မှာ အသစ်တည်ထောင်ယင် ကိုယ်တို့ ကဗျာအဖွဲ့ဟာ အလျင်ကထက်ပိုပြီး ရှင်သန်လန်းဆန်း မလာနိုင်ပေဘူးလား။ ခု မက်မုံပွင့်အကြောင်းစပ်ထားတဲ့ကဗျာဘယ်လောက်ကောင်းသလဲ။ ဒီတော့ ကိုယ်တို့ရဲ့ ဂမုန်းနွယ်ကဗျာအဖွဲ့ကို မက်မုံပွင့်ကဗျာအဖွဲ့လို့ ပြောင်းရယင် မကောင်းပေဘူးလား"

ပေါက်ယုက ခေါင်းညိတ်ပြကာ ကဗျာကိုဖတ်ရန်တောင်းကြည့်သည်။

"နေဦး၊ စပါးချိုတဲကလူဆီကိုသွားပြီး သူ့ကိုပါ အဖတ်ခိုင်းရအောင်"

သို့ဖြင့် သူတို့သည် စပါးချိုတဲသို့လာခဲ့ကြလေ၏။ ပေါက်ယုသည် လမ်းတွင် ကဗျာကို ဖတ်လာခဲ့လေ၏။

မက်မုံပွင့်

ခန်းဆီးပြင်ဘက်၊ မက်မုံပွင့်များ
ကြွေကျသွားဆဲ၊ ပျံ့ဝဲဝေ့ကာ
တိုက်ခတ်လာသည်၊ ခါလည်ရတု
နွေလေနု။ ။

ခန်းတွင်းရိပ်ဝယ်၊ လုံမငယ်လျှင်
ဆံနွယ်ဖြန့်ခင်း၊အလှကျင်း။ ။
ခန်းဆောင်ကိုဖွင့်၊ မက်မုံပွင့်၊
ခန်းဆောင်တွင်းဝယ်၊ လုံမငယ်။
အလှမယ်နှင့် မက်မုံပွင့်လျှင်
အသွင်ချင်းပြိုင်၊ အနိုင်မရ
မကွာလှ။ ။
ထိုစဉ်အခိုက်၊ လေပြည်ဘိုက်၍
ခန်းဆီးလိုက်ကာ၊ ပြန်ကျလာသော်
လေသာဆောင်မှ၊ ပန်းရုံဝကို
ပျပျထင်ထင်၊ မမြင်ရ။ ။
အပြင်ဘက်တွင်၊ မက်မုံပွင့်တို့
ပွင့်ကြဖြိုင်ဖြိုင်၊ တလှိုင်လှိုင်။ ။
ခန်းဆောင်ထဲက၊ မိန်းမလှမူ
နှမ်းလျကြွေလင့်၊ ပန်းတစ်ပွင့်သို့။ ။
ပန်းပွင့်အများ၊ သူ့ကိုသနားကြ
ပျပျမျှင်းမျှင်း၊ ပန်းသက်ပြင်းလျှင်
လေညင်းဖြစ်၍ လာခဲ့ပြီ။ ။
ပန်းသက်ပြင်းချ၊ လေညင်းမြသည်
မြဝါးရုံပင်ကြား၊ ဖြတ်သန်းသွားခဲ့။ ။
သည်နွေရှုခင်း၊ သူ့ရင်တွင်းမှ
ပူပြင်းနေလှ၊ သူ့သောကကို
နှစ်ဆလောင်မြိုက် စေတော့သည်။ ။
တိတ်ဆိတ်နေ့ပြန်၊ လိမ်းကျံရေညှိ
ချောက်ကျိသစ်သား၊ ဝင်းတံခါးလျှင်
ပိတ်လျက်သားပင် ရှိနေ၏။ ။
ဆည်းဆာချမ်းတွင်၊ လက်ရန်းမှာမှီ
သီကရိန္ဒွဲ၊ မှီခိုတွဲ၍
သွဲ့သွဲ့မျက်ရည် လည်မိသည်။ ။
ပန်းကိုင်းများအောက်၊ လျှောက်၍ပြေးသွား
ဖားလျားအကျီ၊ ထဘီနီဖြင့်
ဟို သည်ဆော့ကစားနေသောအစေတော်။ ။

အရွက်လည်းသိပ်၊ ပန်းလည်းစိပ်၍
ဖိတ်ဖိတ်နီရောင်၊ မြရောင်ရောစွက်
သစ်ခွက်နှင့်ပန်း၊ အလှဆန်း။ ။
သစ်ရိပ်မြညို၊ မြူနှင်းခို၍
တိုးလျှိုကျဆင်း၊ သူ့ပြတင်း၌
လင်းမှောင်တစ်ဝက်၊ ဆေးရောင်ပြက်။ ။
မိုးနတ်မယ်လျှင်၊ ရက်ကန်းဆင်သို့
ကောင်းကင်စေဝယ်၊ အကွက်လှယ်သည်
ဟသ်ာမယ်မောင်၊ ကြိုးကြိုးဆင်။ ။
သန္တာပုလဲလုံး၊ ခေါင်းအုံးအိပ်ရာမှ
အေးမြလေညင်း၊ အတင်းနှိုး၍
နိုးလာသောအခါ၊ နီတျာပါးပြင်
ကိုင်လျှင်အေးစက်၊ လက်နှင့်မျက်နှာ
သန့်စင်လာအောင်၊ ငွေရောင်ဖြူလွ
ချိုမြနှင်းရည်၊ အစေတော်တို့
သော်မော်ပန်းခက်၊ ရွှေရေခွက်ဖြင့်
ယူလျက်လာကြ။ ။
ပါးမှုဒန်းနီ၊ နှင်းရည်ဆွတ်လာ
ပန်းဝတ်လွှာသို့၊ စီးလာဝေ့လည်
မျက်ရည်ပုလဲငုံ၊ ပန်းဝတ်မှုန်သို့။ ။
မျက်ရည်ကျသမျှ၊ ပန်းအလှသို့
ထိုစဉ်ခဏ၊ ပန်းမြလည်းကြွေ
နွေလည်းကြွေ၍၊ မျက်ရည်လည်းခန်း
အလှခန်းခဲ့၊ ပန်းကြွေလည်းပျောက်
ရေလည်းနောက်၍၊ မိုးသောက်တေးဆို
ဥဩပျိုလည်း၊ နွေကိုချန်လှပ်
တစ်ရပ်တစ်ကျေး၊ ပျံ၍ပြေးခဲ့။
မှေးမှိန်လရောင်၊ အတွင်းဆောင်မှ
ဖြူလွခန်းဆီးပေါ်တွင် ဖြာကျလျက်။ ။

ပေါက်ယုသည် ကဗျာကိုဖတ်ရင်း ထိုကဗျာမှာ ထိုက်ယု၏ကဗျာဖြစ်သည်ဟု တွေးမိကာ ချီးမွမ်းဖို့ကိုပင် သတိမရတော့ဘဲ မျက်ရည်တွေ

စီးကျလျက် ရှိလေ၏။ ထိုရာတွင် သူမျက်ရည်ကျသည်ကို မိန်းကလေးများ မြင်မည်စိုးသည့်အတွက် မျက်ရည်များကို ချက်ချင်းသုတ်ပစ်လိုက်ရလေ၏။

"ဒီကဗျာက ဘယ်ကရတာလဲဟင်"

"ဘယ်သူ့လက်ရာလဲဆိုတာ မှန်းကြည့်လေ"ဟု ပေါက်ချင်းက ပြောလေ၏။

"ဝေဠုဝန်ကေရိ မဟုတ်ဘူးလား"ဟု ပေါက်ယုက ထိုက်ယု၏ ကလောင်နာမည်ကို ပြောလေ၏။

"မဟုတ်ပေါင်ရှင်။ ပေါက်ချင်းစပ်တာပါ"ဟု ပေါက်ချင်းက ပြောလေ၏။

"ဟင့်အင်း၊ မဖြစ်နိုင်ဘူး။ စကားလုံး ရွေးပုံကလဲ မတူဘူး။ အတွေးကလဲမတူဘူး"

"ဒီလိုပြောတာကိုထောက်ယင် မောင်ဟာ ကဗျာအကြောင်းကို ဘာမှ နားမလည်သေးဘူးဆိုတာကို ပြတာပဲ။ ဒီမှာရှင့်။ 'သစ္စာပန်းလဲ ပန်းကိုမပွင့်၊ မျက်ရည်ပွင့်၏'ဆိုတာ ရှေးစာဆိုကြီးတွေဖူးရဲ့ ကဗျာထဲက စာကြောင်းတွေ ရှင်ရဲ့။ 'မိုးတွင်ငိုသည့်၊ ဆီးညိုပွင့်လျှင်၊ တစ်နေ့ခါတွင်၊ ရှင်သန်လာလိမ့်' ဆိုတဲ့ စာကြောင်းရယ်၊ 'ရေမှော်ပင်လည်း၊ လေတွင်လွင့်မျော၊ အတောမသတ်၊ မြခါးပတ်သို့'ဆိုတဲ့ စာကြောင်းကလဲ တူဖူးရဲ့ စာကြောင်းပဲ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့လေ။ ဒါပေမယ့် မလေးပေါက်ချင်း ဆိုယင် ဒီလိုအလွမ်းအဆွေးတွေရေးမှာ မဟုတ်ပါဘူး။ ခုဟာက မလေး ထိုက်ယု စပ်တာပဲ ဖြစ်ရမယ်။ မလေးထိုက်ယုကတော့ လောကကြီးမှာ သောကတွေ၊ ဒုက္ခတွေကို တွေ့ခဲ့ပေါင်းများလှပြီ မဟုတ်လား။ ဒီတော့ အလွမ်းကဗျာတွေ၊ အဆွေးကဗျာတွေကိုပဲ ရေးတတ်တယ်လေ"

သူတို့အားလုံးသည် ထိုသို့ ရယ်မောပြောဆိုရင်းဖြင့် လီဝမ်း နေထိုင်ရာ စပါးချိတဲသို့ ရောက်လာခဲ့ကြလေ၏။ လီဝမ်းသည် ထိုက်ယု၏ ကဗျာကိုဖတ်ပြီးလျှင် ချီးမွမ်း ပြောဆိုလေ၏။ ထို့နောက် ကဗျာအဖွဲ့ တည်ထောင်ရန်ပြောဆို ဆွေးနွေး ကြပြီးနောက် နောက်တစ်နေ့တွင်

တည်ထောင်ရန် ဆုံးဖြတ်လိုက်ကြလေ၏။ ဂမုန်းနွယ် ကဗျာအဖွဲ့ကိုလည်း မက်မုံပွင့် ကဗျာအဖွဲ့ဟု အမည်ပြောင်းကာ ထိုက်ယုကို ဥက္ကဋ္ဌတင်ရန် ဆုံးဖြတ်ကြလေ၏။

နောက်တစ်နေ့ မနက်စာစားပြီးသည့်အခါတွင် သူတို့သည် ဝေဠုဝန် ရိပ်သာတွင် ဆုံကြလေ၏။ ပထမဆုံးစပ်ရမည့်ကဗျာအကြောင်းကို ဆွေးနွေးကြသည့်အခါ၌ ထိုက်ယုက အားလုံး မက်မုံပွင့်အကြောင်းကို ကာရန်တစ်ရာဖြင့်စပ်ရန် အကြံပေးလေ၏။

ပေါက်ကြည်က

"ဒီလိုလုပ်လို့တော့မကောင်းဘူးထင်တယ်။ မက်မုံပွင့်အကြောင်းကို ရှေးကတည်းက ကဗျာလင်္ကာတွေ စပ်ခဲ့ကြတာ များလှပြီ။ ဒီတော့ ခုနေပေါက်ကြည်တို့က မက်မုံပွင့်အကြောင်းကို ထပ်စဉ်းစားဦးမယ် ဆိုယင်လဲ ရှေးက သြဇာတွေဝင်နေမှာပေါ့။ မလေးရဲ့ကဗျာလောက်လဲ ဘယ်နည်းနဲ့မှ ကောင်းနိုင်မှာမဟုတ်ဘူး။ ဒီတော့ နောက်အကြောင်းအရာ တစ်ခုကို ရွေးယင် ကောင်းမယ်ထင်တယ်"

ထိုစဉ် ဒေါ်လေးဝမ်၏ ယောက်မ ရောက်လာသည်ဟု လာပြောသည့်အတွက် သူ့ကိုနှုတ်ဆက်ရန် စံအိမ်ကြီးဘက်သို့ လာခဲ့ကြလေ၏။ သူတို့တစ်သိုက်သည် သခင်မဝမ်၏ မောင်ဖြစ်သည့် ဝမ်ဇူတန်၏မိန်းမနှင့် စကားမြည်ပြောဆိုကာ နေ့လယ်စာစားပြီးနောက်တွင်ဥယျာဉ်ထဲသို့လိုက်ပြကြလေ၏။ ညစာစားသောက်ပြီး မီးထွန်းချိန်ရောက်မှ ပြန်သွားလေ၏။

နောက်တစ်ရက်မှာ တန်ချွန်း၏ မွေးနေ့ဖြစ်လေ၏။ ရွှေနန်းတော်ကြီးမှ မိန်းမစိုးနှစ်ယောက်ကို စေလွှတ်လိုက်ကာ အဖိုးတန် ရှေးဟောင်း ပစ္စည်းများ ပို့လိုက်လေ၏။ အခြားမိသားစုများကိုလည်း မွေးနေ့လက်ဆောင်များ ပေးကြလေ၏။ ထိုလက်ဆောင်များအကြောင်းကိုမူ အကျယ် မရေးတော့ပြီ။ ထို့နောက်တွင်မူ ပွဲတက်ဝတ်စုံများကို ဝတ်ဆင်ကြပြီး နောက် တန်ချွန်းကို နှုတ်ဆက်ရန် ထွက်လာခဲ့ကြလေ၏။

ထိုက်ယုက ပြုံးရယ်လျက်

"ဒီတစ်ခါ ကဗျာအဖွဲ့ထောင်တာလဲ ရက်ရွေးမှားပြန်ပြီ။ တန်ချွန်းရဲ့ မွေးနေ့ကို ဒီနေ့ကစပြီး နောက်နှစ်ရက်လောက်တောင် ကျင်းပဦးမှာမဟုတ်လား။ ပွဲလမ်းတွေ၊ စားသောက်ပွဲတွေ မလုပ်တော့သည့်တိုင် မလေးတို့ သူနဲ့အတူ သူ့ မွေးနေ့ကို ကျင်းပရဦးမှာ။ မယ်မယ်တို့နဲ့နေရဦးမှာ။ ဒီတော့ ဘယ်မှာအချိန်ရှိလို့လဲ" ဟုဆိုသဖြင့် ကဗျာအဖွဲ့တည်ထောင်သည့်ရက်ကို ရွှေ့ဆိုင်းလိုက်ကာ ဂျာဆန်းငါးရက်နေ့သို့ ပြောင်းလိုက်ရလေ၏။

သို့ရာတွင် ထိုနေ့၌လည်း မိန်းကလေးများသည် မယ်မယ်တို့ တစ်သိုက်နှင့် စကားပြောဆိုနေကြစဉ် ကျီချိန်ထံမှ စာတစ်စောင် ရောက်လာလေ၏။ ပေါက်ယုသည် မယ်မယ်ကို နှုတ်ဆက်ကန်တော့ပြီးလျှင် ထိုစာကို ဖွင့်ဖတ်ခွင့်ပေးရန် မယ်မယ်ကိုပြောလေ၏။ ကျီချိန်သည် ဆဋ္ဌမလလယ်လောက်တွင် ပြန်ရောက်လာမည်ဟု ရေးထားလေ၏။ နောက်တစ်စောင်မှာ အိမ်တွင်းရေးကိစ္စများဖြစ်သည့်အတွက် ကျီလျှံနှင့် သခင်မဝမ်တို့က ဖတ်ကြလေ၏။

ကျီချိန်ပြန်ရောက်လာတော့မည်ဟု ဆိုသည့်သတင်းကြောင့် တစ်အိမ်လုံး လှုပ်လှုပ်ရွရွဖြစ်လျက်ရှိကြလေ၏။ ထို့ပြင် ဒေါ်လေးဝမ်၏မောင် ဝမ်ဇူတန်သည် သူ့ သမီးကို ပေါက်နင်းအမတ်ကြီး၏သားနှင့် ပဉ္စမလဆန်းဆယ်ရက်နေ့တွင် လက်ထပ်ပေးတော့မည်ဖြစ်ကြောင်းကိုလည်း ထိုနေ့မှာပင် သိရလေ၏။ ထိုမင်္ဂလာပွဲအတွက် သူပြင်ဆင်ပေးမည်ဟုဆိုကာ မင်္ဂလာပွဲကို ပြင်ဆင်နေသည့်အတွက် နတ်ငှက်မယ်သည် အိမ်တွင်မရှိချေ။ ဝမ်ဇူတန်၏မိန်းမသည် နတ်ငှက်မယ်နှင့် မိန်းကလေးများကို လာရောက်ဖိတ်သဖြင့် မယ်မယ်နှင့် သခင်မဝမ်တို့သည် ပေါက်ယု၊ တန်ချွန်း၊ ထိုက်ယုနှင့် ပေါက်ကြည်တို့ကိုလည်း နတ်ငှက်မယ်နှင့်အတူ ထည့်လိုက်လေ၏။ သူတို့တစ်သိုက်လည်း မငြင်းရဲတော့သဖြင့် ပွဲတက်ဝတ်စုံများကို ဝတ်ဆင်၍ လိုက်သွားကြရာ ညနေကျမှပင် အိမ်ပြန်ရောက်ကြတော့သည်။

မိမိနေထိုင်ရာ နီမောင်းပျော်ဖွယ်ရိပ်သာသို့ရောက်လျှင် ပေါက်ယုသည် ခဏမျှ အနားယူလေ၏။ ဤတွင် မာလာက နောင်တွင်အချိန်ဖြုန်း

ခြင်းမပြုတော့ဘဲ သခင်ကြီးပြန်မရောက်မီ သင်ခန်းစာများကို ကျေညက်အောင် လုပ်ထားရန် ပေါက်ယုကို အကြံပေးလေ၏။

ပေါက်ယုက သခင်ကြီးပြန်ရောက်မည့်ရက်ကို လက်ချိုးရေတွက်ရင်း

"လိုပါသေးတယ်။ အချိန်တွေရှိသေးတာပဲ"

"မလိုတော့ဘူးလေ။ ဖတ်ရမယ့်စာတွေရှိသေးတယ်။ အရေးကျင့်ရမယ့် သင်ခန်းစာတွေရှိသေးတယ်။ ဖတ်စာကို ကုန်အောင်ဖတ်နိုင်ပေမယ့် လက်ရေးလှ သင်ခန်းစာတွေကျတော့ ဘယ်နှယ်လုပ်မလဲ"

"မောင်ရေးထားတဲ့ လက်ရေးပန်းချီစာလုံးတွေရှိတယ် မဟုတ်လား။ အဲဒီရေးပြီးသားတွေကို သိမ်းမထားဘူးလား"

"သိမ်းထားပါတယ်။ မနေ့က သခင်လေးအပြင်ကိုသွားတုန်းမှာ လက်ရေးလှ သင်ခန်းစာချပ်တွေကို ထုတ်ပြီး ရေထားပါတယ်။ ဘာရှိသေးလို့လဲ၊ အလွန်ဆုံးရှိယင် အရွက်လေးငါး ခြောက်ဆယ်လောက်ပဲ ရှိမှာပေါ့။ အမှန်ကတော့ လက်ရေးပန်းချီသင်တာ သုံးလေးနှစ်ရှိပြီ။ ဒီထက်မက ရေးပြီးဖို့ ကောင်းတာပေါ့။ ဒီတော့ မာလာအကြံပေးချင်တာက မနက်ဖြန်ကစပြီး ဒီပြင်အလုပ်တွေကို လျှော့ပြီး တစ်နေ့ကိုလက်ရေးပန်းချီအချပ်များများပြီးအောင် ကျင့်ဖို့ကောင်းတယ်။ တစ်နေ့နည်းနည်းပြီးသွားယင် ကောင်းတာပေါ့"

ပေါက်ယုသည် သူကိုယ်တိုင် လက်ရေးပန်းချီချပ်များကို ရေတွက်ကြည့်သည့်အခါတွင် လက်ရေပန်းချီ သင်ခန်းစာတွင် နောက်ကျနေ့ကွေးနေကြောင်းကို တွေ့ရလေ၏။

"ဟုတ်ပြီလေ။ မနက်ဖြန်ကစပြီး တစ်နေ့ကို လက်ရေးစာလုံး တစ်ရာတစ်ရာပြီးအောင် ရေးမယ်" ဟု ဆိုကာ အိပ်ရာသို့ ဝင်ခဲ့ကြလေ၏။

နောက်တစ်နေ့ နံနက်လင်းသည့်အခါ၌ ပေါက်ယုသည် ပြတင်းပေါက်ဘွင်ထိုင်ကာ မင်ခုံဖြင့် မင်သွေးလျက်ရှိလေ၏။ မယ်မယ်သည် ပေါက်ယုပေါ်မလာသဖြင့် နေထိုင်မကောင်းဖြစ်သည် အထင်ရှိကာ အစေတော်များကိုလွှတ်၍ စုံစမ်းလေ၏။ ထိုအခါကျမှပင် ပေါက်ယုသည် မယ်

မယ်ထံသို့သွားကာ မိမိလာကန်တော့ရန် နောက်ကျနေခြင်းမှာ လက်ရေးပန်းချီကျင့်နေ၍ ဖြစ်ကြောင်းပြောလေ၏။

မယ်မယ်မှာ ထိုသို့ကြိုးစားသည်ကို မြင်ရသည့်အတွက် ဝမ်းသာကျေနပ်လျက် ရှိလေ၏။

"ငါ့မြေးက စာ သင်နေတယ်၊ စာကို ကြိုးစားနေတယ်ဆိုယင် မယ်မယ့်ဆီကိုတောင် လာဖို့မလိုပါဘူးကွယ်။ မင့် မေဖျားကိုလဲ ဒီလို ကြိုးစားတဲ့အကြောင်းကို ပြောနော်"

ပေါက်ယုက ပြောမည်ဖြစ်ကြောင်း ကတိပေးလေ၏။

"စစ် မရောက်ခင် မြှား မချွန်ရဘူး တဲ့။ ငါ့မြေး နေ့တိုင်း စာကြိုးစားပြီး အရေးအဖတ်ကျင့်မယ်ဆိုယင် ကိုယ်မျှော်မှန်းတာတွေ ပြည့်စုံပြီး နောင်မှာ ဣန္ဒြေမပျက်ရဘူးပေါ့။ ဒါပေမယ့် တန်ရုံသင့်ရုံပဲကြိုးစား။ သိပ်ကြိုးစားလွန်းယင်လဲ နေထိုင်မကောင်းဖြစ်နေဦးမယ်"

"ကိစ္စ မရှိပါဘူး မယ်မယ်။ ရပါတယ်" ဟု ပေါက်ယုက ပြောလေ၏။

မယ်မယ်က စာအကြိုးစားလွန်ကာ ပေါက်ယုတစ်ယောက် နေထိုင်မကောင်းဖြစ်မည်ကို စိုးရိမ်ကြောင်းဖြင့် ပြောပြသည်။

ပေါက်ကြည်နှင့် တန်ချွန်းတို့က

"ဒီလောက်လဲမပူပါနဲ့မယ်မယ်ရယ်။ သူ့ဘာသာသူ စာကြိုးစားတာ ကြိုးစားစမ်းပါစေ။ စာကြိုးစားတယ်ဆိုတာ ဘယ်သူမှ အစားဝင်ပြီး ကြိုးစားလို့ရတဲ့ကိစ္စမှမဟုတ်ဘဲ မယ်မယ်ရဲ့။ စာလုံးပန်းချီဆိုတာကတော့ တခြား လူ ဝင်ရေး ပေးလို့ ရပါတယ်။ ခု ပေါက်ကြည်တို့က သူ့အတွက် တစ်နေ့ကို လက်ရေးပန်းချီကားတစ်ကား ရေး ပေးကြမယ်လေ။ ဒီတော့ ဒီလက်ရေးပန်းချီကားတွေမြင်ယင် ဦးကြီး ကျီချိန် ပြန်လာတဲ့အခါကျတော့ ကျေနပ်သွားရော့ပေါ့။ မောင်လေးပေါက်ယုလဲ နေထိုင်မကောင်း ဖြစ်ချင်ယောင်တွေဘာတွေ မဆောင်ရတော့ဘူးပေါ့"

မယ်မယ်က ထိုအကြံကို သဘောကျလေ၏။

ကျီချန်သည် ပြန်ရောက်သည့်အခါတွင် သူ့ သားငယ် ပေါက်ယုပညာရေးနှင့် ပတ်သက်၍ စမ်းသပ် စစ်ဆေးကြည့်မည် ဖြစ်ကြောင်းကို

ထိုက်ယု သိလေ၏။ ဖြေနိုင်လျှင် ကိစ္စမရှိ။ မဖြေနိုင်လျှင် ပေါက်ယု ဒုက္ခရောက်မည်ဟုတွေးကာ စိုးရိမ်နေမိလေ၏။ ထို့ကြောင့် ပေါက်ယု အာရုံပျက်မည်စိုးသည့်အတွက် ကဗျာအဖွဲ့ ဖွဲ့စည်းရေးကိစ္စကို စိတ်မဝင်စားချင်ယောင် ပြုနေရလေ၏။ တန်ချွန်းနှင့် ပေါက်ကြည်တို့သည် စက္ကူတစ်ချပ်ပေါ်တွင် တစ်နေ့လျှင် အက္ခရာ အလုံးတစ်ရာလောက် မှန်မှန်အရေးကျင့်လေ၏။ သို့ဖြင့် တတိယလကုန်သည့်အခါတွင်မူ ပေါက်ယု၌ သင်ခန်းစာ စာအုပ်တော်တော်များများ စုမိခဲ့လေပြီ။ နောက်ထပ်အရွက်ငါးဆယ်လောက်ဆိုလျှင် ကောင်းစွာ လုံလောက်နေလေပြီ။

တစ်နေ့တွင် တန်ချွန်းသည် သူ့ထံသို့ရောက်လာကာ စက္ကူဖြင့် လိပ်ထားသည့် အထုပ်တစ်ခု ပေးလေ၏။ ဖွင့်၍ကြည့်လိုက်သည့်အခါတွင် ဝါးဖြင့်လုပ်သော စက္ကူများ ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုစာရွက်ပေါ်တွင် ချွန်ယုနှင့် ဝမ်စီခါတို့ရေးသည့် လက်ရေးမျိုးဖြင့် ရေးထားသည့် စာလုံးများကို ရေးထားလေရာ သူကိုယ်တိုင်ရေးသည့် စာလုံးများနှင့် တစ်ထပ်တည်း ဖြစ်နေသည်ကို တွေ့ရလေ၏။ ပေါက်ယုသည် ဇူချွန်းကို ကျေးဇူးတင်ကြောင်း ပြောဆိုပြီးနောက် ထိုက်ယု၊ စမ်းယဉ်နှင့် ပေါက်ချင်းတို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောရဦးမည်။ ယခုမူ သူတို့ ကူးပေးသည့် လက်ရေးပန်းချီကားချပ်မှာ လိုသည်ထက်ပင် ပိုနေလေပြီ။ ထို့နောက်တွင် ပေါက်ယုသည် မိမိဖတ်ရန်ရှိသေးသည့် ရှေးဟောင်းစာပေကျမ်းဂန်များကို ဖတ်ရှုလျက်ရှိလေ၏။

ထိုအတောအတွင်း၌ ပင်လယ်ကမ်းစပ်ဒေသများတွင် ထူးကဲသည့် ဗီရေကြီးတက်သည့်အတွက် အများအပြား ပျက်စီးကြသည်တွင် ဆိုင်ရာတို့က ရွှေနန်းတော်ကြီးသို့ အစီရင်ခံရလေ၏။ ဤတွင် ရွှေနန်းတော်ကြီးက နယ်လှည့်ရာမှပြန်လာသော ကျီချိန်အား ထိုနယ်များကို လှည့်လည်စစ်ဆေးကာ ကယ်ဆယ်ရေး လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ရန် အမိန့်ချလိုက်လေ၏။ သို့ဖြင့် ကျီချိန်မှာ ဆောင်းရာသီ ရောက်သည်အထိ အိမ်သို့ပြန်မရောက်နိုင်တော့ချေ။ ထိုသတင်းကို ကြားသည့် အခါတွင် ပေါက်ယုသည် စာအုပ်များကို ဘေးသို့ ချလိုက်ကာ ယခင်ကကဲ့သို့ပင် အပျော်အပါးကို လိုက်စားလျက်ရှိပြန်လေ၏။

အချိန်မှာ နေ့ဦးကုန်လုနီးလေပြီ။ တစ်နေ့သ၌ စမ်းယဉ်သည် လေထဲတွင် ယိမ်းနွဲ့နေကြသည့် မိုးမခပွင့်များကိုငေးမောကြည့်ရှုလျက် ရှိရာမှ ကဗျာစပ်ချင်လာသဖြင့် ယုမိန်လင့်ကာရန်အလိုက် ကဗျာတစ်ပုဒ်ကို စပ်ကြည့်လေ၏။

သစ်ကိုင်းများသည်၊ ပိုးသားရေညှိ
လိမ်းငြိကပ်တွယ်၊ တစ်ဝက်ကွယ်ထား
ခန်းဆီးကြားမှ၊ နှင်းများပြုံကြည့်
ညှို့အိသွယ်ပျောင်း၊ လက်ချောင်းကြားတွင်
ပိုးမျှင်ပိုးသား၊ လုံးထွေးသွားခဲ့။
ပျံ့လွှားညသြ၊ စိတ်စက်မောလျက်
သောသောမြည်ကြ၊ တေးသီကြ၍
နွေးဦးအလှ၊ ခဏနေပါ
နေကြပါဟု၊ စာစာမြည်ကြွေး
ရင့်ရှုအေးလျက်....။

PDF CREATOR - NYEYADHAMMA@GMAIL.COM

စမ်းယဉ်သည် ထိုကဗျာကလေးကို ကျေနပ်အားရလှသဖြင့် ခပ်သော့သော့ရေးချကာ ပေါက်ကြည်နှင့်ထိုက်ယုတို့ကို သွားပြလေ၏။

"အင်း ကောင်းပါတယ်။ ကိုယ်ပိုင်ဟန်လဲ ပေါ်ပါတယ်။ ထိုက်ယုသာဆိုယင် ဒီလို ရေးနိုင်မှာမဟုတ်ဘူး"

"မလေးတို့ကဗျာအဖွဲ့ဝင်တွေဟာ ဘယ်တော့မှ ကာရန်မဲ့ကဗျာတွေကို စပ်လေ့မရှိဘူး။ ဒီတော့ ဒီလိုကာရန်မဲ့ကဗျာတွေကို စပ်ကြည့်ရအောင် မနက်ဖြန်မှာ အစည်းအဝေးကလေး ဘာလေး ခေါ်ကြည့်ပါလား။ အပျင်းလဲ ပြေတာပေါ့"

ထိုက်ယုက

"ကောင်းသားပဲ။ ဒီလိုဆိုယင် မနက်ဖြန် အစည်းအဝေးလုပ်ဖို့ ဖိတ်စာတွေပို့လိုက်မယ်လေ"

ထိုက်ယုသည် စားသောက်ဖွယ်များကိုအပြင်ခိုင်းပြီးနောက် အစေတော်များကိုလွှတ်၍ ဖိတ်စာများကိုအပို့ခိုင်းလိုက်လေ၏။ ကဗျာစပ်ရမည့်

အကြောင်းအရာမှာ မိုးမခပွင့်များ အကြောင်း ဖြစ်ပြီး ကာရန်ကိုလည်း တစ်ယောက်တစ်မျိုးစီစပ်ရန် ဖြစ်လေ၏။ ထိုအကြောင်းကို ဖော်ပြသည့် ကြေညာချက်တစ်စောင်ကို နံရံတွင်ကပ်ထားလေ၏။

အခြားသူများ ရောက်လာကြသည့်အခါတွင် နံရံတွင် ကပ်ထားသည့် ကြေညာချက်ကိုဖတ်ပြီးနောက် စမ်းယဉ်၏ကဗျာကိုလည်း ချီးကျူးပြောဆိုကြလေ၏။

"မောင်ဘတော့ ကာရန်နဲ့ ကဗျာတွေဘာတွေကို သိပ်ပေပ်တတ်တာ မဟုတ်ဘူးနော်။ ရေးဘော့ရေးကြည့်မှာပေါ့လေ"

သူတို့သည် ကာရန်ကို မဲချ၍ ရွေးကြလေ၏။ ပေါက်ကြည်မှာ လင်ရှန့်စံကာရန်၊ ပေါက်ချင်းမှာ စီချန်ယွေ့ကာရန်၊ တန်ချွန်းမှာ နန်ကိုဇူကာရန်၊ ထိုက်ယုမှာ တန်တိုလင့်ကာရန်၊ ပေါက်ယုမှာ တေ့လျှံဟွာကာရန်စသဖြင့် အသီးသီးမဲကျကြလေ၏။ ဇူချွန်းသည် အိပ်မက်ချီအမွှေးတိုင်ကို ထွန်းညှိလိုက်သည့်အခါတွင် မိမိတို့ကဗျာများကို စပ်ကြလေ၏။ ထိုက်ယုက ပထမဆုံး စပ်ပြီးသွားကာ သူ့ကဗျာကို ချရေးလိုက်လေ၏။ ထိုနောက် ပေါက်ချင်း၊ ထိုနောက် ပေါက်ကြည်တို့ အစဉ်အလိုက်ပြီးကြလေ၏။ သူတို့သည် တစ်ယောက်ကဗျာကို တစ်ယောက်လဲ၍ဖတ်ကြလေ၏။ ပေါက်ကြည်က ခပ်ပြုံးပြုံးဖြင့်

"ဟင့်အင်း၊ မလေးကဗျာကို ကိုယ်အလျင်ကြည့်မယ်။ ပြီးတော့ ကိုယ့်ကဗျာကိုကြည့်"

ဇူချွန်းက

"ဒီနေ့ အမွှေးတိုင်ကုန်တာ မြန်လှချည်လား။ ကြည့်စမ်းပါဦး၊ သုံးပုံတစ်ပုံပဲကျန်တော့မယ်။ ဘာ်နှယ်လဲ ကိုယ်တော်လေး၊ ကိုယ်တော်လေးကော ကဗျာစပ်လို့ပြီးသွား ပြီလား"ဟုပေါက်ယုကိုလှမ်းမေးလေ၏။

ပေါက်ယုမှာ မိမိကဗျာကို ကောင်းသည်ဟုမထင်မိချေ။ ထိုကြောင့် စပ်ပြီးသားကို ကြက်ခြေခတ်လိုက်ပြီးနောက် တစ်ပုဒ်စပ်ရန် ပြင်လေ၏။ ကြည့်လိုက်သည့်အခါ၌ အမွှေးတိုင်မှာကုန်လုနီးနေပြီ။ ဤတွင်အားလုံးက ဝိုင်းရယ်လိုက်ကြလေ၏။

လီဝမ်းက

"ဒီတစ်ခါလဲ မောင်လေးပေါက်ယု ရှုံးပြန်ပြီမဟုတ်လား။ ညီမ တန်ချွန်းက တစ်ဝက်လောက် ကူစပ်ပေးလိုက်ပါကွယ်"

တန်ချွန်းက ကူစပ်ပေးလေ၏။ နန်ကို့ဇူ ကာရန်အလိုက် စပ်ထားသည့် ကဗျာများမှာ တစ်ဝက်လောက်သာ ပြီးသေး၏။

မိုးမခကိုင်း၊ ပြိုင်းပြိုင်းတွဲကျ
ပိုးစမျှင်များ၊ အလားသဏ္ဍာန်....။
လေအဝှေ့တွင်၊ အရှေ့အနောက်
တောင်နှင့်မြောက်သို့
ဝှေ့ပျောက်လွင့်ပါး သွားကြဟန်....။

လီဝမ်းက

"ကြည့်ရတာမဆိုးပါဘူး။ လွယ်သားပဲ။ ဘာဖြစ်လို့ ဆက်မစပ်တာလဲ"

အမေးတိုင်မှာ ကုန်သွားလေပြီ။ ထို့ကြောင့် ပေါက်ယုမှာလည်း ဤပွဲတွင် မိမိရှုံးကြောင်းကို ဝန်ခံရလေ၏။ ထို့ထက်ညံ့သော ကဗျာမျိုးကိုလည်း မစပ်လိုတော့ချေ။ ပေါက်ယုသည် စုတ်တံကိုချကာ တန်ချွန်း စပ်ထားသည့် မပြီးသေးသောကဗျာကို ဖတ်ကြည့်လေ၏။ ဤတွင်ကဗျာကို ဆက်စပ်ရန် စိတ်ကူးရသောသဖြင့် အောက်ပါအတိုင်း ဆက်စပ်လေ၏။

သူဘို့ကြွေကြ၊ မငိုကြနှင့်
ပန်းတို့ကြွေရာ၊ လိပ်ပြာတို့လည်း
သည်းသည်းထန်ထန်၊ ငိုကြွေးပြန်၏။
ဂိမာန်ပြောင်းသက်၊ တေးဆိုငှက်လည်း
ငိုကြွေးလျက်တည့်။
ရက်ကျန်နွေနှောင်း၊ တစ်ဖန်ပြောင်း၍
နှစ်ဟောင်းကုန်လု၊ ပုရစ်နှုတ်သော်
အသစ်ဘစ်ဖန် ပေါ်လာဦးမည်တကား။

အဘွားမာနှင့်သင်စာမေး

တစ်ယောက်က "မရဘူး၊မရဘူး။ သူများစပ်ပေးတာကိုဆက်ပြီး ကိုယ်က နောက်ကရေးတာမျိုးကို လက်မခံဘူး။ ဒါကို စာရင်းထဲ ထည့်နေလို့မဖြစ်ဘူး"

ထိုနောက်တွင် တန်တိုလင့်၏ ကာရန်အလိုက် စပ်ထားသည့် ထိုက်ယု၏ ကဗျာကို ဖတ်လေ၏။

ပန်းပေါင်းတစ်ရာ၊ မြကျွန်းသာတွင်
ရွက်လွှာပန်းနု၊ ကြွေလုရက်ဆက်
မြေသို့သက်၏။
ပျံလွှားမျှော်စင်၊ အနီးတွင်မူ
လန်းရွှင်မွှေးနံ့၊ မသင်းပျံ့တော့။
ကံဆိုးမှောင်ကျ မိန်းမလှသို့
သစ်ခွပွင့်များ၊ လွင့်ကြွေသွားကြ
အလှဂုဏ်အင်၊ သံယောဇဉ်လည်း
အချည်းနှီးတည့်။
လွမ်းဆွတ်ခြင်းလျှင်၊ ချည်းနှီးပင်ဟု
စိမ်းရှင်မိုးမခ၊ သတိရ၏။
ဒုဗ္ဗလဘေး၊ မရောက်သေးလည်း
ဖွေးဖွေးဆံပင်၊ ခေါင်းတွင်ထင်၏။
သူ့ဘဝကို၊ ပြောပြဆိုလည်း
နားလိုသူမရှိ၊ ပူလောင်ဘိ၏။

ဆုံးသည့်အခါတွင် သူတို့ကခေါင်းညိတ်ပြကာ 'ကဗျာက အဆွေး ကဗျာပဲ။ ဒါပေမယ့် ကောင်းတော့ကောင်းပါတယ်' ဟု ပြောကြလေ၏။

ထိုနောက်တွင် သူတို့သည် ဆီချန်ယွေ့ကာရန်အလိုက် စပ်ထားသည့် ပေါက်ချင်း၏ကဗျာကိုဖတ်ကြလေ၏။

ဟန်မင်းဥယျာဉ်၊ နန္ဒဝန်၌
ကန်သာစိမ်းမြ၊ ရေရှူးထလျက်။
နွေ၏အလှ၊ နွေအလှသည်း
လေကဟိုက်စား၊ လွင့်ပါးသွားခဲ့။

အဘွားမာနှင့်သင်စာမေး

လရောင်ရည်နှင့်၊ ဆီးတော်ပွင့်သည်
သခင့်အိပ်မက်သာတကား။
တလင်းပြင်မှာ၊ ပန်းလှာကြွေလျက်
မြေသို့သက်ခဲ့၊ ဖော်မဲ့စက်ရာ
ထိုပန်းလှာတို့၊ ဝဲကာဝေ့ကာ
လွင့်သွားရှာကြ၊ ပမာအတူ
ချစ်ဦးသူတို့၊ ဖြူစင်မေတ္တာ
ပန်းဝတ်လှာလည်း၊ လေမှာဝေ့လည်မျောခဲ့ပြီ။

"ဒီကဗျာကလဲ တော်တော်ဆွေးတဲ့ကဗျာပဲ။အထူးသဖြင့်နောက်ဆုံးအကြောင်းနှစ်ကြောင်းက အကောင်းဆုံးပဲ"

ပေါက်ကြည်က

"ဒီကဗျာက ဘာဒီလောက်ဆွေးစရာကောင်းသေးလို့လဲ။ မိုးမခပွင့်တွေဟာ နူးညံ့ပြီး မကြာခဏအရောင်ပြောင်းလဲတတ်ကြပေမယ့် သူတို့ရဲ့ကောင်းကွက်တွေကို ကဗျာဖွဲ့သင့်တာပေါ့။ ဒါကြောင့်သူတို့အကြောင်းကို ဖွဲ့လိုက်တာပဲ။ အပြစ်တော့မတင်ကြနဲ့နော်" ဟုပြောလေ၏။

"အံမယ်လေး၊ ဒီလောက်လဲ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချမနေစမ်းပါနဲ့။ အမှန်ကတော့ မလေးပေါက်ကြည်ရဲ့ကဗျာက အကောင်းဆုံး နေရာမှာပေါ့။ကဲ၊ လုပ်ပါ၊မလေးရဲ့ကဗျာကို ဖတ်ကြည့်ကြရအောင်ပါ"ဟုဆိုကာ လင်စင့်ရှန်ကာရန်အလိုက် စပ်ထားသည့်ကဗျာကို ဖတ်ကြည့်ကြလေ၏။

ညင်းပြေလေညင်း၊ ဆော်လာသွင်းသို့
ပယင်းဖြူရောင်၊ အဆောင်ရှေ့ဦး
ကွေ့ပတ်လှည့်တုံ၊ သူကခုန်သော်....။

"အဲဒီ စာပိုဒ်ကတော့ အကောင်းဆုံးပဲ။ ညင်းပြေ လေညင်းဆော်လာသွင်းသော် ဆိုတဲ့ စာကလေးက သိပ်လှတယ်" ဟု ပြောလေ၏။

ငါ့အနားတွင်၊ ပျားနှင့်လိပ်ပြာ
လှည့်ပတ်လူးလာ၊ ပျံဝဲကာတည့်။
သစ်ကိုင်းသစ်ခက်၊ ရာထောင်ရွက်တို့
ဆင်းသက်လွင့်ပါး၊ စွန့်ခွာသွားလည်း
ငါကားမမှု၊ ယခုငါ့တွင်
ပင်မြစ်ပင်ခြေ၊ မရှိလေကြောင်း
မကောင်းစကား၊ မပြောကြားနှင့်။
အိုဘယ့်အချင်း၊ လေနတ်မင်း။
ငါ့ကိုမသနား၊ ခွန်အားကိုသာ
ပေးငှားပါက၊ အာကာတလွှား
မိုးဖျားအထိ၊ ငါတက်ဘိ။ ။

အခြားသူများက စားပွဲကို လက်ဖြင့်ပုတ်ပြီး ချီးမွမ်းပြောကြလေ၏။

"တော်တော်ခွန်အားရှိတဲ့ကဗျာပဲ။ အကောင်းဆုံးလို့တောင်ပြောနိုင်တယ်။ ဒါပေမယ့် ဝေဠုဝန်ကေရိရဲ့ကဗျာလောက်တော့မနူးဘူး။ ဒီနေ့တော့ ဆွေ့လေးနဲ့ ငှက်ပျောပင်အောက်က ညှော့သည်တို့ကတော့ နောက်ကျကျန်ရစ်ခဲ့ကြပြီ။ သူတို့ကိုအပြစ်ပေးရမယ်"

ပေါက်ချင်းက ရယ်လိုက်လျက်

"အပြစ်ပေးယင်လဲ ခံရမှာပေါ့လေ။ ဒါပေမယ့် ကဗျာတစ်လုံးမှ မစပ်ဘဲ ကြွေကုလတ်ချည်းပဲပေးတာနဲ့စာယင်တော့တော်သေးတာပေါ့"

"ခဏတော့ စောင့်ကြည့်ပါဦးလေ။ သူပြီးချိန်တန်လို့မှ မပြီးဘူးဆိုယင်တော့ သူ့ကို စံပြအနေနဲ့ ကောင်းကောင်းအပြစ်ပေးတာပေါ့"ဟု လီဝမ် ကပြောလေ၏။

ထိုသို့ပြောဆိုနေစဉ် အဆောင်အပြင်ဘက်မှ ဝါးတောထဲမှ ဝုန်းခနဲအသံတစ်သံကိုကြားလိုက်ရလေ၏။ အားလုံး လန့်ဖျပ်သွားကြသဖြင့် အစေတော်များသည် အပြင်သို့ပြေးထွက်ကြည့်ကြလေ၏။ အစေတော်တစ်ယောက်က

"မလေးတို့ရေ လိပ်ပြာပုံစွန်ကြီးရှင့်။ အကြီးကြီး။ ဝါးတောထဲကို ပြုတ်ကျလာတယ်"

"စွန်ကြီးက လှလိုက်တာမလေးရယ်။ ဘယ်သူ့စွန်ကြီးလဲမသိဘူး။ ကြိုးပြတ်ပြီးကျလာတာ။ ကျွန်မတို့သွားယူလိုက်မယ်"

သူတို့ပြောသည့်အသံကြောင့် ပေါက်ယုနှင့်မိန်းကလေးများသည် ထွက်ကြည့်ကြလေ၏။

"ဘယ်သူ့စွန်လဲဆိုတာမောင်သိပါတယ်။ ဟိုဘက်အိမ်က ယင့်ဟုန်ရဲ့ စွန်ပါ။ ဝါးပင်ပေါ်ကဖြုတ်ပြီး သူ့ကိုပြန်ပေးလိုက်ပါ" ဟု ပေါက်ယုက ပြောလေ၏။ ဇူချွန်းက

"အို၊ ကမ္ဘာပေါ်မှာ သူတစ်ယောက်ပဲ ဒီလိုစွန် ရှိတာမှတ်လို့။ ဘယ်သူ့စွန်ဖြစ်ဖြစ် ပြန်မပေးနိုင်ဘူး။ မလေး ယူထားမယ်"

တန်ချွန်းက

"ဒီလောက်လဲလောဘမကြီးပါနဲ့ ဇူချွန်းရယ်။ ဇူချွန်းမှာ ကိုယ်ပိုင်စွန်တွေ ရှိသားပဲ။ ဘာဖြစ်လို့ သူများရဲ့စွန်ကို ယူချင်ရတာလဲ။ သူများပစ္စည်းယူယင် ကိုယ့်မှာ ကံဆိုးတတ်တယ်"

ထိုက်ယုက

"ဟုတ်တယ်နော်။ တစ်ယောက်ယောက်မှာ အကုသိုလ်တွေ များနေလို့ အဲဒီအကုသိုလ်တွေ တခြားကိုရောက်အောင် ယကြာချေတဲ့အနေနဲ့ လွှတ်ဘာလားမှမသိဘာ။ ကဲပါကွယ်၊ အဲဒီစွန်ကြီးကို မြန်မြန် တခြားကို လွှတ်လိုက်စမ်းပါ။ ကိုယ်တို့လဲ အကုသိုလ်တွေကို တခြားမောင်းလွှတ်တဲ့ အနေနဲ့ ကိုယ်တို့စွန်တွေကို လွှတ်ချေရအောင်"

ဤတွင် ဇူချွန်းက စွန်ကြီးကို တံခါးဝရှိအစောင့်များထံသွားပေးရန်၊ တောင်းသူရှိလျှင် ပေးလိုက်ရန် အစေတော်များကို အပ်ခိုင်းလိုက်လေ၏။

သူတို့တစ်တွေစွန်လွှတ်ကြမည်ဟု ပြောသည့်အခါတွင် အစေတော်သူငယ်မကလေးများသည် မိန်းမရုပ်ချုပ်ထားသည့် စွန်ကြီးတစ်ခုနှင့်တကွ ခွေးခြေမြင့်မြင့်ကြီးများ၊ ကြိုးများ၊ ရစ်လုံးများ၊ ထိပ်ဖျားတွင် စွန်လွှတ်ရန် တုတ်တံဘပ်ထားသည့် ဝါးလုံးကြီး တစ်လုံးကို ယူလာခဲ့ကြလေ၏။ ပေါက်ကြည်နှင့် မိန်းကလေးတစ်သိုက်သည် အပေါက်ဝတွင် ရပ် ကာ

အပြင်ဘက်ကွင်းပြင်တွင် စွန်ကြီးကိုလွှတ်ရန် အစေတော်များကိုခိုင်းလိုက်ကြလေ၏။

"ဟင်၊ မလေးတို့စွန်ကြီးက လှလဲမလှဘူး။ မလေးတန်ချွန်းရဲ့စွန်ကြီးကမှ လှတာ။ နတ်ငှက်ရုပ်ကြီးလေ။ အတောင်နှစ်ဖက်က တဖျပ်ဖျပ်နဲ့"

ပေါက်ယုကလည်းသဘောတူသဖြင့် ထိုစွန်ကြီးကို အယူခိုင်းလိုက်လေ၏။

"သွား၊ တို့အဆောင်မှာ ငါးရုပ်စွန်ကြီးတစ်ခုလဲရှိတယ်။ မနေ့ကတင် လိုင်ဝမ်းရဲ့မိန်းမ ဝယ်လာတာ။ အဲဒီစွန်ကြီးကိုသွားယူချည်ဦး" ဟု ပေါက်ယုက ခိုင်းလိုက်လေ၏။

အချိန်အတန်ကြာသည့်အခါတွင် အစေတော်များသည် ဘာမျှမပါဘဲ လက်ချည်းသက်သက်ဖြင့် ပြန်လာကြလေ၏။

"မနေ့က ချင်ဝမ်းလွှတ်တာ ကြိုးပြတ်ပြီး လွင့်သွားလို့တဲ့" ဟု ပြန်ပြောလေ၏။

"ဟင် ငါတောင် တစ်ခါမှ မလွှတ်ရသေးဘူး" ဟု ပေါက်ယုက ပြောလေ၏။

"မလွှတ်ရလဲ ဘာဖြစ်သလဲ မောင်လေး ပေါက်ယုရယ်။ မောင်လေ့ရဲ့ အကုသိုလ်တွေ ပျောက်သွားအောင် သူက လွှတ်ပေးတာပဲ့ပေါ့"

"ဒါဖြင့်ယင်လဲ ကဏန်းရုပ်စွန်ကြီးကို သွားယူချေ"

အစေတော်များသည် ထွက်သွားပြီး မကြာမီ ကဏန်းပုံချုပ်ထားသည့်စွန်ကြီးတစ်ခုနှင့်ရစ်လုံးကို ယူလာလေ၏။

"ကဏန်းရုပ်စွန်တော့ မရှိတော့ဘူးတဲ့။ မနေ့ကပဲ သခင်လေးကျိဟုန်ကို ပေးလိုက်ရတယ်လို့ မာလာက ပြောလိုက်ပါတယ်။ ခု စွန်က လင်ချိရှောက်ရဲ့မိန်းမယူလာတဲ့စွန်တဲ့။ ဒီစွန်က ပုံကောင်းတယ်လို့ ပြောလိုက်ပါတယ်"

ပေါက်ယုက စွန်ကြီးကို ကြည့်လိုက်သည့်အခါတွင် စွန်ကြီးမှာ လက်ရာကောင်းကောင်းဖြင့် လုပ်ထားသည့်စွန်ကြီးဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုအချိန်တွင် တန်ချွန်း၏စွန်မှာလည်း ရောက်လာပြီဖြစ်သည့်အတွက် ဆုမ့်နှင့် အခြား အစေခံများသည် အနီးရှိ ဆင်ခြေလျှော

ကုန်းတစ်ခုပေါ်မှနေ၍ စွန်လွှတ်လျက်ရှိကြလေ၏။ ပေါက်ချင်းကလည်း သူ့အစေတော်များအား လင်းနို့ရုပ်ပုံစွန်ကြီးကို ယူပြီး အလွှတ်ခိုင်းပြန်လေ၏။ ဤတွင် ထိုစိတ်ခုတ်သည် ပေါက်ကြည်ကိုလည်း ကူးစက်သွားသဖြင့် ပေါက်ကြည်သည် ငန်းရိုင်းပုံချုံးထားသည့် စွန်ကြီးတစ်ခုကို အစေတော်များအား အယူခိုင်းလိုက်လေ၏။ စွန်များအားလုံးမှာ လေထဲတွင် ရောက်နေကြလေပြီ။ သို့ရာတွင် အလှချိုးစွန်ကြီးမှာ လေထဲသို့ မတက်နိုင်သေးသဖြင့် ပေါက်ယုမှာ ချွေးပြန်လျက်ရှိလေ၏။ အခြားသူများက သူ့ကို လှောင်ကြသည့်အခါတွင် ပေါက်ယုသည် သူ့စွန်ကြီးကို မြေကြီးပေါ်သို့ လွှတ်ချလိုက်လျက်

'ဟင်း၊ စွန်ကြီးက အလှချိုးထားတဲ့စွန်ကြီးမို့ လို့ကွာ၊ နို့မို့ယင် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်တယ်"

"အောက်က သိုင်းထားတဲ့စွန်ကြိုးက မညီလို့ မောင်လေးရဲ့။ စွန်ကြိုးကိုပြင်ပေးလိုက်"ဟု ထိုက်ယုက အားပေးစကား ပြောလေ၏။

ပေါက်ယုသည် ထိုစွန်သိုင်းကြိုးကို အပြင် ခိုင်းလိုက် ပြီးလျှင် အခြားစွန်တစ်ခုကို အယူခိုင်းလိုက်လေ၏။ သူတို့တစ်သိုက် ထိုသို့စွန်လွှတ်ကစားနေကြစဉ် အခြား အစေတော်များသည်လည်း သူတို့စွန်များကို ယူလာကြကာ စွန်လွှတ်ကြလေ၏။ ထိုစဉ်တွင် ပေါက်ကြည်က

"မလေးထိုက်ယုရေ၊ စွန်က သိပ်ဆွဲနေတယ်။ မလေး ကူကိုင်ပေးပါလား"ဟု ပြောသဖြင့် ထိုက်ယုသည် လက်ကို လက်ကိုင်ပဝါတစ်ထည်ဖြင့် ပတ်လိုက်ပြီး စွန်ကြိုးကိုဆွဲလေ၏။ ထိုအချိန်၌ ကောင်းကင်တွင် လေအတော်ပြင်းလျက်ရှိလေပြီ။ ထိုက်ယုသည် ရစ်လုံးကိုယူကာ ကြိုးကို လျှော့ချလိုက်လေ၏။ စွန်ကြီးမှာ ကောင်းကင်သို့ တဖြည်းဖြည်းမြင့်တက်သွားသည်နှင့်အမျှ အရစ်လုံးမှာလည်း လည်လိုက်နေရာ ခဏကြာသည့်အခါတွင် ကြိုးကုန်၍သွားခဲ့လေပြီ။ ထိုက်ယုက အခြား သူများအား မိမိတို့စွန်များကို ဖြတ်၍လွှတ်လိုက်ကြရန် ပြောလေ၏။

"ဖြတ်လွှတ်တော့မယ်ဆိုယင် အဆင်သင့်ပဲ။ မလေးစွန်ကိုအလျင် ဖြတ်ချလိုက်လေ"

"အင်း၊ စွန်ကိုဖြတ်ချလိုက်ရတာ ကြည့်လို့တော့ ကောင်းပါရဲ့။ ဒါပေမယ့် စွန်ကြီးကို နှမြောနေတယ်"ဟု ထိုက်ယုက ပြုံး၍ပြောလေ၏။ လိဝမ်းက

"စွန်လွှတ်တယ်ဆိုတာ အပျော်ကစားတဲ့ ကစားနည်းတစ်ခုပဲ မလေ ရဲ့။ အကုသိုလ်တွေကို တခြားကို လွှတ်ပစ်တာလို့လဲ ပြောကြတယ်။ တကယ်တော့ မလေးအနေနဲ့ စွန်လွှတ်ကစားတာကို မကြာမကြာ လုပ်ဖို့ ကောင်းတယ်။ ဒါမှ မလေးမှာရှိတဲ့အကုသိုလ်တွေ၊ မကြာခဏ နာမကျန်းဖြစ်တာတွေ ပျောက်မှာ၊ မဟုတ်ဘူးလား"

ဇူချွန်းက

"အံမယ်လေး၊ မလေးထိုက်ယုကို မကြာမကြာ စွန်လွှတ်ဖို့တော့ သွားမတိုက်တွန်းနဲ့။ မလေးထိုက်ယုက ကြာလေ ကပ်စေးနှဲလေပဲ။ တကယ်တော့ မလေးတို့မှာ တစ်နှစ်တစ်နှစ် လွှတ်လိုက်တဲ့ စွန်တွေဟာ နည်းသလား။ ဒီတော့ ဒီနေ့လွှတ်တဲ့ စွန်ကျမှ ဘာနှမြောနေရဦးမှာလဲ။ ကဲ မလေးမဖြတ်ယင် ဇူချွန်းဖြတ်မယ်"

ဇူချွန်းသည် ရှေ့ယွေ့လက်တွင်ကိုင်ထားသည့် အနောက်တိုင်းဖြစ် ငွေကတ်ကြေးကလေးတစ်လက်ကို လှမ်းယူလိုက်ကာ ရစ်လုံးတွင်ပတ်ထားသည့် စွန်ကြိုးကို ဖြတ်ချလိုက်လေ၏။

"ကဲ မကောင်းတဲ့ အကုသိုလ်တွေ သွားပေတော့"ဟု ဆိုလေ၏။

စွန်ကြီးသည် လေယာဉ်တွင် မျောပါသွားလေရာ ခဏကြာလျှင် ကြက်ဥကလေး တစ်လုံးစာလောက်မျှသာ ဖြစ်သွားပြီး နောက်ဆုံးတွင် မူလုံးဝ ပျောက်ကွယ်သွားခဲ့လေပြီ။

သူတို့တစ်သိုက်သည် မျက်လုံးများကို မှေး၍ ကြည့်နေရင်းက "ပျော်စရာကြီးနော်"ဟု ပြောကြလေ၏။

ပေါက်ယုက

"စွန်ကလေးခမျာ သနားစရာနော်။ ဘယ်နေရာများ သွားကျမလဲမသိဘူး။ လူတွေသူတွေရှိတဲ့ အနားမှာသွားကျပြီး ကလေးတွေ ကောက်ရပါစေလို့ ဆုတောင်းရတော့မှာပဲ။ လူသူမရှိတဲ့ တောထဲတောင်ထဲမှာ ကျသွားယင် စွန်ကြီးခမျာ သနားပါလိမ့်မယ်။ အဖော်မရှိ ဘာမရှိနဲ့။

ဒီတော့ အဖော်ရအောင် မောင့်စွန်ကို ဖြတ်ပေးလိုက်မယ်'' ဟုဆိုကာ သူ့လက်မှစွန်ကို ဖြတ်ချလိုက်လေ၏။

တန်ချွန်းသည် သူ့စွန်ကို ဖြတ်မည်ဟု ကတ်ကြေးကိုပြင်လိုက်စဉ် သူ့နတ်ငှက်စွန်နှင့် ပုံချင်းတူသော စွန်တစ်ခုကို ကောင်းကင်တွင် မြင်လိုက်ရလေ၏။

"ဟင်၊ ဒါကဘယ်သူ့စွန်များပါလိမ့်''

"မလေး မခလေးရဲ့စွန်ကို မဖြတ်နဲ့ဦး၊ ဟိုမှာ စွန်တစ်ခု တက်လာနေတယ်၊ ငြိနေလိမ့်မယ်''

ထိုသို့ပြောနေစဉ် နတ်ငှက်ရုပ် စွန်နှစ်ခုသည် သွား၍ တိုက်မိကြကာ ကြိုးချင်း ငြိနေလေ၏။ သူတို့သည် တန်မျှန်း၏စွန်ကို ကူ၍ ရစ်ပေးကြလေ၏။ သို့ရာတွင် တစ်ဘက်ကလည်း သူ့စွန်ကို ရစ်လျက်ရှိသဖြင့် ပြိုင်၍ ဆွဲသကဲ့သို့ ဖြစ်လျက်ရှိကာ ငြိနေလေ၏။ ထိုစဉ် တံခါးချပ်ကြီးတစ်ချပ်စာလောက်ရှိပြီး "ကံကောင်းပါစေ'' ဟု ရေးထားသည့် စွန်ကြီးတစ်ခုသည် ကောင်းကင်တွင် ရုတ်တရက် ပေါ်လာလေ၏။ ထိုစွန်ကြီးတွင် ချူများ တပ်ဆင်ထားသည့်အတွက် ချူသံများကိုလည်း ကြားရလေ၏။

"ဟော ဟော ဒီစွန်လဲ ဝင်ငြိလိမ့်ဦးမယ်။ အို မဆွဲနဲ့လေ။ သုံးခုစလုံး ညိပေ့စေ။ အဲဒါမှ ပျော်စရာကောင်းတာ''

သူတို့ထင်သည့်အတိုင်း နောက်တက်လာသည့် စွန်ကြီးသည် ခပ်စောစောက ငြိနေသည့် နတ်ငှက်ရုပ် စွန်နှစ်ခုနှင့် ဝင်၍ ငြိပြန်လေ၏။ စွန်သုံးခုသည် ပြိုင်ဆွဲကြရာ နောက်ဆုံး၌ သုံးခုစလုံး ကြိုးပြတ်သွားပြီး လွင့်သွားကြလေ၏။ ဤတွင် အားရဝမ်းသာ လက်ခုပ်တီးကြလျက်

"ကောင်းတယ်၊ ကောင်းတယ်၊ ပျော်စရာကြီး။ နေစမ်းပါဦး၊ ကံကောင်းပါစေဆိုတဲ့ စွန်ကြီးက ဘယ်သူ့စွန်ကြီးလဲ။ တော်တော်ရုပ်တဲ့ စွန်ကြီး''

"မလေးရဲ့စွန်တော့ ပြတ်ပါသွားပြီ။ မလေးလဲ မောပြီ။ ပြန်ပြီး နားလိုက်ဦးမယ်''

"နေပါဦးလေ။ ကျန်တဲ့စွန်တွေပါ ပြတ်ပါစေဦး၊ ပြီးတော့သွားကြတာပေါ့'' ဟု ပေါက်ကြည်ကပြောလေ၏။

သို့ဖြင့် သူတို့သည် စွန်များကို ဖြတ်၍ လွှတ်ခဲ့ကြပြီးနောက် ပြန်လာခဲ့ကြလေ၏။ ထိုကဲ့ယုမှာလည်း အနားယူရန် သူ့အဆောင်သို့ပြန်သွားလေ၏။

မည်သို့ဖြစ်သည်ကိုသိလိုလျှင် နောက်တစ်ခန်းကိုဖတ်ပါလေ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၇၁

ဒေါ်လေးဆင့်သည် အစော်ကားခံရသည်ထင်သဖြင့် နတ်ငှက်မယ်ကို ပြန်၍ လက်စားချေခြင်း ယုန်ယွမ်းသည် သမီးရည်းစားနှစ်ယောက်နှင့် ပက်ပင်းတိုးခြင်း။

ကိစ္စပြီး၍ ရွှေမြို့တော်သို့ ပြန်ရောက်သည့်အခါ၌ ကျွန်ုပ်အား အိမ်သို့ပြန်ရန် ခွင့်တစ်လ ပေးလိုက်လေ၏။ ကျွန်ုပ်သည် အသက်ကလည်းကြီး၊ တာဝန်တွေကလည်း များလှသည့်အလျောက် ပင်ပန်းနွမ်းနယ်လှလေပြီ။ ထိုစဉ် အိမ်သို့ပြန်၍ မိသားစုများနှင့် တွေ့ရသည့်အခါတွင် များစွာ ကျေနပ်ဝမ်းသာလျက်ရှိကာ ရောက်သည်နှင့် အလုပ်တာဝန်များကို မေ့ပျောက်ထားလိုက်ပြီးနောက် စာဖတ်ခြင်း၊ အားလျှင် စစ်တုရင်ကစားခြင်း၊ မိမိလက်အောက် ငယ်သားများနှင့် ရံဖန်ရံခါ အရက်သောက်ခြင်း၊ မယ်မယ်၊ ဇနီးဖြစ်သူ သခင်မဝမ်နှင့်တစ်ကွ သားသမီးများနှင့် အတွင်းဆောင်များတွင် ပျော်ပျော်ပါးပါး အချိန်ကုန်နေခြင်း စသည့် နည်းလမ်းများဖြင့် အချိန်ကို ကုန်စေလေ၏။

ထိုနှစ် အဋ္ဌမလ လဆန်းနှစ်ရက်နေ့မှာ မယ်မယ်၏ ရှစ်ဆယ်ပြည့် မွေးနေ့ဖြစ်လေရာ ထိုနေ့တွင် ဆွေမျိုးသားချင်းများ၊ တပည့်အပန်းများသည် မယ်မယ်ကို လာရောက်ကန်တော့ကြမည်ဖြစ်လေ၏။ မယ်မယ်ကို

လာရောက်ကန်တော့မည့်သူများမှာ များပြားလှသည့်အတွက် ထိုသို့ လာရောက်သူများကို မည်သို့မည်ပုံ ညှော်ခံကျွေးမွေးရမည်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေကြလေ၏။ ကျွန်ုပ်သည် ထိုအကြောင်းကို ကျွိရှဲ၊ ကျိချန်၊ ကျိလျှံ စသူတို့နှင့် တိုင်ပင်ကြည့်သည့်အခါတွင် သူတို့အားလုံးက ညှော်ခံကျွေးမွေးပွဲကို သတ္တမလ လဆုတ် တစ်ဆယ့်သုံးရက်မှစ၍ အဋ္ဌမလ လဆန်း ၈ ရက်နေ့အထိ စံအိမ်ကြီးနှစ်အိမ်တွင် ခွဲ၍ကျွေးမွေးရန် ဆုံးဖြတ်ကြလေ၏။ နိန်စံအိမ်ကြီးတွင် အမျိုးသမီးများကို ကျွေးမွေးပြီး ယွန်းစံအိမ်ကြီးတွင် အမျိုးသားများကို ကျွေးမွေးရန် စီစဉ်ထားလေ၏။ မဟာနန္ဒာဥယျာဉ်ထဲရှိ အဆောင်ကြီးနှစ်ဆောင်ဖြစ်သည့် ခမ်းနားစုံလင်ဆောင်နှင့် မင်္ဂလာရိပ်သာဆောင်တို့ကို အနားယူရန် အဆောင်များအဖြစ် သတ်မှတ်ထားလေ၏။ လဆုတ် ဆယ့်သုံးရက်နေ့တွင် ဘုရင့်သမီးတော်များ၏ ကြင်ရာတော်များ၊ မင်းသားများ၊ မင်းသမီးများ၊ ဘုရင့် ရွှေ နန်းတော်ကြီးတွင် အမှု ထမ်း နေကြသည့် မှူး မတ်ကြီးများနှင့် ကတော်မယားများတို့ကို ဖိတ်ကြားထားလေ၏။ လဆန်း ဆယ့်လေးရက်နေ့တွင် ဝန်ကြီးများ၊ စစ်ဘုရင်ခံများနှင့် စစ်မှူးစစ်ကဲများ၊ ယင်းတို့၏ ဘွဲ့ထူးဂုဏ်ထူးရ ကတော်မယားများကို ဖိတ်ကြားထားလေ၏။ လကွယ်နေ့တွင် အခြားသော မင်းစိုးရာဇာ အရာရှိကြီးများနှင့် ယင်းတို့၏ ဘွဲ့ထူးဂုဏ်ထူးရ ကတော်မယားများ၊ အရင်းအချာနှင့် အဖျားအနား ဆွေမျိုးများနှင့် ယင်းတို့၏ကတော်မယားများကိုဖိတ်ကြားထားလေ၏။ မိသားစုစားသောက်ပွဲများကိုမူ လဆန်းတစ်ရက်နေ့တွင် သားကြီးကျွိရှဲက ကျင်းပလျက် နှစ်ရက်နေ့တွင် သားလတ် ကျိချိန်က ကျင်းပပြီး သုံးရက်နေ့တွင် ကျိချန်နှင့် ကျိလျှံတို့က ကျွေးမွေး ကျင်းပမည် ဖြစ်လေ၏။ လဆန်း လေးရက်နေ့တွင် ကျွိဆွေမျိုးစုများ အားလုံးက စုပေါင်းကျွေးမွေးကြမည်ဖြစ်ပြီး လဆန်း ၅ ရက်နေ့တွင်မူ လိုင်တာ၊ လင်ချိရှောက်နှင့် အခြားစာရင်းဒိုင်များက ကျွေးမွေးညှော်ခံကြမည် ဖြစ်လေ၏။

သတ္တမလဆန်း ကတည်းကပင် ရပ်ဝေး ရပ်နီးမှ စေတမန်များသည် လက်ဆောင်ပစ္စည်းများ၊ နှုတ်ခွန်းဆက်လွှာများဖြင့် တဖွဲဖွဲ ရောက်လျက် ရှိကြလေ၏။ ဘုရင်မင်းမြတ်၏ ပူဇော်ပွဲ ဝန်ကြီးဌာနသည် ဘုရင့်

အမိန့်တော်ပြန်တမ်းဖြင့် ရွှေကွပ်ကျောက်စိမ်းသံလျက်ငယ်၊ ရောင်စုံ ဖဲအုပ် လေးအုပ်၊ ရွှေကွပ်ကျောက်စိမ်း နားရွှေငင်းလေးရံ၊ ဘုရင့် ဘဏ္ဍာတိုက်မှ ငွေစင်ငါးပိဿာတို့ကို လက်ဆောင်ပဏ္ဏာအဖြစ် ချီးမြှင့်တော်မူလေ၏။ မြေးတော်သူတစ်ဦးဖြစ်သည့် ဘုရင့် မြောက်နန်းမိဖုရားဖြစ်သူ ယန်ချွန်းက မိန်းမစိုးများကို စေလွှတ်ကာ အာယုဒီဃ နတ်မင်း၏ ရွှေရုပ်တု၊ နံ့သာစန္ဒကူး တောင်ဝှေးတစ်ချောင်း၊ နံ့သာပုတီးတစ်ကုံး၊ ရှားပါးသည့် အဖိုးထိုက် အာမွေးတိုင်တစ်ထုပ်၊ သေတ္တာ၊ ရွှေချောင်းနှစ်ချောင်းနှင့် ငွေချောင်းနှစ်ချောင်း၊ ပိုးရောင်စုံအုပ် ဆယ့်နှစ်အုပ်နှင့် ကျောက်စိမ်း လက်ဖက်ရည်ပန်းကန်စုံ လေးစုံတို့ဖြစ်လေ၏။ မင်းသားများ၊ ယင်းတို့၏ကြင်ရာတော်များ၊ အရာရှိကြီးငယ်များနှင့် အခြားမိတ်ဆွေသင်္ဂဟများက ပေးပို့သောလက်ဆောင် ပစ္စည်းများမှာမူကား ရေတွက်၍ မရနိုင်အောင်များလှပေ၏။ ခန်းဆောင်အလယ်ရှိသက္ကလတ်အနီခင်းသည့် စားပွဲကြီးပေါ်တွင် မယ်မယ် ကြည့်ရှုရန် အတွက် အကောင်းဆုံးလက်ဆောင်များကို ခင်းကျင်းပြသထားလေ၏။ မယ်မယ်သည် ထိုလက်ဆောင်များကို နှစ်ရက်လုံးလုံး စစ်ဆေး ကြည့်လေ၏။ တတိယမြောက်နေ့တွင်မူကား မယ်မယ်သည် လက်ဆောင်များကိုစစ်ဆေးကြည့်ရှုရန် စိတ်ဝင်စားမှု ကုန်ခန်း နည်းပါးသွားလေခဲ့လေပြီ။

“ငှက်မယ်ဆိုကိုသာ အကုန်အပ်လိုက်တော့။ ငါတော့ တစ်နေ့ပျင်းပျင်းရှိတဲ့အခါမျိုးကျမှ ဒီပစ္စည်းတွေကြည့်တော့မယ်”

လဆုတ် ဆယ့်သုံးရက်နေ့သို့ ရောက်သည့်အခါတွင် စံအိမ်ကြီးနှစ်အိမ်စလုံးမှာ မီးအိမ်များ၊ မီးပုန်းများဖြင့် လင်းထိန်လျက် ရှိလေ၏။ အိမ်ကြီးများထဲတွင်လည်း ပန်းခက်ပန်းပွားများ၊ ငှက်ရုပ်များရေးထားသည့် လိုက်ကာခန်းဆီးများ၊ ကြာပွင့်ကြီးများ ရေးခြယ် ထားသည့် ကော်ဇောကြီးများဖြင့် အိမ်လုံးပြည့်ခင်းယင်းထားကာ ပုလွေသံ၊ ဗုံသံ၊ လင်းကွင်းသံတို့ ဖြင့်ဆူညံလျက်ရှိလေ၏။ ထိုနေ့တွင် စံအိမ်ကြီး၌လက်ခံတွေ့ဆုံသောဧည့်သည်များမှာ အထူးဧည့်သည်များဖြစ်သည့် ပေ့ကျင်ကိုယ်တော်လေး၊ နာနန်းကိုယ်တော်လေး၊ ကိုယ်တော်လေး၏ ကြင်ရာတော်၊ သမီးတော်၏ကြင်ရာတော်၊ ကိုယ်တော်လေးယုန်လျန်းနှင့်လိုရှန်း

မင်းသား စသည်တို့လောက်မျှသာ ဖြစ်လေ၏။ ယွန်းစံအိမ် ကြီးသို့မူ နာနန်းမင်းသမီးကြီးနှင့် အခြားသောမင်းသမီးကြီးအချို့လာရောက်ကြလေ၏။

မယ်မယ်နှင့်အိမ်သူအိမ်သားအားလုံးတို့သည် ၎င်းတို့အား ဧည့်ခံရာတွင် နန်းတက်ရွှေနန်းတော်ဝတ်စုံများကို ဝတ်၍ ဧည့်ခံကြလေ၏။ ဧည့်သည်တော်များအား နှုတ်ဆက်ပြီးနောက် မင်္ဂလာရိပ်သာခန်းမသို့ ဧည့်ခံကာ လက်ဖက်ရည်များတည်ခင်းဧည့်ခံပြီးလျှင် ကျက်သရေဝေဖြာခန်းမဆောင်သို့ ဖိတ်ခေါ်ကာ ကျွေးမွေးကြ၏။ ထုံးတမ်းစဉ်လာအရ နှုတ်ဆက်ကြပြီးနောက် မင်းသမီးကြီးနှင့်ပါးကို အထူးနေရာတွင် နေရာပေးပြီး ကျန်အမျိုးသမီးများကို အဆင့်အတန်းအလိုက် နေရာချထားပေးလေ၏။ ချင်မြို့စားကတော်ကြီးနှင့် လင်ကျန်းမြို့စားကတော်ကြီးတို့မှာ လက်ဝဲဘက်ရှိစားပွဲအနိမ့်တွင် ထိုင်ကြရလေ၏။ မယ်မယ်မှာ အိမ်သည်အဖြစ် လက်ျာဘက်ရှိ စားပွဲနိမ့်တွင် ထိုင်ရလေ၏။ သူ့နောက်တွင် သခင်မဆင့်၊ သခင်မဝမ်တို့ ခေါင်းဆောင်ကာ နတ်ငှက်မယ်နှင့် အခြားမိန်းကလေးများ အစဉ်အလိုက် ထိုင်ကြရလေ၏။ ဝါး ကန့် လန့် ကာ အပြင်ဘက်တွင်မူ စာရင်းဒိုင်၏မိန်းမများဖြစ်သော လင်ချိရှောက်၏မိန်းမ စသည့်အစေတော်ကြပ်များနှင့် အတူရှိနေပြီး စားသောက်ဖွယ်များနှင့် အရက်ချိုများကို တည်ခင်းကျွေးမွေးကာ ချူယွီ မိန်းမခေါင်းဆောင်သည့် အစေတော်မိန်းမငယ်ကလေးအချို့သည် လိုက်ကာ အကွယ်တွင်ရပ်ကာ အမိန့်ကိုနာခံရန် အသင့်စောင့်နေကြရလေ၏။ ဧည့်သည်တော်များနှင့် ပါလာသည့်အစေတော်များကို သတ်သတ်ကျွေးမွေးလေ၏။

ထိုစဉ် ဇာတ်စင်ပေါ်သို့ ကချေသည်များ တက်လာကြကာ နှုတ်ခွန်းဆက်ကြလေ၏။ ထိုသို့ နှုတ်ဆက်ပြီးလျှင် ဇာတ်ပွဲများ ကတော့မည်ဖြစ်လေ၏။ ဇာတ်စင်ခြေရင်းတွင် သူငယ်တော် ရှစ်ယောက်တို့သည် မတ်တတ်ရပ်လျက် ရှိလေ၏။ ထိုအထဲမှ တစ်ယောက်က ဇာတ်စင်ခြေရင်းတွင် ရပ်နေသည့် အမျိုးသမီး တစ်ယောက်အား ဇာတ်အစီအစဉ် စာရွက်ကို ယွန်းငန်းကလေးတစ်ချပ်ထဲတွင် ထည့်ပြီးနောက် ကန့်လန့်ကာကို ဖွင့်ကာ မမယုအနားသို့ တရွေ့ရွေ့တိုးလာပြီး မမယုသို့ပေးလေ၏။ မမယုက သူ့

အထက်အဆင့်တွင် ထိုင်နေသည့် အမျိုးသမီးနှစ်ယောက်ထံ လှမ်းပေးလေ၏။ သို့ရာတွင် မိမိအား လှမ်းပေးသည့် အခွင့်အရေးကို ငြင်းလိုက်ကာ ပေ့ကျင်ကိုယ်တော်လေး၏ မယ်တော်ကြီးထံသို့ လှမ်းပြလေ၏။ ဤတွင် ပေ့ကျင်ကိုယ်တော်လေး၏ မယ်တော်ကြီးသည် ယဉ်ကျေးသမှုအနေဖြင့် ပြဇာတ်ထဲမှ အစီအစဉ်တစ်ခုကို ရွေးပေးလိုက်လေ၏။ ကျန်အမျိုးသမီးများသည် တစ်ယောက်ကို တစ်ယောက် အစီအစဉ်ကို စိတ်ကြိုက်ရွေးရန်၊ တစ်ယောက်ကို တစ်ယောက် လွှဲပေးလျက်ရှိကြလေ၏။ နောက်ဆုံးတွင် အားလုံးကပင်

"ကဲ ဒီလောက်တောင်ရှိလှတာ၊ သူတို့ကြိုက်သလိုသာ ကပါစေတော့"ဟု ပြောကြလေ၏။

စားသောက်ဖွယ် ပန်းကန် လေးပန်းကန် ချပြီးသည့်အခါတွင် ဟင်းချိုရောက်လာလေ၏။ ဧည့်သည်များနှင့်လိုက်ပါလာသည့်အစေတော်များသည် သူတို့သခင်များက ပေးသည့် ဆုကြေးများကို ယူလာကြကာ ကချေသည်များကို ပေးကြလေ၏။ ထိုနောက်တွင် သူတို့အားလုံး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးနောက် ဥယျာဉ်ထဲ၌ လက်ဖက်ရည်သောက်ကြပြန်လေ၏။ နာန်နန်း မင်းသမီးကြီးက ပေါက်ယုကို မေးသည့် အခါတွင် မယ်မယ်က ပေါက်ယုမှာ မိမိအတွက် မွေးနေ့ဆုတောင်း ရွတ်ဖတ်နေကြသည့် ဘုန်းကြီးများရှိရာ ဝတ်ကျောင်းသို့သွား၍ ဝတ်ပြုနေကြောင်းဖြင့် ပြောလေ၏။ ထိုအခါတွင် နာနန်းမင်းသမီးကြီးက သူ့မိန်းကလေးများကို မေးပြန်လေ၏။

"တချို့ကတော့လဲ နေထိုင်မကောင်းလို့ မလာကြဘူး ဖျား၊ တချို့ကျတော့လဲ ခုလို ပွဲကြီးလမ်းကြီး ထွက်ခလှမရှိတဲ့အတွက် ကျွန်မရဲ့ အခန်းမှာ အစောင့်ခိုင်းထားခဲ့ပါတယ်။ ကျွန်မတို့စံအိမ်မှာ ကချေသည်များလဲ ကျန်နေသေးတော့ သူတို့အတွက် ကပွဲလဲ စီစဉ်ထားခဲ့ပါတယ်။ ခု အဆောင်မှာ ပွဲကြည့်ကျန်ခဲ့ကြပါတယ်"

"ဒီလိုဆိုယင်လဲ သူငယ်မကလေးတွေကိုလဲ သွားဖိတ်ပါဦး"ဟု ပေ့ကျင်ကိုယ်တော်လေး၏ မယ်တော်ကြီးကပြောလေ၏။

နတ်ငှက်မယ်သည် မိန်းကလေးများကိုခေါ်ရန် ထွက်သွားလေ၏။ မိန်းကလေးများမှာ မယ်မယ်၏အဆောင်တွင် ပြဇာတ်ကြည့်ရင်း အချိုအချဉ်များကိုစားသောက်နေကြလေ၏။ ပေါက်ယုမှာလည်း ဝတ်ကျောင်းမှ ပြန်လာပြီဖြစ်သဖြင့် သူတို့နှင့်အတူ ပွဲကြည့်နေသည်ကို တွေ့ရလေ၏။ နတ်ငှက်မယ်က ပေ့ကျင်ကိုယ်တော်လေး၏ မယ်တော်ကြီးက အခေါ်လွှတ်လိုက်ကြောင်း ပြောပြသည့် အခါ၌ ပေါက်ကြည်၊ ပေါက်ချင်း၊ ထိုက်ယု၊ တန်ချွန်းနှင့်စမ်ယဉ်တို့သည် နတ်ငှက်မယ်နှင့်အတူ ဥယျာဉ်ထဲသို့ လိုက်လာခဲ့ကြရာ ရောက်သည့်အခါတွင် ဧည့်သည်များနှင့် မိတ်ဆက်ပေးသဖြင့် ဧည့်သည်များကို ဦးညွှတ်နှုတ်ဆက်ရလေ၏။ ဧည့်သည်အချို့မှာ မိန်းကလေးများနှင့် ယခင်က တွေ့ဖူးပြီးသား ဖြစ်၏။ မတွေ့ဖူးသူ ဆို၍ တစ်ယောက် နှစ်ယောက်မျှသာ ပါသည့်တိုင် သူတို့ကလည်း မိန်းကလေးများ ချောပုံလှပုံကို ချီးမွမ်းပြောဆိုကြလေ၏၊ နာနန်းမင်းသမီးကြီးမှာ စမ်းယဉ်ကို ကောင်းစွာသိကျွမ်းသူဖြစ်လေ၏။

"ငါရောက်လာတယ်ဆိုတာ ညည်းမကြားဘူးလား။ ဘာဖြစ်လို့ မလာဘာလဲ။ ဘာလဲ၊ ညည်းက အခေါ်လွှတ်တာ စောင့်နေတာလားအေ့။ ညည်းတို့ဦးလေးများကို အခေါ်လွှတ်နေတာ ကြာပါပြီတော်"ဟု ပြောလေ၏။

ထိုနောက် နာနန်းမင်းသမီးကြီးသည် ပေါက်ကြည်နှင့်ပေါက်ချင်းတို့၏ လက်ကို ကိုင်ကာ သူတို့၏အသက်ကို မေးမြန်းပြီးနောက် ဝမ်းသာအားရဖြင့် သူတို့လှပပုံကို ချီးကျူးပြောဆိုလျက်ရှိလေ၏။ ထိုနောက်တွင် ထိုက်ယုနှင့် ပေါက်ချင်းတို့ကို ခေါ်ကာ သေချာစွာ ကြည့်ရှုပြီးနောက် ချီးမွမ်းလျက်ရှိပြန်လေ၏။

"အင်း၊ ကြည့်ရတာကတော့ တစ်ယောက်တစ်မျိုးစီ ချောလှနေကြတာပဲ။ ငါဖြင့် ဘယ်သူ့ကို အလှဆုံးလို့တောင် မရွေးတတ်တော့ဘူး"

အစေတော်တစ်ယောက်သည် လက်ဆောင် ငါးမျိုးကို ယူ၍လာလေ၏။ ယင်းတို့မှာ ရွှေလက်စွပ်ငါးကွင်း၊ ကျောက်စိမ်းလက်စွပ်ငါးကွင်း၊ နံ့သာပုတီးစေ့လက်ကောက် ငါးရံတို့ဖြစ်လေ၏။

"ဟဲ့၊ ငါ့လက်ဆောင်တွေကိုကြည့်ပြီး ရယ်မနေကြနဲ့နော်။ ဒါက ညည်းတို့ဖို့ပေးတာ မဟုတ်ဘူး။ ညည်းတို့ အစေတော်တွေ အတွက် ပေးလိုက်တာ"

မိန်းကလေးငါးယောက်တို့သည် ကျေးဇူးစကား ပြောဆိုကြလေ၏။ ထိုနောက် ပေ့ကျင်ကိုယ်တော်လေး၏ မယ်တော်ကလည်း သူတို့ကို လက်ဆောင်ငါးစုံစီပေးလေ၏။ အခြားသူများကပေးသော လက်ဆောင်များ အကြောင်းကိုမူ မရေးတော့ပြီ။ လက်ဖက်ရည် သောက်ကြပြီးလျှင် ဥယျာဉ်ထဲသို့ လျှောက်ကြည့်ကြလေ၏။ မယ်မယ်က နောက်ထပ် စားသောက်ရန် ဖိတ်ကြားသည့်အခါတွင်မူ နာနန်းမင်းသမီးကြီးက ငြင်းပယ်လေ၏။

"အမှန်ကတော့ မယ်မယ့်မွေးနေ့မို့လို့သာ လာရတာ၊ ကျွန်မက ကောင်းကောင်း နေကောင်းတာ မဟုတ်ဘူး။ ဒါကြောင့် ခပ်စောစောပဲ ပြန်တော့မယ်"

မယ်မယ်နှင့် အခြားသူများက ဆက်လက်နေရန် ပြောသေးသော်လည်း မရတော့ချေ။ ထိုနောက် အလ္လာပသလ္လာပ ပြောဆိုပြီးနောက်တွင် မယ်မယ်တို့တစ်သိုက်သည် နာနန်း မင်းသမီးကြီးကို ဝင်းဝသို့ လိုက်ပို့ကြလေ၏။ ဝင်းဝသို့ရောက်လျှင် နာနန်းမင်းသမီးကြီးကလည်း သံလျင်းပေါ် သို့တက်ကာ ထွက်ခွာသွားလေ၏။ ပေ့ကျင်း ကိုယ်တော်လေး၏ ကြင်ရာတော်သည်လည်း အတန်ကြာ နေပြီးနောက် နှုတ်ဆက် ပြန်သွားလေ၏။ အချို့လည်း ခပ်စောစောပြန်ကာ အချို့လည်း ပြီးဆုံးသည် အထိ နေကြလေ၏။

ထိုနေ့တွင် မယ်မယ်မှာအတော်ပင်ပန်းသွားသည့်အတွက် နောက်နေ့များတွင် ဧည့်သည်များကို လက်ခံခြင်း မပြုတော့ဘဲ မိမိအစား ဧည့်ခံရန် သခင်မ ဆင့် နှင့် သခင်မ ဝမ်တို့ကို လွှဲပြောင်းပေးထားလေ၏။ မှူးမတ်၏ သားများမှာ မယ်မယ်အား နှုတ်ဆက်ရန်အတွက် အပြင်

ဆောင်သို့သာ လာကြပြီး သူတို့ကို ကျိရှဲ၊ ကျိချိန်နှင့် ကျိချန်တို့က ဧည့်ခံကြလေ၏။ သို့ရာတွင် ဤအကြောင်းကို ဤမျှဖြင့် တော်လောက်ပြီ။

မယ်မယ်၏မွေးနေ့ ကျင်းပသည့်ရက်များ၌ မမယုသည် ညညတွင် အိမ်သို့ ပြန်မအိပ်ချေ။ နေ့လယ်ပိုင်းတွင် ဧည့်သည်များကို ဧည့်ခံခြင်း၊ ညနေပိုင်းတွင် မယ်မယ်နှင့် ရယ်စရာမောစရာများပြောခြင်း၊ စားသောက်ပွဲကိစ္စများကို စီမံအုပ်ချုပ်ရာတွင် နတ်ငှက်မယ်အား ကူညီခြင်း၊ လက်ဆောင်များ သိမ်းဆည်းရာ၊ အစေခံများကို ဆုချရာတွင် နတ်ငှက်မယ်ကို ကူညီလုပ်ကိုင်ပေးခြင်းဖြင့်အချိန်ကုန်လျက်ရှိကာ တော်တော်မိုးချုပ်မှ ဥယျာဉ်ထဲရှိ လိဝမ်း၏ အဆောင်သို့သွား၍ အိပ်စက်ရလေ၏။

ထိုနေ့ညနေ မမယုသည် မယ်မယ်ကို ညစာစောင့်ကျွေးပြီးနောက်တွင် မယ်မယ်က

"ညည်းတို့အားလုံးလဲ ပင်ပန်းကြရော့ပေါ့အေ။ ငါလဲ မောလှပြီ။ ဒီတော့ စောစောစားပြီး နားကြဦး။ မနက်ဖြန်ဆိုယင်လဲ အစောကြီး ထကြရဦးမှာ"

မမယုသည် မယ်မယ့်အဆောင်မှ ပြန်လာခဲ့ကာ နတ်ငှက်မယ်၏ အဆောင်တွင် ညစာစားလေ၏။ သို့ရာတွင် နတ်ငှက်မယ်မှာ လက်ဆောင်ရသည့်ရွှေခြည်ထိုးလိုက်ကာများကိုအစေခံများအားသိမ်းဆည်းခိုင်းလျက်ရှိပြီး အဆောင်ထဲတွင် နတ်ငှက်မယ်၏ အဝတ်အစားများကို ခေါက်လျက်ရှိသည့် ပင်အဲတစ်ယောက်ကိုသာလျှင် တွေ့ရလေ၏။

"ဟဲ့ ပင်အဲ။ နင်တို့ မလေးငှက်မယ်ကော၊ ညစာစားပြီးပြီလား" ဟု မမယုကမေးသည်တွင် ပင်အဲကပြုံးလိုက်လျက်

"ဘယ်ပြီးဦးမှာလဲ မမယုရယ်၊ ကျွန်မတို့စားယင် မမယုကို မခေါ်ဘဲ ရှိပါ့မလား"

"ဒီလိုဆိုယင်လဲ ငါတော့ တစ်နေရာရာ တစ်ခုခု ရှာပြီးစားဦးမှပဲ ဗျာ၊ ဆာလိုက်တာ သေလုနေပြီ"

မမယုက ထွက်သွားမည်ပြုစဉ် ပင်အဲက လှမ်းခေါ်လိုက်ကာ

"နေပါဦး မမယုရဲ့၊ ဆာယင် ဒီမှာ မမယုဖို့ ကိတ်မုန့်တွေ ချန်ထားပါတယ်။ ပြီးတော့မှ ညစာစားကြတာပေါ့"

"မဖြစ်ပါဘူးကွယ်။ ညည်းတို့ ဒီလောက် အလုပ်များတာ။ ငါလာစားတော့ တကူးတကန့်နိုင်ပါတယ်။ ဥယျာဉ်ထဲက ကလေးတွေဆီ သွားပြီး ကပ်ရပ်စားချည်တော့မယ်" ဟုဆိုကာ ထွက်သွားသဖြင့် ပင်အဲမှာလည်း ဘာမျှမတတ်နိုင်တော့ချေ။

မမယုသည် ဥယျာဉ်ထဲသို့ဘန်းလာခဲ့လေ၏။ ဥယျာဉ်ဝင်းဝနှင့် ဘေးပေါက်များမှာ ယခုတိုင် ဖွင့်ထားဆဲ ဖြစ်သည့်အတွက် ရောင်စုံမီးပုံးများမှာလည်း ယခုထိုင်လင်းလျက်ရှိလေ၏။ မမယုသည် အစေတော်တစ်ယောက်အား တာဝန်ရှိ မိန်းမတစ်ယောက်ကို အခေါ်ခိုင်းလိုက်ရာ ဝင်းဝတွင် မည်သည့် တာဝန်ကျမိန်းမကိုမျှ မတွေ့ရဟု ပြောလေ၏။ ထို့ကြောင့် စာရင်းကိုင်၏မိန်းမများကို အခေါ်ခိုင်းလိုက်ပြန်ရာ အတွင်းတံခါး၏အပြင်ဘက် အိမ်ထောင့်တွင် စုဝိုင်းဖွဲ့၍ စကားပြောနေကြသော မိန်းမတစ်သိုက် ထိုင်လေ့ရှိသည့်နေရာသို့ သွားရှာပြန်လေ၏။ ထိုနေရာတွင်လည်း မိန်းမကြီးနှစ်ယောက်သာလျှင် စားသောက်ဖွယ်များကို ထိုင်စားရင်း စကားပြောနေသည်ကိုသာ တွေ့ရလေသည်။

"ဒီမှာ စာရင်းကိုင်ရဲ့မိန်းမတွေ မရှိကြဘူးလား။ အရှေ့စံအိမ်ကြီးက မမယုက အခေါ်ခိုင်းလိုက်လို့" ဟု မေးလေ၏။

အစားကိုကုန်း၍စားနေကြသော အစေတော်ကြပ် နှစ်ယောက်သည် အခြားအိမ်မှ သခင်မတစ်ယောက်က ခေါ်ခိုင်းလိုက်သည်ဟု ကြားလိုက်သည်နှင့် ခပ်ပေါ့ပေါ့သဘောထားကာ

"မရှိတော့ဘူးအေ့။ ပြန်ကုန်ကြပြီ" ဟု ပြောလိုက်လေ၏။

"ဒါဖြင့်လဲ အိမ်ကိုလိုက်ခေါ်ပေးစမ်းပါ" ဟု မမယု၏ အစေတော်က ပြောလေ၏။

"ဒီမှာအေ့။ ငါတို့က ဝင်းစောင့်တွေ၊ ဝင်းမှူးတွေ။ တွေ့ရာကို ခိုင်းလို့ရတဲ့ အခိုင်းအစေ မဟုတ်ဘူး။ အခေါ်ခိုင်းချင်ယင် တခြားအခိုင်း အစေ တစ်ယောက်ကိုရှာပြီး အခေါ်ခိုင်းချည်"

"ဘာ၊ ရှင်တို့ဘာစကားပြောတာလဲ။ အာဏာဖီဆန်တယ်ပေါ့။ အမိန့်ကို လွန်ဆန်တယ်ပေါ့။ ရှင်တို့ကိုယ်တိုင် ဘာဖြစ်လို့ မသွားနိုင်ရတာလဲ။ ဒီမှာ နောက်ရောက်လာတဲ့ အစေတော်ကလေးတွေကို ရှင်တို့ လိမ့်လို့ ရချင်ရမယ်။ ကျုပ်မကို မရဘူးမှတ်ပါ။ ရှင်တို့ကိုမခိုင်းယင် ဒီလို ကိစ္စမျိုးမှာ ဘယ်သူ့ကိုသွားခိုင်းရမှာလဲ။ ဆုကြေးတို့ဘာတို့ ရတယ်ဆို ယင် ရှင်တို့ရှေ့ဆုံးက ပြေးလာမှာပဲ။ အမြီးတယမ်းယမ်းနဲ့။ ရှင်တို့မှာ တစ်ယောက်အမိန့်ကို နာခံတဲ့အလေ့ မရှိတော့ဘူးလား။ ရှင်တို့မှာ လေးစားရိုသေတဲ့စိတ်ရယ်လို့ မရှိတော့ဘူးလား။ မလေးငှက်မယ်ရဲ့ညွှန် ကြားချက်ဆိုယင်ကော ဒီလိုပဲ ဖီဆန်မှာလား"

ထိုအချိန် ဝင်းစောင့်နှစ်ယောက်မှာ အရက်ချိုအနည်းငယ် ဝင် လျက် ရှိသည့်အတွက် သူ့စကားများကိုကြားသည့်အခါတွင် စိတ်တိုမခံ နိုင်ကြတော့ဘဲ

"ဟဲ့ကောင်မ၊ ဘာသောက်စကားများတာလဲ။ ညည်းသောက် ပါးစပ်ကို ပိတ်ထားစမ်း။ တို့ဘာသာ သွားချင်သွားမယ်၊ မသွားချင် မသွားဘူး။ ညည်းနဲ့ ဘာမှမဆိုင်ဘူး။ ညည်းအပူလဲ တစ်ပြားသားမရှိ ဘူး။ ညည်းငါတို့အပေါ် ဘာလာပြီး ဘာမှ အာဏာပါဝါတွေ ပြစရာ မလိုဘူး။ အမြီးတနန့်နန့်နဲ့ သခင်ကို ကပ်ရပ်ပြီး မျက်နှာလို အားရလုပ်တာ တို့မဟုတ်ဘူးဟဲ့၊ အရှေ့စံအိမ်က နင့်အဖေနဲ့အမေရယ်။ ဟင်း၊ မသိယင် ခက်မယ်အေ။ ငပြူးက မြဲရသေးတယ်။ ကိုယ်က လုံအောင်မထိုင်ဘဲနဲ့ သူ များကို လုံအောင် မထိုင်ဘူးလို့ ပြောရသေးတယ်။ အံ့ပါရဲ့။ ငါတို့က တစ်အိမ်၊ ညည်းတို့က တစ်အိမ်ဟဲ့။ ဘာမှမဆိုင်ဘူး။ အာဏာပါဝါတွေ ပြယင် ညည်းတို့စံအိမ်မှာ သွားပြချည်။ တို့ဆီမှာ လာပြမနေနဲ့"

"ကောင်းပါပြီတော်၊ ရှင်တို့ပြောတဲ့စကားကိုသာ မှတ်ထားပါ"

အစေတော် သူငယ်မကလေးသည် စိတ်ဆိုးဆိုးဖြင့် ပြန်သွားကာ ထိုအကြောင်းကို သူ့သခင်မ မမယုကို ပြောပြလေ၏။

ဥယျာဉ်ထဲသို့ရောက်လာသည့်အခါ၌ မမယုသည် မာလာ၊ ပေါက် ချင်း၊ စမ်းယဉ် စသူတို့နှင့် တွေ့လေ၏။ စိတ္တဂါဝကျောင်း သီလရှင် ကျောင်းတိုက်မှ သီလရှင်နှစ်ပါးနှင့် စကားစမြည်ပြောဆိုလျက် ရှိသော

မာလာ၊ ပေါက်ချင်းနှင့် စမ်းယဉ်တို့ကို တွေ့ရလေ၏။ မမယုသည် ဆာလောင်နေသည်ဟု ပြောဆိုကာ နီမောင်းပျော့်ဖွယ်ရိပ်သာဘက်သို့ လာခဲ့ရာ မာလာက ချိုချဉ်စားသောက်ဖွယ်များကို ချ၍ကျွေးလေ၏။ သီလရှင်နှစ်ပါး၊ ပေါက်ချင်းနှင့် စမ်းယဉ်တို့မှာ လက်ဖက်ရည်သောက်လျက်ရှိစဉ် ဝင်းပေါက်သို့ခိုင်းလိုက်သည့် အစေတော်သူငယ်မကလေးသည် ဒေါကြီးမောကြီးဖြင့်ပြန်လာကာ အကျိုးအကြောင်းကို ပြန်၍ပြောလေ၏။

"သူတို့နာမယ်တွေက ဘယ်သူတွေလဲ" ဟု ၊ မမယုကမေးလေ၏။

သီလရှင်နှစ်ပါး၊ ပေါက်ချင်းနှင့် စမ်းယဉ်တို့က မမယုစိတ်ပြေလက်ပျောက် ဖြစ်စေရန်အတွက် ယခုကဲ့သို့ ပြောခြင်းမှာ မမယုကလွှတ်လိုက်မှန်းမသိသည့်အတွက် ပြောခြင်းဖြစ်လိမ့်မည် ထင်ကြောင်း၊သို့မဟုတ်လျှင်လည်း အစေတော်သူငယ်မကလေး နားကြားလွဲ၍ ဖြစ်နိုင်ကြောင်း ဖျောင်းဖျ ပြောဆိုကြ၏။

မယ်သီလရှင်တစ်ပါးက အစေတော်သူငယ်မကလေးကို တံတောင်ဖြင့် တွက်သိုက်လျက်

"ညည်းကလဲ ဒီလောက်တောင်ပဲ စိတ်ဘိုရသလားအေ။ ဒီမိန်းမတွေပြောသမျှကို တစ်လုံးမကျန် ပြန်ပြောရသလား။ မိုက်ပါဘိတော့၊ မမယုမှာ ခုဘစ်လေ့မှာ နေ့စဉ်ရက်ဆက် မောပန်းနေပြီး ဒီနေ့လဲ ဘာမှစားခဲ့ သောက်ခဲ့ရဘာ မဟုတ်ဘဲ မောမောပန်းပန်းနဲ့ ပြန်လာရတဲ့အထဲ ညည်းက ဒီလိုပဲပြောရသလား။ ငါတို့မှာဖြင့် သူအပန်းပြေမှ ပြောပါစေတော့ဆိုပြီး ဖျောင်းဖျ နှစ်သိမ့်နေရတယ်။ ညည်းကလာပြီး ဒါမျိုးတွေလာပြောရသလား"

မာလာကလည်း အစေတော်ကို သူ့အနားသို့ခေါ်လိုက်ကာ

'ကဲ ကဲ၊ ညည်းပင်ပန်းယင် နားချည်တော့။ ငါ တစ်ယောက်ယောက်ကို လွှတ်ပြီး သူတို့ကို အခေါ်ခိုင်းလိုက်မယ်"

"မလိုပါဘူးအေ။ အဲဒီဝင်းစောင့် ကောင်မနှစ်ယောက်ကိုသာ အခေါ်လွှတ်လိုက်စမ်းပါ။ ပြီးတော့ ငှက်မယ်ကိုလဲခေါ်ခဲ့"

"ဒီလိုဆိုယင်လဲ ကျန်မပဲ သွားခေါ်လိုက်မယ်လေ မမယု"

"နေပေစေ၊ ညည်းမခေါ်နဲ့။ သူသွားခေါ်လိမ့်မယ်"

သီလရှင်နှစ်ပါးသည် ထိုင်ရာမှ ထလိုက်ကြကာ

"မမယုလဲ သဘောထားကြီးတဲ့ အမျိုးသမီးတစ်ယောက်ပဲလေ။ ခုအချိန်က မယ်မယ်ရဲ့မွေးနေ့ကျင်းပနေတဲ့ အချိန်မဟုတ်လား။ခုလိုအချိန်မျိုးမှာ မမယုက စိတ်ဆိုးပြီး တစ်ခုခု ဖြစ်တယ်ဆိုယင် ဘယ်ကောင်းပါ့မလဲ။ တော်တော်ကြာ ပြောစရာ ဖြစ်နေပါ့မယ်"

ပေါက်ချင်းနှင့် စမ်းယဉ်တို့ကလည်း မမယုကို ဖျောင်းဖျ ပြောဆိုကြလေ၏။

"ဟုတ်ပါပြီလေ ထားပါတော့။ မယ်မယ်ရဲ့ မွေးနေ့သာမဟုတ်ယင် ဒီကောင်မနှစ်ကောင်ကို မှုန့်မှုန့်ညက်ညက်ကြေအောင်ကို ခြေပစ်ရမယ်။ ခုလောလောဆယ်တော့ မွေးနေ့ကျင်းပနေချိန်မို့ အသာပဲ နေလိုက်ဦးမယ်"

ထိုအတောအတွင်း၌ ဝင်းမှူးကို အရှာခိုင်းလိုက်သည့် မာလာကလွှတ်လိုက်သည့် အစေတော် သူငယ်မကလေးသည် ဝင်းပြင်တွင် ချူယွဲ၏ မိန်းမနှင့် တွေ့၍ အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုနေ့ညအတွက် ဝင်းမှူးကြပ်အဖြစ် တာဝန်ကျသူမှာ ချူယွဲ မဟုတ်သည့်တိုင် ချူယွဲ၏ မိန်းမမှာ အတော်အတန် ဩဇာရှိသူ တစ်ဦးဖြစ်သည့် အပြင် ဉာဏ်ကောင်းခြင်း၊ သခင်မများကို အကြိုက်နေတတ်ခြင်း လုပ်တတ်ခြင်းတို့ကြောင့် သူ့ကို သခင်မများက ချစ်ကြလေ၏။ ထို့ကြောင့် ချူယွဲ မိန်းမသည် နီမောင်းပျော့်ဖွယ်ရိပ်သာဘက်သို့ ပြေးလာခဲ့ကာ

"လုပ်ကြပါဦး၊ မမယုစိတ်ဆိုးနေတယ်။ ဒီလိုစိတ်ဆိုးလို့ ဘယ်ကောင်းမလဲ။ မယ်မယ်ရဲ့မွေးနေ့ကြီး။ ဒီဝင်းစောင့်ကောင်မတွေက ဒီလိုပဲ ပြောသတဲ့လား။ ကျွန်မသာရှိယင် ဒီကောင်မတွေကို ပါးဆွဲရိုက်ပစ်တယ်။ ဒီကောင်မတွေတော့လား။ မွေးနေ့မို့ နေနှင့်ဦး၊ မွေးနေ့ပြီးယင် သိကြသေးတာပေါ့"

ဒေါသတကြီးဖြင့် ပြေးဝင်လာသော ချူယွဲ၏မိန်းမကိုမြင်လျှင် မမယုက

"ကဲ လာပါဦးချူရယ်၊ အေးအေးဆေးဆေးပြောပါဦး၊ ဘယ်လိုဖြစ်တယ်လို့ထင်သလဲ။ ဥယျာဉ်ဝင်းတံခါးကြီးကလဲ ညဉ့်နက်သည်အထိ

ဟင်းလင်းကြီး ပွင့်လို့။ အထဲမှာလဲ မီးတွေထိန်လို့။ လူတွေကလဲ ဝင်လိုက်ထွက်လိုက်ကြတာ ဥဒဟို၊။ ဘာလုပ်ကြတာတဲ့လဲ။ ဒါနဲ့ တစ်နေ့တော့ ငါက ဥယျာဉ်တံခါးကို ပိတ်ပြီး မီးတွေမှိတ်ဖို့သွားအပြောခိုင်းတာ။ ဟိုကျတော့ လူတစ်ယောက်မှမရှိဘူးတဲ့''

''ဟုတ်လား၊ ကြည့်စမ်းပါဦး မမယုရယ်၊ ဖြစ်နေလိုက်ကြတာ၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ တစ်နေ့ကတင် မလေးငှက်မယ်က ပြောခဲ့သေးတာ။ မှောင်တာနဲ့ တစ်ပြိုင်နက် ဝင်းတံခါးတွေပိတ်ရမယ်၊ မီးတွေကိုမှိတ်ရမယ်လို့ သေသေချာချာ မှာထားခဲ့သေးတယ်။ အပြင်လူလဲ တစ်ယောက်မှ မဝင်စေရဘူး ဆိုတာ အားလုံးအသိပဲ။ ခုတော့ ကြည့်စမ်းပါဦး၊ ဝင်းဝမှာ အစောင့်တစ်ယောက်မှမရှိဘူးတဲ့။ မွေးနေ့ပြီးယင်တော့ ကောင်မတွေမသက်သာဘူး အောက်မေ့ကြပေတော့''

မမယုက သူ့ အစေတော် ပြောပြသည့်အဖြစ်အပျက်ကိုပြန်၍ပြောပြလေ၏။ ချုယွ၏မိန်းမက

''စိတ်မဆိုးပါနဲ့ မမယုရယ်။ မွေးနေ့ပြီးယင် ဒီကောင်မတွေကို ဝင်းမှူးတွေကို အရိုက်ခိုင်းပါ့မယ်။ ဘယ်သူပြောလိုက်သလဲ ဆိုတာကို စုံစမ်းပါ့မယ်။ ခုတော့ မီးတွေကို အငြိမ်းခိုင်းလိုက်ပါပြီ။ ဝင်းတံခါးကြီးနဲ့ ဘေးတံခါးတွေကိုလဲ အပိတ်ခိုင်းလိုက်ပါ''

ထိုစဉ် နတ်ငှက်မယ်က မမယုအား ထမင်းစားဖိတ်လိုက်သည့် အစေတော် တစ်ယောက် ရောက်လာလေ၏။

''မမယုလဲ သိပ်တော့ မဆာပါဘူးကွယ်။ ခုလေးတင် မုန့်တွေကို စားလာတာ။ ညည်းတို့မလေးငှက်မယ်ကို ပြောလိုက်ပါ။ စားစရာရှိတာကို စားနှင့်လို့။ စောင့်မနေနဲ့နဲ့လို့''

ချုယွသည် ထိုအကြောင်းကို နတ်ငှက်မယ်အား ပြန်၍ပြောပြလေ၏။

''ဝင်းဝမှာ စောင့်တဲ့မိန်းမနှစ်ယောက်က ရိုင်းရိုင်းပျပျပြောလွှတ်လိုက်သတဲ့ မလေးငှက်မယ်ရယ်။ သူတို့ကလဲ သူတို့ပဲ။ ကျုန်မတို့သွားယင်တောင် အဖက်လုပ်ပြီး စကားမပြောချင်သလိုလို ဘာလိုလိုနဲ့။ သူတို့နှစ်

ယောက်ကို အပြစ်ပေးမှကောင်းမယ်ထင်တယ် မလေးငှက်မယ်။ နို့မို့ယင် မမယု တော်တော် စိတ်ဆိုးနေလိမ့်မယ်''

''ကောင်းပြီလေ။ ဒီလိုဆိုယင် မှတ်ထားလိုက်။ သူတို့နှစ်ယောက်ရဲ့ နာမည်ကို မှတ်ထားလိုက်။ ခုကိစ္စတွေပြီးယင် သူတို့နှစ်ယောက်ကိုကြိုးနဲ့ တုပ်ပြီး မမယုဆီကိုပို့လိုက်။ ကြိုက်သလို ဆုံးမပါလို့''

ချုယွ၏မိန်းမမှာ ထိုမိန်းမနှစ်ယောက်ကို မုန်းနေသည့်အတွက် အကွက်ရသွားလေပြီ။ ပြန်လာသည့်အခါတွင် ချုယွ၏မိန်းမသည် သူငယ်တစ်ယောက်ကို စေလွှတ်ကာ လင်ချိရှောက်၏မိန်းမထံသို့ လွှတ်လိုက်ပြီးနောက် မမယုကို သွားတွေ့ရန် အပြောခိုင်းလိုက်လေ၏။ ထို့ပြင် ထိုမိန်းမနှစ်ယောက်တို့ကိုလည်း ကြိုးနှင့်တုပ်၍ မြင်းဇောင်းထဲသို့ထည့်ထားရန် လွှတ်လိုက်လေ၏။

အချိန်မှာ မှောင်ရီဖျိုးဖျဖြစ်လေ၏။ လင်ချိရှောက်၏မိန်းမသည် အကျိုးအကြောင်းကို ဘာမျှမသိဘဲ ရထားတစ်စင်းဖြင့် မမယုတို့အိမ်ဘက်သို့ ထွက်လာခဲ့လေ၏။ လင်ချိရှောက်၏မိန်းမသည် နတ်ငှက်မယ်ထံသို့ အလျင်ဝင်လေ၏။ အတွင်းဆောင်တံခါးသို့ ရောက်သည့်အခါတွင် အစေတော်အချို့ ထွက်လာကာ သခင်မနတ်ငှက်မယ်မှာ အိပ်ရာသို့ ဝင်သွားပြီဖြစ်ကြောင်းဖြင့်ပြောလေ၏။

''မလေးငှက်မယ်ကတော့ အိပ်သွားပြီရှင့်။ မမယုကိုတွေ့ချင်ယင်တော့ ဥယျာဉ်ထဲမှာရှိတယ်။ ဥယျာဉ်ထဲကို လိုက်သွားပါ''

ထို့ကြောင့် လင်ချိရှောက်၏မိန်းမသည် ဥယျာဉ်ထဲသို့လိုက်သွားလေ၏။ စပါးချီတဲတွင်ရှိသည့် အစေတော်များက လင်ချိရှောက်၏မိန်းမလာကြောင်းကို သွားပြောသည့်အခါတွင် မမယုက ယခုကဲ့သို့ သူ့ကို အလုပ်များအောင်လုပ်မိသည့်အတွက် စိတ်မကောင်းကြောင်းပြောပြကာ

''ညည်းကိုခေါ်ရတာက တခြားကြောင့်မဟုတ်ပါဘူးအေ။ ဝင်းပေါက်မှာ တာဝန်ကျတဲ့မိန်းမကို မတွေ့လို့ခေါ်ရတာပါ။ ကိစ္စက ဒီလောက်လဲအရေးမကြီးပါဘူး။ ညည်းပြန်သွားပြီဆိုမှတော့ ဘာဖြစ်လို့ ညည်းကိုလိုက်ခေါ်ပြီး ပြောနေရသလဲမသိပါဘူး။ ကိစ္စက ဒီလောက်

အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး။ အသေးအဖွဲကလေးပါ။ ငါလဲဘယ်လိုမှ မအောက်မေ့ပါဘူး။ ခေါင်းထဲက ဖျောက်ပစ်လိုက်ပါပြီ"

လင်ချီရှောက်၏ မိန်းမက ပြုံးလိုက်လျက်

"မမယုက ကျွန်မကို အမိန့်ပေးစရာရှိတယ်လို့ မလေးငှက်မငယ်က ပြောလိုက်လို့ပါ"

"ဖြစ်မှဖြစ်ရဘယ်အေ။ ညည်း မပြန်သေးဘူးထင်လို့ ပြောလိုက်တာပါ။ ညည်းမရှိတော့ဘူးဆိုတာသိယင် ဘာဖြစ်လို့ဒီကိစ္စကိုအခေါ်ခိုင်းတော့မှာလဲ။ ပြီးတော့လဲ ချူယူ့မိန်းမတာဝန်လို့ထင်တာကိုး။ ကဲကဲ ရှုပ်ပါစေတော့။ ပြန်ပြီး အနားယူပါ"

လိဝမ်းက တစ်စုံတစ်ရာကို ရှင်းပြမည်အပြုတွင် မိမိယုက တားလိုက်၏။

ဤတွင် လင်ချီရှောက်၏ မိန်းမကလည်း ဘာမျှ မပြောတော့ဘဲ ပြန်လာခဲ့လေ၏။ ဥယျာဉ်ထဲအတိုင်းပြန်လာခဲ့သည်တွင် လမ်း၌ သခင်ကြီးကျီချိန်၏ အမြှောင်မယားချောနှင့်တွေ့လေ၏။

သူ့ကိုမြင်သည့်အခါတွင် အမြှောင်မယားချောသည်ပြုံး၍

"အလိုလေး အစ်မတို့၊ ဒီအချိန်ကြီးမှာ ဘာတွေများ ဒီလောက်ရေးကြီးသုတ်ပျာဖြစ်နေရတာလဲရှင်ရဲ့။ ဒီအချိန်တိုင်အောင်တောင် မနားနိုင်သေးဘူးလား"

လင်ချီရှောက်၏မိန်းမက အိမ်သို့ပြန်ရောက်စဉ် အခေါ်လွှတ်သည့်အတွက် လိုက်သွားရခြင်း ဖြစ်ကြောင်း၊ ကိစ္စမှာ မမယုက အခေါ်ခိုင်းလိုက်သည်ကို ဝင်းစောင့်နှစ်ယောက် မချေမငံပြန်ပြောလိုက်သည့် ကိစ္စဖြစ်ကြောင်းဖြင့် ပြောပြလေ၏။

အမြှောင်မယားချောမှာ နေရာတကာစပ်စုသူဖြစ်ပြီး စာရင်းဒိုင်များ၊ ဝင်းမှူးများ၏ ဇနီးများနှင့်လည်း ရင်းနှီးသည့် အလျောက် ဖြစ်သမျှကို ရိပ်မိလိုက်လေပြီ။ ဤတွင် အမြှောင်ချောသည် သူသိသည့်အတိုင်း အဖြစ်အပျက်တစ်ခုလုံးကို ပြန်၍ပြောပြလေ၏။

လင်ချီရှောက်၏မိန်းမက ရယ်လိုက်လျက်

"ဩော် လက်စသတ်တော့ ဒီလိုကိုး။ အရေးထဲမှာတော်၊ ဘာမဟုတ်တာကလေးနဲ့များ ဒီလောက်ဇာချဲ့နေရသေးတယ်။ ကျုပ်မှာ ဘာများလဲလို့။ မမယုက သနားတတ်ဘယ်ဆိုယင်လဲ ဒီလောက်ကလေးတော့ မေ့မေ့ပျောက်ပျောက်ထားလိုက်ပေါ့။ ဒီလိုမှမဟုတ်ယင်လဲ ရိုက်ချင်လဲရိုက်ပေါ့။ ဒါပဲရှိတာပဲ။ ဒါကိုများ ရေးကြီးခွင့်ကျယ်လုပ်လို့"

"ဒီမယ်ယောက်မရဲ့။ သူတို့အဖို့ ဒါကဒီလောက်အရေးမကြီးဘူး။ အစ်မကို အချိန်မရွေးခေါ်နိုင်တယ်။ သူတို့တစ်တွေ ဘယ်လောက်အာဏာရှိတယ်ဆိုတာကို ပြချင်တာ။ ကဲပါ၊ အေးအေးဆေးဆေး အိမ်ပြန်ပြီး လက်ဖက်ရည်လေး ဘာလေး သောက်နေပေတော့"

လင်ချီရှောက်၏မိန်းမသည် သူနှင့်ခွဲ၍ ဘေး မလှယ်တံခါးဆီသို့ လျှောက်လာခဲ့စဉ် ငိုယိုလျက်လာနေသော မိန်းမနှစ်ယောက်နှင့် သမီးနှစ်ယောက်ကို တွေ့ရလေ၏။ မိမိတို့မိခင်များမှာ အပြစ်ပေးခံရတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုကယ်ပါမည့်အကြောင်းဖြင့် လာရောက်ပြောလေ၏။

"ညည်းတို့ကလေးတွေကလဲ တော်တော်မိုက်တယ်အေ။ ညည်းတို့ အမေတွေ အရက်မူးပြီး တောင်ပြော မြောက်ပြော ပြောတာတွေကို ညည်းတို့က ဘယ့်နှယ်လုပ်သိလာကြပြန်တာလဲ။ ငါလဲ ဘာမှမတတ်နိုင်ဘူး။ ခု ကြိုးနဲ့အတုပ်ခိုင်းတာ ငါအတုပ်ခိုင်းတာ မဟုတ်ဘူး။ မလေးငှက်မယ်က အတုပ်ခိုင်းတာ။ ခုတော့ ငါ့ခေါင်ပေါ်ချည်းပဲ ရောက်လာကြတော့တာပေါ့။ ငါ့ဆီကိုလာပြီး အကူအညီတောင်းလို့ ငါလဲဘာမှ မတတ်နိုင်ဘူးဟဲ့"

ကလေးငယ်နှစ်ယောက်မှာ ခုနစ်နှစ်၊ ရှစ်နှစ်သာ ရှိသေးသည့် ကလေးငယ်များသာဖြစ်သည့်အတွက် မည်သို့ဘာမျှမသိဘဲ ငိုယို၍ ထွက်သွားကြလေ၏။

ကလေးငယ်များမှာ ခုနစ်နှစ်၊ ရှစ်နှစ်မျှသာ ရှိကြသေးသည့်အတွက် သူပြောသည်ကို နားမလည်ဘဲ သူတို့အမေများကိုကယ်ဖို့ တပူစာစာလုပ်လျက် ရှိကြလေ၏။

"တော်တော်ခက်တဲ့ ကလေးတွေပါလား ဟရို့။ ငါ့ကိုလာမပြောနဲ့ဟဲ့။ သက်ဆိုင်တဲ့လူကို သွားပြောချည်။ နေစမ်းပါဦး၊ နင်တို့အစ်မရဲ့ ယောက်မ မိဖေ့ဟာ သခင်မဆင့် လက်ထပ်တုန်းကပါလာတာ မဟုတ်လား။ ဒီတော့ နင်တို့အစ်မကို သူ့ယောက္ခမကို အပြောခိုင်းချည်။ သူကမှ သခင်မဆင့်ကို ပြော။ ဒီလိုဆိုယင် နင်တို့ကိစ္စ ဘာမှဖြစ်မှာ မဟုတ်တော့ဘူး"

တစ်ယောက်မှာ လက်ခံသွားသော်လည်း နောက်တစ်ယောက်မှာ မသွားသေးချေ။ ဤတွင် လင်ချိရှောက်၏မိန်းမက

"ဒီတစ်ယောက်ကကော မသွားသေးဘူးလား။ တစ်ယောက် သွားတောင်းပန်ယင်ကိစ္စပြီးမှာပေါ့ဟဲ့။ကျွန်မကိုလွှတ်ပြီးသူ့တစ်ယောက်တည်းကို ရိုက်ပါရှင့်လို့ ပြောလို့ဖြစ်တာမှ မဟုတ်တာ။ ကဲ သွား တော့" ဟု ပြောပြီးနောက် လင်ချိရှောက်၏မိန်းမသည် ရထားဖြင့်ထွက်လာခဲ့လေသည်။

သို့ဖြင့် ကလေးမကလေးသည် သူ့အစ်မထံသွားကာ ယောက္ခမ မိဖေ့အားပြောရန်သွားပြောလေ၏။မဖေ့မှာ သခင်မဆင့်လက်ထပ်စဉ်က သခင်မဆင့်နှင့် အတူ ပါလာခဲ့သူဖြစ်ပြီး အတော်အတန် အရေးပါသူ တစ်ယောက် ဖြစ်လေ၏။ သို့ရာတွင် သခင်မဆင့်ကိုယ်တိုင် မယ်မယ်၏ မျက်နှာသာပေးခြင်းကို များစွာမခံရတော့သည့်အတွက် သူ့အစေတော်များမှာလည်း အဘန်ငယ်သြဇာကျ၍ နေကြလေပြီ။ ထို့ကြောင့် သူတို့သည် သခင်ကြီးကျိချန်၏အိမ်မှ အထက်တန်း အစေတော်များကို အပြစ်ရှာလျက် ရှိကြလေ၏။

"မဖေ့သည် ၎င်းအသက်အရွယ်ကြီးသည့် အတွက် ကြောင့် တစ်ကြောင်း၊ သခင်မဆင့်၏ထောက်ခံမှုကို ရသားသည့်အတွက်ကြောင့်တစ်ကြောင်း မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ အရက်သေစာကို သောက်စာ ကာ အားအားရှိလျှင် လူမြင်သမျှကို ဆဲရေးတိုင်းထွာလျက်ရှိလေ၏။ ယခု မယ်မယ်၏မွေးနေ့သို့ ရောက်လာသည့်အခါတွင် အခြား အစေတော်များက လူတွင်ကျယ်လုပ်နေကြသည်ကို မြင်သည့်အခါ၌ မဖေ့သည် အကြီး

အကျယ်မနာလိုဖြစ်လျက် ရှိလေ၏။ သို့ရာတွင် ကျိချန်၏ အိမ်သူအိမ်သားများမှာ မဖေ့ ဆဲရေးတိုင်းထွာသည်ကို အရေးပင်မလုပ်ကြချေ။ ယခု မိမိ၏ဆွေမျိုးတစ်ဦးအား ချူယွ၏မိန်းမ အမိန့်ဖြင့်ကြိုးဖြင့်တုပ်၍ ရိုက်နှက်ခံရသည်ကို ကြားရသည့်အခါတွင်မူကား မဖေ့သည် ဒေါသကို မချုပ်တီးနိုင်တော့ချေ။ ထိုအထဲတွင် အရက်ကလည်း မူးနေပြန်သဖြင့် မဖေ့သည် စံအိမ်ကြီးနှစ်အိမ်ကို ခြားထားသည့်တံတိုင်းကို လက်ညှိုးထိုးကာ ပျစ်ပျစ်နှစ်နှစ်ဆဲရေးတိုင်းထွာပြီးလျှင် သခင်မဆင့်ကို တိုင်တန်းရန် ထွက်လာခဲ့လေ၏။

"ကြည့်ပါဦး သခင်မဆင့်ရဲ့။ ကျွန်မရဲ့သားရဲ့ယောက္ခမက သူတို့အပေါ်မှာ ဘာလုပ်မိလို့လဲရှင့်။ မမယုရဲ့ အစေတော်မ တစ်ယောက်ကို စိတ်ဆိုးမာန်ဆိုးပြောမိတာနဲ့ ချူယွရဲ့မိန်းမက မြှောက်ထိုးပင့်ကော် လုပ်ပေးလို့ ကြိုးနဲ့တုပ်ပြီး မြင်းဇောင်းထဲမှာ ထားသတဲ့ရှင့်။ မွေးနေ့ပွဲ ပြီးယင်လဲ ရိုက်နှက်ကြဦးမလို့တဲ့ရှင့်။ ကြည့်ပါဦးရှင့်။ မိန်းမကြီးက အသက် ခုနစ်ဆယ်တောင်ကျော်ပါပြီ၊ ဒါတောင် ရိုက်ကြ နှက်ကြဦး မလို့တဲ့။ သခင်မကြီးက လွှတ်ပေးဖို့ မလေးငှက်မယ်ကို ပြောပေးပါ သခင်မကြီးရဲ့"

သခင်မဆင့်မှာ အစေတော်ယုန်ယွမ်းကို သူ့အား ပေးရန် တစ်ခါက နတ်ငှက်မယ်ထံ တောင်းခဲ့ဖူးရာ နတ်ငှက်မယ်က မပေးဘဲငြင်းဆန်ခဲ့ဖူးသဖြင့် နတ်ငှက်မယ်ကို မကျေမနပ်ဖြစ်လျက်ရှိသည်မှာ ကြာခဲ့လေပြီ။ ထို့နောက်တွင် မယ်မယ်ကလည်း သူ့ကို ခပ်တန်းတန်း ဆက်ဆံကာ နတ်ငှက်မယ်ကို သိသိသာသာကြီး မျက်နှာသာပေးသည်ကို သတိပြုခဲ့မိ၏။ ထို့ပြင် မကြာမီအတွင်း နာနန်းမင်းသမီးကြီး အလည်လာစဉ်ကလည်း မိန်းကလေးများကို တွေ့ချင်သည်ဆိုသည့်အခါတွင် မယ်မယ်သည် တန်ချုန်းကိုသာ အခေါ်ခိုင်းလိုက်ပြီး သူ့သမီးဖြစ်သူယင်ချုန်းကိုမူ အခေါ် မခိုင်းသဖြင့် စိတ်ခုလျက်ရှိလေ၏။ ထို့ကြောင့် သခင်မဆင့်မှာ သူတို့ အပေါ်တွင် အကြီးအကျယ်စိတ်ဆိုးလျက်ရှိလေ၏။ သို့ရာတွင် ပေါက်ကွဲစရာအကြောင်းပြချက် မရှိသေးသည့်အတွက် မျိုသိပ်ထားခဲ့ရခြင်း ဖြစ်လေ၏။ ယခုမူ မနာလိုဝန်တိုအားကြီးသည့် အစေခံများသည် သူတို့

PDF CREATOR - NYEYADHAMMA@GMAIL.COM

ကိုယ်တိုင် မပြောရဲသည့်အခါတွင် သခင်မဆင့်အား လာရောက်၍ ဟုတ်သည်ရော မဟုတ်သည်ရော အမျိုးစုံပြောကာ ကုန်းချောကြလေ၏။

အစတွင် ကျီချိန်၏စံအိမ်မှ အစေခံများအကြောင်းကိုမကောင်းပြောရင်း နောက်ဆုံးတွင် တဖြည်းဖြည်းဖြင့် နတ်ငှက်မယ်ကိုပါမကောင်းပြောလာကြလေ၏။ နတ်ငှက်မယ်သည် မယ်မယ် မျက်နှာသာရအောင် အမြဲလုပ်ဘတ်ကြောင်း။ ထို့ကြောင့် တဖြည်းဖြည်း နေရာဝင်ယူတတ်ကြောင်း လင်ယောကျ်ားဖြစ်သည့် ကျိုလျုကိုမူ အလွန်နိုင်ကြောင်း၊ အိမ်ကြီးရှင်၏ သခင်မဖြစ်သူ သခင်မဝမ်ကိုလည်း ချောင်ထိုးထားကာ သူကပင် နေရာတကာ အုပ်စီးလျက်ရှိကြောင်းဖြင့် ပြောကြလေ၏။ ထို့နောက်တွင်မူ သူတို့သည် သခင်မဝမ်အကြောင်းကိုပင် မကောင်းပြောလာကြလေ၏။သခင်မဝမ်နှင့်နတ်ငှက်မယ်တို့သည် သခင်မဆင့်အကြောင်းများကို မယ်မယ်အနားတွင်ကပ်၍ မဟုတ်တမ်းတရား ပြောကြကြောင်းဖြင့် ပြောကြလေ၏။ သခင်မဆင့်သည် ပင်ကိုယ်အားဖြင့်စိတ်ခိုင်သူတစ်ဦးဖြစ်သည့်တိုင် ဤသို့ကြားရဖန်များလတ်သောအခါတွင် မိန်းမပီပီ တစ်ဘက်ကို အထင်မလွဲဘဲမနေနိုင်တော့ချေ။ သို့ဖြင့် နတ်ငှက်မယ်ကိုလည်း မုန်းတီးစ ပြုလာခဲ့လေပြီ။ သို့တိုင်အောင် မဖေ့က နတ်ငှက်မယ်၏အကြောင်းကို လာရောက် တိုင်ကြားသည့် အခါတွင် သခင်မဆင့်သည် တစ်ခွန်းတစ်ပါဒမျှပြန်၍ပြောခြင်း မပြုဘဲ အသာပင်နားထောင်နေလေ၏။

နောက်တစ်နေ့မနက်တွင် သခင်မဆင့်သည် မယ်မယ်ကို နှုတ်ဆက်ကန်တော့ရန် ထွက်လာခဲ့လေ၏။ မိသားစုအားလုံးကျွေးမွေးပွဲသို့ ရောက်လာကြပြီး ပြဇာတ်များကိုကြည့်လေ၏။ မယ်မယ်မှာလည်း စိတ်ကြည်လျက်ရှိလေ၏။ ပွဲတွင် အဖျားအနားဆွေမျိုးများကို မဖိတ်ဘဲ အရင်းအချာလောက်သာ ဖိတ်သည့်အတွက် မယ်မယ်သည် သာမာန် အဝက်အစားကိုဝတ်ကာ ခန်းဆောင်ထဲတွင် သူတို့ကန်တော့ နှုတ်ဆက်သည်ကိုလက်ခံလေ၏။ မယ်မယ်သည် ခန်းဆောင်အလယ်ရှိ ထိုင်ဖုံကြီး တစ်လုံးပေါ်တွင် နောက်မှီအုံးတင်ကာ ခြေတင်ခုံပေါ်တွင် ခြေတင်ပြီး သူတို့ကန်တော့သည်ကို ခံယူလေ၏။ အနီးရှိ ခွေးခြေ အနိမ့်ကလေးများပေါ်တွင်မူ ပေါက်ယု၊ပေါက်ကြည်၊ပေါက်ချင်း၊ထုံက်ယု၊ငမ်းယဉ်၊ယင်ချွန်း၊

တန်ချွန်း၊ ဆီချွန်း စသူတို့ ဝိုင်းထိုင်လျက် ရှိကြလေ၏။ ကျိပြန့်၏ အမေသည် သမီးဖြစ်သူ ဆီလုံကိုလည်း ခေါ်လာခဲ့လေ၏။ ကျိချွန်၏အမေဖြစ်သူကလည်း သမီးဖြစ်သူ စုချိကိုခေါ်လာခဲ့လေ၏။ ထို့အပြင် အခြားသော မြေး တူမ နှစ်ဆယ်ကျော်တို့လည်း လာရောက် ကန်တော့လျက်ရှိကြလေ၏။

ဆီလွမ်နှင့်စုချိတို့မှာရုပ်ချောသူများ ဖြစ်ကြသည့်အပြင် အပြောအဆို၊အနေအထိုင်တွင်လည်း အခြားမိန်းကလေးများနှင့်တူ ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြလေ၏။ထို့အတွက် မယ်မယ်သည် သူတို့နှင့်တွေ့ရသည်ကို ဝမ်းသာလှသဖြင့် မိမိထိုင်ခုံရှေ့တွင် အထိုင်ခိုင်းလေ၏။ ပေါက်ယုမှာ မယ်မယ်၏ခြေထောက်များကို နှိပ်နယ်ပေးလျက်ရှိလေ၏။ ဒေါ်လေးဆွေ့မှာ အထူးနေရာတွင် ထိုင်လျက်ရှိပြီး အခြားသူများမှာ ကြီးစဉ်ငယ်လိုက် ဘေးတွင်တန်းစီ၍ ထိုင်နေကြလေ၏။ နန်းဆီး အပြင်လိုက်ကာအပြင်ဘက်စကြံတွင်မူ အမျိုးသားစု အိမ်ထောင်စု အချို့သား၊ ဆွေမျိုးစုထဲရှိ အမျိုးသားများသည် ကြီးစဉ်ငယ်လိုက် ထိုင်လျက်ရှိကြလေ၏။

ပထမတွင် အမျိုးသမီးများက မယ်မယ်ကို ကန်တော့ကြပြီး နောက်တွင် အမျိုးသားများက ကန်တော့ကြ၏။

သူတို့ ကန်တော့ပြီးသည့်အခါတွင် လိုင်တသည် တခြားသော ဝင်းမှုးများနှင့် အစေခံများကို ခေါ်ဆောင်၍ ဝင်ရောက်လာကာ ကန်တော့လေ၏။ သူတို့နောက်တွင် သူတို့ဇနီးများနှင့် အဆောင်အသီးသီးတွင်အလုပ်လုပ်ကြသည့်အစေတော်များလိုက်ပါလာကြလေ၏ ထို့ဖြင့် သူတို့ကန်တော့နေကြသည်မှာ ထမင်းနှစ်ခါစားလောက် ကြာသွားလေသည်။ ထိုနောက်တွင်ကား မွေးနေ့တွင် ငှက်လွှတ်လျှင် အသက်ရှည်သည်ဟု အယူရှိသည့်အလျောက် ငှက်များကိုလွှတ်ရန် ငှက်လှောင်အိမ်များ ယူလာကြလေ၏။ ကျိုင့်နှင့် အခြား သူများသည် အာယုဒ်ဆ နတ်မင်းနှင့်တကွ အခြားသောနတ်များကို ပူဇော်သည့်အနေဖြင့် အမွှေးတိုင်များနှင့် ငွေစက္ကူများကိုမီးရှို့ပူဇော်ကြပြီးနောက်မှ ပြဇာတ်ကိုကြည့်ကြလေ၏။အားလပ်ချိန်ပြီးသည့်နောက်တွင် မယ်မယ်လည်းဆက်၍မကြည့်

PDF CREATOR - NYEYADHAMMA@GMAIL.COM

တော့ဘဲ အနီးရှိအခန်းတစ်ခန်းတွင် အနားယူလေ၏။ ဆီလွမ်နှင့် စုချိတို့ကိုလည်း သူတို့ပျော်သလိုထားရန် နတ်ငှက်မယ်ကို ပြောခဲ့လေ၏။ နတ်ငှက်မယ်က သူတို့အမေများကို သွားပြောသည့်အခါတွင် သူတို့ကလည်း ကျေးဇူးခံ ကျေးဇူးစားရှိသည့်အလျောက် ဝမ်းမြောက်ဝမ်းသာသဘောတူကြလေ၏။ ဆီလွံနှင့်စုချိ တို့သည်လည်း ဥယျာဉ်ထဲသို့ လိုက်လာကာ တစ်ညမျှ ပျော်ရွှင်စွာတည်းခိုကြလေ၏။

ထိုနေ့ည လူစုခွဲကာနီးတွင် သခင်မဆင့်သည် နတ်ငှက်မယ်အနီးသို့ ခပ်ပြုံးပြုံးဖြင့်ရောက်လာကာ မျက်နှာချိုသွေးလေ၏။

"မနေ့ညတုန်းက ငှက်မယ်တော်တော်စိတ်ဆိုးသွားလို့ ဝင်းစောင့်မိန်းမနှစ်ယောက်ကို ကြိုးနဲ့တုပ်ပြီးအရိုက်ခိုင်းလိုက်တယ်လို့ ကြားရတယ်။ ဘာများဖြစ်လို့လဲ ငှက်မယ်ရယ်။ သူတို့နှစ်ယောက်ကို ချမ်းသာပေးဖို့ ဒေါ်လေးဆင့်မှာ ပြောခွင့်တော့ မရှိဘူးပေါ့။ ဒါပေမယ့် မယ်မယ့်ရဲ့ မွေးနေ့မှာ အလှူကြီးအတန်းကြီးပေးပြီး သက်ကြီးဝါကြီးတို့ကို ပူဇော်ကန်တော့နေတဲ့အချိန် မဟုတ်လား။ ဒီလိုအချိန်မှာ ကိုယ့်အိမ်ကအစေခံတွေကို အပြစ်ပေးရတာ သိပ် မကောင်းလှပေဘူးပေါ့။ ဒီတော့ ဒေါ်လေးဆင့် တောင်းပန်တာကို လက်မခံယင်တောင် မယ်မယ့်ရဲ့မျက်နှာကို ထောက်ပြီး သူတို့နှစ်ယောက်ကို ချမ်းသာပေးလိုက်ပါကွယ်" ဟု ပြောဆိုကာ ရထားပေါ်သို့ တက်သွားလေ၏။

နတ်ငှက်မယ်မှာ လူတွေရှေ့တွင် ဤသို့ဩဇာပေး ခံလိုက်ရသည့်အတွက် မျက်နှာတွေနီရဲကာ ရုတ်တရက်သော် မည်သို့မျှ မပြောနိုင်ဘဲ ငိုင်၍ ကျန်ရစ်ခဲ့လေ၏။ ထိုနောက်မှ မရယ်ချင့်ရယ်ချင် ရယ်လိုက်လျက် လိုင်တ၏မိန်းမနှင့် ဝင်းမှူးများ၏မိန်းမများဘက်သို့ လှည့်လိုက်ကာ

"ဘယ်လိုများဖြစ်ကုန်ကြသလဲမသိပါဘူးတော်။ မနေ့ကတော့လဲ ငှက်မယ်အိမ်က ဝင်းစောင့်နှစ်ယောက်က မမယုကခိုင်းလိုက်တဲ့ အစေခံကို မချေမငံပြောလို့ဆိုပြီး လာတိုင်တယ်။ ဒါကြောင့် ငှက်မယ်က မမယုကျေနပ်အောင် အပြစ်ရှိတဲ့လူကို အပြစ်ပေးလိုက်ရတယ်။ တကယ်ကတော့ ငှက်မယ်က အနေသာကြီးပါ။ ငှက်မယ်ကိုမချေမငံပြောတာမှ မဟုတ်တာ။ ခုဘော့လဲ ဘယ်သူတွေက ဘာတွေလျှောက်ပြောနေသလဲ မသိပြန်ပါဘူး။ ဒီလိုအပြစ်ပေးတာကိုပဲ ငှက်မယ်ရဲ့အပြစ် ဖြစ်နေပြန်ပါပြီ။ ငှက်မယ်ကို မချေမငံပြောလို့ အပြစ်ပေးတဲ့ပုံမျိုး ပြောနေတော့ ဘယ့်နှယ်လုပ်မလဲ"

သခင်မဝမ်က အကျိုးအကြောင်းမေးမြန်းသဖြင့် နတ်ငှက်မယ်ကလည်း မနေ့ကဖြစ်ခဲ့သည်တို့ကို ပြန်ပြောရလေ၏။ ဤတွင် မမယုက ခပ်ပြုံးပြုံးဖြင့်

"ညည်းတို့ ဘာတွေဖြစ်နေတယ်ဆိုတာတော့ တို့မသိပေါင်တော်။ အမှန်ကတော့ အပြစ်ပေးချင်မှပေးပါ။ တို့ကလဲ ဘာမှမပြောရပါဘူး။ ညည်းအနေနဲ့လဲ လေညာက နေသာပဆိုသလို အနေသာချည်းပါ။ ဘာမှ ဝင်စွက်စရာ မလိုပါဘူး"

နတ်ငှက်မယ်က

"ငှက်မယ်အနေနဲ့ကတော့ အနေသာကြီးပါ။ မမယုရဲ့မျက်နှာကို ထောက်ပြီး အပြစ်ပေးရတာပါ။ ဒါကြောင့်မို့ မမယုစိတ်ကြိုက် သူတို့ကို အပြစ်ပေးပါလို့ ငှက်မယ်ပြောခဲ့တာပေါ့။ တကယ်လို့ မမယုအိမ်က အစေခံက ငှက်မယ်ကိုမချေမငံပြောယင်လဲ မမယုက ငှက်မယ်စိတ်ကြိုက် အပြစ်ပေးဖို့ပေးရမှာပဲ မဟုတ်လား။ ဘယ်သူကများ အားအားယားယားရှိလို့ ဒီအကြောင်းကို ပြန်ပြောနေကြသလဲ မသိပါဘူး။ တစ်ယောက်ယောက်က မျက်နှာလုပ်ချင်လို့ ဖြစ်မှာပေါ့"

ဤတွင် သခင်မဝမ်က

"အမှန်ကတော့ ညည်းယောက္ခမ မမယုပြောတာမှန်တယ်အေ့။ အရေးကြီးတာက မယ်မယ့်ရဲ့ မွေးနေ့မှာ မင်္ဂလာရှိဖို့၊ ပျော်ဖို့ပါးဖို့၊ စိတ်လက်ကြည်လင်ဖို့ အရေးကြီးတယ်။ ဒီတော့ အပြစ်ပေးခံထားရတဲ့ ဝင်းစောင့် မိန်းမနှစ်ယောက်ကို ပြန်လွှတ်လိုက်ပါအေ"

နတ်ငှက်မယ်သည် အပြစ်ပေးခံထားရသည့် မိန်းမကြီးနှစ်ယောက်ကို ပြန်လွှတ်ရန် ချက်ချင်းအမိန့်ပေးလိုက်လေ၏။

နတ်ငှက်မယ်မှာ ပို၍ရှက်သွားကာ မျက်ရည်တွေစီးကျလာလေ၏။ သို့ရာတွင် မည်သူမျှ မမြင်စေလိုသည့်အတွက် မိမိအဆောင်သို့ ခပ်သုတ်

PDF CREATOR - NYEYADHAMMA@GMAIL.COM
PDF CREATOR - NYEYADHAMMA@GMAIL.COM

သုတ် ပြန်လာခဲ့လေ၏။ မယ်မယ်သည် နတ်ငှက်မယ်ကို မတွေ့သည့်အခါ တွင် ဆုပိုကိုလွှတ်၍အခေါ်ခိုင်းလိုက်လေ၏။ ဆုပိုသည်မျက်ရည်စက်လက် ဖြင့် ငိုနေသည့်နတ်ငှက်မယ်ကို မြင်သည့်အခါတွင် အံ့အားသင့်လျက်

"မလေးငှက်မယ် ဘာဖြစ်သွားတာလဲ။ မယ်မယ်က ခေါ်နေ တယ်"

နတ်ငှက်မယ်သည် မျက်ရည်ကိုသုတ်၊ မျက်နှာသစ်၍ နံ့သာလူး ပြီးလျှင် ဆုပိုနှင့်အတူလိုက်လာခဲ့လေ၏။ မယ်မယ်က

"မနေ့ကပေးတဲ့ မွေးနေ့လက်ဆောင်တွေထဲမှာ လိုက်ကာ ဘယ် နှစ်ခုလောက် ပါသလဲ"

"ဆယ့်ခြောက်ခုပါပါတယ်မယ်မယ်။ ဆယ့်နှစ်ခုကတော့ အကြီး ကြီးတွေပါ။ လေးခုကတော့ ခုတင်မီးဖိုကိုကာတဲ့ ခပ်သေးသေးတွေပါပဲ။ ယန်ဇီတောင်ဘက်က ချန်မိသားစုပေးလိုက်တဲ့ လိုက်ကာမှာတော့ 'ဝန်ကြီး လုပ်မယ်' ဆိုတဲ့ ရှေးအော်ပရာပြဇာတ်က ဇာတ်ဝင်ခန်းတွေကို ရွှေခြည် ထိုးထားတဲ့ကား ဆယ့်နှစ်ကား ပါပါတယ်။ နောက်တစ်ဘက်မှာတော့ 'အာယုဒီဃ' ဆိုတဲ့စာလုံးကို လက်ရေးပန်းချီနဲ့ရေးထားတဲ့ စာလုံးတွေပါ ပါတယ်။ လိုက်ကာထဲမှာတော့ အကောင်းဆုံးပါပဲ။ ပြီးတော့ ကွမ်းတုံ က လေ့သင်းဝန် ဂူမိသားစုကလဲ မှန်လိုက်ကာကြီးတစ်စုံ ပို့လိုက်ပါတယ်"

"အေး၊ ဒီလိုဆိုယင် ဒါတွေကို ရောင်းမပစ်လိုက်နဲ့ဦး၊ လုံလုံခြုံခြုံ သိမ်းထား။ တခြားသူတွေကို လက်ဆောင်ပေးစရာရှိတယ်"

နတ်ငှက်မယ်က ခေါင်းညိတ်ပြလေ၏။ ထိုစဉ် ယုန်ယွမ်းသည် ရှေ့သို့တိုးလာကာ နတ်ငှက်မယ်ကို စူးစိုက်ကြည့်နေလေ၏။

"ဟဲ့ ကောင်မ၊ ဘာစိုက်ကြည့်နေတာလဲ။ ငှက်မယ်ကို မမြင်ဖူး ဘူးလား"

ယုန်ယွမ်းက ပြုံးလိုက်လျက်

"မလေး ငှက်မယ်ရဲ့ မျက်လုံးတွေ ယောင်အမ်းနေသလားလို့ ကြည့်တာ မယ်မယ်ရဲ့"

မယ်မယ်သည် နတ်ငှက်မယ်အား အနီးသို့ခေါ်ကာ သေချာစွာ စူးစိုက်ကြည့်နေပြန်လေ၏။ နတ်ငှက်မယ်က ကြိုးစား၍ ရယ်လိုက်ရင်း

"မျက်လုံးတွေ ယားလွန်းလို့ ပွတ်ထားမိတာပါ မယ်မယ်ရဲ့"

"ဟုတ်မှလဲလုပ်ပါ မလေးငှက်မယ်ရယ်။ မလေးငှက်မယ် တစ် ယောက်ယောက်ကိုများစိတ်ဆိုးနေပြီလား"ဟု ယုန်ယွမ်းကပြောလေ၏။

"ငါ့ကို ဘယ်သူ စိတ်ဆိုးအောင် လုပ်ရဲလို့လဲအေ့။ လုပ်တောင် ငါက မယ်မယ်ရဲ့ မွေးနေ့ပွဲကြီးမှာ ငိုလားရယ်လား လုပ်ပါ့မလား"

မယ်မယ်က

"အေး၊ ဟုတ်တယ်။ ကဲ၊ မယ်မယ်လဲ ညစာစားတော့မယ်။ ဒီတော့ မယ်မယ့်အနားမှာ ငှက်မယ် လာစောင့်ပေးစမ်း။ ကျန်တာကို တော့ ညည်း မဗယုဖို့ ယူသွားပေါ့။ ပြီးတော့ ညည်းတို့ နှစ်ယောက် သီလရှင်ကလေးတွေ ပဲစေ့ကောက်ပေးကြတာကို လိုက်ကောက်ပေးချည် ကြ။ ညည်းတို့လဲ အသက်ရှည်တယ်။ မနေ့တုန်းကတော့ ဥယျာဉ်ထဲက မိန်းကလေးတွေနဲ့ ပေါက်ယုတို့ ကောက်ပြီးပေးသွားကြပြီ။ ဒီတော့ ညည်းတို့ ကူပြီး ကောက်ပေးသွားကြ။ တော်တော်ကြာတော့ မယ်မယ်က သူ့မြေးတွေလောက်ပဲ မျက်နှာသာပေး အကောက်ခိုင်းတယ်၊ တို့ကျ တော့ အကောက်မခိုင်းဘူးလို့ ပြောမနေကြနဲ့"

ထိုသို့စကားပြောဆိုလျက်ရှိစဉ် သီလရှင်နှစ်ပါးအတွက် သက် သတ်လွတ်ဟင်းများယူလာကြ၏။ မယ်မယ် အတွက်လည်း အသားဟင်း များယူလာလေ၏။ မယ်မယ်စားသောက်ပြီးသည့် အခါတွင် ဟင်းခွက် များကို တစ်ဘက်ခန်းရှိ မဗယုနှင့်နတ်ငှက်မယ်တို့အတွက်ယူလာခဲ့လေ၏။ သူတို့နှစ်ယောက် အပြင်ဘက်တွင် ထမင်းစားနေကြစဉ်ဆီလွှမ်းနှင့်စုချိတို့ ကိုလည်း သူတို့နှင့်အတူစားရန် မယ်မယ်က လွှတ်လိုက်လေ၏။

ထို့နောက်တွင် သူတို့သည် လက်ဆေးကာ အမွှေးတိုင်များကို ထွန်းညှိနေကြစဉ် ပဲစေ့တစ်ပုံးကို ယူလာကြလေ၏။ သီလရှင် နှစ်ပါး သည် ပဲစေ့ပုံးကို ရှေ့တွင်ချပြီး တရားစာများကို ရွတ်ဖတ်ကြလေ၏။ ထို့နောက်တွင် ပဲစေ့များကို ပုံးထဲမှတစ်စေ့ချင်းကောက်ရင်း ဗုဒ္ဓ မြတ်

စွာဘုရား၏ ဂုဏ်တော်ကိုရွတ်၍ တောင်းထဲသို့ ထည့်ကြလေ၏။ အသက်ရှည်စေရန်အတွက် ထိုပဲစေ့များကိုပွတ်ပြီးလျှင် လမ်းလေးခွတွင် လာသမျှလူများကို လှူဒါန်းရမည်ဖြစ်လေ၏။ မယ်မယ်သည် ထိုင်ဖုံပေါ်တွင် လဲလျောင်းရင်း သီလရင်များရွတ်ပြသည့် ကမ္ဗဖလနှင့် ပတ်သက်သောနိပါတ်များကို နားထောင်လျက်ရှိလေ၏။

နတ်ငှက်မယ်တစ်ယောက် ငိုယိုလျက်ရှိကြောင်းကို ဟုပိုထံမှကြားခဲ့ပြီးဖြစ်သည့် ယုန်ယွမ်းသည် အကြောင်းရင်းကို ပင်အဲထံမှ သိရလေ၏။ ထို့ကြောင့် ထိုနေ့ညတွင် ယုန်ယွမ်းသည် အကျိုးအကြောင်းကိုမယ်မယ်အားပြောပြလေ၏။

"မလေးငှက်မယ်ငိုတာက ဒေါ်လေးဆင့်က သူ့ကို လူတွေရှေ့မှာ အရှက်ကွဲအောင်လုပ်လို့လို့ ပြောပါတယ်မယ်မယ်"

မယ်မယ်က မေးသည့် အခါတွင် ယုန်ယွမ်းက ပြောပြလေ၏။ ဤတွင် မယ်မယ်က

"ဒီလိုဆိုယင် ငှက်မယ်ဟာ အမူအရာယဉ်ကျေး သိမ်မွေ့တယ်လို့ ပြောရမှာပေါ့။ ဘယ့်နှယ်ကွယ် အစေတော်တွေက သခင်မတွေကို မချေမငံပြောတာကို ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ခါတိုင်းဆိုယင် နတ်ငှက်မယ်က ဘယ်ဒီလိုခေါင်းငုံ့ခံနေလိမ့်မလဲ။ ငါ့ မွေးနေ့မို့လို့ ငိုငိုရယ်ရယ်မလုပ်ချင်လို့ အသာတွက်သွားတာနေမှာပေါ့။ မဆင့်ကတော့ တစ်ချိန်လုံးမျက်နှာကို မှုန်သိုးနေတာပဲ။ ဘာမှတော့မပြောရဲဘူး။ တစ်နည်းပြောရယင်တော့ ဒီနည်းနဲ့ငှက်မယ်ကို လူပုံအလယ်မှာ အရှက်ခွဲတာပေါ့အေ"

ထိုစဉ် ပေါက်ချင်းရောက်လာသည့်အတွက် စကားပြတ်သွားကြလေ၏။ မယ်မယ်က ပေါက်ချင်းကို ဘယ်ကလာသနည်းဟု မေးလေ၏။

"ဥယျာဉ်ထဲက ယင်လင်းရဲ့ အဆောင်မှာ စကားပြောနေရာက လာတာပါ"

ဤတွင် မယ်မယ်သည် တစ်စုံတစ်ခုကို သတိရလာသည့်အတွက် ဥယျာဉ်ထဲရှိ အစေခံများအား တစ်စုံတစ်ရာကို အပြောခိုင်းလိုက်လေ၏။

"ခုငါ့မှာ ဆီလွမ်နဲ့စုချီဆိုတဲ့ ကောင်မလေးတစ်ယောက် ခေါ်ထားတယ်။ သူတို့မှာ ဆင်းရဲကြပေမယ့် ဥယျာဉ်ထဲကမိန်းကလေးတွေနဲ့အတူတူပဲ။ ဒီတော့ သူတို့နှစ်ယောက်ကိုလဲ ကောင်းကောင်းမွန်မွန် ထားလိုက်ကြ။ ငါတို့အိမ်မှာရှိတဲ့ အစေတော်တွေအစေခံတွေက စည်းစိမ်တွေ၊ ဂုဏ်ပကာသနတွေရှိမှ အထင်ကြီးတတ်ကြတယ်။ ဆင်းရဲတဲ့ လူဆိုယင်တယ်ပြီး အထင်မကြီးတတ်ကြဘူး။ ဒီတော့ သူတို့ကို ကောင်းကောင်းကြည့်ရှုစောင့်ရှောက်ကြပါ။ တကယ်လို့သူတို့အပေါ်မှာ မရိုမသေ မလေးမစားလုပ်တယ်လို့ ကြားရယင် လုပ်တဲ့လူတော့ ဒုက္ခလှလှကြီး တွေ့ပြီသာမှတ်"

အခိုင်းမိန်းမသည် မယ်မယ်၏ စကားကို နားထောင်ပြီးနောက် ဥယျာဉ်ထဲသို့ထွက်တော့မည့်အပြုတွင် ယုန်ယွမ်းက

"ကျွန်မသွားလိုက်ပါ့မယ် မယ်မယ်။ သူပြောတယ်ဆိုယင် ဟိုကဟာတွေ ဒီလောက်အလေးထားကြမှာမဟုတ်ဘူး"

ယုန်ယွမ်းသည် ဥယျာဉ်ထဲသို့ရောက်လျှင် စပါးချိုတဲသို့ ပထမဆုံးလာခဲ့လေ၏။ လီဝမ်းကို လည်းကောင်း၊ မမယုကို လည်းကောင်း မတွေ့သဖြင့် အစေတော်များကို မေးကြည့်သည့် အခါတွင် တန်ချွန်းတို့အဆောင်တွင် ရောက်နေသည်ဟု ပြောလိုက်ကြလေ၏။ ထို့ကြောင့် ယုန်ယွမ်းသည် မြစိမ်းဆည်းဆာဆောင်သို့လာခဲ့ရာ စကားဝိုင်းဖွဲ့လျက်ရှိကြသော ဥယျာဉ်ထဲမှ မိန်းကလေးတစ်သိုက်ကို စုံစုံလင်လင်တွေ့ရလေ၏။ ယုန်ယွမ်းကိုမြင်သည့်အခါတွင် အသင်းအထိုင်ခိုင်းကြလေ၏။

"ဒီအချိန်ကြီး မှာ ဘာကိစ္စများ ရေးကြီးသုတ်ပျာဖြစ်လာတာလဲ"

"အံမယ်လေး ကိစ္စရှိမှလာရတော့မှာလား။ ကိုယ့်ဘာသာကိုယ်ကောပျင်းယင် မလာရတော့ဘူးတဲ့လား"ဟုပြောဆိုပြီးနောက် မယ်မယ်ခိုင်းလိုက်သည့်ကိစ္စကို ပြောပြလေ၏။

လီဝမ်းသည် မတ်တတ်ရပ်ပြီးလျှင် အဆောင်တိုင်းမှအစေတော်များကိုခေါ်လိုက်ပြီး ထိုအမိန့်အတိုင်း လက်အောက် ငယ်သားများကို ရှင်းပြချန်ပြောလေ၏။ မမယုက

"မယ်မယ်ကတော့ အကုန်လုံးအတွက်လိုက်ပြီး စဉ်းစားနေတာပဲနော်။ ကိုယ်တို့လူငယ်တွေ ဆယ်ယောက်ပေါင်းပြီး စဉ်းစားတာတောင် သူ့ကိုမီနိုင်မယ်မထင်ဘူး"

လီဝမ်းက

"မလေးငှက်မယ်ကတော့ တကယ့်ကိုလည်တယ်။ ကျွန်မတို့အဘွားကြီးကလဲ သူ့စကားကိုမှအဟုတ်ထင်တာပါ။ ကျွန်မတို့ ဆယ်ခွန်းပြောတာနဲ့ သူတစ်ခွန်းပြောတာ မတူပါဘူး"

ယွန်ယွမ်းက

"ဒီလိုလဲမပြောပါနဲ့ မမလီဝမ်းရယ်။ မလေးငှက်မယ်မှာ ဒီစံအိမ်ကြီးကို ရောက်ကတည်းက မယ်မယ့် စိတ်တိုင်းကျ နေခဲ့လုပ်ခဲ့ရတာပါ။ မယ်မယ်ကျေနပ်အောင်ချည်းပဲ လုပ်နေရတော့ တချို့လူတွေကိုလဲထိခိုက်ချင် ထိခိုက်မယ်ပေါ့။ လူတိုင်းကို ကျေနပ်အောင်လုပ်ဖို့ဆိုတာခက်သားပဲ။ သိပ်ရိုးလွန်းပြီး ပရိယာယ်တို့ဘာတို့မတတ်ယင်လဲ ယောက္ခမတို့ဘာတို့က ကိုယ့်ကို အအ,လို့ထင်ပြီး အစေခံတွေကလဲ မလေးမခန့် လုပ်တတ်တယ်။ ကိုယ်ကပရိယာယ်တွေသုံးလွန်းပြန်ယင်လဲ တစ်ယောက်ကို ကောင်းကျိုးပြုပြီး တစ်ယောက်ကိုထိခိုက်စေတတ်တယ်။ အထူးသဖြင့် ကျွန်မတို့ အိမ်မျိုးမှာဆိုယင် အစေတော်ကနေ အမြှောင်တို့ ဘာတို့ အမြောက်ခံရတဲ့ သခင်မအသစ်တွေကလဲ ဘဝင်မြင့်ချင်တိုင်းမြင့်ပြီး သူတို့လုပ်ယင်ဘာမဆိုဖြစ်တယ်လို့ ထင်တတ်ကြတယ်။ သူတို့ မကျေနပ်တာကလေး ဘာလေးနည်းနည်းပါးပါးမတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့တစ်ပြိုင်နက် ကွယ်ရာမှာ အတင်းလျှောက်ပြောပြီး ပြဿနာကို မကြီးကြီးအောင် မီးလောင်ရာလေပင့်လုပ်ပေးကြတော့တာပဲ။

"ကျွန်မကတော့ မယ်မယ် စိတ်ထိခိုက်မှာစိုးလို့ ဒီအကြောင်းတွေကို ယောင်လို့တောင် လေသံမဟပါဘူး။ လျှောက်ပြောနေယင်လဲ ကျွန်မတို့မှာ တစ်နေ့မှ အေးအေးချမ်းချမ်း နေရမှာ မဟုတ်ဘူး။ ဒီအကြောင်းတွေကို ကျွန်မ မလေးတန်ချွန်းရှေ့မှာတောင် မပြောပါဘူး။ ဒါပေမယ့် မယ်မယ်ဟာ သခင်လေးပေါက်ယုကို အလိုလိုက်လွန်းတယ်

ဘာဖြစ်တယ်လို့ပြောယင် သူ့မြေးကိုသူအလိုလိုက်တာ ဘာဖြစ်သလဲလို့ ပြောကြမှာပေါ့။ ဒါကတော့ ကိုယ့်မြေးကိုယ် ဒီလိုပဲ အလိုလိုက်တတ်ကြတာကိုး။ ဒါပေမယ့် မမသီဝမ့်ကအလိုလိုက်မယ်ဆိုယင်တော့ ပြဿနာတစ်မျိုး ဖြစ်လာမှာပေါ့။ မဟုတ်ဘူးလား"

တန်ချွန်းက ပြုံးလိုက်လျက်

"ဒီလိုပေါ့လေ။ စဉ်းစားဉာဏ်မရှိတဲ့လူလဲ ရှိတာပေါ့။ မလေးအထင်ကို ပြောရမယ်ဆိုယင်တော့ ခပ်ရိုးရိုး ခပ်ကုပ်ကုပ်နေကြတဲ့ အိမ်ထောင်တွေဟာ မလေးတို့ထက် ဆင်းရဲကောင်း ဆင်းရဲမယ်။ ဒါပေမယ့် မလေးတို့ထက်ပိုပြီး ကောင်းတယ်ထင်တာပဲ။ မိဘနဲ့သားသမီး၊ မောင်နဲ့နှမဟာ ပျော်လို့ပါးလို့၊ ရယ်လို့ မောလို့။ တန်ချွန်းတို့မှာသာ ခုလိုအမျိုးမျိုး ဖြစ်နေကြတာ။ အပြင်ကနေ ကြည့်ယင်တော့ ဟုတ်တာပေါ့လေ။ တန်ချွန်းတို့တစ်တွေမှာ စည်းစိမ်ချမ်းသာတွေနဲ့ ပျော်လို့ပါးလို့ နေကြတယ် ထင်မှာပဲ။ တကယ်ကတော့ တန်ချွန်းတို့မှာ ထုတ်ပြောလို့မရတဲ့ ဒုက္ခတွေ အများကြီးဆိုတာ သူတို့မသိကြဘူး။ ဒီမှာ ဘယ်လောက် စိတ်ဆင်းရဲကြရတယ်ဆိုတာ သူတို့သိကြမှာ မဟုတ်ဘူး။ တန်ချွန်း အထင်တော့ တန်ချွန်းတို့စံအိမ်လောက် စိတ်ညစ်စရာကောင်းတဲ့နေရာ ကမ္ဘာမှာရှိမယ်တောင် မထင်ဘူး"

ပေါက်ယုက

"မလေးကသာ ဒါတွေကိုတွေးပြီး စိတ်ညစ်နေတာ။ တခြားသူတွေကတော့ ဒီလောက် ဘယ်သူမှ စိတ်ညစ်ကြမှာမဟုတ်ပါဘူး။ မလေးကို မောင် ခဏခဏ ပြောသားပဲ။ သူများတွေပြောတဲ့ အတင်းအဖျင်း မဟုတ်တရုတ် စကားတွေကို သွားသွားပြီး နားထောင်မနေနဲ့လို့ မကြာမကြာ ပြောခဲ့ဖူးတယ် မဟုတ်လား။ ဒီတော့ ကိုယ့်အဆင့်အတန်းနဲ့ ကိုယ့်စည်းစိမ်နဲ့သာ နေပါ။ ဘယ်သူပြောတာတွေကိုမှ ဂရုစိုက်မနေပါနဲ့။ တကယ်ကတော့ မလေးတို့က မောင်တို့ယောကျ်ားတွေထက် အများကြီးသာပါတယ်။ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးစိတ်လက်ချမ်းသာ

နေနိုင်တယ် မဟုတ်လား။ ယောကျ်ားတွေမှာသာ လုပ်ရရှားရ လုပ်ရကိုင်ရနဲ့”

ဤတွင် မမယုက

“အံမယ်လေးကွယ်၊ မင်းကများ ပြောရဘယ် ရှိသေးတယ်။ မင်းမှာ ဘာများပူပင်သောကရှိလို့လဲ။ ပျင်းယင် မိန်းကလေးတွေနဲ့ကစားတယ်၊ ဆာယင်စားတယ်၊ အိပ်ချင်ယင်အိပ်တယ်။ ဒီလိုနဲ့ ဒီအသက်အရွယ်ပဲရောက်လာခဲ့ပြီ မဟုတ်လား။ မင်းမှာ အနာဂါတ်အတွက် ဘာများပူပင်သောကရောက်စရာ ရှိလို့လဲ”

“ဒါတော့ မမယုရယ်။ ကျွန်တော်မှာ သူတို့တစ်တွေနဲ့ပဲ ကစားစရာ ရှိတာမဟုတ်လား၊ မသေခင်ကစားရတာ။ သေသွားတော့ ဘာကစားနိုင်တော့တာမှတ်လို့”

အခြားသူများက ရယ်လိုက်ကြ၏။

“မောင်လေးဟာ မဟုတ်ကဟုတ်က တော်တော်ပြောတတ်တယ်။ မောင်လေးဟာ အလုပ်အကိုင်ဘာမှမလုပ်ဘဲ အားအားရှိတိုင်း ကစားပြီး ဒီမှာတစ်သက်လုံးနေချင်ယင်နေမယ်။ မိန်းကလေးတွေက နေမှာမဟုတ်ဘူး။ ယောကျ်ားမယူကြတော့ဘူးတဲ့လား၊ သူတို့ဘာသာ သူတို့အိမ်ထောင်ခွဲပြီး မနေကြတော့ဘူးတဲ့လား”

“ပေါက်ယုက ရုပ်ချောသလောက် ထူတယ် အ,တယ်လို့ လူတွေက ဒါကြောင့် ပြောကြတာကိုး။ ငါ့တူဟာ ဘာကိုမှမစဉ်းစားဘူး”

ပေါက်ယုက

“ဘာစဉ်းစားစရာရှိသလဲ မမယုရဲ့။ လူ့ရဲ့ကံဆိုတာ သေချာရေရာတာမှ မဟုတ်တာ။ ဘယ်တော့သေမယ်လို့လဲ ဘယ်သူမှမပြောနိုင်။ ဒီနေ့သေချင်လဲသေမယ်၊ မနက်ဖြန်သေချင်လဲ သေမယ်။ ခုနှစ်သေချင်လဲ သေမယ်၊ နောင်နှစ်သေချင်လဲသေမယ်။ ဒီတော့ အချိန်မရွေးသေနိုင်လေတော့ သေတုန်းမှာ ပျော်ပျော်သေသွားချင်တယ်။ ကျေနပ်ရောင့်ရဲပြီးသေသွားချင်တယ်”

အခြားသူများက သူ့ကိုဝိုင်း၍တားလိုက်ကြလေ၏။

“မဟုတ်တယုတ်တွေ ပြောပြန်ပြီ၊ ဒုက္ခပါပဲ။ ကဲ သူ့ကို စကားမပြောကြတာပဲ ကောင်းပါတယ်၊ သူနဲ့စကားပြောယင် သူပြောတာတွေကို ကြားရတာ အသည်းတုန် အူတုန် ရှိလွန်းလို့။ မပြောကောင်း မဆိုကောင်းတွေကို သိပ်ပြောတာပဲ”

ဆီလုံမ်ကလည်း

“ဒီလိုလဲမပြောပါနဲ့သခင်လေးပေါက်ယုရယ်။ သခင်လေးရဲ့အစ်မတော်တွေ အိမ်ထောင်ရက်သားကျသွားကြယင် မယ်မယ်နဲ့ သခင်မဝမ်တို့မှာ ပျင်းကျန်ရစ်ခဲ့ကြမှာ မဟုတ်လား။ အဲဒီအခါကျတော့ ကျွန်မလဲ လာနေမှာပေါ့”

လိဝမ်းနှင့် မမယုတို့က ရယ်ကြလေ၏။

“ညည်းကလဲအေ၊ မဟုတ်ကဟုတ်ကပြောပြန်ပြီ။ ညည်းကကော အိမ်ထောင်ရက်သားမကျတော့ဘူးလား”

ဆီလွမ်သည် မျက်နှာနီရဲသွားကာ ခေါင်းကို ငုံ့ထားလိုက်လေသည်။

အချိန်မှာ ညဉ့်ဦးပထမယံကို လွန်ခဲ့လေပြီ။ ထို့ကြောင့် သူတို့သည် မိမိတို့အခန်းသို့ ပြန်ခဲ့ကြလေ၏။

ဉယျာဉ်ဘေးတံခါးသို့ ရောက်သည့်အခါတွင် ဝင်းတံခါး ကြီးများကို စေ့ထားသည့်တိုင် မင်းတုံးထိုးထားခြင်း မရှိသည်ကို ယုန်ယွမ်း တွေ့ရလေ၏။ ဝင်းဝအစောင့်တဲထဲတွင်လည်း မည်သူမျှမရှိချေ။ လရောင်လဲ့လဲ့ကလေးသည် အစောင့်တဲသို့ ခပ်မှိန်မှိန်ဖြာကျလျက်ရှိလေ၏။ ယုန်ယွမ်းမှာ လက်ထဲတွင်လည်း မီးအိမ်ကိုင်ထားခြင်းမရှိ၊ လလည်း မသာသဖြင့် ယုန်ယွမ်း ရောက်လာသည်ကို မည်သူမျှမသိလိုက်ကြချေ။ ယုန်ယွမ်းသည်

ပျင်းပျင်းရှိသည်နှင့် မြက်ခင်းကိုဖြတ်ကာ ခွာညိုပန်းရုံကြီးအောက်တွင် လုပ်ထားသည့် ကျောက်ပန်းခက်ပင်ကလေး အနီးသို့ လျှောက်လာခဲ့လေ၏။ ကျောက်ပန်းခက်ချုံကလေးအနီးသို့ အရောက်တွင် လှုပ်လှုပ်ရွရွ အသံကို ကြားလိုက်ရသည့်အတွက် ယုန်ယွမ်းမှာ လန့်ဖျပ်သွားလေ၏။ ယုန်ယွမ်းက လှည့်ကြည့်လိုက်သည့်အခါတွင် အရိပ်နှစ်ခုသည် သူ့ကို မြင်သည့်အတွက် ကျောက်ဆောင်များနောက်တွင် ပုန်းနေသည်ကို မြင်လိုက်ရလေ၏။ လရောင်မှုန်မှုန်ထဲတွင် ယုန်ယွမ်းသည် လူလုံးကို သဲကွဲစွာ မြင်လိုက်ရလေပြီ။ တစ်ယောက်မှာ ယင်ချွန်း၏ အဆောင်မှ အစေတော် စုချီဖြစ်၍ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ ဆံပင်ကို ကျောပေါ်တွင် ဖြန့်ချထားပြီး အင်္ကျီအနီကို ဝတ်ထားလေ၏။ စုချီနှင့် အဖော် အစေတော်မိန်းကလေးတစ်ယောက်တို့သည် မိမိကဲ့သို့ အပျင်းပြေ လမ်းလျှောက်ထွက်လာကြသည်ဟု ထင်လိုက်မိသည့်အတွက် ယုန်ယွမ်းသည် သူတို့ကို ခြောက်လှန့်မည်အကြံဖြင့် တစ်နေရာတွင် ပုန်းကွယ်နေရာမှ သူတို့နှစ်ယောက်ကိုလှမ်း၍

"ဟေ့ စုချီ၊ ငါ့ကိုလာပြီး ခြောက်မလို့လား၊ ခြောက်မှာဖြင့် မြန်မြန်လာခြောက်လှည့်နော်။ နို့မဟုတ် ငါက သူခိုးဆိုပြီး အော်လိုက်မှာ။ ကြည့်စမ်းပါဦးအေ၊ ညည်းခန္ဓာကိုယ်ကြီးနဲ့အားကောင်းတယ် ဆိုပြီး လူတွေကို လိုက်ခြောက်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

အမှန်အားဖြင့် ယုန်ယွမ်းသည် စုချီ ပုန်းနေရာမှထွက်လာစေရန် နောက်ပြောင်လိုက်ခြင်းဖြစ်၏။ သို့ရာတွင် ကိုယ့်အပြစ်နှင့် ကိုယ်မလုံမလဲ ဖြစ်နေသည့် စုချီသည် ယုန်ယွမ်းက သူခိုးအော်လျှင် လူတွေသိကုန်တော့မည်ဟု စိုးရိမ်ကာ မနေရဲတော့ချေ။ ယုန်ယွမ်းသည် မိမိအပေါ်တွင် ကောင်းစွာသက်ညှာသူ တစ်ယောက် ဖြစ်သည်ကို သိထားသည့်အတိုင်း စုချီသည် သစ်ပင်နောက်ကွယ်မှ ထွက်လာခဲ့ကာ ယုန်ယွမ်း၏လက်ကို ဆွဲကိုင်လျက် ဒူးထောက်ထိုင်ချလိုက်ပြီးလျှင်

"အစ်မ ကျွန်မကို သနားပါနော်၊ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်"

ထိုအခါတွင်မှ ယုန်ယွမ်းမှာ တအံ့တဩဖြစ်သွားကာ

"ဟဲ့ ဘာဖြစ်လို့လဲ"

စုချီသည် မျက်နှာနီရဲသွားကာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလျက်ရှိလေ၏။ ထိုအခါတွင်မှ ယုန်ယွမ်း လှမ်းကြည့်လိုက်သည့်အခါတွင် ခပ်ရွယ်ရွယ် ယောကျ်ားပျိုတစ်ယောက်ကို လှမ်းမြင်လိုက်ရလေ၏။ ထိုအခါ၌ကား အခြေအနေအရပ်ရပ်ကို ယုန်ယွမ်း ရိပ်မိလိုက်လေပြီ။ ယုန်ယွမ်းသည် အံ့အားသင့်လျက်ရှိရာမှ စုချီ၏လက်ကို ဖမ်းဆုပ်ထားလိုက်ရင်း

"ပြောစမ်း၊ ဘယ်သူလဲ"

"ဟို ဟို၊ သူငယ်တော်လုပ်တဲ့ ကျွန်မ မောင်နှမဝမ်းကွဲပါ"

ယုန်ယွမ်းသည် စက်ဆုပ်စွာဖြင့် တံတွေးထွေးလိုက်၏။

"ဒီလောက်တောင်ပဲ ယောကျ်ားရှားသလားအေ"

စုချီက နောက်သို့ပြန်လှည့်လိုက်ကာ ခပ်တိုးတိုးဖြင့်

"ထွက်ခဲ့တော့လေ၊ ခုမှတော့ မထူးဘူး။ သိသွားပြီ။ အစ်မကို လာကန်တော့လှည့်"

သူငယ်တော်ကလေးသည် သစ်ပင် ချုံနွယ်များကြားမှ ထွက်လာကာ ခေါင်းကို မြေကြီးနှင့်ထိ၍ ဝပ်တွားလာလေ၏။ ယုန်ယွမ်းမှာ ထိုနေရာမှ ထွက်သွားချင်လှလေပြီ။ သို့ရာတွင် စုချီက သူ့လက်ကို လှမ်းဆွဲလိုက်ပြီး

"အစ်မရယ်၊ ကျွန်မတို့နှစ်ယောက် ရဲ့အသက်ဟာ အစ်မလက်ထဲမှာ ရှိပါတယ်နော်။ ကျွန်မတို့အကြောင်းကို မတိုင်ပါနဲ့နော်"

"စိတ်ချပါအေ၊ ငါဘယ်သူ့မှမပြောပါဘူး"

ထိုသို့စကားပြောဆိုနေကြစဉ် ဝင်းပေါက်ဆီမှ

"မလေးပေါက်ချင်း အပြင်ထွက်သွားတယ်နော်။ တံခါးကိုပိတ်ထားလိုက်ကြတော့"

ယုန်ယွမ်းမှာ စုချီက အတင်းဆွဲထားသည့်အတွက် ဝင်းထဲမှ ပြန်၍မထွက်နိုင်သေးဘဲ ရှိသဖြင့်

"နေဦး၊ ကျွန်မရှိသေးတယ်။ ခုတင် ပြန်ထွက်မှာ၊ မပိတ်နဲ့ဦး" ဟု အော်၍ ပြောရလေ၏။

ထိုနောက်တွင် စုချီသည် သူ့လက်ကို လွှတ်လိုက်လေ၏။

နောင်မည်သို့ ဖြစ်သည်ကို သိလိုလျှင် ရှေ့အခန်းကို ဆက်ဖတ်ပါလော။

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၇၂

နတ်ငှက်မယ်သည် သူ့ရောဂါအတွက် ရှက်သဖြင့် ဟန်ဆောင်ခြင်း။ လိုင်ဝမ်း၏မိန် မသည် သခင်မအားကိုးဖြင့် သူ့သားကို မိန်းမပေးစားရန် အကျပ်ကိုင်ခြင်း။

ယုန်ယွမ်းသည် မျက်နှာပူပူဖြင့် ဘေးဝင်းပေါက်မှ ထွက်လာခဲ့၏။ စိတ်ထဲမှလည်း "အင်း၊ ပြဿနာက သိပ်တော့ မသေးလှဘူး။ သူတို့နှစ်ယောက်က တိတ်တိတ်ပုန်းလဲ ချိန်းတွေ့ကြသေးရဲ့။ ပစ္စည်းတစ်ခုခုကို ခိုးသွားတယ်လို့များ ပြောလိုက်ယင် နှစ်ယောက်စလုံး အသတ်ခံရမှာ သေချာတယ်။ အေးလေ၊ ဒါတွေက ငါနဲ့ဘာဆိုင်တာမှတ်လို့။ သူတို့ဘာသာသူတို့ ဖြစ်တဲ့ကိစ္စပဲ။ အသာနေလိုက်ရုံပေါ့" ဟု စဉ်းစားလာခဲ့လေ၏။ ထို့ကြောင့် ယုန်ယွမ်းသည် မိမိအဆောင်သို့ ပြန်ရောက်လျှင် မယ်မယ်ခိုင်းလိုက်သည့် အလုပ်ကို လုပ်၍ ပြီးစီးခဲ့ကြောင်း ပြောဆိုကာ အိပ်ရာသို့ဝင်ခဲ့လေ၏။ ထိုနောက်တွင်မူ ယုန်ယွမ်းမှာလည်း မိုးချုပ်သည်ဆိုလျှင် ဥယျာဉ်ထဲသို့ မသွားတော့ချေ။ ဥယျာဉ်ထဲတွင်ပင်လျှင် ဤမျှဖြစ်နေကြသည်ဆိုလျှင် အခြားနေရာများတွင် ထို့ထက်ဆိုးတော့မည်ဟု တွေးမိကာ မည်သည့်နေရာသို့မျှလည်း မသွားတော့ချေ။

စုချိနှင့် သူ့နှစ်ဝမ်းကွဲအစ်ကိုတို့သည် ငယ်ရွယ်စဉ် ကတည်းက ကစားဖော်များဖြစ်ခဲ့ကြပြီး ကြီးပြင်းအရွယ်ရောက်သည့်အခါ မည်သူ့ကိုမျှ လက်ထပ်ခြင်းမပြုဟု ကလေးတို့ဘာဝ သစ္စာဆိုခဲ့ဖူးကြရာ ယခုအချိန်၌ သူတို့နှစ်ယောက်စလုံး ကြည့်ပျော် ရှုပျော်ရှိသည့် ရုပ်ရည် ရူပကာယတို့ကို ဆောင်လျက် လူလားမြောက်လာခဲ့ကြလေပြီ။ စုချိသည် အိမ်သို့ပြန်သည့်အခါတွင် အစ်ကိုဝမ်းကွဲဖြစ်သည့် ငယ်ချစ်နှင့်မျက်လုံးချင်းဆိုင်မိတိုင်း ငယ်ငယ်က သစ္စာဆိုခဲ့ကြသည်များကို အမှတ်ရတတ်လေ၏။ သို့ရာတွင် နှစ်ယောက်စလုံးမှာ တစ်ယောက်ကို တစ်ယောက် ထုတ်ဖော်ပြောရန် အခွင့်မသာဘဲ ဖြစ်လျက်ရှိပြီး နှစ်ဘက်သောမိဘများက သဘောမတူဘဲဖြစ်မည်ကိုလည်း စိုးရိမ်လျက်ရှိကြလေ၏။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ဥယျာဉ်ကြပ်ကို လာဘ်ထိုး၍ တံခါးကို အဖွင့်ခိုင်းထားကြပြီး လူတွေအလုပ်များနေကြသည်ကို အခွင့်အကောင်းယူကာ ဥယျာဉ်ထဲတွင် ချိန်းတွေ့ကြခြင်းဖြစ်လေ၏။ သူတို့နှစ်ယောက်သည် ကိုယ်လက် နှီးနှောခြင်းမပြုကြသည့်တိုင် တစ်ယောက်၏ နှလုံးသားကို တစ်ယောက် ဖွင့်ပြကာ သစ္စာဆိုခဲ့ကြပြီးဖြစ်လေ၏။ သူငယ်ကလေးမှာ ယုန်ယွမ်း သိသွားသဖြင့် ကြောက်လန့်ကာ ပန်းပင်များ၊ မိုးမခပင်များကို တိုးဝှေ့လျက် ဥယျာဉ်အပြင်သို့ ထွက်ပြေးသွားခဲ့လေပြီ။

ထိုနေ့ညတွင် စုချိသည် နောင်တသံဝေဂဖြစ်ကာ အိပ်၍မပျော်နိုင်ဖြစ်လျက်ရှိလေ၏။ နောက်တစ်နေ့ ယုန်ယွမ်းနှင့် တွေ့သည့်အခါတွင်လည်း ရှက်စိတ်ကြောက်စိတ်တို့ကြောင့် သူ့မျက်နှာသည် နီရဲလိုက်၊ ဖြူရော်လိုက်ဖြစ်လျက်ရှိကာ စားသောက်၍လည်းမရဘဲ တငူငူတငိုင်ငိုင် ဖြစ်လျက်ရှိလေ၏။ နှစ်ရက်ကြာသည်အထိ မည်သို့မျှ မဖြစ်သည့်အခါကျမှ စုချိမှာ နေသာထိုင်သာရှိသွားကာ ပုံမှန်ဖြစ်လာခဲ့လေ၏။

သို့ရာတွင် ထိုနေ့ညနေ၌ အစေတော်ကြပ်တစ်ယောက် သူ့ထံရောက်လာကာ သတင်းတစ်ခုကိုပြောလေ၏။

"ညည်းကောင်လေးတော့ ထွက်ပြေးပြီဆိုပါလား။ အိမ် ပြန်မလာတာ သုံးလေးရက်ရှိပြီတဲ့။ ခု သူ့ကို လိုက်ရှာကြတာ နှံ့နေပြီတဲ့"

ဤတွင် စုချိ တွေးသည်မှာ "ဩော်၊ သူ လုပ်ရက်တယ်နော်။ တို့နှစ်ယောက်နဲ့ပတ်သက်လို့ နာမယ်ပျက်ရှိခဲ့ကြတယ်ဆိုယင် နှစ်ယောက်စလုံး ခံသင့်တာပဲ။ သေလဲအတူ ရှင်လဲအတူ ဖြစ်ရမှာပေါ့။ သူက ယောကျ်ားလေးဆိုတော့ ဘယ်နေရာကိုပဲဖြစ်ဖြစ် သွားလို့ရတာပေါ့လေ။ ရလဲကြည့်ပါဦး၊ ငါ့ကို ဘာမှအသိမပေးဘဲ ပစ်ထွက်သွားတယ်။ တော်တော် နှလုံးသားမဲ့ ပါကလား" ဟု တွေးမိလေ၏။ စုချိသည် ထိုသို့ တွေးမိ၍ စိတ်နာကြည်းလွန်းသည်ဖြစ်ရကား ထိုစိတ်ဖြင့်ပင် အိပ်ရာတွင် ဗုန်းဗုန်းလဲလေ၏။

ကျိုဆွေမျိုးစုတို့၏စံအိမ်ကြီးမှ သူငယ်တော်ကလေး တစ်ယောက် ထွက်ပြေးသွားသည်ဆိုသည့်အခါတိုင် စုချိက အိမ်သို့ပြန်ရန် ခွင့်တောင်းနေသည်ဆိုသည့် သတင်းကို ယုန်ယွမ်း ကြားသည့်အခါတွင် စုချိသည် သူတို့သတင်းပေါက်ကြားလျှင် ပြစ်ဒဏ်ခံရမည်ဆိုသည့်အတွက် ရှောင်ခြင်းဖြစ်ကြောင်းကို ချက်ချင်း သိလိုက်လေပြီ။ ယုန်ယွမ်းသည် ထိုအကြောင်းကိုတွေး၍ စိတ်မကောင်းမိသည့်အတွက် စုချိထံသို့ ထွက်လာခဲ့လေ၏။ ယုန်ယွမ်းသည် ခန်းဆောင်ထဲတွင်ရှိ သူများကိုအပြင်သို့အထွက်ခိုင်းပြီးနောက် စုချိအား အလေးအနက် ကတိပေးလေ၏။

"ညည်းတို့ကိစ္စကို မပေါက်ကြားစေရပါဘူးအေ၊ စိတ်ချပါ။ ပေါက်ကြားယင် သေချင်းဆိုးနဲ့ သေရပါစေနဲ့။ ဒီတော့ ဘာမှစိတ်ပူမနေပါနဲ့။ ညည်းသာနေထိုင်ကောင်းအောင် ဂရုစိုက်ပါ။ ကိုယ့်အသက်တစ်ချောင်းကို ဘာဖြစ်လို့ အခြောက်တိုက် အဆုံးရှုံးခံရမှာလဲ"

စုချိသည် ယုန်ယွမ်း၏လက်မောင်းကို ဆွဲကိုင်လျက်

"ကျေးဇူးတင်ပါတယ် အစ်မရယ်။ အစ်မနဲ့ကျွန်မဟာ ငယ်ငယ်ကလေးတည်းက တစ်ယောက်ကိုတစ်ယောက် သံယောဇဉ် ရှိခဲ့ကြသူတွေပါနော်။ အစ်မဟာ ကျွန်မကို အပြင်လူလို့ ဘယ်တော့မှ သဘောမထားဘဲ အတွင်းလူလို ဆက်ဆံခဲ့တယ်။ ကျွန်မကလဲ အစ်မကို အမြဲချစ်ခင်လေးစားခဲ့ပါတယ်။ အစ်မကသာ ကျွန်မတို့ကိစ္စကို လျှို့ဝှက်ထားမယ်ဆိုယင် ကျွန်မလေ အစ်မကို အမေအရင်းလိုတောင် သဘောထားမှာပါ အစ်မ

ရယ်။ ကျွန်မအသက်ရှင်နေသမျှ အစ်မရဲ့ကျေးဇူးကို အောက်မေ့နေမှာပါ။ ကျွန်မပြန်ပြီးနေထိုင်ကောင်းယင်လေ အစ်မအတွက် နတ်ကွန်းတစ်ဆောင်ဆောက်ပြီး အစ်မအသက်ရှည်ပါစေဆိုတာ ပန်းဆီမီးကပ်ပြီး နေ့တိုင်းဆုတောင်းမှာပါ။ ကျွန်မသေယင်လဲ အစ်မကျေးဇူးတွေကို ပြန်ဆပ်အောင်လို့ ခွေးယင်လဲဖြစ်ပါစေ၊ မြည်းယင်လဲဖြစ်ပါစေလို့ ကျွန်မဆုတောင်းမှာပါ။ 'အကြာဆုံးစားသောက်ပွဲကြီးတောင် နောက်ဆုံးမှာပြီးဆုံးရသေးတယ်' တဲ့၊ စကားပုံရှိတယ်။ ဒီလိုပဲ ကျွန်မတို့တစ်တွေမှာလဲ နောက်နှစ်နှစ် သုံးနှစ်ဆိုယင် ဒီစံအိမ်ကြီးကနေ ခွဲခွာပြီး ကိုယ့်လမ်းကိုယ်အသီးသီးသွားကြရမှာ မဟုတ်လား။ ဒါပေမယ့် ရေထဲမှာမျောနေတဲ့ ရေမှော်ပင်များ ပြန်ပြီးစုလာသလို ကျွန်မတို့လဲ တစ်နေ့မှာ ပြန်ပြီး မတွေ့ဖူးလို့ မပြောနိုင်ပါဘူး။ ဒီတော့ အကယ်၍များ ကျွန်မတို့ ပြန်တွေ့ကြတယ်ဆိုယင် အစ်မရဲ့ကျေးဇူးကို ကျွန်မဆပ်ပါမယ်နော်" ဟုပြောရင်း မျက်ရည်တွေ စီးကျလာလေ၏။

ယွန်ယွမ်းမှာလည်း သူ့ကို သနားသည့်အတွက် ငိုလျက် ရှိလေ၏။

"စိတ်ချပါအေ။ ငါက ဒီမှာ အကြီးအကဲလဲမဟုတ်၊ ဘာမှုလဲမဟုတ်ဆိုတော့ ဘာဖြစ်လို့ ညည်းနာမယ်ကို ဖျက်ရမှာလဲ။ ဘာဖြစ်လို့ ညည်းကို အာဏာ ပါဝါတွေ သုံးရမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ်အေ၊ ဒီလို စကားမျိုးတွေ လျှောက်ပြောနေတဲ့ မိန်းမမျိုးထဲကို ငါ့ကိုယ်ငါ အပါမခံပါဘူး။ ဒီတော့ ဒီလောက်စိတ်မပူပါနဲ့။ ညည်းနေပြန်ကောင်းလာတဲ့အခါကျယင် ပိပိရိရိနေပေါ့။ ခုလိုလက်လွတ်စပယ်မနေနဲ့ပေါ့"

စုချီသည် ခေါင်းအုံးပေါ်တွင် လက်ထောက်၍ထကာ ခေါင်းကို အခါခါညိတ်ပြလေ၏။ ယွန်ယွမ်းလည်း၊ စိတ်ချရန် အထပ်ထပ် ပြောဆိုမှာကြား၍ ပြန်ခဲ့လေ၏။

ယခုတလောတွင် ကျိလျှံသည် ခရီးထွက်လျက်ရှိပြီး နတ်ငှက်မယ်မှာလည်း၊ စိတ်လက်မကြည်မလင်ဖြစ်လျက်ရှိတည်ကို သိသည့်အတွက် ယွန်ယွမ်းသည် အပြန်တွင် နတ်ငှက်မယ်ထံ ဝင်လေ၏။ ဝင်းကြီးထဲသို့ရောက်သည့်အခါ ဝင်းဝတွင်ရှိသည့် အစောင့်များသည် ထိုင်ရာမှ မတ်တတ်

ထ၍ ပေးကာ သူ့ကို လမ်းဖယ်ပေးကြလေ၏။ အဆောင်ထဲသို့ ဝင်လာခဲ့သည့်အခါ အိပ်ခန်းထဲမှ ထွက်လာသော ပင်အဲကို တွေ့ရလေ၏။

ပင်အဲက လေသံကလေးဖြင့်

"မလေးငှက်မယ်ဆီကို လာလာသလား။ ခုလေးတင်အစားကလေး နည်းနည်းဝင်ပြီး အိပ်ပျော်သွားတယ်။ ခဏလောက်ထိုင်စောင့်ပါဦးလား" ဟုဆိုကာ အခန်းဆောင်ထဲသို့ ခေါ်လာခဲ့ရာ အစေခံတစ်ယောက်ကလာ၍ လက်ဖက်ရည်တည်ခင်းလေ၏။ ယွန်ယွမ်းက

"ခုတလောမှာ ညည်းမလေးငှက်မယ် ဘာဖြစ်နေတာလဲ။ ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့"

သူတို့နှစ်ယောက်တည်းရှိသည့်အခါတွင် ပင်အဲက သက်ပြင်းချလိုက်ရင်း

"ခုလိုဖြစ်တာ တော်တော်ကြာပြီ ယွန်ယွမ်းရဲ့။ ကိုယ့်အထင်တော့ တစ်လလောက်ရှိပြီထင်တာပဲ။ ခုတလောမှာတော့ ဒီထက်တောင် ဆိုးလာသေးတယ်။ ခုဆိုယင် အလျှင်တုန်းကလိုလဲ ရဲရဲတင်းတင်း မရှိတော့ဘူး။ အမြဲတမ်း လူတွေကို ရှောင်ပုန်းနေပြီး ကြောက်ရွံ့သလိုလို၊ သလိုလိုနဲ့ဖြစ်နေတယ်"

"ဒီလိုဆိုယင်လဲ သမားတော်တို့ ဘာတို့ကိုပင့်ပြီး ပြပါတော့လား"

ဤတွင် ပင်အဲက သက်ပြင်းချပြန်လေ၏။

"ယွန်ယွမ်းက အကြောင်းစုံမသိသေးပဲကိုး။ သမားတော်တို့ဘာတို့ကို ပင့်ပါဆိုလဲ မပင့်ဘူးတဲ့။ ဆေးကောင်းဝါးကောင်းကို မှီဝဲပါဆိုတော့လဲ မစားဘူးတဲ့။ ဒါနဲ့ ကိုယ်တို့က စိုးရိမ်လွန်းလို့၊ ဘယ်လိုလဲ၊ မလေးငှက်မယ် နေလို့ထိုင်လို့ကောင်း ရဲ့လားလို့ မေးကြည့်တော့ ကိုယ့်ကိုဆဲလိုက်တာလေ။ ကိုယ်ဒီလို တပူပူလုပ်နေလို့ သူနေထိုင်မကောင်းဖြစ်ရတာတဲ့။ ခုတော့ မလေးငှက်မယ်တို့မှာ စီးပွားရေးကလဲ အလျှင်ကလို မကောင်းလှတော့ နေ့တိုင်း ဟိုစာရင်းစစ်၊ ဒီပစ္စည်းစစ်မယ်နဲ့ ပြောနေတာပဲ။ ကိုယ့်ကျန်းမာရေးအတွက် အေးအေးဆေးဆေး နေပါဆိုတာလဲ မရပါဘူး ကွယ်"

"ဒီလိုဆိုယင်လဲ သင့်လျော်တဲ့သမားတော်များကို မြန်မြန်ပင့်ပြီး ရောဂါကို ပြကြည့်မှပေါ့။ ကျန်တဲ့လူတွေလဲ စိတ်အေးရတာပေါ့"

"ကိုယ်ကတော့ သိပ်မလွယ်ဘူးထင်တာပဲ"

"ဘယ်လိုမလွယ်တာလဲအေ့"

ပင်အဲက လေသံကလေးဖြင့်

"အလျင်လ ဓမ္မတာလာပြီးကတည်းက သွေးတွေဆင်းနေတာ၊ ခု ထက်ထိမရပ်ဘူးတဲ့။ ဒီတော့ ဒါဟာ ပေါ့သေးသေးမှတ်သလား"

"ဟုတ်ဘာပေါ့၊ ပင်အဲပြောတဲ့အတိုင်းဆိုယင်သွေးသွန်တဲ့ရောဂါ ဖြစ်မှာပေါ့"

ပင်အဲက ထွီခနဲ တံတွေးထွေးလိုက်ပြီးနောက် ရယ်လိုက်၏။

"အံမယ်လေးဟဲ့။ အပျိုကလေးက ဒါမျိုးတွေ သိနေလိုက်တာ။ အပျိုတွေနော် ဒီစကားမျိုးတွေ သိပ်မပြောနဲ့"

ယုန်ယွမ်း၏မျက်နှာမှာ နီရဲသွားလေ၏။ အတန်ကြာမှ

"အစတုန်းကတော့ ကိုယ်လဲ ဒါတွေကို မသိပါဘူး ပင်အဲရယ်။ ဒါပေမယ့် ကိုယ့်ညီမလေး ဘယ်လိုသေခဲ့ရတယ်ဆိုတာ ပင်အဲသိတယ် မဟုတ်လား။ ကိုယ့်ညီမလေးလဲ ဒီလိုပဲဆုံးခဲ့ရတာလေ။ အစတုန်းကတော့ ကိုယ်လဲ သူ့ရောဂါကို ဘာမှန်းမသိဘူးပေါ့။ ကိုယ့်အမေက သူ့ခမည်း ခမက်အဘွားကြီးကို ပြောနေသံကိုကြားတော့မှ သိတာ။ ဒါတောင် ဘာမှန်းသိတာ မဟုတ်သေးပါဘူး။ နောက်ကျတော့မှ အမေက အဲဒီ ရောဂါဘယ်လိုဖြစ်တယ်ဆိုတာကို ပြောပြတော့မှ သိရတာ"

"ဟုတ်တယ်၊ ကိုယ်မေ့သလိုလို ဖြစ်နေတယ်"

ထိုသို့ စကားပြောဆိုနေကြစဉ် အစေတော်တစ်ယောက် ဝင်လာလေ၏။

"အဒေါ်ချူ ရောက်လာတယ်။ မလေးငှက်မယ် အိပ်ပျော်နေတုန်းမို့ သခင်မဝမ်ရဲ့အဆောင် ခဏသွားမယ်လို့ လာပြောပါတယ်"

ပင်အဲက ခေါင်းညိတ်ပြလိုက်၏။

"ဘယ်အဒေါ်ချူလဲ"

"ကြေးစားအောင်သွယ်မကြီးလေ။ ဆွန်ဆိုတဲ့ အရာရှိ မိသားစု တစ်ခုက ကိုယ်တို့စံအိမ်က သခင်မလေးတစ်ယောက်ယောက်နဲ့ လက်ဆက် ချင်နေတယ်။ ဒီတင် အဘွားကြီးခုတလောမှာ ကိုယ်တို့စံအိမ်ကို ပေါက် ပေါက်လာပြီး စနည်းနာနေတာဖြစ်မှာပေါ့"

ထိုသို့ပြောဆိုနေကြစဉ် ခပ်စောစောကပြန်သွားသည့်အစေတော် သူငယ်မကလေးပြန်လာကာ "သခင်လေးကျိလျံ ပြန်လာပြီ" ဟု လာ၍ ပြောလေ၏။

ထိုအချိန်၌ကားကျိလျံသည် အိမ်ရှေ့အပေါက်ဝမှနေ၍ ပင်အဲ၏ အမည်ကို တကြော်ကြော်ခေါ်လျက် ရှိလေ၏။ ပင်အဲက အပြင်သို့ထွက် ရန် ပြင်နေဆဲမှာပင် ကျိလျံမှာ အခန်းဝသို့ရောက်လာခဲ့လေပြီ။ ခုတင် မီးဖိုကြီးပေါ်တွင်ထိုင်နေသည့် ယုန်ယွမ်းကို မြင်သည့်အခါတွင် တုံ့ခနဲ ရပ်လိုက်လေ၏။

"ဘယ်လိုလဲ။ ကိုယ်တို့လိုအိမ်စုတ်ကလေးကို ဟောဒီဂုဏ်ကြီးရှင် ယုန်ယွမ်းတို့ ဘာကိစ္စများရောက်လာပါလိမ့်" ဟု ပြုံးပြုံးဖြင့် မေးလေ၏။

ယုန်ယွမ်းက ထိုင်ရာမှမထဘဲ

"သခင်လေးနဲ့မလေးငှက်မယ်တို့ကို လာနှုတ်ဆက်တာပါ။ ဒါပေ မယ့် သခင်လေးက အိမ်မှာမရှိ၊ မလေးငှက်မယ်ကလဲ အိပ်နေတာနဲ့ ဒီမှာထိုင်ပြီး စကားပြောနေတာပါ"

"ဒီလိုလား၊ တကယ်ကတော့ ယုန်ယွမ်းဟာ မယ်မယ့်အနားမှာ နေ့ညမဟူ ခြေဆုပ်လက်နယ်ပြုနေရတာပါ။ နှုတ်ဆက်ချင်းနှုတ်ဆက်ယင် ကိုယ်လာပြီးနှုတ်ဆက်မှာပေါ့။ ဘာဖြစ်လို့ ဒီကိုတကူးတကန့် လာနေရ တာလဲ။ ကဲပါလေ ခုလိုလာတော့လဲ အတော်ပဲ။ ခုတော့ ယုန်ယွမ်းဆီ လာမလို့ဟာ ဝတ်ရုံကြီးကပူလွန်းလို့ အိမ်မှာခဏအဝတ်လဲဦးမယ်ဆိုပြီး ဝင်လာတာ။ ခု ဘုရားသိကြားမသိုက်တော့ ယုန်ယွမ်းဆီကို သတ်သတ် မလာရတော့ဘူးပေါ့"

ကျိုလျှံသည် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။ ယန့်ယွမ်းက ကိစ္စကိုမေးမြန်းလေ၏။ ကျိုလျှံက တခစ်ခစ် ရယ်လိုက်လျက်

“ငါမေ့နေတယ်။ ယန့်ယွမ်းကတော့ အမှတ်ရချင်ရမလား မသိဘူး။ မနှစ်တုန်းက မယ်မယ့်မွေးနေ့မှာ ကိုရင်ကြီးတစ်ပါးက မယ်မယ့်ကို မဟူရာကျောက်နဲ့လုပ်တဲ့ အယားဖျောက်တဲ့ လက်တံကလေးတစ်ခု ပေးသွားတယ်လေ။ ဒီပစ္စည်း မယ်မယ်ကသဘောကျတော့ မိတ်ဆွေတွေကို ပြရအောင်ဆိုပြီး သူ့အခန်းဆောင်ကို ယူသွားခဲ့တယ် မဟုတ်လား။ ဒါနဲ့ ပြီးခဲ့တဲ့မွေးနေ့တုန်းကမယ်မယ်သိမ်းထားတဲ့ အဖိုးတန်ရှေးဟောင်းပစ္စည်းတွေကို စာရင်းထဲကိုလျှောက်ကြည့်တော့ စာရင်းထဲမှာသာ ပါပေမယ့် ပစ္စည်းကိုရှာလို့မတွေ့ဘူး။ ပစ္စည်းသိုလှောင်ခန်းကလူတွေကလဲ ဒီပစ္စည်းကို သိမ်းဖို့ တစ်မေးတည်းလာမေးနေကြတယ်။ စာရင်းထဲမှာပါပြီး ပစ္စည်းကို ရှာလို့မတွေ့ဘူးတဲ့။ အဲဒီတော့ ဒီပစ္စည်းဟာ မယ်မယ့်အခန်းထဲမှာပဲ ရှိသေးသလား။ ဒါမှမဟုတ် မယ်မယ်ကများ တစ်ယောက်ယောက်ကို ပေးလိုက်သလား။ နင်တို့မသိကြဘူးလား”

“မယ်မယ်က အဲဒီပစ္စည်းကို မကြာခဏ ထုတ်ကြည့်ဘယ်ရှင့်။ နောက်ကျတော့ ဒီပစ္စည်းကိုကြည့်ရဘာ ရိုးသွားလို့ထင်ပါရဲ့။ မလေးငှက်မယ်ကို ပေးလိုက်ဘယ်လေ။ အဲဒီပစ္စည်းကို အပို့ခိုင်းလိုက်တဲ့နေ့ကိုတောင် ကျွန်မမှတ်မိသေးတယ်လေ။ သခင်လေးကျိုလျှံ မမှတ်မိလို့ရှိယင် မလေးငှက်မယ်ကိုဖြစ်ဖြစ်၊ ပင်အဲကိုဖြစ်ဖြစ်မေးကြည့်ပါလား၊ သူတို့သိမှာပေါ့”

ကျိုလျှံ လဲလှယ်ရန် အဝတ်အစားများသွားယူနေသည့်ပင်အဲ ပြန်ဝင်လာသည့်အခါ ထိုစကားများကိုကြားလိုက်လေ၏။

“ဟုတ်ဘယ်လေ။ ဒီကိစ္စပဲလာပို့တာပါ။ အပေါ်ထပ်သိုလှောင်ခန်းထဲမှာရှိပါတယ်။ မယ်မယ်ကိုယ်တိုင် ပင်အဲတို့အိမ်ဖို့ဆိုပြီး သေသေချာချာ ပါးစပ်ကမှာပြီးပို့လိုက်သားပဲ။ အိမ်ကစာရင်းကိုင်တွေက နမော်နမဲ့လုပ်လို့ စာရင်းထဲမှာကျန်နေတာ ဖြစ်မှာပေါ့။ ခုလဲ ဘာမဟုတ်တဲ့ အသေးအဖွဲ့ကလေးတွေကို အချိန်ကုန်ခံပြီး ပြောနေကြပြန်ပြီ”

ကျိုလျှံကပြုံးလိုက်လေ၏။

“ဟောဗျ။ ဟုတ်လား။ နင်တို့မလေးငှက်မယ်ကိုပေးတယ်ဆိုတာ ငါတောင် မသိရပါကလား။ ကေန္တ နင်တို့နှစ်ယောက် အုပ်စီးထားကြပြီ ထင်တယ်”

ပင်အဲက

“ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ မလေးငှက်မယ်က ပြောသလား။ သခင်လေးကျိုလျှံက ဒီပစ္စည်းကို တစ်ယောက်ယောက်ကို ပေးချင်တယ် မဟုတ်လား။ ဒါပေမယ့်မလေးငှက်မယ်က သဘောမတူဘူးလေ။ ဒီတော့ ကျွန်မတို့ကလဲဝှက်ထားရတာပေါ့။ ခု သခင်လေးကျိုလျှံက ဒါတွေမေ့ပြီး ခု ကျွန်မတို့ကို သက်သက်စွပ်စွဲနေတာပေါ့။ ပစ္စည်းက အဖိုးထိုက် အဖိုးတန် မဟုတ်လား။ ကျွန်မတို့လေ ဘာကိုဖြစ်ဖြစ် သခင်လေးကို ကွယ်ဝှက်မထားဘူး။ ဒါမပြောနဲ့၊ ဒီပစ္စည်းထက်ဆယ်ဆတန်တဲ့ ပစ္စည်းကိုတောင် ကျွန်မတို့ကွယ်ဝှက်ထားတာမဟုတ်ဘူး။ ဒီတော့ ဒီပစ္စည်းကျမှ ကျွန်မတို့က ဘာဖြစ်လို့ ကွယ်ဝှက်ထားရမှာတဲ့လဲ။ ဘာများ အဖိုးတန်လို့လဲ”

ကျိုလျှံသည် ခေါင်းကိုငုံ့၍ အတန်ကြာမျှ စဉ်းစားနေပြီးနောက် လက်ခုပ်တီးလိုက်လျက်

“ဟုတ်သားပဲ၊ ငါမေ့သွားတယ်။ ငါလဲဘယ်လိုဖြစ်နေမှန်း မသိတော့ပါဘူးဟာ။ နင်တို့ အပြစ်ဆိုမယ်ဆိုယင်လဲ ဆိုစရာပေါ့။ ငါ့မှတ်ဉာဏ်ကလဲ အလျင်ကလိုမဟုတ်တော့ဘဲကိုး”

ယန့်ယွမ်းက ပြုံးလျက်

“ဒါကတော့ သခင်လေးရဲ့ အပြစ်ချည်းတော့လဲ မဟုတ်ပါဘူး။ သခင်လေးမှာလဲ အလုပ်ကိစ္စတွေက အများသားမဟုတ်လား။ လူတွေကလဲ တစ်နေ့တစ်နေ့ကို တစ်လှေချည်းလာပြီး ဟိုဟာတောင်း ဒီဟာတောင်းလုပ်ကြ၊ ပြီးတော့ သခင်လေးကျိုလျှံကလဲ အရက်ကလေး ဘာလေးသောက်တော့ ကြာတော့ သောက်ရင်းစားရင်းနဲ့ပဲ မေ့သွားတော့တာပေါ့။ ဒီတော့ အသေးအဖွဲ့ကလေးတွေကို ဘယ်မှာမှတ်မိနိုင်ပါတော့မလဲ”ဟု ဆိုကာ ထိုင်ရာမှထ၍ ပြန်မည်ပြုလေ၏။ ဤတွင် ကျိုလျှံက ချက်ချင်းထရပ်လိုက်လျက်

'နေပါဦး ယုန်ယွမ်းရယ်။ ခဏထိုင်စမ်းပါဦး။ယုန်ယွမ်းကိုပြောချင်တာ တစ်ခုရှိလို့ပါ။ ဒီကောင်မလေးတွေကလဲ လက်ဖက်ရည်ကိုလက်ဖက်ခြောက်ကောင်းကောင်းနဲ့ ကျိုခဲ့ပါလား၊ သွား နောက်ထပ်လက်ဖက်ရည်ခွက်တစ်ခွက်အသစ်တစ်လုံးယူခဲ့။ ပြီးတော့ လက်ဖက်ခြောက်ကိုလဲ တို့လက်ဆောင်ပဏ္ဏာရတဲ့အထဲက လက်ဖက်ခြောက်ကိုကျို"

ကျိုလျှံသည် အစေတော်ကလေးများကို မာန်မဲ့လျက် ရှိလေ၏။ ထိုနောက် ယုန်ယွမ်းဘက်သို့လှည့်လိုက်ပြီးလျှင်

"ခုတစ်လောမှာ ငါ့မှာလဲ မယ်မယ်ရဲ့ မွေးနေ့အတွက် ငွေကုန်ကြေးကျသိပ်များနေတယ် ယုန်ယွမ်းရယ်။ ငါ့မှာရှိတဲ့ငွေစင်ပိဿာ တစ်ရာနှစ်ရာလောက်လဲ ကုန်ပြီဆိုပါတော့။ ပြီးတော့ တို့ရစရာရှိတဲ့အိမ်လခတွေ မြေထောက်ခတွေကလဲ နဝမလကျမှရမှာ။ ဒီအတွင်း တစ်ပြားမှ ရမှာမဟုတ်သေးဘူး။ ဒါကြောင့် တို့မှာလဲကျပ်တည်းနေတယ်။မနက်ဖြန်ဆိုယင် ငါ့မှာ နာနန်းကိုယ်တော်လေးရဲ့ မွေးနေ့အတွက် လက်ဆောင်တွေပို့ရဦးမယ်။ ပြီးတော့လဲ ရွှေနန်းတော်ကြီးက မြောက်နန်းမိဖုရားကို လက်ဆောင်ပဏ္ဏာများဆက်ရမယ်။ မင်္ဂလာဆောင်တွေ၊ အသုဘတွေကလဲနည်းတာတွေမဟုတ်ဘူး။ ဒီတော့ ငါ့မှာ ငွေစင်ပိဿာ နှစ်ရာသုံးရာလောက်လိုနေတယ်။ ဒီလောက်များတဲ့ ငွေတွေကို ဘယ့်နှယ်လုပ်ပြီး ချက်ချင်းရှာလို့ရမလဲ။ 'ငွေချေးချင်းချေးယင် အပြင်ကလူတွေဆီက ငွေချေးတာထက် ကိုယ့်အရင်းအချာထဲက လူဆီက ချေးရတယ်' ဆိုတဲ့စကားပုံလိုပဲ။ ဒီတော့ ငါ့မှာလဲ ယုန်ယွမ်းကိုပဲ အပူကပ်ရတော့မှာပဲ။ ခုလောလောဆယ်မှာ မယ်မယ်အသုံးမပြုတဲ့ ရွှေပန်းကန်တွေ၊ ငွေပန်းကန်တွေ ရှိတယ်မဟုတ်လား။အဲဒါတွေကို ငါ့ကိုခဏယူပေးပါလားယုန်ယွမ်းရယ်။ နောက်တော့ ငါပြန်ပေးမှာပေါ့။ ခု ဒီပစ္စည်းတွေကို သူများဆီ ခဏ ပေါင်နှံထားလိုက်မယ်လေ။ နောက် ခြောက်လလောက် ရှိလို့ ရစရာရှိတဲ့ ပိုက်ဆံတွေပြန်ရလာယင် ငါရွေးပေးမှာပေါ့"

ယုန်ယွမ်းက ရယ်လိုက်လျက်

"သခင်လေး ကျိုလျှံဟာ တော်တော်လည်သားပဲ၊ ဘယ်ဆိုးလို့လဲ"

"တကယ်ပါဟာ။ ငါနင့်ကိုမလိမ်ပါဘူး။ အိမ်မှာငွေထည်တွေကို ထိန်းတဲ့လူတွေအများကြီးရှိပါတယ်။ ဒါပေမယ့် ယုန်ယွမ်းလောက် စဉ်းစားဉာဏ်ရှိပြီး ယုန်ယွမ်းလောက်သတ္တိကောင်းတဲ့သူ တစ်ယောက်မှ မရှိဘူး။ ခုလိုများ ရွှေပန်းကန် ငွေပန်းကန်တွေကို ထုတ်ပေးဖို့သွားပြောယင် တက်ပြီးများသေသွားကြမလားမသိဘူး။ ဒီတော့ ငါ့အနေနဲ့လဲ ဗုံအပေါက်တွေကို လျှောက်တီးမနေတော့ဘဲ ရွှေခေါင်းလောင်းကိုပဲ တီးရတော့တာပေါ့ဟာ"

ထိုသို့ပြောဆိုနေစဉ် မယ်မယ်၏ အစေတော် တစ်ယောက်သည် ယုန်ယွမ်းကိုလာရှာလေ၏။

"အစ်မကို မယ်မယ်က မေးနေတယ်။ ကျွန်မတို့ လိုက်ရှာလိုက်တာနှံ့နေတာပဲ။ လက်စသတ်တော့ ဒီမှာရောက်နေတာကိုး"

ယုန်ယွမ်းလည်း ခပ်သုတ်သုတ်ပြန်သွားလေ၏။

ယုန်ယွမ်းပြန်သွားသည့်အခါ၌ ကျိုလျှံ နတ်ငှက်မယ်၏အဆောင်သို့ ဝင်ခဲ့လေ၏။ နတ်ငှက်မယ်မှာ အိပ်ရာမှနိုးလျက်ရှိပြီး ငွေထည်များကို ယုန်ယွမ်းထံချေးငှားနေသံကို ကြားလိုက်လေ၏။ နတ်ငှက်မယ်သည် သူတို့နှစ်ယောက်ထဲတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလိုသည့်အတွက် မည်သို့မျှမပြောတော့ဘဲ အိပ်ရာပေါ်တွင် လဲလျောင်းရင်း နားထောင်လျက်ရှိလေ၏။

"ဘယ့်နှယ်လဲ၊ ရမယ်တဲ့လား"

"သေတော့ မသေချာသေးဘူး။ဒါပေမယ့် မျှော်လင့်ချက်တော့ ရှိတယ်ထင်တာပဲ။ ဒီတော့ ညနေပိုင်းလောက်ကျယင် ငှက်မယ် ကူးပြီးပြောပေးပါဦး"

"ဟင့်အင်း၊ ငှက်မယ် ဒီလိုသူများဆီက ချေးတာငှားတာမျိုးကို မလုပ်ချင်ဘူး။ ပြီးတော့ မောင်မောင်ကလဲ ကိုယ်လိုချင်တာရယင် ကတိတွေဘာတွေကို သိပ်အလေးထားတာမဟုတ်ဘူး။ ဒီတော့ မောင်မောင့်အတွက် ဘယ်လိုလုပ်ပေးရမှာလဲ။ ပြီးတော့ မယ်မယ့်နားကို ရောက်သွားယင် ငှက်မယ်တစ်သက်လုံး မျက်နှာကောင်းရသမျှ ဒီတစ်ချက်တည်းနဲ့ မျက်နှာပျက်ရမှာ"

“ကဲပါကွယ်။ ငါ့မယားက လိမ္မာသားနဲ့။ ဒါလေးကိုတော့ မောင်မောင့်အတွက် လုပ်ပေးပါနော်။ ဒါလေးကို ပြောပေးယင် ကိုယ့်မိန်းမကို ကျေးဇူးဆပ်ပါ့မယ်”

“ဘယ်လိုကျေးဇူးဆပ်ရမှာလဲ”

‘ဘယ်လိုပဲဆပ်ရဆပ်ရကွာ။ မင်းခိုင်းတာကို လုပ်ပါ့မယ်”

ကျွတ်ပင် ပင်အဲက

“ဒီပြင်ပစ္စည်းကို ကျေးဇူးဆပ်ဖို့မတောင်းနဲ့မလေးငှက်မယ်။မနေ့ညနေတုန်းက မလေးငှက်မယ်မှာ ငွေတစ်ပိဿာလောက် လိုနေတယ်လို့ ပြောတယ် မဟုတ်လား။ ဒီတော့ ချေးလို့ရလာယင် မလေးငှက်မယ်က ငွေတစ်ပိဿာယူထားလိုက်ပေါ့။ဒီလိုဆိုယင် နှစ်ယောက်စလုံးအဆင်မပြေဘူးလား”

“အေး ဟုတ်တယ်။ ညည်းပေးတဲ့အကြံ သိပ်ကောင်းတယ်”ဟု နတ်ငှက်မယ်က ရွှင်မြူးစွာပြောလေ၏။ ကျိုလျှံက

“အလိုလေး၊ ကျေးဇူးပြန်ဆပ်ဖို့တောင်းတာကလဲ တယ်ပြီးများလှပါကလား။ ဟိုတုန်းက ငှက်မယ်ရဲ့လက်ထဲမှာ ငွေစင်ပိဿာငါးပိဿာဆိုလဲ လှယ်တယ်။ ဆယ်ပိဿာဆိုလဲ လှယ်တယ်။ အဲဒီလိုအချိန်မျိုးတုန်းက ပစ္စည်းကို ပေါင်ဖို့နှံဖို့ပြောသံကိုများ ကြားဖူးလို့လား။ တကယ်ကတော့ ငှက်မယ်ဆီကိုချေးတာငှားတာမလုပ်တဲ့အတွက် ငှက်မယ်ကတောင် ကျေးဇူးတင်ဖို့ကောင်းတာ။ ခုဟာက ငှက်မယ်အနေနဲ့ ယုန်ယွမ်းကို စကားလေး တစ်ခွန်းနှစ်ခွန်းလောက် ပြောပေးရုံကလေးပါ။ ဒါလေးအတွက်တောင်မှ ခု အဖိုးတွေဘာတွေ တောင်းနေရသေးသလားကွယ်။ ဒီကတော့....”

ကျိုလျှံ မည်သို့မျှ ဆက်မပြောရသေးမီ နတ်ငှက်မယ်သည် ထိုင်ရာမှ ထလိုက်၏။

“အံမယ်လေး၊ ငွေသုံးပိဿာလဲ မရှိဘူး၊ ငါးပိဿာလဲ မရှိဘူး။ ရှိယင်လဲ မောင်မောင့်ဆီကရတာ မဟုတ်ဘူး။ ငှက်မယ်ဘာသာ ရှာဖွေထားရတဲ့ ပိုက်ဆံ။ ခုတလော ဝင်းထဲမှာရော ဝင်းပြင်မှာရော ငှက်မယ် မကောင်းကြောင်းပဲ ပြောနေကြတာ။ နားတောင် မဆံ့တော့ဘူး။

ဒီတော့ အဲဒီ မကောင်းပြောတဲ့အထဲမှာ မောင်မောင်လဲ ပြောချင်ပြောပေါ့။ အပြင်က သရဲဝင်တယ်ဆိုတာ အိမ်တွင်းကတစ္ဆေဖိတ်လို့ ဝင်ရဲတာတဲ့။ ကဲ ဒီမှာငှက်မယ်မေးမယ်။ ဝမ်ဆွေမျိုးစုရဲ့ ပိုက်ဆံတွေမှန်သမျှ ဘယ်ကရဘယ် ထင်သလဲ။ အဲဒါ မောင်မောင်တို့ ဆွေမျိုးစုတွေဆီက ချည်းပဲ ရဘယ်ထင်လို့လား။ ဒါတွေကိုမပြောချင်ဘူး မောင်မောင်။ အဲဒီတုန်းက မောင်မောင်တို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ် ငွေပြားသွန်းတဲ့စက်ရုံပိုင်ရှင်တွေလိုထင်ခဲ့ကြတယ်။ ဝမ်ဆွေမျိုးစုအိမ်မှာလှင့်ပစ်တဲ့ အရိုးအရင်းကလေးတွေကိုကောက်စုယင်တောင် တစ်သက်စာစားလို့ ကုန်မှာမဟုတ်ဘူး။ ဒီတော့ ဒီလိုမောင်မောင်ပြောနေတာတွေကို မောင်မောင့်ဘာသာ မရှက်ဘူးလား။ ဒီမှာမောင်မောင်၊ ငှက်မယ်ပြောတာက အသားလွတ် ပြောနေတာ မဟုတ်ဘူး။ အထောက်အထားနဲ့ပြောနေတာ။ ဒီပြင်မကြည့်ပါနဲ့။ ဒီကို ဒေါ်လေးဝမ်နဲ့ ငှက်မယ်ယူလာတဲ့ ခန်းဝင်ပစ္စည်းချည်းကိုက နည်းလို့လား။ ဒီတော့ ငှက်မယ် ဘယ်နေရာကကြည့်ကြည့် ဘယ်ဘက်ကိုလိုက်ကြည့်ကြည့် ငှက်မယ်တို့ဝမ်မျိုးဟာ မောင်မောင်တို့ကျိုမျိုးသက်အောက်ဘန်းမကျပါဘူး။ ဒီလောက်လဲ အထင်မသေးပါနဲ့”

ကျိုလျှံကရယ်သိုက်လျက်

“ငှက်မယ်ကလဲကွယ်၊ စတာပါ။ ဒီလောက်တောင် စိတ်ဆိုးရသလား။ ငှက်မယ်က ငွေသုံးလေးပိဿာလိုချင်တယ်ဆိုတာ အကြောင်းမဟုတ်ပါဘူး။ ဒီလောက်ကိုတော့ မောင်မောင် အချိန်မရွေးရှာပေးနိုင်ပါတယ်။ ဒီထက်မကလိုချင်ဘယ်ဆိုယင်လဲ ရနိုင်ပါတယ်။ ဘယ်တော့လိုချင်သလဲ။ ခုလိုချင်သလား”

“အံမယ်လေး၊ ဒီလောက်လဲမလိုသေးပါဘူး။ ဘာလဲ ငှက်မယ်ရဲ့မသာစရိတ်လား။ ငှက်မယ် ခုချက်ချင်းမသေသေးပါဘူး။ ဘာဖြစ်လို့ ဒီလောက်အလောသုံးဆယ် ဖြစ်နေတာလဲ”

“ဒီလို မပြောပါနဲ့ကွယ်။ ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ”

“သူများစိတ်ဆိုးတာကို လိုက်အပြစ်ပြောမနေပါနဲ့။ကိုယ်ပြောတဲ့စကားကို ကိုယ်ပြန်စဉ်းစားကြည့်ဦးပေါ့။ သူများကျတော့ ပြောလိုက်

တာ။ ရက်ရက်စက်စက်။ ဒီကတော့ ကိုယ့်အတွက် ဒီလောက်စဉ်းစားတာ မဟုတ်ပါဘူး။ သူများတွေအတွက်ချည်းပဲ လိုက်စဉ်းစား နေရတာ။ ဒါလဲ အကောင်းပြောကြတာ မဟုတ်ဘူး။ သန်ဘက်ခါဆိုယင်ရှင့်ဒုတိယ မယား အကြီးမဆုံးတာ တစ်နှစ် ပြည့်တော့မယ်။ သူများက အကြီးမ အပေါ်မှာ သိပ်သံယောဇဉ်ကြီးတော့ သူ့သင်္ချိုင်းကိုသွားပြီး အမွှေး တိုင်နဲ့ ငွေစက္ကူကို မီးရှို့ပူဇော်မယ်လို့ စိတ်ကူးနေတာ။ အကြီးမမှာ သားသမီးရယ်လို့ တစ်ယောက်မှမကျန်ရစ်ခဲ့ပေမယ့် သူ့အတွက်ကောင်းမှု ကုသိုလ်ကလေးဘာလေးလုပ်ယင် ကောင်းမှာဆိုပြီးအလှူအတန်းလုပ်မလို့ စိတ်ကူးနေတာ”

ကျိုလျံသည် ခေါင်းကိုငုံကာ အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိလေ၏။

“ဟုတ်သွားပဲ။ သူဆုံးတာကို မောင်မောင်တောင်မေ့နေတယ်။ ငှက်မယ်က သတိရတယ်ဆိုတော့ ကောင်းတာပေါ့။ ငှက်မယ် လိုချင်တဲ့ ပိုက်ဆံကိုလဲ ပေးပါမယ်ကွယ်။ ဒါပေမယ့် သန်ဘက်ခါကျမှ လုပ်မှာဆိုယင် မနက်ဖြန်ညနေအထိ စောင့်လိုက်ပါ။ မောင်မောင်တို့ ငွေထည်ရွှေထည်ကလေးတွေကို ပေါင်လိုက်ဦးမယ်။ အဲဒီတော့မှ ကြိုက်သလောက် ယူပေါ့”

ထိုစဉ် လိုင်ဝမ်းမိန်းမသည် ဝင်လာလေ၏။

“ဘယ်လိုလဲ။ ကိစ္စပြီသွားပြီလား”ဟု နတ်ငှက်မယ်က မေးလေသည်။

“မပြီးသေးဘူးရှင့်။ ဘာမှမလုပ်ရသေးဘူး။ ကျွန်မထင်တာကတော့ မလေ ငှက်မယ်ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်လိုက်ယင် ပြီးသွားမယ်ထင်တာပဲ”

ကျိုလျံသည် သူတို့နှစ်ယောက် ပြောသည့်စကားများကို နားမလည်သည့်အတွက် သိချင်စိတ်ပြင်းပြလျက်ရှိလေ၏။

“သိပ်အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး မောင်မောင်ရယ်။ လိုင်ဝမ်းမှာ သားတစ်ယောက်ရှိတယ် မောင်မောင်ရဲ့။ ဒီနှစ်ဆိုယင် ဆယ့်ခုနှစ်နှစ်တင်းတင်း ပြည့်ပြီ ဆိုပါတော့။ လူပျိုပေါ့လေ။ သူတို့ဘက် မယ်

မယ့် အနားမှာ တာဝန်ကျတဲ့ အစေတော် ဆေရှားနဲ့ လက်ထပ်ဖို့ လာပြီး ကမ်းလှမ်းနေတယ်။ ဒါပေမယ့် ဒေါ်လေးဝမ်က သဘောတူမလား၊ မတူဘူးလား ဆိုတာတော့ မသိသေးဘူး။ တစ်နေ့တုန်းကတော့ ဒေါ်လေးဝမ် ကိုယ်တိုင်က ဆေရှားဟာ အရွယ်လဲ ရောက်ပြီတဲ့။ နှလဲ နှနယ်တယ် တဲ့။ ဒီတော့ သူ့ကို စံအိမ်မှာ အစေတော်အဖြစ် မထားတော့ဘဲ လွတ်လပ်ခွင့် ပေးဖို့တော်ပြီလို့ ပြောတယ်။ အိမ်ကို ပြန်ပို့လိုက်တယ်ဆိုယင် သူ့မိဘများမှာလဲ ဆေရှားကို အိမ်ထောင်ရက်သား ချပေးနိုင်ပြီပေါ့။ ဒီတုန်းမှာ လိုင်ဝမ်းရဲ့မိန်းမ ငှက်မယ်ဆီကို ရောက်လာတယ်လေ။ သူတို့နှစ်ယောက်စလုံးလဲ တော်ပါတယ်။ လိုက်လဲ လိုက်ကြပါတယ်။ ဒီတော့ သွားပြောလိုက်တယ်ဆိုယင် မိန်းကလေးဘက်ကလဲ သဘောတူမှာ သေချာပါတယ်။ ဒါပေမယ့် ခုထိ ဘာမှ သွားမပြောရသေးဘူး တဲ့။ ငှက်မယ် လိုက်ပြောပေးဖို့ လာပြောနေတာ”

“မတူလဲ ဘာဖြစ်သလဲ။ လောကကြီးမှာ ဆေရှားထက်သာတဲ့ မိန်းကလေးတွေ ပြည့်လို့ပါ”

လိုင်ဝမ်း၏မိန်းမသည် ပြုံးလိုက်လျက်

“ဒါကတော့ သခင်လေးအမြင်နဲ့ ကြည့်တာကိုး။ တကယ်လို့ သူ့မိဘများက ကျွန်မတို့ကမ်းလှမ်းချက်ကို လက်မခံလိုက်ဘဲ ပယ်ချလိုက်တယ်ဆိုယင် ကျွန်မတို့မှာ နှစ်ခါရှက် ဖြစ်ရမှာ သခင်မလေးရဲ့။ ပြီးတော့ တခြားသူတွေကလဲ ကျွန်မတို့ကို အထင်သေးကုန်တော့မှာ။ ခုခေတ်မှာ သင့်လျော်တဲ့ မိန်းကလေးတစ်ယောက်ကို ရှာဖို့ဆိုတာကလဲ လွယ်တာမဟုတ်ဘူး။ သခင်လေး ပြောလိုက်ယင်လဲ ကိစ္စပြီးသွားမှာပါ။ မလေး ငှက်မယ် ပြောလိုက်တယ် ဆိုယင်တော့ မပြောနဲ့တော့ပေါ့လေ။ ချက်ချင်းကို သဘောတူလိုက်မှာ။ ဒါနဲ့ ကျွန်မလဲ မနေနိုင်တာနဲ့ တစ်ယောက်ကိုခေါ်ပြီး တီးခေါက်အကြည့်ခိုင်းတယ်ရှင့်။ ဒါပေမယ့် ကျွန်မတို့ကို နှင်ပစ်လိုက်တယ်ရှင်။ ကလေးမကလေးကတော့ မဆိုးပါဘူး။ လက်ခံမယ့် ပုံပါပဲ။ ဒါပေမယ့် အဖေနဲ့ အမေက သူတို့ သမီးအတွက် မျှော်ကြီးကြီးကျယ်ကျယ် မှန်းထားပုံရတယ်”

ဤသည်မှာ နတ်ငှက်မယ်နှင့် ကျီလျှံတို့၏သိက္ခာကိုလည်း စော်ကားသည်နှင့် တူနေ၏။ နတ်ငှက်မယ်သည် အနီးတွင် ကျီလျှံရှိနေသေးသည့်အတွက် မည်သို့မျှမပြောတော့ဘဲ အသာပင် နေလိုက်လေ၏။ ကျီလျှံမှာ ထို့ထက် အရေးကြီးသော ကိစ္စများ ရှိသဖြင့် ထိုကိစ္စကို အရေးတကြီး မထားလှချေ။ သို့ရာတွင် လိုင်ဝမ်းမှာ နတ်ငှက်မယ်နှင့် မိမိ မင်္ဂလာဆောင်ပြီး၍ နတ်ငှက်မယ် ဤစံအိမ်ကြီးသို့ ပြောင်းလာကတည်းက လိုက်ပါလာသည့် သစ္စာရှိ ကျွန်ယုံကြီး ဖြစ်သည့်အတွက် ကျီလျှံသည် လိုင်ဝမ်းမိန်းမ၏ တောင်းဆိုချက်ကို ငြင်းပယ်ခြင်း မပြုနိုင်တော့ချေ။

"ဒီကိစ္စက ဒီလောက် အရေးမကြီးပါဘူးကွယ်။ ဘာဖြစ်လို့ ဒါကို ခေါင်းထဲမှာ ထည့်နေရတာလဲ။ ကဲ၊ ပူမနေနဲ့။ သွားစရာရှိတာကို သွားတော့။ မနက်ဖြန်ကျယင် ကျုပ်ကိုယ်တိုင်လိုက်ပြီး အောင်သွယ် လုပ်ပေးမယ်။ ကျုပ် ကိုယ်စားလှယ်နှစ်ယောက်ကိုလဲ သူတို့ဆီကို လက်ဆောင် ပစ္စည်းတွေနဲ့ လွှတ်လိုက်မယ်။ တကယ်လို့ သူတို့က ငြင်းနေသေးတယ်ဆိုယင် ကျုပ်ဆီကို လာတွေ့လှည့်"

နတ်ငှက်မယ်က အချက်ပြလိုက်သည့်အခါ၌ လိုင်ဝမ်း၏ မိန်းမသည် အပြင်တွင် ဒူးထောက်ထိုင်ကာ ကျီလျှံကို ရိုသေစွာ ဦးညွှတ်လေ၏။

"ကျုပ်ကိုအရိုအသေပေးမနေပါနဲ့ဗျာ။ ခင်ဗျား သခင်မ မလေး ငှက်မယ်ကိုသာ အရိုအသေပေးပါ။ ကျုပ်ဘက်ကလဲ ကျုပ် တတ်နိုင်တာကို လုပ်ပေးမယ်။ မလေးငှက်မယ်ကလဲ ဆရာ့ရဲ့အမေဆီကို လူလွှတ်ပြီး နည်းနည်းပါးပါးအပြောခိုင်းပေးမယ်။ သူတို့ကိုလဲ သမီး ရှင်အနေနဲ့ လေးစားရာရောက်တာပေါ့။ နို့မို့ယင် ကျုပ်တို့က သူတို့သမီးကို အနိုင်အထက်ယောကျ်ားပေးစားတယ်လို့ ပြောစရာဖြစ်နေလိမ့်မယ်"

နတ်ငှက်မယ်က

"ဒါကတော့ မောင်မောင်ရယ်။ မောင်မောင့်ကိုယ်တိုင် ဒီကိစ္စကို လုပ်ပေးနေတယ်ဆိုယင် ငှက်မယ်အနေနဲ့လဲ ဒီတိုင်း လက်ပိုက် ကြည့်နေလို့ ဘယ်ကောင်းပါတော့မလဲ။ ကဲ ဒေါ်လိုင်ဝမ်းရေ။ ငှက် မယ် တို့

သဘောထားကိုသိရပြီမဟုတ်လား။ ဒီကိစ္စပြီးသွားယင်တော့ ငှက်မယ်ရဲ့ ကိစ္စတွေကို လုပ်ပေးနော်။ ငှက်မယ် ထုတ်ချေးထားတဲ့ငွေတွေကို နှစ်မကုန်မီ ပြတ်အောင်တောင်းပေးပါလို့ ရှင့်ယောကျ်ားကိုလဲပြောလိုက်ဦး။ တစ်ပြားမှကျန်လို့ မဖြစ်ဘူးနော်။ ငှက်မယ်မှာ ပိုက်ဆံလဲ ချေးရသေး၊ နာမည်လဲ ပျက်ရသေးဆိုတဲ့ အဖြစ်မျိုးတော့ မရောက်ပါရစေနဲ့နော်"

လိုင်ဝမ်း၏မိန်းမက ရယ်လိုက်လျက်

"မပူပါနဲ့ မလေးငှက်မယ်ယ်။ မလေး မကောင်းကြောင်းကို ဘယ်သူပြောရဲပါ့မလဲ။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရမယ် ဆိုယင်တော့ ငွေတိုးချေးမစားတာပဲ ကောင်းတယ်မလေးငှက်မယ်ရေ။ ဒုက္ခလဲ ငြိမ်းတယ်။ လူမုန်းလဲ နည်းတယ်"

နတ်ငှက်မယ်က မျက်နှာကို မဲ့လိုက်လျက်

"အံမယ်လေး၊ ကျွန်မ သိပါတယ်တော်။ ကျွန်မလဲ အားအားယားယားရှိုလို့ ငွေတိုးချေးစားတာ မဟုတ်ပါဘူး။ ဘာဖြစ်လို့ ငွေတိုးချေးစားနေတယ်လို့ ထင်သလဲ။ ခု မောင်မောင်ရယ်၊ ငှက်မယ်ရယ်၊ အစေခံလေးယောက်ရယ် ငွေစင်နှစ်ဆယ်သားပဲရတယ်။ ဘယ်လောက် သုံးရမှာလဲ။ လေးငါးရက်လောက် သုံးလိုက်ယင် ကုန်သွားတာပေါ့။ ဒါ့ကြောင့်မို့ မရရအောင်ရှာနေရတာ။ ဒီလို ရှာနိုင်လို့ပေါ့။ မရှာမျှား မရှာနိုင်ယင် တဲပျက် ဂူပျက်ထဲမှာနေရတာ ကြာလှပြီ။ ဒါပေမယ့် ဒီက ကောင်မက အားလုံးအတွက် ကုန်းရုန်းရှာရပေမယ့် မျက်နှာကောင်းလဲ မရပါဘူး။ ငွေတိုးချေးစားတယ်၊ အမြတ်ကြီးစားတယ်ဆိုတဲ့ နာမည်ပဲ အဖတ်တင်တယ်။ ဒီတော့ ဒီလိုနာမည်ပျက်ရတဲ့အတူတူ ကျုပ် ကြွေးတွေ အဆုံးမခံနိုင်ဘူး ရှင်ရေ။ ခုလုပ်နေတာ က သုံးရေးရှိယင် သုံးနိုင်အောင်၊ အိမ်မှာရှိတဲ့လူတွေလဲ မတောင့်မတ၊ မကြောင့်မကြ နေနိုင်အောင်ဆိုပြီး ကျုပ်က ရှာဖွေနေတာ။ သိရဲ့လား။

"ဟိုတလောတုန်းက မယ်မယ် မွေးနေ့မတိုင်ခင် ကလေး မှာ ဒေါ် လေးဝမ်ဆိုယင် ငွေရေးကြေးရေးအတွက် နှစ်လ လောက် ကြိုပြီး စိတ်ပူခဲ့ရတယ်။ မယ်မယ်မွေးနေ့က သိပ်ခမ်းခမ်းနားနား လုပ်မှကောင်းမှာ ဆို

တော့ ပိုက်ဆံအကုန်အကျမျှားမယ် မဟုတ်လား။ ဒီတော့ ဒီလောက်များတဲ့ပိုက်ဆံတွေ ဘယ်မှာရှာရမလဲလို့ စဉ်းစားလို့မရဘဲ ဖြင်နေတယ်။

"နောက်ဆုံးကျမှ ငှက်မယ်က အပေါ်ထပ်ကသိုလှောင်ခန်းထဲမှာ ရှေးက သုံးတဲ့ကြေးအိုးကြီးတွေ လေးငါးလုံးလောက်ရှိတဲ့ အကြောင်း၊ ပြီးတော့လဲ သိမ်းထားတဲ့ဘုရားတင်တဲ့ ငွေပန်းအိုးကြီးတွေလဲ အများကြီးရှိတဲ့အကြောင်း ပြောပြရဘယ်။ အဲဒီပစ္စည်းတွေကို ငွေသုံးပိသာနဲ့ ပေါင်ပြီး မယ်မယ့်မွေးနေ့ကို ကူရဘာရှင်ရေ။ ငှက်မယ်ဆိုယင်လဲ ဘယ်လိုလုပ် ငွေရှာပြီးထည့်ရဘယ်ထင်သလဲ။ ငှက်မယ်မှာရှိတဲ့ရွှေနာရီကိုငါးပိသာလေးဆယ့်ခြောက်ကျပ်သားနဲ့ရောင်းပြီး မယ်မယ်ရဲ့မွေးနေ့ကိုကူရဘာရှင့်။ ခု ကျန်တာကလေးကလဲ လဝက်လောက်အတွင်းမှာ ကုန်သလောက်ဖြစ်သွားပြီ။ ခုဆိုယင် စံအိမ်က ငွေတိုက်မှာလဲ ငွေတော်တော်နည်းနေပြီ။ ဒါတောင် တချို့က ကျောက်ခဲနဲ့ညှစ်သလို မယ်မယ်ဆီက ရသမျှကလေးကို လိုချင်ကြလေးတယ်။ ဒီအတိုင်းသာသွားကြယင်တော့ မကြာပါဘူး။ နောင် သုံးလေးနှစ်လောက်ဆိုယင် ငှက်မယ်တို့လဲ ရှိတဲ့အဝတ်အစားကလေးတွေကို ထုခွဲပေါင်နှံရောင်းချစားရမှာပါ။ ဘယ်လောက်ကြည့်ကောင်းလိုက်ကြလဲ"

လိုင်ဝမ်း၏မိန်းမသည် တခစ်ခစ်ရယ်လျက်ရှိလေ၏။

"ဒီလိုတော့ မပြောပါနဲ့ မလေးရယ်။ ကျွန်မတို့သခင်မလေးတစ်ယောက်ယောက်ပိုင်တဲ့ အဝတ်အစားနဲ့ လက်ဝတ်သက်စားတွေကိုရောင်းလိုက်ယင် တစ်သက်တောင် စားလို့ကုန်မှာ မဟုတ်ပါဘူး။ ပြီးတော့ ဒီလိုရောင်းရတဲ့အဖြစ်မျိုးကိုလဲ ဘယ်တော့မှရောက်မှာ မဟုတ်ပါဘူး"

"မရောင်းရဘူးလို့တော့လဲ အတပ်မပြောနဲ့လေ။ ဒီအတိုင်းသာဆက်သွားနေကြယင် ငှက်မယ်လဲ လုံလောက်အောင် မရှာနိုင်ဘူး။ မနေ့ညတုန်းကဆိုယင် အိပ်မက်တွေဘာတွေတောင် မက်လို့၊ မနေ့ညတုန်းက လူတစ်ယောက် ငှက်မယ်ဆီကို ပေါက်လာသတဲ့။ အဲဒီလူ့ရဲ့မျက်နှာကတော့ မြင်နေကျ မျက်နှာမျိုးပဲ။ ဒါပေမယ့် ငှက်မယ်နာမည်ကို စဉ်းစားလို့မရဘဲ ဖြစ်နေတယ်။ ဒါနဲ့ငှက်မယ်က ဘာကိစ္စလဲလို့ မေးတော့ သူ့ကို မြောက်နန်းမိဖုရားက လွှတ်လိုက်ဘာတဲ့။ ငှက်မယ်ဆီကို ပိုးအုပ်တစ်ရာအတောင်း

ခိုင်းလိုက်တယ်တဲ့။ ဒါနဲ့ဘယ်မိဖုရားလဲလို့မေးတဲ့အခါကျတော့ ငှက်မယ်တို့မိသားစုက တော်ကောက်ခံရတဲ့ မြောက်နန်းမတော်လေး မဟုတ်တဲ့အတွက် ငှက်မယ်ကလဲ မပေးဘူးလို့ ငြင်းလိုက်တယ်။ ဒီတင် ငှက်မယ်ရဲ့အခန်းထဲမှာရှိတဲ့ပိုးအုပ်တွေကို အတင်းဝင်လု တော့တာပဲ။ ဒါနဲ့ သူနဲ့လုံးထွေးသတ်ပုတ်ရင်း ငှက်မယ်လဲ အိပ်ရာက လန့်နိုးလာသတဲ့"

လိုင်ဝမ်း၏မိန်းမက ပြုံးကာ

"မလေးငှက်မယ်က ရွှေနန်းတော်ကြီးကို ပေးဖို့လက်ဆောင်ပဏ္ဍာတွေကို တစ်နေကုန် စဉ်းစားလို့ အိပ်မက်မက်တာ ဖြစ်မှာပေါ့"

ထိုစဉ် ရွှေနန်းတော်ကြီးမှ မိန်းမစိုးချုပ် ဆီအားထံမှ မိန်းမစိုးသူငယ်ကလေးတစ်ယောက်ရောက်လာလေ၏။

ကျီလျံက မျက်မှောင်ကုတ်လိုက်လျက်

"ဆိုစမ်းပါဦး၊ ဒီတစ်ခါ ဘာလာလုပ်ပြန်တာတဲ့လဲ။ တစ်နှစ်တစ်နှစ်မှာ တို့ဆီက ငွေတွေကို ညှစ်ရတာ အားမရသေးဘူးတဲ့လား"

နတ်ငှက်မယ်က

"မောင်မောင် အပြောအဆိုသတိထားလေ။ မောင်မောင်တခြားမှာသွားနေချည်။ ဒီကိစ္စကို ငှက်မယ် ကြည့်စီစဉ်လိုက်မယ်၊ ကိစ္စက မဖြစ်စလောက် ကိစ္စကလေးပါ။ ဘာဖြစ်လို့ ကိုယ်တိုင်ပါချင်ရဘာလဲ။ အရေးတကြီးကိစ္စဆိုယင်လဲ သူတို့ကို ဘယ်လိုပထုတ်ချမယ်ဆိုတာ ငှက်မယ်နားလည်ပါဘယ်"

ဤတွင် ကျီလျံလည်း အတွင်းဆောင်ဘက်သို့ ဝင်ရောက်သွားလေ၏။

နတ်ငှက်မယ်သည် မိန်းမစိုးသူငယ်ကလေးအား အထဲသို့ခေါ်လာရန် အမိန့်ပေးပြီးနောက် ရောက်လာသည့်အခါတွင် နေရာထိုင်ခင်းပေးကာ လက်ဖက်ရည်တည်ခင်းလေ၏။ ထိုနောက် လာရင်းကိစ္စကို မေးလေ၏။

"ကျွန်တော်တို့ မိန်းမစိုးချုပ် ကိုယ်တော်ကြီး ဆီအားက ဒီနေ့ သူကြိုက်တဲ့ အိမ်ဘစ်လုံးတွေ့ဘားတယ်တဲ့။ အဲဒီအိမ်ကို သူဝယ်ချင်လို့တဲ့

ခင်ဗျ။ ဒါပေမယ့် သူ့မှာ ငွေစင်နှစ်ပိသာလိုနေလို့တဲ့။ မလေးငှက်မှယ်တို့ဆီမှာ အဆင်သင့်များရှိယင် ကောလုည့်ပါလို့ ကျွန်တော့်ကို ခိုင်းလိုက်ပါတယ်။ သုံးလေးရက်အတွင်း ပြန်ပေးမှာပါတဲ့”

ငှက်မယ်က ခပ်ပြုံးပြုံးဖြင့်

“ပြန်ပေးတာ မပေးတာက အရေးမကြီးပါဘူးကွယ်။ တို့ဆီမှာ ငွေတွေအများကြီးပါ။ ကဲ ကြိုက်သလောက်သာ ယူသွား။ တို့များမှာ ငွေစင်နည်းနေယင်လဲ ရွှေနန်းတော်ကြီးဆီကို မင်းတို့ကိုယ်တော်ကြီး တစ်ဆင့်လျှောက်ယူရမှာပေါ့”

“ပြီးတော့ ကျွန်တော်တို့ကိုယ်တော်ကြီးကမှာလိုက်ပါသေးတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက ချေးထားတဲ့ ငွေစင်ပိသာတစ်ဆယ်ကျော်လောက်လဲ ပြန်ပြီးမပေးရသေးလို့ အားနာပါတယ်တဲ့။ ဒီနှစ်မကုန်ခင်မှာ အားလုံး ပြေလည်အောင် လုပ်ပေးပါ့မယ်တဲ့”

နတ်ငှက်မယ်သည် ပြုံးလိုက်လေ၏။

“မင်းတို့ဆရာက တယ်ပြီး အားနာတာကိုကွယ့်။ ဒါတွေကို မေ့ပျောက်ထားလိုက်ပါလို့ ပြောလိုက်။ သူက ဒီလောက်တောင် ပြောလို့ရှိယင်တော့ ပြောလိုက်ရဦးမယ်။ မင်းတို့ဆရာက တို့များကို ပြန်ပေးစရာဘယ်လောက်များ ရှိသလဲလို့ မေးလိုက်တယ်လို့ပြောပါ။ သိရဲ့လား။ ဒါတွေက ဒီလောက်အရေးမကြီးပါဘူးကွယ်။ တို့မှာဖြင့် သူလိုချင်တဲ့အချိန်မှာ သူတောင်းသလောက် မချေးနိုင်မှာကိုပဲ တွေးပူနေရတယ်။ တို့မှာရှိသလောက်တော့ လိုချင်သလောက် ယူစမ်းပါစေ” ဟု ဆိုကာ နတ်ငှက်မယ်သည် လိုင်ဝမ်း၏ မိန်းမကို လှမ်းခေါ်လိုက်ပြီးလျှင်

“ကဲ ဒေါ်လိုင်ဝမ်းရေ၊ ငွေစင်နှစ်ပိသာလောက်ကို တစ်နေရာရာက သွားယူချေစမ်း”

ဤတွင်လိုင်ဝမ်း၏မိန်းမကလည်း နတ်ငှက်မယ်ဆိုလိုသည့်အချက်ကို နားလည်လိုက်သဖြင့်

“အလို၊ ကျွန်မတောင် မလေးဆီကို ငွေနည်းနည်းလိုလို့ လာချေးတာ။ ကျွန်မက ခု ဘယ်သွားရမှာလဲ”

“အင်း ဟုတ်ပါတယ်၊ ရှင်တို့ပြောမယ့်စကားကို ကျွန်မသိပြီးသားပါ။ ပိုက်ဆံလိုချင်ယင် ငှက်မယ်ဆီကို တစ်ရေးနိုးမရှောင် ဘာမရှောင် ထလာကြတယ်။ ခု ရှင်တို့ကို အပြင်မှာ သွားအရှာခိုင်းယင်တော့ ဘယ်တော့မှ ရှာနိုင်တယ်လို့ မရှိဘူး” ဟုဆိုကာ ပင်အဲဘက်သို့လှည့်၍

“သွား၊ ရော့၊ ဟောဒီက ငါ့ရွှေဆွဲကြိုးနှစ်ကုံးကို ယူသွား။ အဲဒီနှစ်ကုံးကို ငွေစင်လေးပိသာနဲ့ပေါင်ခဲ့”

ပင်အဲသည် ထွက်သွားကာ အချိန်အတော်ကြာသည့်အခါတွင် ဖဲ့ဖြင့်ချုပ်ထားသည့် ဘူးကလေးနှင့်လုံးကို ယူလာခဲ့လေ၏။ ဘူးကလေးကိုဖွင့်လိုက်သည့်အခါတွင် ပိုးစဖြင့်ထုပ်ထားသည့် အထုပ်ကလေး နှစ်ထုပ်စီကို တွေ့ရလေ၏။ အထုပ်တစ်ထုပ်မှာ ကြာစေ့လောက်ရှိသည့် ပုလဲလုံးများစီထားသော မြဘယက်ကြီးတစ်ကုံးဖြစ်လေ၏။ နှစ်ကုံးစလုံးမှာရွှေနန်းတော်ကြီးသို့ လုပ်ပေးသည့် ဘယက်ကြီးများနှင့် အတူတူပင် ဖြစ်လေ၏။ ပင်အဲသည် ထိုဘယက်ကြီးနှစ်ကုံးဖြင့် ထွက်သွားပြီးနောက် ငွေစင်လေးပိသာကို ယူလာကာ နတ်ငှက်မယ်၏ ညွှန်ကြားချက်အရ တစ်ဝက်ကို မိန်းမစိုးသူငယ်ကလေးအား ပေးပြီး ကျန်တစ်ဝက်ကို လိုင်ဝမ်း၏ မိန်းမအားပေးလိုက်လေ၏။ ထိုနောက်တွင် မိန်းမစိုးသူငယ်ကလေးလည်း ပြန်သွားလေ၏။ နတ်ငှက်မယ်သည် အစေခံတစ်ယောက်ကိုခေါ်၍ဝင်းပေါက်အထိ ငွေထုပ်ကိုထမ်း၍ လိုက်ပို့ခိုင်းလိုက်လေ၏။

ထိုနောက်တွင် ကျိလျှံသည် အခန်းထဲမှထွက်လာကာ

“ဒီမိန်းမစိုးဆိုတဲ့ကောင်တွေ တို့ကို ဘယ်လောက်များ ကြာကြာနှိပ်စက်နေဦးမလဲမသိဘူး”

နတ်ငှက်မယ်က ရယ်လိုက်လျက်

“မောင်မောင် ဘယ်လိုပြောလိုက်တာလဲ”

“ဟုတ်တယ်လေ။ မနေ့ကပဲ အဲချောဆိုတဲ့ မိန်းမစိုးပေါက်လာပြီး မောင့်မောင့်ဆီကို ဆယ်ပိသာ လာတောင်းတယ်။ မောင်မောင်ကမရှိသေးဘူးလို့ ပြောလိုက်တော့ မျက်နှာမကောင်းဘူး။ နောင်ဆိုယင် မပေးနိုင်ယင် သည်ထက်သည် ဆိုးလာကြအောင့်မှာ။ အင်း၊ တို့များမှာ နောက်ထပ် ငွေပိသာ တစ်သိန်းနှစ်သိန်း ချမ်းသာယင်လဲ အကောင်းသား”

ထိုသို့ပြောဆိုနေစဉ် ပင်အဲသည် သခင်မဖြစ်သူ နတ်ငှက်မယ်အား ကိုယ်လက်သန့်စင်ရာတွင် ကူညီလုပ်ကိုင်ပေးလျက်ရှိလေ၏။ နတ်ငှက်မယ်လည်း အဝတ်အစားလဲပြီးလျှင် မယ်မယ့်ကိုပြုစုစောင့်ရှောက်ရန် ထွက်လာခဲ့လေ၏။

ကျိုလျံသည် အပြင်စာကြည့်ဆောင်သို့ ထွက်လာခဲ့ရာတွင် ဝင်းမှူးလင်ချိရှောက်ကို တွေ့ရလေ၏။

"ကျိယုဆုန်လဲ အရာကျတယ်လို့ ခုဘင်သတင်းကြားရတယ် သခင်လေး။ အကျိုးအကြောင်းကိုတော့ မသိရသေးဘူး။ ဒါပေမယ့် ရာထူးကကျတာကတော့ အမှန်ပဲလို့ပြောပါတယ်"

"အင်း၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ၊ သူလဲ ဒီနေရာမှာကြာကြာနေရတော့မှာ မဟုတ်တော့ပါဘူး။ တစ်ခုပဲရှိတယ်။ သူပြဿနာဖြစ်ယင် ကျုပ်တို့ပါ ကန့်လန့်ကန့်လန့်နဲ့ပါမှာစိုးရိမ်ရတယ်။ ဒီတော့ သူနဲ့ရှင်းရှင်းနေမှဖြစ်မယ်"

"ဟုတ်တာပေါ့၊ ဒါပေမယ့် သခင်လေးရယ် ရှင်းရှင်းနေတယ်ဆိုတာ အပြောလွယ်သလောက် အလုပ်မလွယ်ဘူးနော်။ ခုလောလောဆယ်ဆိုယင် ကျိယုဆုန်က ကျွန်တော်တို့အရှေ့အိမ်က သခင်ကြီးနဲ့ တော်တော်အလွမ်းသင့်နေကြတယ်။ ပြီးတော့ ကျွန်တော်တို့သခင်ကြီး ကျိရှဲကိုယ်တိုင်ကလဲ သူ့အပေါ်မှာ တော်တော်လေး သံယောဇဉ်ရှိနေတယ်။ ကျွန်တော်တို့ဆီကို မကြာခဏလာနေတယ်ဆိုတာ လူတိုင်းသိနေတယ် မဟုတ်လား"

"ဘယ်လိုပဲဖြစ်ဖြစ်ဗျာ။ သူ့ကိစ္စတွေထဲမှာ ကျုပ်တို့ ဝင်မပါဘူးဆိုယင် အရေးမကြီးပါဘူး။ ဘာကြောင့် ရာထူးပြုတ်တယ်ဆိုတာကို သေသေချာချာသိအောင် စုံစမ်းခဲ့ဗျာ"

လင်ချိရှောက်သည် သူခိုင်းသည့်အတိုင်း လုပ်မည်ဟု ပြောဆိုပြီးနောက် ရုတ်ခြင်းထွက်မသွားသေးဘဲ အနီးတွင်ထိုင်ကာ ငွေရေးကြေးရေး အခြေအနေများကိုမေးမြန်းပြောဆိုလျက်ရှိလေ၏။ ကျိုလျံက သူတို့ငွေရေးကြေးရေး ကျပ်တည်းလျက်ရှိကြောင်းကို စကားစပ်၍ ပြောမိလေ

၏။ ဤတွင် လင်ချိရှောက်သည်လည်း စကားစပ်မိစဉ် အကြံပေးသည့်အနေဖြင့်

"အမှန်ကတော့ ကျွန်တော်တို့အိမ်ထောင်စုသားတွေကို လျှော့ပစ်ဖို့ ကောင်းပြီ သခင်လေး။ ကျွန်တော်တို့အိမ်ထောင်စုက ကြီးလွန်းတယ်။ လူများလွန်းတယ်။ ဥပမာ မယ်မယ်နဲ့ သခင်ကြီးတို့ဆီမှာ အသက်ကြီးလို့ မခိုင်းတော့တဲ့ အခစားတွေကို ဆက်ထားဖို့ မကောင်းတော့ဘူး။ သူတို့ကို ပြန်လွှတ်ဖို့ ကောင်းနေပြီ။ သူတို့မှာလဲ သူတို့ဘာသာ လွတ်လွတ်လပ်လပ် ရှာဖွေလုပ်ကိုင် စားသောက်နိုင်သားပဲ။ အဲဒီတော့ သူတို့ကို ပြန်လွှတ်ယင် ကျွန်တော်တို့မှာ ပိုက်ဆံကုန်လဲသက်သာတယ်။ ဆန်ရေစပါးစတဲ့ ရိက္ခာလဲ သက်သာတယ်။ ပြီးတော့ ကျွန်တော်တို့မှာ အစေတော်တွေကလဲ များလွန်းတယ်လို့ ထင်တယ်။ ခုတော့ ခေတ်လဲ ပြောင်းကုန်ပြီ။ အလျင်တုန်းကလို ထုံးစံတွေကိုလဲ အတိအကျလိုက်နေဖို့ မလိုတော့ဘူးထင်တာပဲခင်ဗျ။ ဥပမာခင်ဗျာ။ အလျင်တုန်း အစေတော် ရှစ်ယောက်ထားခဲ့တဲ့ နေရာမှာ ခြောက်ယောက်ပဲထားတော့မယ်။ အလျင်တုန်းက လေးယောက်ထားခဲ့တဲ့ နေရာမှာ နှစ်ယောက်ပဲ ထားတော့မယ်ဆိုယင် မဖြစ်ဘူးလား။ ဒီတော့ အဆောင် တစ်ဆောင်မှာ အဲဒီလို နည်းနည်း လျှော့သွားခဲ့ယင် ငွေရော ရိက္ခာရောမသက်သာပါလား သခင်လေး။ ပြီးတော့လဲ ကျွန်တော်တို့စံအိမ်မှာ မိန်းကလေး တစ်ဝက်ကျော်ကျော်လောက်ဟာ အရွယ်ရောက်ကုန်ကြပြီခင်ဗျ။ ဒီတော့ သူတို့လဲ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုသလို အိမ်ထောင် ရက်သား ချပေးလိုက်ယင် ကောင်းမယ်ထင်တယ်။ ဒီလိုဆိုယင် ကျွန်တော်တို့ မိသားစုဟာလဲ ကြီးပွားလာနိုင်တယ်။ မကောင်းဘူးလား သခင်လေး"

ကျိုလျံက

"ကျုပ်မှာလဲ ဒီလိုစိတ်ကူးမျိုး ရှိပါတယ်။ ဒါပေမယ့် ဦးကြီးကျိုချိန် ပြန်လာတာကလဲ မကြာသေးဘူး။ ဒီပြင် အရေးကြီးတဲ့ ကိစ္စတွေကလဲ အများကြီးရှိတယ်မဟုတ်လား။ အဲဒီကိစ္စတွေကို မပြောနဲ့၊ ဒီထက်အရေးကြီးတဲ့ကိစ္စတွေကိုတောင်ပြောမပြရသေးဘူး။ မနေ့ကတင် ကျုပ်တို့

ဒံအိမ်မှာ ဝင်ထွက်နေတဲ့ အောင်သွယ်ပွဲစားကြီးတစ်ယောက် လာသေးတယ်ဗျ။ လက်ထဲမှာ ဇာတာကို ကိုင်လို့။ ကျုပ်တို့အထဲက တစ်ယောက်ယောက်နဲ့ နေရာချပေးဖို့ ဆိုပါတော့။ ဒီတော့ ဒေါ်လေး ဝမ် က ဒီအကြောင်းကို ဦးကြီးကျီချိန် ပြန်လာလာချင်းမပြောနဲ့။ စိတ်ဆိုးနေလိမ့်မယ်လို့တောင် ပိတ်ပင်ထားသေးတယ်။ ခုလို မိသားစု ပျော်ပျော်ပါးပါး ပြန်တွေ့ကာစမှာ ဒါမျိုးသွားပြောယင် စိတ်ဆိုးမယ် မဟုတ်လား”

“ဟုတ်တာပေါ့ခင်ဗျ။ သခင်လေးကတော့ တယ်ပြီး ဉာဏ်အမြော်အမြင် ရှိတာပဲနော်”

“အင်း၊ ပြောရင်းဆိုရင်း နောက်တစ်ခုအမှတ်ရသေးတယ်။ ကျုပ်တို့ဝင်းမှူး လိုင်ဝမ်းက ဒေါ်လေးဝမ်ဆီမှာ အလုပ်လုပ်တဲ့ ဆရှားကိုသူ့သားနဲ့လက်ဆက်ပေးချင်တယ်ဗျ။ ဒါနဲ့ မနေ့က ကျုပ်ဆီကို အကူအညီလာတောင်းတယ်။ ဒါကတော့ သိပ် အရေးမကြီးလှပါဘူး။ အေးလေဒီကိစ္စက တော့ ခင်ဗျားတို့ကိုယ်တိုင် သွားရလောက်အောင် အရေးမကြီးလှပါဘူး။ တစ်ယောက်ယောက်ကိုလွှတ်ပြီး သူတို့လက်ထပ်တာကို ကျုပ်သဘောတူတယ်လို့သာ ပြောခိုင်းလိုက်ပါ။ ဟုတ်စ”

လင်ချိရှောက်က သဘောတူလေ၏။ သို့ရာတွင် အတန်ကြာသည့်အခါ ပြုံးလိုက်လျက်

“ကျွန်တော်သာ သခင်လေးဆိုယင် ဒီကိစ္စမျိုးကို ဒီလောက်ဂရုစိုက်မနေနိုင်ပေါင်ခင်ဗျာ။ ပြီးတော့ လိုင်ဝမ်းရဲ့သားဆိုတာကလဲ အသက်ကလဲငယ်၊ အရက်ကလဲသောက်၊ လောင်းကစားကလဲ ပါလိုက်သေးတယ်။ လုပ်လိုက်ဘာမှ စုံလို့ပဲ။ သူ တို့ နှစ် ယောက် စလုံး ဟာ ငွေဝယ်ကျွန်တွေခင်ဗျ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အိမ်တောင်ရက်သားကတော့ ချပေးရမှာပေါ့လေ။ ဆရှားဆိုတဲ့ကောင်မလေးကိုမတွေ့တာ ကြာတော့ ကြာပါပြီ။ ဒါပေမယ့် ကောင်မလေးက တော်တော်ချောတယ်လို့ပြောတယ်။ ဘာဖြစ်လို့များ ဒီလိုကောင်ကို လက်ထပ်ချင်ရတာလဲ မသိပါဘူး သခင်လေးရယ်”

“ဟင်၊ ဒီကောင်လေးက အရက်သမား၊ ဖဲသမား လေးပေါ့၊ ဟုတ်လား”

“အရက်သောက်ရုံ၊ ဖဲရိုက်ရုံတင် မကဘူးခင်ဗျ။ အပြင်မှာလဲ အကြီးအကျယ်သောင်းကျန်းတယ်သို့ကြားရတယ်။ သူ့အမေက သခင်မဝမ်ဆီမှာလုပ်နေတာဆိုတော့ ကျွန်တော်တို့လဲ ဒီကောင်လေးရမ်းသမျှကို မမြင်ချင်ယောင်ဆောင်နေရတယ်”

“ဟင်၊ ကျုပ်မသိရပါလားဗျာ။ ဒီလိုဆိုယင် ဒီကောင်လေးကိုဘာဖြစ်လို့မိန်းမတွေဘာတွေ ပေးစားနေရမှာလဲ။ ရိုက်နှက်ပြီးချုပ်ထားမှဖြစ်မှာပေါ့။ပြီးတော့မှ သူ့ မိဘများကို သူတို့ဘာသာ ဆုံးမခိုင်းပေါ့”

လင်ချိရှောက်က ပြုံးလိုက်လျက်

“ခုအချိန်ကတော့ ဒီလိုလုပ်လို့မကောင်းသေးဘူးခင်ဗျ။ နောက်တစ်ခါပြဿနာပေါ်လာယင် သခင်မလေးကို ကျွန်တော်ပြောပြမယ်လေ။ ပြီတော့မှ သခင်လေးကိုယ်တိုင် ကိုင်ပေါ့။ ခုတော့ ဒီကောင်လေးကို ပြီအတိုင်းလွှတ်ထားလိုက်ဦးမယ်”

ကျိလျံသည် မည်သို့မျှ မပြောတော့ချေ။ ခဏကြာသည့်အခါတွင် လင်ချိရှောက်သည်းပြန်သွားလေ၏။

ထိုနေ့ညတွင် နတ်ငှက်မယ်သည် ဆရှား၏ အမေကို ခေါ်ကာ သူ့သမီးကို လိုင်ဝမ်း၏သားနှင့် ပေးစားရန် ပြောလေ၏။ ဆရှား၏ မိန်းမသည် လိုင်ဝမ်း၏သားကို များစွာ နှစ်သက်ခြင်း မရှိသော်လည်း နတ်ငှက်မယ်ကိုယ်တိုင်က တိုက်တွန်းနေသည့်အတွက် မလွန်ဆန်ရဲသည့်အလျောက် သဘောတူခဲ့ရလေ၏။ သူပြန်သွားသည့်အခါ၌ နတ်ငှက်မယ်သည် ကျိလျံကိုခေါ်ကာ ထိုကိစ္စနှင့်ပတ်သက်၍ စဉ်းစားပြီးပြီလောဟု မေး မြန်းလေ၏။

“အင်း၊ လိုက်တောင်းပေးမယ်လို့တော့ စိတ်ကူးမိသား။ ဒါပေမယ့် ကောင်လေးကတော်တော်ဆိုးတယ်ဆိုပဲ။ ဒီတော့ ကောင်လေး ကယ်ဆိုးတယ်ဆိုယင်သူ့ ကို စည်းကမ်းကလေးဘာလေးကျသွားအောင် နည်းနည်းပါးပါးအပြစ်ပေးပြီးမှ မိန်းမပေးဘာ့ယင်ကောင်းမလားလို့”

"ကောင်လေးကဆိုးတယ်လို့ မောင်မောင့်ကို ဘယ်သူက ပြောသလဲ"

"တို့အစေတော်တွေထဲက တစ်ယောက် ဆိုပါတော့ကွယ်"

"မောင်မောင်ဟာ ငှက်မယ်တို့အမျိုးကို နည်းနည်းမှထည့်မစဉ်းစားဘူးနော်။ ပါလာတဲ့အစေတော်တွေကို မပြောနဲ့၊ ငှက်မယ်ကိုတောင် စာရင်းထဲထည့်မစဉ်းစားဘူး။ ခု ဆေရှားရဲ့ အမေကို ခေါ်ပြောလိုက်လို့ သူကလဲဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံသွားပြီရှင့်။ ဒီတော့ သူ့ကို ပြန်ခေါ်ပြီး ရှင်တို့ကိစ္စကို ဖျက်လိုက်ပြီလို့ပြောလို့ဖြစ်ပါတော့မလား"

"အေးလေ၊ စကားလွန်ပြီးပြီ ဆိုယင်တော့ မဖျက်ပါနဲ့တော့။ သူ့သားကို ကြည့်ဆုံးမပါဦးလို့တော့ ကောင်လေးအဖေကိုတော့ ပြောလိုက်ရမှာပဲ"

ကျန်သူတို့နှစ်ယောက်၏ လင်မယားနှစ်ယောက် ရှေ့ဆက်ပြောကြသည့်စကားများမှာမူ ကျွန်ုပ်တို့နှင့် မဆိုင်တော့ချေ။

ဆေရှားသည် အစေတော်ဘဝမှ လွတ်လပ်ခွင့်ရလာပြီး အိမ်သို့ ပြန်ရောက်လာသည့်အခါတွင် မိဘများကအိမ်ထောင်ဖက် ရှာပေးနိုးဖြင့် စောင့်လျက်ရှိလေ၏။ ဆေရှားသည် ကျိဟုန်နှင့် ရင်းရင်းနှီးနှီး နေခဲ့ကြသည့်တိုင် မည်သို့မျှအကြောင်းထူးမလာချေ။ ယခုလိုင်ဝမ်းက သူ့သားနှင့်လက်ထပ်ရန် ချဉ်းကပ်နေသည်ကိုတွေ့ရလေပြီ။ လိုင်ဝမ်း၏သားသည် အရက်သောက်၊ ဖဲရိုက်ကာ ပွေချင်ဘိုင်းပွေနေသည့် လူငယ်တစ်ယောက် ဖြစ်ကြောင်းကို ကြားသိရသည့်အခါ၌ ဆေရှားသည် စိတ်ပျက်လျက်ရှိလေ၏။ လိုင်ဝမ်းသည် နတ်ငှက်မယ်၏အကူအညီဖြင့် မိမိကိုလာရောက်တောင်ရမ်းခြင်းပြုခဲ့လျှင် မိမိ၏ဘဝပျက်စီးရချေတော့မည်ဟု တွေးမိကာ စိတ်ပျက်လျက် ကြံရာမရဖြစ်လျက်ရှိလေ၏။ ထိုနေ့ညနေ၌ ဆေရှားသည် သူ့ညီမငယ် ဆောင်ရှားအား အမြှောင်မယားချောထံလွှတ်၍အကြံဉာဏ်တောင်းခိုင်းလိုက်လေ၏။

အမြှောင်မယားချောသည် ဆေရှားနှင့် ရင်းနှီးသူ တစ်ယောက်ဖြစ်ပြီး ဆေရှားကို သူ့သား ကျိဟုန်နှင့်ပေးစားရန် စိတ်ကူးလျက်ရှိလေ၏။ သို့ပေးစားနိုင်ခဲ့လျှင် အိမ်ကြီးထဲတွင် မိမိအဖို့မဟာမိတ်တစ်ဦး တိုးလာမည်မဟုတ်လော။ သခင်မဝမ်သည် ဆေရှားကို ဘယ်တော့မှအလုပ်မှထုတ်ပစ်မည်မဟုတ်ဟု အမြှောင်မယားချော ယူဆလေ၏။ အမြှောင်မယားချောသည် ဆေရှားကိုယူရန် သူ့သားကိုနေ့စဉ်နှင့်အမျှတိုက်တွန်းလျက်ရှိသည့်တိုင် ကျိဟုန်မှာ ပြောရမည်ကိုလည်းရှက်၊ သူကိုယ်တိုင်ကလည်း ဆေရှားကိုစွဲစွဲလမ်းလမ်းမရှိလှသဖြင့် မပြောဖြစ်ခဲ့ချေ။ ကျိဟုန်၏အမြင်တွင် ဆေရှားသည် အစေတော်သူငယ်မကလေးမျှသာဖြစ်သဖြင့် ထို့ထက်သာသည့် အပျိုမကလေးများကို လိုက်လံရှာဖွေလျက် ရှိသည့်အလျောက် တုံ့ဆိုင်းဆိုင်းဖြစ်လျက်ရှိလေ၏။ ထို့ကြောင့် ဆေရှားကို တခြားယောကျ်ားနှင့် လက်လွှတ်လိုက်ချင်၏။ သို့ရာတွင် အမြှောင်မယားချောကမူ သူ့သားနှင့် ရစေချင်၏။ ထိုနေ့ညနေ၌ ဆေရှား၏ ညီမက အကြံဉာဏ် လာရောက်တောင်းသည့်အခါတွင် အမြှောင် မယားချောသည် အားလည်း အားနေသည့်အလျောက် ကျိချိန်ဆီသို့လာကာ အကူအညီတောင်းလေ၏။

"ဘာဖြစ်လို့ကျိဟုန်ကို ဒီလောက် မိန်းမပေးစားချင်နေရတာလဲကွာ။ သူတို့တစ်တွေ နောင် တစ်နှစ် နှစ်နှစ်လောက် စာသင်ပြီးလို့ရှိယင် ရှာပေးစရာ အမြှောင်တွေတစ်ပုံကြီးပါ။ သင့်လျော်တဲ့ အစေတော်ကလေးနှစ်ယောက် တွေ့ထားပြီးသားပါ။ တစ်ယောက်က ပေါက်ယုအတွက်၊ နောက်တစ်ယောက်ကကျိဟုန်အတွက်။ ဒါပေမယ့်သူငယ်ကလေးတွေက ငယ်သေးတော့ စာသင်တာမှာ အနှောင့်အယှက် ဖြစ်မှာစိုးလို့။ ဒီတော့ နောက်နှစ်နှစ်လောက် စောင့်လိုက်ပါဦး"

"အံမယ်လေး၊ ပေါက်ယုမှာ အမြှောင်တစ်ယောက်ရှိနေပြီရှင့်။ နှစ်နှစ်လောက်ကြာပြီ။ ဒါကို သခင်ကြီးသိရဲ့လား"ဟု အမြှောင် မယားချောက ပြောလေ၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

“သူ့ကို ဘယ်သူကပေးစားလို့လဲ”

အမြှောင်မယားချောက ဖြေဆိုခြင်းမပြုမီ အပြင်ဘက်မှ ဝုန်းခနဲ အသံတစ်ခုကိုကြားလိုက်ရလေ၏။ မည်သို့ဖြစ်သည်ကို သိလိုလျှင် နောက်တစ်ခန်းကိုဆက်ဖတ်ပါလေ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၄၃

ခပ်ထုံထုံ အစေတော်မကလေးတစ်ယောက် ညစ်ညမ်းသော ရုပ်ပုံကို တွေ့ရှိခြင်း။

စိုးရိမ်တတ်သော သခင်မကလေးတစ်ယောက် နတ်ငှက်ရုပ် ရွှေဆံထိုးပျောက်သည်ကို ဥပေက္ခာပြုလိုက်ခြင်း။

ကျိချိန်နှင့်အမြှောင်မယားချောတို့စကားပြောဆိုနေကြစဉ် အပြင်ဘက်မှဝုန်းခနဲအသံကြီးတစ်ခုကို ကြားလိုက်ရလေ၏။ မေးမြန်းကြည့်သည့်အခါတွင် အပြင်ဘက်ရှိတရုတ်ကတ်တံခါးကို သေချာစွာချည်နှောင်ထားခြင်း မရှိသည့်အတွက် အောက်သို့ပြုတ်ကျသွားခြင်းဖြစ်ကြောင်း သိရလေသည်။ အမြှောင်မယားချောသည် အစေတော်များကို ဆူပူမှာန်မဲကာ တံခါးကိုပြန်တပ်ခိုင်းပြီးလျှင် ကျိချိန်ကို အိပ်ရာထဲသို့ ပို့ခဲ့လေ၏။

ထိုအတောအတွင်း၌ကား နီမောင်းပျော်ဖွယ်ရိပ်သာရှိ ပေါက်ယုသည် အိပ်ရာသို့ဝင်ခဲ့ပြီး အစေတော်များမှာ တံခါးလာခေါက်သံ ကြားသဖြင့် သူဖွင့်ရန်း ငါဖွင့်နိုးဖြင့် ငြင်းခုံလျက် ရှိလေ၏။ အစေခံမိန်းမကြီးတစ်ယောက်က သွားဖွင့်သည့်အခါ၌ အမြှောင်မယားချောထံတွင်အလုပ်လုပ်သည့် ရှောက်ချူဆိုသည့် အစေတော်သူငယ်မကလေးကို တွေ့ရလေ

သည်။ အကျိုးအကြောင်း မေးမြန်းသည့်အခါတွင် မည်သို့မျှ မဖြေဘဲ အိပ်ရာထဲသို့ရောက်နေသည့်ပေါက်ယုတံ တောက်လျှောက် ဝင်သွားလေသည်။ ပေါက်ယုအနီးတွင် ချင်ဝမ်းနှင့်တကွ အခြား အစေတော်များ ထိုင်လျက်စကားပြောနေကြလေ၏။

"ဟဲ့ ဘာဖြစ်လာတာလဲ။ ဘာဖြစ်လို့ အချိန်မတော်ကြီးမှာ ရေးကြီးသုတ်ပျာဖြစ်လာရတာလဲ"ဟု ဝိုင်း၍မေးကြလေ၏။

ရှောက်ချူသည် ပေါက်ယုကို နှုတ်ဆက်ပြီးနောက်

"သခင်လေးပေါက်ယုကို ပြောစရာရှိလို့ရှင့်။ ခုတင် သခင်မချော့နဲ့ သခင်ကြီးကျိချိန်တို့ စကားပြောနေကြတယ်။ အဲဒီ အထဲမှာ သခင်လေးနာမည်ပါနေတယ်။ ဒီတော့ မနက်ဖြန်မှာ သခင်လေးကိုခေါ်လာလိမ့်မယ်ထင်တယ်။ သတိထားနေပါ"

ထိုသို့ပြောပြီးနောက် ရှောက်ချူသည် ပြန်ရန်ပြင်လေ၏။

မာလာက လက်ဖက်ရည်သောက်သွားရန်ပြောသေး၏။ သို့ရာတွင် ဉယျှာဥ်ဝင်းတံခါးပိတ်မည် စိုးသည့်အတွက် ခပ်သုတ်သုတ် ပြန်သွားလေသည်။

ရှေးဝတ္ထုထဲတွင်ပါသည့် မျောက်ဘုရင်သည် မိမိ၏ခေါင်းကို စည်းထားသည့် လက်ဖွဲ့ကြိုးတင်းရန် ရွတ်ဖတ်သံကိုကြားလျှင် လန့်ဖျပ်သွားသကဲ့သို့ ပေါက်ယုမှာလည်း ထိုသတင်းကြောင့်လန့်ဖျပ်သွားလေ၏။ 'အနောက်သို့ဘုရားဖူး'ဟူသည့် ရှေးတရုတ်ဝတ္ထုတွင် ကွမ်းယင် မယ်တော်က မျောက်ဘုရင်၏ခေါင်းတွင် ချည်မန်းကွင်း စွပ်ပေးလိုက်သည်။ ချည်မန်းကွင်း အစွပ်ခံရသဖြင့် မျောက်ဘုရင်ကြီးမှာ အရှုံးပေးရသည်။ မျောက်ဘုရင်ကြီးက ကြမ်းတမ်းစွာပြုမူဆိုလာပြီလျှင် ချည်မန်းကွင်းစွပ်သည့် ဂါထာကို ရွတ်ပေးရသည်။ ထိုဂါထာကြောင့် ချည်မန်းကွင်းမှာ တင်းကျပ်လာပြီး မျောက်ဘုရင်ကြီး ခေါင်းကိုက်ရသည်။ ထို့ကြောင့် မျောက်ဘုရင်ကြီးသည် ချည်မန်းကွင်းစွပ်သည့် ဂါထာကို ကြားလျှင် ကြောက်လန့်နေတတ်သည်ဟုဆိုသည်။

ပေါက်ယုသည် အထိတ်ထိတ်အလန့်လန့်ဖြင့် နောက်တစ်နေ့တွင် ဖခင်ကြီးစာမေးလျှင် အဆင်သင့်ဖြေနိုင်ရန်အတွက် စာကိုအံကြည့်၏။ အကယ်၍ မိမိသည် စာပေများကိုကောင်းစွာပြန်နိုင်သည်ဆိုလျှင် အခြားသော ပြစ်ချက်များကို ဖခင်ကြီး ခွင့်လွှတ်ပေလိမ့်မည်။ သို့ရာတွင် စာမပြန်နိုင်လျှင်မူ ဖခင်ကြီးသည် အခြားသော ပြစ်ချက်ကိုလည်း စစ်စစ်ပေါက်ပေါက်ရှာဖွေကာ အပြစ်ပေးတော့မည်မှာ သေချာ လှပေ၏။ ပေါက်ယုသည် ကိုယ်တွင် ဝတ်ရုံအင်္ကျီတစ်ထည်ကို ကောက်စွပ်လိုက်ပြီးနောက် စာကျက်လျက်ရှိလေ၏။ "အင်း၊ ငါက ခုလိုရုတ်တရက်ကောက်မေးမယ်လို့ မထင်ခဲ့မိတော့ စာတွေကို မှန်မှန်မကျက်မိဘူးပေါ့။ ဒီလိုကောက်ပြီးမေးမယ်မှန်းသိယင် နေ့တိုင်း ပြန်ပြီး ကျက်ထားပါရဲ့" ဟု ပေါက်ယုသည် နောင်တရလျက်ရှိလေ၏။

ပေါက်ယု သင်အံခြင်းပြုရသည့် ကျမ်းလေးကျမ်း၌ ပေါက်ယုသည် "မဟာပညာကျမ်း"၊ "အနုပညာကျမ်း" နှင့် "ကွန်ဖြူစီကျမ်း" တို့ကိုမူ အနည်းငယ်ရသည့်တိုင် နောက်ဆုံး ကျမ်းဖြစ်သည့် "မုန်စီကျမ်း" ကိုမူ ကောင်းစွာ မရချေ။ "မုန်စီကျမ်း"မှ စာတစ်ပုဒ်ကို ကောက်၍ မေးလိုက်လျှင် မည်သည့်နေရာမှ စာပိုဒ်ဟူ၍ပင် မသိချေ။ ဒုတိယ တစ်ဝက်ကိုကား လုံးလုံးပင်မမှတ်မိတော့သလောက် ရှိလေပြီ။ "ကျမ်း ငါးကျမ်း"နှင့် ပတ်သက်၍မူ ကဗျာများကို စပ်စဥ်က "ဂီတပေါင်းချုပ်ကျမ်း"ကို မကြာခဏဖွင့်မိသဖြင့်မေးလျှင် အလွယ်တကူဖြင့်ရနိုင်လောက်သည်ဟု ထင်မိ၏။ ကျန်အပိုင်းများကိုမူ ဖခင်ကြီး လေ့လာရန် ပြောမထားသည့်အတွက် မေ့နေလျှင်လည်း အရေးမကြီးလှချေ။ ရှေးစကားပြေနှင့် ပတ်သက်၍မူ ပေါက်ယုသည် "ချူနေတ်ရာဇဝင်ကျမ်း"နှင့် "စစ်ဘုရင်များခေတ် ရာဇဝင်ပုံပြင်များ"၊ "ကွမ်းယင်နှင့် ကူလင့်တို့၏ ရာဇဝံသဒီပနီကျမ်းများ"၊ ဋီကာကျမ်းများ အနည်းအကျဉ်းဖတ်ခြင်း ဖြစ်သည့်အတွက် ဘာကိုမျှ မမှတ်မိတော့ပြီ။ ကျမ်းများကို ဖတ်ခြင်းမှာ အပြင်းပြေသဘောမျှသာ ဖတ်ခဲ့ခြင်းဖြစ်လေရာ ယခု ပြန်၍ မေးလျှင် ဘာကိုမျှ ဖြေဆိုနိုင်ခြင်း ရှိတော့မည်မဟုတ်တော့ပြီ။

ထို့အပြင် အင်္ဂလိပ်ရှစ်ခုပါသည့် ဆောင်းပါး စာဆိုလည်း ရှိသေး၏ ။ထိုခေတ်က လွန်စွာခေတ်စားသည့် ဆောင်းပါး ရေးနည်းဖြစ်သည့်တိုင် ပေါက်ယုသည် ထိုဆောင်းပါးများကို လွန်စွာ စိတ်ပျက်ခြင်းဖြစ်လေ၏။ ထိုဆောင်းပါးများမှာ ရှေးပညာရှိများ၊ ကဝိများက ရေး ခဲ့ သည့် ဆောင်းပါးများ မဟုတ်သည့်အတွက်ကြောင့်တစ်ကြောင်း၊ ပညာရှိကဝိတို့၏ ဒသနအတွေးအခေါ်စသည်တို့လည်း ဘာမျှမပါရှိဘဲ မှုးမတ်များ၊ ဘုရင့်စာတော်ပြန်ပွဲဝင်သည့်အခါတွင် ရေးရသည့်ဆောင်းပါးမျိုးမျှသာဖြစ်သည်ဟု ယူဆသည့်အတွက်ကြောင့် တစ်ကြောင်း ပေါက်ယုသည် အင်္ဂလိပ်ရှစ်ခုပါသည့် ထိုဆောင်းပါးများကိုလည်း အထင်တကြီးလေ့လာခြင်း မပြုမိခဲ့ချေ။ ဖခင်ကြီးကျီချိန်သည် ခရီးမထွက်မီကလေးက သူ့အား အလွားတူ ဆောင်းပါးမျိုး တစ်ရာလောက်ကို လေ့လာထားရန် မှာကြားသွားခဲ့၏။ ပေါက်ယုသည် ဟိုလှန်သည်လှန်လုပ်ကာ သူစိတ်ဝင်စားသည့် စာပုဒ်လောက်ကိုသာ မှတ်သားထားခဲ့၏။ ဤသည်မှာလည်း စိတ်ကူးရသည့်အခိုက်တွင် လုပ်ခြင်းသာဖြစ်လေ၏။ဆောင်းပါးများကိုဆုံးအောင် တစ်ခါမျှ မဖတ်ဖူးခဲ့ချေ။ ယခုမှ လေ့လာနေ၍ ဖြစ်တော့။ သူက ထို ဆောင်းပါးများ ယခုနေ့ လေ့လာနေသည့်တိုင် မနက်ဖြန် ဖခင်ကြီးတစ်မျိုး မေးလိုက်လျှင် အခက်တွေ့ချိမ့်မည်။ထို့ပြင် မနက်ဖြန်တွင် ထိုဆောင်းပါးများ ကို အာဂုံဆောင်နိုင်အောင်ကျက်ရန် မဖြစ်နိုင်တော့ချေ။

ပေါက်ယုသည် ဟိုစာကျက်ရကောင်းနိုး၊သည်စာကျက်ရကောင်းနိုးဖြင့် ဗျာများလျက်ရှိသဖြင့် သူ့အနေးတွင်နေသည့် အစေတော်များမှာလည်း တစ်ယောက်မျှ ကောင်းစွာမအိပ်ရတော့ပြီ။ မာလာ၊ ရွှေ့ယွေ့နှင့် ချင်ဝမ်းတို့ကား ဖယောင်းတိုင်များကိုထွန်းပေးခြင်း၊ ဖယောင်းစက်များကို ခြွေပေးရခြင်း၊ လက်ဖက်ရည်ငှဲပေးရခြင်း စသည်တို့ဖြင့် အလုပ်များလျက်ရှိလေ၏။ ခပ်ငယ်ငယ် အစေတော် သူငယ်မကလေးများမှာ ဟန်မဆောင်နိုင်တော့ဘဲ အိပ်ငိုက်လျက်ရှိလေပြီ။

ချင်ဝမ်းက

“ဟောဒီ သောက်ကောင်မကလေးတွေဟာ တစ်နေ့လုံး အိပ်လဲ အိပ်နိုင်တယ်။ အိပ်လိုက်ယင်လဲ အသေကောင် ကျနေတာပဲ။ ဒီလောက်

ကလေးမှ မတ်မတ် ထိုင် မနေ နိုင် ရအောင် နင်တို့မှာ ဘယ်လောက်များ အိပ်ရေးပျက်ထားကြလို့လဲဟင် ကောင်မတွေ။ ဒီတစ်ခါ ငိုက်ရဲယင်ငိုက်ကြည့်ကြစမ်း။ ပေါင်ကို အပ်နဲ့ဆွမယ်”

ထိုစဉ် အပြင်ဘက်ခန်းဆောင်မှ ဝုန်းခနဲလိမ့်ကျသံတစ်ခုကိုကြားရသဖြင့် ပြေး၍ကြည့်လိုက်သည့်အခါတွင် အပြင် ဆောင်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စောင့်နေသည့် အစေတော် သူငယ်မကလေးတစ်ယောက် အိပ်ငိုက်နေရာမှ နံရံနှင့်ခေါင်း ဆောင့်မိခြင်းဖြစ်ကြောင်းကို သိရလေ၏။ သူငယ်မကလေးသည် ဖျပ်ခနဲ လန့်နိုးလာပြီး ချင်ဝမ်း ဆူပူကြိမ်းမောင်းနေသံကို ကြားသည့်အခါ သူ့ဘာသာ အိပ်ငိုက်ပြီး ခေါင်းနှင့်နံရံဆောင့်မိသည် မထင်ဘဲ ချင်ဝမ်းကရိုက်သည်ဟု ထင်မိလေ၏။

“ကြောက်ပါပြီ အစ်မရယ်။ နောက်တစ်ခါ မငိုက်အောင် ကျွန်မ သတိထားပါ့မယ်”

ဤတွင် အခြားသူများက သူ့ကိုဝိုင်း၍ရယ်ကြလေ၏။ ပေါက်ယုကလည်း ကျောကယာဖြင့်

“မလုပ်ပါနဲ့ ချင်ဝမ်းရယ်။ ဒီတစ်ခါတော့ သူ့ကိုအပြစ်လွှတ်လိုက်ပါ။ အမှန်ကတော့ ကောင်မလေးတွေအိပ်ချင်တယ်ဆိုယင်လဲ အိပ်ကြပါစေတော့။ ချင်ဝမ်းတို့တစ်တွေလဲ ပင်ပန်းလှရောပေါ့။ ဒီတော့ တစ်ယောက် တစ်လှည့်စီယင်လဲအိပ်ကြပါလား”

မာလာက

“အံမယ်လေး အဘွားလေးရဲ့။ ရှင့်စာကိုသာ ရအောင်ကျက်စမ်းပါ။ သခင်လေးမှာ တစ်ညပဲ စာကျက်ချိန် ရတော့တယ် မဟုတ်လား။ ဒီတော့ စာထဲမှာ စိတ်ဝင်စားစမ်းပါ။ ဒီပြင်ဟာတွေကို တွေးပူမနေပါနဲ့။ ဒီစာတွေ ပြီးသွားမှ ဒီပြင်ကိစ္စတွေကို စဉ်းစားစမ်းပါ”

မာလာက စေတနာဖြင့် သတိပေးခြင်းဖြစ်သည့်အတွက် ပေါက်ယုမှာလည်း သူ့စကားကို လိုက်နာရလေ၏။ ပေါက်ယုသည် စာကို ဖတ်လျက်ရှိလေ၏။ ထိုစဉ် ရွှေယွေ့သည် အာခေါင်စွတ်စေရန်အတွက် လက်ဖက်ရည်များကို ငှဲပေးလေ၏။ ရွှေယွေ့သည် အပေါ်အင်္ကျီမပါဘဲ အဘွင်းခံအင်္ကျီတိုကလေးကိုသာ ဝတ်ထားသည်ကို သတိပြုမိလေ၏။

"ညဥ့်နက်ယင် အေးတယ်နော်။ အပေါ်အင်္ကျီလေးဘာလေး ဝတ်ထားပါလား"

ရွှေယွေ့က ပြုံးကာ သူ့စာအုပ်များကို လက်ညှိုးထိုးပြလေ၏။

"ခုလောလောဆယ်မှာ ဘာမှ စိတ်မဝင်စားပါနဲ့။ စာကိုပဲ အာရုံစိုက်စမ်းပါ"ဟု ပြောလေ၏။

ထိုစဉ်တွင် ချင်ဝမ်းသည် နောက်ဖေးပေါက်မှ ပြေးထွက်လာကာ အုတ်တံတိုင်းပေါ်မှနေ၍ တစ်ယောက်ယောက် ခုန်ချသံကို ကြားရကြောင်းဖြင့် ပြောလေ၏။

"ဟုတ်လား၊ ဘယ်မှာလဲ"

ချက်ချင်းပင် ဥယျာဉ်ထဲရှိ လူများကို အခေါ်ခိုင်းလိုက်ပြီး နေရာအနှံ့ လိုက်ရှာကြလေ၏။ ချင်ဝမ်းသည် ပေါက်ယု စာကျက်ရသည်မှာ ပင်ပန်းလှသည့်ပြင် ဤအတိုင်းသာ ကျက်နေရပါက အိပ်ပျက်ကာ မနက်ဖြန်တွင် မျက်တွင်းတွေ ဟောက်ပက်ကာ ချုံးကျနေမည်ကို တွေးမိလေရာ ယခု အလန့်တကြား ကိစ္စပေါ်လာသည့်အခါတွင်မူ သူ့အတွက် အကြောင်းပြချက် ရသွားလေပြီ။

"သွား သွား။ နေမကောင်းချင်ယောင် ဆောင်နေလိုက်။ လန့်ပြီး နေထိုင်မကောင်း ဖြစ်သွားတယ်လို့ပြော"

ပေါက်ယုသည် ထိုအကြံကို သဘောကျကာ လက်ခံလိုက်လေ၏။

ညစောင့်ကျသည့် ဝင်းမှူးကြပ်များသည် မှန်အိမ်များကိုကိုင်ကာ ဝင်းအနှံ့ လိုက်ရှာကြလေ၏။ ဘာမျှ ရှာမတွေ့သည့်အခါ၌ "အလကားပါ၊ လေတိုက်လို့ သစ်ကိုင်းကျိုးကျတာကို လူဝင်တယ်ထင်ပြီး အိပ်မှုန်စုံမွှားနဲ့ ထအော်တာ ဖြစ်မှာပေါ့"ဟု ပြောကြလေ၏။ ချင်ဝမ်းက သူတို့အား

"မိန်းမတွေနော်။ အလကား လေဖောမနေကြနဲ့။ ကိုယ်တိုင်လိုက်ရှာလို့ ဘာမှ မတွေ့ဘိုင်း တခြားသူကို အပြစ်တင်မနေကြနဲ့။ ဥယျာဉ်ဝင်းထဲကို လူဝင်တယ်ဆိုတာ တခြားလူတွေလဲ မြင်လိုက်ဘယ်။ တို့အထဲကလဲ ပေါက်ယုနဲ့ အတူထွက်ကြည့်တော့ အားလုံး မြင်လိုက်ရတယ်။

သခင်လေး ပေါက်ယုဆိုယင် လန့်ဖျပ်သွားလို့ နှာတွေဘာတွေတောင် နှပ်ယူရတယ်။

"ခု ကျွန်မတောင် သခင်မဝမ်တို့ဆီကိုသွားပြီး သခင်လေး ပေါက်ယုအတွက် အိပ်ဆေးသွားတောင်းမလို့။ သခင်မဝမ်က ဘာဖြစ်လို့လဲလို့ မေးယင် ကျွန်မအနေနဲ့တော့ အကုန်ပြန်ပြောရမှာပဲ။ ဒီလောက် ကိုယ်တိုင်ကိုယ်ကျ မြင်လိုက်ရက်သားနဲ့ ဘာဖြစ်လို့ မဟုတ်တာပြောရတာလဲ"

ဤတွင် ဝင်းကြပ်မိန်းမကြီးများသည်လည်း ဘာမျှမပြောရဲကြတော့ဘဲ ငြိမ်ကျသွားကြရလေ၏။ ချင်ဝမ်းတို့တစ်တွေက ပေါက်ယုမှာ လန့်ဖျပ်ကာ နေထိုင်မကောင်းဖြစ်လျက်ရှိသည်ဟု သတင်းကို လျှောက်ပြောဆိုနေကြစဉ် ဝင်းကြပ်များသည် ဝင်းထဲတွင် လိုက်လံ ရှာဖွေလျက်ကြလေ၏။ သခင်မဝမ်သည် မိမိ၏ အစေတော်များကို ချက်ချင်းလွှတ်၍ ဆေးအပို့ခိုင်းလိုက်လေ၏။ ထို့ပြင် ဥယျာဉ် ထောင့်ကြိုထောင့်ကြားတွင်ပါ မကျန် အနှံ့အပြား လိုက်လံရှာဖွေရန်၊ ဥယျာဉ် အပြင်ဘက် အုတ်ရိုးမှ အတွင်းတံခါး တာဝန် ကျသူများကို စစ်ဆေး မေးမြန်းရန်လည်း ညွှန်ကြားလိုက်လေ၏။ သို့ဖြင့် အစောင့်များသည် မီးအိမ်များဖြင့် ဥယျာဉ် အနှံ့အပြားကို တစ်ညလုံး ရှာဖွေကြပြီး ဝင်းမှူးကြီးအားလည်း ဆိုင်ရာဝင်းစောင့်၊ ဝင်းကြပ်တို့ကို သေချာစွာ စုံစမ်းမေးမြန်းရန် ညွှန်ကြားထားလေ၏။ ဝင်းမှူးကြီးများသည် ထိုညက တာဝန်ကျသော အစောင့်မိန်းမများ၊ ဝင်းမှူးများ၊ ဝင်းကြပ်များနှင့် ယောကျ်ားအစေခံများကို မေးမြန်းစစ်ဆေးကြလေ၏။

မယ်မယ်သည် ပေါက်ယုလန့်ဖျပ်၍ နေထိုင်မကောင်းဖြစ်ကြောင်းကို ကြားသည့်အခါ အကျိုးအကြောင်းကို မေးမြန်းရာ မကွယ်ဝှက်ရဲသည့် အလျှောက် ဖွင့်၍ ပြောကြရလေ၏။

မယ်မယ်က

"အင်း၊ ငါထင်သားပဲ။ ခုခေတ်မှာ ညစောင့်တာဝန်ကျတဲ့လူများကလဲ တယ်ပြီးတာဝန်ပေါ့လျော့ကြတာပဲ။ ပိုပြီးဆိုးတာက တချို့

ဝင်းစောင့်တွေ၊ ဝင်းကြပ်တွေဆိုယင် သူတို့ကိုယ်တိုင်က သူခိုးတွေဖြစ်နေ တော့ ပိုပြီးဆိုးတာပေါ့။ ဘယ်သူ့ကိုဝိတ်ချရမယ်ဆိုတာ ပြောလို့မရတဲ့ ဖြစ်နေတယ်"

ဒေါ်လေးဆင့်နှင့် မမယုတို့သည် မယ်မယ်ကိုလာရောက်ကန်တော့ ကြသဖြင့် နတ်ငှက်မယ်၊ လီဝမ်းနှင့် မိန်းကလေးများနှင့် အဘူရှိနေလေ ၏။ သူတို့အားလုံးသည် မယ်မယ့်စကားကို နားထောင်ပြီးနောက် တစ် လုံးမျှမပြောရဲဘဲ ငြိမ်သက်နေကြလေ၏။ ထိုစဉ် တန်ချွန်းက ရှေ့သို့တက် လာခဲ့ကာ

"ဟုတ်ပါတယ် မယ်မယ်။ မလေးငှက်မယ် ကောင်းကောင်းနေလို့ ထိုင်လို့မကောင်းကတည်းက ဝင်းထဲမှာဝင်းစောင့်တွေ၊ ဝင်းကြပ်တွေ ဟာ လျှော့တိလျှော့ရဲ နိုင်လာကြတယ်။ ပထမတော့ နှစ်ယောက် သုံး ယောက်စုပြီး ကြွေပစ်တာ၊ ဖဲ့ကစားတာလောက်ပဲရှိပါတယ်။ အားတုန်း ပြုတုန်းမှာ အပျင်းပြေကစားတာလောက်ပါပဲ။ ကြေးကလဲ သိပ်မများ လှပါဘူး။ ဒါမှမဟုတ်ယင်လဲ ညတာဝန်ကျတဲ့အခါ အိပ်ချင်ပြေသလော လောက်ပဲ ကစားကြတာပါ။

"ဒါပေမယ့် မကြာခင်ကတော့ သူတို့ဘစ်တွေ နည်းနည်းအဘင့် ရဲလာတယ်မယ်မယ်။ သူတို့မှာ ဝိုင်းကလေးတစ်ခုထောင်ထားပြီး ငွေထုတ် ချေးမယ့်သူနဲ့၊ ဒိုင်ခံမယ့်သူနဲ့။ လောင်းကြေးဆိုယင်လဲ သုံးဆယ်၊ လေး ဆယ်၊ တစ်ရာအထိတောင်ရှိလာပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်သောက်တုန်း က ဖဲ့ဝိုင်းမှာရန်ဖြစ်တာတွေ ဘာတွေတောင်ရှိလာပါတယ်"

"စောစောကတည်းကသိယင် ဘာဖြစ်လို့ အဲဒီတုန်းက မတိုင်တာ လဲ" ဟု မယ်မယ်ကမေးလေ၏။

"မယ်မယ်ကလဲ အဲဒီတုန်းက ဒေါ်လေးဝမ်ကလဲ့စိတ်တိုနေတယ်၊ ပြီးတော့ မလေးငှက်မယ်ကလဲနေထိုင်မကောင်းဆိုတော့ ကျွန်မယောက်မနဲ့ စာရင်းဒိုင်တွေရဲ့ မိန်းမတွေကိုပဲပြောခဲ့ပါတယ်။ အစေခံတွေကိုလဲ မကြာ ခဏသတိပေးခဲ့ပါတယ်။ မကြာခင်ကတော့ သူတို့လဲ အနေအထိုင်ကလေး ပြင်လာခဲ့ပါတယ်"

"အင်း၊ ဒီကိစ္စတွေက သေးမန်မဟုတ်ဘူးနော်။ အရေးကြီးတယ်။ ညည်းတို့တွေဘာတွေကတော့ ဘယ်မှာနားလည်လိမ့်ဦးမလဲအေ။ ညည်းတို့ အနေနဲ့ကြည့်ယင်တော့ ဖဲကစားတယ်ဆိုတာဟာ ဘာမှ ဖြစ်လောက်တဲ့ ကိစ္စမဟုတ်ဘူးလို့ထင်ရတာပေါ့။ ရန်တို့ဘာတို့ဖြစ်မှ ညည်းတို့ကကြောက် တတ်လာကြတာ။ ဒါပေမယ့် ညတိုင်းညတိုင်းလောင်းကစားတယ်ဆိုတဲ့ အခါကျတော့ ဘာဖြစ်လာသလဲ။ အသောက်ကလေး ဖက်လာတယ်။ အသောက်ဖက်လာတဲ့ အခါကျတော့ သောက်ချင်လာယင် အရက်ကို အလွယ်တကူထွက်ပြီး ဝယ်နိုင်အောင် ဝင်းတံခါးတွေကို ကောင်းကောင်း မပိတ်တော့ဘူး။ နောက်ပြီး ဟိုလူခေါ် ဒီလူခေါ်ဆိုတော့ ဝင်းတံခါး ကိုကောင်းကောင်းမပိတ်တော့ဘူးပေါ့။ ဒီတော့ ညလူခြေတိတ်ချိန်မှာ ဒီလိုစည်းမရှိကမ်းမရှိ ဝင်းတံခါးဖွင့်ချင်တိုင်းဖွင့်ထားတော့ လူဆိုးသူခိုး ကလဲ မှောင်ရိပ်ကိုကွယ်ပြီး ဝင်ဖို့အလစ်စောင့်နေတာပေါ့။ လူဆိုးသူခိုး ဝင်နိုင်ပြီဆိုကတည်းက ဝင်းထဲမှာ ဘာမဆိုဖြစ်နိုင်နေပြီ။ ပြီးတော့ ညည်း တို့အနေနဲ့ ဥယျာဉ်ထဲမှာ အစေတော်မိန်းကလေးတွေဆိုတာကလဲအမျိုး မျိုးရှိတယ်မဟုတ်လား။ ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူလဲရှိတာပဲ။ အသေး အဖွဲ့ ဟိုဟာခိုးဒီဟာခိုးတာလောက်ကတော့ အကြောင်းမဟုတ်သေးဘူး။ ဒါပေမယ့် ဒီထက်မက တစ်ခုခု ကြီးကြီးကျယ်ကျယ် ဖြစ်လာပြီဆိုယင် တော့ အားလုံးနာမည်ပျက်ပြီး လူများပြောစရာဖြစ်လာနိုင်တယ်။ ဒီတော့ ဒီကိစ္စဟာ ညည်းတို့ထင်သလို ခပ်ပေါ့ပေါ့မတွေးနဲ့"

တန်ချွန်းသည် မယ်မယ်မြည်တွန်တောက်တီးခြင်းပြုသည်ကို နား ထောင်ပြီးနောက် သူ့နေရာတွင် ပြန်၍ထိုင်လေ၏။

နတ်ငှက်မယ်မှာ လုံးဝနေထိုင်မကောင်းသေးသည့်တိုင် ယနေ့တွင် မူ အနည်းငယ်လန်းဆန်းလျက်ရှိလေ၏။ နတ်ငှက်မယ်သည် မယ်မယ်ပြော သည်ကို နားထောင်ပြီးသော်

"အင်း၊ အရေးထဲမှာ နေထိုင်မကောင်းဖြစ်နေရသေးတယ်နော်၊ ဆက်လိုက်ပါဦး" ဟု ညည်းညူလျက်ရှိလေ၏။

နတ်ငှက်မယ်သည် လင်ချွေရှောက်၏မိန်းမနှင့် တကွ အစေတော် များကို ကြီးကြပ်ရသည့် ဝင်းကြပ်အမျိုးသမီးသုံးယောက်ကို ချက်ချင်း

အခေါ်ခိုင်းလိုက်ပြီးလျှင် မယ်မယ်ရှေ့မှာပင် မာန်မဲ ကြိမ်းမောင်းခြင်းပြုလေ၏။ မယ်မယ်ကလည်း ၎င်းတို့အား ဥယျာဉ်ထဲသို့ဝင်သည့် တရားခံကို လိုက်ရှာစေလိုကြောင်း၊ ရှာ၍တွေ့သူကို ဆုငွေများ ပေးမည် ဖြစ်ကြောင်း၊သိလျက်နှင့်ဖုံးကွယ်ထားသူများကိုပြစ်ဒဏ်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောလေ၏။ မယ်မယ်စိတ်ဆိုးနေသည်ကို မြင်ရသည့်အခါ၌ လင်ချီရှောက်၏မိန်းမနှင့် ဝင်းကြပ်များသည် သည်း ဥယျာဉ်တွင် ဖဲကစားသူ၊ အရက်သောက်သူ၊ တာဝန်လစ်ဟင်းသူများကို ထိန်ချန်ထားခြင်း မပြုရဲတော့ချေ။ သို့ဖြင့် သူတို့သည် ဥယျာဉ်ထဲသို့ခပ်သုတ်သုတ်ပြန်လာခဲ့ကြကာ အစေခံများကို တစ်ယောက်ချင်းခေါ်၍ မေးမြန်းလျက် ရှိကြလေ၏။ အစတွင် ဖဲကစားခြင်း မပြုကြပါဟု အားလုံးက ငြင်းဆိုကြသော်လည်း နောက်ဆုံးတွင် အမှန်ကိုဖွင့်၍ဝန်ခံကြလေ၏။ ယင်းတို့မှာ ဖဲဒိုင်လုပ်သူ သုံးဦး၊ လက်ထောက်ဒိုင်ရှစ်ဦးနှင့် ထိုးသား နှစ်ဆယ်ခန့်တို့ဖြစ်ကြလေ၏။

မယ်မယ့်ရှေ့သို့ ခေါ်လာသည့် အခါတွင် သူတို့အားလုံးသည် ဒူးထောက်ကာ မြေကြီးကို နဖူးဖြင့်ထိအောင် ရှိခိုးပြီးနောက် အပြစ်မှလွှတ်ရန်တောင်းပန်ကြလေ၏။ မယ်မယ်သည် ဖဲဒိုင်တို့၏ အမည်များနှင့် လောင်းကြေး အရေအတွက်တို့ကို သေချာအောင် စုံစမ်းမေးမြန်းလေရာ တစ်ယောက်မှာ ဝင်းမှူးကြီး တစ်ယောက်ဖြစ်သူ လင်ချီရှောက်၏ဆွေမျိုးတစ်ဦးဖြစ်ပြီး အခြားတစ်ယောက်မှာ ထမင်းချက်အဘွားသူ၏ ဆွေမျိုးတစ်ဦးနှင့် နောက်တစ်ယောက်မှာ ယင်ချွန်း၏ အထိန်းတော်ကြီးတို့ ဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုသုံးယောက်တို့မှာ ဖဲဝိုင်းခေါင်းဆောင်များဖြစ်ကြလေ၏။ ကျန်လူတို့အကြောင်းကိုမူ ဤတွင် ရေးသားခြင်းမပြုတော့ပြီ။မယ်မယ်သည်ဖဲထုပ်များနှင့် ကြွေအန်များအားလုံးကို မီးရှို့ဖျက်ဆီးရန်အမိန့်ပေးပြီးနောက် အနိုင်ရသည့် ပိုက်ဆံများ အားလုံးကိုလည်းသိမ်းယူလိုက်ပြီးလျှင် အခိုင်းများကို ခွဲဝေပေးလေ၏။ ဖဲဒိုင်ခေါင်းဆောင်သုံးဦးကိုလည်း ဖဝါးတွင် ကြိမ်ဒဏ်အချက်နှစ်ဆယ်စီရိုက်စေပြီးနောက် သုံးလတွက်လစာကိုဒဏ်ငွေတပ်ပြီးလျှင်အလုပ်မှနောက်ထပ်အိမ်ထဲသို့မည်သည့်အခါမျှ ခြေမချရဟူသော အမိန့်နှင့် အတူ အလုပ်မှ

ထုတ်ပစ်လိုက်လေ၏။ ထိုးသားများကိုမူ ခြေဖဝါးတွင် ကြိမ်အချက်နှစ်ဆယ်ရိုက်စေ၊ သုံးလတွက်လစာကို ဒဏ်ဆောင်စေ၊ ရေအိမ်များကို သန့်ရှင်းစေဟု အမိန့်ချလိုက်လေ၏။

မိမိဆွေမျိုးထဲမှ တစ်ဦးပါနေသည့်အတွက် အဘွားလူမှာ ရှက်လျက်ရှိပြီး ယင်ချွန်းမှာလည်း မျက်နှာပျက်လျက် ရှိလေ၏။ ထိုက်ယု၊ ပေါက်ယုနှင့် တန်ချွန်းတို့မှာ သူ့အတွက် စိတ်မကောင်း ဖြစ်ကြသဖြင့် ထိုင်ရာမှထကာ မိမိ၏အထိန်းတော်ကြီးကို ခွင့်လွှတ်ရန် တောင်းပန်ခြင်းပြုလေ၏။

“တကယ်ကတော့ ယင်ချွန်းရဲ့အထိန်းတော်ကြီးဟာ ဘယ်တော့မှ လောင်းကစားတာမလုပ်ခဲ့ပါဘူးမယ်မယ်။ ခုတော့ ပျင်းပျင်းရှိတာနဲ့ပါသွားတာဖြစ်မှာပါ။ ယင်ချွန်းရဲ့ မျက်နှာကိုထောက်ပြီး သူ့ကိုတော့ ခွင့်လွှတ်လိုက်ပါ မယ်မယ်”ဟု တောင်းပန်ပေးလေ၏။

“ညည်းတို့ နားမလည်ပါဘူးအေ။ ဒီအထိန်းတော်ဆိုတဲ့ကောင်မတွေဟာ ညည်းတို့ကို ထိန်းခဲ့တာပဲဆိုပြီး သိပ် အခွင့်အရေး ယူချင်ကြတယ်။ ဒါကြောင့် ဝင်းထဲမှာ သူတို့လုပ်ပြီဆိုယင် ဒိပြင်လူလုပ်တာထက်ဆိုးတယ်။ သူတို့သခင်မတွေကို အချင်းချင်းမတည့်အောင် ရန်တိုက်ပေးလားပေးရဲ့။ သူတို့ချစ်ခင်တဲ့လူတွေရဲ့အပြစ်တွေကို ဖုံးကွယ်ပေးလားပေးရဲ့။ ငါမှာ ဒါတွေတွေ့ခဲ့ရပေါင်းများလှပြီ။ ဒီတော့ သူတို့ကိုစံပြအနေနဲ့ပြစ်ဒဏ်ပေးရမယ်။ ပေးချင်နေတာကြာပြီ၊ ခုတော့ အတော်ပဲ။ အခွင့်ကြုံလာပြီပေါ့။ ဒီတော့ ငါ့ကိုဝင်မပြောကြနဲ့။ ငါ ဘာလုပ်နေတယ်ဆိုတာ ငါ့ဘာသာငါသိတယ်”

ဤတွင်ပေါက်ကြည်နှင့်အခြားသူများမှာလည်း မည်သို့မျှမပြောသာတော့ချေ။

ခဏကြာလျှင် မယ်မယ်လည်း အနားယူ၍ တရေးတမော အိပ်သဖြင့် ကျန်မိန်းကလေးများလည်းပြန်လာခဲ့ကြလေ၏။သို့ရာတွင်မယ်မယ်စိတ်ဆိုးနေမှန်းသိသည့်အတွက် အိမ်သို့တောက်လျှောက် မပြန်သေးချေ။ မမယုသည် နတ်ငှက်မယ်ထံသို့ဝင်ကာ စကားစမြည်ပြောဆိုလျက် ရှိလေ၏။ နတ်ငှက်မယ် ပင်ပန်းနေဟန် ရှိသည့်အခါတွင် ဥယျာဉ်ထဲမှ မိန်း

ကလေးများဆီသို့ထွက်လာခဲ့ပြန်လေ၏။သခင်မဆင့်မှာလည်း သခင်မဝမ်နှင့် အတန်ကြာစကားပြောဆိုပြီးလျှင် ဥယျာဉ်ထဲတွင် လမ်းလျှောက်ရန် ထွက်လာခဲ့လေ၏။ ထိုသို့လျှောက်လာခဲ့စဉ် ဝင်းပေါက်ဝသို့ အရောက်၌ မယ်မယ်၏ အစေတော်တစ်ဦး ဖြစ်သည့် မရွှေအသည် လက်ထဲတွင် တောက်ပပြောင်လက်သည့် အရာကလေးတစ်ခုကို ကိုင်၍ ငုံ့ကြည့်ရင်း လျှောက်လာသည်တွင် သခင်မဆင့်ကိုပင် မမြင်တော့ဘဲ ဝင်၍ တိုက်မိလေ၏။ရွှေအသည် မော့ကြည့်လိုက်၍ သခင်မဆင့်ကိုမြင်သည့်အခါတွင် မျက်လုံးကြီးပြူးကာ ကြက်သေသေ၍ ကြည့်လျက်ရှိလေ၏။

"ဟဲ့ ရွှေအ၊ နင့်လက်ထဲက ကစားစရာပစ္စည်းကလေးက အဆန်းပါကလား။ ကောင်မနှယ် ကစားစရာကလေးကိုကြည့်ပြီး ကျေနပ်လာလိုက်တာ၊လူတစ်ယောက်လုံးလာတာကိုတောင်မမြင်တော့ဘူး။ မှန်းစမ်း၊ ဘယ်လိုကစားစရာပစ္စည်းကလေးလဲ။ ကြည့်စမ်းမယ်"

ရွှေအမှာ အသက်ဆယ့်လေးငါးနှစ်ခန့်သာ ရှိသေးသည့် အစေတော်သူငယ်မကလေးတစ်ယောက်ဖြစ်လျက် ရေခပ်၊ အမှိုက်လည်းစသည့် အလုပ်ကြမ်းများကိုလုပ်ရန် မကြာမီကမှ ခေါ်လာသည့်သူငယ်မကလေး တစ်ယောက်ဖြစ်လေ၏။ ခပ်ဝဝ၊ မျက်နှာဝိုင်းဝိုင်း၊ ခြေကြီး လက်ကြီးနှင့်ဖြစ်၍ အလုပ်အကိုင်လုပ်ရာတွင် မြန်ဆန်လှပေ၏။ ရိုးအသည့်အပြင် ဘာကိုမျှလည်းနားမလည်သည့်အတွက် ပြုမူပြောဆိုရာတွင်လည်း စိတ်ထဲရှိသည့်အတိုင်း ပြုမူပြောဆိုတတ်လေ၏။ မယ်မယ်သည် သူကြမ်းကြမ်းတမ်းတမ်းနေပုံ၊ အူတူတူအတတဖြစ်ပုံကိုကြည့်၍ ရယ်ရသည့်အတွက် သူ့ကို 'ရွှေအ' ဟု အမည်ပေးထားလေ၏။ မယ်မယ်သည် ပျင်းပျင်း ရှိလျှင် ရွှေအကိုခေါ်ကာ သူပြောသည့်စကားများကို နားထောင်ရင်း အပျင်းဖြေတတ်လေ၏။ တော်တော်တန်တန်အမှားအယွင်း ရှိလျှင်လည်း ရွှေအကို အပြစ်ယူလေ့မရှိဘဲ ခွင့်လွှတ်တတ်လေ၏။ ထို့ကြောင့် အခြားသူများကလည်း မယ်မယ်က သူ့ကိုပစားပေးသည်ကိုကြည့်၍ တော်တော်တန်တန်ကို ဗွေမယူကြတော့ချေ။ ဤတွင် ရွှေအသည်လည်း အတင့်ရဲလာကာ ဥယျာဉ်ထဲတွင် သူသွားချင်ရာသို့ လျှောက်သွားတတ်လေ၏။

ထိုနေ့က ရွှေအသည် ပန်းချုံကလေးများကြားတွင် ပုရစ်ကလေးများကို လိုက်ဖမ်းလျက်ရှိစဉ် ကျောက်ဆောင်တစ်ဆောင် နောက်ကွယ်၌ ရောင်စုံတောက်ပလျက်ရှိသော ရွှေခြည်ထိုး အိတ်ကလေး တစ်လုံးကို တွေ့လေ၏။ အိတ်ကလေးမှာ သပ်ရပ်လှပစွာ ထိုးထားပြီး လက်ရာမြောက်လှပေ၏။ သို့ရာတွင် ထိုအိတ်ကလေးပေါ်တွင် ရွှေခြည်ထိုးထားသည့် အရုပ်များမှာ ခါတိုင်း သူမြင်ဖူးသည့် အိတ်များပေါ်တွင် တွေ့ရတတ်သည့် ငှက်ရုပ်၊ ပန်းရုပ် စသည်တို့မဟုတ်ဘဲ ကိုယ်လုံးတီး လူနှစ်ယောက် လုံးထွေးရစ်ပတ်နေပုံ ဖြစ်လေ၏။ အခြားတစ်ဘက်တွင်လည်း စာများ ရေးထားလေ၏။

ရွှေအသည် အူတူတူ အတတ မိန်းကလေး တစ်ယောက်ပီပီ ထိုပုံများသည် ညစ်ညမ်းသည့်ပုံများဖြစ်ကြောင်း မရိပ်မိသေးဘဲ

"အင်း၊ ကြည့်ရတာ ဘီလူးနှစ်ကောင် သတ်ပုတ်နေကြတဲ့ပုံ ထင်တာပဲ။ ဒါမှမဟုတ်ယင်လဲ လင်နဲ့မယား ရန်ဖြစ်နေကြတဲ့ပုံများလား" ဟု တွေးကာ တခစ်ခစ်ရယ်ရင်း မယ်မယ့်ကိုပြရန် ယူလာခဲ့ခြင်း ဖြစ်လေ၏။ သခင်မဆင့်က အကျိုးအကြောင်းကိုမေးမြန်းသည့်အခါတွင် ရွှေအက

"တော်တော်ဆန်းတဲ့ပုံ သခင်မကြီး၊ မယုံယင် ကြည့်ပါလား" ဟု ဆိုကာ သခင်မဆင့်ကို လှမ်းပေးလေ၏။

သခင်မဆင့်သည် အိတ်ကိုကြည့်လိုက်၍ ရုပ်ပုံကို မြင်လိုက်သည်နှင့် အလန့်တကြားဖြစ်သွားကာ အိတ်ကို လက်ထဲတွင် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိလေ၏။

"ဒီအိတ်ကို ဘယ်ကတွေ့လာတာလဲ"

"ဟိုကျောက်ဆောင်ကြီး နောက်ကရှင့်။ ပုရစ်ကလေးတွေ လိုက်ဖမ်းနေတုန်း တွေ့လာတာ"

"ကောင်မလေး၊ ဒီအကြောင်းကိုဘယ်သူမှ လျှောက်မပြောနဲ့နော်၊ မကောင်းဘူး။ အားကြီး ညစ်ပတ်တယ်။ အူတူတူ အတတ မို့လို့ နင့်ကို တာမှုမလုပ်တာ။ ဒိပြင်လူဆိုယင် ဒီလိုအိတ်မျိုးကိုကောက်လာယင် သတ်ပစ်မှာ။ ဒီအိတ်ကောက်ရတာကို ဘယ်သူ့ကိုမှမပြောနဲ့"

ရွှေအမှာ ကြောက်လွန်းသဖြင့် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိလေပြီ။

"ဟုတ်ကဲ့၊ မပြောပါဘူးရှင့်" ဟု ဆိုကာ သခင်မဆင့်ကို ကြိမ်ဖန်များစွာ ရှိခိုးဦးတိုက်ပြီးနောက် ခပ်သုတ်သုတ်ထွက်သွားလေ၏။

သခင်မဆင့်သည် အနီးတစ်ဝိုက်သို့ လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်းတွင် မိန်းကလေး အချို့ကို မြင်ရလေ၏။ သခင်မဆင့်သည် မိန်းကလေးများ မမြင်ရလေအောင် လက်ကိုင်အိတ်ကို အင်္ကျီလက်ကြားထဲသို့ထိုး၍ ဝှက်ထားလိုက်ရင်း ထိုပစ္စည်းသည် မည်သို့မည်ပုံ ဥယျာဉ်ထဲသို့ ရောက်လာသနည်းဟုတွေးတောရင်း ယင်ချွန်းထံသို့လာခဲ့လေ၏။

ယင်ချွန်းမှာ စိတ်ညစ်လျက်ရှိပြီး မိမိ၏ အထိန်းတော် အရေးယူခံရသည့်အတွက်လည်း စိတ်မကောင်း ဖြစ်လျက် ရှိလေ၏။ သခင်မဆင့် ရောက်လာသည်ဟု ကြားရသည့်အခါတွင် အထဲသို့ဖိတ်ခေါ်ကာ လက်ဖက်ရည် တည်ခင်းလေ၏။ သခင်မဆင့်က

"ယင်ချွန်းရယ်၊ ညည်းလဲ ကလေးမကလေးတစ်ယောက်မှ မဟုတ်တော့ဘာပဲ။ တကယ်ဆိုယင် ကိုယ့်အထိန်းတော်ကို ကြည့်ပြောပါတော့လား။ ခုဟာ တခြားလူရဲ့ အစေတော်တွေက ပြောစရာမရှိဘူး၊ ကိုယ့်အစေတော်တွေက ပြောစရာဖြစ်နေတာပေါ့။ ဒီတော့ ကိုယ်က ဘယ့်နှယ်လုပ် ပြောတော့မလဲ"

ယင်ချွန်းသည် ခေါင်းငုံ့ကာ သူ့ ခါးစည်းကြိုးကို လက်ချောင်းကလေးများဖြင့် လိမ်လျက်ရှိလေ၏။

"ကျွန်မလဲပြောတာပဲ မေမေရယ်။ ဒါပေမယ့် နားမထောင်တော့ ဘယ့်နှယ်လုပ်မလဲ။ ပြီးတော့လဲ ခက်တာက ကိုယ့်အထိန်းတော် ဖြစ်နေလေတော့ ငယ်ငယ်ကတည်းက သူက ကိုယ့်ကို နိုင်လာတာ။ ခုမှ ကိုယ်က သူ့ကို ပြန်ပြီးထိန်းကျောင်းဆုံးမနေရမယ်ဆိုတော့ ခက်ဘာပေါ့။ ခေါက်ချင်း ခေါက်ယင် သူကသာ ယင်ချွန်းကို ခေါက်မှာ။ ယင်ချွန်းက သူ့ကို ခေါက်လို့ရတာမဟုတ်ဘူး"

"မဆိုင်လိုက်တာအေ။ သူက ဘာဖြစ်လို့ ခေါက်ရမှာလဲ။ အမေ တစ်ယောက်လုံး ရှိသေးတယ်။ အမေက ဆုံးမမှာပေါ့။ ဒါပေမယ့် သူက စည်းကမ်းပျက်ယင် သူ့ကိုညည်းက ဆုံးမရမှာပေါ့။ ကိုယ်က သခင်မ။ သူက အထိန်းတော်ပဲဟာ။ သူ နားမထောင်ယင် ဘာဖြစ်လို့ မေမေ့ကို မပြောသလဲ။ အပြင်လူတွေကြားယင် ဘယ်လိုပြောမလဲ။

"ပြီးတော့လဲ ကစားဝိုင်းမှာ သူက ဒိုင်လုပ်ဖို့ ပိုက်ဆံ လိုတော့ ညည်းဆီကိုပဲ ပူဆာမှာပေါ့၊ မဟုတ်ဘူးလား။ ညည်းကလဲ စိတ်ခတ်ကမပျော့ပျော့ဆိုတော့ သူ့ပေါင်ဖို့နှံဖို့ လက်ဝတ်လက်စားတွေ ငှားလိုက်တယ်ဆိုပါတော့။ ဒါပဲနော်၊ ပြောလိုက်ပါပေရဲ့။ နောက်တော့မှ ကိုယ့်ကို လိမ်သွားယင် ငါကတော့ ညည်းလက်ဝတ်လက်စားတွေ ဘာတွေကို ပြန်ရွေးပေးလိမ့်မယ်ထင်နဲ့၊ မရွေးပေးနိုင်ဘူး။ ဒီအတိုင်းကြည့်နေလိုက်မှာ။ အဲ၊ ပွဲတော်ကျမှ ဝတ်စရာမရှိဘူးလေး ဘာလေးနဲ့ လာမပြောနဲ့"

ယင်ချွန်သည် မည်သို့မျှ မပြောတော့ဘဲ ခေါင်းကိုငုံ့ကာ အင်္ကျီအနားကို ဆုပ်ချေလျက်ရှိလေ၏။

သခင်မဆင့်က ရယ်လိုက်ရင်း

"ငါ့သမီးရဲ့အစ်ကိုတော်ကျိုလျု နဲ့ ယောက်မတော် ငှက်မယ်တို့က တန်ခိုးသြဇာကြီးပါရဲ့။ အိမ်ကြီး တစ်အိမ်လုံးတော့ စီမံလိုက်ကြတာ၊ အုပ်ချုပ်လိုက်ဘာ။ ဒါပေမယ့် ကိုယ့်ညီမငယ်ကလေးကျတော့ ဘာများ ဂရုစိုက်ကြသလဲ။ ဘာမှဂရုမစိုက်ကြဘူး။ ညည်းက ငါ့သမီးအရင်း ဆိုယင်တော့ သူတို့ဂရုမစိုက်လဲ အကြောင်းမဟုတ်ပါဘူး။ ခုတော့ ညည်းက ငါ့သမီးအရင်း မဟုတ်ဘူး၊ ညည်းနဲ့ကျိုလျု ဆိုတာကလဲ အမေကွဲပေမယ့် တစ်ဖအေတည်းကမွေးလာတာ။ ဒီတော့ ကိုယ့်ညီမလေး လူပြောသူပြောခံရအောင် ဟတ်နိုင်သမျှ ဖေးဖေးမမ လုပ်သင့်တာပေါ့။

"ပြီးတော့ ငါနားမလည်နိုင်တာတစ်ခုလဲ ရှိသေးတယ်။ ညည်းအမေဟာ ကျိရှဲ့ရဲ့အမြွှာင်မယား၊ တန်ချွန်းရဲ့အမေဆိုယင် ကျိချိန်ရဲ့ အမြွှာင်မယား။ ဒီတော့ တကယ်ဘမ်းပြောကြယင် ညည်းတို့မှာဘန်းတူ အခွင့်အရေးရှိရမယ်။ ညည်းအမေရှိတုန်းကဆိုယင် ခု တန်ချွန်းတို့၊ ကျိဟုန်တို့ အမေချောနဲ့ ဘာဆိုင်လို့လဲ။ အမြွှာင်ချင်း အတူတူတောင် ညည်း

SAR PAY ... BOOK HOUSE
NO.173, 33 rd Street Rangoon
(Ph; 85166/74391)

အမေက သူ့ထက်ဆယ်ဆလောက် အဆင့်အတန်းမြင့်တာပေါ့။ ဒီတော့ ညည်းလဲ တန်ချန်းထက် အဆင့်မြင့်ဖို့ကောင်းတာပေါ့။ ခုတော့ ညည်းက သူ့လောက်တောင် အဆင့်မရှိဘူး ဖြစ်နေတယ်။ ဒါက ဘာသဘောလဲ အေ့။ ငါ့မှာ ကလေးမရတာ ခပ်ကောင်းကောင်း ဖြစ်နေတာပေါ့အေ။ ကလေးများရယင် သူများအောက်မှာ အောက်ကျနောက်ကျနဲ့ လူရယ်စရာ ဖြစ်နေရဦးမှာ”

ဤတွင် သူတို့အနီးတွင် ရှိနေကြသည့် အစေတော်အချို့က

“ကျွန်မတို့ သခင်မကလေးက သဘောကောင်းတယ် သခင်မကြီးရဲ့။ ပြီးတော့ ရိုးလဲရိုးတယ် မဟုတ်လား။ မလေးတန်ချန်းတို့လို သူများကို အကျောကြီးနဲ့ပြောပြီး စကားကို ဗလစ်ဗလစ်နဲ့ပြောတဲ့ မိန်းကလေးမျိုးလဲ မဟုတ်ဘူး။မလေးတန်ချန်းဆိုယင် ကျွန်မတို့သခင်မလေးယင်ချန်း ဘယ်လိုနေရထိုင်ရတယ်။ ဘယ်လိုမျက်နှာငယ်ရတယ် ဆိုတာသိသားပဲ။ ဒါပေမယ့် ပါးစပ်ကလေးကသာချိုတာ၊ တစ်ခါမှ ကိုယ်ထိလက်ရောက် ကူညီစောင်မတာမျိုး မရှိဖူးပါဘူး”

“ဒါတော့အေ၊ သူ့ အစ်ကိုအရင်းခေါက်ခေါက် ကျိုလျံနဲ့ ယောက်မ နတ်ငှက်မယ်ကတောင် ဂရုမစိုက်တာ၊ တခြားလူက ဘယ်မှာ ဂရုစိုက်ပါ့မလဲ”

ထိုစဉ် နတ်ငှက်မယ်ရောက်လာကြောင်းဖြင့် လာရောက်ပြောကြားလေ၏။

သခင်မဆင့်က မျက်နှာကိုရှုံ့မဲ့လိုက်ရင်း

“နေထိုင်မကောင်းယင် ကိုယ့်ဘာသာကိုယ် အိပ်ရာထဲကို လှဲ့နေပါလို့ ပြောလိုက်ပါအေ။ သူများအတွက် ဒီမှာဘာမှ ကူညီလုပ်ကိုင်ပေးစရာ မလိုပါဘူးလို့ ပြောလိုက်”

ထိုစဉ် အစေတော်တစ်ယောက် နောက်ထပ် ရောက်လာပြန်ကာ မယ်မယ် အိင်ရာမှ နိုးလာပြီဟု လာရောက်ပြောသည်တွင် သခင်မဆင့်လည်း ပြန်လာခဲ့လေ၏။

သခင်မဆင့်ကို အပေါက်ဝသို့ရောက်အောင်လိုက်ပို့ပြီး ပြန်လာခဲ့သည်တွင် စုချိက

“ကဲ ဘယ်နှယ်လုပ်ကြမလဲ မလေးယင်ချန်း။ ဟိုတစ်နေ့တုန်းက ပုလဲတွေမြှုပ်ထားတဲ့ ရွှေဆံထိုးလေး ပျောက်နေတယ်လို့မလေးယင်ချန်းကို ကျွန်မပြောခဲ့တယ်မဟုတ်လား။ အဲဒီတုန်းက မလေးယင်ချန်းက ပေါ့တီးပေါ့ဆ လုပ်နေခဲ့တယ်လေ။ ကျွန်မကိုတောင် ဘာမျှမမေးဘူး။ အဲဒီတုန်းက ကျွန်မကပြောတယ်မဟုတ်လား။ မလေးရဲ့အထိန်းတော်ကြီးဖဲကစားဖို့ အဲဒီပစ္စည်းကို ပေါင်ပစ်ပြီထင်တယ်လို့ပြောတော့ ကျွန်မစကားကိုမယုံခဲ့ဘူး။ စုချိ တစ်နေရာမှာ အထားမှားလို့ ဖြစ်ပါလိမ့်မယ်၊ ရှိမှာပါ၊ သူ့ကို မေးကြည့်ပါလို့တောင် ပြောခဲ့သေးတယ်။ ဒါနဲ့ သူ့ဆီကို သွားမေးခဲ့တယ်။ အဲဒီတုန်းက စုချိကောင်းကောင်း နေလို့မကောင်းဘူး။ ဒါပေမယ့် သူအကုန်မှတ်မိပါတယ်။ သတိကောင်းပါတယ်။ အဲဒီပစ္စည်းကို မသိမ်းဘူးတဲ့။ စန္ဒြာပွဲတော်ကျယင် ဝတ်ဖို့ ဘူးကလေးနဲ့ထည့်ပြီး စာအုပ်စင်ပေါ်မှာတင်ထားတယ်လို ပြောလိုက်ဘယ်လေ။ တကယ်ဆို အဲဒီတုန်းကတည်းကိုက အထိန်းတော်ကို မေးလိုက်ဖို့ကောင်းတယ်။ ဒါပေမယ့် သခင်မလေးက အားကလဲ အားနာတယ်၊ စိတ်ခတ်ကလဲပျော့တော့ မမေးခဲ့ဘူး။ ကဲ ခုတော့ ဘယ်နှယ်ရှိစ၊ ပျောက်ပြီမဟုတ်လား။ စန္ဒြာပွဲတော်မှာ အပြင်သူတွေက ဝတ်လိုစားလို့၊ သခင်မလေးတစ်ယောက်သာ ဘာမှဝတ်စရာမရှိ ဘာမရှိနဲ့။ ပြီးတော့လဲ ပွဲတော်က မနက်ဖြန်မှာ”

“သွားပြီးမေးမနေပါနဲ့အေ။ နည်းနည်းပါးပါးလိုလို့ ယူသုံးတာနေမှာပေါ့။ ကြည့်ရတာကတော့ ယူသွားပြီး ကိစ္စပြီးလို့ရှိယင် အသာပြန်ထားမလို့ထင်ပါရဲ့။ မေ့သွားလို့နေမှာပါ။ ခုလို သူ့မှာ ဒုက္ခရောက်နေတုန်း သွားမေးလို့မကောင်းပါဘူး”

“ဘယ်ကလာ့ မေ့တာဖြစ်ရမှာလဲ မလေးယင်ချန်းရယ်။ သူက မလေးအကြောင်းကို ကောင်းကောင်း သိတယ် မဟုတ်လား။ မလေး သဘောကောင်းတာကို အခွင့်ကောင်းယူတာရှင့်၊ သိရဲ့လား။ ဒီတော့ ကျွန်မအကြံတစ်ခုရတယ်။ ဒီကိစ္စကို မလေးငှက်မယ်ကို သွားတိုင်ထားယင် မကောင်းဘူးလား။ မလေးငှက်မယ်အနေနဲ့ အတောင်းခိုင်းချင်လဲခိုင်းနိုင်တယ်။ ဒါမှမဟုတ်ယင်လဲ ငွေလေးနည်းနည်းပါးပါး စိုက်ပြီး ပြန်ရွေးနိုင်တယ်။ ဘယ့်နှယ်လဲ”

ယင်ချွန်းက ခပ်တွေတွေဖြင့်

"မလုပ်ပါနဲ့အေ။ တိုက်စွကို ဒီလောက်ရေးကြီးခွင့်ကျယ် လုပ်နေလို့ မကောင်းပါဘူး။ ငါ့ပစ္စည်းပြန်မရချင်ယင်လဲ နေပါစေတော့။ သူများကို ဒုက္ခမပေးချင်တော့ပါဘူး"

စုချိက စိတ်မရှည်နိုင်ဟန်ဖြင့်

"မလေးက ဘယ်ပြီးပျော့တာကိုး။ ကိုယ်ရပိုင်ခွင့်ဆိုတာ ပြောရတယ်ရှင့်၊ ယူရဘယ်ရှင့်။ဒီလိုမှမဟုတ်ယင် မလေးလုံးပါးပါးပြီး ပျောက်သွားမှာပေါ့။ဒီတော့ မလေးမပြောချင်ယင်နေ၊ကျွန်မသွားပြောမယ်"ဟုဆိုကာအဘင်းထွက်သွားသည့်အတွက် ယင်ချွန်းမှာ မတားနိုင်တော့ချေ။

ထိုစဉ်တွင် အထိန်းတော်ကြီး၏ချွေးမဖြစ်သူသည် မိမိ၏ယောက္ခမမှာ ယခုချိန်တွင် အပြစ်ခံနေရကြောင်း၊ ယင်ချွန်းအနေဖြင့် ဝင်ရောက်ပြောဆိုစေလိုကြောင်းဖြင့် ပြောဆိုရန် ယင်ချွန်းဆီသို့လာခဲ့ရာ အထဲတွင် ယင်ချွန်းနှင့်စုချိတို့ ရွှေဆံထိုးပျောက်သည့်ကိစ္စနှင့် ပတ်သက်၍ ပြောဆိုနေသံကိုကြားသည့်အတွက် အထဲသို့မဝင်သေးဘဲ အပြင်တွင် ရပ်၍စောင့်ရင်း နားထောင်နေလေ၏။ ယင်ချွန်းမှာ စိတ်ဓာတ် အလွန်ပျော့ညံ့သူဖြစ်သည့်အတွက် မည်သည့်အစေခံကမျှ သူ့ကိုကြောက်ရွံခြင်း မရှိကြချေ။ အကယ်၍ စုချိသည်ထိုကိစ္စကို နတ်ငှက်မယ်အားသွား၍တိုင်ခဲ့သည်ဆိုလျှင် ပြဿနာမှာ ပို၍ကြီးလာပေတော့မည်။ထို့ကြောင့်အထိန်းတော်ကြီး၏ ချွေးမဖြစ်သူ ဝမ်ချူသည် မျက်နှာချိသွေးကာ ယင်ချွန်းကိုတောင်းပန်ခြင်းပြုရန် ဝင်ရောက်လာလေ၏။

ရောက်လျှင်ရောက်ချင်း ယင်ချွန်းကိုတောင်းပန်ခြင်း မပြုသေးဘဲ စုချိကို တောင်းပန်လေ၏။

"မလေးငှက်မယ်ကိုသွားပြီး မမေးပါနဲ့အစ်မရယ်။မလေးငှက်မယ်တို့ဘာတို့သိသွားယင် အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်။ ကျွန်မရဲ့ယောက္ခမဆိုတာ အသက်လဲကြီးပါပြီ။ ခေါင်းတို့ဘာတို့ကလဲ ကောင်းကောင်း မကောင်းတော့ပါဘူး။ မလေးယင်ချွန်းရဲ့ ရွှေဆံထိုးကလေးကို ငှားထားဘာကတော့ တခြားကြောင့်မဟုတ်ပါဘူး၊ဖဲဝိုင်းမှာတော်တော်

လေးရှုံးလာတော့ အဲဒီပိုက်ဆံကို ရင်းစားပြန်ရအောင်လိုက်ဖို့ ခဏယူတာပါ။ အစတုန်းကတော့ တစ်ရက်နှစ်ရက်လောက်ဆိုယင် ပြန်ရွေးပေးမလို့ပါ။ ဒါပေမယ့် အရှုံးကိုလိုက်ရင်းလိုက်ရင်းနဲ့ ထပ်ပြီးရှုံးနေတာနဲ့ ရလို့ဖြစ်သွားတာပါ။ခုတစ်လော ကံဇာတာများကလဲ နိမ့်နေလေတော့ သူ့သတင်းကို အထက်ကလူကြီးတွေကြားပြီး ဒုက္ခရောက်နေရတာပါ။ မလေးပိုင်တဲ့ပစ္စည်းကို ကျွန်မတို့ရွေးမပေးဘဲမနေရဲပါဘူးရှင်။တစ်နေ့ကျယင် ဆက်ဆက်ရွေးပေးမှာပါ"

ထိုနောက် အထိန်းတော်၏ ချွေးမသည် ယင်ချွန်းဘက်သို့ လှည့်လိုက်ရင်း

"မလေးရယ်၊ ကျွန်မတို့ကို သနားပါနော်။ မလေးကို ငယ်စဉ်တောင်ကျေးကတည်းက နို့ချိုတိုက်ပြီးမွေးလာခဲ့တဲ့ အထိန်းတော်ပါ။ ဒီတော့မလေးကိုယ်တိုင်သွားပြီး အထိန်းတော်ကိုလွှတ်ပေးဖို့ မယ်မယ်ကို ပြောပေးပါနော်"

"သွားပြီး ပြောနေလို့ အကြောင်းမထူးပါဘူးရှင်။ တတ်နိုင်လို့ တစ်နှစ်လုံးသွားပြီး ကျွန်မငိုယိုတောင်းပန်နေဦး ရမှာမဟုတ်ဘူး။ စောစောကတင် မလေးပေါက်ကြည်တို့၊ မလေးထိုက်ယူတို့ သွားပြီးတောင်းပန်းပြီးပြီ။ ဒါပေမယ့် မယ်မယ်က လက်မခံဘူးရှင့်။ ဒီတော့ သူတို့တစ်သိုက်လုံး သွားပြောလို့တောင်မရတာ။ ကျွန်မ တစ်ယောက်တည်း သွားပြောလို့ဘာမျှော်လင့်ချက်ရှိမလဲ။ ပြီးတော့ ကျွန်မလဲရှက်တယ်။သွားပြီး မျက်နှာမပြချင်တော့ဘူး။ မရမယ့်အတူတူ ဘာဖြစ်လို့ အောက်ကျနောက်ကျအဖြစ်ခံတော့မလဲ"

စုချိကလည်း

"သွားပြီး တောင်းပန်ပေးတာ တောင်းပန်မပေးတာကတခြား၊ ဆံထိုးကို ပြန်ရွေးပေးတဲ့ကိစ္စက တခြားနော်။ ဘာလဲ ရှင်က မလေးယင်ချွန်းက သွားပြီးတောင်းပန်မပေးဘူးဆိုယင် ဆံထိုးကိုပြန်ရွေးမပေးတော့ဘူးလား။ ဒီလောက်တောင် တောင်းပန်ပေးစေချင်လဲတောင်းပန်ပေးမယ်။ သွား၊ ဆံထိုးကို အလျင်သွားယူချည်"

ယင်ချွန်းက မယ်မယ်ကို သွား၍တောင်းပန်လျှင်လည်း အကျိုးမထူးဟု ပြောသည့်အတွက်ကြောင့်တစ်ကြောင်း၊ စုချိက အတင်း တိုက်တွန်းနေသည့်အတွက်ကြောင့်တစ်ကြောင်း အထိန်းတော် ချွေးမသည် မည်သို့ ပြောရမည်ကို မသိဘဲ ငိုင်လျက်ရှိလေ၏။ ထိုနောက်တွင်မူ ယင်ချွန်း သဘောကောင်းသည်ကို အခွင့်ကောင်းယူကာ ယင်ချွန်း၏ အစေတော် စုချိကို ရန်ထောင်ခြင်း ပြုလေ၏။

"အံမယ်လေး၊ ဒီလောက်လဲ မပြောပါနဲ့ အစ်မရယ်။ ဟောဒီ စံအိမ်ဝင်းကြီးထဲမှာ သခင်လေးနဲ့ သခင်မလေးတွေအတွက် အထိန်းတော်တွေ အများကြီးပါ။ ဒီလောက် အထိန်းတော်တွေ ကြားထဲမှာ မမှားဖူးတဲ့ အထိန်းတော်ရယ်လို့ ဘယ်နှစ်ယောက်များ ရှိလို့လဲ။ သူများတွေ မှားတာကျတော့ ဘာမှ မပြောကြဘူး။ ကျွန်မတို့ကျမှ ပြောလိုက်တာ။ ပြီးတော့လဲ အထိန်းတော်တွေ ဒီလို လုပ်တာကို ခွင့်ပြုတဲ့ အစေတော်ဆိုလို့ ဒီအစ်မဘို့လောက်တင် ရှိတာ မဟုတ်ပါဘူး။ သခင်မ ဆင့်ရဲ့ အစေခံ တစ်ယောက်ဆိုယင် သူ မရောက်ခင်ကတည်းက သခင်မ ဆင့်က ဘာပြောသလဲဆိုတော့ သူ့တူမအတွက် တစ်လကို ငွေစင် တစ်ကျပ်သား ဖယ်ထားရမယ်လို့ အမိန့် ပေးထားတယ်။ ဒါကြောင့် ကျွန်မတို့ ဖယ်ထားရတာပဲ။ ဒီမှာဆိုယင်လဲ ကျွန်မတို့မှာ စုယဉ်အတွက် ငွေ တစ်ကျပ်သား မဟုတ်တောင် တတ်နိုင်သလောက် ဖယ်ထားရတာပဲ မဟုတ်လား။ ဒီတော့ ဒီမှာ အစ်မတို့ တစ်ခုခု လိုနေတယ်ဆိုယင် ကျွန်မတို့မှာ ရှာပေးဖို့ ဝတ္တရားလဲ ရှိတယ် မဟုတ်လား။ မလောက်ယင် နောက်ထပ် အသုံးစရိတ် ပေးပါဦးလို့ ဘယ်သူ တောင်းချင်မလဲ။ ဒီတော့ အစေတော်တွေကိုပဲ အရှာခိုင်းတော့ အစေတော် ကောင်မတွေကလဲ တစ်နှစ်တစ်နှစ်မှာ သခင်မလေးတွေအတွက် စိုက်လိုက်ရတဲ့ ပိုက်ဆံတွေ။ တစ်ခါတလေများ ငွေစင် အစိတ်သား သုံးဆယ်သား ကျော်တယ်။ ကျွန်မတို့ အလှည့်ကျမှသာ ပြန်မကြည့်တာပါ။ ခက်တာက...."

စုချိသည် သူပြောသည်ကို ဆုံးအောင် နားထောင်ခြင်း မပြုတော့ဘဲ တစ်တွေး တွေးလိုက်ကာ

"နေစမ်းပါဦး၊ ညည်းက တို့အတွက် ငွေတွေ စိုက်သုံးတယ်လို့ ပြောတော့ ဘာတွေများ သုံးသွားလို့လဲ၊ ပြောစမ်းပါဦး။ ပြီးတော့လဲ ညည်း သခင်မလေးက ညည်းကို ဘာများ အဝယ်ခိုင်းဖူးလို့လဲ"

သူ့စကားကို နားထောင်ရင်းဖြင့် သခင်မ ဆင့်ကိုပါ ထိခိုက် ပြောလာသည့်အတွက် ယင်ချွန်းက

"ကဲ၊ တော်ပါတော့ရှင်၊ ရွှေဆံထိုးကို ရွေးမပေးချင်လဲ ရှိပါစေတော့။ ဟိုကိစ္စတွေ ထည့်ပြော၊ ဒီလူအကြောင်း ထည့်ပြောတော့ လုပ်မနေကြပါနဲ့တော့။ တော်တော်ကြာယင် ဗိုက်ထက် ရှုပ်လာလိမ့်မယ်။ တော်ပါပြီ။ ဒီရွှေဆံထိုးကိုလဲ ပြန်မလိုချင်တော့ပါဘူး။ မယ်မယ်တို့၊ ဒေါ်လေးဝမ်တို့က ဆံထိုး ဘယ်ရောက်သွားသလဲလို့မေးယင် ကျပျောက်သွားပြီလို့ ပြောလိုက်တော့မယ်။ ဒီတော့ ရှင်တို့လဲ မပါတော့ဘူး။ ကိစ္စပြတ်ရောပေါ့။ ကဲ၊ဒီတော့ အေးအေး ဆေးဆေးသာ သွားပြီး နားချည်တော့"

ဤတွင် အထိန်း၏ ချွေးမဖြစ်သည့်မိန်းကလေးက

"သခင်မလေးကတော့ ဘာအရေးကြီးမလဲလေ။ အစေအပါး လုပ်ရတဲ့ ကျွန်မတို့မှာသာ အပြောခံစရာရှိယင်အပြောခံရမှာ။ ကြည့်လေ ခုလဲ သခင်မလေးရဲ့ပစ္စည်းကိုလဲ လစ်သွားတယ်။ ပြီးတော့ သူ့ဘို့ဘာပဲ ပိုက်ဆံပြန်တောင်းရတယ်ရှိသေးတယ်။ ဘယ်လောက်စီးပိုးသလဲ။ တကယ်လို့များ မယ်မယ်တို့သခင်မဆင့်တို့က ဒီပိုက်ဆံတွေကိုဘယ်လိုသုံးသလဲလို့များမေးယင် ကျွန်မတို့တစ်တွေဝိုင်းပြီး ကပ်ရပ်သုံးနေရကြလို့ ဒီလောက်ကုန်တယ်လို့ထင်ကြမှာ။တကယ်ပဲတော် ကြောက်တောင်ကြောက်လာပြီ" ဟု ဆိုကာ မျက်ရည်တွေကျလာလေ၏။

စုချိမှာလည်း အပြောခံရသည့်အဖြစ်မျိုးသို့ အရောက်မခံနိုင်ချေ။ ထို့ကြောင့် စုချိသည် နေထိုင်မကောင်းသဖြင့် အိပ်ရာထဲတွင် လှဲနေရာမှ ထလာခဲ့ကာ စုချိဘက်ဝင်၍ ကူပြောလေ၏။ ယင်ချွန်းသည် သူတို့သုံးယောက်အချင်းများနေသည်ကို ဟန့်တားခြင်းမပြုနိုင်တော့ဘဲ ကမ္မဖလ ဗီပနီကျမ်းကိုကောက်၍ဖတ်ရှုလျက်ရှိလေ၏။

ယင်ချန်းသည် ယခုအချိန်လောက်ဆိုလျှင် ပူနေတော့မည်ဟုထင်သဖြင့် ပေါက်ကြည်၊ ထိုက်ယု၊ ပေါက်ချင်းနှင့် တန်ချွန်းတို့သည် ယင်ချန်းကို အားပေးနှစ်သိမ့်ရန်လာခဲ့ကြလေ၏။ ဝင်းထဲသို့ရောက်သည်နှင့် အစေတော်သုံးယောက် ရန်ဖြစ်နေသံကိုကြားနေရလေပြီ။တန်ချွန်းသည်ပြတင်းပေါက်မှ ချောင်း၍ကြည့်လိုက်ရာ ထိုအစေတော်သုံးယောက်ရန်ဖြစ်သည်ကို ဂရုမစိုက်ဘဲ ထိုင်ခုံပေါ်တွင်ထိုင်၍ ကျမ်းစာအုပ်တစ်အုပ်ကိုဖတ်နေသည့် ယင်ချန်းကိုမြင်သဖြင့် ပြုံးလေ၏။ အစေတော် သူငယ်မကလေးတစ်ယောက်သည် ခန်းဆီးကို မလိုက်ကာ ဦးယျာဥ်ထဲမှ ပေါက်ကြည်တို့တစ်တွေ အလည်ရောက်လာကြောင်းကိုပြောလေ၏။ ယင်ချန်းသည် စာအုပ်ကိုချ၍ ထိုင်ရာမှထလိုက်လေ၏။ ဝမ်၏ချွေးမမှာ တန်ချွန်းကို မြင်လျှင် အသံတိတ်သွားပြီး ခန်းဆောင်ပြင်သို့ လစ်ထွက်ရန်ပြင်နေလေ၏။

တန်ချွန်းက ဝင်ထိုင်လိုက်ရင်း

"စောစောတုန်းက ဘယ်သူတွေစကားပြောနေကြတာလဲ။စကားပြောတာကလဲ ရန်ဖြစ်တာကျနေတာပဲ"

"အလကားပါ မလေးရယ်။ အဲဒီမိန်းမတွေပါ။ ပြဿနာ မရှိပြဿနာရှာနေကြတာ။ ဘာမှမဟုတ်ပါဘူး"

တန်ချွန်းက ပြုံးလိုက်ရင်း

"စောစောတုန်းက ရွှေဆံထိုးဆိုတဲ့စကားလုံးရယ်၊ သိပ်စီးပိုးတာပဲဆိုတဲ့စကားလုံးရယ် ကြားလိုက်ပါတယ်။ နေစမ်းပါဦး၊ အစေတော်တွေဆီကို ပိုက်ဆံတောင်းပြီးသုံးတယ်ဆိုတာ ဘယ်သူတွေလဲ။ ယင်ချန်းလား။ ဒီလိုဆိုယင် မလေးယင်ချန်းမှာ ကိုယ်တို့လိုလစဉ်ထောက်ပံ့ကြေးမရဘူးလား"

စုချီနှင့် စုချုတို့က

"ဘာဖြစ်လို့ မရရမှာလဲ။ ရပါတယ်။ ဒီစံအိမ်ဝင်းထဲမှာ ရှိတဲ့သခင်မတွေအားလုံး ထောက်ပံ့ကြေးရနေကြတာပဲ။ သူတို့လိုပဲ အထိန်းတော်တွေဘာတွေလဲရပါတယ်။အထိန်းတော်တွေဟာ ပိုက်ဆံကို စာရင်းမရှိအင်းမရှိသုံးပြီး လိုယင်ဟိုကလိုက်ဆွဲ ဒီကလိုက်ဆွဲနဲ့။ သိပ်စိတ်ပျက်ဖို့

ကောင်းတယ်။ ခုတော့ကြည့်စမ်းပါဦး၊ သူတို့ကပဲ ပြောနေလိုက်ရသေးတယ်။ မလေးယင်ချန်းက ပိုက်ဆံတွေအသုံးများလို့ သူတို့အိတ်ထဲကပဲ စိုက်ထုတ်ပေးနေရတဲ့ပုံစံမျိုး။သူတို့ကပဲ သူတို့စုထားတဲ့စရိတ်ထဲက မလေးယင်ချန်းကို ထောက်ပံ့နေရတဲ့ပုံစံမျိုးပြောနေကြပြန်သေးတယ်။ နေစမ်းပါဦး၊ မလေးယင်ချန်းက ရှင်တို့ဆီက ဘယ်တုန်းကများ တောင်းဖူးလို့လဲ၊ ပြောစမ်း"

"ဟုတ်တာပေါ့။ မလေးယင်ချန်းတောင်းတယ်ဆိုယင် ကိုယ်တို့လဲတောင်းတယ်ဆိုတဲ့အဓိပ္ပာယ်ရောက်နေတာပေါ့။ သွားစမ်း၊ ဒီမိန်းမကို ရှင်းရှင်းလင်းလင်းမေးမှဖြစ်မယ်။ ခေါ်ချည်စမ်း"

"ကဲပါကွယ်၊ သူပြောတာကို အဟုတ်ထင်မနေကြပါနဲ့။ တကယ်ကတော့ မလေးတို့နဲ့လဲ ဘာမှမဆိုင်ပါဘူး။ ကိုယ့်ကိစ္စပါ"ဟု ယင်ချန်းကပြောလေ၏။

တန်ချွန်းက

"ဘယ်ကိုယ့်ကိစ္စဟုတ်ရမှာလဲ။ ဒီကိစ္စက အားလုံးနဲ့ ဆိုင်တယ်မလေးရဲ့။ မလေးနဲ့ကိုယ်တို့ဟာ တစ်လှေထဲစီး တစ်ခရီးတည်း သွားနေကြတဲ့သူတွေ။ မလေးရဲ့ကိစ္စဟာလဲ ကိုယ်တို့ကိစ္စပဲ။ သူတို့က မလေးကိုရိုင်းပျလာတယ်ဆိုယင် ကိုယ်တို့ကိုလဲ မရိုင်းဘဲ ဘယ်နေမလဲ။ ရိုင်းမှာပေါ့။ အစေခံတစ်ယောက်ယောက် ကိုယ့်အကြောင်း ဒီလိုမဟုတ်ဘန်းတရားတွေပြောနေတာကို မလေးကြားယင် ကိုယ့်လိုပဲ ခံပြင်းမိမှာပဲ။ ဟုတ်ပါတယ်။ ကိုယ်တို့ဟာ ဒီအိမ်မှာ သခင်မကလေးတွေ ဖြစ်နေတော့ တော်တော်တန်တန်ကိစ္စကလေးတွေကို ဂရုစိုက်မနေနိုင်ဘူးဆိုတာမှန်ပါတယ်။ အသေးအဖွဲ့ကလေးတွေအတွက် စိတ်မပူနိုင်ဘူးဆိုတာ ဟုတ်ပါတယ်။ ကိုယ်တို့လိုတာတောင်းယင်ရပါတယ်။နေစမ်းပါဦး၊ခု ယင်ချန်းရဲ့နတ်ငှက်ရုပ် ရွှေဆံထိုးဆိုတာကကော ဘယ်ရောက်သွားသလဲ"

ဝမ်ချု၏ ချွေးမသည် စုချီနှင့်စုချုတို့ရှေ့တွင်ဖြစ်နေသဖြင့် သူ့ကို စွပ်စွဲမည်စိုးသည့်အတွက် သူ့ကိုယ်သူကာကွယ်ရလေ၏။ တန်ချွန်းသည် ဤသည်ကိုမြင်လျှင် ပြုံးလိုက်လျက်

"ရှင်တော်တော်အတဲ့ မိန်းမပဲ။ တကယ်ဆို ကိုယ့်ယောက္ခမဒုက္ခ ရောက်နေတာ မလေးငှက်မယ်ဆီသွားပြီ ရွှေဆံထိုးကိုရွေးပေးဖို့သွားပြောပါလား။ဒီလိုဆိုယင် ရှင့်ယောက္ခမလဲမျက်နှာပျက်ရဘော့မှာ မဟုတ်ဘူး။ မျက်နှာတစ်ခါပျက်ဖူးတဲ့နောက်မှတော့လဲ သိပ်မထူးတော့ပါဘူး။သူ့ကို ဘယ်လိုအမှုနဲ့ပဲစွဲစွဲ တစ်ခါပဲပြစ်ဒဏ်ခံရမှာပဲ မဟုတ်လား။လူတစ်ယောက် ခေါင်းကို နှစ်ခါဖြတ်လို့ရတာမှတ်လို့။ ဒီတော့ ကျွန်မသာ ရှင့်လိုဆိုယင် မလေးငှက်မယ်ဆီကိုသွားပြီး အကူအညီတောင်းတယ်။ ဒီမှာလာစကား များမနေဘူး။ မလေးငှက်မယ်က အပြစ်ပေးယင်လဲခံလိုက်ရုံပေါ့"

အခိုင်းမိန်းမသည် သူပြောသည့်စကားမှန်ကြောင်းကို မငြင်းနိုင်တော့ချေ။ သို့ရာတွင် မိမိသည် ရွှေဆံထိုးကို ခိုးခဲ့ကြောင်းကိုမူ နတ်ငှက်မယ်အား ထုတ်ဖော်၍ မပြောရဲအောင် ဖြစ်လျက်ရှိလေ၏။

တန်ချွန်းက

"ဒီအကြောင်းကို ကိုယ်မကြားယင်လဲအကောင်းသား။ ဒါပေမယ့် ခုတော့ တတ်နိုင်သမျှ ကူညီရတော့မှာပေါ့လေ"

တန်ချွန်းသည်အဆောင်ပြင်သို့ထွက်ရန် ဟန်ပြင်နေသည့် တိုက်ရှုကို လှမ်း၍ ခေါ်လိုက်သေ၏။ အခြားသူများသည် စကားဆက်ပြောနေကြစဉ် ပင်အဲရောက်လာလေ၏။

ပေါက်ချင်းက ရယ်လိုက်ရင်း

"တန်ချွန်းတို့များ စေတစ်လုံးပိုင်တယ်ထင်ထယ်နော်။ ကြည့်စမ်း နတ်သမီးတွေ ဘာတွေကို ဆင့်လိုက်ရုံပဲ"

ထိုက်ယုကလည်း ရယ်လိုက်လျက်

"ဒါက ဘာအိုကိုရင်ကြီးတွေပြတဲ့ မျက်လှည့်မဟုတ်ဘူးရှင့်။ ရှေးစစ်သေနင်္ချုပ်ဟာကျမ်းတွေထဲမှာပါတဲ့ စစ်ပရိယာယ်တွေရယ်။ ကိုယ့်ရန်သူကို တိုက်တဲ့နေရာမှာ ယုန်သူငယ်လိုမြန်ပြီး အချိုရွှယ်လို သတိရှိရမယ်လို့ ဆိုတယ်"

ပေါက်ကြည်က သတိပေးသည့်အနေဖြင့် တစ်ချက်လှမ်းကြည့် လိုက်သည့်အတွက် ထိုအကြောင်းကို နောက်ထပ် ပြောဆိုခြင်းမပြုတော့ဘဲ ရပ်ထားလိုက်လေ၏။ တန်ချွန်းက ပင်အဲအား

"မလေးငှက်မယ် နေထိုင်မကောင်းတော့ အလျင်တုန်းကလို စေ့စေ့စပ်စပ် မလုပ်နိုင်တော့ဘူးပေါ့။ အိမ်ကိစ္စတွေကိုလဲ ဒီအတိုင်းပဲ ပစ်ထားလိုက်တော့ မမလေးတို့မှာ နစ်နာကုန်တာပေါ့"

ပင်အဲက ခပ်သွက်သွက်ဖြင့်

"ဟင် ဟုတ်သား။ ဘာဖြစ်လို့လဲ။ မလေးကို ဘယ်လိုထိခိုက်နစ်နာသလဲဟင်"

ဝမ်ချူ၏မိန်းမသည် ရှေ့သို့တိုးလာကာ တောင်းပန်မည်ပြုဟန်ဖြင့် အထဲသို့ဝင်လာကာ

"ထိုင်ပါဦး အစ်မပင်အဲရယ်။ ကျွန်မရှင်းပြပါ့မယ်"

ပင်အဲက မျက်နှာထားခပ်တင်းတင်းဖြင့်

"ဒီမှာ ဒီမှာ၊ ရှင် ဘယ်သူတွေကိုများ စကားပြောနေတယ်လို့ထင်လို့လဲ။ ဒါ သခင်မကလေးတွေရှင့်။ ရှင်စကားပြောချင်တယ်ဆိုယင် ခွင့်တောင်းပြီးမှဝင်ပါ့လား။ ခုတော့ ခွင့်မတောင်းဘာမတောင်းနဲ့၊ ဝင်လာလိုက်တာ၊ ရိုင်းလှချည်လား။ ဝင်းယဲက အစေခံတွေမှန်သမျှ အကြောင်းမရှိယင် သခင်မကလေးတွေရဲ့ အတွင်းဆောင်ကို မဝင်ရဘူးဆိုတာ ရှင် မသိဘူးလား"

"ဒီကဟာတွေက ရိုင်းတယ်အစ်မရေ။ သူတို့ဝင်ချင်တဲ့အချိန် ဝင်နေကြတာပဲ" ဟု စုချိကပြောလေ၏။

"ဒါကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပေါ့အေ။ ညည်းတို့ သခင်မကလေးတွေက သဘောကောင်းလွန်းတယ်မဟုတ်လား။ ဒီတော့ ညည်းတို့ကိုဘာမှ အပြစ်ရှိတဲ့လူကို အပြစ်ရှိတဲ့အလျောက် ရွေးထုတ်ပြီး မယ်မယ်ကိုမှတိုင်တာ။ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီလိုပဲဖြစ်မှာပေါ့"

ပင်အဲ၏မျက်နှာတွင် ဒေါသကြောင့် နီရဲလျက်ရှိသည်ကို မြင်လိုက်သည့်အတွက် ဝမ်ချူ၏မိန်းမသည် မည်သို့မျှ မပြောရဲတော့ဘဲ အပြင်သို့ ထွက်သွားလေ၏။ တန်ချွန်းက

"မလေး ရှင်းရှင်းပဲပြောမယ်။ တစ်ယောက်ယောက်က မလေးကိုသရော်မော်ကားပြောခဲ့ယင် မလေးကတော့ ဘာကိုမှ ဗွေမယူပါဘူး။

ဒါပေမယ့် ခုတင်ကလာသွားတဲ့ ဝမ်ချုရှဲမိန်းမနဲ့ သူ့ယောကျ်ားဟာ ယင်ချွန်းသဘောကောင်းတာ၊ အားနာတတ်တာကို အခွင့်ကောင်းယူပြီး ယင်ချွန်းရဲ့အထိန်းတော်နဲ့ သူ့ယောက္ခမဟာ ယင်ချွန်းရဲ့ ဘယက်တို့၊ ရွှေဆံထိုးတို့ကိုအပြင်သွားပေါင်ပြီး ဖဲကစားကြသတဲ့။ ပြန်ရွေးမပေးနိုင်တဲ့အခါကျတော့ ယင်ချွန်းကို ဟိုပြော ဒီပြောလုပ်နေတယ်။ ဝမ်ချုရှဲမိန်းမဟာ အိပ်ဆောင်ထဲက အစေတော်နှစ်ယောက်နဲ့လဲ မတည့်ဘူး။ ရန်ဖြစ်လာကြသတဲ့။ ယင်ချွန်းလဲ အုပ်ထိန်းလို့မရဘူးဖြစ်နေတာပေါ့။ ဒီလောက်တောင်ဆိုတော့ မလွန်လွန်းဘူးလား။ ဒါကြောင့်မို့ ပင်အဲကို ကိုယ်တိုလာခေါ်ရဘာ။ ပြောစမ်းပါ၊ ဒီမိန်းမက ဘာမို့လို့ ဒီလောက်တောင် လူပါးဝနေရတာလဲ။ ဒါမှမဟုတ်ယင်လဲ ယင်ချွန်ကိုရော၊ ဆီချွန်းကိုရော နောက်ဆုံး တန်ချွန်းကိုရော စော်ကားအောင် ဘယ်သူက မြှောက်ပေးလိုက်သလဲ”

ပင်အဲက ပြုံးလိုက်လျက်

“ဟုတ်မှဟုတ်ရဲ့လား မလေးရယ်။ မလေးငှက်မယ်သာကြားယင်တော့ မလွယ်ဘူးထင်တယ်”

တန်ချွန်းက လှောင်ပြုံးပြုံးလိုက်လျက်

“စကားပုံရှိသားပဲလေ၊ ‘ဘဝတူချင်းသာကိုယ်ချင်းစာတတ်တယ်’ တဲ့။ ပြီးတော့လဲရှိသေးတယ်၊ ‘ဖုံးပေမယ့် နှုတ်ခမ်းမရှိယင် သွားတွေပဲအေးရမှာပဲ’ တဲ့။ ဒီတော့ မလေးငှက်မယ်မှ ရှေ့က မားမားမတ်မတ် ရပ်ပေးမယ့်သူ မရှိတော့တာ တန်ချွန်းတို့အနေနဲ့ စိုးရိမ်မိတာပေါ့”

ပင်အဲက ယင်ချွန်းဘက်သို့လှည့်ကာ

“မလေးကကော ဘယ်လိုထင်သလဲ။ အမှန်ကတော့ ဒီကိစ္စမျိုးကိုကိုင်တွယ်ရတာ ဘာမှမခက်လှဘူး။ ဒါပေမယ့် ခက်တာက သူက မလေးအထိန်းတော်ရဲ့ ချွေးမဖြစ်နေတော့ ခက်နေတာပေါ့”

ပေါက်ကြည်နှင့်အတူ ကမ္ဘလဒီပနီကျမ်းကို ဖတ်လျက်ရှိသည့် ယင်ချွန်းမှာ သူတို့ပြောနေသည့် စကားများကို ကြားပင် မကြားမိချေ။

“ဘာဖြစ်လို့ မလေးကို မေးနေရတာလဲ။ မလေးလဲ ဘာတတ်နိုင်တာမှတ်လို့။ သူတို့အပြစ်နဲ့ သူတို့ခံကြပစေပေါ့။ သူတို့ကိုလဲ အပြစ်မတင်ချင်တော့ပါဘူး။ ဘာကယ်လို့ ရွှေဆံထိုးကို ပြန်ရလို့လာပေးယင်လဲ ယူလိုက်ရုံရှိတော့တာပေါ့။ မပေးလို့ရှိယင်လဲ မတတ်နိုင်တော့ဘူးလေ။ မယ်မယ်တို့၊ ဒေါ်လေးဝမ်တို့က မေးလို့ ယင်ချွန်းကလဲ ဒီကိစ္စကို ကောင်းကောင်းဖုံးထားနိုင်တယ်၊ သူတို့ကလဲ ယုံတယ်ဆိုယင်တော့ သူတို့ကံပဲပေါ့။ မယုံယင်တော့လဲ မတတ်နိုင်တော့ဘူးလေ။ မယ်မယ်တို့ကိုတော့ လိမ်မပြောရဲဘူး။ အမှန်တိုင်းပြောရမှာပဲ။ ယင်ချွန်းက စိတ်ခတ်ပျော့ပြီး အားနာတတ်တယ်။ ဒီပြဿနာကို မယ်မယ်တို့မသိအောင် ရှင်းနိုင်တယ်ဆိုယင်လဲ ရှင်းကြည့်ပေတော့။ မလေးအနေနဲ့တော့ နောက်ထပ် ဘာမှမသိချင်တော့ဘူး”

သူ့စကားကြောင့် အားလုံး ရယ်မိကြလေ၏ ထိုက်ယုကလည်း

“အင်း၊ ဒါကတော့ ကိုယ့်ဝင်းပေါက်မှာ ကျားတွေနဲ့ ဝံပုလွေတွေရောက်နေတုန်း ဘုရားရှိခိုးနေတာနဲ့ အတူတူပဲ။ အံမယ်လေးဟဲ့လေး။ ယင်ချွန်းသာ ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး အိမ်ကြီးကို အုပ်စီးရမယ်ဆိုယင် ဘယ်လိုများ နေဦးမလဲ မသိဘူး”

ယင်ချွန်းက

“အံမယ်လေး၊ ယောကျ်ားတွေထဲမှာလဲ ဒါမျိုးတွေပြည့်လို့ပါနော်။ ယင်ချွန်းကျမှ လာပြီး အပြစ်ပြောမနေကြပါနဲ့”

ထိုသို့ပြောဆိုနေစဉ် လူသစ်တစ်ယောက်ဝင်လာလေ၏။ မည်သူဖြစ်သည်ကို သိလိုလျှင် နောက်တစ်ခန်း ဖတ်ပါလေ။

●

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၃၄

ကုန်းချောစကားကြောင့် သခင်မဝမ်သည် ဥယျာဉ်ထဲတွင် ပစ္စည်းပျောက်ရှာခြင်း။ မိမိသိက္ခာကို ရှိသေသောအားဖြင့် သီချင်းသည် နိုင်ငံစံအိမ်ကြီးမှ ထွက်ခွာခြင်း။

ယင်ချွန်းပြောစကားကို နားထောင်လျက် ပြုံးနေစဉ် အဆောင်ထဲသို့ ပေါက်ယု ဝင်ရောက်လာလေ၏။

ဥယျာဉ်ထဲရှိ မီးဖိုမှ ထမင်းချက်အဘွားလူကို မလိုသူများက အဘွားလူသည် တိတ်တိတ်ပုန်း ဖဲဝိုင်းထောင်လျက်ရှိကြောင်း၊ သူ့ညီမ အမည်ဖြင့် ဒိုင်ဖွင့်ပြီး နိုင်လျှင် တစ်ယောက်တစ်ဝက်စီ ခွဲဝေယူကြကြောင်းဖြင့် ကြားရလေ၏။ အဘွားလူသည် နီမောင်းပျော်ဖွယ်ရိပ်သာရှိ အစေတော်များနှင့် ခင်မင်ရင်းနှီးသည့်အလျောက် နီမောင်းပျော်ဖွယ်ရိပ်သာသို့ ထွက်လာခဲ့ကာ ချင်ဝမ်း၊ မာလာတို့နှင့် တွေ့ဆုံကာ သူတို့ထံမှ တစ်ဆင့် ပေါက်ယုထံ အကူအညီတောင်းလေ၏။ ယင်ချွန်း၏ အထိန်းတော်ကြီးမှာလည်း အခုရောက်နေသည့်အတွက် အဘွားလူတို့ထံသို့မသွား

PDF CREATOR - NYEYADHAMMA@GMAIL.COM

တော့ဘဲ ယင်ချွန်းနှင့်လည်း တိုင်ပင်လျှင်ကောင်းမည်ဟု ယူဆသည့်အလျောက် ပေါက်ယုသည် ယင်ချွန်းထံသို့ ထွက်လာခဲ့ခြင်းဖြစ်လေ၏။

ယင်ချွန်းအခန်းသို့ရောက်လျှင် လူတွေအများကြီးတွေ့ရပြီး မိမိ၏ ကျန်းမာရေးနှင့်တကွ မည်သည့် ကိစ္စဖြင့် လာရောက်ကြောင်းကို တစ်ယောက်တစ်ခွန်း မေးကြလေ၏။ ဤတွင် ပေါက်ယုကလည်း တိုက်ရိုက်မဖြေဘဲ လမ်းကြုံသဖြင့် ယင်ချွန်းထံသို့ ဝင်လာခဲ့ခြင်းဖြစ်ကြောင်း ပြောလိုလေ၏။ ထိုစဉ် ပင်အဲသည် နတ်ငှက်မယ်၏ကိစ္စများကို ဆောင်ရွက်ရန် သူတို့ကိုနှုတ်ဆက်၍ထွက်လာခဲ့ရာ ဝမ်ချူ၏ချွေးမသည်လည်း သူ့နောက်မှ လိုက်ပါလာခဲ့လေ၏။

"အစ်မရယ်၊ ကျွန်မတို့အတွက် မလေးငှက်ကို တောင်းပန်ပေးပါနော်။ ခု ကျွန်မတို့ မလေးယင်ချွန်းရဲ့ရွှေဆံထိုးကို ပြန်ရွေးပေးမှာပါ။ ကျွန်မ ကတိပေးပါတယ်"

"ဒါပေါ့၊ မရွေးပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ အနွေးနဲ့အမြန် ရွေးပေးရမှာပေါ့။ နေစမ်းပါဦး။ ညည်းက ဘာဖြစ်လို့ နှုတ်ခမ်းတလန်လန်တလန်နဲ့ ရန်တွေနေရတာလဲ။ ဒီလိုလုပ်ယင် တို့က ညည်းကို အလျှော့ပေးမယ် ထင်လို့လား။ ညည်းကသာ တကယ်နောင်တရယင် တို့ကလဲ ဒီကိစ္စကို မလေးငှက်မယ်ကို ဘာတိုင်စရာရှိသလဲ။ ရွှေဆံထိုးကို ငါ့ဆီကို တိုက်ရိုက်ယူမလာဦး၊ ရန်မဖြစ်ယင် ဒီလောက်မဟုတ်ဘူး။ ခုတော့ ညည်းက ဟိုလူရန်တွေ၊ ဒီလူရန်တွေနဲ့ဆိုတော့ တို့အနေနဲ့လဲ ဘယ့်နှယ်လုပ်လက်ပိုက်ကြည့်နေနိုင်မလဲ"

ဝမ်ချူ၏မိန်းမက

"ကျွန်မ ယူလာခဲ့ပါမယ် အစ်မရယ်။ စိတ်ချပါ။ အစ်မတို့အလုပ် မပျက်စေရပါဘူး။ ဒီနေ့ညနေပဲ ရွှေဆံထိုကို ကျွန်မ ပြန်ရွေးခဲ့ပါ့မယ်။ အစ်မဆီကိုလဲ ကျွန်မ လာပြီး အကြောင်းကြားပါ့မယ်"

"ရွေးဖြစ်အောင် ရွေးခဲ့နော်။ ရွေးဖြစ်ယင်တော့ နောင် လာမယ့် ကိစ္စတွေအတွက် တို့ ဘာမှ တာဝန်မယူဘူး" ဟုဆိုကာ သူတို့ နှစ်ယောက်သည် လူချင်း ခွဲလာခဲ့ကြလေ၏။ အဆောင်သို့ ပြန်ရောက်လျှင်

မည်သည့်ကိစ္စကြောင့် တန်ချွန်းကခေါ်ခြင်းဖြစ်ကြောင်းကို နတ်ငှက်မယ်က ပင်အဲအား မေးလေ၏။

"မလေးငှက်မယ် စိတ်ဆိုးနေသလားလို့ မေးတာပါ။ ပြီးတော့ မလေးငှက်မယ်ကိုလဲ တောင်းပန်ပေးပါတဲ့။ အစားအသောက်တို့၊ ကျန်းမာရေးတို့ကော ဘယ့်နှယ်နေသလဲလို့လဲ မေးလိုက်တယ်"

"အင်း၊ တန်ချွန်းတော့ အလိုက်သိရှာပါတယ်။ ခုတင် ကိစ္စတစ်ခုတော့ ပေါ်လာပြန်ပြီလေ။ လူအဲမိန်းမနဲ့ သူ့ညီမတို့က ဥယျာဉ်ထဲမှာ ဖဲဝိုင်းတွေ ထောင်နေတယ်တဲ့။ ဒါပေမယ့် သူတို့နောက်မှာ တကယ်ကြိုးကိုင်နေတဲ့သူက အဘွားလူတဲ့။ ဘယ်ကိစ္စဖြစ်ဖြစ် ပြဿနာပေါ်လာယင် တချို့ပြဿနာတွေကို မသိလိုက်မသိဘာသာနေလိုက်ဖို့ ညည်း ငါ့ကို မကြာခဏ အကြံပေးခဲ့တယ်လေ။ ပြီးတော့ တတ်နိုင်သမျှ အနားယူဖို့၊ ခေါင်းအေးအေးထားဖို့လဲ ညည်း မကြာခဏ ပြောခဲ့တယ်။ ဒါပေမယ့် ခုတော့ ညည်းအကြံဉာဏ်ကို ငါ မလိုက်မိတဲ့အတွက် ငါ့မှာ ဒုက္ခရောက်နေပြီ။ ရှင်းအောင်ပြောရမယ်ဆိုယင်တော့ ညည်းစကားကို နားမထောင်မိလို့ ငါ့ယောက္ခမကြီး ဒေါ်လေးဆင့်ကိုလဲ စိတ်မကောင်းအောင် လုပ်ခဲ့မိပြီ။ ငါ့ကျန်းမာရေးလဲ ပျက်စီးခဲ့ရပြီ။ ခုတော့ ငါ ကောင်းကောင်းသိပါပြီလေ။ သူတို့ ပြောချင်တာ ပြောကြပေစေတော့ပေါ့။ ဘယ်လောက်ပဲ ပြောပြော သူတို့ကို ထိန်းမယ့် ကွပ်မယ့်လူတော့ ရှိရမှာပေါ့။ ကိုယ့်ကို ဟိုလူကမုန်း၊ ဒီလူကမုန်းဆိုတဲ့အဖြစ်မျိုးကို ရောက်ရှိကလေးနဲ့တော့ ဒီလောက် စိတ်ညစ်ပြီး မနေနိုင်ပါဘူး။ ကိုယ့်အတွက် အရေးအကြီးဆုံးက ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ မဟုတ်ဘူးလား။ နေပြန်ကောင်းလာပြီဆိုယင်တော့ ဒါတွေကို ဒီလောက် ဂရုစိုက်မနေနိုင်တော့ဘူး။ တာဝန်တွေကို အကုန်လွှဲပေးပြီး ကိုယ့်ဘာသာကိုယ် ပျော်အောင်နေတော့မယ်။ ခု သူတို့တစ်တွေ လာပြောနေတာတွေကို ငါ စိတ်မဝင်စားတော့ဘူး"

"မလေးငှက်မယ် ကိုယ်တိုင်က ဒီလို သဘောထားနိုင်တယ်ဆိုယင်တော့ ကျွန်မတို့အတွက်လဲ ကောင်းတာပေါ့"ဟု ပင်အဲက ပြောလေ၏။

ထိုစဉ် ကျိလျှံ ဝင်လာလေ၏။ ကျိလျှံသည် လက်ခုပ်တီးလိုက်ကာ သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း

"အင်း၊ မထင်ဘဲနဲ့ ပြဿနာတွေက တစ်ခုပြီးတစ်ခု တိုးနေတာကိုး။ ယုန်ယွမ်းဆီက မောင်မောင် ပိုက်ဆံတွေ ချေးတယ်ဆိုတဲ့သတင်းကို မေဖျား ဘယ်လိုများ ကြားသွားသလဲမသိဘူး။ ခုတင် မောင်မောင့်ကို ခေါ်ပြီး စန္ဒာပွဲတော်မှာ သူသုံးဖို့ ငွေစင်နှစ်ပိသာလောက် ရှာပေးစမ်းတဲ့။ ဘယ်ကရရ အရေးမကြီးဘူးတဲ့။ မြန်မြန်လိုချင်စာယ်တဲ့။ မောင်မောင်က ကျွန်တော့်မှာ ဘယ်ကသွားရှာမလဲ မေဖျားရယ်လို့ပြောတော့ နင့်ဖို့ကျတော့ ဘယ်ကဖြစ်ဖြစ် ချက်ချင်းရှာလို့ရတယ်။ ငါလိုချင်တဲ့အခါကျတော့ ဘယ်ကရှာရမှာလဲ ဘာလဲနဲ့ တယ်ပြီး စကားများချင်တယ်တဲ့။ တစ်နေ့တုန်းက ငွေ ပိသာတစ်ရာရအောင် ဘာပစ္စည်းပေါင်လဲတဲ့။ ဒီပစ္စည်းကိုကော နင် ဘယ်ကရတာလဲတဲ့။ နင်လိုချင်ပြီဆိုယင် မယ်မယ့်ပစ္စည်းလဲ ရှောင်တာမဟုတ်ပါဘူးတဲ့။ ခု ငါက ငွေကလေးနှစ်ပိသာလောက် လိုချင်တယ်ပြောတော့ အီလေးအာလေးလုပ်နေတဲ့။ ငါ ဘယ်သူ့ကိုမှ မပြောသေးလို့ နင် ဒီလောက် ကံကောင်းနေသေးတာတဲ့။ တကယ်ကတော့ သူလဲ ဒီလောက် ပိုက်ဆံမလိုပါဘူး။ ဘာဖြစ်လို့ မောင်မောင့်ဆီကို လာပြီး ဂျီတိုက်နေရသလဲ မသိပါဘူး"

"ဒီနေ့ စံအိမ်ဝင်းထဲကို အပြင်လူစိမ်းသူစိမ်း တစ်ယောက်မှ မလာပါဘူး။ ဘာဖြစ်လို့ ဒီသတင်းက ဒေါ်လေးဆင့်ဆီကို ရောက်သွားရတာလဲ"ဟု နတ်ငှက်မယ်က မေးလေ၏။

ပင်အဲက ပြန်၍စဉ်းစားလိုက်ပြီးနောက် အသံခပ်ကျယ်ကျယ်ဖြင့်

"သြော်၊ သိပြီ၊ သိပြီ။ ဒီနေ့ညနေမှာ ပစ္စည်းတွေကိုလာယူတော့ ရွှေအရှဲအမေက အဝတ်လျှော်ဖို့ပေးလိုက်တဲ့ အထည်တွေ လာပေးရင်း အစေခံတန်းလျားမှာထိုင်ပြီး စကားတွေ ပြောသွားတာပဲ။ ဒီတော့ သူယူလာတဲ့အိတ်ထဲမှာ ဘာလဲလို့ မေးချင်မေးလိမ့်မယ်။ ဒီတွင် ကျွန်မတို့အိမ်က အစေခံတစ်ယောက်ယောက် ပြောလိုက်တာဖြစ်မှာပေါ့"

ဤတွင် အစေခံများကိုခေါ်ပြီး ရွှေအရှဲ၏အမေအား မည်သူပြောလိုက်ကြောင်းကို မေးမြန်းကြလေ၏။ အစေခံ မိန်းကလေး များ သည်

ကြောက်လန့်လျက် ဒူးတုပ်ထိုင်ပြီးလျှင် သူတို့အိမ်ထဲမှကိစ္စများကိုမည်သူ့မျှ မပြောရဲကြောင်းဖြင့် ပြောကြလေ၏။ မိန်းကလေးများမှာ သူတို့ကို မေးလျှင် ကြောက်ကြောက်ဖြင့် ဘူးကွယ်လေ့ ရှိသည့်အတွက် ယခုလည်း မည်သူမျှ မပြောရပါဟု ငြင်းကြလေ၏။

သူတို့ပြောသည်မှာ အမှန်ဖြစ်သည်ဟု နတ်ငှက်မယ်က ယူဆသဖြင့်

"ဟုတ်ပါတယ်၊ သူတို့လဲပြောရဲမှာမဟုတ်ပါဘူး။ သူတို့ကိုသွားပြီး အပြစ်ရှာနေလို့ဘယ်ကောင်းမလဲ။ ကဲပါလေ၊ ထားလိုက်ပါတော့။နောက်မှ တဖြည်းဖြည်း စုံစမ်းကြည့်တာပေါ့"ဟုဆိုကာ နတ်ငှက်မယ်သည် သူ့ရွှေဘယက်ကို ငွေနှစ်ပိဿာဖြင့်ပေါင်ပြီးလျှင် ဒေါ်လေးဆင့်ကို ပေးလိုက်လေ၏။

ကျီလျှံက

"လေးပိဿာနဲ့ ပေါင်လိုက်ပါလားကွယ်။ တို့မှာလဲ လိုနေတော့ သုံးရတာပေါ့"

"ဟင့်အင်း၊ ငှက်မယ်တော့ မလိုပါဘူး။ ခုတောင် ပြန်ရွေးယင် ငွေနှစ်ပိဿာကို ဘယ်လိုရှာရဦးမယ် မသိသေးဘူး"

ပင်အဲသည် လိုင်ဝမ်း၏မိန်းမကိုခေါ်ကာ ရွှေဘယက်ကို အပေါင်ခိုင်းလိုက်လေ၏။ ပြန်ရောက်လာသောအခါ ကျီလျှံသည် ပိုက်ဆံကို ယူကာ သခင်မဆင့်ထံသို့သွားပေးပြီး နတ်ငှက်မယ်နှင့်ပင်အဲမှာ ထိုသတင်းမည်သို့ပေါက်သည်ကို စုံစမ်းရန်ထွက်သွားကြလေ၏။ နတ်ငှက်မယ်က

"ဒီအကြောင်းကို ဒေါ်လေးဆင့်သိလို့လဲ သိပ်တော့ကိစ္စမရှိပါဘူးအေ။ အရေးကြီးတာက သူ့အစေခံမတွေ မသိဖို့လိုတယ်။ သူတို့သိယင် ဟိုပြောဒီပြောနဲ့ပြဿနာတွေတက်မှာစိုးရတယ်။ ပြီးတော့ တစ်ဘက်အိမ်က ဟာဘေ့ကလဲ ယုန်ယွမ်းကိုမုန်းမှာ စိုးရသေးတယ်။ တကယ်လို့ ကျီလျှံကို ယုန်ယွမ်းက ပိုက်ဆံထုတ်ချေးတယ်ဆိုတာကို သူတို့သိသွားယင် လျှောက်ပြောကြမှာ။ ကျီလျှံကတော့ဘာမှဖြစ်မှာမဟုတ်ဘူး။ ဒါပေမယ့် ယုန်ယွမ်းလို သဘောကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုပြောယင်တော့ နစ်နာမှာပေါ့။ ဒီတော့ ယုန်ယွမ်း တစ်ခုခုဖြစ်ယင် တို့မှာလဲ တာဝန်မကင်းဘူး"

ပင်အဲက ရယ်လိုက်လျက်

"ဒါအတွက်တော့ မစိုးရိမ်ပါနဲ့ မလေးငှက်မယ်ရယ်။ ယုန်ယွမ်းက ပိုက်ဆံချေးလိုက်တယ် ဆိုတာလဲ သခင်လေး ကျီလျှံကြောင့် ချေးတာ မဟုတ်ပါဘူး။ မလေးငှက်မယ်ရဲ့မျက်နှာကြောင့် ချေးတာပါ။ အမှန်တော့ ယုန်ယွမ်းက ပိုက် ဆံ ချေး လိုက် ပြီ ဆို က တည်း က သူ့ အနေနဲ့ ချေးချင်ယောင်ဆောင်ပေမယ့် မယ်မယ် မသိဘဲနဲ့တော့ လုပ်ရဲမှာ မဟုတ်ပါဘူး။ မယ်မယ်ကလဲ သူ့မှာမြေးတွေအများကြီးရှိနေတော့ မျက်နှာလိုက်တယ်လို့ အပြောခံရမှာစိုးတာနဲ့ မသိချင်ယောင်ဆောင်ပြီးနေလိုက်တာပါ။ဒီတော့ ဒီသတင်းကို တခြားကကြားသွားယင်လဲ ယုန်ယွမ်းအနေနဲ့ ဘာမှ ထိခိုက်စရာမရှိပါဘူး"

"ဒါကတော့ တို့က ယုန်ယွမ်းအကြောင်းကို သိနေကြလို့ကိုးအေ့။ သူ့အကြောင်းမသိတဲ့လူကျတော့ တစ်မျိုးတွေလျှောက်ထင်ကုန်ကြတော့မှာပေါ့"

ထိုစဉ် သခင်မဝမ် ရောက်လာလေ၏။ သူ တို့ နှစ် ယောက် သည် သခင်မဝမ် ရောက်လာသည့်အတွက် အံ့အားသင့်လျက်ရှိကာ ကြိုဆိုရန် ရှေ့နန်းသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြလေ၏။ သခင်မဝမ်၏ မျက်နှာမှာ သုန်မှုန်လျက်ရှိပြီး နောက်မှလည်း သူ့ ကျွန်ယုံ အစေတော် တစ်ဦးတည်းသာ လိုက်ပါလာသည်ကို တွေ့ရလေ၏။ သခင်မဝမ်သည် စကားတစ်ခွန်းမှ မပြောဘဲ အတွင်းဆောင်သို့ ဝင်လိုက်သည်တွင် နတ်ငှက်မယ်က လက်ဖက်ရည် ငှဲ့ပေးလေ၏။

"ဒေါ်လေးဝမ်တစ်ယောက် ဥယျာဉ်ထဲကို လမ်းလျှောက်လှည့်လို့ပါကလား။ စိတ်လက်ချမ်းသာနေပုံ ရတယ်နော်"

သခင်မဝမ်က ပင်အဲကို အဆောင်ထဲမှထွက်သွားရန် ပြောလိုက်လေ၏။ ပင်အဲသည် အခြားအစေတော်များနှင့်အတူ အခန်းထဲမှထွက်လာရင်း ပြဿနာတစ်ခုခုမှု ရှိလာပြီဟု စဉ်းစားနေမိလေ၏။ပင်အဲသည် တံခါးကို ပြန်ပိတ်လိုက်ပြီး လှေကားထစ်ပေါ်တွင်ထိုင်ရင်း အထဲတွင် မည်သို့ဖြစ်နေသည်ကို ရင်တထိတ်ထိတ် စောင့်လျက် ရှိလေ၏။ နတ်ငှက်မယ်မှာလည်း သခင်မဝမ်၏ အမူအရာကိုကြည့်၍ လန့်နေလေပြီ။

သခင်မဝမ်သည် မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလျက်ရှိရာမှ အင်္ကျီလက်ကြားထဲတွင်ထည့်လာသည့် အိတ်ကလေးတစ်အိတ်ကို ထုတ်ပြလေ၏။ နတ်ငှက်မယ်က ယူကြည့်လိုက်သည့်အခါတွင် အိတ်ပေါ်တွင် ထိုးထားသည့် ယောကျ်ားနှင့်မိန်းမ သံဝါသပြုနေကြသည့်ပုံကို မြင်ရလေ၏။

"ကြည့်စမ်းပါဦး"

နတ်ငှက်မယ်သည် အလန့်တကြားဖြစ်သွားကာ

"ဟင်၊ ဒေါ်လေးဝမ်၊ ဒီပုံကိုဘယ်ကတွေ့တာလဲဟင်"

ဒေါ်လေးဝမ်သည် ပါးပြင်တွင် မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာရင်းက

"ညည်းကပဲ ငါ့ကို မေးနေရသေးသလားအေ။ ငါက ဝင်းထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘယ်တုန်းကသိဖူးလို့လဲ။ ညည်းကို စိတ်ချပြီး အားလုံးကို မျက်နှာလွှဲထားခဲ့တာ။ ခုတော့ ညည်း ငါ့လိုပဲ နမော်နမဲ့ နေတော့ ဒီလိုဖြစ်ကုန်တာပေါ့။ ကြည့်စမ်းပါဦးအေ၊ ဥယျာဉ်ထဲက ကျောက်ဆောင်ပေါ်မှာ ဒီလိုပုံတွေ တွေ့တယ်ဆိုတော့ ဘယ်ကောင်းနိုင်ပါတော့မလဲ။ ပြီးတော့ နေ့ခင်းကြောင်တောင်ကြီးမှာ ဒီလိုပုံတွေကို ယူပြီး ထားကြသတဲ့။ မယ်မယ်ရဲ့ အစေတော် ကောင်မလေးတစ်ယောက် တွေ့လာတာ။ ကံကောင်းလို့ မယ်မယ်မတွေ့ဘဲ ညည်းယောက္ခမ ဒေါ်လေးဆင့် လက်ထဲ ရောက်သွားတာ။ ဒေါ်လေးဆင့်သာမတွေ့ယင် ဒီပုံက မယ်မယ့်လက်ထဲကို ရောက်သွားမှာ။ ဒီလိုပုံတွေ ဥယျာဉ်ထဲရောက်နေပြီဆိုတော့ ဘယ်ကောင်းတော့မလဲအေ။ ညည်းနှယ် ဒီလိုပုံမျိုးကို ဒီလိုပဲ ထားပစ်ခဲ့ရသတဲ့လား"

နတ်ငှက်မယ်မျက်နှာတွင် ရဲခနဲဖြစ်သွားကာ

"ဒီပုံဟာ ငှက်မယ် ထားပစ်ခဲ့တာလို့ ဘာဖြစ်လို့ ပြောရတာလဲ ဒေါ်လေးဝမ်။ ငှက်မယ်နဲ့ ဘာဆိုင်လို့လဲ"

ဒေါ်လေးဝမ်က ရှိုက်လိုက်လျက်

"ညည်းပုံမဟုတ်ယင် ဘယ်သူ့ပုံဖြစ်ရမလဲအေ။ တို့အိမ်တောင်စုထဲမှာ ငယ်ငယ်ရွယ်ရွယ်ထဲက အိမ်ထောင်ရှင် ဆိုလို့လဲ ညည်း တစ်ယောက်ပဲရှိတာမဟုတ်လား။ အဘွားအိုကြီးတွေက ဒီပုံနဲ့ ဘာလုပ်ရမှာလဲ။ ဥယျာဉ်ထဲက ကလေးတွေဆိုတာလဲ ဒီလိုပုံတွေကို ဘာနားလည်မှာ

တဲ့လဲ။ ညည်းယောကျ်ား တစ်နေရာရာက ယူလာတာဖြစ်မှာပေါ့။ ညည်းတို့ကတော့ လင်မယားဆိုတော့ ဒီလိုပုံမျိုးကို ညည်းတို့အိပ်ခန်းထဲမှာ ထားချင် ထားကြမှာပေါ့။ ကဲပါအေ၊ ငြင်းမနေပါနဲ့တော့။ ဒီပုံကို ဥယျာဉ်ထဲက အစေတော်တစ်ယောက်ယောက် တွေ့မသွားတာ တော်သေးတယ်လို့ ဆိုရမှာပဲ။ တကယ်လို့သာ ဥယျာဉ်ထဲက အစေတော်တစ်ယောက်ယောက် တွေ့သွားပြီး ဒီပုံကို မိန်းကလေးတွေမြင်သွားတယ်ဆိုယင် ဘယ်လို ဖြစ်မလဲဆိုတာ ညည်းပဲ စဉ်းစားကြည့်ပေါ့။ ဒါမှ မဟုတ်ယင်လဲ အစေတော်တွေက အပြင်ကိုယူသွားပြီး ဟိုလူပြ၊ ဒီလူပြနဲ့ ဒီပုံကို ဥယျာဉ်ထဲက တွေ့တာလို့ပြောယင် ဘယ့်နှယ်လုပ်မလဲ။ ငါတို့ ဘယ်မှာ ခေါင်းမဖော်ရဲပါတော့မလဲ"

နတ်ငှက်မယ်သည် ရှက်ခြင်း၊ ကြောက်ခြင်းတို့ ရောထွေးကာ မျက်နှာနီရဲလျက်ဖြင့် ခုတင်မီးဖိုကြီးအနီးတွင် ဒူးထောက်ထိုင်လိုက်ကာ

"ဒေါ်လေးဝမ် စဉ်းစားတာတွေဟာ ယုတ္တိတော့ ရှိပါတယ် ဒေါ်လေးဝမ်။ ဒါပေမယ့် သေသေချာချာတော့ စဉ်းစမ်းပါဦး။

"ကြည့်ရတာကတော့ ဒီလက်ကိုင်အိတ်ဟာ အပြင်က ပန်းထိုးဆရာထိုးတော်တဲ့လူတွေထိုးထားတဲ့ လက်ကိုင်အိတ်ပါ။ ပန်းပွားကလဲ ဈေးထဲမှာရောင်းတဲ့ ပန်းပွားမျိုး။ ငှက်မယ်တို့စံအိမ်ထဲမှာရှိတဲ့ အပ်ချုပ်သည်တွေချုပ်ယင် သည့်ထက်ကောင်းနိုင်ပါတယ်။ ငှက်မယ်ဟာ ငယ်ငယ်ရွယ်ရွယ် ပျံ့ဘန်တန် ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ဒါမျိုးကို မလုပ်ပါဘူး။

"ဒုတိယအချက်က ငှက်မယ် ဒီလိုအိတ်မျိုး၊ ဒီလိုပုံမျိုးကိုလဲ ဘယ်တော့မှ မကိုင်ဘူး။ တကယ်လို့ ငှက်မယ်ပစ္စည်းဆိုယင် ငှက်မယ်အခန်းထဲမှာ ထားမှာပေါ့။ ဘာဖြစ်လို့ အပြင်ကို ယူလာမလဲ။ ပြီးတော့ ဥယျာဉ်ထဲကို ငှက်မယ်ရောက်ယင် ငှက်မယ် မိန်းကလေးတွေနဲ့ ပျော်လိုက် ပါးလိုက်၊ နောက်လိုက်ပြောင်လိုက် လုပ်တတ်တယ်။ တကယ်လို့ ဒီလိုနေတုန်းမှာ မိန်းကလေးတွေမြင်သွားယင် ငှက်မယ်ကို ဘယ်လောက် အထင်သေးသွားမလဲ။ သူတို့မပြောနဲ့၊ အစေခံတွေမြင်ယင်တောင် မကောင်းဘူး။ ငှက်မယ် ဒီလောက်မိုက်ပါ့မလား ဒေါ်လေးဝမ်ရယ်။

"တတိယအချက်က ဒီစံအိမ်ကြီးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်သည်ဆိုလို့ ငှက်မယ်တစ်ယောက်ပဲရှိတယ်။ ဒါပေမယ့် ငှက်မယ်ထက် ငယ်တဲ့ အစေခံမယားကလေးတွေ ရှိကြပါသေးတယ်။ နေ့လယ်ကျယင် ဥယျာဉ်ထဲမှာ လာအလုပ်လုပ်ကြပြီး ညကျတော့ အိမ်ပြန်အိပ်ကြတယ် မဟုတ်လား။ ဒီတော့ ဪရုပ်ပုံဟာ အဲဒီ အစေခံမယားကလေးတွေ အပြင်က ယူလာတဲ့ ရုပ်ပုံကော မဖြစ်နိုင်ပေဘူးလား။

"စတုတ္ထအချက်က ဥယျာဉ်ထဲကို အသည်သွားတာဟာ ငှက်မယ်တစ်ယောက်တည်း မဟုတ်ဘူး။ လူတွေ ဥဒဟို သွားနေကြတာ။ ဥပမာ ဒေါ်လေးဆင့်တို့ဆိုယင် ယင့်တုန်တို့၊ စွေ့ယွမ်တို့ စတဲ့ အမြှောင် ကောင်မလေးတွေကို မကြာခဏ ခေါ်သွားလေ့ရှိတယ်။ ဒီလိုရုပ်ပုံမျိုးကို သူတို့ယူလာမှာပေါ့။ ငှက်မယ် ယူသွားပါ့မလား။ ပြီးတော့ မမယုတို့ဆိုတာလဲ သိပ်အသက်ကြီးသေးတာမဟုတ်ဘူး။ သူ့နောက်မှာလဲ ပီဟင်းတို့ ဘယ်သူတို့ စတဲ့ အမြှောင်တွေ ပါလာတတ်ကြသေးတယ်။ ဒီတော့ ဒီပုံဟာ သူတို့ယူလာတယ်ဆိုယင်လဲ ဖြစ်နိုင်တာပဲ။

"ပဉ္စမအချက်၊ ဥယျာဉ်ထဲမှာဆိုတာ အစေတော် သူငယ်မကလေးတွေ တစ်လှေချည်း ရှိကြတယ်။ ဒီတော့ သူတို့ အားလုံးဟာလဲ ဗိုင်းကောင်းကျောက်ဖိကလေးတွေ၊ ခြောက်ပစ်ကင်းသဲလဲစင်တွေပါလို့ ဘယ်သူ အာမခံနိုင်သလဲ။ သူတို့ အထဲက ဒါမျိုးတွေကို နားလည်တဲ့ မိန်းကလေးတစ်ယောက်ယောက်က လစ်ပြီး အပြင်ထွက်မယ်။ အတွင်းတံခါးမှာရှိတဲ့ သူငယ်တော်ကလေး တစ်ယောက်ယောက်ဆီမှာ ကိစ္စ ရှိချင်ယောင်ဆောင်ပြီး ချိန်းတွေ့မယ်။ ပြီးတော့ ဒီပုံကို အပြင်က သွင်းလာတယ်ဆိုယင်ကော မဖြစ်နိုင်ပေဘူးလား။

"ဒီပုံဟာ ငှက်မယ်ယူလာတဲ့ပစ္စည်းမဟုတ်ဘူး။ ငှက်မယ်မပြောနဲ့ ပင်အဲတောင် ဒါမျိုးကို မလုပ်ဘူး။ ဒီတော့ သေသေချာချာစဉ်းစားပြီးမှ ပြောပါဒေါ်လေးဝမ်"

ဤတွင် ဒေါ်လေးဝမ်သည် ပြန်၍သတိရသွားလေ၏။ ဒေါ်လေးဝမ်သည် သက်ပြင်းကြီးတစ်ချက်ကိုချလိုက်ကာ

"အင်း၊ ကဲ၊ ထပါတော့အေ။ မိသားဖသားအိမ်ထောင်ပီသတဲ့ အိမ်ထောင်စုက ဆင်းသက်လာတဲ့ ညည်းလိုမိန်းကလေးတစ်ယောက်ဟာ ဒီလောက်တော့ ဟော့ရမ်း ကြွေ့ကြမ်းမယ် မဟုတ်ဘူးဆိုတာ ဒေါ်လေးဝမ် အစတုန်းကတည်းက တွေးခဲ့မိဖို့ကောင်းတာပေါ့။ ခုလို ငှက်မယ်ကို ပြောလိုက်မိတာကလဲ ဒေါ်လေးဝမ် သိပ်စိတ်ဆိုးနေလို့ ပြောလိုက်မိတာပါ။ ခုတော့ ဘယ်လိုလုပ်ကြမလဲ။ ငှက်မယ်ရဲ့ ယောက္ခမကြီးဖြစ်တဲ့ ဒေါ်လေးဆင့်က ဒီပုံကို ချိတ်ပိတ်ထားတဲ့အိတ်ထဲကိုထည့်ပြီး တမြန်နေ့က ဒေါ်လေးဝမ်ဆီကို အပို့ ခိုင်းလိုက်တယ်လေ။ ဒီပုံကို ဒေါ်လေးဝမ်ရဲ့ အစေတော် ရွှေအဆီက ရတာလို့လဲ ပြောလိုက်တော့ ဒေါ်လေးဝမ် စိတ်ဆိုးသွားတာပေါ့။ စိတ်ဆိုးလိုက်သမှ လူကို တက်ချက်သွားတော့မလားတောင် အောက်မေ့မိတယ်"

"စိတ်မဆိုးပါနဲ့ ဒေါ်လေးဝမ်။ ဒီသတင်းသာ ပျံ့သွားယင် မယ်မယ့်ရဲ့နားကို ရောက်သွားနိုင်တယ်။ ဒီတော့ ဒီကိစ္စကို အသာကျိတ်ပြီး စုံစမ်းကြည့်ကြတာပေါ့။ အကယ်၍ စုံစမ်းလို့မရယင်လဲ ဒီသတင်း အပြင်ကို မပေါက်အောင်တော့ ထိန်းသိမ်းထားရမှာပဲ။ ကိုယ့်လက်ကျိုးတာကို အင်္ကျီလက်ထဲဝှက်ထားမှဖြစ်မှာပေါ့။ ခုလောလောဆယ်မှာတော့ ဖဲရိုက်တာကို အကြောင်းပြုပြီး အစေခံတော်တော်များများကို ထုတ်ပစ်လိုက်ယင် ကောင်းမယ်ထင်တယ်။ ဒီတော့ စိတ်ချရတဲ့ ဝင်းကြပ်တွေဖြစ်တဲ့ ချူယွိမိန်းမတို့ လိုင်တမိန်းမတို့ကိုရွေးပြီး ဥယျာဉ်ထဲမှာ ဘယ်သူတွေ ဖဲကစားသလဲ ဘာလုပ်သလဲဆိုတာကိုအစောင့်ခိုင်းကြည့်ယင် ကောင်းမယ်ထင်တာပဲ။

"ခုဆိုယင် ငှက်မယ်တို့မှာ ခပ်ငယ်ငယ်အစေတော်တွေအများကြီး ရှိနေတယ်။ ငယ်ငယ်တုန်းကတော့ ဒီလောက် အရေးမကြီးလှဘူးပေါ့။ ဒါပေမယ့် ကြီးလာတဲ့အခါကျတော့ စိတ်တွေ တစ်မျိုး ဖြစ်လာကြပြီး နည်းနည်းဆန်းပြားလာကြတယ်။ ဒီတော့ သူတို့တစ်ခုခုဖြစ်လာမှ၊ အပုပ်နံ့တို့ ဘာတို့ ထွက်လာမှ အရေးယူရတယ်ဆိုယင် သိပ်မကောင်းတော့ဘူး။ ပြီးတော့ သူတို့ကို ဘာအပြစ်မှမရှိဘဲနဲ့ အိမ်ကိုပြန်ပို့ရတယ်။ အလုပ်က ထုတ်ပစ်ရတယ်ဆိုယင်လဲ သိပ်မကောင်းလှဘူး။ ငှက်မယ်တို့ကိုတစ်မျိုး

ထင်စရာ ဖြစ်နေလိမ့်မယ်။ ဒီတော့ ခု ဖွဲ့ကစားတာကို အကြောင်းပြပြီး အသက်ကြီးတဲ့အစေတော်တွေ၊ ကလန်ကဆန်လုပ်ချင်တဲ့ အစေတော်တွေကို အိမ်ပြန်ပို့လိုက်ပြီး အိမ်ထောင်ရက်သား ချပေးလိုက်တာ ကောင်းလိမ့်မယ်လို့ ငှက်မယ်ထင်တယ်။ ဒီလိုလုပ်လိုက်ယင် ငှက်မယ်တို့မှာ နောင်မဟုတ်တယုတ်သတင်းတွေမဖြစ်အောင် တားဆီးရာလဲရောက်မယ်။ သူတို့အတွက် ငွေကုန်ကြေးကျလဲ သက်သာသွားလိမ့်မယ်။ ဘယ့်နှယ်လဲ ဒေါ်လေးဝမ်၊ မကောင်းဘူးလား''

သခင်မဝမ်သည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်ပြန်လေ၏။

''အင်း....ညည်းပြောတာလဲ မှန်ပါတယ်။ ဒါပေမယ့် ညည်းညီမလေးတွေ မျက်နှာကိုလဲ ကြည့်ရဦးမယ်လေ။ ဒေါ်လေးဝမ်က ဥယျာဉ်ထဲက သူငယ်မကလေးတွေကို သနားတာ တစ်ခုပါပဲ။ သူတို့ကို အစေတော်တွေ ဘာတွေနဲ့ ကျကျနနထားပြီး ခုမှ အခြွေအရံတွေကို ဖြုတ်လိုက်တယ်ဆိုယင် သူတို့ခမျာ ဘယ်လိုနေကြမလဲ။ တခြားသူ မကြည့်နဲ့လေ၊ ထိုက်ယုရဲ့အမေကိုပဲကြည့်ပေါ့။ လက်မထပ်ခင်တုန်းကဘယ်လောက်အလိုလိုက်ခံခဲ့ရသလဲ။ သူ့ကို ရွှေလိုအုထားကြတာ။ ကျောက်စိမ်းလို သိထားကြတာ။ အို....ထိုက်ယုတို့အမေ အပျိုတုန်းကဆိုတာ ဘာ ပြောကောင်းမလဲ။ တကယ့်ကို အထက်တန်းကျကျ နေလာခဲ့တာကလား။ ခု ဥယျာဉ်ထဲက သူငယ်မကလေးတွေကျတော့ ဒီလို မနေနိုင်ရှာကြတော့ပါဘူးကွယ်။ သူများစံအိမ်ကအစေခံသာသာပဲ ရှိကြတာပါ။ တစ်ယောက်တစ်ယောက်မှာ အစေတော်ရှိလှသုံးလေးယောက်ပေါ့။ နောက်ပြီးခိုင်းတဲ့ကောင်မကကလေးတွေဆိုယင်လဲ တစ်ယောက်ကို ငါးယောက် ခြောက်ယောက်လောက်ပဲ ရှိတော့မှာပေါ့။ ဒီတော့ ဒေါ်လေးဝမ်အနေနဲ့တော့ သူတို့မှာ ရှိပြီးသား အစေတော်ကလေးတွေကို ဖြုတ်တောက် ထုတ်ပယ်မပစ်လျက်ဘူး။ မယ်မယ်ကလဲ သဘောတူမယ် မထင်လှဘူး။ ခု တို့မှာ နည်းနည်းပါးပါးကျပ်တည်းတာတော့ မှန်ပါရဲ့။ ဒါပေမယ့် ဒီလောက်လဲ မဆင်းရဲလှသေးပါဘူးအေ။ ခု ငါ့မှာ ဇိမ်နဲ့နေရတယ်လို့ တစ်ခါမှတော့ မရှိဖူးသေးပါဘူး။ ဒါပေမယ့် ဘာပဲပြောပြော ငယ်ငယ်တုန်းကတော့ သူတို့ထက်အများကြီးသာတယ်။ သူတို့ဆင်းရဲတာကိုတော့ မကြည့်ပါရ

စေနဲ့။ ဒေါ်လေးဝမ်လျှော့သုံးဆိုယင် သုံးပါ့မယ်။ ချွေတာရမည်ဆိုယင် ဒေါ်လေးဝမ်ကပဲစပြီး ချွေတာပါ့မယ်။

''ကဲ၊ ချူယွီရဲ့မိန်းမတို့ ဘယ်သူတို့ကိုခေါ်ပြီး ခုကိစ္စကို တိုးတိုးတိတ်တိတ်စုံစမ်းခိုင်းစမ်းပါဦး''

နတ်ငှက်မယ်သည် ပင်အဲကိုခေါ်ကာ ထိုအမိန့်အတိုင်း ဆောင်ရွက်ရန် ခိုင်းလိုက်လေရာ ချူယွီ၊ ဝုဆင့်၊ ချိန်ဟွာ၊ လိုင်ဝမ်နှင့် လိုင်ဆီတို့၏မိန်းမများသည် သူတို့ထံသို့ရောက်လာကြလေ၏။ ယင်းတို့မှာ သခင်မဝမ်နှင့် နတ်ငှက်မယ်တို့လက်ထပ်စဉ်က သူတို့နှင့်အတူ ဤစံအိမ်ကြီးသို့ လိုက်ပါခဲ့ကြသူများဖြစ်ကြ၏။ အချို့မှာမူ အိမ်ထောင်ကျကာ သူတို့ထံမှ ထွက်ခွာသွားခဲ့ကြလေပြီ။ အချို့မှာလည်း တောင်ပိုင်းသို့အလုပ်ကိစ္စဖြင့် လိုက်ပါသွားကြလေပြီ။ သခင်မဝမ်သည် ဤငါးယောက်မျှဖြင့် ဥယျာဉ်ကြီးကိုထိန်းသိမ်းစောင့်ရှောက်ရန် နည်းနေသည်ဟု ယူဆလျက် ရှိသည့်အချိန်တွင် သခင်မဆင့်၏ အစေတော်ငမ်ရှန်ပေါက်၏မိန်းမသည် သူတို့ထံသို့ရောက်လာလေ၏။ သခင်မဝမ်သည် သခင်မဆင့်၏အစေတော်များကိုလည်း မိမိ၏ကိုယ်ပိုင်အစေတော်များကဲ့သို့ အဆင့်အတန်း အတူတူထား၍ ဆက်ဆံသည့်အလျောက် သခင်မငမ်က

''ကဲသွား။ ညည်းတို့သခင်မကို သွားပြောချည်စမ်း။ ညည်းကိုလောလောဆယ်မှာ ဥယျာဉ်ထဲမှာ ခဏထားချင်လို့လို့။ ဒီပြင်လူထားယင် ယုံကြည်စိတ်မချတဲ့အတွက် ညည်းကိုထားချင်နေတယ်လို့ပြောခဲ့''

ဝမ်ရှန်ပေါက်၏ မိန်းမသည် ဥယျာဉ်ထဲရှိ မိန်းကလေးများ၏ အစေတော်များက သူ့အား ရိုသေခန့်ညားခြင်းမရှိကြသည့်အတွက် သူတို့ကို အပြစ်ရှာရန်အကွက်ကိုစောင့်နေခဲ့သော်လည်း အောင်မြင်ခြင်း မရှိခဲ့သေးချေ။ ယခုမူ ဥယျာဉ်ထဲတွင် ညစ်ညမ်းသည့်ရုပ်ပုံပါသောလက်ကိုင်အိတ်ကိုတွေ့ထားပြီး သခင်မငမ်ကလည်း သူ့ကိုယုံကြည်စွာလွှဲအပ်လိုက်သည့်အခါတွင် သူတို့နှင့် စာရင်းရှင်းရန်အကွက်ရပြီဟုဆိုကာ ဝမ်းသာသွားလေ၏။

''ဒါကတော့ လွယ်ပါတယ် သခင်မဝမ်ရယ်။ သခင်မဝမ်ရဲ့ကျွန်တွေအကြောင်းကိုပြောတော့ပြောလိုက်ရဦးမယ်။ သခင်မတို့က စည်းကမ်း

ကို တယ်ပြီးလျော့ရိုလျော့ရဲလုပ်တာကိုး သခင်မရဲ့။ တကယ်လို့သာ စည်းကမ်းကို တင်းတင်းကျပ်ကျပ်လုပ်ထားလိုက်မယ်ဆိုယင် သူတို့ဘာမှတောင် လုပ်ရဲမှာမဟုတ်ဘူး။သခင်မဝမ်ကလဲ ဥယျာဉ်ထဲကို ကိုယ်တိုင်သိပ်မသွားဘူးမဟုတ်လား။ အဲဒီကအစေတော်တွေ ဖြစ်နေပုံများ ပြောတောင်မပြောချင်တော့ပါဘူး။ တကတဲ၊ သူတို့ကိုကြည့်ရတာကိုဘ မင်းစိုးရာဇာက မွေးလာတဲ့အမျိုးကောင်းသမီးတွေကျနေတာပဲ။ သူတို့ကြည့်လိုက်ယင် ခေါင်းကိုမော့လို့။ မြေကြီးမှာတောင် ခြေမထိချင်ဘူး။ သူတို့ဥယျာဉ်ထဲမှာ သူတို့ထင်တိုင်းကြဲ၊ သူတို့ထင်ရာလုပ်။ ဘယ်သူမှလဲ ဘာမှမပြောရဲကြဘူးမဟုတ်လား။ သူတို့ကိုသွားပြောမိယင် တော်တော်ကြာ သခင်မလေးတွေကိုသွားတိုင်လို့ သူတို့ကိုစော်ကားတာပဲလို့ယူဆပြီး အမျက်တော်ထွက်မှုဖြင့် ကျန်တဲ့လူမှာ နေစရာမရှိ၊ ထိုင်စရာမရှိဖြစ်မှာ။ ဒီတော့ သူတို့ဘာလုပ်လုပ် ဘယ်သူကအမိုက်ခံပြီးပြောရဲတော့မှာလဲ။ ဒီအတိုင်း ကြည့်နေလိုက်ရတာပေါ့”

သခင်မဝမ်က

“ဒါကတော့အေ၊ သူတို့ကိုလဲ အဆိုးဆိုလို့ မဖြစ်ပေဘူးပေါ့။ ဥယျာဉ်ထဲက ကလေးမလေးတွေရဲ့ အစေတော်ဆိုတာ ဒီပြင်အစေတော်နဲ့မတူဘဲ အဆင့်မြင့်တယ်မဟုတ်လား။ ဒါပေမယ့် ဘာပဲပြောပြော သူတို့ကို နေတတ် ထိုင်တတ်သအောင်၊ ယဉ်ကျေးသိမ်မွေ့အောင်တော့ ညည်းတို့ကလဲ သင်ပေးရမယ့်ဝတ္တရားရှိတယ်။ သူတို့ရဲ့သခင်မကလေးတွေကိုတောင် သင်ရသေးတာပဲ၊ သူတို့အစေတော်တွေကိုလဲ ဘာဖြစ်လို့မသင်ရမှာလဲ။

“တခြားသူတွေကတော့ ဒီလောက် မဆိုးလှပါဘူး။ ဒါပေမယ့် ပေါက်ယုရဲ့အဆောင်မှာနေတဲ့ဟိုကောင်မကိုသိတယ်မဟုတ်လား။ကောင်မက သူများထက် ရုပ်ကလေးကလဲရှိ၊ စကားကလဲတတ်တော့ သူ့ကိုယ်သူ ရှေးကျမ်းဂန်တွေထဲမှာပါတဲ့ ဆီရှီဘို့လိုတော်ဝင်သူတွေများ အောက်မေ့နေသလားမသိဘူးအေ။ စကားပြောယင်လဲ ချပ်မာမာနဲ့။ ပြီးတော့ ရဲဘင်းလိုက်တာကလဲ လွန်ရော။ အချိန်ရှိသရွေ့ စကားများပြီး အလှချည်းပြင်နေတာပဲ။သူများသာသူကပြောမယ်၊ သူ့ပြောလိုက်ယင် ဆတ်

ဆတ်ထိ မခံဘူး။ တကယ့် ပိုင်းလုံးမ။ တော်တော် မျက်နှာပြောင်တဲ့ကောင်မ”

ထိုသို့ပြောဆိုပြီးနောက် သခင်မဝမ်သည် နတ်ငှက်မယ်ဘက်သို့ လှည့်လိုက်လျက်

“တစ်ခါတုန်းက ငါရယ်၊ မယ်မယ်ရယ် ဥယျာဉ်ထဲကို လျှောက်ကြည့်ပါရောလား။ ခါးသေးသေး၊ ပခုံးကိုင်းကိုင်း၊ မျက်လုံးတို့ မျက်ခုံးတို့က ထိုက်ယုနဲ့ခပ်ဆင်ဆင်ရယ်လေ။ အဲဒီတုန်းက သူက တခြားအစေတော်ကလေးတစ်ယောက်ကို မာန်မဲနေတယ်။ သူ့မျက်လုံးတွေကိုကြည့်ရတာ အဲဒီတုန်းကတည်းက မကြိုက်ခဲ့ဘူး။ ဒါပေမယ့် မယ်မယ်ပါနေတာနဲ့ ငါလဲဘာမှမပြောခဲ့ပါဘူး။ နောက်ကျမှ ဘယ်သူလဲလို့ မေးမယ်လို့ စိတ်ကူးထားတာ။ နောက်ကျတော့လဲ မေ့သွားတာနဲ့ မမေးဖြစ်ခဲ့တော့ဘူး။ အဲဒါ ချင်ဝမ်းဆိုတဲ့ကောင်မ မဟုတ်ဘူးလား”

နတ်ငှက်မယ်က

“ချင်ဝမ်းကတော့ အစေတော်တွေထဲမှာအလှဆုံးပဲ ဒေါ်လေးဝမ်။ ပြောတာဆိုတာ၊ လုပ်တာကိုင်တာကလဲ ပျံတန်တန် နန့်တန့်တန့်ရယ်။ကြည့်ရတာကတော့ ဒေါ်လေးဝမ်ပြောတဲ့အတိုင်းဆိုယင် ချင်ဝမ်းနဲ့တူတာပဲ။ ဒါပေမယ့် အဲဒီတုန်းက ဘယ်လိုဖြစ်တယ်ဆိုတာ ငှက်မယ်ကောင်းကောင်းမမှတ်မိဘဲဖြစ်နေတယ်”

ဤတွင် ဝမ်ရှန်ပေါက်၏မိန်းမက

“ကိစ္စကတော့ ပြီးသွားပါပြီ။ ကဲ၊ ဒီလောက်တောင်ဖြစ်လှတာ ချင်ဝမ်းကို သွားပြီးခေါ်လိုက်မယ်”

သခင်မဝမ်က

“ပေါက်ယု အဆောင်က ငါ မကြာခဏတွေ့ဖူးတဲ့အစေတော်ဆိုလို့မာလာနဲ့ရွှေယွေ့ပဲရှိတယ်။ သူတို့ နှစ်ယောက်ကတော့ ဒီလောက်လဲ ပါးပါးလျားလျားထဲက မဟုတ်ပါဘူး။ ချင်ဝမ်းဆိုယင်တော့ အခေါ်လွှတ်လိုက်ယင်လဲ လာရဲမှာမဟုတ်ပါဘူး။ ဒီလိုကောင်မတွေကတော့ ငါကြိုက်တဲ့အထဲမှာမပါပါဘူး။ ခု ကြည့်စမ်းပါဦး၊ ဒီကိစ္စမျိုးတွေ ဖြစ်တယ်ဆိုယင် ငါ့သားလေးပေါက်ယုကိုလဲ ဒီကောင်မတွေဖျက်ဆီးမှာပဲ”

သခင်မဝမ်သည် သူ့အစေတော်ကို ဥယျာဉ်ထဲသို့ လွှတ်လိုက်ရင်း

"သွား။ ဥယျာဉ်ထဲကိုသွားပြောချည်စမ်း။ မာလာနဲ့ရွှေယွေ့တို့က ပေါက်ယုနဲ့ အတူ နေရစ်ကြလို့။ ချင်ဝမ်းကတော့ ဒီကို ချက်ချင်းလာခဲ့လို့သွားပြောချည်။ ဘာကိစ္စအခေါ်ခိုင်းလိုက်တယ်ဆိုတာကို မပြောခဲ့နဲ့"

အစေတော်သည် ဟုတ်ကဲ့ဟု ပြောဆိုကာ နီမောင်းပျော်ဖွယ်ရိပ်သာသို့ ထွက်သွားလေ၏။

ထိုနေ့က ချင်ဝမ်းမှာ နေထိုင်မကောင်းသည့်အတွက် အိပ်ရာမှ ထကတည်းက စိတ်တိုလျက်ရှိလေ၏။ ယခုမူ သခင်မဝမ်က အခေါ်ခိုင်းလိုက်သည်ဆိုသဖြင့် မငြင်းပယ်ရဲတော့ဘဲ လိုက်လာခဲ့ရလေ၏။ သခင်မဝမ်သည် အစေတော်များ လှလှပပ၊ သားသားနားနား ဝတ်သည်ကိုမကြိုက်ကြောင်း သိသည့်အလျောက် ချင်ဝမ်းသည် သခင်မဝမ် ကျေနပ်အောင် တန်ရုံမျှသာ ပြင်ဆင်၍ လိုက်သွားလေ၏။ သို့ရာတွင် ချင်ဝမ်း နေထိုင်မကောင်းသည်မှာ နှစ်ရက်သုံးရက်ခန့်ရှိပြီဖြစ်လေရာ အထူးအထွေပြင်ဆင်ဝတ်စားထားခြင်းမရှိသည့် အလျောက် နဂိုအတိုင်းပင် ထလိုက်လာခဲ့လေ၏။ နတ်ငှက်မယ်၏အခန်းသို့ ရောက်လာသည့်အခါ၌ ချင်ဝမ်းသည် ဆံပင် ဖရိုဖရဲ၊ အဝတ်အစား ကပိုကရိုနှင့်ရောက်လာလေရာ ဖျော့တော့နွမ်းနယ်နေသော အိပ်နိုးထ အလှမယ်တစ်ဦးနှင့် တူနေလေ၏။ သခင်မဝမ်သည် မြင်သည်နှင့် ချင်ဝမ်းကို မှတ်မိလိုက်လေပြီ။ ထို့ကြောင့် ဒေါသတွေ ပြန်၍ဆူဝေလာလေ၏။ ဒေါသကလည်းထွက်၊ နဂိုကလည်း မနှစ်သက်ရသည့်အထဲတွင် ဒေါသ ထွက်လာပြန်သည့် အတွက် သခင်မဝမ်သည် မျိုသိပ်ခြင်းငှာ မတတ်နိုင်တော့ဘဲ စိတ်ထဲတွင် ရှိသည်တို့ကို ထုတ်၍ ပြောလိုက်လေ၏။ သခင်မဝမ်က လှောင်ပြုံးပြုံးလိုက်လျက်

"အင်း၊ ချောတဲ့သူများကျတော့လဲ တယ်ချော တယ်လှကိုးတော့။ ပုပ်ပန်းတဲ့ တော်လေးဝဝင်တဲ့ မိန်းမမျိုးဆိုတာ ဒါမျိုးထင်ပါ့။ နေစမ်းပါဦးအေ့၊ ဒီလိုပုပ်ပန်းရုပ်ကလေးနဲ့ ဘယ်သူ့ကိုများ ပိုင်းလုံးခုတ်ဦးမလို့လဲ။ ညည်းခြေလှမ်းတွေကို ငါမသိဘူးများ အောက်မေ့နေသလား။ ကြည့်သေးတာပေါ့အေ၊ ငါကလဲ ညည်းအရေခွံကို နွာနိုင်

မလား၊ ညည်းကပဲ ခံနိုင်မလားဆိုတာ ကြည့်ကြသေးတာပေါ့။ နေစမ်းပါဦး၊ ပေါက်ယုကော၊ ဒီနေ့ ဘာတွေလုပ်နေသလဲ"

မိမိအား တစ်ယောက်ယောက်က ကုန်းချောထားပြီကို ချင်ဝမ်းသိလိုက်လေပြီ။ သို့ရာတွင် စိတ်မဆိုးရဲချေ။ ချင်ဝမ်းသည် ဒေါကြီး မောကြီးဖြင့် မိမိအား ရန်ထောင်လျက်ရှိသည့် သခင်မဝမ်ကို မြင်လိုက်သဖြင့် အံ့အားသင့်လျက်ရှိသည့်တိုင် အံ့အားသင့်ခြင်းကို ဖုံးကွယ်ကာ အမှန်ကို မပြောဘဲ ဖုံးကွယ်ပြောဆိုလျက်ရှိလေ၏။

"ကျွန်မ သခင်လေးပေါက်ယု အခန်းကို သိပ်မရောက်ပါဘူး သခင်မကြီး။ တစ်ခါတလေမှပဲ ရောက်ပါတယ်။ ဒါ့ကြောင့် သူဘာလုပ်နေသလဲဆိုတာကို မသိပါဘူး။ မာလာနဲ့ရွှေယွေ့တို့ကို မေးယင်တော့ သိပါလိမ့်မယ်"

"ကောင်မ၊ နှုတ်သီးကိုရိုက်ချိုးဖို့ပဲ ကောင်းတယ်။ ညည်း မသိရအောင် ညည်းက ဘာလုပ်နေလို့လဲ။ ညည်းကို အလကား လစာပေးထားတယ်များ အောက်မေ့နေသလား"

ချင်ဝမ်းက

"ကျွန်မက အလျင်တုန်းက မယ်မယ်ဆီမှာ အလုပ်လုပ်ရပါတယ် သခင်မကြီး။ နောက်တော့ မယ်မယ်က ဥယျာဉ်ထဲမှာ အစေတော်နည်းနေတယ်လို့ ပြောပါတယ်။ ပြီးတော့ ဥယျာဉ်ထဲက သခင်လေးပေါက်ယုရဲ့ အဆောင်က သိပ်ကျယ်ပြီး လူသိပ်နည်းနေတော့ သခင်လေး ကြောက်တတ်တယ်။ ဒါ့ကြောင့် ညပိုင်းမှာအပြင်ခန်းက သွားစောင့်ချည်လို့ကျွန်မကို လွှတ်လိုက်ပါတယ်။ ကျွန်မက သခင်လေးပေါက်ယုကို စောင့်ဖို့ဆိုယင် ကျွန်မနဲ့ဖြစ်မှာမဟုတ်ဘူး၊ ကျွန်မက ခပ်လေးလေး၊ ခပ်နှေးနှေး ရယ်လို့ ပြောတော့ မယ်မယ်က ဟဲ့၊ ငါက ပေါက်ယုကိုစောင့်ရှောက်ဖို့ ညည်းကို လွှတ်တာ မဟုတ်ဘူးတဲ့၊ ဒီလောက်လဲ ထက်ထက်မြက်မြက်၊ ပါးပါးလျားလျားဖြစ်စရာမလိုဘူး၊ ညည်းစောင့်ရမှာက အပြင်ဘက်ခန်းမှာတင်လို့ပြောပါတယ်။ ဒါနဲ့ ကျွန်မလဲ နီမောင်းပျော်ဖွယ်မှာ သွားပြီး စောင့်ရပါတယ်။ တစ်လကို နှစ်ကြိမ် သုံးကြိမ်လောက် တာဝန်ကျပါတယ်။ သခင်လေး ပျင်းတဲ့အခါမှာတော့ ကျွန်မတို့လဲ သူနဲ့အတူ ကစားရပါ

တယ်။ သူ့အတွက် လုပ်စရာရှိတာတွေကိုတော့ အထိန်းတော်ကြီးရယ်။ အစေတော်ကြပ်တွေရယ်နဲ့ မာလာတို့ပဲ လုပ်ပေးကြပါတယ်။ သူတို့အောက်မှာ ရွှေယွေ့နဲ့ချင်ဝမ်းတို့ ရှိပါတယ်။ အားလပ်တဲ့အချိန်ဆိုယင် မယ်မယ်အတွက် ကျွန်မ ချုပ်စရာရှိတာလေးတွေကို ချုပ်ပါတယ်။ ဒီတော့ ကျွန်မလဲ သခင်လေးပေါက်ယုရဲ့ကိစ္စတွေကို သိပ်အာရုံမစိုက်မိပါဘူး။ ဒါပေမယ့် သခင်မကြီးက သူ့ကို အာရုံစိုက်စေချင်တယ် ဆိုယင်တော့ နောင်မှာ သခင်မကြီးဆန္ဒအတိုင်း လုပ်ပါ့မယ်”

“အမိဒေဝီ။ ဒီလောက်လဲ ဒုက္ခမရှာပါနဲ့တော်။ ပေါက်ယုနဲ့ညည်းနဲ့ ပတ်ပတ်သက်သက် မရှိလေကောင်းလေပါ။ ညည်း ပေါက်ယုဆီကို ရောက်ရတာဟာ မယ်မယ်ရဲ့အမိန့်အတိုင်း ရောက်ရတာဆိုတော့ မနက်ဖြန်မှာ ညည်းကို ထုတ်ပစ်ဖို့ မယ်မယ်ဆီကပဲ ခွင့်တောင်းရမှာပေါ့”

သခင်မဝမ်သည် ဝမ်ရှန်ပေါက်မိန်းမဘက်သို့ လှည့်ကာ

“ညည်းတို့တစ်တွေ ဥယျာဉ်ထဲကို ပြောင်း၊ ခု ရက်အတွင်းမှာ သူ့ကို သေသေချာချာစောင့်ကြည့်ထားကြ။ သူ့ကိုပေါက်ယုရဲ့အဆောင်မှာလဲ မအိပ်ပေ့စေနဲ့။ မယ်မယ်နဲ့စကားပြောပြီးယင် သူ့ကိစ္စကို ငါကြည့်ရှင်းမယ်။ ကဲသွား”ဆိုကာ ချင်ဝမ်းကို နှင်ထုတ်လိုက်လေ၏။

“ညည်းက ဒီမှာ ဘာ ရပ်ကြည့်နေတာလဲ။ ဒီလို ပိုင်းလုံးမရဲ့ မျက်နှာကို ငါမကြည့်ချင်ဘူး။ နေစမ်းပါဦး၊ ညည်းကိုကော ဘယ်သူက ဒီအစိမ်းရောင်နဲ့ အနီရောင် အဝတ်အစားတွေကို အဝတ်ခိုင်းလို့လဲ။ ကြည့်ရတာ ပြုံးပြုံးပြက်ပြက်နဲ့”

ချင်ဝမ်းမှာ သခင်မဝမ်က နှင်ထုတ်လိုက်သဖြင့် ထွက်လာခဲ့ရလေ၏။ သို့ရာတွင် အကြီးအကျယ် ဒေါသထွက်လျက်ရှိကာ အပြင်ဘက်သို့ရောက်သည်နှင့် မျက်နှာကို လက်ကိုင်ပဝါဖြင့် အုပ်လျက် တရှုပ်ရှုပ်ငိုရင်း ဥယျာဉ်ထဲသို့ ပြန်လာခဲ့လေ၏။

သခင်မဝမ်မှာ သူ့အဖြစ်ကို သူမကျေမနပ်ဖြစ်ကာ နှတ်ငှက်မယ်ကို တိုင်တည်လျက်ရှိလေ၏။

“ခုနောက်ပိုင်းမှာ ငါလဲ အိမ်မှုကိစ္စတွေကို မကြည့်နိုင်တော့ဘူးအေ။ လူက ကောင်းကောင်းအားမရှိဘူး။ ဒီလိုကောင်မမျိုးလဲ ငါတစ်ခါမှမတွေ့ဖူးသေးဘူး။ ဥယျာဉ်ထဲမှာ ဒီလိုကောင်မမျိုးတွေ ဘယ်လောက်များနေသလဲမှမသိတာ။ မနက်ဖြန်ကျယင်တော့ သေသေချာချာမေးမြန်းစုံစမ်းကြည့်ရဦးမယ်”

သခင်မဝမ်မှာ အလွန်အမင်းဒေါသထွက်လျက်ရှိခြင်း၊ ဝမ်ရှန်ပေါက်၏ မိန်းမကလည်း သခင်မဝမ်ကို ကုန်းချောကာ စိတ်မဆိုးဆိုးအောင် လုပ်တတ်ခြင်း စသည်တို့ကြောင့် နှတ်ငှက်မယ်မှာလည်း ချင်ဝမ်းနှင့်ပတ်သက်၍ ကာကွယ်ပြောဆိုချင်သည့်တိုင် ကာကွယ်နိုင်ခြင်းမရှိတော့ချေ။ နှတ်ငှက်မယ်သည် ခေါင်းကိုငုံ့ထားကာ သခင်မဝမ်ခိုင်းသည့်အတိုင်း လုပ်မည်ဖြစ်ကြောင်း ပြောရလေ၏။

ဝမ်ရှန်ပေါက်၏မိန်းမက

“မလေးငှက်မယ်မှာလဲ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဦးမှပေါ့။ ဒီအသေးအဖွဲ့ကိစ္စကလေးတွေကို ကျွန်မတို့ကျေးကျွန်တွေကြည့်ပြီး ရှင်းပါ့မယ်။ ဒီကိစ္စမှာ တရားခံကိုရှာဖို့ကလဲ ဒီလောက်ခက်ခဲတဲ့ ကိစ္စမဟုတ်ပါဘူး။ ဒီနေ့ည ဥယျာဉ်ဝင်းတံခါးပိတ်ပြီးလို့ သတင်းပလင်းတွေ အတွင်းအပြင်ကို မဝင်နိုင်မထွက်နိုင်တော့ဘူးဆိုယင် ကျွန်မတို့တစ်တွေရုတ်တရက်ဝင်ပြီး အစေတော်တွေရဲ့အခန်းတွေကို ရှာကြည့်ကြမယ်။ ဒီညစ်ညမ်းတဲ့ပုံပါတဲ့ လက်ကိုင်အိတ်ရှိတဲ့လူဆိုယင် ဒီလောက်နဲ့ကမှာ မဟုတ်ဘူး။ ဒါမျိုးပစ္စည်းတွေလဲရှိရဦးမှာပဲ။ အဲဒီအခါကျယင် ဘယ်သူ့ပစ္စည်းလဲဆိုတာ သေသေချာချာ သိရတော့မှာပေါ့”

သခင်မဝမ်က

“အေး ဟုတ်ဘယ်၊ ဒီအကြံကောင်းတယ်။ အပြစ်မရှိတဲ့လူတွေ အပြစ်မခံပေ့စေနဲ့” ဟု ဆိုကာ နှတ်ငှက်မယ်၏ အကြံဉာဏ်ကို တောင်းလေ၏။

“ကောင်းပါတယ် ဒေါ်လေးဝမ်။ ဒီအကြံဟာ သင့်မြတ်ပါတယ်”

"ဟုတ်တယ်။ ငါလဲကြိုက်တယ်။ ဒီလိုမှမလုပ်ယင် တစ်နှစ်လုံး တို့ လိုက်ရှာတောင် တရားခံအစစ်ကို ရှာလို့တွေ့မှာမဟုတ်ဘူး"

သို့ဖြင့် သူတို့သည် ထိုအချက်ကို အားလုံး သဘောတူလိုက်ကြလေ၏။ ထိုနေ့ည ညစာစားပြီး၍ မယ်မယ်အိပ်ရာသို့ ဝင်သည့် အခါတွင် ပေါက်ကြည်နှင့်မိန်းကလေးများသည် ဥယျာဉ်သို့ ပြန်လာခဲ့ကြလေ၏။ ဝမ်ရှန်ပေါက်၏မိန်းမသည်လည်း နတ်ငှက်မယ်နှင့်အတူ ဥယျာဉ်ထဲသို့ လိုက်လာခဲ့လေ၏။ သူတို့သည် ဥယျာဉ်ဝင်းတံခါးများအားလုံးကို အပိတ်ခိုင်းလိုက်ကြပြီးလျှင် ညတာဝန်ကျသည့် အစေခံများ၏ အခန်းကို ရှာကြလေ၏။ သို့ရာတွင် ဖယောင်းတိုင်တိုများ၊ ခေါင်းလိမ်းဆီပုလင်းအခွံများမှအပ အခြားဘာမျှ ထူးထူးခြားခြားမတွေ့ကြချေ။

ဝမ်ရှန်ပေါက်၏မိန်းမက

"ဒီဆီမွှေးပုလင်းတွေဟာ ခိုးထားတဲ့ပစ္စည်းတွေဖြစ်မှာပဲ မလေးငှက်မယ်။ မနက်ဖြန် မယ်မယ်ကို တိုင်ရမယ်။ ဒီအတွင်းမှာ ပစ္စည်းတွေကို ဖျောက်ဖျက်မပစ်ပေ့စေနဲ့"

ထိုနောက်တွင် သူတို့သည် နီမောင်းပျော်ဖွယ်ရိပ်သာသို့ သွားကြပြီးလျှင် ဝင်းတံခါးများကို အပိတ်ခိုင်းလေ၏။ ပေါက်ယုမှာ ချင်ဝမ်းအတွက် စိတ်မကောင်းဖြစ်လျက်ရှိလေ၏။ အစေတော်ကြပ်များက အစေတော်သူငယ်မကလေးများ၏ အခန်းထဲသို့ဝင်လာသည့်အခါတွင် မည်သည့်အတွက် ဤသို့လုပ်သနည်း ဟု နတ်ငှက်မယ်ကို မေးလေ၏။ နတ်ငှက်မယ်က

"အဖိုးတန်ပစ္စည်းတစ်ခုပျောက်သွားလို့။ ပစ္စည်းပျောက်တော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စွပ်စွဲနေကြတယ်မဟုတ်လား။ ဒါကြောင့် အစေတော်တွေ တစ်ယောက်ယောက်ယူမှာပဲဆိုပြီး ဝင်ရှာတာပဲ။ ဒီလိုသေသေချာချာ ရှာကြည့်လိုက်တော့ သံသယရှင်းသွားတာပေါ့"

နတ်ငှက်မယ်ကတိုင်၍လက်ဖက်ရည်သောက်နေစဉ်ဝမ်ရှန်ပေါက်၏ မိန်းမနှင့် အခြားအစေတော်ကြပ်များသည် အစေတော်များ၏ အခန်းများကို ရှာဖွေလျက်ရှိကြလေ၏။ သေတ္တာများကိုကြည့်ကာ ပိုင်ရှင်များ

ကိုယ်တိုင် လုပ်၍ အပြခိုင်းလေ၏။ မာလာမှာ ချင်ဝမ်း၏အကြောင်းကို ကြားပြီးသားဖြစ်သည့်အတွက် ပစ္စည်းတစ်ခုခုပျောက်လေပြီဟုရိပ်မိလိုက်လေ၏။ မာလာသည် ရှေ့သို့တိုးလာကာ သူ့သေတ္တာကို သူကိုယ်တိုင်လုပ်၍ ပြလေ၏။ ထိုသေတ္တာများထဲမှ ဘာမျှမတွေ့ရသည့်အခါတွင် အစေတော်ကြပ်များသည် အခြားသေတ္တာများကို တစ်လုံးပြီးတစ်လုံး မွှေနှောက်ရှာကြလေ၏။ ချင်ဝမ်း၏သေတ္တာကို ရှာမည်ပြုသည့်အခါတွင် "ဒါ ဘယ်သူ့သေတ္တာလဲ။ ဘာဖြစ်လို့ အဆင်သင့်ဖွင့်မပြုတာလဲ" ဟု မေးလေ၏။

မာလာက ဖွင့်ပြမည်ပြုစဉ် ချင်ဝမ်းသည် ဆံပင်ဖရိုဖရဲဖြင့် အပြေးအလွှားရောက်လာလေ၏။ ချင်ဝမ်းသည် သေတ္တာအဖုံးကို ဆောင့်၍ လှန်လိုက်ပြီး သေတ္တာကို လက်နှစ်ဖက်ဖြင့်မြှောက်၍ သွန်ချလိုက်လေရာ ပစ္စည်းများသည် ကြမ်းပေါ်သို့ ပြန့်ကျဲလျက်ရှိလေ၏။ ဝမ်ရှန်ပေါက်၏ မိန်းမမှာ မူပျက်လျက်ရှိလေ၏။ ပစ္စည်းများကို ကြည့်သည့်အခါတွင် မဖွယ်မရာ ပစ္စည်းဆို၍ ဘာမျှမတွေ့ရသည့်အတွက် နောက်သေတ္တာတစ်လုံးကို ရှာရန် နတ်ငှက်မယ်ကို ပြောလေ၏။ နတ်ငှက်မယ်က

"သေသေချာချာ ရှာစမ်းရှင်။ ဒီလောက်တောင်ရှာလျက်သားနဲ့မှ ဘာမှမတွေ့ယင် ငှက်မယ်တို့ မယ်မယ်ကို ဘယ့်နှယ်လုပ်ပြောမလဲ"

အစေတော်ကြပ်မိန်းမကြီးများက

"သေသေချာချာတော့ ရှာတာပဲရှင့်။ ခုအထိတော့ ထူးထူးခြားခြားပစ္စည်းဆိုလို့ ဘာမှမတွေ့သေးဘူး။ အဲ ယောကျ်ားလေးတွေ သုံးတဲ့ ပစ္စည်းတချို့တလေတော့ တွေ့ရဲ့။ ဒါပေမယ့် အဲဒီပစ္စည်းတွေကလဲ သခင်လေးပေါက်ယုငယ်ငယ်က သုံးတဲ့ ပစ္စည်းတွေနဲ့တူတာပဲ။ ဒီထက်တော့ ဘာမှ ထူးထူးထွေထွေမတွေ့ပါဘူး"

နတ်ငှက်မယ်က ပြုံးလိုက်လေ၏။

"ကဲ....ဒီလိုဆိုယင် ဟိုဘက်စံအိမ်ထဲက အစေတော်တွေ တန်းလျားကို ရှာယင်ကော"

အပြင်သို့ ထွက်လာခဲ့ကြသည့်အခါ နတ်ငှက်မယ်က ဝမ်ရှန်ပေါက်၏ မိန်းမအား

"ရှင်သဘောတူမယ်ဆိုယင်တော့ ကျွန်မ အကြံတစ်ခု ပေးချင်တယ်။ ကျွန်မ သဘောကတော့ ကိုယ့်အိမ်က အစေတော်တွေထဲမှာပဲ ရှာတာ ကောင်းတယ်။ မလေးပေါက်ကြည်ရဲ့ အစေတော် တန်းလျားကိုတော့ ရှာလို့မကောင်းဘူးထင်တယ်"

"ဟုတ်တာပေါ့။ သူတို့က လူစိမ်းဖြစ်နေတော့ မကောင်းဘူးပေါ့"

"ဟုတ်တယ်၊ မကောင်းဘူး"

ထိုသို့ ပြောဆိုလျှက်ရှိစဉ် သူတို့သည် ထိုက်ယု၏အဆောင်ဖြစ်သည့် ဝေဠုဝန်ရိပ်သာအနီးသို့ ရောက်လာခဲ့ကြလေ၏။ ထိုအချိန်၌ ထိုက်ယုမှာ အိပ်ရာထဲသို့ရောက်နေလေပြီ။ ညော့သည်လာသည်ဟု သိရသည့်အခါ၌ ထိုက်ယုသည် အကြောင်းကိစ္စကို မသိရသေးသည့်အတွက် အိပ်ရာမှ ထမည်ပြုသေး၏။ သို့ရာတွင် နတ်ငှက်မယ် ရောက်လာပြီး အိပ်မြဲအိပ်နေရန် ပြောလေ၏။

"မလေးထိုက်ယုအိပ်မှာဖြင့်အိပ်ပါကွယ်။ကိုယ်တို့လဲခဏတစ်ဖြုတ်လာတာပါ"

ဝမ်ရှန်ပေါက်၏မိန်းက အခြားသူများနှင့်အတူ အစေတော်များတန်းလျားသို့ သွားရှာနေစဉ် နတ်ငှက်မယ်သည် ထိုက်ယုနှင့်ထိုင်၍စကားပြော ကျန်ရစ်ခဲ့လေ၏။ ဇူချွန်း၏အခန်းကို ရှာသည့်အခါ၌ ပေါက်ယုမကြာခဏ ဝတ်လေ့ရှိသည့် လက်ဖွဲ့နှစ်ကွင်း၊ ယောကျ်ားလေးများ ခါးစည်းကြိုးတွင် ဆွဲလေ့ရှိသည့် ပန်းပွားနှစ်ခု၊ လက်ကိုင်အိတ်နှစ်လုံးနှင့် အ်တ်ဖြင့်ဘည့်ထားသည့် ယပ်တောင်တစ်ချောင်းတို့ကို တွေ့ရပြီး ယင်းတို့အားလုံးမှာ ပေါက်ယု ကိုင်ခဲ့သည့်ပစ္စည်း အဟောင်းများ ဖြစ်လေ၏။ ဝမ်ရှန်ပေါက်၏မိန်းမသည် သူလိုချင်သည့် ပစ္စည်းကို တွေ့ပြီ အထင်ဖြင့် နတ်ငှက်မယ်ကို လှမ်းခေါ်လေ၏။

"ဒီပစ္စည်းတွေက ဘယ်ကရတာလဲ မလေးငှက်မယ်"ဟု မေးသည့်အခါတွင် နတ်ငှက်မယ်က ပြုံးလျက်

"မောင်လေးပေါက်ယုဟာ ငယ်ငယ်ကလေး ကတည်းက စည်းကမ်းရှိတာမဟုတ်ဘူး။ခုပစ္စည်းတွေကလဲ သူ့ပစ္စည်းတွေပေါ့။ ဟိုလူပေး၊

ဒီလူပေးနဲ့။ ပေးချင်တာကို ပေးပစ်ခဲ့တာ။ ဒီပစ္စည်းတွေတော့ ဘာမှအရေးမကြီးပါဘူး။ သူ့နေရာသူ ပြန်ထားလိုက်ပါ။ နောက်တစ်နေရာကိုရှာကြသေးတာပေါ့"

နတ်ငှက်မယ်ကပြောသဖြင့် ဝမ်ရှန်ပေါက် မိန်းမသည် ပစ္စည်းများကို သူ့နေရာသို့ပြန်ထားခဲ့ပြီး တန်ချွန်း၏အဆောင်သို့ လာခဲ့ကြလေ၏။

တန်ချွန်းမှာ သူတို့လာမည်ကို တစ်ယောက်ယောက်ထံမှ ကြားပြီးလေပြီ။ ယခုကဲ့သို့ ညကြီးအချိန်မတော်ရောက်လာခြင်းမှာ အကြောင်းတစ်စုံတစ်ရာရှိမည်ဟု သိလိုက်ပြီးဖြစ်လေ၏။ တန်ချွန်းသည် အစေတော်များအား တံခါးများ၊ ပြတင်းများကို ဖွင့်အထားခိုင်းလိုက်ပြီးလျှင် ဖယောင်းတိုင်များကိုလည်း အဆင်သင့် ထွန်းအထား ခိုင်းလိုက်လေ၏။ အမျိုးသမီး များရောက်လာသည့်အခါတွင် တန်ချွန်းသည် သူတို့လာသည့်ကိစ္စကို သိလျက်နှင့် တမင်မေးလေ၏။

နတ်ငှက်မယ်က

"ပစ္စည်းတစ်ခုပျောက်နေလို့ညီမရဲ့။ ဘယ်သူယူသွားမှန်းမသိလို့။ မုတ်တော်ကြာ ဘယ်သူ့ကိုဖြင့်မရှာဘူး၊ ဘယ်သူ့ကိုတော့ ရှာတယ်လို့ မပြောရအောင် ခု ဥယျာဉ်ထဲက မလေးတို့ဆီကိုလဲ လာရှာတာပဲ။ ရှာတော့ သံသယမဖြစ်တော့ဘူးပေါ့ကွယ်။ ဒီလို ရှာလိုက်တော့ ပြီးသွားတာပေါ့"

တန်ချွန်းက လှောင်ပြောင်ရယ်မောလိုက်လျက်

"အမှန်ကတော့ မလေးတို့ ဥယျာဉ်ထဲက အစေတော် အားလုံးဟာ သူခိုးတွေချည်းပဲရှင့်။ ဒီမှာ မလေးက ဂိုဏ်းခေါင်းဆောင်ကြီးဆိုပါတော့။ ဒီတော့ ရှာချင်းရှာယင် မလေးရဲ့သေတ္တာတွေကို အလျင်ရှာပါ။ သူတို့ ခိုးလို့ရတဲ့ ပစ္စည်းမှန်သမျှကို ကျွန်မဆီ လာအပ်ထားတော့ ကျွန်မပဲသိမ်းပေးထားရတာ"

တန်ချွန်းသည် သူ့အစေတော်များကို ခေါ်ကာ သူ့သေတ္တာများအားလုံးကို ဖွင့်အပြခိုင်း၏။ မှန်တင်ခုံ၊ အဝတ်ဗီရို၊ အိပ်ရာလိပ်၊ အိပ်ရာခင်းနှင့် အထုပ်ကြီးအထုပ်ငယ်တို့ကိုလည်း ဖြေပြစေလေ၏။

နတ်ငှက်မယ်က သူ့ကိုနှမ်သိမ့်သည့်အပြုံးမျိုးဖြင့် ပြုံးကြည့်လိုက်လျက်

"အမှန်ကတော့ မလေးငှက်မယ်လဲ ရှာချင်လို့မဟုတ်ပါဘူးကွယ်။ ဒေါ်လေးဝမ်ရဲ့ အမိန့်အတိုင်းလုပ်တာပါ။ ဒီတော့ မလေးငှက်မယ်ကို အပြစ်မဘင်ပါနဲ့။ စိတ်သဲမဆိုးပါနဲ့"

နတ်ငှက်မယ်သည် အစေခံတော်များအား သေတ္တာများကိုအပိတ်ခိုင်းလိုက်လေ၏။ ပင်အဲနှင့်ဖုန်အဲတို့သည်လည်း သေတ္တာများကို ပြန်၍ပိတ်ပေးနေသော တိုက်ရှကိုကူညီလုပ်ကိုင်ပေးနေကြလေ၏။

တန်ချွန်းကမူ မကျေနပ်နိုင်သေးဘဲ

"ရှာပါ၊ ရပါတယ်။ တန်ချွန်းပစ္စည်းတွေကို စိတ်ကြိုက်ရှာနိုင်ပါတယ်။ ဒါပေမယ့် တန်ချွန်းအစေခံတွေရဲ့ပစ္စည်းတွေကိုတော့ ရှာခွင့်မပေးနိုင်ဘူးနော်။ အမှန်ပြောရယင်တော့ တန်ချွန်းဟာ သူတို့ထက် နားလည်တယ်။ ဒီတော့ သူတို့မှာ ဘာပစ္စည်းတွေရလာပြီး ဘာပစ္စည်းတွေကို သိမ်းထားတယ်ဆိုတာ ကောင်းကောင်း သိတယ်။ သူတို့ ရလာတဲ့ပစ္စည်းတွေကို တန်ချွန်းပဲသိမ်းထားတာပဲ။ သူတို့ဆီမှာတော့ ချည်တစ်မျှင်အပ်တစ်ချောင်းသောက်တောင် ရှိချင်မှရှိမှာ။ ဒါကြောင့် တကယ်တမ်းရှာချင်တယ်ဆိုယင် သူတို့ကို သွားရှာမနေပါနဲ့။ တန်ချွန်းကိုပဲ ရှာပါ။ တကယ်လို့ တန်ချွန်းပြောတာကို မလေးငှက်မယ် သဘောမတူဘူးဆိုယင် ဒေါ်လေးဝမ်ကိုသွားပြီး တိုင်ချည်ဦး။ ဒေါ်လေးဝမ်က ဒီကိုလာပြောယင်လဲ တန်ချွန်းလက်ခံမှာမဟုတ်ဘူး။ နားမထောင်လို့ အပြစ်ပေးတယ်ဆိုယင်လဲ ခံရုံပဲ။

"မယုံယင် မလေးငှက်မယ်လဲ စောင့်ကြည့်ဦးပေါ့လေ။ တစ်နေ့ကျယင်တော့ မလေးငှက်မယ်ကိုယ်တိုင်လဲ ခုလိုအရှာခံရတဲ့ဘဝကိုရောက်လာဦးမှာပါ။ စောင့်ကြည့်ပေါ့။ ဒီနေ့မနက်ကပဲ ချန်ဆွေမျိုးစုတွေအကြောင်းကို မလေးငှက်မယ် ပြောခဲ့သေးတယ် မဟုတ်လား။ သူတို့တွေ ဘယ်လောက်ပဲ စည်းစိမ်ချမ်းသာတွေ တိုးနေပေ့စေ။ တစ်နေ့မှာ အချင်းချင်း ပြန်ပြီးလုနေကြတယ်လို့ ပြောခဲ့သေးတယ်လေ။ ခုတော့ သူတို့ကိုယ်တိုင်လဲဆိုင်ရာကအရှာခံရပြီး သူတို့ပစ္စည်း တွေကို အသိမ်းခံလိုက်

ရပြီ မဟုတ်လား။ ဒီတော့ တစ်နေ့မှာ တန်ချွန်းတို့မိသားစု အလှည့်လဲရောက်လာမှာပေါ့။ တန်ချွန်းတို့လိုမိသားစုကြီးတွေကိုအပြင်ကနေပြီး တစ်ချက်တည်းနဲ့ ပြိုကွဲအောင်လုပ်လို့ မရဘူး။ 'ကင်းခြေများဆိုတာ သေယင်တောင် မြေကြီးပေါ်ချက်ချင်းပြုတ်မကျဘူး' ဆိုတဲ့ စကားပုံလိုပဲ။ တစ်ချောင်းကမခြဲပေမယ့် နောက်တစ်ချောင်းက မြဲတတ်တယ်တဲ့။ ဒီတော့ တန်ချွန်းတို့ဆွေမျိုးစုမှာလဲဒီအတိုင်းပဲ။ တစ်ယောက်ပြုတ်ပေမယ့် နောက်မှာ ဆွေမျိုးတွေအများကြီးကျန်နေသေးတယ်။ ဒီတော့ တော်တော်နဲ့တိမ်ကောဖို့ မလွယ်ဘူး။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်နေကြတယ်ဆိုယင်တော့ မပြောတတ်ဘူး"

တန်ချွန်းမှာ ပြောရင်းဆိုရင်းဖြင့် မျက်ရည်တွေစီးကျနေလေပြီ။ နတ်ငှက်မယ်သည် အစေတော်ကြပ်များကို တိတ်ဆိတ်စွာငေးကြည့်လျက်ရှိလေ၏။ တန်ချွန်းကမူ ကျေနပ်ဟန်မတူဘဲ

"ဒါပဲနော်။ ရှာမယ်ဆိုယင် သေသေချာချာရှာကြ။ မနက်ဖြန်ကျမှ ရှာချင်သလေးဘာလေးနဲ့တော့ လာမလုပ်ကြနဲ့"

နတ်ငှက်မယ်က ပြုံးလိုက်လျက်

"မလေးရဲ့အစေတော်တွေရဲ့ ပစ္စည်းတွေအားလုံး ဒီမှာရောက်နေပြီပဲကွယ်။ နောက်ထပ်မရှာတော့ပါဘူး"

တန်ချွန်းက လှောင်ပြုံးပြုံးကာ

"အင်း....မလေးငှက်မယ်တို့ တော်တော်လဲ လည်တယ်နော်။ တန်ချွန်းရဲ့အဝတ်ဟောင်းထုပ်တွေကို မွှေနှောက်ထားလိုက်တာ ပွစာကိုတက်နေတာပဲ။ ဒါတောင်မှဘာမှမရှာရသေးဘူးလို့ ပြောနေသေးတယ်။ နောက်တော့သာ မလေးတန်ချွန်းက အရှာမခံဘူးလေး၊ အစေတော်တွေကို မရှာရဘူးလို့ပြောသလေး ဘာလေးနဲ့တော့ မလုပ်ပါနဲ့နော်။ လုပ်ယင်ခုကတည်းက ရှင်းရှင်းလုပ်ပါ။ နောက်တစ်ခါရှာချင်သေးတယ်ဆိုယင်လဲ ရှာလိုက်ဦး"

တန်ချွန်းမှာ စိတ်ကောက်တတ်သူဖြစ်ကြောင်းကို နတ်ငှက်မယ်သိပြီးသားဖြစ်သည့်အတွက် နတ်ငှက်မယ်က နှစ်သိမ့်သောအပြုံးဖြင့်

"ရှာပြီးပါပြီကွယ်။ မလေး ပစ္စည်းတွေကိုပါ ရှာပြီးပါပြီ"

"ကဲ၊ ဘယ့်နှယ်လဲ။ ကျေနပ်တော်မူကြပြီလား" တန်ချန်းက အစေတော်ကြပ်များကို လှည့်၍မေးလေ၏။ လျူဟွာ၏မိန်းမနှင့် အခြားသူများက ကျေနပ်ပြီဖြစ်ကြောင်း ပြောပြကြလေ၏။

သို့ရာတွင် ဝမ်ရှန်ပေါက်၏မိန်းမမှာ ပြောင်ပြောင်ပြောတတ်သူ တစ်ယောက်ဖြစ်ပြီး တန်ချန်းသည် စိတ်ကောက်တတ်သူဖြစ်ကြောင်း၊ ခေါင်းမာကြောင်းကို သူ ကြားဖူးပြီးဖြစ်၏။ ဤသည်မှာ အခြားကြောင့် မဟုတ်။ အခြားသူများက သူ့ကို အလျှော့ပေးသောကြောင့် ရောင့်တက်နေခြင်းဖြစ်သည်ဟု ဝမ်ရှန်ပေါက်၏မိန်းမ ယူဆ၏။ တန်ချန်းလို မိန်းကလေးတစ်ယောက်ကို ထိုအတိုင်း လွှတ်ထား၍မဖြစ်၊ ပြောစရာရှိသည်ကိုမူ ပြောမှဖြစ်မည်ဟု ဝမ်ရှန်ပေါက်၏မိန်းမ ယူဆလေ၏။ ထို့ပြင် တန်ချန်းမှာ အမြောင်မယားချော၏ သမီးမျှသာဖြစ်ရာ သူ့ကို ပြန်ပြော၍လည်း အရေးမကြီးတန်ရာဟု ဝမ်ရှန်ပေါက်၏မိန်းမ ယူဆပြန်၏။ မိမိသည် သာမန်အစေတော်မဟုတ်၊ သခင်မကြီးဝမ်ကိုယ်တိုင်က လေးစားရသော သခင်မဆင့်၏ လူယုံတော်ကြီးလည်းဖြစ်သည် မဟုတ်လော။ ထို့ပြင် တန်ချန်း၏အမူအရာကိုကြည့်ရသည်မှာလည်း နတ်ငှက်မယ်ကိုသာ ခံပြင်းနေဟန်ရှိ၏။ မိမိတို့ကိုမူ မည်သို့မျှ သဘောထားဟန်မတူဟု ဝမ်ရှန်ပေါက်၏မိန်းမ ယူဆလိုက်၏။ ထို့ကြောင့် ဝမ်ရှန်ပေါက်၏ မိန်းမသည် အတင့်ရဲကာ ရှေ့သို့တိုးလာပြီးနောက် တန်ချန်း၏ အင်္ကျီလက်ကို လှမ်းဆွဲလိုက်ပြီးလျှင် ခပ်လှောင်လှောင်ဖြင့်

"ဟုတ်ပါတယ်ရှင့်။ ကျွန်မကိုယ်တိုင် မလေးတန်ချန်း တစ်ကိုယ်လုံးကို နှံ့အောင်ရှာပြီးပါပြီ။ ဘာမှမတွေ့ပါဘူး"

နတ်ငှက်မယ်က ဝမ်ရှန်ပေါက်၏မိန်းမဘက်သို့လှည့်၍

"ကဲ၊ ကဲ၊ သိပ်နောက်မနေနဲ့။ တော်ရုံပဲကောင်းတယ်။ သွားကြစို့"

ထိုသို့ပြောဆိုနေစဉ် ဖြန်းခနဲ ရိုက်လိုက်သံ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည့်အခါ၌ တန်ချန်းသည် ဝမ်ရှန်ပေါက်မိန်းမ၏ ပါးကို လှမ်းရိုက်လိုက်သည်ကို မြင်လိုက်ရလေ၏။

တန်ချန်းက လက်ညှိုးတငေါက်ငေါက်ထိုးကာ

"ရှင်က ရှင့်ကိုယ်ရှင် ဘာများအောက်မေ့နေလို့လဲ။ ရာရာစစ။ ဟင်း၊ လူကို ဆွဲလားကိုင်လားနဲ့။ ဒေါ်လေးဆင့်မျက်နှာကြောင့်ရယ်၊ အမေအရွယ်လောက် ရှိတာကြောင့်ရယ်၊ ရှင့်ကို ကျွန်မ ဒီလောက်သည်းခံပြီး စကားပြောနေတာ။ ဒါပေမယ့် ရှင်က ဒီလောက်နဲ့မရပ်ဘူး။ သခင်မားကိုနဲ့ ပေါင်နေတဲ့ခွေးလိုပဲ၊ တယ်စွာတယ်။ ကျွန်မ ရှင့်ကို ကြည့်ကြည့်နေတာ ကြာလှပြီ။ ရပ်တန်းကရပ်မလားဆိုပြီး ဘာမှမပြောခဲ့ဘူး။ ဒီနေ့တော့ ခါတိုင်းထက်တောင် လွန်လာပြီ။ ရှင့်သခင်မကလေးတွေကတော့ မွေးလာကတည်းက နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ကလေးတွေ မွေးလာခဲ့တာဆိုတော့ ရှင်လုပ်သမျှ၊ ပြောသမျှကို သည်းခံချင် သည်းခံကြမှာပေါ့။ ကျွန်မကို ဒီအပေါက်လာချိုးလို့တော့ ဘယ်ရမှာလဲ။ ခု ကျွန်မ ရှင့်ကိုပြောတာဟာ ကျွန်မတို့ အဆောင်လာပြီး ရှာလားဖွလားလုပ်လို့ ပြောတာတော့ မဟုတ်ဘူး။ ကျွန်မကို ပါးရက်နားရက် လုပ်လွန်းလို့ ပြောတယ်ဆိုတာကိုတော့ ရှင်သိထားလိုက်ပါ"

တန်ချန်းသည် အဝတ်အစားကို ကိုယ်မှတစ်ထပ်ပြီးတစ်ထပ်ခွာချလျက်ရှိပြီး သူ့ကိုယ်ပေါ်သို့ လာရှာလိုလျှင် အစေတော်တို့၊ ဝင်းကြပ်တို့ကို အရှာမခိုင်းဘဲ နတ်ငှက်မယ်ကိုယ်တိုင် လာရောက်ရှာရမည်ဟု ပြောဆိုလျက် ရှိလေ၏။

ဤတွင် နတ်ငှက်မယ်နှင့် ပင်အဲတို့သည် တန်ချန်းထံသို့ ပြေးလာကြကာ သူ့ကိုယ်မှအဝတ်အစားများကို ပြန်၍ ဝတ်ပေးကြရလေ၏။ ထို့နောက် ဝမ်ရှန်ပေါက်၏မိန်းမဘက်သို့လှည့်၍

"ဝမ်ရှန်ပေါက် ကတော်ကလဲ တော်တော်ခက်ပါလား။ အရက်ကလေး မဖြစ်စလောက် သောက်ပြီး ဟိုပြောဒီပြောနဲ့၊ ဒုက္ခပါပဲ။ မနေ့ကလဲ ဒေါ်လေးဝမ်ကို မဟုတ်တာတွေ သွားပြောမိလို့၊ ကဲ သွားစမ်းပါရှင်၊ မြန်မြန်သွားစမ်းပါ။ ရှင့်ကို ဘယ်ပြီးဖယားရှုပ်တယ်"

နတ်ငှက်မယ်နှင့် ပင်အဲတို့သည် တန်ချန်းကို ချော့မော့လျက်ရှိကြလေ၏။ တန်ချန်းသည် မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီးနောက်

"ကျွန်မက မာနမကြီးတတ်လို့ရှင်ရေ့။ မာနများ ကြီးတတ်ယင် ခေါင်းကို နံရံနဲ့ပစ်ဆောင့်ပြီး သေဖို့ပဲကောင်းတယ်။ ကြည့်ပါဦးရှင်၊ ကြားလို့မှ ကောင်းကြသေးရဲ့လား။ ပစ္စည်းလေးတစ်ခု ပျောက်တာနဲ့ ကျွန်မကိုယ်ပေါ်ကို အစေခံ တစ်ယောက်က လာရှာတာကို ခံရသတဲ့။ မနက်ဖြန်ကျယင်တော့ ဒေါ်လေးဆင့်တို့၊ ဒေါ်လေးဝမ်တို့ကို တိုင်ရမယ်၊ ပြီးတော့မှ ကျွန်မကို ဒေါ်လေးဆင့်တို့ပေးတဲ့အပြစ်ကို ခံပါ့မယ်လို့ သွား ပြောရမှာပဲ"

ဝမ်ရှန်ပေါက်၏မိန်းမသည် အပြင်သို့ရောက်လျှင် လွန်စွာ ရှက်လှ သဖြင့် မျက်နှာတွေနီမြန်းကာ ပြတင်းအနီးတွင်ရပ်လျက်

"ဒါ ကျွန်မကိုစော်ကားတာရှင့်။ ကျွန်မတစ်သက်မှာ ဒီလို သူများ ပါးရိုက်တာကို တစ်ခါမှမခံခဲ့ဖူးဘူး။ တော်ပြီ၊ ဒီမှာလဲ မနေတော့ဘူး။ မနက်ဖြန်ကျယင် သခင်မဆင့်ကိုပြောပြီး ကိုယ့်အိမ်ကိုယ်ပဲပြန်နေတော့ မယ်။ ဒီမှာနေလို့ ဘာအသုံးကျဦးမှာလဲ"

တန်ချွန်းက အခြားအစေတော်များဘက်သို့လှည့်လိုက်ကာ

"သူပြောတာတွေကို အားလုံးကြားကြတယ်နော်။ ဘာလဲ၊ ရှင်တို့ က ကျွန်မကိုယ်တိုင်ထွက်ပြီး နောက်ထပ် ပါးရိုက်တာကို ကြည့်ချင်လို့ ဒီအတိုင်းရပ်နေကြတာလား"

ဤတွင် ထိုက်ရှုသည် ပြေးထွက်သွားပြီး 'ကဲပါရှင်၊ သခင်မဆင့် တို့ကိုပြောပြီး အိမ်ကိုပြန်မယ်ဆိုယင်လဲ မြန်မြန်ပြန်ကြတော်မူပါ။ ကျွန်မ တို့မှာ ရှင်မပြန်မှာကိုပဲ စိုးရိမ်နေရတာ' ဟုပြောလေ၏။

နတ်ငှက်မယ်က ရယ်လိုက်လျက်

"အင်း၊ ထိုက်ရှုဆိုတဲ့ကောင်မကတော့ တန်ချွန်းရဲ့အစေတော်ပီသ ပါပေရဲ့။ သခင်တူ ကျွန်မဆိုတာ သူ့လိုဟာမျိုးပဲထင်ပါရဲ့"

"ကျွန်မတို့က သူခိုးတွေရှင့်။ သူခိုးဆိုတာ အကြောင်းပြချက် အမြဲရှိတယ်။ ဆင်ခြေပြစရာ အသင့်ရှိတယ်။ မလေးငှက်မယ်ရဲ့ အဘွား ကြီးက သခင်မကို ပြန်ကုန်းချောချင်ယင်လဲ ယုတ္တိရှိရှိ ကုန်းချောရတယ်"

ပင်အဲမှာ အဆင်ပြေအောင် အားလုံးကို ချော့မော့ ဖျောင်းဖျ လျက်ရှိပြီး ချူယွင်၏မိန်းမနှင့် အခြားသူများမှာမူ တန်ချွန်းကို ချော့ မော့လျက်ရှိကြလေ၏။ နတ်ငှက်မယ်သည် တန်ချွန်းကို အိပ်ပျော်သွား အောင် စောင့်ဆိုင်းပြီးမှ ရှာဖွေရေးအဖွဲ့ကိုခေါင်းဆောင်ကာ တစ်ဘက် ကမ်းရှိ စမ်းကုန်းရွာသို့ လာခဲ့လေ၏။ ထိုနေရာကလေးမှာ ဆီချန်းနှင့် တန်ချွန်း၏အဆောင်နှစ်ခုကြားတွင်ရှိသည့် နေရာကလေး တစ်ခု ဖြစ်၏။ လီဝမ်မှာ နေထိုင်မကောင်းသည့်အတွက် ဆေးသောက်ပြီးအိပ်ရာထဲဝင် ၍ အိပ်နေပြီဖြစ်သည့်အတွက် သူ့ကို အနှောင့်အယှက် မပေးကြတော့ဘဲ သူ့အစေတော်များ၏ အဆောင်များကို ရှာဖွေကြလေ၏။ ဘာမျှရှာ မတွေ့သည့်အခါတွင် သူတို့တစ်သိုက်သည် ဆီချန်း၏အဆောင်သို့ လာခဲ့ ကြလေ၏။

ဆီချန်းမှာ ကလေး သာသာ မျှသာရှိသေးသည့်အတွက် ရှာဖွေရေး အဖွဲ့ရောက်လာသည့်အခါတွင် ကြောက်လန့်လျက်ရှိသဖြင့် နတ်ငှက်မယ် က မနည်းချော့ယူရလေ၏။ သို့ဖြင့် အခန်းများထဲတွင် ရှာကြသည့်အခါ အစေတော်ယုဟွာ၏ သေတ္တာထဲမှ ရွှေပြားသုံးလေးဆယ်နှင့် ငွေချောင်း များကိုတွေ့ရလေ၏။ သူတို့ရှာဖွေနေကြသော ညစ်ညမ်းသည့် ရုပ်ပုံကို မတွေ့ရဘဲ ခိုးရာပါ အခြားပစ္စည်းများကို သွား၍တွေ့ရလေ၏။ ထို့ပြင် ယောကျ်ားများပတ်လေ့ရှိသည့် ကျောက်စိမ်း ခါးပတ် တစ်ချောင်း၊ ယောကျ်ားဝတ် လွှာဖိနပ်တစ်ရံနှင့် ခြေအိတ်တစ်စုံတို့ကိုလည်းတွေ့ရလေ ၏။ ယုဟွာ၏မျက်နှာမှာ သွေးမရှိတော့ပြီ။ ထိုပစ္စည်းများ မည်သည့် နေရာမှရသည်ကို မေးမြန်းသည့်အခါ၌ ယုဟွာသည် ဒူးထောက်၍ ရှိုက် ကြီးတငင်ငိုလျက်ရှိလေ၏။

"ကျွန်မအစ်ကိုကို သခင်ကြီး ကျီချိန်ကပေးတဲ့ပစ္စည်းတွေပါရှင်။ ခုတော့ ကျွန်မတို့ မိဘများက တောင်ပိုင်းမှာနေတဲ့အတွက် ကျွန်မအစ်ကို လဲ သူ့ဦးကြီး ဦးလေးများနဲ့နေပါတယ်။ ကျွန်မ ဦးကြီး လင်မယားက အရက်သောက်၊ ဖဲရိုက်လုပ်ကြလို့ ကျွန်မအစ်ကိုလဲ ရှိတဲ့ ပစ္စည်းကလေး တွေကို သူ့ဆီမှာမထားရဲတာနဲ့ ကျွန်မဆီကို လာအပ်ထားရပါတယ်။

အထိန်းတော်ကြီးတစ်ယောက်ကနေတစ်ဆင့် ကျွန်မဆီကိုပို့ပြီး အအပ်ခိုင်းပါတယ်”

ဆိချွန်းမှာ နဂိုကတည်းက ကြောက်တတ်သူဖြစ်လေရာ ယခုကဲ့သို့ ယုဟွာက သူ့ကိစ္စကိုထုတ်ပြောသည့်အခါတွင် အပြစ်ရောက်တော့မည်ဟု အထင်ရှိကာ ပို၍ထိတ်လန့်လျက်ရှိလေ၏။

“မလေးငှက်မယ်ရယ်၊ ဒါတွေကို ကျွန်မဘာမှ မသိရပါဘူးရှင်။ သူတို့အပြစ်ရှိလို့ ရိုက်မယ်ဆိုယင်လဲ ခေါ်သွားပြီး စိတ်တိုင်းကျ ရိုက်ပါတော့။ ကျွန်မရှေ့မှာတော့မမြင်ရ မကြားရပါစေနဲ့”

နတ်ငှက်မယ်က ယုဟွာဘက်သို့လှည့်၍

“ညည်းပြောတဲ့အတိုင်းမှန်ယင်တော့ ဘာအပြစ်ရှိသလဲအေ။ ကိစ္စမရှိပါဘူး။ ခွင့်လွှတ်ရမှာပေါ့။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အပြင်ကပစ္စည်းတွေကို ဒီဥယျာဉ်ထဲမှာ တိတ်တိတ်ပုန်း သွင်းမသာသင့်တာတော့ အမှန်ပဲ။ ဒီပစ္စည်းတွေကို အထဲခိုးသွင်းလို့ရတယ်ဆိုယင် တခြားပစ္စည်းတွေကိုကော ခိုးသွင်းလို့ မရနိုင်ပေဘူးလား။ ဒီတော့ ဘယ်ပစ္စည်းကိုပဲဖြစ်ဖြစ်၊ ဒီအထဲကို အပြင်ကပစ္စည်းတွေ ယူလာတာကတော့ အပြစ်ရှိတာအမှန်ပဲ။ အဲ တစ်ခုတော့ရှိတယ်၊ တိုက်ကိုလဲ လိမ်ပြောတယ်၊ ပစ္စည်းတွေဟာလဲ ခိုးရာပါပစ္စည်းတွေဖြစ်တယ် ဆိုယင်တော့ ညည်း ဒီဥယျာဉ်ထဲက အသက်ရှင်လျက်မထွက်ရဘူးလို့သာအောက်မေ့ပေတော့”

ဤတွင် ယုဟွာသည် နတ်ငှက်မယ်ရှေ့တွင် ဒူးထောက်ထိုင်ကာ ငိုရှိုက်လျက်

“မဟုတ်ပါဘူးရှင်။ မလေးငှက်မယ်ကို ကျွန်မ လိမ်မပြောရဲပါဘူး။ မယုံလို့ရှိယင် သခင်မဝမ်နဲ့ သခင်ကြီး ကျိချိန်တို့ကို မနက်ဖြန်မေးကြည့်ပါ။ တကယ်လို့ ဒီပစ္စည်းတွေဟာ သူတို့ စွန့်ကြဲ ပေးကမ်းထားတဲ့ ပစ္စည်းတွေမဟုတ်ဘူးဆိုယင် ကျွန်မတို့ မောင်နှမနှစ်ယောက်ကို ကြိုက်သလိုလုပ်ပါ”

“ဒါပေါ့။ စစ်တော့စစ်ကြည့်ရမှာပေါ့။ ထားပါလေ။ ဒါတွေဟာ ဒေါ်လေးဝမ်နဲ့ ဦးကြီးကျိချိန်တို့ပေးတာဖြစ်သည့်တိုင် ဥယျာဉ်ထဲကို တိတ်တဆိတ်ခိုးသွင်းလာတာကတော့ အပြစ်ရှိတာအမှန်ပဲ။ ဒီပစ္စည်း

တွေကိုအထဲကို ဘယ်သူကတိတ်တဆိတ်သွင်းခွင့်ပြုသလဲ။ ပြီးတော့ ညည်းနဲ့ ညည်းအစ်ကိုတို့နှစ်ယောက်ကို အတွင်းနဲ့ အပြင် ဆက်သွယ်ပေးတာက ဘယ်သူလဲဆိုတာလဲ သိချင်တယ်။ ဆက်ပေးတဲ့လူကို ပြောတယ်ဆိုယင် ညည်းကိုအပြစ်လွှတ်မယ်။ ဒါပေမယ့် ဒီတစ်ခါပဲခွင့်လွှတ်လိုက်မယ်နော်။ နောင်မှာတော့ ဒါမျိုးမကြားပါရစေနဲ့”

ဆိချွန်းက

“သူ့ကို အပြစ်မလွှတ်နဲ့မလေးငှက်မယ်။ အရေးယူစရာရှိ ယူသာယူ။ ကျွန်မတို့ဆီမှာ အစေတော်တွေက အများကြီး။ ဒီတော့ သူ့ကို နမူနာအဖြစ် အပြစ်ပေးရမယ်။ ဒီလိုဆိုယင် နောင်မှာ အတင့်ရဲလာပြီး အပြစ်ကြီးကြီး ကျူးလွန်မိတဲ့သူတွေ လွတ်သွားကြလိမ့်မယ်။ မလေးငှက်မယ်က ခွင့်လွှတ်ချင်ယင်လွှတ်၊ ကျွန်မအနေနဲ့တော့ မလွှတ်နိုင်ဘူး”

“ခါတိုင်းတော့ သူကောင်းကောင်းမွန်မွန်နေတယ် မဟုတ်လား။ လူဆိုတာ အမှားတော့ရှိကြတာပေါ့ကွယ်။ ခု အမှားကလဲ သူ့ရဲ့ ပထမဆုံးအမှားဖြစ်ပါလိမ့်မယ်။ နောက်တစ်ခါမှားတယ်ဆိုယင်တော့ သူ့ကို ပထမတစ်ခါအတွက်ရောပေါင်းပြီး အပြစ်ပေးရမယ်။ ခု သိချင်တာတစ်ခုပဲရှိတယ်။ ညည်းဆီကို အပြင်ပစ္စည်းတွေကို ဘယ်သူ ယူလာတာလဲ”

“ကျွန်မအထင်ပြောရမယ်ဆိုယင်တော့ နောက်ဖေးဝင်းပေါက်ကို စောင့်တဲ့ ဝမ်ရှန်ပေါက်ရဲ့မိန်းမပဲ ဖြစ်မှာပဲ။ အစေတော်ကောင်မလေးတွေနဲ့ သူပဲ ကျိတ်ကျိတ် ကျိတ်ကျိတ်လုပ်နေတာ။ ကောင်မလေးတွေလဲ အဘွားကြီးဆိုယင် အလွန်မျက်နှာသာ ပေးကြတယ်”

နတ်ငှက်မယ်သည် ထိုအမည်ကိုမှတ်သားထားရန်အစေတော်များကို ပြောလိုက်၏။ ယုဟွာထံတွင်တွေ့ရသည့်ပစ္စည်းများကိုလည်း မနက်ဖြန် စုံစမ်းစစ်ဆေးပြီးသည့်အထိ ချူယွှီ၏မိန်းမထံတွင် သိမ်းထားရန် အမိန့်ပေးလိုက်လေ၏။ ထိုနောက် သူတို့သည် ဆိချွန်းအဆောင်မှ ထွက်ကာ ယင်ချွန်းအဆောင်သို့ သွားကြလေ၏။

ထိုအချိန်၌ ယင်ချွန်းမှာ အိပ်ပျော်လျက်ရှိလေပြီ။ အတန်ကြာ တံခါးကို ထုရိုက်သည့်အခါတွင်မှ ဝင်းစောင့်များ နိုးလာကာ ဝင်းတံခါးကို ဖွင့်ပေးကြလေ၏။ အိပ်ပျော်နေသည့် ယင်ချွန်းအား နှောင့်ယှက်ခြင်း

မပြုရန် နတ်ငှက်မယ်က အမိန့်ပေးသည့်အတွက် ရှာဖွေရေးအဖွဲ့ဝင်များသည် အခြားသော အစေတော်များ၏ အခန်းများသို့သွား၍ ရှာကြလေ၏။ ယင်ချွန်း၏အဆောင်တွင် ရှိသည့်အစေတော် စုချီမှာ ခပ်စောစောက အဆက်အသွယ်လုပ်ပေးသည့် ဝမ်ရှန်ပေါက်မိန်း၏မြေး ဖြစ်သဖြင့် ယခုကဲ့သို့ ရှာသည့်အခါတွင် ကူညြွှေပျက်ခြင်း ရှိမရှိ သိလိုသည့်အတွက် နတ်ငှက်မယ်သည် သူ့ အဆောင်ကို ရှာရာတွင် သူကိုယ်တိုင် ကြီးကြပ်ကာ ဂရုတစိုက်ရှာဖွေခြင်းပြုလေ၏။ ဝမ်ရှန်ပေါက်၏မိန်းမသည် အခြားအစေတော်ကလေးများ၏သေတ္တာများကို ရှာဖွေရလေ၏။ ဘာမျှထူးထူးခြားခြား ရှာမတွေ့သည့်အခါ၌ စုချီ၏သေတ္တာကိုရှာရန်ဖွင့်လေ၏။သာမန်ဝတ်ကျေတမ်းကျေမျှသာ ရှာပြီးနောက် ဘာမျှ မတွေ့ဟုဆိုကာ သေတ္တာကို ပြန်၍ပိတ်မည်ပြုစဉ် ချူယွီ၏မိန်းမက

"ခဏနေဦး၊ ခဏ၊ ဒါက ဘာလဲ"

ချူယွီမိန်းမသည် ယောကျ်ားဝတ် လွာဖိနပ်တစ်ရံ၊ ခြေအိတ်တစ်စုံနှင့် အထုပ်ငယ်ကလေးတစ်ထုပ်ကို ကောက်ယူလိုက်လေ၏။ အထုပ်ကို ဖြေ၍ကြည့်လိုက်သည့်အခါတွင် ပိယနံဆေးထုပ် တစ်ထုပ်နှင့် စာတစ်စောင်ကို တွေ့ရသဖြင့် နတ်ငှက်မယ်သို့ သွား၍ပြလေ၏။ နတ်ငှက်မယ်မှာ အိမ်ထောင်ဦးစီးဖြစ်သည့် စာရင်းဇယားများကိုလည်း ကိုင်တွယ်ရသဖြင့် အက္ခရာ တော်တော်များများကို ဖတ်နိုင်ပေ၏။ စာရေးစက္ကူပေါ်တွင် အသက်နှစ်ပြန်ရှည်စေကြောင်း ဆုတောင်းသည့် အရုပ်အက္ခရာများကို ရေးထားသည်ကိုတွေ့ရလေ၏။ စာရွက်ပေါ်တွင်မူ အောက်ပါအတိုင်း ရေးထားလေ၏။

"ပြီးခဲ့တဲ့လက နှမတစ်ယောက် မောင်တို့အိမ်ကို ရောက်လာသည့်အခါတွင် မောင့်မိဘများက မောင်တို့နှစ်ယောက် အခြေအနေကို ရိပ်မိသွားကြသည်။ သို့ရာတွင် နှမ၏ သခင်မကလေး လက်ထပ်ခြင်း မပြုသေးသမျှကာလပတ်လုံး မောင်တို့ကိစ္စမှာလည်း အကောင်အထည် ပေါ်နိုင်မည်မထင်ပါ။ ဥယျာဉ်ထဲမှာ နှမနှင့်ချိန်းတွေ့ချင်ပါသည်။ ဖြစ်နိုင်လျှင် အဒေါ်ဝမ်က တစ်ဆင့် မောင့်ကို အကြောင်းပြန်ပါ။ မြန်မြန်တွေ့ချင်လှပါပြီ။ နှမပေးလိုက်တဲ့လက်ကိုင်အိတ်ကလေးနှစ်လုံးလည်း ကောင်းစွာ

လဲ မှုက်နှာကလေးဘာလေးသစ်ပြီး ခြေလက်ဆေးတာပေါ့"ဟု ပြောလေ၏။

မမယုက ခေါင်းညိတ်ပြလိုက်သည့်အတွက် လီဝမ်းနှင့် စုယင်တို့သည် မမယုဝတ်ဆင်ရန် အဝတ်အစားများကို သွား၍ယူကြပြီး အစေတော်မကလေးတစ်ယောက်က သူသုံးသည့် နှုတ်ခမ်းနီပါးနီဆိုးဆေးများနှင့် မျက်နှာချေမှုန့်များကို ယူလာလေ၏။

"ကျွန်မတို့သခင်မလေး လီဝမ်းကတော့ နှုတ်ခမ်းဆိုးဆေးတွေ၊ ပါးဆိုးဆေးတွေကိုမသုံးဘူးရှင့်။ ဒီတော့ မမယုမရှိဘူးဆိုယင် ကျွန်မတို့သုံးတဲ့နှုတ်ခမ်းဆိုးဆေး၊ ပါးဆိုးဆေးကိုပဲသုံးပါ" ဟုပြုံး၍ပြောလေ၏။

လီဝမ်းက

"ဟဲ့ ကောင်မလေးရဲ့၊ မိုက်လှချည်လား။ ဘယ့်နှယ်လုပ်တာလဲ။ ငါမရှိတော့ကော ညည်းဆိုးတဲ့ နှုတ်ခမ်းဆိုးဆေးတော်၊ ပါးဆိုးဆေးတွေကို ထုတ်ပေးရသလား။ တကယ်ဆို ဥယျာဉ်ထဲမှာရှိတဲ့ မလေးတီဆီကို သွားယူပါတော့လား။ အင်း၊ ညည်းမမယုမို့ လို့ပေါ့အေ။ တခြားလူဆိုယင် ညည်း မလွယ်ဘူးမှတ်ပါ။ ဒီလောက်တောင် ရိုင်းရမလားဆိုပြီး ညည်းကို အရေးယူမှာ သေချာတယ်၊ သိရဲ့လား"

မမယုက

"ကိစ္စမရှိပါဘူးအေ၊ အဆန်းလုပ်လို့။ ညည်းတို့အိမ်ကိုလာတိုင်း ညည်းအစေတော်တွေသုံးတဲ့ ပစ္စည်းတွေကို ငါသုံးနေကျပဲဟာ။ ဒီနေ့မှ ဘာဖြစ်လို့ကြေးများနေရဦးမှာလဲ"

မမယုသည် ခုတင်မီးဖိုကြီးပေါ်တွင် ထိုင်လျက်ရှိစဉ် အစေခံရင်ထိုက်သည် မမယု၏ လက်ကောက်များ၊ လက်စွပ်များကို ချွတ်ပေးလျက်ရှိလေ၏။ ထိုနောက် မမယု၏ပေါင်ပေါ်တွင် အဝတ် တစ်ထည်ကို ဖြန့်ခင်းလိုက်လေ၏။ အစေတော် တစ်ယောက် ဖြစ်သော စောတိုးသည် ရေနွေးစပ်ပြီးသား ဇလုံကြီးတစ်ခုကိုင်လာကာ မမယုရှေ့တွင် ခပ်ကိုင်းကိုင်း ကုန်းရပ်လျက်ရှိလေ၏။

ရင်ထိုက်က

"ဟဲ့ကောင်မလေး။ နင်တို့အရိပ်အကဲကို ဗီလောက်မှ နားမလည်ဘူးလားဟင်။ တစ်ခါပြောယင် အသေမှတ်ထားတော့တာပဲ။ ညကျ်နဲ့ယှဉ်ပြီးသုံးဖို့ဘယ်တော့မှ စိတ်မကူးဘူး။ ခု တို့သခင်မ မမယုက လျှော့လျှော့ပေါ့ပေါ့လဲလုပ်၊ စိတ်သဘောလဲကောင်း၊ စည်းကမ်းတွေထုံးစံတွေကိုလဲ သိပ်ပြီးမတင်းကျပ်လို့ ညည်းဒီလိုနေနိုင်တာ။ ညည်းဆွေမျိုးအိမ်ဆိုယင်တော့ ဘာအရေးလဲအေ့။ ညည်းဘာသာညည်း ရေဇလုံကို ဘယ်လိုပဲယူလာလာ၊ အကြောင်းမဟုတ်ဘူးပေါ့"

"ရပါတယ်အေ။ ဘယ်လိုပဲယူလာလာ၊ ကိစ္စမရှိပါဘူး။ ရေပတ်ကလေးတိုက်လိုက်ရယင်ပြီးတာပဲ"

ထိုအခါကျမှ စောတို့သည် ရေဇလုံကိုင်ထားရင်း ဒူးထောက်၍ထိုင်လိုက်လေ၏။

မမယုက ပြုံးလျက်

"တို့အိမ်မှာတော့ အပြင်ပန်းအားဖြင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေကို အားလုံးလိုက်နာကြပါရဲ့။ ဒါပေမယ့် နောက်ကွယ်မှာ မဟုတ်တာယုတ်သုပ်ကြတာတွေကခက်တယ်"

လီဝမ်းမှာ မနေ့ညကအကြောင်းကို မမယုရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်ကြောင်းကို ရိပ်မိလိုက်လေပြီ။

"ဘာတွေများမဟုတ်တာယုတ်တာတွေလုပ်နေလို့လဲ မမယုရဲ့။ မမယုကိုဘယ်သူကများပြောလို့လဲ" ဟု လီဝမ်းရယ်၍မေးလိုက်လေ၏။

"အံ့မယ်လေး၊ ငါ့ကို ဘာဖြစ်လို့မေးနေရသေးသလဲအေ့။ ညည်းလဲနေထိုင်မကောင်းရုံတင်ရှိပါတယ်၊ မသေသေးပါဘူး။ ဒီတော့ ညည်းကြားမှာပေါ့"

လီဝမ်းက မည်သို့မျှ ပြန်မပြောရသေးမီ ပေါက်ကြည် ဝင်လာသဖြင့် လီဝမ်းမှာလည်း သူ့ကိုခါတိုင်းကဲ့သို့ ဆီးကြိုဖိတ်ခေါ်ခြင်း ပြုရလေ၏။ မမယုကလည်း မျက်နှာကို ကပျာယာ သုတ်လိုက်ပြီးနောက် ပေါက်ကြည်အားနေရာထိုင်ခင်းပေးလေ၏။

သို့ရာတွင် ထိုနေ့ည၌ နတ်ငှက်မယ်မှာ သွေးတွေဒလဟော သွန်နေသဖြင့် တစ်ညလုံး ကောင်းစွာအိပ်ရသည်ဟူ၍ မရှိတော့ချေ။ နောက်တစ်နေ့ မနက်၌ နတ်ငှက်မယ်သည် အိပ်ရာမှမထနိုင်တော့ဘဲ ခေါင်းထဲတွင် မူးဝေလျက်ရှိကာ အားနည်းလျက်ရှိလေ၏။ နတ်ငှက်မယ်ကိုစစ်ဆေးရန် ပင့်ခေါ်လိုက်သည့် နန်းတွင်းသမားတော်ကြီးက

"သခင်မလေးကိုကြည့်ရတာ သွေးအားသိပ်နည်းနေပြီ သောကကြောင့် သည်းခြေမှာ သလိပ်တေဇောသွားစုနေတယ်ဗျ။ သည်းခြေအပူများတဲ့အတွက် သတိမေ့ခြင်း၊ ငိုက်မျဉ်းခြင်း၊ မူးဝေခြင်း၊ အငေးခကြေရစ်ပြည့်ရင်ဘယ်ဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်းစတဲ့ လက္ခဏာတွေပေါ်တတ်တယ်။ သည်းခြေငြိမ်ဆေးနဲ့ သွေးအားတိုးဆေးများကို စားဖို့လိုလိမ့်မယ် ခင်ဗျ"

ထိုသို့ပြောဆိုပြီးနောက်သမားတော်ကြီးသည် ကောလိသိမ်စသည်တို့ပါသည့် ဆေးတစ်ဖုန်ကို ဖော်စပ်ရန်အညွှန်းရေးပေးပြီးနောက် ပြန်ကြွသွားလေ၏။

အထိန်း မိန်းမကြီးများသည် သမားတော်ကြီး ဖော်ပေးသည့် ဆေးညွှန်းကို သခင်မကြီးဝမ်ထံ ယူသွားကြလေ၏။ ဤတွင် သခင်မဝမ်မှာလည်း နတ်ငှက်မယ်၏သတင်းကို ကြားရသည့်အတွက် စုချီ၏ကိစ္စကို မစဉ်းစားနိုင်သေးဘဲ ဘေးချိတ်ထားရလေ၏။

ထိုနေ့တွင် မမယုသည် နတ်ငှက်မယ်ကို ပထမဆုံး လာရောက်မေးမြန်းခြင်းပြုပြီးနောက်တွင် ဥယျာဉ်ထဲမှ လီဝမ်းထံရောက်လာလေ၏။ မမယုသည် ဥယျာဉ်ရှိ မိန်းကလေးများထံသွားမည်ပြုစဉ် ဆီချွန်းထံမှ အစေတော် တစ်ယောက်လာ၍ ဖိတ်ကြားသည်နှင့် အဘော်ဖြစ်သွားလေ၏။ ဆီချွန်းသည် ယခုနေ့ညက ဥယျာဉ်ထဲတွင်ဖြစ်ခဲ့သည့် အကြောင်းများကို သူ့အမေ မမယုအားပြန်ပြောပြီးလျှင် ယုဟွာ၏သေတ္တာထဲမှ တွေ့သည့် ရွှေပြားများနှင့် ငွေချောင်းများကိုထုတ်ပြလေ၏။

မမယုက

"ဟုတ်ပါတယ်။ သခင်ကြီးကျိချိန်ဆီက သူ့မောင်ရတဲ့ ပစ္စည်းတွေပါ။ သူက ယုဟွာကိုပေးတာကလဲ ပြောင်ပြောင်တင်းတင်း ပေးတာ

ပါ။ အားလုံးသိပါတယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ပေါ့လေ။ ဒီပစ္စည်းတွေကို ဥယျာဉ်ထဲကို တိတ်တိတ်ခိုးတော့ သွင်းမလာသင့်ပေဘူးပေါ့။ ဒါကြောင့်မို့ ဘုရင့်အစိုးရရဲ့ဆားတွေကို မှောင်ခိုသူတွေကခိုးပြီး အရောင်းအဝယ်လုပ်တယ်ဆိုတာ ဒီလိုကိစ္စမျိုးက စလာကြတာပေါ့"

မမယုသည်ယုဟွာအား အဆီအအိမ့်များကိုစားလွန်းသဖြင့် ညဏ်ထုံထိုင်းနေပြီဟုဆိုကာ မြည်တွန်တောက်တီးခြင်းပြုလေ၏။

ဆီချွန်းက

"မေမေတို့ကလဲ မေမေတို့ပဲလေ။ သခင်တွေ သခင်မတွေလုပ်နေကြလျက်နဲ့ ကိုယ့်အစေခံတွေအပေါ်မှာ တင်းတင်းကျပ်ကျပ် မအုပ်ချုပ်ဘဲနဲ့ ခုမှလာပြီး အစေခံတွေကိုအပြစ်ပုံနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ခုဥယျာဉ်ထဲမှာ ရှိတဲ့ မလေးတို့တစ်တွေအနက် ကိုယ့်အစေတော် မကောင်းတော့ ဆီချွန်းတစ်ယောက်ပဲ မျက်နှာ ပျက်ရတော့မှာပေါ့။ ဒီအတိုင်းဆို ရှေ့လျှောက်ပြီး လူတွေကို ဘယ်လိုမျက်နှာပြရတော့မှာတဲ့လဲ။ မနေ့ညတုန်းကလဲ သူ့ကိုခေါ်သွားဖို့ မလေးငှက်မယ်ကို ပြောလိုက်ပြီးပြီ။ ဒါပေမယ့် ခေါ်မသွားတော့ ဘာမှမတတ်နိုင်ဘူး။အေးလေ၊ ယုဟွာက အရှေ့စံအိမ်က လာတာဆိုတော့ သူကလဲ ဘယ်မှာခေါ်ချင်ပါ့မလဲ။ ဒီနေ့တော့မဖြစ်ဘူး၊ ဆီချွန်းကိုယ်တိုင် သူ့ကိုပြန်ပို့မှဖြစ်တော့မယ်။ ဒီတုန်းမှာ မေမေ ရောက်လာတော့ ဟန်ကျတာပေါ့။ ဒီတော့ အတော်ပဲ။ မြန်မြန်ခေါ်သွားပါ မမယုရယ်။မေမေကြိုက်သလိုရိုက်နိုင်ပါတယ်။ ဆုံးမနိုင်ပါတယ်။ သတ်ပစ်ချင်တယ်ဆိုယင်လဲ ရပါတယ်။ ကြိုက်သလိုသာ လုပ်ပါတော့။ ဆီချွန်းအနေနဲ့ကတော့ သူ့ကိုစိတ်ကုန်ပါပြီ"

ယုဟွာမှာ ဒူးထောက်ထိုင်ရင်း ငိုလျက်ရှိသေ၏။

"ကြောက်ပါပြီ မလေးရယ်။ နောင်မှာ ကျွန်မ ဒါမျိုးမလုပ်တော့ပါဘူး။ ဒါပေမယ့် အိမ်ကိုတော့ပြန်မပို့ပါနဲ့။ ကျွန်မ ဒီမှာပဲနေပါရစေ"

ဤတွင် မမယုနှင့် အထိန်းများကလည်း ဝိုင်း၍တောင်းပန်ပေးကြလေ၏။

"ခုကိစ္စက တစ်ခါတလေ မတော်တဆလုပ်မိတာပါကွယ်။နောက်မလုပ်တော့ပါဘူးလို့ ပြောပြီးဖြီပဲ။ ပြီး ယုဟွာဆိုတာလဲ ဆီချွန်းငယ်ငယ်ကလေးကတည်းက အနားမှာ နေလာတဲ့သူ ဆိုတော့ ဒီတစ်ခါတော့ သည်းခံလိုက်ပါ"

သို့ရာတွင် ဆီချွန်းမှာ ငယ်ရွယ်သူတစ်ယောက် ဖြစ်သည့်တိုင် လုပ်မိပြီဆိုလျှင် တဇွတ်ထိုးလုပ်တတ်သူ တစ်ယောက်ဖြစ်သည့်အတွက် အတင်းငြင်းဆန်လျက်ရှိလေ၏။အားလုံးကအတင်းဝိုင်း၍ပြောကြသည့်တိုင်အောင် ယုဟွာက မိမိအား သိက္ခာကျအောင်လုပ်သည်ဟု ယုံကြည်လျက်ရှိလေ၏။

"တော်ပြီ၊တော်ပြီ။ ယုဟွာကိုမလိုချင်တော့ဘူး။ ဒါတွင်မကဘူး၊ ခုဆိုယင် ဆီချွန်းဟာလူကြီးတစ်ယောက်ဖြစ်လာပြီ။ ဒီတော့ ရှေ့လျှောက်ပြီး မေမေတို့လိုလူကြီးတွေလဲ အလည်လာဖို့ မလိုတော့ဘူး။ ခုတလောမှာဆိုယင် အတင်းအဖျင်းတွေကလဲကြားလိုက်ရတာ၊နားနဲ့တောင်မဆံ့ဘူး။ ဒီတော့ ဒီအရှုပ်တွေထဲမှာ ဆီချွန်းမပါချင်ဘူး"

"ဘယ်သူတွေက ဘာတွေများ အတင်းတွေ ပြောနေလို့လဲ။ တို့အားလုံးဟာ တစ်အိမ်တည်းသားတွေ မဟုတ်ဘူးလား။ တကယ်လို့ တို့အကြောင်းများ မကောင်းပြောတာကို တွေ့တယ်ဆိုယင် ဘာဖြစ်လို့ ဒီလိုမကောင်းသတင်းတွေကို ရှောက်ပြောနေရသလဲလို့ ညည်းကိုယ်တိုင်ကိုက ပြောတဲ့လူကိုမေးရတယ်။ တားမြစ်ရမယ်"ဟု မမယုကပြော၏။

ဆီချွန်းက လှောင်ပြောင်သရော်သည့်အပြုံးဖြင့်

"အင်း၊ အပြောကလေးကတော့ လှပါပေရဲ့နော်။ ဆီချွန်းတို့လို မိန်းကလေးတွေအဖို့တော့ ဒီလိုရှုပ်ရှုပ်ထွေးထွေးထဲကို သိပ်ပါလို့မဖြစ်ဘူး မေမေ၊ ဝေးဝေးကရှောင်မှဖြစ်မှာ။ ဒီတော့ ဒီသတင်းတွေကို ဘယ်သူတွေ ပြောတယ်ဆိုတာ စုံစမ်းမှဖြစ်မယ်။ မစုံစမ်းယင် ဆီချွန်းလဲ ဘယ်လိုဖြစ်သွားလဲ။ ဒီတော့ မေမေ့ကိုလဲ ရှေ့မှာပဲ ပြောလိုက်ဦးမယ်။ မေမေ့အကြောင်းကိုတော့ အားလုံးသိပြီးဖြစ်လို့ ဆီချွန်း ဘာမှ ထူးထူးထွေထွေ သိသယမဖြစ်တော့ပါဘူး။ 'အကောင်းနှင့် အဆိုး၊ ဆေးရေးနှင့် ရှင်ရေး၊ စသည်တို့ကို ကြားရသည့်အခါ၌ သားနှင့် အဖေတို့သည် ပင်လျှင် တစ်ယောက်ကို တစ်ယောက် ကူညီခြင်းမပြုနိုင်ကြကုန်' ဆိုတဲ့ ရှေးစကား ရှိ

ဤစာမျက်နှာမှစ၍ နံပါတ်များ မှားနေပါသည်၊ ၁၅၀ ပြီး ၁၅၁ ဖြစ်သင့်လျက် ၁၆၁ ဟု မှားရိုက်ထားပါသည်။ ထို့အတူ ၁၇၈-၁၇၉ ထိ နံပါတ်များ မှားရိုက်ထားပါသည်။

တယ်။ ခု ဆီချွန်းတို့မှာလဲ ဒီအတိုင်းပဲပေါ့။ ဒီတော့ ခုကိစ္စမှာလဲ ဒိပြင်လူတွေ နာမည်ပျက်ချင်ပျက် မပျက်ချင်နေ၊ ကိုယ့်နာမည်တော့ မပျက်အောင် ကြိုးစားရလိမ့်မယ်။ ဒီတော့ အရှုပ်အရှင်းတွေထဲမှာမေမေပါချင်ပါ။ ဆီချွန်းကိုတော့ဆွဲမထည့်ပါနဲ့"

မမယုမှာ ထိုစကားကြောင့် စိတ်ဆိုးရမည်လော၊ ရယ်ရမည်လောဟု ဝေခွဲမရအောင်ဖြစ်လျက်ရှိလေ၏။

မမယုသည် အစေခံများဘက်သို့ လှည့်လိုက်လျက်

"ဆီချွန်းဟာ ငယ်သလောက် မိုက်တယ်လို့ပြောတာ ဒါ့ကြောင့်ပြောကြတာကိုး။ အစတုန်းက ငါမယုံခဲ့ဘူး၊ ခု သူပြောတဲ့စကားတွေကိုကြားလိုက်တော့မှ သူ့မှာ ရှေ့နောက် တွေးခေါ် မြော်မြင်နိုင်တဲ့ ဉာဏ်ရယ်လို့ ဘာမှမရှိဘူးဆိုတာ သိရတော့တယ်။ ပြောလိုက်တာ ကလေးလေးကျနေတာပဲ။ ဒါပေမယ့် လူတွေကိုတော့ နာအောင် ပြောတတ်တာပေါ့လေ"

"ဒါကတော့ ဆီချွန်းကငယ်သေးတာကိုးမမယုရဲ့။ သူ့ကိုခွင့်လွှတ်ရမှာပေါ့"ဟု အထိန်းတော်များက ပြောကြလေ၏။

ဆီချွန်းက

"ဟုတ်တယ်၊ ဆီချွန်းဟာ အသက်ငယ်ချင်ငယ်မယ်၊ ဒါပေမယ့်ဆီချွန်းမှာလဲ ကိုယ့်အသက်အရွယ်နဲ့ကိုယ် အတွေ့အကြုံ ရှိသင့်သလောက်ရှိတာပဲ။ ခုဟာက အတွေ့အကြုံအရ သိလို့ပြောတာ။ မေမေက ဆီချွန်းလောက်မှ စာမဖတ်ဘဲကိုး။ ဒီတော့ ဆီချွန်းက အဓိပ္ပာယ်ရှိတဲ့ စကားတွေကို ပြောတော့ မိုက်တယ်၊ ရမ်းတယ်လို့ ပြောကြတာပေါ့"

မမယုက

"ဟုတ်ပါတယ်တော်၊ နံပါတ်တစ် သုခမိန်ကြီးပါတဲ့။ ခေတ်တိုင်းခေတ်တိုင်းမှာ ကျော်ကြားတဲ့ ပညာရှိကြီးပါတဲ့။ ကျွန်တော်မတို့လို နလပိန်းတုံးတွေက အသိဉာဏ်မရှိပါဘူးတဲ့၊ အ, ပါသတဲ့၊ န, ပါသတဲ့။ ကဲ ကျေနပ်တော်မူပါပြီလား"

"မသိပါဘူး။ နံပါတ်တစ် ပညာရှိသုခမိန်လဲ မိုက်တာပါပဲ။ သူတို့က မိုက်မိပြီဆိုယင် သာတောင်ဆိုးသေးတယ်"

မမယုက

"အလိုတော်၊ စောစောတုန်းကတော့ ပညာရှိသုခမိန်ကြီး။ ခုတော့လဲ သူ တရားရှင်ကြီးဖြစ်ရပြန်ပါပေါ့လား"

"တရားရှင်ကြီးမို့လို့ပေါ့။ တရားရှင်ကြီး မဟုတ်ယင် ယုဟွာလို ကောင်မလေးတွေကို ဘယ်မှာလက်လွှတ်ခံလိမ့်မတုံး"

"ယုဟွာလို သစ္စာရှိတဲ့ ကလေးမကလေးတစ်ယောက်ကို နှင်ထုတ်တာကတော့ ရက်စက်ရာရောက်လှသကွယ်"

"ရှေးစကားရှိတယ် မေမေ။ 'ဒုက္ခမရောက်ချင်ယင် ရက်စက်ပေးရတယ်'တဲ့။ ဆီချွန်းက အပြစ်မဲ့တဲ့သူ၊ ဘာမှအနာအဆာမရှိတဲ့သူ။ မေမေတို့ကိစ္စထဲ ဘာလို့ဝင်ရှုပ်ပြီး ဘာဖြစ်လို့ကိုယ့်ကိုယ်ကိုယ်အညစ်နွမ်းခံပါ့မလဲ"

မမယုမှာ သူ့စကားများကို သည်းခံ နားထောင်နေရသည့်တိုင် စိတ်တိုသည်ထက် တိုလာခဲ့လေပြီ။ မိမိတို့ အကြောင်းကို အတင်းအဖျင်းတွေ ပြောနေသည်ဟု ကြားရကတည်းကပင် စိတ်တိုလျက်ရှိလေပြီ။ ဆီချွန်းရှေ့တွင်ဖြစ်သဖြင့် အနိုင်နိုင်ချုပ်တည်းထားရလေ၏။ သို့ရာတွင် ဆီချွန်းပြောလိုက်သည့် နောက်ဆုံးစကားမှာ သူခံနိုင်သည်ထက် ကျော်လွန်သွားခဲ့လေပြီ။

"နေစမ်းပါဦးအေ့။ ညည်းကို တို့က အရှုပ်ထဲမှာ ဘယ်လို ဆွဲသွင်းနေလို့လဲ။ မဆိုင်လိုက်တာအေ။ အပြစ်ကျူးလွန်တဲ့သူက ညည်းအစေတော်။ ခုတော့ ငါ့ကို လာပြီး သက်သက်မဲ့ ရန်ရှာနေတယ်။ ငါက ကလေးပြောတာပဲဆိုပြီး သည်းခံ နားထောင်နေတယ်။ ဒါကို ညည်းက အဘင့်ရဲသည်ထက် ရဲလာပြီး ကန်းတက်လာတယ်။ ညည်းက ဒီလောက်တောင် အပြစ်မဲ့တဲ့မိန်းကလေး၊ ခြောက်ပြစ်ကင်း သဲလဲစင်ကလေး ဖြစ်ယင်လဲ ကောင်းပြီ။ နောက်များမှာ ဘာကိစ္စနဲ့ပတ်သက်လို့ဖြစ်ဖြစ် ညည်းဆီကို မလာဘူး"

မမယုသည် ယုဟွာကိုခေါ်သွားရန် အစေခံများကို ပြောလိုက်ပြီးနောက် ပြန်ရန် စိတ်ဆိုးဆိုးဖြင့် ထိုင်ရာမှ ထလိုက်လေ၏။

သို့ဖြစ်၍ - ၁၆၁ ကို ၁၅၁၊ ၁၅၁ ကို ၁၆၁ စသည် စာမျက်နှာ အမှန်ဖြစ်ပါသည်။ ၁၈၀-၁၈၁ ရောက်မှ နံပါတ်အမှန် တွေ့ရမည်ဖြစ်ပါသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

"ကောင်းပါတယ်။ မေမေတို့ ခပ်ဝေးဝေးနေယင် ဆိချွန်းဆီမှာ ရန်ဖြစ်စရာ၊ စကားများစရာ မရှိတော့ဘူးပေါ့။ အေးအေးချမ်းချမ်း နေရတာပေါ့"ဟု ဆိချွန်းက ပြောလေ၏။

မမယုသည် မည်သို့မျှ ပြန်၍ပြောမနေတော့ဘဲ အပြင်သို့ ထွက်သွားလေ၏။ မည်သို့ ဖြစ်သည်ကို သိလိုလျှင် နောက်တစ်ခန်းကို ဖတ်ပါလေ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၃၅

ပွဲတော်ညတစ်ညဌ် ကြောက်မက်ဖွယ် သက်ပြင်းချသံကို ကြားရခြင်း။ စန္ဒီပွဲတော်တွင်စပ်သည့် ကဗျာသစ်များကို နိမိတ်ကောင်းအဖြစ် ယူဆခြင်း။

မမယုသည် ဒေါ်လေးဝမ်ကို တိုင်ရန် ဒေါသတကြီးဖြင့် ဆိချွန်း၏ အဆောင်မှ ထွက်လာခဲ့လေ၏။ သို့ရာတွင် အတူလိုက်ပါလာသည့် အထိန်းတော်များက "မမယုနော်၊ အဲဒီကိုမသွားတာက ကောင်းမယ်ထင်တယ်။ သခင်လေး ချန်တို့အိမ်က ပစ္စည်းတွေကို လူတွေ အပြင်သယ်ထုတ်နေတာ မြင်တယ်။ သူတို့လုပ်ကိုင်နေတာတွေကို လူသိစေချင်ပုံမရဘူး။ ဒီတော့ ခုအချိန်မှာ အဲဒီကို မသွားတာ ကောင်းမယ် ထင်တာပဲ"ဟု တိုးတိုး တိတ်တိတ် သတိပေးကြလေ၏။

မမယုက

"ဟုတ်ပါတယ်အေ့၊ ငါသိပါတယ်။ မနေ့တုန်းကတင် ညည်းတို့ သခင်ကြီး ကျိချိန်ကတောင် ပြောသေးတယ်။ သူ့ ဦးကြီးချန်ကို ရာဇဝတ် အမိန့်တော်ပြန်ပြီး တရားစွဲလို့ ရှေနန်းတွင်း အမိန့်တော်ပြန်တမ်းမှာ ပါတယ်တဲ့။ ဒါ့ကြောင့် ကျိချိန်တို့အိမ်ကပစ္စည်းတွေကို ရှေနန်းတော်က

ဘုရင့်တပ်သားတွေက ရှာဖွေသွားကြသတဲ့။ ပြီးတော့ ပစ္စည်းတွေကိုလဲ
သိမ်းသွားကြတဲ့။ ချန်တို့မိသားစုကိုလဲ အမှုစစ်ဆေးဖို့ နေပြည်တော်ကို
ခေါ်သွားသတဲ့။ နေစမ်းပါဦးအေ့၊ ဘာကြောင့် ဒီလိုလုပ်တာတဲ့လဲ”

အထိန်းများက

“ဘာ့ကြောင့်ရယ်လို့တော့ မပြောတတ်သေးဘူး မမယုရဲ့။ ခု
ရောက်လာတဲ့ ကောင်မတွေကလဲ ကြောက်လန့်နေတော့ ဘာမှ ကောင်း
ကောင်း မေးလို့မရသေးဘူး။ ကြည့်ရတာကတော့ သိတ်ိုကိစ္စကို တခြား
သူ ဘယ်သူ့ကိုမှ သိစေချင်ပုံမရဘူး”

ထို့ကြောင့် မမယုသည် သခင်မ ဝမ်တို့အိမ်သို့ မသွားတော့ဘဲ
လီဝမ်းထံသို့ လာခဲ့လေ၏။ လီဝမ်းကို ဆေးကုသပေးလျက်ရှိသည့် ရွှေ
နန်းတော်သုံး သမားတော်ကြီးမှာ မကြာခင်ကပင် ပြန်ကြွသွားခဲ့လေပြီ။
လီဝမ်းမှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်စပြုလာသည့်အတွက် အိပ်ရာ
ထဲတွင် ခေါင်းအုံးများကိုဆင့်၍မှီရင်း ထိုင်လျက်ရှိရင်း ဉာဏ်သည်ကို မျှော်
လျက်ရှိလေ၏။ မမယုရောက်လာသည့်အခါ၌ မမယုမှာ ခါတိုင်းလို
ကြည်ကြည်သာသာမရှိလှသည်ကို မြင်သည့်အတွက် လီဝမ်းလည်း မည်
သို့မျှ မမေးတော့ဘဲ အသာပင် ထိုင်လျက်ရှိလေ၏။

“မမယု လာလို့ ဝမ်းသာပါတယ် မမယုရယ်။ ခုလို တိုက်စစ်နေ
တုန်းမှာ အစားအသောက်တို့ဘာတို့ကော စားခဲ့ရပြီလား။ ဆာလှရော့
ပေါ့”ဟုဆိုကာ စုယင်အား စားစရာတစ်ခုခု အရှာခိုင်းလိုက်လေ၏။

“နေပါစေကွယ်။ မလိုပါဘူး။ ညီမမှာ နေထိုင်မကောင်း ဖြစ်နေ
ရတဲ့အထဲ စားစရာသောက်စရာ ဘာ့ရှိမှာလဲ။ ပြီးတော့ မမယုကလဲ မဆာ
ပါဘူး”

“ရှိပါတယ် မမယုရဲ့။ ကျီလန်ရဲ့အဒေါ်က မုန့်ဆီကြော်တွေ ပေး
လိုက်တယ်။ နည်းနည်းမြည်းကြည့်စမ်းပါဦး”ဟုဆိုကာ အစေတော် တစ်
ယောက်ကို အယူခိုင်းလိုက်သည်တွင် မမယုမှာလည်း မည်သို့မျှမပြောတော့
ဘဲ ငြိမ်နေလိုက်လေ၏။ မမယုနှင့် အတူလိုက်ပါလာသည့် အစေခံများက

“မမယုလဲ နေ့လယ်ကဘည်းက ရေမိုးမချိုးရသေးတော့ ငြီးစီစီနိုင်လှ
ရော့ပေါ့။ ဒီတော့ ရေလေးမိုးလေး ချိုးလိုက်ပါဦးလား။ ရေမချိုးယပ်

ရှိပါသည်။ ယခု နမအတွက် နံ့သာပုတီးတစ်ကုံး ပို့လိုက်ပါသည်။
ကောင်းစွာ သိမ်းထားပါလေ။ ဝမ်းကွဲအစ်ကိုပန်းယုအန်”

နတ်ငှက်မယ်သည် ထိုစာကိုဖတ်ပြီးလျှင် ဒေါပွရမည့်အစား ရယ်
ချင်ပက်ကျိ ဖြစ်လျက်ရှိလေ၏။ အခြားသူများမှာ စာကိုလည်းမဖတ်တတ်၊
အဒေါ်ဝမ်းမှာလည်း သူ့မြေးမနှင့် ပန်းယုအန်တို့ ကြိုက်နေ ကြသည်
မသိသည့်အတွက် စုချီ၏သေတ္တာထဲတွင် ယောကျ်ားလှာဖိနပ်နှင့်ခြေအိတ်
ကို မြင်ကတည်းက စိတ်ညစ်လျက်ရှိနေလေပြီ။ နတ်ငှက်မယ်သည် စာရွက်
ပေါ်တွင် ရေးထားသည့်စာကိုဖတ်ကာ ရယ်လျက်ရှိသည့်အတွက် အဒေါ်
ဝမ်းသည် မနေနိုင်တော့ဘဲ

“ဘာတွေများ ရေးထားလို့တုန်း မလေးငှက်မယ်ရဲ့။ ဒီလောက်
တောင် ရယ်ယင်တော့ တစ်ခုခုပဲထင်တယ်”

“ပါတယ်ရှင်ရေ့၊ ပါတယ်။ ဒီစာကိုဖတ်ကြည့်လိုက်ယင် အစခံ
လို့တော့ ရလောက်ပြီ ထင်တာပဲ။ ဒါထက် နေစမ်းပါဦး၊ အဒေါ်ဝမ်က
စုချီရဲ့အဘွားဆိုတော့ မေးရဦးမယ်။ သူ့အစ်ကိုဝမ်းကွဲက ဘာဖြစ်လို့
ဝမ်းနာမည်မပါဘဲ ဘာဖြစ်လို့ ပန်းယုအန် ဖြစ်နေရတာလဲ”

အဒေါ်ဝမ်ရှန်ပေါက်မှာ အံ့အားသင့်လျက် အထစ်ထစ် အငေါ့
ငေါ့ဖြင့်

“သူ့အဖေဘက် အဒေါ်တစ်ယောက်က ပန်းဆိုတဲ့လူတစ်ယောက်
နဲ့ လက်ထပ်လို့ပါ။ ဒါ့ကြောင့် စုချီမှာ ပန်းဆိုတဲ့နာမယ်နဲ့ အစ်ကိုတစ်
ယောက် ရှိနေတာပါ။ တစ်နေ့က ထွက်ပြေးတဲ့ ပန်း ယု အန် ဆိုတဲ့
လူ ယ်ပါ”

“ဪ ဟုတ်လား။ ဒီလိုဆိုယင်လဲ ရှင်းသွားပါပြီ။ ကဲ အဒေါ်
ဝမ်ရှန်ပေါက်ကို ဖတ်ပြရဦးမယ်”

နတ်ငှက်မယ်က ဖတ်ပြသည့်အခါတွင် အားလုံးက ဝိုင်းရယ်ကြ
လေ၏။ ဝမ်ရှန်ပေါက်၏မိန်းမသည ခြား အစေတော်သူငယ်မကလေး
များကိုသာမဲ၍ အပြစ်ရှာလျက်ရှိစဉ် သူ့မြေးထံမှ ထိုသို့ မဖွယ်မရာ
စာမျိုး မိလိမ့်မည်ဟုမမျှော်လင့်ခဲ့ချေ။ ယခုမူ ရှက်လွန်းသဖြင့် ခေါင်းပင်
မဖော်ရဲတော့ချေ။

ချုယွီ၏မိန်းမနှင့် အခြား ဝင်းအစေတော်ကြပ်များက "ကဲ၊ ဘယ်လိုဖြစ်တာတုံးတော့။လက်စသတ်တော့တော့ မြေးဆီမှာ တွေ့နေပါကလား။ ကျုပ်တို့ ဘယ်လိုလုပ်ရမှာတဲ့တုံး" ဟု မေးကြလေ၏။

ဝမ်ရှန်ပေါက်၏မိန်းမမှာ မည်သို့မျှ မပြောနိုင်တော့ဘဲ မြေမျှို၍ သေချင်စိတ်ပေါက်လျက်ရှိလေ၏။ နတ်ငှက်ကမယ်မှာ သူ့ကိုကြည့်၍ ရယ်လျက်ရှိလေ၏။

"ဒါတော့လဲ သူ့နဖူးစာနဲ့ သူပေါ့လေ။ ခုလို သူ့ဘာသာသူ ရည်းစားရွေးပြီးပြီဆိုတော့ လူကြီးတွေမှာ အပူတစ်ခု လျော့သွားတာပေါ့။ ရှာမပေးရတော့ဘူးပေါ့"

ချုယွီ၏မိန်းမက တခစ်ခစ်ရယ်လိုက်ရင်း သူ့ကို တစ်စုံတစ်ရာ မခံချင်အောင် ပြောလိုက်၏။

ဝမ်ရှန်ပေါက်၏မိန်းမသည် အရှက်နှင့်ဒေါသကိုမည်သူ့အပေါ်မှ ပုံမချရဲတော့သည့်အခါ၌ သူ့ပါးကိုသူ ပြန်ရိုက်လျက်ရှိလေ၏။

"ကဲ....ဒီလောက် အတဲ့ န တဲ့ ကောင်မ။ န ဦးဟဲ့၊ အ ဦးဟဲ့၊ အ လိုက်တဲ့ ကောင်မ၊ နာနာခံ။

"ဒီလောက်တောင် အ တဲ့ကောင်မ။ မှတ်ကရောဟဲ့။ နင့်ပါးကို နင် နာနာပြန်ရိုက်ပမ်းဟဲ့။ ခံရဘာပဲ ကောင်းတယ်ဟဲ့" ဟု ဆိုကာ သူ့ပါးကို တဖြန်းဖြန်းရိုက်လျက် ရှိလေ၏။

အခြားသူများမှာ သူ့ကိုကြည့်၍ ဝိုင်းရယ်လျက်ရှိကြပြီး တစ်ဘက်က သူ့ကို ချော့မော့နှစ်သိမ့်ရင်း အခြားတစ်ဘက်က သူ့ကိုဝိုင်းစလျက်ရှိကြလေ၏။ စုချီသာလျှင် ခေါင်းကိုငုံ့၍ရပ်လျက် ရှိလေ၏။ သို့ရာတွင် စုချီမှာ ကြောက်ရွံ့သည့်အမူအရာဆို၍ လုံးဝမရှိသည့်အတွက် နတ်ငှက်မယ်မှာ အံ့အားသင့်လျက်ရှိလေ၏။ ထိုနေ့ညတွင် စုချီကို မေးမြန်း စစ်ဆေးရန်မှာ အချိန်မရှိတော့ချေ။ နတ်ငှက်မယ်သည် ထိုနေ့ညတွင် စုချီ ရှက်၍ တစ်စုံတစ်ရာလုပ်မည်စိုးသည့်အတွက် အစေတော်ကြပ် မိန်းမ နှစ်ယောက်ကို အစောင့်ထားပစ်ခဲ့လေ၏။ ထိုနောက် ရှာတွေ့ခဲ့သည့် သက်သေခံ အထောက်အထားကို အယူခိုင်းခဲ့ပြီးလျှင် နတ်ငှက်မယ်သည်လည်း ထိုကိစ္စကို နောက်တစ်နေ့တွင်မှ ဖြေရှင်းမည်ဟုဆိုကာ အနားယူလေ၏။

"ဟင်၊ မမယုတို့ချည်းပါလား။ တခြားမိန်းကလေးတွေ ဘယ်ရောက်ကုန်ကြပြီလဲ"

"ဘယ့်နှယ်လဲ မရွှေကြည်၊ တစ်ယောက်တည်း လား။ တခြားမလေးတို့တစ်တွေကော"

"သူတို့နဲ့ မတွေ့ခဲ့ဘူးရှင့်။ ခုပြန်လာတာက မေမေ သိပ်နေထိုင်မကောင်းလို့ ပြန်လာတာ။ မေမေစိတ်ချရတဲ့ အစေတော်နှစ်ယောက်စလုံးကလဲ ဖျားနေကြတော့ ဘယ်သူမှမရှိတာနဲ့ မေမေ့ကိုစောင့်အိပ်ဖို့ ပြန်လာတာ။ အစတုန်းကတော့ မယ်မယ်တို့၊ ဒေါ်လေးဝမ်တို့ဆီကို ခွင့်တောင်းပြီးမှပြန်မယ် စိတ်ကူးသေးတယ်။ ဒါပေမယ့် မေမေကလဲ အကြီးအကျယ်နေထိုင်မကောင်းတာ မဟုတ်တော့ သူတို့ကိုမပြောတော့ပါဘူးလေဆိုပြီး ဒီအတိုင်းထွက်လာခဲ့တာ။ ဘယ်လိုပဲဖြစ်ဖြစ်လေ မေမေနေထိုင်ကောင်းလာတယ်ဆိုယင် ပေါက်ကြည်လဲ ချက်ချင်းပြန်မှာပါ။ ဒါကြောင့် ဒီက မမလီဝမ်းတို့ကို လာအသိပေးတာပဲ"

လီဝမ်းနှင့် မမယုတို့သည် ပေါက်ကြည်၏စကားကို ကြားသည့်အခါ၌ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြလေ၏။ မမယုမှာ ကိုယ်လက်သန့်စင်ပြီးသွားပြီ ဖြစ်သည့်အတွက် မုန့်ဆီကြော်နှင့် လက်ဖက်ရည်တို့ကို စားသောက်လျက်ရှိလေ၏။ လီဝမ်းက

"ဒီလိုဆိုယင် လီဝမ်းတို့လဲ ဒေါ်လေးဆွေနေထိုင်မကောင်းတာကို မေးဦးမှပေါ့။ ဒီနေ့ဆိုယင်တော့ လီဝမ်းလဲ နေထိုင်ကောင်းနေတဲ့အတွက် ကိုယ်တိုင် သွားမေးနိုင်မှာပါ။ ဟုတ်ဘယ် မလေးပေါက်ကြည်၊ အိမ်ကို သွားကြည့်လိုက်ပါဦး။ မလေးပေါက်ကြည် မရှိတုန်းမှာ အဆောင်ကိုလဲ တစ်ယောက်ယောက်ကို အကြည့်ခိုင်းထားလိုက်ပါ့မယ်၊ စိတ်ချပါ။ ဒါပေမယ့် ဟိုမှာ သိပ်တော့ကြာကြာမနေနဲ့နော်။ နှစ်ရက်သုံးရက်လောက်ရှိယင် ပြန်လာခဲ့။ တော်တော်ကြာ လီဝမ်းရဲ့တာဝန်ဖြစ်နေလိမ့်မယ်"

"အံမယ်လေး၊ ဘာဖြစ်လို့ မလီဝမ်းရဲ့ တာဝန် ဖြစ်ရမှာလဲ။ ဘယ်လောက်ကြာတာမှတ်လို့။ ပြီးတော့လဲ မလေးလီဝမ်းက သူခိုးဆီက လာဘ်ယူပြီး သူခိုးကို ထွက်ပြေးအောင် လုပ်ပေးတာ မှ မ ဟုတ်တာ။ ဘယ်သူ့ကို အကြည့်ခိုင်းခိုင်း ဖြစ်တာပဲ မဟုတ်လား။ ပြီးတော့ မလေး

လီဝမ်းကိုယ်တိုင် မလေးစမ်းယဉ်ကို ဒီမှာအတူလာနေဖို့ ခေါ်ထားယင်လဲ ရတာပဲမဟုတ်လား”

“နေစမ်းပါဦး၊ စမ်းယဉ်က ဘယ်မှာလဲ”

“တန်ချန်းကို သွားရှာချည်စမ်းဆိုပြီး ခိုင်းလိုက်တယ်။ တန်ချန်းကိုလဲ အကျိုးအကြောင်း ပြောပြရအောင်ဆိုပြီး အခေါ်ခိုင်းလိုက်တာ”

ထိုသို့ပြောဆိုနေကြစဉ် စမ်းယဉ်နှင့်တန်ချန်းတို့ ရောက်လာကြလေ၏။ သူတို့ကို နေရာထိုင်ခင်း ပေးပြီးသည့်အခါ ပေါက်ကြည်က မိမိအိမ်သို့ ပြန်မည့်အကြောင်းကို ပြောပြလေ၏။

“ဟုတ်တာပေါ့၊ ပြန်ရမှာပေါ့။ ဒါပေမယ့် ဒေါ်လေးဆွေ့နေကောင်းတာနဲ့တစ်ပြိုင်နက် မလေးပေါက်ကြည် ဉယျာဉ်ထဲကို ပြန်လာရမယ်နော်။ အေးလေ မလာယင်လဲ သိပ်တော့ ကိစ္စမရှိလှပါဘူး” ဟု တန်ချန်းက ပြောလေ၏။ မမယုက

“ညည်းစကားကလဲ ဘာလဲအေ့။ ဆွေမျိုးတွေကို အားလုံးကို ဉယျာဉ်ထဲပြန်မလာအောင် နှင်ထုတ်နေတာလား”

တန်ချန်းက ခပ်လှောင်လှောင်ပြုံးလိုက်လျက်

“ပြောချင်သလို ပြောတော့ မမယုရေ့။ သူများတွေလာပြီး နှင်မယ့်အတူတူ ကိုယ့်ဆွေမျိုးကို ကိုယ့်ဘာသာကိုယ် နှင်ထုတ်တာပဲကောင်းတယ်။ တကယ်ကတော့ ဘယ်ဆွေမျိုးဖြစ်ဖြစ် ဒီလိုချည်းပဲ တစ်သက်လုံး စုနေဖို့လဲ မကောင်းပါဘူးလေ။ တကယ်တော့ တန်ချန်းတို့အိမ်ထောင်စုဟာ ဆွေမျိုးချည်းပဲ စုနေတဲ့အိမ်ထောင်စုပါ။ပျော်စရာကြီးဆိုပါတော့။ ဒါပေမယ့် ခုတော့ တစ်နေ့တခြား တိုက်ကြက်တွေနဲ့ တူနေကြပြီ။ တစ်ကောင့်ဘစ်ကောင် ခွပ်နေကြတော့တာပဲ”

မမယုက ရယ်လိုက်ရင်း

“ဒီနေ့ ငါထွက်လာရတာ ကံမကောင်းပါဘူးအေ။ ဉယျာဉ်ထဲက မိန်းကလေးတွေ ဒီနေ့ ဘာဖြစ်နေကြမှန်းကို မသိပါဘူး။ စိတ်တွေ တိုနေကြပါကလား”

ဤတွင် တန်ချန်းက

“ဒါတော့ ကိုယ့်ဘာသာကိုယ် ထွက်လာတာပဲ။ မမယုကို ဘယ်သူက အလာခိုင်းတာမှတ်လို့။ မမယုကို ဘယ်သူက ဘာတွေ ပြောလိုက်လို့လဲ။ ကြောင် ငါ်ပြီ၊ ဆီချန်းကများ မမယုကို ဘုစကားဘောက်စကားတွေ ပြောလိုက်လို့လား”

မမယုက တိုက်ရိုက်မဖြေဘဲ လှီးလွှဲ၍ ဖြေလေ၏။ မမယုသည် အချင်းများမည်စိုးသည့်အတွက် စကားကိုလှီးလွှဲဖြေနေမှန်းသိသည့်အခါတွင် တန်ချန်းက စ လေ၏။

“အံမယ်လေး၊ ဒီလောက်လဲ ရိုးချင်အ ချင်ယောင်ဆောင် မနေပါနဲ့ မမယုရယ်။ ဒီလောက်ကြောက်မနေပါနဲ့။ နိုင်ငံတော်ကို ပုန်ကန်မှုအာ ခေါင်းဖြတ်ခံရတာပါ။ ဒီပြင် ကိစ္စကတော့ ဘာဒီလောက်ကြောက်ရာရှိလို့လဲ။ ဒီမှာ တန်ချန်း မှန်ရာကိုပြောမယ်။ မနေ့က ဝမ်ရှန်ပေါက်ရဲ့မိန်းမကို ပါးရိုက်လွှတ်လိုက်တယ်။ သူ့ကိုပါးရိုက်လို့ တန်ချန်းမှာ အပြစ်ရှိတယ်ဆိုယင်လဲခံရုံပဲ။ တန်ချန်း ထင်ပါတယ်။ သူ့ကိုပါးရိုက်တဲ့အတွက် တန်ချန်းကို စွာလှချည်ရဲ့လို့ အောက်မေ့ချင် အောက်မေ့ကြမယ်။ ဒါပေမယ့် ဘယ်သူကမှတော့ ရိုက်တယ် နှက်တယ် အထိပါချင်ကြမှာ မဟုတ်ပါဘူး”

အဘယ့်ကြောင့် ဝမ်ရှန်ပေါက်၏မိန်းမကို ပါးရိုက်လိုက်ကြောင်းကို ပေါက်ကြည်က မေးမြန်းသည့်အခါတွင် တန်ချန်းက မနေ့ညက မိမိတို့အဆောင်တွင် ဝင်၍ရှာကြသည့်အကြောင်း၊ အဘယ့်ကြောင့် ဝမ်ရှန်ပေါက်၏မိန်းမကို ပါးရိုက်လိုက်ကြောင်းကို ပြောပြလေ၏။ တန်ချန်းက ပြောပြသည့်အခါကျမှ မမယုကလည်း မိမိတို့အား ဆီချန်းက မည်သို့ပြောလိုက်ကြောင်းကို ပြန်၍ပြောပြလေ၏။ တန်ချန်းက

“ဟုတ်တယ်။ သူက ဒီလိုပဲ၊ ခပ်ကြောင်ကြောင်နဲ့။ သူ ထင်မိထင်ရာကို ထင်တတ်တာ။ သူ ကြောင်တာတွေ၊ သူ တဇွတ်ထိုးနိုင်တာတွေတော့ ပြောမနေပါနဲ့တော့။ ဒီနေ့မနက်မှာ သူ့ကို အသံလဲကြား၊ ဇာတ်ဆတ်ထိမခံတဲ့ မလေးငှက်မယ်ကလဲ နေထိုင်မကောင်းဘူးလို့ ကြားရတယ်။ ဒီနေ့မနက်တော့ ဝမ်ရှန်ပေါက်ရဲ့မိန်းမကို ဘာဖြစ်လို့ ပါးရိုက်

တာလဲလို့ စုံစမ်းခိုင်းလိုက်တယ်။ ဒီတော့ ဝမ်ရှန်ပေါက်ရဲ့မိန်းမမှာအရိုက်ခံရရုံဘင်မကဘူးရှင့်။ နေရာတကာဝင်ပြီး စပ်စုရမလားဆိုပြီးလဲ အထက်က အရိုက်ခံရသေးသတဲ့"

"ကောင်းတယ်။ ရိုက်တာ နည်းတောင်နည်းလိမ့်ဦးမယ်"ဟု မမယုနှင့် လီဝမ်းတို့က ပြောလေ၏။ တန်ချန်းက အရွဲ့တိုက်၍ ရယ်လိုက်လျက်

"သူတို့လုပ်ပုံကရှင်းပါတယ်။ မသိချင့်အဆုံးပါ၊ ဒေါင်ဘ လုပ်မယ်ဆိုဘာကို စောင့်ကြည့်ချင် ကြည့်ကြဦးပေါ့"

မမယုနှင့်လီဝမ်းတို့က မည်သို့မျှမပြောကြချေ။ အချိန်မှာမယ်မယ်မနက်စာစားချိန်ရောက်ပြီ ဖြစ်သည့်အတွက် စမ်းယဉ်နှင့် ပေါက်ကြည်တို့သည် ပစ္စည်းများကိုသိမ်းရန် ပြန်သွားကြပြီး မမယုမှာလည်း လီဝမ်းကိုနှုတ်ဆက်ကာ မယ်မယ့်ထံသို့ တန်း၍လာခဲ့လေ၏။ မယ်မယ်သည် ထိုင်ခုံပေါ်တွင်ထိုင်ရင်း ချန်တို့မိသားစုများ မည်သို့ပစ္စည်းအသိမ်းခံရကြောင်း သခင်မဝမ်က ပြောပြနေသည်ကို နားထောင်လျက် ရှိလေ၏။ မမယုကိုမြင်သည့်အခါတွင် မယ်မယ်သည် ဘယ်ကလာသနည်းဟု မေးမြန်းစုံစမ်းပြီးနောက် လီဝမ် နှင့် နတ်ငှက်မယ်တို့၏ ကျန်းမာရေးကို မေးလေ၏။

"ဟုတ်ကဲ့မယ်မယ်၊ ဒီနေ့တော့ နှစ်ယောက်စလုံးတော်တော်လေးနေထိုင်ကောင်းကြပါတယ်"ဟု မမယုက မဆိုင်းမတွပြေလေ၏။

မယ်မယ်သည် ခေါင်းညိတ်၍ သက်ပြင်းချလိုက်ပြီး

"ကဲ....ကဲ၊ သူများတွေအကြောင်းကိုချည်းပဲ တွေ့ပူနေလို့ မပြီးသေးဘူး။ စန္ဒိပွဲတော်ကို ဘယ်လိုကျင်းပမယ်ဆိုတာ တို့များလဲစဉ်းစားရဦးမယ်"

သခင်မဝမ်က

"အားလုံးစီစဉ်ပြီးပါပြီ မယ်မယ်။ ဒါပေမယ့် ဘယ်မှာလုပ်ချင်သလဲဆိုတာ ကျွန်မတို့မသိသေးလို့ မယ်မယ့်ရဲ့အမိန့်ကို စောင့်နေတာပါ။ ဥယျာဉ်ထဲမှာလုပ်ချင်တယ်ဆိုယင်တော့ ညပိုင်းမှာ လေတော်တော်တိုက်မယ် ထင်တယ်"

"ကိစ္စမရှိပါဘူးအေ။ ရပါတယ်။ အဝတ်အစားကို နွေးနွေးထွေးထွေး ဝတ်သွားမှာပေါ့။ အမှန်ကတော့ စန္ဒိပွဲတော်ဆိုတာ လကိုမြင်ရမှကောင်းတာ။ ဥယျာဉ်ထဲကနေကြည့်မှ လကိုကောင်းကောင်းမြင်ရမှာပေါ့"

ထိုသို့ စကားများပြောဆိုနေကြစဉ် စားပွဲများရောက်လာသဖြင့် သခင်မဝမ်တို့ကလည်း မယ်မယ်စားရန် အစားအသောက်များကို ကူညီပြင်ဆင်ပေးကြလေ၏။ မိမိအတွက်ချက်ပြုတ်သည့် ဟင်းပန်းကန်ကြီးနှစ်ချက်အပြင် အခြားသူများအတွက်လည်း ဟင်းပန်းကန်များကို လင်ပန်းကြီးနှစ်ချပ်ဖြင့် ယူလာသည်ကိုတွေ့ရလေ၏။ အိမ်ကြီးနှစ်အိမ်၏ ထုံးစံမှာ နေ့တိုင်းအခြားသူများ ချက်ပြုတ်ထားသည့်ဟင်းများကိုလည်း မယ်မယ်မြည်းရန် လာပို့ကြလေ၏။ မယ်မယ်က မည်သည့်ဟင်းများဖြစ်ကြောင်းကို မေးမြန်းလေ၏။

"ငါ့ဆီကို ဟင်းတွေလာလာမပို့ကြနဲ့တော့လို့ ခဏခဏပြောဖူးတယ်မဟုတ်လား။ တင်ယောက်မှ နားမထောင်ကြဘူး။ ဟိုတုန်းကလိုမဟုတ်တော့ဘူးအေ့။ စီးပွားရေးအခြေအနေက ပြောင်းနေပြီ"

ယုယွမ်းက

"မယ်မယ်ပြောတဲ့အတိုင်း သူတို့ကို ကျွန်မပြောပါတယ်မယ်မယ်။ ဒါပေမယ့် သူတို့က ပို့မြဲတိုင်းပို့ကြပါတယ်။ ကျွန်မလဲ ပြောလို့မရတာနဲ့ ဒီအတိုင်းပဲကြည့်နေလိုက်ရဘာပါ"

သခင်မဝမ်က

"ဒီလောက်ကတော့ အပန်းမကြီးပါဘူး မယ်မယ်။ အိမ်မှာ နေ့တိုင်းစားနေကျဟင်းတွေပါ။ ဒီတော့ ကျွန်မလဲ များများစားစားမချက်ပါဘူး။ မယ်မယ်က ကော်ရည်နဲ့ တို့ဟူး သိပ်မကြိုက်ဘူး မဟုတ်လား။ ဒါကြောင့် ပီလောကို ကြော်ချက်ချက်ပြီး ငရုတ်ရည်ကလေးနဲ့ထည့်လာခဲ့တယ်"

"အေး၊ ကောင်းတယ်ဟေ့။ ငါစားချင်တာနဲ့အတော်ပဲ"

ယုန်ယွမ်းသည် ထိုဟင်းပန်းကန်ကို ရှေ့စားပွဲပေါ်သို့ တင်လိုက်လေ၏။ ပေါက်ကြည်နှင့် အခြားမိန်းကလေးများသည် တစ်ယောက်ကို

တစ်ယောက်ကောက် အသုတ်ခိုင်းကြလေ၏။ မယ်မယ်က အဆိုင်ခိုင်းသည့်အတွက် တန်ချန်းသည် အထူးနေရာတွင် ထိုင်ရန် ငြင်းဆိုပြနေခဲ့ကာ ပေါက်ချင်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေ၏။ ထိုကဲ့သို့သည် ပန်းကန်တစ်လုံးနှင့် တူများကို ယူလာခဲ့လေ၏။ ယုန်ယွမ်းက လင်ပန်းထဲမှ ဟင်းခွက်နှစ်ခွက်ကို ညွှန်ပြလိုက်ပြီးလျှင်

"ဟောဒီဟင်းတွေကတော့ ဘာဟင်းတွေမှန်းမသိဘူး မယ်မယ်။ သခင်ကြီး ကျိရှဲ့အိမ်က အပို ခိုင်းလိုက်တာ။ မျစ်နဲ့ကြက်ဆီဟင်းကတော့ သခင်ကြီး ကျိချိန်၏ အိမ်ကပါ"

ယုန်ယွမ်းသည် ဟင်းခွက်များကို စားပွဲပေါ်သို့တင်လိုက်လေ၏။

မယ်မယ်သည် ဟင်းတစ်ခွက်နှစ်ခွက်ကို မြည်းသည် ဆိုရုံမျှသာ မြည်းပြီး ထိုဟင်းနှစ်ခွက်ကို ပြန်အပို့ ခိုင်းလိုက်လေ၏။

"သွား၊ မြည်းကြည့်ပြီးပြီလို့ပြောလိုက်၊ ကြားရဲ့လား။ နောင်ဆိုယင် နေ့တိုင်း ဟင်းတစ်ခွက်ပို့ဖို့ မလိုတော့ဘူးလို့လဲ ပြောလိုက်။ ငါစားချင်တဲ့ဟင်းရှိယင် ပြောမယ်လို့"

အစေတော်ကြပ်များသည် ဟင်းပန်းကန်များကိုယူ၍ ပြန်သွက်သွားကြလေ၏။

"ဟဲ့၊ ဆန်ပြုတ်များ ရှိကြသေးရဲ့လား" ဟုမယ်မယ်က မေးလေ၏။

မမယုက ပန်းကန်တစ်လုံးကို ယူလာကာ အဆင်သင့်လုပ်ပြီးသားရှိကြောင်း၊ ဆန်နီဖြင့်ပြုတ်ထားခြင်း ဖြစ်ကြောင်းဖြင့် ပြောပြလေ၏။ မယ်မယ်သည် ပန်းကန်လုံးကို လှမ်းယူလိုက်ပြီးလျှင် တစ်ဇွန်း မြည်းကြည့်ကာ နတ်ငှက်မယ်ထသို့အပို့ခိုင်းလိုက်လေ၏။ ထို့ပြင် မျစ်ဟင်းတစ်ခွက်နှင့် ဝက်ဝံသား ကျပ်အချောက် တစ်ပန်းကန်ကိုလည်း ထိုက်ယုတ်သို့ အပို့လုပ်လိုက်လျက် အသားဟင်း တစ်ဇွန်းကန်ကိုလည်း ကျိလျှံ ထံသို့ အပို့လုပ်လိုက်လေ၏။ ထို့နောက် လာ၍စားရန် မမယုကိုခေါ်လေ၏။ မမယုသည် မယ်မယ်လက်ဆေးပြီးကာ ပါးလုပ်ကျင်းပြီးနောက် သခင်မဝမ်နှင့်စကားပြောသည်အထိ စောင့်ပြီးမှ စားပွဲတွင် ဝင်ထိုင်လေ၏။ မမယုက ဝင်ထိုင်သည့်အခါတွင် တန်ချန်းနှင့် ပေါက်ချင်းတို့လည်း ထိုင်ရာမှထကာ ခွင့်တောင်းပြီး ထသွားကြလေ၏။

"ဟဲ့ ဘယ်လိုဖြစ်ကြတာလဲ။ စားပွဲကြီးရဲ့ ထစ်လုံးတည်းမှာ ငါ့ယောက်တည်းကိုချည်း ထားပစ်ခဲ့ကြတော့မလား။ ငါ့ကို ဒီလို စားပွဲကြီးနဲ့ စားနေကျမဟုတ်ဘူးနော်" ဟု မမယုက ပြောလေ၏။ ကျိတွင် မယ်မယ်က ရယ်လိုက်ပြီ

"ဟဲ့ ယုန်ယွမ်းနဲ့ဟုပို၊ ဘယ်သွားနေကြသလဲ။ ညည်းတို့ဖို့ အခွင့်ကောင်း ရပြီမဟုတ်လား။ သွား၊ မမယုနဲ့အတူတူ သွားစားချည်ကြလေ"

"ကောင်းတယ်၊ ကောင်းတယ်။ လာစားလှည့်ကြ။ ငါကလဲ ညည်းတို့ကိုစောင့်နေတာနဲ့ အတော်ပဲ" ဟု မမယုက ပြောလေ၏။

မယ်မယ်က ရင့်ထိုက်ကိုခေါ်ကာ

"လူတွေအများကြီးဝိုင်းဖွဲ့ပြီး လက်ရေတာပြင်တည်း စားသောက်ရတာကိုကြည့်ရတာ တယ်ပြီးစိတ်ချမ်းသာတယ်ကွဲ့အေ။ ဟဲ့ကောင်မလေး၊ ဝင်စားချည်။ ကိုယ့်သခင်မပဲဟာ။ ဘာကြောက်စရာ၊ ရှက်စရာရှိသလဲ"

"ဟဲ့ကောင်မလေး၊ လာစားလှည့်။ ဟန်လုပ်မနေနဲ့" ဟု မမယုက လှမ်းခေါ်လေ၏။

မယ်မယ်သည် သူတို့တစ်တွေ စားသောက်နေကြသည်ကို ချီး မြှောက်၍ရပ်ကြည့်နေစဉ် အစေတော်တစ်ယောက်သည် အစေတော်များစားရန် ဆန်ဖြူဖြင့်ချက်ထားသည့် ထမင်းပန်းကန်ကို မမယုအား လှမ်းပေးလိုက်သည်ကို မြင်လိုက်ရလေ၏။

"ဟဲ့ကောင်မ၊ ဘယ်လိုလုပ်တာလဲ။ ကိုယ့်သခင်မကို ဒီဆန်ထမင်းကို ပေးရသလား" ဟု ငေါက်လိုက်လေ၏။

"မယ်မယ်စားတဲ့ထမင်းက ကုန်သွားပြီရှင့်။ ဒီနေ့ ကျွန်မတို့ဆီမှာ မစ်လေးတစ်ယောက် ရောက်လာလို့ ကျွေးလိုက်ရပါတယ်။ ဒါ့ကြောင့် မယ်မယ်စားတဲ့ထမင်းက မရှိတော့ပါဘူး"

ယုန်ယွမ်းက

"အစ ရှိသလောက်ပဲ အထည်ချုပ်ရလိမ့်မယ် မယ်မယ်။ ခုခေတ်ဆိုပ်ပြီး အခ ပိုခတွေ ဘာတွေ ချန်လို့ မဖြစ်ဘူး"

သခင်မဝမ်ကလည်း

"လွန်ခဲ့တဲ့နှစ်နှစ်လောက်အတွင်းမှာ မိုးတွေခေါင်၊ ရေတွေ ကြီ တာနဲ့ ကျွန်မတို့လယ်တွေလဲ တော်တော်များများ ပျက်စီးသွားခဲ့တယ် မဟုတ်လား။ လယ်တွေက လယ်ထောက်ခတွေလဲ ကောင်းကောင်း မရ တော့ဘူး။ အထူးသဖြင့် မယ်မယ် စားတဲ့ဆန်မျိုးဆိုယင် သိပ်မရတော ဘူး။ ဗိုးပေါလအောဆိုယင် ဆန်ကောင်းကောင်း ပြတ်သွားမှာစိုးလို့ ရှိတဲ့ ဆန်ကောင်းကလေးကို ချွေတာပြီး စားနေရပါတယ် မယ်မယ်။ မယ်မယ် အပြင်က ဝယ်စားတဲ့ဆန်မျိုးကျတော့လဲ ကျွန်မတို့က စားလို့ မရပြန်ဘူး"

ဤတွင် မယ်မယ်က

"ရှေးစကားပုံရှိသားပဲအေ။ 'မယား ဘယ်လောက်လိမ္မာ လိမ္မာ ဆန်မပါဘဲ ဆန်ပြုတ်ပြုတ်လို့မရဘူး'တဲ့။ ဆန်ရှိမှ ဆန်ပြုတ်လို့ရသတဲ့"

အားလုံး ပွဲကျသွားကြစဉ် ယုန်ယွမ်းက အစေတော်များဘက်သို့ လှည့်၍

"ဒီလိုဆိုယင်လဲ မလေးတန်ချွန်း အဆောင်က ဆန်သွားမယူကြဘဲ ကိုး။ ဒီဆန်မျိုးပဲ မဟုတ်လား။ နင်တို့ကို တော်တော်အ ပါတယ်" ဟု မြည်တွန်တောက်တီးခြင်းပြုလေ၏။

"တော်ပါပြီ၊ မယူပါနဲ့တော့။ ဝပါပြီ"ဟု မမယုက ပြော လေ၏။

"မမယုကတော့ ဝချင်ဝရောပေါ့၊ ဒါပေမယ့် ကျွန်မတို့ ကျန် သေးတယ်ရှင့်။ ကောင်းကောင်း မစားရသေးဘူး"ဟု ယုန်ယွမ်းက ပြောလေ၏။

ဤတွင် အခိုင်းမိန်းမကြီးများသည်လည်း တန်ချွန်း အဆောင်သို့ သွားကာ ဆန်နီထမင်းကိုသွား၍ ယူကြလေ၏။ သခင်မဝမ်သည်လည်း ထမင်းစားရန်ပြန်သဖြင့် မယ်မယ်ထံတွင် မမယုနှင့်မယ်မယ်တို့ နှစ်ယောက် သာလျှင် စကားပြော၍ကျန်ရစ်ခဲ့ကြလေ၏။ ညကိုးနာရီခန့်ရှိသည့်အခါ၌ မယ်မယ်က

"ကဲ ညဉ့်တောင်နက်နေပြီ။ ညည်းလဲ ပြန်ပေဦးတော့"ဟု ပြော လေ၏။

မမယုသည် ဝင်းတံခါးမကြီးမှ ထွက်ကာ မိမိ၏ က ရထားဆီသို့ လာခဲ့လေ၏။ ရင့်ထိုက်က ရထားတစ်ဘက်တွင် ထိုင်လေ၏။ အခိုင်း မိန်းမကြီးများသည် ရထားပြတင်း ကန့်လန့်ကာများကို ချလိုက်ပြီးလျှင် နိန်စံအိမ်ကြီး၏ဝင်ပေါက်တွင် စောင့်နေရန် အစေတော်သူငယ်လေးကို ပြောလိုက်လေ၏။ နိန်စံအိမ်ကြီးနှင့် ယွန်းစံအိမ်ကြီးတို့မှာ တစ်အိမ်နှင့် တစ်အိမ် လေးတစ်ပစ်ခန့်သာ ကွာသဖြင့် တစ်အိမ်မှတစ်အိမ် အလည်သွား ကြသည့်အခါတွင် အထူးတလည် စီမံပြင်ဆင်မှုများကို ပြုလုပ်လေ့ မရှိ ချေ။ အထူးသဖြင့် ညပိုင်းတွင် အစုလိုက် အပြုံလိုက်သွားရောက်လည်ပတ် ကြသည်ဆိုလျှင် ဘာမျှ အထူးတလည်စီမံခြင်း မပြုကြတော့ချေ။ ထို့ ကြောင့် အခိုင်းမိန်းမများသည် အစေတော်သူငယ်မကလေးများကိုဖြတ် လမ်းမှ ခေါ်လာခဲ့ကြလေ၏။ ထိုအချိန်၌ အိမ်ကြီး နှစ်အိမ် စလုံးမှ ယောကျ်ားအစေခံများကလည်း အိမ်ကြီးနှစ်အိမ်သို့ကူးသည့်လမ်းများကို ထိပ်မှပိတ်၍ စောင့်ကြပ်လျက်ရှိကြသည့်အတွက် ဘာမျှ အထူးအထွေ စိုးရိမ်စရာ မရှိတော့ချေ။ မမယု၏ ရထားမှာ မြည်းဖြင့် ဆွဲခြင်း မပြုဘဲ သူငယ်တော် ကလေး ခုနစ်ယောက် ရှစ်ယောက်တို့က ဆွဲကြရလေ၏။ မြသော့ကြီးနှစ်ကောင် ထိုင်နေကြသည့် နိန်စံအိမ်ပေါက်သို့ ရောက်သည့် အခါတွင် သူငယ်တော်ကလေးများက အပြင်တွင် နေရစ်ခဲ့ကြရလေ၏။ ဤတွင် အခိုင်းမိန်းမများက ရထားပြတင်းမှကန့်လန့်ကာကိုဖွင့်ပေးသည်။ အထွက်တွင် ရင်ထိုက်သည် မမယုကို အောက်သို့ ဆွဲချပေးရလေ၏။ ဝင်း ထဲတွင် မီးအိမ်ကြီး လေးငါးရှစ်လုံးတို့ ထိန်နေအောင် ထွန်းတားပြီး မြသော့ရုပ်ကြီးများအနီးတွင် က ရထားကြီး လေးငါးစင်း ရပ်ထားသ ည် ကို မြင်လိုက်ရသည့်အတွက် အိမ်တွင် ကစားဝိုင်းဖြစ်ကြောင်း သိလိုက်၏။

မမယုက ရင်ထိုက်သို့လှမ်း၍ပြောသည်မှာ

"အဲဒီက ရထားတွေကို ကြည့်လိုက်စမ်း။ ရထားကလဲ လေးငါး စင်း၊ မြင်းဇောင်းထဲမှာလဲ ချည်ထားလိုက်တဲ့မြင်းတွေက မနည်းဘူး။ မြင်းနဲ့လာတဲ့လူတွေက တော်တော်များပုံရတယ်။ ဒီသူငယ်လေးတွေ ဂီလောက် သုံးနိုင်ဖြုန်းနိုင်အောင် သူတို့မိဘတွေက ပိုက်ဆံတွေ ဘယ် လောက်များ ရထားကြပါလိမ့်"

ထိုသို့ပြောဆိုရင်းဖြင့် အလယ်ခန်းမကြီးထဲသို့ ရောက်လာသည့်အခါတွင် ကျီယုန်၏မိန်းမသည် သူ့ကိုကြို့နေသည်ကို တွေ့ရလေ၏။ သူ့နောက်တွင်လည်း အစေတော်များ၊ အခိုင်းမိန်းမများသည် ဖယောင်းတိုင်များကို ကိုင်၍စောင့်နေသည်ကို တွေ့ရလေ၏။

"သူတို့ ဖဲကစားတာကို ချောင်းကြည့်ချင်နေတာ ကြာလှပြီ။ အခတော်ပဲ။ သူတို့ကစားနေတဲ့ အခန်းပြတင်းပေါက်နားကနေ ဖြတ်လျှောက်သွားမယ်ဟေ့"

အစေတော်ကြပ်များသည် မမယုပြောသည့်အတိုင်း မှန်အိမ်များကို ကိုင်ကာ ရှေ့မှသွားကြလေ၏။ သူတို့အထဲမှတစ်ယောက်မှာ မိမိတို့လာသဖြင့် လှုပ်လှုပ်ရှားရှားမဖြစ်ရန် သူငယ်များကိုသတိပေးဖို့ ရှေ့ဆုံးမှထွက်သွားလေ၏။ မမယုနှင့် နောက်လိုက်နောက်ပါများသည် ခြေဖျားထောက်၍ ပြတင်းပေါက်အနီးသို့ ကပ်လာခဲ့ကြသည့်အခါတွင် အထဲမှ နောက်ပြောင်ရယ်မောသံ၊ နှုတ်ဆက်သံ၊ တိုင်တန်းသံ၊ ဆဲရေးသံ စသည်ဖြင့် အသံချိုးစုံကို ကြားရလေ၏။

ကျီချန်သည် အသုဘကိစ္စကြောင့် ပျော်ပွဲရှင်ပွဲများသို့သွားခြင်း၊ ဖဲကစားခြင်း၊ သီချင်းနားထောင်ခြင်းတို့ကို ပြုလုပ်ခွင့်မရှိသည့်အတွက် ပျင်းရိလျက်ရှိလေ၏။ ပျင်းရိလွန်းလှသဖြင့် အချိန်ဖြုန်းဖို့ အကြံထုတ်လေ၏။ နေ့လယ်ပိုင်းတွင်ဆိုလျှင် ကျီချန်သည် လေးမြားအတတ်ကို လေ့ကျင့်သည်ဆိုကာ မှူးမတ်သားများ၊ ချမ်းသာသည့် ဆွေမျိုးများကို ခေါ်ကာ လေးပစ်ပွဲ ကျင်းပလေ၏။ လေးမြားပစ်ခြင်းဆိုသည်မှာ ကိုယ်ပစ်ချင်ရာကို လျှောက်ပစ်နေ၍မရ။ သို့ပစ်နေလျှင် လက်ပျက်ကာ မိမိတတ်ထားသည့် လေး မြား အတတ်ပင်လျှင် တိမ်ကော သွားနိုင်သည်ဟုအကြောင်းပြကာ တည့်မတည့်ကို လောင်းကြေးထပ်၍ ပစ်ခိုင်းလေ၏။ ထို့ကြောင့် ကျီချန်သည် နံ့သာမွှေးတောင်အောက်တွင် လေးမြားပစ်ကွင်း လုပ်ထားလေ၏။ မနက်စာစားပြီးသည်နှင့် ထိုအဆောင်တွင်လာစုရန်လည်း အချိန်းအချက်ပြုထားလေ၏။ ကျီချန်မှာ သူ့အမည်ကိုသုံး၍မကောင်းသဖြင့် ကျီယုန်ကို ဒိုင်အလုပ်ခိုင်းထားလေ၏။

သူတို့လေးပြိုင်ပွဲသို့လာ၍ယှဉ်ပြိုင်ရန်ဖိတ်ကြားထားသည့်မှူးမတ်၏သားငယ်များမှာ အများအားဖြင့် လူပေလူတေ၊ လူရမ်းကားများသာဖြစ်ကြလျက် ကြက်တိုက်ခြင်း၊ ခွေးပြိုင်ခြင်း၊ သီချင်းသည်များနှင့်ပျော်ပါး မူးထူးခြင်းဖြင့် အချိန်ကုန်လျက်ရှိကြလေ၏။ မနက်ခင်း လေးပြိုင်ပွဲပြီးသည်နှင့် တစ်ယောက်တစ်လှည့်ကျ ကျွေးမွေးပြုစုရန်လည်း သဘောတူထားကြပြီးဖြစ်လေ၏။ ထို့ကြောင့် ဒိုင်လူကြီးလုပ်သူကျီယုန်မှာလည်း ကျွေးမွေးစရိတ် သက်သာလျက် ရှိလေ၏။ သို့ဖြင့် သူတို့သည် နေ့စဉ်နေ့တိုင်း ဝက်၊ သိုး၊ ကြက်ငှက်စသည်တို့ကို သတ်ဖြတ်ကာ သူ့ထက်ငါ မသာအောင် ယှဉ်ပြိုင်ကျွေးမွေးလျက် ရှိကြလေ၏။ ကြီးကျယ်ခမ်းနားသော ထမင်းပွဲကြီးများကို ခင်းကျင်းကာ မိမိတို့ မည်မျှတော်ကြောင်း၊ မိမိတို့၏ထမင်းချက်များ မည်မျှတော်ကြောင်းတို့ကို ယှဉ်ပြိုင် ကြွားဝါလျက် ရှိကြလေ၏။

လူကြီးနှစ်ဦးဖြစ်သည့် ကျီရှဲနှင့် ကျီချိန်တို့မှာ ထိုသို့ အခြေအနေတို့ကို ရက်သတ္တနှစ်ပတ်ခန့် ကြာသည်အထိ မသိသေးချေ။ နောက်ကွယ်တွင် မည်သို့လုပ်နေသည်ကို မသိသည့်အလျောက် လူငယ်များအဖို့ ကျမ်းဂန်စာပေတို့ကို လေ့လာခြင်းမပြုလျှင် ယခုကဲ့သို့ လေးမြားအတတ်တို့ကို သင်ကြားနေခြင်းက တော်သေးသည်၊ စိတ်အလေအလွင့်လည်း သက်သာသည်ဟု အောက်မေ့ကာ အသာတကြည်ပင် ခွင့်ပြုထားကြလေ၏။ လာကြသည့် လူငယ်များမှာလည်း ဗိုလ်ချုပ် ဗိုလ်မှူးနှင့်တကွ မှူးကြီးမတ်ရာတို့၏ သားများ ဖြစ်သည့်အတွက် ကျေနပ်လျက်ရှိသည်တွင် ကျီယုန်၊ ကျီဟုန်၊ ကျီဆုန်၊ ပေါက်ယုနှင့် ကျီလန်တို့ကိုပင် သူတို့နှင့်အတူသွား၍ လေးမြားအတတ်ကိုသင်ရန် တိုက်တွန်းလိုက်ချေသေး၏။

သို့ရာတွင် ကျီချန်မှာ အကြံသမားဖြစ်သည့်အလျောက် တစ်မနက်လုံး လေးကျင့်ပစ်ရသည်မှာ ပင်ပန်းသည်ဟုအကြောင်းပြကာ လူစု၍အပျင်းဖြေသယောင် ညတိုင်လျှင် အရက်ဝိုင်းကြီး ဖွဲ့ကာ လောင်းကစားကြ၊ သောက်ကြ စားကြသည်မှာ တသောသောဖြစ်လျက် ရှိလေ၏။ သို့ဖြင့် သူတို့တစ်သိုက်သည် လောင်းကစားဝိုင်းသမားများ ဖြစ်လာခဲ့ကြလေ၏။ သုံးလေးလ ကြာသည့်အခါတွင်မူ အရက်ဝိုင်းနှင့် လောင်းကစားဝိုင်းသည်

လေးမြှားကျင့်သည့်ကိစ္စကို ဖုံးလွှမ်းသွားခဲ့လေပြီ။ ဖဲ့ကစားခြင်း၊ ကြွေအန်ကစားခြင်း၊ ဂျင်ကစားခြင်း စသည့်လောင်းကစားဝိုင်းများကို နေ့ရောညပါ ပြောင်ပြောင်တင်းတင်းလုပ်လာခဲ့ကြလေ၏။ အစေခံများကလည်း မြိုးမြိုး မြက်မြက်ကလေး စားရသောက်ရသည့်အတွက် ကျေနပ်လျက်ရှိကာ လူကြီးများကိုမပြောဘဲ ထိန်ချန်ထားကြလေရာ ယခုအချိန်တွင်မူ သူတို့ကစားဝိုင်းကြီးများမှာ အပြင်လူမသိသည့်တိုင် မှန်မှန်ဖြစ်လျက်ရှိလေပြီ။

မကြာမီအတွင်းက သူတို့ကစားဝိုင်းနေရာသို့ နေ့ကထပ်လူသစ်တစ်ယောက် ရောက်လာခဲ့လေ၏။ ထိုသူမှာ သခင်မဆင့်၏ မောင်အငယ်ဆုံးဖြစ်သူ လူပေတစ်ဦးဖြစ်သည့် ဆင်တော့ချန်နှင့် ထိုသို့သောဝိုင်းမျိုးကို လိုက်ရှာနေသည့် လူရမ်းကား ဆွေဖန်တို့ဖြစ်လေ၏။

ဆင်တော့ချန်သည် သခင်မဆင့်၏ မောင်အငယ်ဆုံးဖြစ်သည့်တိုင် သခင်မဆင့်နှင့် နည်းနည်းမျှ စရိုက်ဝါသနာချင်းမတူဘဲ တခြားစီ ဖြစ်လေ၏။ ဆင်တော့ချန်သည် မိုက်မဲသူတစ်ဦးဖြစ်သည့်အလျောက် ပိုက်ဆံကို ရေလို ဖြုန်းတီးလျက်ရှိပြီး အရက်သောက်ခြင်း၊ လောင်းကစားခြင်းတို့ဖြင့်သာ အချိန်ကုန်လျက်ရှိလေ၏။ ဆင်တော့ချန်သည် အရက်မသောက်သူနှင့် အပေါင်းအဖော်လုပ်လေ့မရှိဘဲ အရက်သောက်သူများကိုသာ ပေါင်းသင်းလေ့ရှိလေ၏။ အရက်သမားဆိုလျှင် နိမ့်သည်မြင့်သည် မရွေး၊ ကြီးသည်ငယ်သည်မဟူ၊ အရှင်နှင့်ကျွန်မခွဲဘဲ အားလုံးနှင့် သင့်မြတ်အောင် ပေါင်းသင်းလေ့ရှိသည့်အတွက် သူ့ကို အားလုံးက “ဦးလေးမေ” ဟု နောက်ပြောင် ခေါ်လေ၏။

လူရမ်းကားတစ်ယောက်ဟု ယခင်ကတည်းကပင် အမှတ်ခံခဲ့ရသည့် ဆွေဖန်မှာမူကား ဆင်တော့ချန်ကို တွေ့သည်နှင့် သူတော်ချင်းချင်း သူတင်းလေ့လေ့ ဆိုသကဲ့သို့ အကြောင်းအမေ့ပါင်းသင့်လျက်ရှိလေ၏။ သူတို့နှစ်ဦးမှာ ခပ်မြန်မြန်ကစားနည်းဖြစ်သည့် ဂျင်ကစားနည်းကို နှစ်သက်ကြသည့်အတွက် ဂျင်ကစားဖက်နှစ်ယောက်လောက်ကို နောက်ထပ် ရှာပြီးလျှင် အပြင်ဘက်ခန်းရှိ ခုတင်မီးဖိုကြီးပေါ်တွင် ဂျင်ကစားလျက်ရှိကြလေ၏။ အခြားစားပွဲကြီးတစ်ချိုးတွင်ကား လူ့အချို့သည် ဖဲ့ကစား

လျက်ရှိကြပြီး အတွင်းဆောင်တစ်နေရာတွင်ကား ထိုထက် သောင်းကျန်းကွဲတစ်သိုက်သည် အံစာကစားလျက်ရှိကြလေ၏။ အရွယ်ရောက်ပြီးသည့် ယောကျ်ားများမှာ ဤအဆောင်ထဲသို့ ဝင်ခွင့်မရှိသည့်အတွက် သူတို့အားလုံး၏ အစေတော်များမှာ အရွယ်မရောက်သေးသည့် သူငယ်တော်ကလေးများဖြစ်ပြီး ဝုံးဝုံးပေါင်း ဆယ့်ငါးယောက်ခန့်မျှရှိလေ၏။ ထိုကြောင့်သာလျှင် မမယုသည် ပြတင်းပေါက်မှ ချောင်းကြည့်ရခြင်း ဖြစ်ပေ၏။

လွန်စွာရုပ်ရည်ချောမောလှပသည့် အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ်ရှိ ဇာတ်မင်းသားကလေးနှစ်ယောက်က သူတို့အတွက် အရက်များကိုလိုက်၍ငှဲ့ပေးရလေ၏။ ဆွေဖန်မှာ ခပ်စောစောကအတော်ရှုံးထားသဖြင့် ဒေါမချက်သားကောင်းကာ မျက်နှာကြီး အိုလျက်ရှိသည့်တိုင် ယခုတစ်လှည့် နှစ်လှည့် ပြန်စားလိုက်ရသည့်အတွက် ရင်းစား ပြန်ရရုံမျှမက အနိုင်ပင်ပေါ်နေသည့်အတွက် အာရှင်လျက်ရှိလေ၏။

ကျိချန်က

“ဝိုင်း ငါးလောက် နားပြီး တစ်ခုခု သောက်ကြ စားကြယင် မကောင်းဘူးလား”

ကျိချန်သည် အခြားဝိုင်းနှစ်ဝိုင်း အခြေအနေကိုလည်း လှမ်းမေးလိုက်လေ၏။ အတွင်းခန်းတွင်ကစားနေသည့် အံစာဝိုင်းမှာလည်း ဝိုင်းသိမ်းသွားပြီ ဖြစ်သည့်အတွက် ညစာ စားရန် စောင့်လျက် ရှိကြလေ၏။ သို့ရာတွင် ဖဲဝိုင်းမှာ မပြတ်သေးသဖြင့် ဆက်ကစားရန် စိတ်စောလျက်ရှိကြလေ၏။ ထို့ကြောင့် ကျန်လူများသည် ဖဲဝိုင်းပြီးအောင် မစောင့်တော့ဘဲ သူတို့အာသာ စားပွဲတစ်ချပ်ပြင်ကာ စားနှင့်ကြလေ၏။ ကျိချန်သည် ကျိယွန်အား နောက်လူများနှင့် အတူစားသောက်ရန် အစောင့်ခိုင်းပြီးနောက် သူကိုယ်တိုင်မှာမူ ပထမဝိုင်းနှင့် စားသောက်နှင့်လေ၏။

ဆွေဖန်မှာ အရက်မူးလာလျှင် ထုံးစံအတိုင်း ခပ်ချောချော ဇာတ်မင်းသားကလေးများနှင့် ပျော်ပျော်ပါး လုပ်ကာ ဦးလေး ဆိုပါတော့ အတွက် ဆုအောင်၍ အာသောက်ခိုင်းလေ၏။ ထိုအချိန်၌ ဆင်တော့ချန်မှာ ဦးလေးပေါ်တော့မှာ ဖဲရှုံးလျက်ရှိသဖြင့် စိတ်တိုလျက် ရှိလေ၏။

ဦးလေးပေါ်တာသည် အရက်နှစ်ခွက်ကိုဆက်တိုက်သောက်လိုက်ပြီးနောက် ဇာတ်မင်းသားများသည် ဖဲ့နိုင်သူလောက်ကိုသာ မျက်နှာသာ ပေးနေကြပြီး ဖဲရှုံးသူများကိုမူ အရေးစိုက်ခြင်းမရှိဟုဆိုလေ၏။

"ဗျို ဆွေဖန်၊ ခင်ဗျာ ဟာတွေလဲထူးမခြားနားပါပဲဗျ။ ခု ကျုပ်တို့ရဲ့ အတူလာနေတာ သုံးရက်ရှိပြီ။ ကျုပ်တို့အားလုံး သူတို့ကို ပေးခဲ့ကမ်းခဲ့ကြတာချည်းပဲ။ ဒါပေမယ့် ဒီနေ့ကျတော့ ဒီကောင်တွေကဖဲ့နိုင်တဲ့လူလောက်ပဲ ဂရုစိုက်ကြတာ။ ကျုပ်တို့လို ရှုံးတဲ့လူများကျတော့ လှည့်တောင် ကြည့်ဖော်မရဘူး။ အေးပေါ့ဗျာ၊ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ရှိကြတာပေါ့။ ခင်ဗျားလဲ တစ်နေ့ကျတော့ ကျုပ်လိုပဲ တွေ့ရဦးမှာပေါ့"

အခြားသူများမှာ ဆင်တော့ချန် ခေါ် ဦးလေး ပေါ်တာ တော်တော် မူးနေပြီကို သိသည့်အတွက် စကားလွှဲကာ ရယ်စရာမောစရာများကို ပြောဆိုလျက်ရှိလေ၏။

"ဟုတ်ဘာပေါ့ဗျာ၊ မှန်တာပေါ့။ ဒီလိုလုပ်လို့တော့ဘယ်ကောင်းမလဲ။ ဟဲ့ မင်းသားကလေးတွေ၊ မင်းတို့ ဦးလေး ပေါ်တာကို သွားတောင်းပန်ပြီး အရက်ကလေး ဘာလေး နောက်ထပ် တိုက်လိုက်စမ်းပါဦး"ဟု ခိုင်းလေ၏။

ဇာတ်မင်းသားကလေး နှစ်ယောက်မှာ ထိုအတွေ့အကြုံမျိုးကို ရှိနေပြီ ဖြစ်သည့်အတွက် မည်သို့မျှ မပြောတော့ဘဲ ဦးလေးပေါ်တာ ခေါ် ဆင်တော့ချန်အနီးတွင် ဒူးထောက်ကာ ဝိုင်အရက်ခွက်ကို ပေးလေ၏။

"ကျွန်တော်တို့သဘင်သည်များမှာ သမားစဉ်သင်ကြားထားတာ ရှိပါတယ် ခင်ဗျာ။ ကိုယ့်ကို အားပေး ချီးမြှင့်ကြတဲ့ ပုဂ္ဂိုလ်များထဲမှာ ရက်ရောသည်ဖြစ်စေ၊ ဘယ်လောက်ပဲ နှမြောတွန့်တိုသည်ဖြစ်စေ၊ ဒါတွေက အကြောင်းမဟုတ်ဘူးတဲ့။ အာဏာရှိတဲ့သူ၊ ငွေရှိတဲ့ သူများကိုသာ ဦးစားပေးရမယ်တဲ့။ လူတစ်ယောက်ဟာ ရဟန္တာ သူတော်စင်များလို အကျင့်သီလ ကောင်းချင်ကောင်းမယ်၊ ကြည်ညိုဖွယ် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် ဘယ်လောက်ပဲ အကျင့်သီလ ကောင်းသည်ဖြစ်စေ၊ သူ့မှာ ဥစ္စာကြေးငွေတို့၊ အရှိန်အဝါတို့မရှိယင် လျစ်လျူရှုထားရမယ်လို့ သမား

စဉ်ဆိုရိုးရှိပါတယ်။ ဒါတင်မကဘူး၊ ကျွန်တော်တို့က သဘင်သည်ဘဝမှာ အပါးမဝကြသေးတဲ့ လူငယ်များဖြစ်လေတော့ တစ်ကြိမ်တစ်ခါ အမှားအယွင်း ရှိယင်လဲ သည်းခံတော်မူပါလို့ တောင်းပန်ပါတယ်"

ဇာတ်မင်းသားကလေးများသည် အရက်ခွက်ကို မြှောက်လိုက်ပြီးလျှင် ဒူးထောက်၍ပေးလေ၏။ ဦးလေးပေါ်တာသည် အထိုက်အလျောက် စိတ်ပြေလက်ပျောက် ဖြစ်သွားသည့်တိုင် စိတ်ဆိုးဟန် ဆောင်မြဲ ဆောင်လျက်ရှိရာမှ

"အင်း၊ ဟုတ်ဘော့လဲဟုတ်တယ်။ ဒီကောင်တွေပြောတာ အမှန်ပဲ၊ ခင်ဗျားတို့ကလဲ ခင်ဗျားတို့ပဲ။ ဒီ သဘင်သည် ဖက်ခွက်စားတွေနဲ့တယ်ပြီး အရောဝင်ချင်တာကိုး။ ဒီနေ့ သူတို့ကို ဘာဖြစ်လို့ ကျုပ်တို့နဲ့ အတူတူ အရက်သောက်ခွင့် ပေးရဘာလဲ။ အရက်သောက်ခွင့်ပေးတော့ သူတို့ကလဲ ကမ်းတက်ကုန်တာပေါ့ဗျ"

ဦးလေးပေါ်တာသည် သူတို့ဘက်သို့ မျက်နှာထားဖြင့် လှည့်ကြည့်လိုက်ပြီးလျှင်

"ကောင်းပြီ။ ဟောဒီကမိတ်ဆွေများရဲ့ မျက်နှာကို ထောက်ပြီးတော့ ဒီနေ့ မင်းတို့ကို ချမ်းသာပေးလိုက်မယ်။ နောင်ကို မင်းတို့ ဒီထဲလာပြီး ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်ကြနဲ့"

ဦးလေးပေါ်တာသည် အရက်ခွက်ကိုယူကာ တစ်ကျိုက်တည်းဖြင့် ကုန်အောင်သောက်ချလိုက်လေ၏။

ဤတွင် နောက်တစ်ခွက် ငှဲ့ပေးကြပြန်လေ၏။ ထိုအချိန်၌ကား ဦးလေးပေါ်တာမှာ အတော်မူးလာခဲ့လေပြီ။ ဦးလေးပေါ်တာသည် စောစောက ကိစ္စကို ပြန်ကောက်ကာ မကျေနပ်ချက်များကို ဖွင့်အန်လျက် ရှိပြန်လေ၏။ ဦးလေးပေါ်တာသည် စားပွဲကို လက်သီးဖြင့်ဒုန်းခနဲနေအောင် ထုလိုက်ကာ ကျီချန်ဘက်သို့လှည့်၍

"ဒီမှာ ကျီချန်၊ ဒီဖက်ခွက်စားဇာတ်သမားကလေးတွေ ဒီလောက်ကန်းတက်တဲ့အတွက် သူတို့ချည်းပဲ အပြစ်တော့ ပြောဖို့မကောင်းဘူး။ လူများ ပိုက်ဆံရှိလာပြီ၊ အာဏာရှိလာပြီဆိုယင် တခြားသူအပေါ်တော့ မပြောနဲ့တော့၊ ကိုယ့်ဆွေမျိုးသားချင်း အပေါ်မှာတောင် မောက်မောက်

မာမာလုပ်ချင်ကြတယ်။ မနေ့ကတင် မင့်အဒေါ် ဒေါ်လေးဆင့်နဲ့ စကားများခဲ့ရသေးတယ်။ မင်းကော ကြားမှာပေါ့”

“ဟင့်အင်း။ ကျွန်တော်မကြားမိဘူး ဦးလေး”

ဆင်တေ့ချန်က သက်ပြင်းတစ်ချက်ချလိုက်လျက်

“ပိုက်ဆံအတွက် ဖြစ်ရတာပေါ့ကွာ”

ကျီချန်သည် ဒေါ်လေးဆင့်နှင့် သူ့မောင် ဆင်တေ့ချန်တို့ သင့်မြတ်ခြင်း မရှိကြောင်း၊ သူ့မောင်ကို နှစ်သက်ခြင်း မရှိကြောင်းကို သိပြီးသား ဖြစ်၏။

“ဦးလေးကလဲ ဦးလေးပဲလေ။ ဒီအတိုင်း သုံးဖြုန်းနေလို့ ဖြစ်ပါ့မလား။ဒီအတိုင်းဖြုန်းနေလို့တော့ ဦးလေးမှာ ဘယ်တော့မှလုံလောက်မှာမဟုတ်တော့ဘူး”

ဦးလေးပေါ်တာက

“အင်း၊ တို့မောင်နှမတစ်တွေအကြောင်းကို မင်းမသိပါဘူးကွာ။ အမေသေတုန်းက ငါက ငယ်ငယ်ကလေးပဲရှိသေးတယ်။ ဘာမှန်းမှမသိသေးဘူး။ အစ်မသုံးယောက်ရှိတဲ့အနက် ခု မင်းတို့အဒေါ် ဒေါ်လေးဆင့်က အကြီးဆုံး။ ငါတို့မှာရှိတဲ့ပစ္စည်းတွေအားလုံးကို သူပဲလက်ဝါးကြီးအုပ်ထားပြီး သူအိမ်ထောင်ကျတော့ အကုန်ယူသွားတယ်။ ခုဆိုယင် ငါ့အစ်မအလတ်လဲ အိမ်ထောင်ကျသွားပြီ။ ဒါပေမယ့် သူ့မှာလဲ ချောင်ချောင်လည်လည်မရှိပါဘူး။ ချို့ချို့ငဲ့ငဲ့နေရတာပါ။ အစ်မအငယ်ဆုံးကတော့ အိမ်မှာပဲရှိသေးတယ်။ ခု ငါတို့က ဘယ်သူ့ဆီကလက်ဖြန့်ခံပြီး သုံးနေရသလဲဆိုတော့ မင်းတို့ဒေါ်လေးဆင့်ဆီက လက်ဖြန့်ပြီး သုံးနေရတယ်။ဒါတောင် တိုက်ရိုက်ရတာမဟုတ်ဘူး။ သူ့လူယုံတော်ငမ်ရှန်ပေါက်မိန်းမဆီကတစ်ဆင့် လက်ဖြန့်ခံပြီး သုံးနေရတာ။ခု ငါလာလာပြီးပိုက်ဆံတောင်းတယ်ဆိုတာကလဲ မင်းတို့ ကျီမျိုးတွေဆီက လာတောင်းတာမဟုတ်ပါဘူး။ ဒေါ်လေးဆင့်ဆီမှာရှိတဲ့ တို့ရစရာရှိတဲ့ အထဲက လာပြီးတောင်းသုံးတာပါ။ သက်သက် မတရား အလုပ်ခံရတာပါကွာ။ ငါလဲ ဘာတတ်နိုင်မှာလဲ”

ညော့သည်များရှေ့တွင် အိမ်တွင်းရေးအတင်းအဖျင်းများ ကိုပြောနေလျှင် အထင်သေးမည်စိုးသည့်အတွက် ကျီချန်ကား စကားကို လွှဲလိုက်လေ၏။ သို့ရာတွင် အပြင်တွင် ချောင်းနားထောင်နေသည့် မမယုသည်တို့စကားများအားလုံးကို ကြားလိုက်ရလေ၏။

မမယုသည် သူ့အစေတော် ရင်ထိုက်ဘက်သို့လှည့်လိုက်ပြီး လေသံကလေးဖြင့်

“ကြားလား၊ ကြားလား။ ဒေါ်လေးဆင့်ရဲ့မောင်က သူ့အစ်မမကောင်းကြောင်းကို ပြောနေတာ။ ကိုယ့်မောင် အရင်းခေါက်ခေါက်ကြီးရဲ့အပေါ်တောင် ‘ဒီလောက်မတရားလုပ်ယင် တခြားလူ အပေါ်မှာတော့ ဘာပြောစရာရှိတော့မှာလဲအေ”

မမယုသည် အတင်းအဖျင်းများကို နောက်ထပ် ကြားချင်သေးသည့်တိုင် ဖဲဝိုင်းပြီးသွားပြီး ထမင်းစားပွဲသို့ ထလာကြသည့် အတွက် မကြားရတော့ချေ။ သူတို့အထဲကတစ်ယောက်ကမူ ‘ဦးလေးပေါ်တာကို ဘယ်သူမတရားလုပ်သလဲ။ ကျွန်တော်တို့က မခံနိုင်ဘူးဗျ။ ပြောပါ၊ ဘယ်သူလဲ’ ဟု အော်၍နေလေ့၏။

ဤတွင် ဦးလေးပေါ်တာက ဇာတ်မင်းသားကလေး နှစ်ယောက်သူ့ကို ပမာမခန့်လုပ်ကြောင်း၊ နိုင်သူလောက်ကိုသာ တယုတယလုပ်ပြီး ရှုံးသူများကိုမူ လှည့်၍မျှပင် မကြည့်ကြောင်းဖြင့် ပြောပြလေ၏။

ဤတွင် ထိုလူငယ်က

“ဟုတ်ဘာပေါ့။ ဒီလိုဆိုယင် ဦးလေးပေါ်တာအနေနဲ့ ခံပြင်းဖို့ကောင်းတာပေါ့။ ကဲ ကောင်လေး နှစ်ကောင်ကို ကျွန်တော် မေးမယ်။ ဟဲ့ကောင်လေးတွေ၊ ဦးလေးပေါ်တာမှာ ပိုက်ဆံတင်ရှုံးတာကွ၊ ဟိုဟာမရှုံးသေးဘူး။ ဒီတော့ နင်တို့ ဘာဖြစ်လို့ သူ့ကိုမထေမဲ့မြင်လုပ်ရသလဲ”

ဤတွင် အားလုံးက ဝါးခနဲရယ်လိုက်ကြလေ၏။ဦးလေးပေါ်တာကိုယ်တိုင်မှာလည်း မအောင့်နိုင်တော့ပဲ ခွိခနဲရယ်လိုက်သည်တွင် ပါးစပ်ထဲမှ ထမင်းလုံးတွေစဉ်ကုန်လေ၏။

အပြင်မှ မမယုသည် ထိုစကားများကို ကြားသည့်အခါတွင် စက်ဆုပ်စွာဖြင့် တံတွေးထွေးလိုက်၏။

"ကြည့်စမ်းပါဦးအေ။ အရှက်မရှိ ပြောနေလိုက်ကြတာ။လူတွေကို ကြည့်လိုက်တော့ နို့ အပ်စော်တောင် မပျောက်သေးဘူး။ ပြောလိုက်ကြတာတွေက ညစ်ညစ်ပတ်ပတ်တွေ။ ဒီအရေတွေ ဒီလောက် သောက်နေကြယင် နောက် ဘာဖြစ်မလဲဆိုတာ ညည်းပဲ စဉ်းစားကြည့်တော့'

မမယုသည် သူ့ အိပ်ခန်းသို့ ပြန်လာခဲ့လေ၏။

ကျိချန်မှာ သန်းခေါင်ယံတိုင်အောင် ဧည့်သည်များကို ဧည့်ခံနေရပြီး ဧည့်သည်များ ပြန်သွားသည့်အခါတွင် မိမိ၏အမြှောင် မယားပေ့ဖုန်ထံသို့ လာခဲ့လေ၏။ နောက် တစ်နေ့ မနက်သို့ ရောက်သည့်အခါ၌ အစေခံများရောက်လာပြီး စန္ဒ ပွဲတော်တွင် ဝေငှရန်အတွက် ဖရဲသီးများနှင့် မုန့်များ အဆင်သင့်ဖြစ်ကြောင်းကို ပြောကြလေ၏။

ကျိချန်က အမြှောင်မယားဖြစ်သူ ပေ့ဖုန်အား ပြောသည်မှာ

"ဒီမုန့်တွေနဲ့ သစ်သီးတွေကို နှင့်သင်မနဲ့တိုင်ပင်ပြီး ဝေသင့်တဲ့ လူတွေကို ဝေပေးလိုက်။ ငါ့မှာ ဒီပြင်ကိစ္စတွေ ရှိသေးတယ်"

ပေ့ဖုန်သည် ထိုအကြောင်းကို မမယုအား ပြောပြလေရာ မမယုကလည်း မုန့်နှင့်သစ်သီးများကို ပေးသင့်သည့်အိမ်များအား အပေးခိုင်းလိုက်လေ၏။ ပေ့ဖုန်သည် မမယုထံသို့ ချက်ချင်းပြန်ရောက်လာကာ

"ဒီနေ့ မမယု အပြင်ထွက်ဦးမလားဆိုတာ သခင်ကြီးကျိချန်က သိချင်ပါတယ်တဲ့။ ပြီးတော့ ကျွန်မတို့မှာ ပူဆွေးချိန်ဖြစ်နေတဲ့ အတွက် ခု အငွမဂ လပြည့်နေ့မှာ စန္ဒ ပွဲတော်ကို လုပ်နိုင်မှာ မဟုတ်ဘူးတဲ့။ အထိမ်းအမှတ်အနေနဲ့ အိမ်သားတွေချည်းပဲ စုပြီး ဒီနေ့ညမှာပဲလုပ်လိုက်တော့မယ်တဲ့။ သစ်သီးရယ်၊ မုန့်ရယ်၊ အရက်ချိုရယ်ဆိုယင် တော်လောက်ပါပြီတဲ့"

မမယုက

"ဟင့်အင်း၊ ငါ အပြင်ကို မထွက်ချင်ပါဘူး။ ဟိုဘက် အိမ်မှာ ဒေါ်လေးချုလဲ ကောင်းကောင်း နေမကောင်းဘူး။ငှက်မယ်လဲ့ ကောင်း

ကောင်း နေမကောင်းဘူးမဟုတ်လား။ ငါမသွားယင် အဲဒီမှာ ဘယ်မှာ စီမံမယ့်သူရှိတော့လို့လဲ။ နေစမ်းပါဦး၊ သူက ဒီလောက်အလုပ်များနေရတဲ့အထဲမှာ ဘာဖြစ်လို့ ပွဲတော်အထိမ်းအမှတ်တွေ ဘာတွေ လုပ်ချင်နေရတာတဲ့လဲ"

"သခင်ကြီးက ပြောတော့ သူ ဒီနေ့ ဘယ်ဧည့်သည်ကိုမှ လက်ခံတွေ့နိုင်မှာ မဟုတ်ဘူးတဲ့။ လပြည့်ကျော် တစ်ရက်နေ့အထိ အိမ်မှာရှိမှာ မဟုတ်ဘူးတဲ့။ ပြီးတော့ မမယုကိုလဲ ထမင်းစားပွဲတစ်ခုကိုခေါ်သွားချင်တယ်တဲ့"

"သူခေါ်ချင်တာတော့ဟုတ်ပါရဲ့။ ငါလိုက်နိုင်မှာ မဟုတ်ဘူးလို့ ပြောလိုက်ပါတယ်"

ပေ့ဖုန်လည်း ရယ်မောရှုထွက်သွားလေ၏။ ခဏကြာလျှင် ပြန်ရောက်လာပြန်ကာ

"သခင်ကြီးက ပြောလိုက်ပါတယ်။ ဟိုဘက်အိမ်ကို သွားယင်လဲ ညစာအမီပြန်လာခဲ့ပါတဲ့။ ကျွန်မကိုလဲ မမယုနဲ့ လိုက်သွားရမယ်တဲ့"

"ဒီလိုဆိုယင်လဲ စောစောစားပြီး သွားစရာရှိတာကိုသွားနှင့်လေ။ သူထွက်မှ ငါလဲ ဟိုဘက်ကိုကူးလို့ရမှာ။ ဒါမှ ငါစောစောပြန်နိုင်တော့မှာပေါ့"

"မနက်စာကို သူအပြင်မှာစားမယ်တဲ့။မမယုဘာသာတစ်ယောက်တည်း စားနှင့်တော့လို့ ပြောလိုက်ပါတယ်"

"သူက အပြင်ကို ဘယ်သူနဲ့သွားမှာတဲ့လဲ"

"နန်ကင်းက ဧည့်သည်နှစ်ယောက်လာတယ်လို့ ပြောပါတယ်။ ဘယ်သူတွေလဲဆိုတာတော့ ကျွန်မလဲ မသိဘူး"

ထိုသို့ စကားပြောဆိုနေကြစဉ် ကျိယုန်၏မိန်းမသည် ကိုယ်လက်သန့်စင်ပြီးနောက် မမယုကိုသာ၍နှုတ်ဆက်ရန် ရောက်လာလေ၏။ ခဏကြာလျှင် သူတို့လည်း မနက်စာကို အတူစားကြလေ၏။ ထိုနောက် မမ

ယူသည့် အဝတ်အစားများကိုလဲလှယ်ကာ ယွန်းစံအိမ်ကြီးသို့ ထွက်လာခဲ့လေ၏။

ထိုနေ့ညနေ မမယု အိမ်ပြန်ရောက်သည့် အခါတွင် ထမင်းပွဲကို အကျအန ပြင်ဆင်ထားနှင့် လေ၏။ ထမင်းပွဲတွင် ဝက် ကောင်လုံးကင်၊ သိုးကောင်လုံးကင်တို့အပြင် အခြားဟင်းခွက်များလည်း စုံလင်လှပေ၏။ အချိုအချဉ်ပွဲများကလည်း ရေတွက်၍ပင် မကုန်နိုင်ချေ။ ဥယျာဉ်ထဲရှိ မြစိမ်းဆောင်တွင် ဒေါင်းမြီးဖြင့်ယက်ထားသည့် လိုက်ကာကြီးများ၊ ကြာပန်းပုံ ထိုင်ဖုံကြီးများကို ချထားလေ၏။ ထိုအဆောင်ထဲတွင် ကျီချန်သည် ဇနီးဖြစ်သူ မမယု၊ အမြှောင်မယားဖြစ်သူ ပေ့ဖုန်တို့နှင့် အတူ လပြည့်ညလကိုကြည့်ရင်း ညစာစားကြလေ၏။

ညဉ့်ဦးယံ အချိန်လောက်တွင် လေသည်လတ်ဆတ်သန့်ရှင်းလျက် ရှိပြီး လပြည့်ဝန်းသည် လောကအလုံးကို ငွေခြည်ဖြင့် ပက်ဖျန်းလိုက်လေသည်။ ကျီချန်က အရက်သောက်ကစားနည်းကစားရန် ပြောသည့်အခါ၌ မမယုက ပေ့ဖုန်နှင့်အခြားအမြှောင်သုံးလေးယောက်တို့ကိုလည်း သူတို့နှင့်အတူ လာ၍ကစားရန်ခေါ်ကာ အရက်သောက်ရင်း စုံမဝှက်တမ်းကစားမည်ဟု ပြောလေ၏။ ကျီချန်သည် အရက်ကလေးကလည်း ခပ်ထွေထွေ ဖြစ်နေသည့်အလျောက် အခိုင်း တစ်ယောက်အား ပလွေတစ်ချောင်း အယူခိုင်းလိုက်ပြီးလျှင် ပေ့ဖုန်ကိုမှုတ်စေ၍ ဝမ်ဟွာကို သီချင်းဆိုခိုင်းလေ၏။ ဝမ်ဟွာမှာ အသံကောင်း၊ အဆိုကောင်းဖြစ်သည့်အတွက် နားထောင်ရသူများမှာ ကြည်နူးလျက်ရှိကြလေ၏။

သို့ဖြင့် စုံမဝှက်ရင်း၊ သောက်ရင်းဖြင့် သန်းခေါင်သို့ချဉ်းလာသည့် အခါ၌ ဆယ်ပုံရှစ်ပုံခန့်မူးလာခဲ့လေပြီ။ လက်ဖက်ရည်များနှင့်နောက်ထပ် အရက်ချိုများရောက်လာစဉ် ဥယျာဉ်ဘက်ဆီ တံတိုင်းဆီမှ ရှည်လျားသည့် ကြောက်ဖွယ်ဟီးချသံကြီးတစ်ခုကို ကြားလိုက်ရလေ၏။ အားလုံး

ပီပီသသကြားလိုက်ရသည့်အတွက် အားလုံးအလန့်တကြား ဖြစ်သွားကြလေ၏။

"ဟေ့ ဘယ်သူလဲဟေ့"ဟု ကျီချန်က လေသံ တင်းတင်းဖြင့် မေးလိုက်၏။

ကျီချန်က အကြိမ်ပေါင်းများစွာ ထပ်မေးသော်လည်း ဖြေသံကို မကြားရချေ။

"ဟိုတံတိုင်းအပြင်ဘက်က ကျွန်မတို့အစေတော်ထဲကတစ်ယောက် ယောက်ဖြစ်ချင်ဖြစ်မှာပေါ့"ဟု မမယုကပြော၏။

"မဖြစ်နိုင်ဘူး။ အစေတော်တွေရဲ့တန်းလျားက တံတိုင်းနားမှာ မဟုတ်ဘူး။ တံတိုင်းနဲ့အဝေးကြီး။ ပြီးတော့ အဲဒီနေရာက ဘိုးဘွား သချိုင်းဂူနေရာတစ်ဝိုက်ဆီက ထွက်လာတဲ့အသံ။ ဒီအချိန်မှာ ဒီအနားကို ဘယ်သူလာမှာလဲ"

ထိုသို့ပြောဆိုနေကြစဉ် တံတိုင်းတစ်ဘက်မှ လေပြင်းတစ်ချက် တိုက်သွားကာ သချိုင်းဂူအဝင်တံခါးကြီး ဂျိမ်းခနဲပိတ်သွားသံကိုကြားလိုက်ရလေ၏။ သူတို့တစ်ကိုယ်လုံး အေးစိမ့်သွားကာ စောစောက ထိန်နေအောင်သာနေသော လဝန်းမှာလည်း ချက်ချင်း မှုန်မှိုင်းသွားသည်ဟု ထင်လိုက်ရလေ၏။ အနီးတွင်ရှိသည့် မိန်းကလေးများမှာ ကြက်သီးတွေ ဖြန်းဖြန်းထသွားလေ၏။ ကျီချန်ကိုယ်တိုင်မှာလည်း အမူးပြေသလောက် ဖြစ်သွားလေပြီ။ ကျီချန်သည် အမျိုးသမီးများထက် ဣန္ဒြေ ဆည်နိုင်သည့်တိုင် သူကိုယ်တိုင်မှာလည်း အနည်းငယ်ကြောက်လန့်လျက်ရှိလေ၏။ သို့ဖြင့် ခပ်စောစောက ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည့် သူတို့ဝိုင်းကလေးမှာ ငြိမ်ကျသွားကြလေ၏။ သူတို့သည် ထိုနေရာတွင် အတန်ကြာဆက်နေကြပြီးနောက် လူစုခွဲ၍ အိပ်ရာသို့ဝင်ခဲ့ကြလေ၏။

နောက်တစ်နေ့မနက်မှာ လပြည့်နေ့မနက်ဖြစ်သည့် အလျောက် ကျီချန်သည် အိပ်ရာမှစောစွာထကာ လဆန်းတစ်ရက်နှင့် လပြည့်နေ့တွင် လုပ်နေကျ ဖြစ်သည့်အတိုင်း မိသားစုကို ခေါင်းဆောင်ကာ ဘိုးဘွား သချိုင်းဂူဝတ်ကျောင်းသို့ဝင်ခဲ့လေ၏။ဝတ်ကျောင်းထဲသို့ရောက်၍ပတ်ဝန်းကျင်ကို သေချာစွာကြည့်ရှုသည့်အခါ၌ တစ်စုံတစ်ရာ ခြေရာ လက်ရာ

ပျက်သည်ကို မတွေ့ရဘဲ နဂိုအတိုင်းပင်တွေ့ရလေ၏။ ထို့ကြောင့် ယမန်နေ့က မိမိကြားလိုက်ရသောအသံမှာ စိတ်ထဲမှထင်ခြင်းသာဖြစ်လိမ့်မည်ဟု အောက်မေ့ပြီး မည်သူ့ကိုမျှမပြောဘဲနေလိုက်လေ၏။ ကျွန်ုပ်သည် ဝတ်ပြုပြီးသည့်အခါ၌ ဝတ်ကျောင်းကိုခါတိုင်းကဲ့သို့ သော့ခတ်၍ပိတ်ခဲ့လေ၏။

ညစာစားပြီးသည့်အခါ၌ ကျွန်ုပ်နှင့် မမယုတို့သည် ယွန်းစံအိမ်ကြီးသို့ထွက်လာခဲ့ကြလေ၏။ ကျွဲရှုနှင့်ကျွန်ုပ်တို့သည် မယ်မယ်နှင့် စကားပြောလျက်ရှိကြပြီး လူငယ်များနှင့် မိန်းကလေးများမှာ ခိုင်းလျှင်အသင့်ဖြစ်ရန် မလှမ်းမကမ်းတွင် ရပ်လျက်စောင့် နေကြလေ၏။ ကျွန်ုပ်သည် သူတို့အားလုံးကို တစ်လှည့်စီ နှုတ်ဆက်လေ၏။ မယ်မယ်သည် စကားအနည်းငယ်ပြောပြီးနောက် ကျွန်ုပ်ကိုအထိုင်ခိုင်းသဖြင့် ကျွန်ုပ်သည် တံခါးပေါက်ကြီးအနီးရှိ ခွေးခြေတစ်လုံးပေါ်တွင်ထိုင်နေလေ၏။

"ဘယ့်နှယ်လဲ၊ မင်းညီတော်မောင်ပေါက်ယုတစ်ယောက်ကော။ ခုတလောမှာ လေးပစ်သင်နေတာ တော်တော်လေး ဟန်ကျပြီလား"

"တိုးတက်ပါတယ်မယ်မယ်။ လေးပစ်ပုံ ပစ်နည်းတင် မကဘူး၊ လေးကြိုးတွေကိုတောင် တင်တတ်နေပါပြီ"

"အေးအေး၊ ကောင်းပါလေရဲ့ကွယ်။ ဒါပေမယ့် ကလေးကို သိပ်လဲမလုပ်ပါစေနဲ့။ ခွန်အားနဲ့မမျှဘဲဖြစ်နေပါ့မယ်"

ကျွန်ုပ်က သဘောတူကြောင်းပြောသည့် အခါတွင် မယ်မယ်က

"တစ်နေ့က မင်းပို့လိုက်တဲ့ လ,မုန့်တွေကတော့ တော်တော်ကောင်းသားပဲ။ ဖရဲသီးကတော့ အပြင်ပန်းအားဖြင့် ကောင်းပေမယ့် စားကြည့်တော့ မကောင်းဘူးကွယ့်"

"လ,မုန့်တွေကတော့ ကျွန်တော်တို့အိမ်မှာ အသစ်ရောက်တဲ့ မုန့်ဖုတ်သမားကလုပ်တာခင်ဗျ။ စားကြည့်တော့ တော်တော်ကောင်းတာနဲ့ မယ်မယ်ကိုကန်တော့ဖို့တောင် နောက်ထပ် အလုပ်ခိုင်းထားသေးတယ်။ ဒီနှစ် ဖရဲသီးတွေကတော့ မယ်မယ် ပြောသလိုပဲခင်ဗျ၊ သိပ်မကောင်းလှဘူး"

"အင်း၊ ဒီနှစ်ဖရဲသီးပေါ်ချိန်မှာ မိုးသိပ်များသွားတာကိုး" ဟု ကျွန်ုပ်ကဝင်ပြော၏။

"ကဲ လတောင်ထွက်လာပြီ။ အမွှေးတိုင်ကလေး ဘာလေး ပူဇော်ကြဦးစို့ရဲ့"

မယ်မယ်သည် ထိုင်ရာမှထကာ ပေါက်ယုပခုံးကိုကိုင်ပြီးလျှင်ရှေ့ဆုံးမှနေ၍ ဥယျာဉ်ထဲသို့ထွက်လာခဲ့လေ၏။ ထိုအချိန်၌ ဥယျာဉ် ဝင်းတံခါးများအားလုံးမှာဖွင့်ပြီးလေပြီ။ ဝင်းတံခါးထိပ်ပေါ်တွင် ကျွဲချို မီးအိမ်ကြီးများကို ချိတ်ထားလေ၏။ မင်္ဂလာပူဇော်ခန်းမရှေ့ရှိ ရင်ပြင်တွင်မူ အဖုံးဖုံးထားသည့် အမွှေးတိုင်ခွက်ကြီးများထဲတွင် အမွှေးတိုင်များသည် တောက်လျက်ရှိကြလေ၏။ လေကွယ်ထားသည့်ဖယောင်းတိုင်များကိုလည်း လေကွယ်၍ထွန်းထားလေ၏။ ဖရဲသီးများ၊ မုန့်များ၊ ချိုချဉ်ခဲဖွယ်များကိုလည်း ဗန်းကြီးများဖြင့် ပြင်ထားပြီးလျှင် သခင်မဆင့်နှင့် အခြားသောအမျိုးသမီးများသည် သူတို့ကိုစောင့်ကြိုလျက်ရှိလေ၏။ တောက်ပ လင်းထိန်သောလရောင်၊ ရောင်စုံမီးပုံများ၊ အမွှေးတိုင်များနှင့် အမျိုးမျိုးသော အမွှေးရနံ့တို့ကြောင့် ရှုခင်းသည် နတ်ဘုံ နတ်နန်းတမျှလှပဆန်းကြယ်လျက်ရှိကာ ဖော်မပြနိုင်လောက်အောင် ရှိလေ၏။

ရင်ပြင်ကွင်လည်း ကော်ဇောများခင်းထားကာ ပိုးထိုင်ဖုံများ၊ မှီအုံးများကို ချထားလေ၏။ မယ်မယ်သည် လက်ဆေးပြီး အမွှေးတိုင်ကို ထွန်းညှိကာ ဝတ်ပြုလေ၏။ ဤတွင် အားလုံးက သူ့နည်းတူ လိုက်လုပ်ကြလေ၏။ မယ်မယ်က လ ကို အမြင့်မှကြည့်ရလျှင် ကောင်းမည်ဟု ဆိုသဖြင့် ညစာထမင်းပွဲများကို တောင်ကုန်းတစ်ခုပေါ်ရှိ အဆောင်သို့ သယ်သွားရန် အမိန့်ပေးလိုက်လေ၏။ ဤတွင် အခြွေအရံများသည် ထိုနေရာသို့ အလျင်အမြန်သွားကာ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်နေစဉ် မယ်မယ်မှာ ပူဇော်ခန်းဆောင်တွင်ထိုင်ကာ လက်ဖက်ရည်သောက်ရင်း အိမ်သူအိမ်သားများနှင့် စကားပြောဆိုလျက်ရှိလေ၏။ ထိုစဉ် တောင်ကုန်းပေါ်တွင် အသင့်ပြင်ဆင်ပြီးဖြစ်ကြောင်း လာရောက်ပြောဆိုသဖြင့် မယ်မယ်သည် အစေတော်တစ်ယောက်၏ ပခုံးကိုတွဲကာ တောင်ကုန်းပေါ်သို့ တက်လာခဲ့လေ၏။

"ကျောက်တုံးတွေက ရေညှိတွေနဲ့ ချောနေတယ်နေတယ်နော် မယ်မယ်။ သံလျင်နဲ့သွားယင် မကောင်းဘူးလား"

"နေ့တိုင်း ဒီလမ်းကို လှည်းကျင်းထားတာပဲ မဟုတ်လားအေ။ လမ်းကလဲ အကျယ်ကြီးပါ။ ငါလဲ အရိုးတွေအကြောတွေ အညောင်း ဆန့်ရတာပေါ့"

ကျီရှဲနှင့်ကျီချန်တို့သည် ရှေ့မှသွားနှင့်ကြရာ အထိန်းနှစ်ယောက်သည် သူတို့နောက်မှ ကျွဲချိုမှုန်အိမ်များကို ကိုင်၍လိုက်လာကြလေ၏။ ယန့်ယွမ်း၊ ဟုပိုနှင့်မမယ့တို့သည် မယ်မယ့်ဘေးမှကပ်၍ လိုက်လာခဲ့ကြရင်း မယ်မယ်ကို ကူညီတွဲခေါ်လာကြပြီး ဒေါ်လေးဆင့်နှင့် အခြားသူများမှာမူ နောက်မှ လိုက်လာကြလေ၏။ ခြေလှမ်း တစ်ရာလောက် လျှောက်ခဲ့မိသည့်အခါ၌ ခုံးခုံးကြီးရှိသော ကုန်းကြီးဖြစ်သည့်အတွက် မှန်ခုံးမြစိမ်းဆောင်ဟုခေါ်သည့် အဆောင်သို့ ရောက်လာခဲ့ကြလေ၏။ ထိုမှန်ခုံးမြစိမ်းဆောင်ရင်ပြင်ကို လိုက်ကာကြီးတစ်ခုဖြင့် နှစ်ပိုင်းခွဲထားပြီး စားပွဲများ၊ ကုလားထိုင်များကို သမူဟာအဓိပ္ပာယ် ဆောင်သည့်သဘောဖြင့် ဝိုင်းပတ်၍ ချထားလေ၏။

မယ်မယ် အလယ်မှထိုင်ပြီး လက်ဝဲဘက်ဘေးတွင် ကျီရှဲ၊ ကျီချိန်၊ ကျီလျှံနှင့်ကျီယုန်တို့ထိုင်ကြပြီး လက်ယာဘက်တွင် ကျီချန်၊ ပေါက်ယု၊ ကျီဟုန်နှင့် ကျီလန်တို့ ထိုင်ကြ၏။ သို့ရာတွင် စက်ဝိုင်းပုံသဏ္ဍာန် ထိုင်ခုံများတွင် တစ်ဝက်သာလူရှိပြီး အခြားတစ်ဝက်မှာ ဟာလာဟင်းလင်း ဖြစ်လျက်ရှိလေ၏။ မယ်မယ်က

"ခါတိုင်းတုန်းက ဒီလောက် လူနည်းတယ်လို့ မထင်ရပါဘူး။ ဒီနေ့ညကျတော့ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ လူနည်းနေတယ်လို့ ထင်ရတယ်။ ဟိုတုန်းကဆိုယင် ဒီလိုပွဲမျိုးမှာ လူတွေသုံးလေးဆယ်နဲ့ တယ်ပြီး ပျော်စရာကောင်းတာပဲ။ ခုဟာကတော့ လူက နည်းနည်းကလေးရယ်။ သူများတွေကို ဖိတ်ယင်လဲ လာကြမှာ မဟုတ်ဘူး။ သူတို့လဲ ကိုယ့်အိမ်မှာတင် ကိုယ့်မိသားစုနဲ့ ပွဲတော်ကျင်းပနေကြမှာပဲ။ ဒီတော့ စားပွဲမှာ လူပြည့်ယင်ပြီးတာပဲ၊ ကလေးမကလေးတွေကို သွားခေါ်ချည်ကြဟယ်"

ယင်ချွန်း၊ တန်ချွန်းနှင့် ဆီချွန်းတို့ ရောက်လာကြသည့်အတွက် ပေါက်ယုနှင့် အခြားယောကျ်ားလေးများက မတ်တတ်ထကာ သူတို့ကို နေရာဖယ်ပေးကြသည်။ မယ်မယ်က ခွာညိုနှစ်ခိုင်ကိုအယူခိုင်းလိုက်ပြီးလျှ

တစ်ယောက်လက်သို့ တစ်ယောက်ကမ်းနေစဉ် အခိုင်းမိန်းမ တစ်ယောက်ကို ခေါ်ကာ လိုက်ကာတစ်ဘက်တွင်ရှိသည့်ဗုံကို အတီးခိုင်းလိုက်လေ၏။ ဗုံတီးရပ်လိုက်သည့်အချိန်တွင် လက်ထဲတွင် ခွာညိုပန်းခိုင်ကို ကိုင်မိနေသူက အရက်တစ်ခွက်ကိုသောက်ကာ လျှော်ကြေးပေးသည့်အနေဖြင့် ရယ်စရာပုံတိုပတ်စတစ်ခုကို ပြောရလေ၏။ မယ်မယ်က ခွာညိုပန်းခက်ကို ကျီရှဲသို့ လှမ်း၍ပေးလိုက်သည့်အချိန်တွင် သူတို့ကစားပွဲကို စတင်ပြီး ကျီရှဲက တစ်ဆင့် ပန်းခက်ကို တစ်ယောက်တစ်လက် ကမ်း၍ ပေးလေ၏။ နှစ်ပတ်လောက် လှည့်ပြီး၍ ကျီချန်လက်သို့ ပန်းခိုင်အရောက်တွင် ဗုံတီးရပ်သွားသည့်အတွက် ကျီချန်မှာ အရက်ခွက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်လျက် သူ့တူများ၊ တူမများမှာမူ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ မည်သည့်ပုံကို ပြောမည်နည်းဟု ပြုံးစိစိဖြစ်နေကြလေ၏။ ထိုအချိန်၌ မယ်မယ်မှာသည်း စိတ်ရွှင်လန်းနေချိန် ဖြစ်သည့်အတွက် ကျီချန်သည် သူ့မိခင်ကြီး စိတ်ရွှင်သန်းစေမည့်ပုံကို စဉ်းစားလျက်ရှိလေ၏။

"ဒါပဲနော်၊ မင်းပြောတဲ့ပုံက ရယ်စရာမကောင်းယင်တော့ အပြစ်ပေးတဲ့အနေနဲ့ နောက်တစ်ပုံပြောရမယ်"

"ကျွန်တော့်မှာ ပြောစရာပုံပြင် များများစားစားတော့ မရှိဘူး မယ်မယ်ရဲ့။ ဒါပေမယ့် ရှိတဲ့ပုံပဲ ပြောရမှာပဲ။ မရယ်ရဘူး ဆိုယင်လဲ ကျွန်တော့်ကံလို့ပဲ အောက်မေ့ရတော့မှာပေါ့၊ အပြစ်ပေးတယ် ဆိုယင်လဲ ခံရတော့မှာပဲ။ ပုံပြင်ကတော့ ဒီလိုဗျ။ ....တစ်ခါတုန်းက မိန်းမကြောက်ရတဲ့ လူတစ်ယောက်ရှိသတဲ့။ ဒီတော့...."

ကျီချန်မှာ ထိုပုံပြင်မျိုးကို ပြောခဲ့သူတစ်ယောက်ဖြစ်သည့်အတွက် ဤမျှလောက်ကို ကြားရလျှင်ပင် နားထောင်သူများက သဘောကျ၍ ဝါးခနဲရယ်လိုက်ကြလေ၏။

"အင်း၊ ပုံပြင်ကတော့ တော်တော်ကောင်းမယ်လို့ ထင်ရတာပဲ ပေါ့"ဟု မယ်မယ်က ရယ်၍ပြောသဖြင့် ကျီချန်က

"ဒီလိုဆိုယင် မယ်မယ်က အလျှော်ပေးတဲ့အနေနဲ့ တစ်ခွက်သောက်ပြီလေ"

"သောက်ပါမယ် တော်၊ စိတ်ချပါ"

"ဒီတော့၊ အဲဒီ မယားကြောက်တဲ့လူဟာ မိန်းမရဲ့ အခွင့်မရယင် ဘယ်ကိုမှ မသွားရဲဘူးတဲ့။ တစ်နေ့ကျတော့ စန္ဒီပွဲတော် လုပ်မှာမို့လို့ ဈေးဝယ်ထွက်ရင်း မိတ်ဆွေတွေနဲ့ တွေ့တာနဲ့ သူ့ကို သူတို့အိမ်ကိုလိုက်ပြီး သောက်ကြ စားကြရအောင် ခေါ်သွားသတဲ့။ ဟိုရောက်တော့ အပေါင်း အဖော်တွေစုံတာနဲ့ သောက်ကြရင်း မူးသွားတာနဲ့ အိမ်မပြန်နိုင်တော့ဘဲ မိတ်ဆွေရဲ့အိမ်မှာပဲ အိပ်ရသတဲ့။ မနက်ကျတော့ အိပ်ရာကနိုးပြီး အမူးလဲ ပြေရော၊ ဟာ ငါ့မိန်းမကတော့ ဆူတော့မှာပဲဆိုပြီး မိန်းမကိုတောင်းပန်မယ်လို့ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ကိုပြန်လာသတဲ့။

"အိမ်ပြန်ရောက်တော့ သူ့မိန်းမက ခြေထောက်ကို ရေဆေးနေသတဲ့။ ဒီတော့ သူ့မိန်းမက ဒီလောက်အလည်ကျူးတဲ့ယောကျ်ား၊ လာ၊ ကျုပ် ခြေထောက်ကိုလာပြီး လျက်လှည့်လို့ပြောသတဲ့။ ဒီတင်ယောကျ်ားလဲ ကြောက်ကြောက်နဲ့ မိန်းမခိုင်းတိုင်း လုပ်ရတာပေါ့လေ။ ဒါပေမယ့် ကြောက်လို့သာ လုပ်ရတယ်၊ ဘယ်မှာ သတိလိမ့်မလဲ။ ဒီတော့ တဝေါ့ဝေါ့နဲ့ဖြစ်နေသတဲ့။ ဒီတင်မိန်းမကလဲ ဒီလောက်တောင် ဖြစ်ရပါမို့လားဆို ဒေါပွပွနဲ့ရိုက်မောင်း ပုတ်မောင်းလုပ်မယ် တကဲကဲဖြစ်တာပေါ့"

"ဟဲ့၊ ကောင်မကလဲ စော်ကားလှချည်လား" ဟု မယ်မယ်က အော်၏။

"ဒါနဲ့ သူ့ယောကျ်ားလဲ ကြောက်ကြောက်နဲ့ ဒူးထောက်ပြီး ငါ ပျို့ချင်သလိုလို အန်ချင်သလိုလိုဖြစ်တာက နင့်ခြေထောက်ကိုရွံလို့ မဟုတ်ပါဘူးကွယ်။ မနေ့ညက အရက်တွေ သောက်တာ များပြီး လမုန့်တွေ စားထားတာကလဲ များနေလို့ ရင်ပြည့်ရင်ကယ်ဖြစ်နေတာနဲ့ ပျို့မိတာပါလို့ ပြောသတဲ့"

အားလုံး တဝါးဝါးပွဲကျနေသဖြင့် ကျီချန်သည် အရက်တစ်ခွက်ကို ငှဲ့ကာ မယ်မယ်ကို လှမ်းပေးလိုက်လေ၏။

"အံမယ်လေးကွယ်၊ ဖြစ်မှဖြစ်ရပလေ။ မင်းမှာ ဒီလောက်တောင် တပျို့ပျို့ တအန်အန်ဖြစ်နေယင်လဲ တို့များ ဒီအရက်ချိုကို မင်းကိုမတိုက်

တော့ပါဘူး။ အရက်ပြင်းကလေးပဲ တိုက်လိုက်ပါတော့မယ်။ မင်းတပျို့ပျို့ တအန်အန်ဖြစ်တာကိုလဲ တို့ မမြင်ချင်ပါဘူး"

မယ်မယ်စကားကြောင့် ဝါးခနဲပွဲကျသွားကြစဉ် ဗုံတီးသံပေါ်လာပြန်သဖြင့် ပန်းခိုင်ကိုကမ်းကြရာ ပေါက်ယု လက်သို့ ပန်းခိုင်အရောက်တွင် ဗုံတီးသံရပ်သွားလေ၏။ ပေါက်ယုမှာ ယခုပွဲတွင် မိမိဖခင်ကျီချိန် ရောက်နေသည့်အတွင် ခပ်လန့်လန့်ဖြစ်လျက်ရှိသည့်အထဲတွင် လက်ထဲတွင် ပန်းခိုင်ကြီးတန်းလန်းနှင့်ဖြစ်နေသဖြင့် အခက်တွေ့နေလေ၏။

"အင်း ဒုက္ခပဲ။ ငါ ပြောတဲ့ပုံက မရယ်ရပြန်ယင်လဲ ဒီလောက်တောင် ထူရ အ ရသလားလို့ အဆူခံရဦးမယ်။ ဒီလိုမှမဟုတ်ဘဲ ငါ့ပုံက ရယ်ရပြန်ယင်လဲ ဒီကောင်ဟာ စာပေတွေကိုတော့ လေ့လာ လိုက်စားခြင်းမပြုဘဲနဲ့ မဟုတ်တဟုတ် ပုံပြင်တွေတော့ ပြောတတ်တယ်လို့ အဆူခံရဦးမှာ။ ဒီတော့ ငါတော့ ဒီပွဲက ပြန်မှဖြစ်မယ်"ဟု တွေးမိလေ၏။ ထို့ကြောင့် ပေါက်ယုသည် ထိုင်ရာမှ ထလိုက်ကာ

"ကျွန်တော်က ပုံတွေဘာတွေ သိပ်မပြောတတ်ဘူးခင်ဗျ။ ဒီတော့ ကျွန်တော် ဒီပြင်နည်းနဲ့ အလျှော်ပေးပါရစေ"

"ကောင်းပြီ။ ဒါဖြင့်ယင် ဆောင်းဆိုတဲ့ ကာရန်နဲ့ လက်တန်း ကဗျာတစ်ပုဒ်ကို စပ်ပြစမ်း။ ကောင်းယင် မင်းကို ဆုကောင်းကောင်း ပေးမယ်။ ခု မစပ်နိုင်သေးယင်လဲ မနက်ဖြန်ကျတော့ စပ်ပြ"

"တို့ ခု အရက်ပွဲမှာ ကျပန်း ကစားနေတာပဲကွယ့်။ ဘာဖြစ်လို့ ကဗျာအစပ်ခိုင်းရတာလဲ"ဟု မယ်မယ်က ပြော၏။

"သူ စပ်တတ်ပါတယ် မယ်မယ်ရဲ့၊ ကိစ္စမရှိပါဘူး"ဟု ကျီချိန်က ပြော၏။

ဤတွင် မယ်မယ်ကလည်း စက္ကူနှင့်စုတ်တံ လှမ်းတောင်းလိုက်လေ၏။

"ဒီမှာ တစ်ခုတော့ မင်းကိုပြောထားမယ်နော်။ ရှေးကဗျာတွေထဲမှာသုံးပြီးသားဖြစ်တဲ့ စကားလုံးတွေ မပါရဘူး။ မြဲခဲကျောက်စိမ်းတို့၊

ဘော်စင်ငွေသားတို့၊ ပြိုးပြက်ထိန်လျှပ်တို့၊ ဖြူလွှသန့်စင်တို့ဆိုတဲ့ စာလုံးမျိုးတွေကို မထည့်ရဘူး။ ကိုယ်ပိုင်စာလုံးတွေဖြစ်ရမယ်။ ဒီလောက်ထိ ကျမ်းဂန်စာပေတွေ လေ့လာထားတာ ဘယ်လောက်အထိ တိုးတက်မှုရှိသလဲ မရှိဘူးလဲဆိုတာ ကြည့်ရမှာပေါ့”

ပေါက်ယုမှာ အကြိုက် တွေ့သွားလေပြီ။ ပေါက်ယုသည် လေးကြောင်း ကဗျာတစ်ပုဒ်ကို ချက်ချင်းကောက်စပ်ပြလိုက်ပြီးလျှင် ကျီချိန်သို့ ပေးလိုက်ရာ ကျီချိန်သည် ဖတ်ပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်လျက် ရှိလေ၏။ တစ်စုံတစ်ရာ ပြောဆိုဝေဖန်ခြင်း မရှိချေ။ မယ်မယ်မှာ ကောင်း၍ ဘာမျှမပြောခြင်းဖြစ်သည်ဟု ယူဆသဖြင့်

‘ဘယ့်နှယ်နေသလဲ၊ ကောင်းတယ်မဟုတ်လား’

“အင်း....ကြိုးစားပမ်းစားတော့ လုပ်ထားတာပါပဲ။ ဒါပေမယ့် ဒီကောင် စာကောင်းကောင်းမဖတ်ကြောင်း သိပ်ထင်ရှားတယ်မယ်မယ်။ သူသုံးတဲ့ အသုံးအနှုန်းတွေက ဘာမှ ပြောင်ပြောင်မြောက်မြောက်မှ မရှိတာပဲ”

“အေးလေ၊ ဒီလောက်ပဲ ကောင်းနိုင်တော့မပေါ့ကွယ်။ သူက အသက် ဘယ်လောက်ရှိသေးလို့လဲ။ ဒီအရွယ်မှာ ရှေးစာဆိုကြီးတွေလို စပ်နိုင်မယ်လို့ မျှော်လင့်လို့ ဘယ်ဖြစ်ပါ့မလဲ။ နောင်မှာ စာကြိုးစားအောင် အားပေးစကား ပြောရမှာပေါ့”

“ကောင်းပြီလေ။ ဟော့ အထိန်းတစ်ယောက်လာစမ်း။ သွား.... ငေါ့စာကြည့်ဆောင်ထဲမှာ ဟိုက်နန်ကျွန်းကဝယ်လာတဲ့ ယပ်တောင် နှစ်ချောင်း ရှိတယ်။ သွားယူချည်စမ်း”

ပေါက်ယုမှာ ထိုအခါကျမှ အလုံးကြီးကျသွားကာ ဦးညွှတ်၍ အရိုအသေပေးလိုက်ပြီးနောက် သူ့နေရာတွင် ပြန်ထိုင်လိုက်လေ၏။ကာစားပွဲကိုလည်း ဆက်ကစားကြလေ၏။

ပေါက်ယု ဆုရသွားသည်ကို မြင်သည့်အခါ၌ ကျီလျှံမှာလည်း အားကျကာ ကဗျာတစ်ပုဒ်ကိုကောက်စပ်လိုက်ပြီးလျှင်သူ့အဘိုးဖြစ်သူကျီ

ချိန်ကို ပြကြည့်လေ၏။ ကျီချိန်ကသဘောကျသွားကာ ကဗျာ၏အဓိပ္ပာယ်ကို မယ်မယ်အား ရှင်းပြလေ၏။ မယ်မယ်သည် ကျီလျှံ၏ ကဗျာကို ကျေနပ်သွားကာ ကျီလျှံအားဆုပေးရန်ပြောလိုက်ပြီးလျှင် သူတို့ ကစားပွဲကို ဆက်၍ ကစားကြပြန်လေ၏။ ယခု တစ်ကြိမ်တွင်မူ ကျီရှုံလက်သို့ မန်းခိုင်အရောက်တွင် ဗိုတီးရပ်သွားလေ၏။ ကျီရှုံသည် အရက်တစ်ခွက်ကို သောက်ပြီးနောက် ပုံပြင်တစ်ပုဒ်ကိုပြောရလေ၏။

“ရှေးတုန်းက အိမ်ထောင်စုတစ်ခုမှာ သားတစ်ယောက် ရှိသတဲ့။ အဲဒီသားဟာ လူကြီးမိဘကို အလွန်ရိုသေတတ်သတဲ့။ တစ်နေ့ကျတော့ သူ့အမေကြီးနေမကောင်းတာနဲ့ ဆေးဆရာလိုက်ပင့်တာ ဆေးဆရာ တစ်ယောက်မှမတွေ့တာနဲ့ အပ်စိုက်ကုတဲ့ပညာမှာ ကျွမ်းကျင်တဲ့ မိန်းမကြီးတစ်ယောက်ကို ခေါ်လာသတဲ့။ အဘွားကြီးက လိုက်သာလာရတယ်၊ သွေးခုန်နှုန်းတို့ ဘာတို့ကိုတောင် မစမ်းတတ်ဘူးတဲ့။ အမေ့ရဲ့ရောဂါဟာ နှလုံးမှာ တေဇောလွန်ကဲလို့ ဖြစ်တာပဲ။ ဒါကြောင့်မို့ သူ့ကိုအပ်စိုက်ကုရလိမ့်မယ်။ အပ်စိုက်ကုလိုက်ယင် ပျောက်မယ်လို့ ပြောသတဲ့။

“ဒီတော့ သားလုပ်တဲ့လူက ဒီလိုဆိုယင် ကျွန်တော့်အမေ သေရာပေါ့ဗျာ။ သူ့နှလုံးကိုခင်ဗျား ဘယ်နှယ်လုပ်ပြီးအပ်ကြီးနဲ့ စိုက်မလဲ။ သေရုံပဲရှိတော့မှာပေါ့လို့ ပြောသတဲ့။ ဒီတော့ မိန်းမကြီးကလဲ နှလုံးကို အပ်စိုက်ဖို့မလိုပါဘူး။ နံရိုးကြားကိုအပ်စိုက်ယင်ရပါတယ်လို့ ပြောသတဲ့။ ဒီတော့ သားလုပ်တဲ့သူက မဖြစ်ပါဘူး၊ မလုပ်ပါနဲ့၊နံရိုးနား တစ်ဝိုက်မှာ ဆိုယင် ဘယ်နေရာကိုစိုက်စိုက်၊ နှလုံးကိုထိမှာပေါ့လို့ ကန့်ကွက်သတဲ့။ မိန်းမကြီးကလဲ ကိစ္စမရှိပါဘူး၊ ရပါတယ်၊ မင်းမသိဘူးလား၊ မိဘဆိုတာ ဘယ်မိဘဖြစ်ဖြစ် ဘက်လိုက်တာချည်းပဲ။ ဒီတော့ မင်းအမေရဲ့ အသည်းနှလုံ ဟာလဲ တစ်ဘက်ဘက်မှာတင်ပဲရှိမှာပေါ့လို့ပြောသတဲ့”

ဤတွင် အားလုံးက ဝိုင်းရယ်လိုက်ကြသဖြင့် မယ်မယ်မှာ အရက်တစ်ခွက်ကို သောက်လိုက်ရလေ၏။

“ဒီလိုဆိုယင် ငါလဲ ဒီအဘွားကြီးကိုခေါ်ပြီး အပ်စိုက်အကုခံချင်လိုက်တာတယ်”ဟု မယ်မယ်က ပြောလေ၏။ မယ်မယ်သည် သူ့အား

စောင်းပြောသည့်ပြက်လုံးထင်ဟန်ရှိသည်ဟု ကျိရှဲယူဆသဖြင့်ဘာမျှမပြောတော့ဘဲ ငြိမ်၍နေလိုက်လေ၏။ ကျိရှဲသည် မယ်မယ်ကို အရက်တစ်ခွက် ငှဲ့ပေးပြီးသောက်ခိုင်းကာ ထိုကိစ္စကို စကားအဆက် မခံတော့ဘဲ ရပ်ပစ်လိုက်လေ၏။

သို့ဖြင့် ဆက်၍ကစားကြရာ ယခုတစ်ကြိမ်တွင်မူ ကျိဟုန်လက်သို့ ပန်းဒိုင်အရောက်တွင် ဗုံသံရပ်သွားလေ၏။ ကျိဟုန်မှာ မကြာမီကမှစာပေကျမ်းဂန်များကို လေ့လာသင်ကြားလျက်ရှိသည်တွင် ပေါက်ယုကဲ့သို့ပင် ရှေးစာပေတို့ကို များစွာစိတ်ဝင်စားခြင်းမရှိလှဘဲ ကဗျာများကိုသာဖတ်ရှုလျက်ရှိပြီး အထူးသဖြင့် သဘာဝမဟုတ်သည့် ကဗျာများကို စိတ်ဝင်စားသူဖြစ်လေ၏။ ပေါက်ယုကဗျာစပ်ကောင်းသဖြင့် ဆုရသည်ကို မြင်သည့်အခါတွင် ကျိဟုန်မှာလည်း ကဗျာစပ်ချင်စိတ် ပေါ်လာခဲ့လေပြီ။ သို့ရာတွင် ဖခင်ကြီးဖြစ်သူ ကျိချိန်ရှေ့တွင် မစပ်ရဲသဖြင့် ငြိမ်နေရခြင်းဖြစ်လေ၏။ ယခု မိမိမှာ မဲကျပြီဖြစ်သည့်အတွက် ကျိဟုန်သည် စာရွက်နှင့် စုတ်တံကို ကောက်ကိုင်ကာ လေးကြောင်းကဗျာ တစ်ပုဒ်ကိုစပ်ပြီးနောက် ကျိချိန်လက်သို့ ပေးလိုက်လေ၏။ ကျိချိန်သည်ကျိဟုန်၏ကဗျာညာဏ်ကို အထင်ကြီးသွားသည့်ဟန် စာပေဘက်တွင်မူ ကျိဟုန် စိတ်ဝင်စားခြင်းမရှိကြောင်းကဗျာကိုဖတ်၍ သတိပြုမိလေ၏။

“ဟင်၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ကတော့ အတူတူပဲ။ မင်းတို့နှစ်ယောက်စလုံးရဲ့စိတ်ကူးတွေက သိပ်ပြီးခေတ်ဆန်လွန်းနေတယ်။ ဒီတော့ မင်းတို့နှစ်ယောက်စလုံးဟာ စည်းမရှိကမ်းမရှိနေချင်တဲ့ လူရမ်းကားတွေ ဖြစ်ရမယ်။ ‘နွားများမှာ အတိုင်အလှည့်ညီရတယ်’ ဆိုတဲ့ ရှေးလူကြီးတွေ ပြောတဲ့စကားရှိဘယ်။ ခု မင်းတို့နှစ်ယောက်ကတော့ ရှေးလူကြီးတွေပြောတဲ့ နွားနှစ်ကောင်လိုပဲ၊ အတိုင်နဲ့အလှည့်ညီပါပေတယ်။ အကြီးကောင် ပေါက်ယုကလဲ့ အရှက်မရှိ သူ့ကိုယ်သူကဗျာဆရာကြီးဆိုပြီး ဝမ်ဆင့်ယွန်နဲ့ နှိုင်းတယ်။ အငယ်ကောင်ကျတော့လဲ သူ့ကိုယ်သူ ကဗျာစာဆိုကြီး ဆောက်တန်နဲ့နှိုင်းတယ်။ ဟုတ်လဲဟုတ်တဲ့ကောင်တွေ”

ကျိရှဲနှင့်အခြားသူများက ဝိုင်းရယ်လိုက်ကြ၏။ ကျိရှဲက ကဗျာကို တောင်းကြည့် ဖတ်ပြီးနောက် ချီးကျူးလေ၏။

“အင်း၊ ဒါကတော့ လူဆိုတာ ကိုယ့်စရိုက်နဲ့ ကိုယ်ပေါ့လေ။ တို့များမိသားစုမှာ ရှေးတုန်းကလို ဆင်းဆင်းရဲရဲနဲ့ စာပေကျမ်းဂန်ကို သင်ခဲ့ရတဲ့လူမျိုး တစ်ယောက်မှမပါဘူး။ ရှေးတုန်းကတော့ ပညာကို လိုလားသူများမှာ မီးတောင်မထွန်းနိုင်လို့ နှင်းခဲပြင်က ရောင်ပြန်ဟပ်တဲ့ အရောင်နဲ့ စာကြည့်ရသတဲ့။ ဒီလို ဆင်းဆင်းရဲရဲ ကြိုးကြိုးကုတ်ကုတ် လေ့လာပြီးမှ စာတော်ပြန်ပွဲကို ဝင်ပြီး ရာထူးခံ ရာထူးကြီးတွေရအောင် ကြိုးစားကြရသတဲ့။ ဒီတော့ တို့များရဲ့သားတွေကလဲ ကြိုးစားကြရမှာပေါ့။ နည်းနည်းလေး ညာဏ်ကောင်းပြီး နည်းနည်းလေး ကြိုးစားလိုက်တယ်ဆိုယင် စာပြန်ပွဲအောင်ပြီး ရာထူးရာခံကြီးတွေရမှာ သေချာပါတယ်။ ဒီလောက် စာကြမ်းပိုးလုပ်နေဖို့ မလိုပါဘူး။ ဒါကြောင့်မို့ တို့များ သူတို့ကဗျာတွေကို ကြိုက်သကွယ့်။ ဒါမှ တို့မိသားစုဆွေမျိုးစုထဲမှာ ဒီလို ထွန်းထွန်းပေါက်ပေါက်လဲ ရှိပေမှာပေါ့”

ထိုသို့ပြောဆိုပြီးနောက် ကျိရှဲသည် အခိုင်းတစ်ယောက်ကို ခေါ်ကာ ဆုပေးရန်အတွက် သူ့အိမ်မှ စွည်းအချို့ကို အယူခိုင်းလိုက်လေ၏။ တစ်ဖန် ကျိဟုန်၏ခေါင်းကိုပွတ်သိုက်ပြီးလျှင် ရယ်ရယ်မောမောဖြင့်

“ငါ့တူလေး၊ ဒီလိုသာ ဆက်ရေးကွ၊ ကြားလား။ တို့ဆွေမျိုးသားချင်းဟာ ဒီလိုပေါက်မြောက်ရဘယ်။ တစ်နေ့မှာ မင်းလဲ တို့အမျိုးရဲ့ ဘွဲ့ကို မင်းဆက်ခံရမှာပေါ့”

ကျိချိန်က မကျေမနပ်ဖြင့်

“အလကားပါ အစ်ကိုကြီးရယ်။ ဒါမျိုးတွေရေးနေလို့ ဘာထွန်းကားမှာလဲ”ဟုဆိုကာ မယ်မယ်အား အရက်တစ်ခွက်ကို ငှဲ့ပေးလိုက်ပြီးလျှင် ပုံပြောတမ်းကစားပွဲကို ဆက်၍လုပ်လျက်ရှိကြလေ၏။

အတန်ကြာလျှင် မယ်မယ်က

“ကဲ၊ မင်းတို့တစ်တွေ ပြန်ချင်တဲ့သူ ပြန်နိုင်ပြီ နော်။ အပြင်မှာ မိတ်ဆွေတွေ ဘာတွေလဲ စောင့်ချင် စောင့်နေလိမ့်မယ်။ သူဘစ်ပါးကို လျစ်လျူပြုတယ်ဆိုတာ ကောင်းတဲ့ အကျင့် မဟုတ်ဘူး။ ပြီးတော့လဲ

သန်းခေါင်ယံ ကျော်နေပြီ။ မင်းတို့ ယောက်ျားတွေ ပြန်မှ ဟောဒီက ကလေးမတွေလဲ လွတ်လွတ်လပ်လပ် ပျော်ချိန်ရကြမှာ”

ကျိရှုံနှင့်အခြားသူများသည် ကစားပွဲကိုရပ်လိုက်ကြပြီး နောက်ဆုံး ဆုတောင်းသောက်ကြပြီးလျှင် လှူငယ်များကိုခေါ်၍ ပြန်သွားကြလေ၏။ နောက် မည်သို့ ဖြစ်သည်ကို သိလိုလျှင် နောက် အခန်းကို ဖတ်ပါလေ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အခန်း ၇၆

မှန်ခုံးမြစိမ်းဆောင်အနီးမှ ပလွေသံကြောင့် အဘွားအိုတစ်ယောက် ပူဆွေးသောက ရောက်ရခြင်း။

မှန်ခွက်သလင်းအိမ်ထဲမှ မိန်းကလေးတစ်သိုက် ကဗျာစပ်ရင်း မိမိတို့အဆွေးကို ဖော်ကျူးခြင်း

ကျိရဲ့နှင့်ကျိ ချိန်တို့က ကျိဟုန်နှင့်တကွ အခြားယောက်ျားပျိုများကို ပြန်ခေါ်သွားကြတည့်အခါ၌ မယ်မယ်သည် ကာရံထားသည့် လိုက်ကာများကိုရွှေ့ကာ နှစ်ပိုင်းကို တစ်ပိုင်းတည်း ဖြစ်အောင်လုပ်ရန် အခိုင်းမိန်းမများကို အမိန့်ပေးလိုက်လေ၏။ ဤတွင် အခိုင်းမိန်းမများသည် ကန့်လန့်ကာများကို ရွှေ့ခြင်း၊ စားဖွယ်သောက်ဖွယ်များကို နောက်ထပ်ယူလာခြင်း၊ ပန်းကန်ခွက်ယောက်များကို အသစ်လဲခြင်း၊ တူများကို အသစ်လာပေးခြင်းစသဖြင့် အလုပ်များလျက်ရှိကြစဉ် မိန်းကလေးများသည်လည်း မိမိတို့လက်များကို ဆေးကြောကာ အနွေးထည်များကိုဝတ်ဆင်ပြီးနောက် လက်ဖက်ရည်သောက်လျက် ရှိကြလေ၏။ အားလုံး ဝိုင်းထိုင်မိကြသည့်အခါ၌ သူတို့အထဲတွင် ပေါက်ကြည်နှင့်ပေါက်ချင်းတို့မပါသည်ကို မယ်မယ် တွေ့ရလေ၏။ ပေါက်ကြည်နှင့်ပေါက်ချင်းတို့မှာ မိမိတို့

အိမ်မှာပင် စန္ဒီပွဲတော်ကို ကျင်းပလျက်ရှိလေ၏။ ထို့ပြင် လီဝမ်းနှင့်နတ်ငှက်မယ်တို့မှာလည်း နေထိုင်မကောင်းသေးသဖြင့် လာရောက်ခြင်း မပြုနိုင်ကြချေ။ သူတို့လေးယောက် မရှိသည့်အခါ၌ သူတို့ဝိုင်းသည် ခြောက်သွေ့ငြိမ်သက်နေသယောင် ထင်ရပေ၏။

"ဟိုတုန်းကတော့ သူတို့ယောကျ်ားတွေ ထွက်သွားတာနဲ့တစ်ပြိုင်နက် ဒေါ်လေးဆွေ့တို့ကို ဖိတ်တာပဲ။ အဲဒီတုန်းကတော့ ပျော်စရာကြီးပေါ့အေ။ ဒီနှစ်တော့ အိမ်မှာလဲ သူတို့ဆွေမျိုးတွေ ရောက်နေတာနဲ့ မလာနိုင်တာထင်ပါရဲ့။ ဒီအထဲမှာ မိငှက်မယ်ကလဲ နေထိုင်မကောင်းဖြစ်နေလိုက်ရသေးတယ်။ သူ နေထိုင်ကောင်းတယ် ဆိုယင်လဲ ရယ်စရာတွေပြောလိုက်၊ ရယ်လိုက်နဲ့၊ ပွဲကိုစည်နေတာပဲ။ လူဆယ်ယောက်စာလောက် သူတစ်ယောက်တည်းက ပွဲစည်အောင်လုပ်နိုင်တယ်။ ခုတော့ သူလဲ ရယ်စရာတွေဘာတွေကို မပြောနိုင်တော့ဘူးပေါ့အေ။ အေးလေ၊ လူဆိုတာ ဒီလိုပဲပေါ့"

မယ်မယ်သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်ပြီးနောက် ကျိုထားသည့် အရက်ချိုတစ်ခွက်ကို ခွက်ကြီးကြီးဖြင့် ထည့်ယူခဲ့ရန် ဘောင်းလိုက်လေ၏။

ဒေါ်လေးဝမ်က

"ဒီနှစ်တော့ မယ်မယ်နဲ့မယ်မယ့်သား အတူတူ ပွဲတော်လုပ်နိုင်တာပေါ့။ ခါတိုင်း နှစ်တွေထက် ထူးတယ်လို့ဆိုရပေမှာပဲ။ နှစ်တိုင်းကတော့ မယ်မယ့် အနားမှာ လူငယ်တွေတော့ ရှိပါရဲ့၊ ဒါပေမယ့် သားကြီး မရှိဘူး။ ဒီနှစ်တော့ သားကြီးနဲ့အတူ ပွဲတော်ကျင်းပရတာပေါ့"

"ဟုတ်တာပေါ့အေ့။ ဒါ့ကြောင့် ပျော်တဲ့ အထိမ်းအမှတ်နဲ့ အရက်ချိုကို ခွက်ကြီးကြီးနဲ့ဘောင်းသောက်တာ။ ညည်းတို့လဲ ခွက်ကြီးကြီးနဲ့ သောက်ကြ"

ဤတွင် ဒေါ်လေးဆင့်နှင့် အခြားသူများမှာလည်း မယ်မယ်ခိုင်းသည့်အတိုင်း ခွက်ကြီးကြီးဖြင့် သောက်ရလေ၏။ အချိန်မှာ အတော်ညဉ့်နက်၍ လာခဲ့လေပြီ။ သူတို့အားလုံးမှာလည်း ပင်ပန်းနေကြလေပြီ။ ထို့ပြင် သူတို့အားလုံးမှာ အရက်များများ သောက်နိုင်ကြသူများ မဟုတ်

သည့်အတွက် အတော်သည်း မူးစပြုလာကြလေပြီ။ သို့ရာတွင်မယ်မယ်မှာ ရယ်မောသျက် အထူးရွှင်လန်းလျက် ရှိသည့်အတွက် သူတို့ တစ်သိုက်မှာ မယ်မယ်ပြန်မချင်း အောင့်အည်းနေရလေ၏။ မယ်မယ်သည် လှေကားထစ်များပေါ်တွင် ကော်ဇောများ အခင်းခိုင်းပြီးလျှင် အခေစံများကို ထိုင်ခေပြီး သူတို့အား ဖရဲသီးများ၊ လမုန့်များ၊ အခြား ချိုချဉ်ခဲဖွယ်များကို ချကျွေးနေပြန်သဖြင့် အခေခံများမှာလည်း လှေကားပေါ်မှာ ထိုင်၍ လကြည့်နိုင်ကြလေ၏။

ထိုအချိန်၌ လမှာ ဘောင်းကင်အလယ်ဘွင်ရောက်လျက်ရှိကာ ခါတိုင်းဘက် လင်းထိန်တောက်ပလျက်ရှိလေ၏။

မယ်မယ်သည် လကိုကြည့်ရင်း

"ဒီလို ထိန်ထိန်သာနေတဲ့ လရောင်အောက်မှာ ပလွေလေး ဘာလေး နားထောင်ရယင် သိပ်ကောင်းတာပေါ့အေ" ဟု ဆိုကာ ပလွေမှုတ်ကျွမ်းကျင်သည့် မိန်းကလေး တစ်ယောက်ကို အခေါ်ခိုင်းလိုက်လေ၏။

"ပလွေ ဘာခင်းဘည်းဆိုယင် တော်ပြီနော်။ တူရိယာတွေများနေယင် ဟုန်ပြီး နားထောင်လို့မကောင်းဘူး။ ပလွေဘောင်မှ အနီးကပ် နားမထောင်လို့ မကောင်းဘူး။ ခပ်ဝေးဝေးကမှ နားထောင်လို့ကောင်းတယ်"

ပလွေမှုတ်သည့် သူငယ်မကလေးက ပလွေကို စတင်မှုတ်စပြုနေစဉ် ဒေါ်လေးဆင့်၏ အစေတော်ကြပ်တစ်ယောက် ရောက်လာကာ ဒေါ်လေးဆင့်အား တစ်စုံတစ်ရာ တီးတိုးပြောဆိုနေသည်ကို တွေ့ရလေ၏။

'ဟဲ့ ဟိုဘက်က တိုးတိုး တိုးတိုးနဲ့ ဘာပြောနေကြတာလဲ"

"သခင်ကြီး ကျိရှုပါ။ အိမ်အပြန်မှာ ချော်လဲလို့ ခြေပွတ်တိုင်လည်သွားပါတယ်"

မယ်မယ်သည် အစေတော်နှစ်ယောက်ကို ချက်ချင်း စေလွှတ်၍ စုံစမ်းခိုင်းလိုက်ပြီး ဒေါ်လေးဆင့်ကိုလည်း မြန်မြန်ပြန်ရန် ပြောလေ၏။ ဒေါ်လေးဆင့် ပြန်မည်အပြုတွင် မယ်မယ်က

"မိသုလဲလိုက်ချင်လိုက်သွားလေ။ ငါလဲခဏနေယင်ပြန်တော့မှာ" မမသုက ရှင်မြူးစွာဖြင့်

"ဒီနေ့တော့ ကျွန်မ မပြန်တော့ဘူး မယ်မယ်။ မယ်မယ်နဲ့အတူ တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့မှာ"

"မလုပ်ပါနဲ့အေ။ မကောင်းပါဘူး။ ဒီလိုညမျိုးမှာ ညည်းတို့လို ငယ်ငယ်ရွယ်ရွယ် လင်မယားတွေ အတူတကွ ရှိသင့်တာပေါ့။ ကျုပ် ကြောင့် ကိုယ့်လင်ကိုစွန့်ပြီး မလာခဲ့ပါနဲ့"

မမယုမှာ မျက်နှာနီရဲသွားရာက

"အို...မယ်မယ်ကလဲ ဘာတွေ လျှောက်ပြောနေတာလဲ။ မိယုတို့ဟာ ငယ်တော့တဲ့အရွယ်တွေမှ မဟုတ်တော့တာ။ မိယုတို့လက်ထပ်တာကို ဆယ့်နှစ်နှစ်ကျော်လောက် ရှိနေပြီ။ ပြီးတော့ အသက်ကိုလဲကြည့်ပါဦး။လေးဆယ်နားကပ်နေပြီ။ ပြီးဘော့လဲဈာပနအတွက် ပူဆွေးချိန်ကြီး။ ဒီနေ့ည မယ်မယ်နဲ့အတူနေလို့လဲ ကျွန်မတို့အဖို့ မထူးတော့ပါဘူး။ မယ်မယ်က ဘာဖြစ်လို့နှင်နေရတာလဲ"

မယ်မယ်က ရယ်လိုက်လျက်

"အံမယ်လေး၊ ဒီလိုဆိုယင်လဲ ရပါတယ်တော်။ နေနိုင်ပါတယ်။ ကျုပ်က ရွှေနန်းတော်က ဈာပနအတွက် ပူဆွေးချိန်ဆိုတာ မေ့သွားလို့ ပြန်လွှတ်မိတာပါ။ အင်း၊ ဟုတ်တာပေါ့လေ၊ညည်းတို့ယောက်ျားမကြီးဆုံးသွားတာတောင် နှစ်နှစ်ရှိသွားပြီ။ အချိန်များကလဲ ကုန်လွယ်လိုက်တာနော်။ ဒီတော့ မေ့သွားတာကို အပြစ်ဒဏ်ပေးတဲ့အနေနဲ့ ခွက်ကြီးကြီးနဲ့ တစ်ခွက်တော့ သောက်ဦးမယ်အေ။ ကဲ။ ဒီတော့ ပြန်လဲမပြန်ပါနဲ့ဦး။ ငါနဲ့အတူနေပါဦး။ ကျိယုနှမိန်းမကတော့ ဒေါ်လေးဆင့်နဲ့ လိုက်ချင်လိုက်သွားတော့"

ထို့ကြောင့် မမယုသည် သူ့ချွေးမကို ဒေါ်လေးဆင့်နှင့်ပြန်လိုက်သွားရန် ပြောလေ၏။ သူတို့တစ်သိုက်သည် ဝင်းဝတွင် ရထားပေါ်သို့ တက်ပြီး ထွက်ခွာသွားကြလေ၏။

ဥယျာဉ်ထဲတွင်မူ မယ်မယ်သည် ကျန်ရစ်သူများနှင့်အတူ ဝေနေအောင် ပွင့်နေသောခွာညိုပန်းများကို လျှောက်ကြည့်ကြလေ၏၊ ထိုနောက် ထမင်းစားပွဲသို့ပြန်လာကာ နောက်ထပ်ကျိုထားသည့် အရက်များကို သောက်ရင်း စားသောက်ဖွယ်များကိုစားကြပြန်လေ၏။ထိုသို့စားသောက်

နေကြစဉ် ပန်းရုံများအောက်မှ ချိုသာညှင်းပြောင်းသည့် ပလွေသံပေါ်ထွက်လာသည်ကို ကြားရလေ၏။ ထိန်လင်းလျက်ရှိသော လရောင်၊ သန့်ရှင်းသော လေပြည်၊ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည့်မြေကြီးနှင့် ကျယ်ပြောသည့် ကောင်းကင်ကြီးအောက်၌ ပလွေသံသည် ဆွတ်ပျံ့ဖွယ်ကောင်းလျက် ရှိလေ၏။ အားလုံး စကားမပြောနိုင်ကြဘဲ တိတ်ဆိတ်ကာ ပလွေသံကို စူးစိုက်နားထောင်လျက်ရှိကြလေ၏။

ပလွေသံသည် လက်ဖက်ရည်နှစ်ခွက်သောက်စာမျှ ပျံ့လွင့်လျက်ရှိလေ၏။ ပြီးသွားသည့်အခါတွင် အားလုံးပလွေသံကို ချီးမွမ်းပြောဆိုကြလေ၏။ ထိုနောက် နွေးထားသော အရက်ချိုများကို ယူလာခဲ့ကြလေ၏။

"ပျော်စရာမကောင်းဘူးလားအေ"ဟုမယ်မယ်က ဝင်းထိန်သောမျက်နှာဖြင့် လှမ်းမေးလိုက်လေ၏။

"သိပ်ကောင်းတာပဲ မယ်မယ်ရယ်။ဒီလို လ,ကိုကြည့်ပြီးဒီလိုတေးသံကို နားထောင်ရတာ ဒီလောက်ကြည်နူးစရာကောင်းလိမ့်မယ်လို့,တစ်ခါမှ မထင်ခဲ့ဖူးဘူး။ တကယ်တော့ ပျော်စရာအရသာကို ဘယ်လိုခံစားရတယ်ဆိုတာ ကျွန်မတို့ကို သင်ပေးဖို့လိုသေးတယ်နော်။ မယ်မယ်ဆီမှာ သင်ရဦးမယ်"

"ဒါက ဘာဟုတ်သေးသလဲအေ။ တေးသံက ဒီထက်လေးတွဲ့ပြီးနေယင် ပိုပြီးတောင် ကောင်းသေးတယ်။ လရောင်မှာ တေးသံက ပိုပြီးတွဲ့လေ ကြည်နူးစရာလွမ်းစရာကောင်းလေပဲ"

သူတို့တစ်သိုက်သည် ရွှေနန်းတော်ကြီးမှ ပေးပို့လိုက်သည့် ထင်းရှူးဆံ ဌာပနာထားသည့် ဖရဲစေ့ဆီကြော်မုန့်ကို စားသောက်လျက်ရှိကြခြင်းဖြစ်ရာ မယ်မယ်သည် လ,မုန့်နှင့်တကွ၊ နွေးထားသည့် အရက်ချိုကို ပလွေမှုတ်သူထံ အပို့ခိုင်းလိုက်လေ၏။ အရက်ချိုကို ဖြည်းဖြည်းချင်းသောက်ပြီး နောက်တစ်ဖန်ပလွေအမှုတ်ခိုင်းလိုက်ပြန်လေ၏။အခိုင်း မိန်းမကြီးနှစ်ယောက်တို့က ပလွေမှုတ်သူထံထွက်သွားတော့မည်ပြုစဉ် စောစောက ကျိရှုံခြေပွတ်တိုင်လည်သည်ကို အမေးခိုင်းလိုက်သည့် အစေတော် နှစ်ယောက်လည်း ပြန်လာကြလေ၏။

"သခင်ကြီးကျိရှဲကို ကျွန်မတို့ကြည့်ပြီးပြီရှင့်။ ညဘက် ခြေခွင်က နည်းနည်းရောင်နေပါတယ်။ ခုတော့ ဆေးစည်းပြီးလို့ တော်တော်လေး သက်သာသွားပါပြီ။ ကိစ္စမရှိပါဘူး"

မယ်မယ်က ခေါင်းညိတ်ပြလေ၏။

"အင်း၊ ငါက သားသမီးအတွက်ဆိုယင် အင်မတန် စိုးရိမ်တတ်တာ။ ငါ့ကိုတော့သူက အငယ်တွေဘက်ကိုလိုက်တယ်တဲ့။ ငါ့မှာဖြင့် သူ့အတွက်စိုးရိမ်လိုက်ရတာ" ဟုဆိုကာ မယ်မယ်သည် ခပ်စောစောက ကျိရှဲ ပေးသွားသည့် ရယ်စရာပုံပြင်ကို ပြန်ပြောပြလေ၏။

"ဒါကတော့ အရက်ကလေးနည်းနည်းထွေလို့ပြောသွားတာ ဖြစ်မှာပါ မယ်မယ်ရယ်။ တစ်ခါတလေ မယ်မယ်ကို ရည်ရွယ်ပြီး ပြောတာ မဟုတ်ပါဘူး။ စိတ်ကူးတည့်ရာကိုပြောလိုက်တာဖြစ်ပါလိမ့်မယ်။ ဒီလောက်လဲ စိတ်ထိခိုက်မနေပါနဲ့" ဟု ဒေါ်လေးဝမ်ကပြောလေ၏။

ယုန်ယွမ်းသည် ဦးထုပ်ပျော့တစ်လုံးနှင့် ဝတ်လုံကို ယူလာလေ၏။

"တော်တော်ညဉ့်နက်နေပြီမယ်မယ်၊ ခဏနေယင် နှင်းတွေကျလာတော့မယ်။ ဝတ်လုံကို ခြုံမထားယင် အအေးမိနေလိမ့်မယ်။ ခဏနေယင် အိမ်ထဲဝင်ဖို့ကောင်းပြီထင်တယ်"

"နေစမ်းပါဦးအေ။ ပျော်ပျော်ပါးပါးကလေး နေပါရစေဦး။ ဘာဖြစ်လို့ငါ့ကို ဒီလောက်နှင်နေရတာလဲ။ ငါမူးလို့လား၊ မမူးပါဘူး။ မသွားနိုင်ဘူး။ အရက်ကုန်တဲ့အထိတော့နေရဦးမယ်"

မယ်မယ်သည် နောက်ထပ်အရက်ချိုတောင်းကာ ဝတ်လုံအင်္ကျီနှင့် ဦးထုပ်ကိုဝတ်ဆင်ပြီးလျှင် နောက်ပြောင်ပြောဆိုလျက်ရှိလေ၏။

ပန်းရုံများဘက်ဆီမှ နောက်တစ်ကြိမ် ပလွေမှုတ်သံကိုကြားရလေ၏။ ယခုအကြိမ်တွင် တေးသံမှာ ပို၍လွမ်းစရာကောင်းလျက်ရှိသဖြင့် အားလုံးငြိမ်သက်စွာ နားထောင်လျက်ရှိကြလေ၏။ မယ်မယ်မှာ အရက်ကလေးကလည်း ထွေ၊ လကလည်းသာ၊ ညကလည်းတိတ်ဆိတ်၊ တေးသံကလည်း သာယာသဖြင့် မျက်ရည်မဆည်နိုင်အောင် ဖြစ်လျက်ရှိလေ၏။ အခြားသူများမှာလည်း တေးသံကိုနားထောင်ကာ စိတ်ထိခိုက်လျက် ရှိကြသော်၏။ သို့ရာတွင် မယ်မယ်စိတ်ထိခိုက်သည်ကို မြင်ကြသည့်အခါတွင် အခြားသူ

များသည် မယ်မယ်စိတ်ပြေလက်ပျောက်ဖြစ်ရန် ရယ်စရာ မောစရာများကို ဆုညွှန်ပြောဆိုကာ နောက်ထပ်အရက်တောင်းပြီး ပလွေမှုတ်ခြင်းကိုလည်း အရပ်ခိုင်းလိုက်လေ၏။

မမယုက

"ရယ်စရာပုံပြင်တစ်ခု ကျွန်မကြားဖူးတယ်။ မယ်မယ်ရယ်ရအောင် ပြောရဦးမယ်"

"ကောင်းသားပဲအေ့။ ပြောပါ" ဟု မယ်မယ်က အားပြုပြုံးလိုက်ရင်းပြောလေ၏။

"မိသားစုတစ်ခုမှာ သားလေးယောက် ရှိသတဲ့။ အကြီးဆုံးမှာ မျက်လုံးတစ်ဘက်ပဲပါသတဲ့။ ဒုတိယသားမှာ နားတစ်ဘက်ပဲပါသတဲ့။ တတိယသားကျတော့ နှာခေါင်းတစ်ပေါက်ပဲပါသတဲ့။ အငယ်ဆုံးသားကျတော့ အင်္ဂါအားလုံးစုံပေမယ့် ဆွံ့အနေသတဲ့"

မယ်မယ်မျက်လုံးများမှိတ်ထားသည်ကိုမြင်သဖြင့် ဒေါ်လေးဝမ်က မယ်မယ်အိပ်ပျော်နေခြင်းရှိမရှိကြည့်ရန် လှမ်းပြောလိုက်၏။ မယ်မယ်က မျက်လုံးများကိုဖွင့်လိုက်ပြီ လျှင်

"အိပ်မပျော်ပါဘူးအေ။ မျက်လုံးတွေ ညောင်းလို့ ခဏအနားပေးထားတာပါ။ မိယုပြောမယ့်ပုံပြင်ကိုသာပြောပါ။ ငါနားထောင်နေပါတယ်"

ဒေါ်လေးဝမ်က စိုးရိမ်ဟန်ဖြင့်

"သန်းခေါင်ကျော်နေပြီ မယ်မယ်။ လေလဲတိုက်တယ်၊ နှင်းလဲကျနေတယ်။ ပြန်ပြီးနားလိုက်ပါတော့လား။ လ ကိုကြည့်ချင်ယင် မနက်ဖြန်မှ ဆက်ကြည့်ပါလား။ လပြည့်ကျော် တစ်ရက်နေ့ဆိုယင်လဲ လ က သာနေတာပဲ"

"တော်တော်ညဉ့်နက်နေလို့လား"

"ညဉ့်နက်နေပြီ မယ်မယ်။ ကလေးမလေးတွေလဲ တော်တော် အိပ်ချင်ကြပြီထင်တယ်"

"အေးလေ၊ ဒီလိုဆိုယင်လဲ အိပ်ရတာပေါ့။ ညည်းတို့က ညလုံးပေါက် နေတဲ့အကျင့် မရသေးဘဲကိုး။ ကလေးမ ကလေးတွေက နုနယ်

တော့ အိပ်ရေးပျက် မခံနိုင်ဘူးပေါ့။ ကြည့်စမ်းပါဦး၊ တန်ချွန်း တစ်ယောက်ပဲ ကျန်တော့တယ်ထင်တယ်။ ညည်းတို့လဲ ပြန်ကြတော့။ လူစုခွဲဖို့ အချိန်ရောက်ပြီ”

မယ်မယ်သည် ထိုင်ရာမှထကာ ဝတ်လုံကိုခြုံလိုက်ပြီးနောက် လက်ဖက်ရည် တစ်ခွက်ကို သောက်လိုက်၏။ အခိုင်းမိန်းမ နှစ်ယောက် သည် အသင့်စောင့်နေသည့် တောင်တမာသား သံလျင်းပေါ်တွင် မယ်မယ်ကို ပွေ့တင်လိုက်ကြလေ၏။ အခြားသူများလည်း သူ့နောက်မှ လိုက်ကာ ဥယျာဉ်ထဲမှ ပြန်လာခဲ့ကြလေ၏။

စားပွဲကို ရှင်းလင်းကျန်ရစ်ခဲ့သော အခိုင်းမိန်းမများသည် ကြွေပန်းကန်တစ်လုံး ပျောက်နေသည်ကို တွေ့ရသဖြင့် တစ်ယောက်ကို တစ်ယောက် မေးမြန်းနေကြလေ၏။

“ပန်းကန်တစ်လုံး ဘယ်သူ့ကြောင့် ကွဲသလဲဟေ့၊ ကွဲယင်လဲ အကွဲကိုယူခဲ့ကြ။ သက်သေအဖြစ်ပြရအောင်လို့။ မပြနိုင်ယင်ခိုးတယ်ဆိုပြီး အဆူအဆဲ ခံနေရဦးမယ်”

မည်သူ့ကြောင့်မှ ပန်းကန်ကွဲခြင်းမရှိဟု ပြောကြလေ၏။

“သခင်မကလေးတွေကို လက်ဖက်ရည် တည်တဲ့ အစေခံတွေ ကြောင့်များ ကွဲသလားမသိဘူး။ စဉ်းစားကြည့်စမ်းပါဦး၊ ဒါမှမဟုတ်ယင်လဲ သူတို့ကိုသွားမေးကြည့်ယင် မကောင်းဘူးလား”

လက်ဖက်ရည်တည်ခင်းရာတွင် ကြီးကြပ်ရသည့် အစေတော်က

“ဟုတ်တယ်၊ သွားမေးမှဖြစ်မယ်။ ငါ့အထင်တော့ ဆွံ့လူ ပန်းကန်တစ်လုံး ယူသွားတယ် ထင်တာပဲ။ လိုက်မေးကြည့်လိုက်ဦးမယ်”

အစေတော်က ဆွံ့လူထံ လိုက်မေးမည် အပြုတွင် အမိုးမိုးထားသည့် စင်္ကြံအတိုင်း မိမိတို့ထံသို့ ဇူချွန်းနှင့်အတူလျှောက်လာသော ဆွံ့လူကို တွေ့ရလေ၏။

“မယ်မယ် ပြန်သွားပလား။ တို့သခင်မကလေးတွေ ဘယ်များရောက်နေသလဲ။ မမြင်မိဘူးလား”ဟု ဆွံ့လူက လှမ်း၍မေးလေ၏။

“ပန်းကန်တစ်လုံးပျောက်နေလို့၊ ညည်းဆီကို လာမေးတာအေ့။ ငါက မမေးရသေးဘူး၊ ညည်းက ညည်းသခင်မတွေပျောက်လို့ မေးနေရပြန်ပြီ”

“ဟုတ်တယ်၊ မလေးစမ်းယဉ်ဖို့ လက်ဖက်ရည်ငှဲ့ပြီးသွားပေးတာ၊ မလေးစမ်းယဉ်ကိုရှာမတွေ့လို့။ ဘယ်နားထွက်သွားလိုက်မှန်းမသိဘူး”

“အားလုံးအိပ်ကုန်ကြပြီဆို။ခုဘင် မယ်မယ်ကပြောနေသေးတယ်။ ညည်းကတော ညည်းကို မခိုင်းအောင် တစ်နေရာရာကို ရှောင်နေတာပေါ့လေ”

“အိပ်ရာထဲတော့ မရောက်ကြသေးဘူး ထင်တာပဲ။ တစ်နေရာရာများ လျှောက်ကြည့်နေသလား မသိဘူး။ ဒါမှမဟုတ်ယင်လဲ မယ်မယ့် အပြန်ကို လိုက်များပို့နေကြသလားမှမသိဘာ။ မယ်မယ့်ဆီကို သွားရှာရယင် မကောင်းဘူးလား။ သူတို့ကိုတွေ့ယင် ညည်းပျောက်နေတဲ့ လက်ဖက်ရည်ပန်းကန်လဲ တွေ့ချင်တွေ့မှာပေါ့။ မနက်ဖြန်ကျမှ အေးအေး ဆေးဆေး ရှာစမ်းပါအေ။ ဘာဖြစ်လို့ ဒီလောက် အလောသုံးဆယ်ဖြစ်နေရတာလဲ”

“အဲဒီမှာရှိတယ်ဆိုယင်တော့အရေးမကြီးဘူးပေါ့အေ့။ မနက်ဖြန်ကျမှ သွားယူရုံပေါ့”

လက်ဖက်ရည်ပန်းကန်ပျောက်ရှာသည့် အခိုင်းမိန်းမသည် ပြန်သွားရာ ဇူချွန်းနှင့်ဆွံ့လူတို့သည်လည်း မယ်မယ်၏အဆောင်သို့ လာခဲ့ကြလေ၏။

ထိုက်ယုနှင့်စမ်းယဉ်တို့မှာ မအိပ်ကြသေးချေ။ ကျိစံအိမ်ကြီးတွင် ဆွေမျိုးသားချင်းများ ပြန်လည်ဆုံကြရာတွင် ယခင်ကလောက် စည်ကားသိုက်မြိုက်ခြင်းမရှိဟု မယ်မယ်ကပြောခြင်း၊ ပေါက်ကြည်နှင့် ပေါက်ကျင်းတို့ကလည်း ပွဲတော်သို့မလာဘဲ သူတို့အိမ်တွင် သူတို့ဘာသာ ပွဲတော်ကျင်းပခြင်းတို့ကိုသိရသည့်အခါတွင် ထိုက်ယုသည် စိတ်မကောင်းသည့်အတွက် အပြင်သို့ အသာထွက်လာကာ တစ်ယောက်တည်း ကျိတ်၍ငိုလျက်ရှိလေ၏။ ပေါက်ယုမှာလည်း ကျင်ဝမ်း၏ကျန်းမာရေးအခြေအနေ

တစ်နေ့တခြား ဆိုးလာသည့်အတွက် ယခုတလောတွင် စိတ်မကောင်းဖြစ်လျက်ရှိစဉ် သူ့မိခင် သခင်မဝမ်က အိပ်ရာသို့အဝင်ခိုင်းသဖြင့် အိပ်ရာသို့ ဝင်လာခဲ့လေ၏။ တန်ချွန်းမှာလည်း သူ့မိသားစုကိစ္စကြောင့် စိတ်ညစ်လျက်ရှိသည့်အတွက် စန္ဒြာပွဲတော်တွင် ကောင်းကောင်းမပျော်နိုင်ချေ။ ယင်ချွန်းနှင့်ဆီချွန်းတို့မှာလည်း ထိုက်ယုနှင့် ယခုတလောတွင် ဂတောက်ကဆ ဖြစ်ထားကြသည့်အတွက် ထိုက်ယုအား နှစ်သိမ့်ပေးမည့်သူဆို၍ စမ်းယဉ်တစ်ယောက်သာ ရှိပေ၏။

စမ်းယဉ်က

"ထိုက်ယုကလဲ အဓိပ္ပာယ်မရှိ ဘာဖြစ်လို့ငိုနေရတာလဲကွယ်။ ဘာစိတ်ထိခိုက်စရာ ရှိလို့လဲ။ ထိုက်ယုမှာ မိဘဆွေမျိုးရယ်လို့ မရှိတော့သလို ကိုယ့်မှာလဲ မိဘဆွေမျိုးရှိတာမဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ကတော့ ထိုက်ယုလို စိတ်မထိခိုက်ပါဘူး။ ဒါတွေကိုလဲ ထည့်စဉ်းစားမနေဘူး။ နဂိုကမှ ကျန်းမာရေးမကောင်းရတဲ့အထဲ ဒီလို စိတ်ထိခိုက်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှပေါ့။တစ်ခုတော့ရှိတယ်။ပေါက်ကျင်းနဲ့ ပေါက်ကြည်လုပ်ပုံကတော့ သိပ်မကောင်းဘူး။ စန္ဒြာပွဲတော်ကျယင် ကိုယ်တို့တစ်တွေ စုပြီး ကဗျာစပ်ဖို့ ကောင်းသလေး ဘာလေးနဲ့ ပြောပြီး တကယ့်လုပ်တဲ့အခါကျတော့ သူတို့က ပေါ်မလာကြဘူး။ ကိုယ့်ဘာသာကိုယ် ဆွေမျိုးတစ်သိုက်နဲ့လုပ်ကြတယ်။ အေးလေ၊ သူတို့အစ်ကိုတွေ မောင်တွေက တစ်မှောက်ဆိုတော့ သူတို့ကျေနပ်အောင် အိမ်မှာပဲ နေကြရတယ် ထင်ပါရဲ့။ 'ကိုယ့်အိပ်ရာဘေးမှာ လူစိမ်းတစ်ယောက်ကို အအိပ်မခံနဲ့'ဆိုတဲ့ ရှေးစကားလဲ ရှိသားပဲကွယ်။ ဒါကတော့ သူတို့ကိုလဲ အပြစ်မဆိုသာပေဘူးပေါ့။ ကဲပါ၊ သူတို့မလာလို့ရှိယင်လဲ ကိုယ်တို့နှစ်ယောက်တည်းပဲ ကဗျာစပ်ကြမယ်၊ ဘယ့်နှယ်လဲ"

စမ်းယဉ်က သူ့ကို နှစ်သိမ့်အားပေးလျက်ရှိသဖြင့် ထိုက်ယုမှာလည်း အခြားသူ စိတ်မညစ်စေလိုတော့သည့်အတွက်

"စပ်လေ။ ဒါပေမယ့် ဒီနားမှာ ဒီလောက်ဆူညံနေတာ ဘယ်မှာကဗျာညဏ်ရမလဲကွယ်"

"တောင်ကုန်းပေါ်တက်ပြီး လရောင်ကြည့်ရတာ ကောင်းတော့ကောင်းပါရဲ့။ ဒါပေမယ့် ရေစပ်နားကနေပြီး ကြည့်ရတာ ပိုပြီးမကောင်းဘူးလား။ ဒီတောင်ကုန်းခြေရင်းမှာ ကန်တစ်ကန်ရှိတယ် မဟုတ်လား။ အဲဒီနားမှာ မှန်ခွက်သလင်းအိမ်လဲ ရှိတယ်။ ကြည့်စမ်း၊ ဒီဥယျာဉ်ကြီးကို တည်ထားပုံဟာ ဘယ်ကလောက် စိတ်ကူးကောင်းသလဲ။ တောင်ကုန်းကိုတော့ မှန်ခုံးမြစိမ်းတောင်တဲ့၊ အောက်ခြေက ကန်ကိုတော့ မှန်ခွက်သလင်းကန်တဲ့။ ဘယ်လောက်လှတဲ့ နာမည်လေးတွေလဲ။ မှန်ခုံးနဲ့ မှန်ခွက်ဆိုတဲ့ စကားလုံးမျိုးကို ဘယ်ကဗျာတွေမှာမှ မတွေ့ဖူးဘူး။ ဘယ်လောက်ဆန်းသစ်တဲ့နာမည်တွေလဲ။ပြီးတော့ ဒီနေရာနှစ်နေရာကိုလဲ ကြည့်လိုက်ဦး၊ တစ်ခုက အထက်မှာ၊တစ်ခုကအောက်မှာ။ တစ်ခုကလင်း၊တစ်ခုက မှောင်လို့။ တစ်ခုက တောင်ကုန်း၊ တစ်ခုက ရေကန်။ ဘယ်နေရာကနေပြီး လရောင်ကိုကြည့်ချင်သလဲ။ အမြင့်ကနေ လရောင်ကို ခံစားချင်တဲ့လူအဖို့ တောင်ပေါ်ကို တက်ကြည့်နိုင်တယ်။ ရေထဲမှာ လရောင်ဖြာကျတာကို ကြည့်ချင်တဲ့လူအဖို့ ကန်စပ်မှာသွားထိုင်နိုင်တယ်။ ဒါပေမယ့် ခုံးနဲ့ ခွက်ဆိုတဲ့ စကားနှစ်လုံးကတော့ သိပ်ပြီး မလှဘူး၊ နည်းနည်းထောင့်နေတယ်။ ဒါကြောင့်မို့ 'မင်သေးခုံခွက်၊ မင်ပြည့်လျက်တည့်'ဆိုတဲ့ လူယုံရဲ့ဘကို ထောင့်တယ်လို့ ရှေးက ပြောခဲ့ကြတာ မဟုတ်လား"

"ခွက်ဆိုတဲ့စကားလုံးကို လူယုတစ်ယောက်တည်း သုံးခဲ့တာတော့ မဟုတ်ပါဘူးကွယ်။ ဒီစကားလုံးကို သုံးခဲ့ဖူးတဲ့စာဆိုတွေ အများကြီးပါ။ ကျန်းယင်ရဲ့ 'မြစိမ်းရောင်ရေညှိ' ဆိုတဲ့ ဆောင်းပါး စာမှာရယ်၊ ဆုန်ဖန့်ရှောင်ရဲ့ 'ထူးခြားဆန်းကြယ်သော မှတ်တမ်းများ'ဆိုတဲ့ကျမ်းမှာရယ်၊ ကျန်းယင့်ယုန်ရဲ့ 'ပန်းချီပညာ' ကျမ်းမှာရယ်၊ ဒီစကားလုံးတွေကို သုံးခဲ့ပြီးသားပါ။ ဒီပြင်လဲအများကြီးပါ။ ဒီတော့ ရှေးစာတွေကို ကောင်းကောင်းမဖတ်ဖူးတဲ့ လူတွေက ဒီစကားလုံးတွေကို ထောင့်တယ်၊ ရိုင်းတယ်လို့ ထင်ကြတာပေါ့။

"အမှန်ကတော့ ဒီနာမည်တွေကိုပေးဖို့ ကိုယ်ပဲ အကြံပေးခဲ့တာပါ။ တစ်ခါမှမမှည့်ဖူးသေးတဲ့ နာမည်တွေဆိုပြီး ကိုယ်တို့ စဉ်းစားပြီး ပေးခဲ့ကြတာ။ ဒီနာမည်တွေကို ရွှေနန်းတော်ကြီးကိုယူသွားပြီး မြောက်

နန်းမိဖုရားကိုသွားပြရတယ်။ မြောက်နန်းမိဖုရားက ကြိုက်တယ်ဆိုတော့မှ ဦးကြီးကျိ ချိန်ဆီပြန်ပို့လိုက်ပြီး ဦးကြီးကိုယ်တိုင် အတည်ပြုထားခဲ့တဲ့ နာမည်တွေပါ။ ဦးကြီးက ဒီလိုမှန်းသိယင် ဥယျာဉ်ကြီးထဲက နာမည်တွေကို ကိုယ်တို့မိန်းကလေးတွေကိုအမှည့်ခိုင်းရယင် အကောင်းသားလို့တောင် ပြောခဲ့သေးတယ်။ ကဲ၊ မှန်ခွက်သလင်းအိမ်မှာ သွားထိုင်ချည်ရအောင်”

သူတို့နှစ်ယောက်သည် ဘောင်ကုန်းပေါ်မှဆင်းသက်ခဲ့ကြပြီးလျှင် ကွေ့တစ်ကွေ့ကိုကျော်ကာ ရေကန်နားသို့ ရောက်လာခဲ့ကြလေ၏။ ဝါးလုံးကလေးများ ကာရံထားသည့် လမ်းကလေးအတိုင်း လျှောက်လာခဲ့သည့်အခါတွင် ကြာနံ့သင်းကြည် အဆောင်နားသို့ရောက်လာခဲ့ကြလေ၏။ ထိုက်ယုတို့ ပြောခဲ့သည့် မှန်ခုံး မြစိမ်းဆောင်ကုန်းအောက်ခြေတွင် ရှိသည့် အဆောင်ကလေးမှာ ရေစပ်နားက ချိုင့်ထဲတွင် ရှိသဖြင့် မှန်ခွက်သလင်းအိမ်ဟု အမည်ပေးထားကြလေ၏။ အိမ်ကလေးမှာ အခန်းနှစ်ခန်းသာရှိသည့် အိမ်ငယ်ကလေး ဖြစ်သဖြင့် ညတွင်အစောင့် မိန်းမနှစ်ယောက်သာ ချထားလေ၏။ မှန်ခုံးမြစိမ်းဆောင်ပေါ်တွင်ရောက်နေသည့် သခင်မကလေးများသည် သူတို့ဆီသို့ဆင်းလာမည် မထင်သည့်အတွက် အစေတော်နှစ်ယောက်သည် သူတို့ကိုယ်တိုင် အရက်ချိုသောက်၍ အားရပါးရစားသောက်ကြပြီးနောက် မီးများကိုငြိမ်းကာ အိပ်ရာထဲသို့ ရောက်နေကြလေပြီ။

မှောင်နေသည့် အဆောက်အအုံကလေးကို မြင်သည့်အခါတွင် စမ်းယဉ်က

“အစောင့်တွေအိပ်ကုန်ကြပြီ။ ကောင်းတယ်။ ကိုယ်တို့နှစ်ယောက် ဒီအမိုးကလေးအောက်မှာထိုင်ပြီး လရောင်ကို ကြည့်တာပေါ့”

သူတို့နှစ်ယောက်သည် ဝါးခုံတန်းကလေးတစ်ခုပေါ်တွင် ထိုင်ကာ ကောင်းကင်တွင် ရှန်းလင်းစွာသာနေသော လမင်းကြီးကို မော့ကြည့်နေကြလေ၏။ နောက်တစ်ဖန် ရေထဲတွင်အရိပ်ထင်နေသောလဝန်းကို ကြည့်ကြပြန်လေ၏။ ကောင်းကင်တွင် ရှန်းသင်းနေသောလနှင့် ရေထဲတွင် ဖြာကျနေသောလရောင်တို့သည် တစ်ခုနှင့်တစ်ခု အလှချင်း ပြိုင်နေကြသကဲ့သို့ရှိလေရာ သူတို့နှစ်ယောက်သည် ရေသူမ၏ ဘုံဗိမာန်သို့

ရောက်နေပြီဟုပင် ထင်မိကြလေ၏။ လေညင်းကြောင့် လှိုင်းတွန့်ကလေးတွေ ဖြာသွားကာ လရောင်တွန့်သွားသည့်အခါ၌ သူတို့စိတ်ထဲတွင် ကြည်နူးလျက် ရှိကြလေ၏။

“ခုနေ ကန်ထဲမှာလှေကလေးစီးပြီး အရက်ချိုကလေးသောက်နေရယင် ဘယ်လောက်ကောင်းမလဲ မသိဘူးနော်။ ကိုယ့်အိမ်မှာသာ ဆိုယင်တော့ လှေကလေးကို ထုတ်ယူလိုက်ရုံပဲ”ဟု စမ်းယဉ်ကပြောလေ၏။

“‘အားလုံးကို လိုလေသေးမရှိ ပြည့်စုံနေတယ်ဆိုယင်လဲ ပျော်ရွှင်မှုကို မရနိုင်ဘူး’ဆိုတဲ့ ရှေးစကားရှိတယ်မဟုတ်လား။ ကိုယ့် အဖို့တော့ ဒီလောက်ဆိုယင်ကို တော်တော်လေးကောင်းနေပါပြီကွယ်”ဟု ထိုက်ယုက ပြောလေ၏။

“အေးလေ၊ လူဆိုတာ ရလေလိုလေ မဟုတ်လား။ ဒါကြောင့် ရှေးလူကြီးတွေက ပြောခဲ့တာပေါ့။ ‘ချမ်းသာသူများသည် လိုလေသေး မရှိ ပြည့်စုံကြသည်ဟု ဆင်းရဲသူများက ထင်ကြ၏။ မပြည့်စုံဟုပြောလျှင် ယုံကြည်ခြင်း မရှိကြကုန်၊ သူတို့ကိုယ်တိုင် ချမ်းသာလာသည့် အခါတွင်မှ ယုံကြည်ကြကုန်၏’လို့ ဆိုခဲ့တယ် မဟုတ်လား။ ကိုယ်တို့နှစ်ယောက်ကိုလဲ ကြည့်ပါလား။ ကိုယ်တို့မှာ မိဘတွေမရှိတော့သည့်တိုင် ကောင်းကောင်းမွန်မွန် လိုလေသေးမရှိ နေနိုင်တယ်။ ဒါပေမယ့် ကိုယ်တို့မှာ မပြည့်စုံဘူး ဆိုပြီး စိတ်ညစ်နေကြရပြန်ရော”

“ဒါကတော့ ကိုယ်တို့ဘင် မဟုတ်ပါဘူးကွယ်။ မယ်မယ်တို့၊ ဒေါ်လေးဝမ်တို့၊ ဒေါ်လေးဆင့်တို့ကိုယ်တိုင် အဲဒီအတိုင်းပဲမဟုတ်လား။ ပေါက်ယုတို့၊ တန်ချွန်းတို့မှာလဲ ဒီအတိုင်းပါပဲ။ တစ်ခုမဟုတ် တစ်ခုခုတော့ လိုနေကြတာပဲ မဟုတ်လား။ အမှန်ကတော့ လူတိုင်း ဒီလိုချည်းပါပဲ။ အထူးသဖြင့် မိဘဆွေမျိုးမရှိဘဲ သူများနဲ့နေရတဲ့ ကိုယ်တို့အဖို့တော့ ဘာပြောစရာ ရှိတော့မလဲ”

ထိုက်ယုမှာ ဝမ်းနည်းလာပြန်ကာ ငိုတော့မည်ကဲ့သို့ ဖြစ်လာပြန်လေပြီ။ ဤတွင် စမ်းယဉ်က

"ကဲ....တော်ပါတော့ကွယ်။ ဒီအကြောင်းတွေကို မပြောကြပါနဲ့တော့။ ကိုယ်တို့ဘာသာကဗျာစပ်တာပဲ ကောင်းပါတယ်"

ထိုသို့ပြောဆိုနေကြစဉ် ပလွေသံကို ကြ းရလေ၏။ ထိုက်ယုက

"ဒီနေ့ည မယ်မယ်တို့၊ ဒေါ်လေးဝမ်တို့ကိုကြည့်ရတာတော်တော်စိတ်လက်ကြည်ကြည်သာသာရှိတယ်။ ပလွေသံကလေးက သာယာတော့ကဗျာဉာဏ်ကွန့်မြူးလို့ တော်တော် ကောင်းမှာပဲ၊ ကိုယ်တို့ နှစ်ယောက်ငါးလုံးတွဲကဗျာမျိုးကိုကြိုက်လေတော့ အဲဒီလို ကဗျာချိုးကလေးတွေကိုစပ်ကြည့်ရအောင်လေ"

"ဘယ်ကာရန်နဲ့ စပ်မှာလဲ"

"ဒီလိုလုပ်လေ၊ ကိုယ်တို့နှစ်ယောက် လမ်းလျှောက်ရင်း ဟောဒီဝါးတံတားကလေး လက်ရန်းမှာ တိုင်ဘယ်နှစ်တိုင်ရှိတယ်ဆိုတာကို ရေသွားမယ်။ ဟိုဘက်အဆုံးအထိပေါ့။ အဲဒီအတိုင်းစပ်မယ်။ ဥပမာ တိုင်ခြောက်လုံးရှိတယ် ဆိုပါတော့။ အဲဒီလိုဆိုယင် ရှန်ကာရန်နဲ့ ချမယ်။ ဘယ့်နှယ်လဲ။ အပြောင်းအလဲကလေးပေါ့"

"ကောင်းတယ်"

သို့ဖြင့် တံတားကလေးပေါ်တွင် လျှောက်လာခဲ့ရင်း တိုင်များကိုရေတွက်လာခဲ့ကြရာ ဆယ့်သုံးတိုင်ရှိသည်ကို တွေ့ရလေ၏။ စမ်းယဉ်ကရယ်လိုက်လျက်

"ဆယ့်သုံးတိုင်ဆိုတော့ ယွန်ကာရန်နဲ့ချရမယ့်သဘော ရောက်နေတယ်။ ယွန်ကာရန်နဲ့ဆိုယင် ဒီလောက်ရှည်တဲ့ကဗျာတွေအတွက် ကာရန်ရမှာ မဟုတ်ဘူး။ ခက်တာပဲ။ ကဲ....ထိုက်ယုပဲ စပြီး စပ်လေ"

"ဘယ်သူက သာမလဲဆိုတာ ကြည့်သေးတာပေါ့။ ဒါပေမယ့် စက္ကူကလေး၊ စုတ်တံကလေးရှိယင်တော့ ကောင်းသား"

"အံမယ်လေး၊ မနက်ဖြန်ကျမှ ကူးရေးတာပေါ့။ ခု လေ့လောဆယ်တော့ လက်တန်းပဲစပ်ကြမယ်။ မမေ့ပါဘူး"

"ဒီလိုဆိုယင် ကိုယ်ပဲ အလျင်စပ်မယ်လေ"ဟု ထိုက်ယုက ပြောသည်။

ဆောင်းနှောင်းချမ်းမြ၊ လပြည့်ညဌ်....

စမ်းယဉ်က အတန်ကြာစဉ်းစားပြီးနောက်

မိုးဝပြင်ကျယ်၊ ငွေစင်ကြယ်တို့
ရှန်းမြသော်မော်၊ မီးပုံတော်တွင်
အတူတွဲယှဉ်၊ လျှောက်လာစဉ်ဌ်....

ထိုက်ယုက

ဝေ့ဝိုက်မျောပျံ၊ စောင်းညှင်းသံနှင့်....
အဲအန်ရတု၊ ပျော်မှုသစ်သစ်၊
မူးယစ်ရွှေရည်၊ ချောင်းစီးလည်မျှ....

"အင်း၊ ဒီအပိုဒ်ကလေးကိုတော့ ကိုယ်ကြိုက်သွားပြီ။ နေဦး၊ နေဦး။ ကိုယ်စဉ်းစားလိုက်ဦးမယ်"

ပျော်မြူးကြ၍၊ အိမ်ဝပြတင်း
ဟင်းလင်းဖွင့်ပေး၊ စိမ့်အေးလေပြည်
ဝေ့ဝိုက်လည်လျက်၊ ဖျန်းလေပက်သော်....

"ကောင်းတယ်၊ ကောင်းတယ်။ ကိုယ်တို့လိုချင်တဲ့ အာဘော်ကိုရောက်တယ်။ ဒါပေမယ့် ဒုတိယစာကြောင်းကတော့ နည်းနည်း ပျော့နေတယ်။ ခွန်အားကောင်းကောင်းနဲ့ စပ်ဖို့ကောင်းတယ်"ဟု ထိုက်ယုကပြောလေ၏။

"ကဗျာကလဲရှည်၊ ကာရန်တွေကလဲ ခပ်ဆန်းဆန်းဆိုတော့ ဒီလောက်တော့လဲ ဟာကွက်ရှိမှာပေါ့။ နောက်စာပိုဒ်တွေကျယင် စောင့်ကြည့်ပါဦးလေ"

"မစပ်နိုင်ယင်တော့ ရှက်စရာကြီးနော်"

ရွှန်းပြက်လရောင်၊ နေ့ကြောင်တောင်သို့
အမှောင်ကိုခွင်း၊ အလင်းပက်ဖျန်း....

"ဒါလဲ သိပ်တော့ မကောင်းလှသေးဘူး။ ထိုက်ယုရဲ့ စာပိုဒ်က ရှေးဂန္ထဝင်မဆန်ဘဲဖြစ်နေတယ်။ နေ့စဥ်မြင်တွေ့နေရတာမျိုးကို ကောက်စပ်လိုက်တော့ စမ်း ယဥ်အဖို့ လိုက်စပ်ရတာ ခက်သွားတာပေါ့" ဟု စမ်းယဥ်က ပြောလေ၏။

"မလေးက ရှေးကဗျာတွေမှ ကောင်းကောင်း မဖတ်ဖူးဘဲကိုး။ မုန့်ကိုရည်ရွယ်ပြီးစပ်တဲ့ ရှေးကဗျာတွေထဲမှာလဲ ရှိပါတယ်။ တန်မင်းဆက်ခေတ် ကဗျာတွေကိုလဲ ဖတ်ကြည့်ပါဦး"

"ဟုတ်ပါပြီတဲ့ရှင်။ ဟုတ်ပါပြီတဲ့"

အပျှိုစိမ်းဆတ်၊ မတ်တတ်ရပ်ရင်း
ဖရဲခင်းကို၊ အတင်းဝင်ခူး
ယစ်မူးသင်းပျံ့၊ ရနံ့ကျူလိမ်း
ကျောက်စိမ်းခွာညို....။

"အဲဒါကမှ ရှေးဂန္ထဝင် မဆန်တာ"

"ကဲ၊ ငြင်းမနေနဲ့တော့။ မနက်ဖြန်ကျမှ တခြားလူတွေကိုပြကြည့်ကြမယ်"

"မလေးကဗျာထဲမှာ ဘာတွေမှန်းလဲမသိဘူး။ ကျောက်စိမ်းခွာညိုတို့ ဘာတို့ ဆိုတာက ဂန္ထဝင်စကားလုံးမှမဟုတ်ဘာ"

ပဒုမ္မာကြာပွင့်၊ ရွှေနှယ်တင့်သား
ပျားဖယောင်းတိုင်၊ ဆီမီးပြိုင်လျက်
မြိုင်ဆိုင်ခန်းထဲ၊ စားသောက်ပွဲနှင့်....။

"မလေးကတော့ 'ပဒုမ္မာပွင့်၊ ရွှေနှယ်တင့်သား'ဆိုတဲ့စကားလုံးက ရိုးလွန်းတယ်။ ဒီလို ကာရန်ယူပြီး စပ်ပုံမျိုးကတော့ ဘာခက်တာမှတ်လို့"

"အတူတူပေါ့။ မလေးကလဲ၊ 'ကျောက်စိမ်းခွာညို'လို့ သုံးတာပဲ မဟုတ်ဘူးလား။ ဒီတော့ ထိုက်ယုကလဲ 'ပဒုမ္မာပွင့် ရွှေနှယ်တင့်သား'လို့

ဆိုတဲ့ စကားလုံးတွေ သုံးတော့တာပေါ့။ ဒီတော့ တကယ် အဓိပ္ပာယ်လဲ ရှိ၊ လောကမှာ ထင်သာမြင်သာတဲ့ အလင်္ကာကို သုံးမှာပေါ့"

စမ်းယဥ်က ဆက်၍စပ်၏။

စကားသဥက်၊ အရက်သောက်ပွဲ
ရယ်ပွဲဖွဲ့ကြ၊ ဘုငါအလျှင်
ဒွေးကထုံးစံ၊ ယိုက်ကြဟန်ရှင့်....။

"အင်း၊ ကောင်းတော့ကောင်းပါရဲ့။ ဒါပေမယ့် မလှသေးဘူး" ဟုဆိုကာ ထိုက်က ဆက်၍စပ်လေ၏။

သုံးခုမက၊ သဲလွန်စရှာ
စကားထာဥ္၊ ရှာလိုက်ကြရ
အန်စာကျသော်....။

"သုံးခုမက၊ သဲလွန်စရှာဆိုတဲ့စာပုဒ်က စာမဆန်ဘဲဖြစ်နေတယ်။ နောက်တစ်ပုဒ်ကျယင် ဒီလိုစာစပ်လို့မရတော့ဘူးနော်" ဟုဆိုကာ ဆက်၍စပ်ပြန်လေ၏။

စည်းသုတ်စည်းမြန်၊ ကာရန်ရှာဆဲ
လက်ထဲပန်းရောက်၊ တစ်ယောက်အလှည့်
လွန်မြောက်ခဲ့ပြန်....။

"ကိုယ့်ကာရန်ကိုတော့ လိုက်နိုင်ပါရဲ့။ ဒါပေမယ့် နောက်တစ်ပုဒ်ကျတော့ မကောင်းတော့ဘူး။ ဘာဖြစ်လို့ လရောင်နဲ့လေညင်းအကြောင်းကို သွယ်ဝိုက်ပြောနေရတာလဲ"

"အံမယ်၊ ကိုယ့်စာပိုဒ်ထဲမှာ လေညင်းတို့၊ လရောင်တို့ တစ်ခုမှ မပါသေးဘူး"

"ကဲ၊ ထားလိုက်ပါတော့လေ။ မနက်ဖြန်မှ ဆက်ပြီးစပ်ကြသေးတာပေါ့"ဟုဆိုကာ ထိုက်ယုက ဆက်စပ်၏။

ကောင်းကင်မိုးမြေ၊ သော်ရောင်ငွေသား
ဆေးခြယ်ထားလျက်၊ အိမ်သားညွှဲ့သည်
တစ်သုည့်စိလျှင်....။

"ဘာဖြစ်လို့ ဒိပြင်လူတွေအကြောင်းကို စပ်နေရတာလဲ။ ကိုယ်တို့အကြောင်းပဲ စပ်ရမယ်လေ"ဟုဆိုကာ စမ်းယဉ်က ဆက်စပ်သည်။

တစ်ယောက်တစ်လှည့်(လှဲ့)၊ က
တစ်ယောက်က စပ်၊ ကာရန်ထပ်သော်....။

"ဟုတ်ပြီ"ဟုဆိုကာ ထိုက်ယုက ဆက်၍
ပုဒ်ဖြတ်ပုဒ်ကူး၊ အရက်မူးလည်း
အကူးမမှား၊ စာပိုဒ်များဖြင့်....။

"ဒီတစ်ခါ စမ်းယဉ်က ဆက်ရမှာပေါ့"

ရှည်လျားထိုညာ၊ လွန်မြောက်ကြ၍
ဟာဟာရယ်သံ၊ စကားသံနှင့်....။

ထိုက်ယုက "ခက်တဲ့နေရာကို ရောက်လာပြီနော်"ဟု ဆိုကာ သူ့စာပုဒ်ကိုဆက်၏။

ညဉ့်ယံသည်းသုဉ်း၊ ပွဲလည်းဆုံး၍
ရွှင်ပြုံးပျော်ပွဲ၊ ရယ်သံစဲသော်....။
အားလုံးပြန်ကြ၊ လှေကားဝတွင်

စမ်းယဉ်က

"နေစမ်းပါဦး၊ သူနဲ့လိုက်အောင် ဘယ်လို စပ်ရမလဲ ဆိုတာ စဉ်းစားလိုက်ဦးမယ်"

တလင်းပြင်၌၊ လန်းရွှင်ပန်းပွင့်
နှင်းနှင့်မိုးစက်၊ ဖျန်းကာစက်သော်....

ထိုက်ယုက စမ်းယဉ်ကို ချီးမွမ်းလေ၏။

"စမ်းယဉ်ဟာ ကဗျာဉာဏ်ရှိလျက်သားနဲ့။ အမြဲတမ်း ဝှက်ဝှက်ထားတတ်တယ်။ ပန်းတွေကို ဘယ်လိုများ စိတ်ကူးရသလဲ မဆိုနိုင်ဘူး"

"မနေ့က ရွှေဂန္ဓဝင် ကဗျာပေါင်းချုပ်ကျမ်းကို ဖတ်မိရာက အဲဒီစာလုံးကိုစွဲနေတာ။ ဘယ်လို ပန်းလဲဆိုတာတော့ မမြင်ဖူးသေးဘူး။ ဒါပေမယ့် ပေါက်ကြည်က ပြောတော့ အဲဒီပန်းပင်ရဲ့အရွက်တွေက နေ့မှာသာ လန်းပြီး ညကျတော့ ခွေပြီး အိပ်သွားတယ်တဲ့။ ဒါနဲ့ မလေးလဲ့စာအုပ်တွေထဲမှာ လိုက်ရှာကြည့်တော့ သူပြောတဲ့အတိုင်း ဟုတ်နေတာတွေ့ရတယ်။ ပေါက်ကြည်က ကိုယ်တို့ထက် အများကြီး သိတာပဲ"

"အမှန်ကတော့ ဒီစကားလုံးကို ဒီမှာ သုံးဖို့ မကောင်းဘူး။ ဆောင်းရေတံခွန်ဆိုတဲ့ စကားလုံး။ ဒီတော့ ဒီစကားလုံးကို လှအောင် တော်တော်ရှာယူရလိမ့်မယ်"ဟုဆိုကာ အတန်ကြာစဉ်းစားပြီးလျှင် ဆက်၍ စပ်လေ၏။

မိုးသက်လေပြင်း၊ အိမ်ခြေရင်း၌
အတင်းတိုးဝှေ့၊ တရွေ့ရွေ့နှင့်
တိမ်စမျှင်လည်း၊ ငွေသွင်ကူးခတ်

စမ်းယဉ်က

"ကာရန်ကလေးကတော့လှပါရဲ့။ ဒါပေမယ့် ဒုတိယစာကြောင်းက အသံ ထောင့်နေတယ်။ သိပ်တော့ မဆိုးပါဘူးလေ" ဟု ဆိုကာ စမ်းယဉ်က ဆက်၍စပ်၏။

ပါးစပ်ဟမြဲ၊ ဖားပြုတ်မည်း(မဲ)လျှင်
ငွေစင်လမင်း၊ သူဖန်ဆင်းလျက်

[မှတ်ချက်။ ။တရုတ်ဒဏ္ဍာရီဘွင် လပြည့်ဝန်းကို ဖားပြုတ် အန်ထုတ်သည်ဟု ဆိုသည်။]

ထိုက်ယုက ခေါင်းညိတ်ပြပြီး အောက်ပါအတိုင်း စပ်လေ၏၊

ဝင်းလဲ့ရောင်ညီး၊ နတ်သမီးလျှင်
ခရီးအဝေး၊ သက်ရှည်ဆေးကို
မနှေးမမြန်၊ ဆောင်ယူပြန်၍
မောင်နှံသက်လှယ်၊ ရက်ကန်းသည် (သယ်) နှင့်
သူငယ်နွားကျောင်း၊ လက်ဆောင်ကောင်းကို....၊

[မှတ်ချက်။ ။တရုတ်ဒဏ္ဍာရီတစ်ခုတွင် နတ်သမီးတစ်ပါးသည် ကြင်ရာနတ်သား၏ သက်ရှည်ဆေးကို ခိုးပြေးသည်ဟု ဆိုသည်။ နောက်ဒဏ္ဍာရီတစ်ပုဒ်၌ရက်ကန်းသည်မ(အဘိဇိနက္ခတ်) နှင့်နွားကျောင်းသား (သရဝဏ်နက္ခတ်) တို့ အကြင်လင်မယားဖြစ်ပြီး တာဝန်ပျက်ကွက်ကြသဖြင့် ဘိုးတော်သိကြားမင်းက သူတို့ကို အပြစ်ပေးသည့်အနေဖြင့် နဂါးငွေ့တန်းမှ ခွဲထုတ်လိုက်ပြီး နှစ်စဉ် သတ္တမလဆန်း ၇ ရက်နေ့တွင်မှ တစ်ခါဆုံခွင့်ပြုသည်ဟု ဆိုသည်။]

စမ်းယဉ်က လ ကိုကြည့်လိုက်ပြီးလျှင် ဆက်စပ်ပြန်၏။

ချောင်းမြောင်းခိုးဝှက်၊ ပေးအပ်ချက်ကြောင့်
အမျက်ဒေါသ၊ ချောင်းချောင်းထ၍
လ,ကိုကျိန်ဆဲ၊ အမြဲမသွေ....

"ဟင်၊ ဒီအလင်္ကာကလဲ့ ရိုးနေပါပြီ။ တစ်ခါစပ်သွားပြီးပြီပဲ"

ဆုတ်ဆန်းစေဟု၊ သင့်သေကျိန်စာ
ထားခဲ့ပါ၏။

စမ်းယဉ်က ဆက်၍စပ်မည်အပြုတွင် ထိုက်ယုသည် ကန်ထဲမှအရိပ်မည်းမည်းတစ်ခုကို လက်ညှိုးထိုးပြလိုက်ပြီးလျှင်

"ဟင်၊ ဟိုကန်စပ်ကချုံထဲမှာ ဘာကြီးလဲ မသိဘူး။ မည်းမည်းကြီး။ လူလား တစ္ဆေလား မသိဘူး"

"စိတ်ထင်လို့ပါကွယ်။ကိုယ်ကတော့ တစ္ဆေတို့ဘာတို့ကိုမကြောက်ပေါင်။ ကြည့်၊ ကိုယ် ခဲနဲ့ထုလိုက်မယ်"

စမ်းယဉ်သည် ကျောက်ခဲတစ်လုံးကိုကောက်ပြီး ကန်ထဲသို့ ပစ်လိုက်လေ၏။ ကန်ရေပြင်တွင် ဂယက်တွေထသွားပြီး လ၏အရိပ်သည် ဖွာထွက်သွားကာ ခဏကြာလျှင် ဝိုင်းစက်သော လ၏အရိပ်သည် ပြန်၍ပေါ်လာလေ၏။ ကြိမ်ဖန်များစွာပစ်လိုက်သည့်အခါ၌ ချုံထဲမှ ဝံလိုင်ငှက်တစ်ကောင်၏မြည်သံ ပေါ်ထွက်လာကာ ကြာနံ့သင်းကြည် အဆောင်ဘက်ဆီသို့ ပျံသန်းသွားသည်ကို မြင်လိုက်ရလေ၏။

"အံမယ်လေး၊ လန့်လိုက်တာကွယ်။ ကိုယ့်စိတ်ထဲမှာ ငှက်လို့ကို မထင်မိဘူး။ ဘာကြီးပါလိမ့်မလဲလို့"ဟု ထိုက်ယုကပြောလေ၏။

"ဟန်ကျတာပဲ။ ကိုယ့်အဖို့တော့ ကဗျာစပ်ဖို့စိတ်ကူးတစ်ခုရသွားပြီ" ဟု ဆိုကာ စမ်းယဉ်သည်အောက်ပါအတိုင်းစပ်လေ၏။

ပြတင်းဝ၌၊ ပျပျမှိန်မှိန်
မီးအိမ်မလက်၊ ဝံလိုင်ငှက်လည်း
တောင်ပံချင်းယှက်၊ ကန်ရေထက်၌
လင်းပြက်အရိပ်၊ ထိုးခိုက်ကျလာ...။

ထိုက်ယုက သူ့စာပိုဒ်ကိုသဘောကျသွားကာ ခြေဆောင့်လိုက်ပြီး "လက်စသတ်တော့ ဒီဝံလိုင်ငှက်ကြီးက သူ့ဘက်က ပါသွားတာပေါ့လေ။ ကိုယ်တောင် ဘယ်လိုလိုက်စပ်ရမလဲမသိတော့ဘူး။ စောစောက ဆောင်းရေတံခွန်ဆိုတဲ့ စကားလုံး ထင်တောင် လှနေသေးတယ်။ အရိပ်ဆိုတဲ့စကားလုံးနဲ့ ကိုက်တဲ့ကာရန်က နိမိတ်ဆိုတဲ့စကားလုံး။ကောင်းပါတယ်၊ ဝံလိုင်ငှက်ကြီးတစ်ကောင် ကန်ရေပြင်ပေါ်မှာ ရှပ်တိုက်ပျံသွားတဲ့စိတ်ကူးက ကိုယ်ပိုင်စိတ်ကူး၊ ဆန်းလဲဆန်းတယ်"

"သိပ်ခက်နေတယ်ဆိုယင်လဲ မနက်ဖြန်ကျမှ ဆက်စပ်ရအောင်ပါကွယ်"

ထိုက်ယုက သူ့ စကားကို နားမထောင်ဘဲ ကောင်းကင်ကြီးကို ကြည့်၍ အတန်ကြာစဉ်းစားနေပြီးနောက်

"အံမယ် ဘယ်ရမလဲ။ ခုပဲစပ်မယ်။ ဒီမှာရပြီ"

ရောင်ယှက်ဖြာသော်၊ စာဆို၏စိတ်
ကဗျာစိတ်လည်း၊ တိတ်ဆိတ်သိပ်သည်း (သဲ
လရောင်ထဲတွင် ဖူတ်ကြည်းသင့်ဂုဏ်ခံရ၏။

စမ်းယဉ်က ဝမ်းသာအားရဖြင့် လက်ခုပ်တီးလိုက်လျက်

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ ကဗျာညဏ်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီဆိုပါကလား။ အင်း၊ ထိုက်ယုကဗျာက လှတော့လှပါရဲ့။ ဒါပေမယ့် စိတ်ညစ်စရာကြီးကွယ်။ ထိုက်ယုက နဂိုကမှ နေလို့ထိုင်လို့ မကောင်းရတဲ့အထဲမှာ ခုလိုနိမိတ်မရှိ နမာမရှိ ကဗျာတွေကို မစပ်စမ်းပါနဲ့"

"မစပ်လို့ဘယ်ဖြစ်မလဲ။ မစပ်ယင် ကိုယ်ရှုံးတော့မှာပေါ့။ တွေ့လို့သာကောက်စပ်လိုက်ရတယ်။ နောက်က ဘယ်သို့ လိုက်ရမယ်မှန်းတောင် မသိသေးဘူး"

ထိုစဉ် ကျောက်ဆောင်နောက်ဘက်မှ လူတစ်ယောက် ရပ်လျက် ထွက်ပေါ်လာသည်ကိုတွေ့ရလေ၏။

"ကဗျာကလေးတွေက တယ်ပြီးကောင်းပါကလား။ ဒါပေမယ့် မလေးထိုက်ယုရဲ့ ကဗျာကစိတ်ညစ်စရာကြီးကွယ်။ နောက် ဆက်မစပ်ပါနဲ့တော့။ ဆက်ပြီးစပ်နေယင် ကဗျာလဲသူတော့မှာမဟုတ်ပါဘူး။ အတင်းဖြစ်ညှစ်စပ်ရသလိုဖြစ်နေမှာပေါ့"

ထိုက်ယုနှင့် စမ်းယဉ်မှာ လန့်ဖျပ်သွားကြလေ၏။ ကြည့်လိုက်သည့်အခါတွင် သီလရှင် မြောင်ယုကို တွေ့ရလေ၏။

"ဘယ်ချောင်ကြိုချောင်ကြားက ထွက်လာတာလဲ"

"မလေးတို့တစ်တွေ တောင်ကုန်းပေါ်မှာ လကိုကြည့်ပြီး ပလွေနားထောင်နေတုန်း ဆရာလေးတစ်ယောက်တည်း ရေကန်နားမှာ လာထိုင်နေတာ။ ဒီတုန်းမှာ မလေးတို့နှစ်ယောက် ရောက်လာပြီး ကဗျာစပ်နေတော့ အသာလေးထိုင်ပြီး နားထောင်နေတာပေါ့။ မလေးတို့ နှစ်ယောက်က ကဗျာစပ်ချိတ်မကဘူး။ ကဗျာထဲမှာပါတဲ့ သင်္ခါရသဘောတွေကိုပြောနေကြတာနဲ့မနေနိုင်တော့ဘဲ ထွက်လာတာပေါ့"

"အဆောင်ပေါ်မှာတော့ ပွဲတော်ပြီးသွားပြီလေ။ မယ်မယ်လဲ ပြန်သွားပြီ။ တခြားလူတွေလဲ အိပ်ကုန်ကြပြီ။ အစေတော်တွေကတော့ မလေးတို့ပျောက်သွားနေကြတော့မှာ။မလေးတို့ကလဲ တယ်ခက်တာကိုး။ အအေးမိမှာမကြောက်ကြဘူးလား။ လာ၊ဆရာလေးကျောင်းကို လိုက်ပြီး လက်ဖက်ရည်သောက်လှည့်ပါလား။ ခဏနေယင် မိုးလင်းတော့မှာ"

"ဟုတ်လား၊ ဒီလောက်တောင် နောက်ကျသွားပြီလား" ဟု ထိုက်ယုက မေးလေ၏။

ဆရာလေး မြောင်ယုနှင့် မိန်းကလေးနှစ်ယောက်တို့သည် မြစိမ်းမှန်ကူ ကျောင်းတိုက်သို့ လာခဲ့ကြလေ၏။ ဘုရားစင်ရှေ့ရှိ ဆီမီးခွက်မှာ ယခုတိုင် လင်းလျက်ရှိပြီး အခန်းတိုင်အိုးသဲ့ အခန်းတိုင်များမှာလည်း မငြိမ်းသေးချေ။ သို့သော်လည်း တစ်ကျောင်းလုံးရှိ သီလရှင်အိုကြီးများမှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိကြပြီး သီလရှင် ခပ်ငယ်ငယ်တစ်ပါးသာလျှင် ထိုင်ဖုံပေါ်တွင် အိပ်ငိုက်လျက်ရှိလေ၏။ ဆရာလေးမြောင်ယုသည် သူ့ကိုနှိုးကာ လက်ဖက်ရည်အကျိုခိုင်းလေ၏။ ထိုစဉ် တံခါးခေါက်သံ ကြားရသဖြင့် ဖွင့်ပေးလိုက်သည့်အခါ ဖူချန်း၊ ဆွဲလူနှင့်အထိန်းတော်များသည် ထိုက်ယုနှင့်စမ်းယဉ်ကို လိုက်ရှာရန် ရောက်လာကြလေ၏။

လက်ဖက်ရည်သောက်နေသည့် သူတို့နှစ်ယောက်ကိုမြင်သည့်အခါတွင် ရယ်မောကြလျက်

"အံမယ်လေး ရှာလိုက်ရတာ၊ ဥယျာဉ်တစ်ခုလုံးကိုနှံ့နေပြီ။ ဒေါ်လေးဆွေတို့ အဆောင်ကိုရော၊ တောင်ကုန်းအောက်က အဆောင်ကလေး

တွေထဲကိုပါ လိုက်ရှာလိုက်တာ နှံ့နေပြီ။ ညစောင့်တွေကပြောတော့ ခပ်စောစောတုန်းကတော့ သခင်မကလေးနှစ်ယောက် စကားပြောနေကြတယ်တဲ့။ ခဏနေတော့ တစ်ယောက် ရောက်လာတယ်တဲ့။ သီလရှင်ကျောင်းကို သွားမယ်လို့ ပြောသံကြားလိုက်တယ်ဆိုလို့ ဒီကိုလိုက်ရှာရတာ"

ဆရာလေး မြောင်ယုက အစေတော်များအား မီးဖိုချောင်ထဲသို့ သွား၍ လက်ဖက်ရည်သောက်ရန် လွှတ်လိုက်လေ၏။ ဆရာလေးမြောင်ယုသည် မင်သွေးခုံ၊ စုတ်တံနှင့်စာရွက်တို့ကို ယူလာပြီးလျှင် သူတို့နှစ်ယောက်အား စောစောက စပ်ဆိုခဲ့သည့်ကဗျာကို အရွတ်ခိုင်းပြီးလျှင် အစမှအဆုံးတိုင် လိုက်ရေးလေ၏။

ထိုက်ယုက စိတ်လက်ရွှင်လန်းဟန်ရှိနေသော ဆရာလေးမြောင်ယုကို ကြည့်လိုက်ရင်း

"ဆရာလေး ဒီလောက်စိတ်လက်ကြည်သာရှိတာ တစ်ခါမှမမြင်ဖူးဘူး။ ကဲ ဒီတော့၊ ဆရာလေးစိတ်လက်ကြည်သာရှိတုန်းမှာ မေးရဦးမယ်။ မလေးတို့ကဗျာတွေ ဘယ့်နှယ်နေသလဲဟင်။ မကောင်းဘူးဆိုယင် မလေးတို့ မီးရှို့ပစ်လိုက်တော့မယ်။ ကောင်းတယ်ဆိုယင်လဲ ကောင်းသည်ထက်ကောင်းအောင် ပြင်ပေးပါလား"

"ကောင်းတယ် မကောင်းဘူးလို့ ပြောရလောက်အောင် ဆရာလေးမှာ ကဗျာဉာဏ်မရှိသေးပါဘူး မလေးရယ်။ ဒါပေမယ့် ဘာပဲပြောပြော မလေးတို့ ကဗျာထဲမှာ သုံးထားတဲ့ အလင်္ကာတွေကို ဆရာလေး သဘောကျတယ်။ ရှေ့လျှောက်ပြီးဆက်စပ်နေကြယင် ပင်ပန်းမှာစိုးလို့သာ ဆရာလေးကဝင်ပြီးနှောင့်ယှက်ရတာပါ။ ဒါပေမယ့် ဒီလိုဝင်နှောင့်ယှက်တဲ့အတွက် ကဗျာလေးတွေ မကောင်းတဲ့ ဖြစ်သွားမှာကိုလဲ စိုးရိမ်နေတယ်"

ထိုက်ယုသည် ဆရာလေးမြောင်ယု ကဗျာစပ်သည်ကို တစ်ခါမျှ မတွေ့ဖူးချေ။ ထို့ကြောင့် ထိုက်ယုက

"ဒီလိုဆိုယင် လုပ်ပါ ဆရာလေးရယ်၊ နားထောင်ရတာပေါ့။ ထိုက်ယုတို့ရဲ့ ကဗျာလေးတွေဟာ ဆရာလေးရဲ့ ကဗျာတွေနဲ့ ယှဉ်လိုက်ယင်တော့ သိပ်တော့ မဆိုးတန်ကောင်းပါဘူးနော်"

"ဆရာလေးကတော့ ခုလောလောဆယ် ဖြစ်နေတဲ့ ခံစားချက်ကလေးကိုပဲစပ်ပြချင်တယ်။ ကိုယ့်ခံစားချက်ကိုအသားမပေးဘဲ အလင်္ကာတွေ၊ ကာရန်တွေနောက်ကိုလိုက်နေယင် ကိုယ်ပိုင်ပုံသဏ္ဌာန်ပျောက်သွားပြီး အဓိက ဆိုချက်တွေလဲ ပျောက်သွားလိမ့်မယ်လို့ ထင်တယ်"

"ဟုတ်တာပေါ့"

ဆရာလေးမြောင်ယုသည် စုတ်တံကိုကောက်ကိုင်ပြီးလျှင် ကဗျာတစ်ပုဒ်ကို တစ်ဆက်တည်းရေးချလိုက်ပြီးနောက် သူတို့အား ပြလေ၏။

"ရယ်တော့ မရယ်နဲ့နော်။ အဓိက ဆိုလိုချက် ပေါ်မယ် ထင်လို့ ဒီအတိုင်းစပ်လိုက်တာ။ အဆွေးစကားလုံးကလေးဘာလေး နည်းနည်းပါးပါးပါပေမယ့် ဒါက သိပ်အရေးမကြီးလှပါဘူး"

သူတို့နှစ်ယောက်သည် ဆရာလေးမြောင်ယု၏ကဗျာကို ဖတ်ကြည့်ကြလေ၏။

ရွှေအိုးထဲမှ၊ မွေးတိုင်မြသည်
တစ်စတစ်စ၊ လောင်ကျွမ်းခဲ့လေပြီ။

ကျောက်စိမ်းခွက်မှ၊ ဆီမဝလည်း
တစ်စတစ်စ ခဲလေပြီ။

အစေတော်မ၊ ပိုးစောင်စဖြင့်
ခေါင်းမှသိုင်းခြုံ၊ အချမ်းလုံလည်း
မစုံဒဖော်ဝေး၊ အရေးမလှ
မုဆိုးမ၏၊ ဘဝကြမ္မာ
ဘေးသီလာခဲ့၊ ပလွေသံသဲ့ဖြင့်....
ခန်းဆီးချလာ၊ ကန့်လန့်ကာထက်
ရွှေနတ်ငှက်လည်း၊ တွဲလဲချိတ်ဆွဲ

ဝမ်းဘဲ ဟသာ၊ ခန်းဆီးမှာလျှင်
အရုပ်ဆင်ကြ၊ စိမ်းမြဝါးပင်
နှင်းစက်တင်၍၊ အောက်တွင်ငိုက်ကျ
ဝေ့ဝိုက်ဖြတ်သန်း၊ ကန်စပ်လမ်းနှင့်
မို့ယန်းတောင်ကုန်း၊ အဆုံးမရှိ
တက်သက်ဘိဖြင့်၊ ငုံးတိကျောက်ဆောင်
အရောင်အရိပ်၊ တစ္ဆေအိပ်သို့။

ခွေလိပ်သစ်မြစ်၊ အထစ်ထစ်လျှင်
သမင်စားသည့်၊ ကျား ဝံပုလွေ
ချောင်းမြောင်းနေသို့၊ အရုဏ်ပြုစ
အလှကျောက်တုံး၊ လိပ်ကျောကုန်းသို့။

စပါးချိုတော၊ သောသောညံ့ညံ့
ကြက်တွန်သံနှင့်၊ တစ်ရံတစ်ဆစ်
ပျော်သည့်ဖြစ်ကို၊ စိတ်ညစ်စရာ
ရှာ၍မတွေ့၊ ငေး၍မနေ
လက်ဖက်ရည်သောက်၊ တစ်ကျိုက်လောက်ဖြင့်
တစ်ယောက်တစ်ပေါက်၊ ဟိုသည်ရောက်ငြား
စကားထွေတလာ၊ ပြောကြားပါအံ့။ ။

ထိုကဗျာ ခေါင်းစဉ်မှာ "မဟာနန္ဒာ ဥယျာဉ်အတွင်း နွေလယ်ပွဲတော် ကျင်းပစဉ် စုပေါင်း၍စပ်ဆိုသော ကဗျာတစ်ပုဒ်"ဟု ခေါင်းစဉ်တပ်ထား လေ၏။

ထိုက်ယုနှင့် စမ်းယဉ်တို့သည် ကဗျာအဆုံးသတ်ပုံကို ချီးကျူး ပြောဆိုလျက်ရှိကြလေ၏။

"အင်း၊ မလေးတို့ကြားထဲမှာ တကယ့်ကဗျာဆရာကောင်း တစ်ယောက် ရှိလျက်သားနဲ့ မေ့ထားကြတာကိုး။ ဒီလောက်တော်တဲ့ ကဗျာစာဆိုရှိပါလျက်နဲ့ ကိုယ့်ကိုယ်ကိုယ်တောင် မရှက်ကြဘူး၊ ကဗျာတွေ ရေး နေလိုက်ကြတာ။ တွေးကြည့်ယင် ရှက်စရာကြီး"

"ခဏနေယင် မိုးလင်းတော့မှာပါ။ အဲဒီတော့မှ ထပ်ပြီးမြင်ကြ သေးတာပေါ့။ ပြီးတော့မှ နားကြမယ်"

ထိုက်ယုနှင့် စမ်းယဉ်တို့သည်လည်း အစေတော်များနှင့်အတူ မိမိ တို့အဆောင်သို့ ပြန်လာခဲ့ကြလေ၏။ ဆရာလေးမြောင်ယုသည် သူတို့ကို ဝင်းဝအရောက်လိုက်ပို့ပြီး သူတို့ မျက်စိအောက်မှပျောက်သွားသည့်အခါ တွင်မှ တံခါးကိုပိတ်၍ ပြန်လာခဲ့လေ၏။

ထိုအတွင်း ဆုံလူက စမ်းယဉ်အား ပြောသည်မှာ

"အခေါ်ချုပ်ရဲ့အဆောင်မှာ ကျွန်မတို့ကို စောင့်နေကြတယ်ရှင့်။ ပြန်သွားကြဦးစို့"

"ညည်းပဲ သွားလိုက်ပါတော့အေ။ အိပ်ကြတော့၊ ရှာလို့တွေ့ပြီလို့ သွားပြောချည်ပါ။ တို့ပါလိုက်ယင် ဆူဆူညံညံစကားပြောတာနဲ့ ဒီမြင် လှတွေပါ အနှောင့်အယှက်ဖြစ်နေပါ့မယ်"

ဝေဠုဝန်ရိပ်သာတွင်မူ အစေတော်များ အားလုံးအိပ်ပျော်ကုန် ကြလေပြီ။ ထိုက်ယုနှင့်စမ်းယဉ်သည် အဝတ်အစားလဲကာ ကိုယ်လက် သန့်စင်ပြီးနောက် အိပ်ရာသို့ဝင်ခဲ့ကြလေ၏။ ဇူချွန်းသည် ဇာခန်းဆီးကို ချပေးပြီး မှန်အိမ်ကို ငြိမ်းကာ တံခါးပိတ်၍ အပြင်သို့ထွက်လာခဲ့လေ၏။ စမ်းယဉ်မှာမူ သူမျှား အိပ်ရာပေါ်တွင် ဖြစ်၍ ကောင်းစွာ မပျော်ချေ။ ထိုက်ယုမှာလည်း သွေးအားနည်းသည့် ရောဂါရှိသည့် အတွက် နှစ်နှစ် ခြိုက်ခြိုက်မပျော်လှချေ။ အတန်ကြာမျှ လှဲနေသည့်တိုင်အောင် မျက်စိ ကျယ်လျက်ရှိလေ၏။ သို့ဖြင့် သူတို့နှစ်ယောက်သည် ဘလူးလူးတလှိမ့်လှိမ့် ဖြင့် ဖြစ်နေကြလေ၏။

"ဘာဖြစ်လို့ မအိပ်သေးတာလဲဟင်"ဟု ထိုက်ယုက မေးလေ၏။

"အိပ်နေကျအိပ်ရာမဟုတ်တော့ အိပ်လို့မရဘူး ။ မလေးအကျင့်က ဒီအတိုင်းပဲ။ ဒါနဲ့ လှဲခိုပဲ လှဲနေတာ။ မလေးထိုက်ယုကော၊ ဘာဖြစ်လို့ မအိပ်သေးတာလဲ"

ထိုက်ယုက သက်ပြင်းချလိုက်လျက်

"မလေးမှာ အိပ်မပျော်တဲ့ရောဂါရှိတယ်။ တစ်နှစ်လုံး ရေယင်တောင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တဲ့ညဆိုလို့ ဆယ်ညလောက်ပဲ ရှိမယ်"

"ဒါကြောင့် မလေး နေထိုင်မကောင်း ဖြစ်ဖြစ်နေတာကိုး"

နောက် မည်သို့ ဖြစ်သည်ကိုသိလိုလျှင် နောက်တစ်ခန်းကိုဖတ်ပါလေ။

●

အခန်း ၁၁

ယိုးစွပ်ခံရသော လှပသည့် အစေတော်ကလေးတစ်ယောက် စောစီးစွာ သေရခြင်း။

ချစ်စရာကောင်းသော ကချေသည်ကလေးများ လောကီကိုစွန့်၍ သာသနာ့ဘောင်သို့ ဝင်ကြခြင်း။

စန္ဒီပွဲတော်ပြီးသည့်နောက်တွင် နတ်ငှက်မယ်သည် ထူထူထောင်ထောင်ရှိလာသည့်တိုင် ကောင်းစွာကျန်းမာခြင်းမရှိသေးသည့်အတွက် သခင်မဝမ်သည် နတ်ငှက်မယ်ကိုကုသရန် ခါတိုင်းကဲ့သို့ပင် သမားတော်ကို ပင့်ဖိတ်မြဲ ပင့်ဖိတ်စေလေ၏။ သမားတော်ကြီးပေးသည့် အားဆေးများကိုဖော်စပ်ရာတွင် အခြားသောဆေးမည်များအပြင် ကောလိသိမ် နှစ်ကျပ်သားခန့်လည်းပါလေ၏။ သခင်မဝမ်သည် ထိုဆေးကိုအရှာခိုင်းသော်လည်း ဆံထိုးလောက်သာရှိသည့် ကောလိသိမ်မြစ်ကလေး တစ်ချောင်းနှစ်ချောင်းကိုသာရခဲ့၏။ အမျိုးအစားမှာလည်း ညံ့သည့်အတွက် သခင်မဝမ်သည် နောက်ထပ်အရှာခိုင်းရပြန်လေ၏။ ကံအားလျော်စွာပင် ဆေးမြစ်ကလေးများပါသည့် အထုပ်တစ်ထုပ်ကို ရခဲ့ကြလေ၏။ သခင်မဝမ်က စိတ်ပျက်လက်ပျက်ဖြင့်

"မလိုတဲ့အခါကျယင်တော့ ပေါလိုက်တာ။ လိုပြီဆိုယင်တော့ ရှာလို့ကိုမရနိုင်ဘူး။ ဒါ့ကြောင့်မို့ လိုယင်ရအောင် သိမ်းထားပါဟဲ့လို့ ငါ အမြဲပြောတာပေါ့။ ခုတော့ နင်တို့က တွေ့ရာမှာ ထိုးထည့်ထားလိုက်တာပဲ။ ဒီကောင်မတွေဟာဘယ်တော့မှစကားကိုနားမထောင်ဘူး။ နင်တို့ဟာ ကောလိသိမ် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို မသိကြဘူး။ ဒါလိုယင် ဈေးကြီးပေးပြီး ဝယ်ရတာ၊ နင်တို့ မြင်တယ်မဟုတ်လား။ ဒါတောင် ကောင်းကောင်းရတာ မဟုတ်ဘူး"

ဆိုင်ယှမ်းက

"အဲဒါ ကျွန်မတို့ဆီမှာရှိတာ အကုန်ပဲထင်တယ်ရှင့်။ အလျင်တစ်ခါတုန်းက ဒေါ်လေးဆင့်တောင်းလို့ သခင်မကြီး အကုန်ပေးလိုက်တာရှင့်"

"မဟုတ်တာအေ။ အများကြီးကျန်သေးတယ်။ သွား၊ သေသေချာချာ အရှာခိုင်းချည်ဦး"

ယခုတစ်ခေါက်တွင် ဆိုင်ယှမ်းသည် ဆေးထုပ်အချို့ကို ယူလာလေ၏။

"ဒီမှာတော့ ဆေးထုပ်တွေ ရှိပါသေးတယ် သခင်မကြီး။ ဘာထုပ်တွေမှန်းတော့ ကျွန်မလဲ ကောင်းကောင်းမသိပါဘူး။ သခင်မကြီးကြည့်ပါဦး။ ဆေးထုပ်ကတော့ အကုန်ပဲရှင့်။ မရှိတော့ဘူး"

သခင်မဝမ်သည် ဆေးထုပ်များကိုဖွင့်ကြည့်သော်လည်း မည်သည့်ဆေးများဖြစ်သည်ကို မမှတ်မိတော့ချေ။ ကောလိသိမ်ဆေးထုပ်ကိုလည်း မတွေ့ရချေ။ ထို့ကြောင့် ကောလိသိမ် ကျန်သေးသလောဟု နတ်ငှက်မယ်ထံ အမေး ခိုင်းလိုက်လေ၏။ ဆေးမြစ် အနည်းငယ် ကျန်ကြောင်း၊ ယင်းတို့မှာလည်း များစွာ အမျိုးအစားမကောင်းလှကြောင်း၊ ထိုဆေးမြစ်များကို နေ့တိုင်း ဆေးသောက်ရာတွင် ထည့်၍သောက်ကြောင်းဖြင့် ပြန်၍ ပြောလိုက်၏။ ဤတွင် သခင်မ ဝမ်သည် ဒေါ်လေးဆင့်ထံသို့ အတောင်းခိုင်းလိုက်ပြန်လေ၏။ ဤတွင် ဒေါ်လေးဆင့်ကလည်း မိမိတွင် ယမန်နေ့ကပင် ကုန်သွားသဖြင့် ထပ်၍ ရှာနေရကြောင်းဖြင့် ပြောလိုက်လေ၏။

သခင်မဝမ်မှာ သူကိုယ်တိုင် မယ်မယ်ထံသို့ သွားတောင်းရန်သာ ရှိတော့သည်။ မယ်မယ်သည် ယုန်ယှမ်းကို အရှာခိုင်းလိုက်ရာ လက်သူ့ခန့်ရှိသည့် ကောလိသိမ်မြစ်ကြီးများ ပါသည့် အထုပ်တစ်ထုပ်ကိုတွေ့လာလေ၏။ ယုန်ယှမ်းသည် ထိုအထဲမှ နှစ်ကျပ်သားချိန်၍ ပေးလိုက်၏။ သခင်မဝမ်သည် ချူယွီ၏မိန်းမကိုခေါ်ကာ အခြားသော ဆေးမြစ်များနှင့်အတူ ကောလိသိမ်မြစ်များကို သမားတော်ထံအပို့ခိုင်းလိုက်ပြီးလျှင် မိမိတို့မသိသောဆေးမြစ်များကိုလည်း အမျိုးအမည်ခွဲခြား၍ တံဆိပ်ကပ်ပေးရန်ပြောလိုက်လေ၏။

မကြာမီမှာပင်လျှင် ချူယွီ၏မိန်းမသည် ကိုပစ္စည်းများကို ယူ၍ ပြန်လာလေ၏။

"ဆေးမြစ်တွေအားလုံးကို သူ့အထုပ်နဲ့သူ ခွဲပြီးတံဆိပ်ကပ်ပေးလိုက်ပါတယ် သခင်မကြီး။ ကောလိသိမ်ကတော့ အမျိုးလဲ ကောင်းပါတယ်တဲ့။ တစ်ကျပ်သားဆိုယင်လဲ ငွေစင်သုံးဆယ်ကျပ်သားလောက်တန်ပါတယ်တဲ့။ ဒါပေမယ့်အမြစ်က နှစ်ချို့နေပြီတဲ့။ ကောလိသိမ် ဆိုတာဒီပြင်ဆေးတွေနဲ့မတူဘူးတဲ့။ ဘယ်လောက်ကောင်းတဲ့အမြစ်ပဲ ဖြစ်ပေ့စေ နှစ်တစ်ရာကျော်ပြီဆိုယင် အမှုန့်ဖြစ်သွားတတ်သတဲ့။ ခု ဆေးမြစ်ကတော့ အမှုန့်တော့မဖြစ်သေးဘူးတဲ့။ ဒါပေမယ့် အာနိသင် မရှိတော့ဘူးတဲ့။ ဒါကြောင့် ဒီဆေးမြစ်တွေတော့ ကိုက်လို့ မကောင်းတော့ဘူးတဲ့။ နောက်ထပ်ရှာပါဦးတဲ့။ ဒီလောက်မကောင်းယင်လဲ ကိစ္စမရှိဘူးတဲ့။ နှစ်မချို့ယင်ပြီးတာပဲတဲ့"

သခင်မဝမ်သည် ခေါင်းကိုငုံ့၍ အတန်ကြာမျှ စဉ်းစားလျက်ရှိလေ၏။

"ဒီလိုဆိုယင်တော့လဲ ဘယ်တတ်နိုင်တော့မလဲအေ။ အပြင်ကပဲ နှစ်ကျပ်သားလောက်ကိုပဲ ဝယ်ရတော့မှာပေါ့"

သခင်မဝမ်သည် အခြားဆေးထုပ်များကို မကြည့်တော့ဘဲ ထားသို့ချထားလိုက်ပြီးလျှင် ချူယွီ၏ မိန်းမဘက်သို့လှည့်၍

"အပြင်က အစေခံတွေကိုခိုင်းလိုက်။ အမျိုး ကောင်းကောင်း ကောလိသိမ်ထဲက နှစ်ကျပ်သားလောက်သွားဝယ်ချည်စမ်းလို့။ မယ်မယ်ကများ မေးယင် ဒီမှာသုံးဖို့ပါလို့သာပြော။ တခြားလျှောက်ရှည်မနေနဲ့"

အနီးတွင်ရှိသည့် ပေါက်ကြည်က

"ဒေါ်လေးဝမ်ကို တစ်ခုတော့ပြောလိုက်ရဦးမယ်။ အပြင်မှာဝယ်ယင်တော့ ကောလိသိမ်က ကောင်းကောင်းရမှာ မဟုတ်ဘူး ထင်တယ်။ သူတို့က ကောလိသိမ်မြစ်တစ်မြစ်လုံးရတယ်ဆိုယင် သုံးလေးဖြတ် ဖြတ်ပြီးတော့ အမြစ်သေးကလေးတွေနဲ့ မြစ်ချင်းကူးပြီးရောင်းတာဒေါ်လေးဝမ်ရဲ့။ အားလုံးတစ်မြစ်ထဲကလိုလိုလုပ်ပြီး ရောင်းတာပေါ့လေ။ဒီတော့ အမြစ်ကြီးတာကိုချည်းပဲ သိပ်အဟုတ်ထင်မနေနဲ့။ ပေါက်ကြည်တို့ ဆိုင်က ကောလိသိမ်ဆေးမြစ်ရောင်းတဲ့လူတွေနဲ့ အဆက်အသွယ်ရှိတော့ သူတို့အကြောင်းကို ကောင်းကောင်းသိတယ်။ ဒီတော့ ဒီလိုလုပ်ပါလား။ ပေါက်ကြည်မေမေကိုပြောလိုက်တယ်။ ပေါက်ကြည့်ရဲ့ အစ်ကိုကိုလွှတ်ပြီး ကောလိသိမ်ကောင်းကောင်းဝယ်ပေးပါလို့။ နည်းနည်းပါးပါး ပို့ပေးရလဲဘာဖြစ်သလဲ။ ကောင်းကောင်းရဖို့အရေးကြီးတယ်မဟုတ်လား"

"အေး၊ ကောင်းတယ်ဟေ့။ ငါ့တူမ ပြောပလို့ပေါ့အေ၊ ဟုတ်တာပေါ့"

ခဏကြာလျှင် ပေါက်ကြည် ပြန်ရောက်လာကာ တစ်ယောက်ကိုလွှတ်၍အဝယ်ခိုင်းလိုက်ပြီဖြစ်ကြောင်း၊ ညနေဆိုလျှင် ဆေးမြစ် ရောက်လာမည်ဖြစ်ကြောင်း၊ မနက်ဖြန်မနက် ဆေးသောက်ချိန်အမီ ဖော်ချိန်ရကြောင်းဖြင့် ပြောပြလေ၏။ သခင်မဝမ်မှာလည်း ထိုအခါကျမှ စိတ်အေးသွားလေ၏။

"'ဆိမ္မေးရောင်းတဲ့ဆိမ္မေးသည်မှာ ဆိရှားလို့ သူ့ဆံပင်ကိုရေရောပြီးလိမ်းရဘယ်' ဆိုတဲ့ စကားပုံလိုဖြစ်နေပြီအေ့။ တို့က ရှိတုန်းကတော့ ပေးဟယ် ကမ်းဟယ်နဲ့။ဟော၊ ကိုယ့်မှာတဲ့မရှိရော ဟိုလူဆီလိုက်တောင်းရ၊ ဒီလူဆီလိုက်တောင်းရ"

ပေါက်ကြည်က ပြုံးလိုက်ရင်း

"ကောလိသိမ်ဆေးမြစ်ဆိုတာ အဖိုးတန်တယ်မဟုတ်လား ဒေါ်လေးဝမ်ရဲ့။ ပြီးတော့ သူက ဆေးအတွက်သက်သက်ချည်းပဲ အသုံးဝင်တယ်ဆိုတော့ တခြားလူတွေကို လိုယင်လဲပေးရကမ်းရတာပေါ့။ တချို့ကုက္ကုစ္စနိုင်တဲ့လူများလို ပါက်ကြည်တို့လက်ထဲမှာချည်းပဲ သိမ်းထားလို့မကောင်းဘူးပေါ့"

"အင်း၊ ဟုတ်တာပေါ့လေ"ဟုဆိုကာ သခင်မဝမ်သည် ခေါင်းကိုဘဆတ်ဆတ်ညိတ်လျက်ရှိလေ၏။

ပေါက်ကြည် ပြန်သွားသည့်အခါ၌ အနီးတွင်မည်သူမျှမရှိတော့သည့်အလျောက် သခင်မဝမ်သည် ချူယွှီ၏မိန်းမကိုခေါ်ကာ မကြာမီက ဥယျာဉ်ထဲတွင်ရှာခဲ့သည့်ကိစ္စကို မေးမြန်းလေ၏။ ချူယွှီ၏ မိန်းမသည် ထိုကိစ္စကို နှုတ်ငှက်မယ်နဲ့ ဆွေးနွေးပြီးနောက် သိခဲ့သမျှကို ပြောပြရန် သဘောတူခဲ့ကြပြီးဖြစ်၏။ ချူယွှီမိန်းမထံမှအကြောင်းစုံကို သိရသည့်အခါတွင် သခင်မဝမ်မှာ ထိတ်လန့်တုန်လှုပ်ကာ အကြီးအကျယ်ဒေါသထွက်လျက်ရှိလေ၏။ စုချိမှာ ယင်ချွန်း၏အစေတော်ဖြစ်ပြီး ယင်ချွန်းမှာလည်း ဒေါ်လေးဆင့်၏အိမ်မှာဖြစ်သဖြင့် သခင်မဝမ်မှာလည်းနားမလည်နိုင်အောင်ဖြစ်လျက်ရှိလေ၏။ သခင်မဝမ်က ထိုအကြောင်းကို ဒေါ်လေးဆင့်အားတိုင်ရန် အကြံပေးလေ၏။

ချူယွှီ၏မိန်းမက

"ဟိုနေ့တုန်းကတော့ ဒီလောက်အာဏာပါဝါတွေ သုံးရမလားဆိုပြီး ဝမ်ရှန်ပေါက်ရဲ့မိန်းမကို ဆူလဲဆူ၊ နားရွက်ကိုလဲ လိမ်နဲ့ လုပ်နေတာပဲ။ ခုတော့ ဝမ်ရှန်ပေါက်ရဲ့မိန်းမလဲ နေမကောင်းဘူးဆိုပြီး ဘယ်ကိုမှမထွက်ဘူး၊ အိမ်ထဲမှာပဲအောင်းနေတယ်။ စုချိကလဲ သူ့မြေး မဟုတ်လား။ လုပ်တုန်းက ဒီပြင်အစေတော်တွေကို အမိဖမ်းဘာပဲ။ ဒါပေမယ့် ဘယ်သူ့ကိုမှမမိဘဲ သူ့မြေးမိနေတော့ ခက်သွားတာပေါ့။ ခုတော့ဘာမှမဖြစ်သလို အသာကလေးငြိမ်နေပြီး ဂယက်တွေငြိမ်သွားအောင်အသာကလေး စောင့်နေတယ်ထင်ပါရဲ့။ ကိစ္စကို မယ်မယ့်ကိုကျွန်မတို့ သွားတိုင်

ယင် တောင်စဉ်ရေမရ လာပြောတယ်လို့ထင်ချင်ထင်မှာ။ ဒီတော့ စုံချိကို ပါ သက်သေခံပစ္စည်းနဲ့အတူ ခေါ်သွားတာက ကောင်းမယ်ထင်တယ်။ အလွန်ဆုံး စုံချိကိုရိုက်ပြီး တစ်နေရာရာမှာပြောင်းရွှေ့ချုပ် ရှိတော့မှာပေါ့။ မကောင်းဘူးလား"

"ဒီလိုမှမလုပ်ဘဲ ကျွန်မတို့က မယ်မယ့်ကို ပြောပြချုံ ပြောပြယင် ဒေါ်လေးဆင့်က ကျွန်မတို့ခေါင်းပေါ် လွှဲချနေမှာစိုးရတယ်။ အရေးယူစရာရှိယင် ညည်းတို့ကိုယ်တိုင်ယူပါတော့လား၊ ဘာဖြစ်လို့ ငါ့ကိုသာပြောနေကြသေးသလဲ ဘာလဲနဲ့ ပြောနေလိမ့်ဦးမယ်။ ဒီတုန်းမှာ စုံချိက သူ့ကိုယ်သူ သတ်သေသွားယင်အခက်။ ပြဿနာကကြီးလာဦးမှာ။ ခုလောက်ဆိုယင် အချိန်ကလဲ နည်းနည်းကြာလာတော့ သူ့ကိုအစောင့်ခိုင်းထားတဲ့ အစောင့်မိန်းမတွေကလဲ ပေါ့တီးပေါ့ဆ ဖြစ်ချင်ဖြစ်နေကြတော့မှာ။ ဒီလို ပေါ့တီးပေါ့ဆလုပ်လို့ ကောင်မလေးက သတ်သေသွားယင် ဘယ့်နှယ်လုပ်ကြမလဲ"

သခင်မဝမ်သည် အတန်ကြာစဉ်းစားနေပြီးနောက်

"အေး၊ ညည်းပြောတာမှန်တယ်။ တို့အိမ်ထဲကကောင်မတွေကိစ္စကို မစုံစမ်းခင် ဒီကိစ္စကို အလျင်စုံစမ်းရမယ်"

ဤတွင် ချုယွီ၏မိန်းမသည် သူ့လုပ်ဖော်ကိုင်ဖက်များကို ခေါ်ကာ ယင်ချွန်း၏အဆောင်သို့ ထွက်လာခဲ့ကြလေ၏။

ချုယွီ၏မိန်းမက ယင်ချွန်းအားပြောသည်မှာ

"သခင်မဝမ်က ပြောလိုက်တယ်။ စုံချိဟာအရွယ်ရောက်ပြီတဲ့။ သူ့အမေကလဲ သူ့ကို ခဏခဏလာပြီး အိမ်ပြန်လွှတ်ဖို့ပြောနေတယ်တဲ့။ သခင်မဝမ်ကလဲ သူ့ကို လက်ထပ်ထိမ်းမြားပေးဖို့အတွက် အိမ်ကိုပြန်လွှတ်ပေးပါ့မယ်လို့ ကတိပေးလိုက်တယ်။ ဒါကြောင့် စုံချိကိုဒီနေ့ပဲအိမ်ပြန်လွှတ်လိုက်တော့တဲ့။ စုံချိနေရာမှာ တခြား အစေတော်တစ်ယောက်ကို လွှတ်ပေးမယ်တဲ့"

ချုယွီ၏ မိန်းမသည် စုံချိအား အထုပ်အပိုး ပြင်စေပြီးနောက် ပြန်ရန်ပြောလေ၏။

ယင်ချွန်းမှာ စုံချိအပေါ်တွင် သံယောဇဉ်ရှိသူဖြစ်သည့်အလျောက် မျက်ရည်တွေ ဝဲလျက်ရှိလေ၏။ သို့ရာတွင် ယခုနေ့က အဖြစ်အပျက်ကို အခြားအစေတော်များက တိုးတိုးတိတ်တိတ် ပြောပြီ ဖြစ်သည့်အတွက် စုံချိအပေါ်တွင် သံယောဇဉ်ရှိသည့်တိုင် အကျင့်စာရိတ္တနှင့် ပတ်သက်နေသော ကိစ္စဖြစ်သည့်အလျောက် ယင်ချွန်းမှာ မည်သို့မျှ မပြောသာတော့ချေ။ စုံချိသည် သူ့ကိစ္စကို ဝင်ရောက်ပြောပေးရန် တောင်းပန်ကာ အိမ်တွင် ဆက်လက်နေခွင့်ပြုရန် အသနားခံလေ၏။ သို့ရာတွင် ယင်ချွန်းမှာ နှုတ်သွက်လျှာသွက် မဟုတ်သည့်ပြင် စိတ်ဓာတ်ပျော့ညံ့သူ တစ်ယောက်ဖြစ်သည့်အတွက် ဘာကိုမျှ မဆုံးဖြတ်နိုင်ဘဲဖြစ်လျက်ရှိလေ၏။

စုံချိမှာ အိမ်သို့ပြန်ရတော့မည်ကို သိသည့်အတွက် ငိုရှိုက်လျက်

"မလေးယင်ချွန်းက တော်တော် ရက်စက်တယ်နော်။ လွန်ခဲ့တဲ့ နှစ်ရက်လုံးလုံး ကျွန်မကိုတော့ ဘာမှမပြောဘူး။ ဒီနေ့ကျတော့လဲ ကျွန်မဘက်ကတောင် ထောက်ခံပြောဖော်မရတော့ဘူး"

ချုယွီ၏မိန်းမက

"ဘာလဲအေ့၊ သခင်မလေးက ညည်းကို ထားမယ်လို့များ ထင်နေလို့လား။ သူက ဆက်ပြီးနေခွင့်ပြုတယ်ပဲထားဦး၊ ဥယျာဉ်ထဲမှာ တခြားလူတွေကို ညည်းဘယ့်နှယ်လုပ် မျက်နှာပြမလဲဟင်။ ဒီတော့ ငါပြောတာ နားထောင်ပါအေ။ ခုနေ ဟိုးလေးတကျော် မဖြစ်ခင် ကိုယ့်အထုပ်ကလေးကိုယ် မြန်မြန်ထုပ်ပြီး ထွက်သွားတာကောင်းပါတယ်။ ဒါက တို့အတွက်ရော ညည်းအတွက်ရော ကောင်းပါတယ်"

ယင်ချွန်းက မျက်ရည်စက်လက်ဖြင့်

"ညည်း ဘာတွေလုပ်လို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါလဲ သိတာမဟုတ်ဘူး။ ဒီတော့ ညည်းကို ငါဆက်ထားယင် ငါလဲ နာမည်ပျက်မှာ။ ယုဟွာကိုပဲ ကြည့်လေ၊ သူ ဒီမှာနေလာတာ တော်တော်ကြာပြီပဲ။ မြန်ပို့တော့ ဘာပြောသလဲ။ ထွက်သွားရတာပဲ မဟုတ်လား။ အိမ်ကိုပြန်ရတယ်ဆိုတာ ညည်းတို့နှစ်ယောက်တည်းမဟုတ်ပါဘူး။ ဒီပြင်အစေတော်တွေလဲ ပြန်ကြရမှာပဲ။ တစ်နေ့ကျတော့ ခွဲခွာကြရမှာ အတူတူ ခုသွားတာပဲ ကောင်းပါတယ်" ၂

ချူယွှီ၏မိန်းမက

"ကဲ၊ သခင်မလေးပြောတာ ညည်း ကြားပြီ မဟုတ်လား။ သူက ညည်းထက် အရှည်ကို မြင်လို့ပြောတာ၊ တခြားလူတွေလဲ တစ်နေ့ကျယင် ပြန်ကြရမှာပဲ။ ဒီတော့ ဘာမှစိတ်မကောင်းဖြစ်မနေနဲ့"

စုချိမှာ ယင်ချွန်းကို ကန်တော့ကာ အထုပ်အပိုးများကို ပြင်ဆင်ပြီးလျှင် အစေတော်များကို နှုတ်ဆက်၍ ပြန်ရန်မှတစ်ပါး အခြားလမ်းမရှိတော့ပြီ။

စုချိက မျက်ရည်စက်လက်ဖြင့်

"တကယ်လို့ ကျွန်မမျှား ဒုက္ခရောက်တယ်လို့ ကြားယင် ကျွန်မကို ပစ်မထားပါနဲ့နော် မလေး"

ထိုနောက် ချူယွှီ၏မိန်းမနှင့် အစေတော်ကြပ်နှစ်ယောက်တို့သည် အခိုင်းမိန်းမအချို့အား စုချိ၏ပစ္စည်းများကို ဝင်း၁အရောက် လိုက်ပို့ရန် ခိုင်းလိုက်လေ၏၊ သူတို့ထွက်မသွားမီ ထိုအဖြစ်အပျက်ကိုကြား ဘားသည့် စုချူသည် စုချိအား ပိုးစဖြင့် ထုပ်ထားသော အထုပ်ကလေး တစ်ခုကို လှမ်းပေးလိုက်လေ၏။

"ဟောဒါက သခင်မလေးက ပေးလိုက်တာ။ သခင်နဲ့ကျွန် ခွဲကြရမှာဆိုတော့ အမှတ်ဘရအဖြစ် ေးလိုက်တဲ့ပစ္စည်းပေါ့အေ"

လက်ဆောင်ကလေးကို မြင်သည့်အခါတွင် စုချိမှာ စိတ်မကောင်းဖြစ်သဖြင့် ထပ်၍ငိုလေ၏၊ စုချိနှင့် စုချူမှာ တစ်ယောက်ကိုတစ်ယောက် ဖက်၍ငိုလျက်ရှိသည်တွင် ချူယွှီ၏မိန်းမမှာစိတ်မရှည်နိုင်တော့ဘဲ မြန်မြန်သွားရန် ပြောလေ၏။

စုချိက ငိုလျက်ဖြင့်

"ဒီလောက်လဲ့ မရက်စက်ကြပါနဲ့ရှင်။ ဒီမှာနေလာခဲ့တဲ့ တခြားအစေတော်တွေဟာ ကျွန်မနဲ့ နှစ်ပေါင်းများစွာ ညီအစ်မလိုနေလာခဲ့ကြတာပါ။ သူတို့ကိုလဲ နှုတ်ဆက်ပါရစေဦး"

ချူယွှီ၏မိန်းမနှင့် အခြားသူများမှာ အခြားအလုပ်များ ရှိသေးသည့်အတွက် သူတို့နှစ်ယောက် အလွမ်းသယ်နေသည်ကိုမစောင့်နိုင်ချေ။

ထို့ပြင် သူတို့နှစ်ယောက် ဤမျှဖြစ်နေရသလောဟု ကြည့်၍လည်း စိတ်တိုလျက်ရှိလေပြီ။

"ကဲ ကဲ၊ ဒါတွေ နားမလည်ဘူးအေ။ မြန်မြန်လုပ်ကြ။ အချိန်မရှိဘူး။ တို့မှာ ဒီပြင် အရေးကြီးကိစ္စတွေ ရှိသေးတယ်။ ညည်းတို့မှာ နှုတ်ဆက်ပြီး အလွမ်းသယ်နေရအောင် စောစောက ပြောတော့ ညည်းတို့က တင်သွေးတည်း၊ တစ်စိတ်တည်းဆို။ တစ်သွေးတည်း၊ တစ်စိတ်တည်းက ဒီလောက် တောင် အလွမ်းသယ်နေဖို့ လိုသေးသလား။ ညည်းတို့ မြင်ယင် လူရယ်နိုပ်ရှိမှာပေါ့။ ဒီလောက် ပတ်ချွဲနပ်ချွဲလုပ်နေစရာလိုပါဘူး။ ကဲလာ၊ သွားမယ်"

ထိုစဉ် ပေါက်ယု အပြင်မှ ပြန်လာသည်နှင့်ကြုံနေလေ၏။ အစေတော်များက အထုပ်အပိုးများဖြင့် စုချိအား ခေါ်သွားသည်ကိုမြင်လိုက်သည့်အခါ၌ အလုပ်မှထုတ် စ်လိုက်ပြီဟု ရိပ်မိလိုက် လေ၏။ ပေါက်ယုသည် ကျင်ဝမ်းတစ်ယောက် ထိုသို့အလုပ်ထုတ်ခံရသည်ကို မြင်ခဲ့ဖူးလေပြီ။ သူ့ကိုမေးကြည့်သော်လည်း ဘာကိုမျှရေရေရာရာမပြောနိုင်ဘဲ ရှိလေ၏။ ထိုနောက် ယုဟွာအား အလုပ်ထုတ်ပစ်လိုက်သည်ကိုလည်း မြင်ခဲ့လေပြီ။ ယခုတစ်ဖန် စုချိအား အလုပ်မှထုတ်ပစ်လိုက်သည်ကိုလည်း မြင်ရပြန်လေပြီ။ ပေါက်ယုသည် ဘုမသိဘမသိဖြင့် လမ်းမှသိ ၍ရပ်ကာ ဘယ်သွားမည်နည်းဟု မေးလေ၏။ အစေတော်ကြင်များသည် ပေါက်ယု၏ ခပ်ကြောင်ကြောင် ရိုက်ကိုသိသဖြင့် သူတို့အား အနှောင့်အယှက်ပေးပြန်ဦးတော့မည်ဟု တွက်လိုက်မိကာ စိတ်ပျက်သွားလေ၏။ ချူယွှီ၏မိန်းမက ပြုံးလျက်

"အသာနေစမ်းပါ သခင်လေးရယ်။ သခင်လေးနဲ့ဘာမှမဆိုင်ပါဘူး။ ကိုယ့်စာကိုသာ ကျက်စမ်းပါ"

"နေစမ်းပါဦး၊ ကျွန်တော်ပြောစရာ တစ် ရှိလို့ပါ"

"သခင်မကြီးက မြန်မြန်ပြန်လာရမယ်လို့ အမိန့်ပေးထားတယ်။ ခုအကျွန်တို့က သခင်မကြီး အမိန့်အတိုင်း လုပ်နေရတာနော်။ တော်တော်ကြာ အကျွန်တို့ကို အဆူမခံနိုင်ဘူး"

စုချိက ပေါက်ယု၏အင်္ကျီလက်ကို လှမ်းဆွဲလိုက်ပြီးလျှင်

"သူတို့ကတော့ အမိန့်အတိုင်း လုပ်ရတာပါ သခင်လေးရယ်။ ကျွန်မကို သနားယင် သခင်မကြီးဆီကိုသွားပြီး တောင်းပန်ပေးပါ"

ပေါက်ယုမှာ သူ့အတွက် စိတ်မကောင်းဖြစ်သွားကာ မျက်ရည်တွေဝဲလာလေ၏။

"နင်တို့က ဘာတွေ လုပ်ထားကြမှန်းမှ မသိဘဲကိုး၊ မနေ့ကလဲ ကျင်ဝမ်းတစ်ယောက် ပြန်သွားရပြီ။ ခုလဲ နင်က ပြန်တော့မယ်။ ငါ့ကို တော့ ပစ်ထားခဲ့ကြတယ်ပေါ့"

ချူယွမ်၏မိန်းမက

"ဟဲ့ကောင်မ စုချိ။ ညည်းက ညည်းကိုယ် ညည်း မယား ငယ်ကလေးများ အောက်မေ့နေလို့လား ဟင်။ ငါပြောတဲ့အတိုင်း သွားဆို သွားနော်။ မသွားယင် ရိုက်မိလိမ့်မယ်။ ညည်းထင်တိုင်း ကြဲနေနိုင်ဖို့ ညည်းသခင်မလေးယင်ချွန်းကလဲ ညည်းကို ကယ်နိုင်တော့မှာ မဟုတ်ဘူး။ သခင်လေးပေါက်ယုအင်္ကျီကိုဆွဲမထားနဲ့၊ လွှတ်လိုက်။ လာ၊ လိုက်မှာသာ လိုက်ခဲ့။ ဟင်း၊ ကောင်မကိုက သူ့ကိုယ်သူ ဘာများ အောက်မေ့နေသလဲ မသိဘူး။ ဆွဲလား ရမ်းလာ နဲ့"

စုချိက မည်သို့မျှမပြောနိုင်မီ သူတို့တစ်သိုက်သည် စုချိကို ဆွဲခေါ်သွားကြလေ၏။ ပေါက်ယုသည် သူတို့ပြန်၍ တိုင်မည်စိုးသည့် အတွက် ဘာမျှမပြောရဲတော့ဘဲ ငေး၍ကျန်ရစ်ခဲ့လေ၏။ ခပ်လှမ်းလှမ်းသို့ ရောက်သွားသည့်အခါ၌ ပေါက်ယုသည် သူတို့ကို လက်ညှိုးထောင်၍ ပြလိုက်ပြီးလျှင်

"အင်း၊ တော်တော်တော့ ဆန်းတာပဲနော်။ မိန်းမများ အိမ်ထောင်ကျသွားပြီဆိုယင် ယောကျ်ားတွေဆီက ဓာတ်ကူးသွားလို့လား မသိဘူး။ တော်တော် အဆိုပ်ပြင်းလာတယ်။ ယောကျ်ားတွေထက်တောင် ဆိုးလိမ့်မယ်ထင်တယ်"

သူ့စကားကိုကြားသည့်အခါတွင် ဝင်းဝတွင်ရှိသည့် အစောင့်မိန်းမများသည် ဝါးခနဲရယ်လိုက်ရင်း၍

"သခင်လေး ဘာတွေပြောနေတာလဲ။ သခင်လေးဟာလေ တစ်ခါတလေ ဘာစကားတွေပြောမှန်းမသိဘူး။ နေစမ်းပါဦး သခင်လေးရဲ့။ ဒီလိုဆိုယင် သခင်လေး ပြောချင်တာက အပျိုဆိုယင် ကောင်းတယ်၊ လင်ရှိတဲ့မိန်းမတွေဟာ ဆိုးတယ်လို့ပြောချင်တာလား"ဟု နောက်ပြောင်သည့်အနေဖြင့်မေးကြလေ၏။

"ဟုတ်တယ်။ အဲဒီအတိုင်း ပြောတာပဲ"

"ကျွန်မတို့က ခပ်အအတွေ သခင်လေးရဲ့။ ဒီတော့ အကျယ်ကို လင်းစမ်းပါဦး"

ထိုသို့ပြောဆိုနေကြစဉ် အထိန်းတော်အချို့ ဝင်ရောက်လာပြီး

"တော့၊ စကားတွေ များမနေကြနဲ့။ တာဝန်ချိန်မှာ စုစုပြီး ဘာလုပ်နေကြတာလဲ။ ကိုယ့်နေရာမှာ ကိုယ်နေကြ။ ဥယျာဉ်ထဲမှာ သခင်မကြီးဝမ် လိုက်စစ်နေတယ်။ ဒီနေရာကိုလဲ လာချင်လာမှာ"

အထိန်းတော်တစ်ယောက်က နီမောင်းပျော်ဖွယ်ရိပ်သာတွင် နေသည့် ကျင်ဝမ်းကို အခေါ်လွှတ်လိုက်ပြီးလျှင် ထိုနေရာတွင် အစောင့်ခိုင်းထားလေ၏။

"အံမယ်လေး၊ ဝမ် သာလိုက်တာတော်။ ဒီကောင်မ သွားယင် ကျွန်မတို့တစ်တွေ ဥယျာဉ်ထဲမှာ အေးအေးဆေးဆေး နေရပြီပေါ့"

ဥယျာဉ်ထဲသို့ မိခင်ကြီး လာ၍ စစ်ဆေးမည်ဆိုသည်ဟု ကြားရသည့်အခါ၌ ကျင်ဝမ်းအတွက် မကောင်းသည်ကိုသိလိုက်သဖြင့် ပေါက်ယုမှာ အဆောင်သို့ ခပ်သုတ်သုတ်ပြန်သွားသည်တွင် အစေတော် ဝင်းစောင့်များ ပြောနေသည်ကို မကြားလိုက်တော့ချေ။

နီမောင်းပျော်ဖွယ်ရိပ်သာသို့ ရောက်သည့်အခါ၌ လူတွေ ပြည့်ကျပ်နေသည်ကို တွေ့ရလေ၏။ မိခင်ဖြစ်သူ သခင်မကြီးဝမ်သည် တင်းမာသော မျက်နှာနှင့် ထိုင်လျက်ရှိပြီး သူလာသည်ကိုပင် ဂရုမစိုက်နိုင်ချေ။

ကျင်ဝမ်းအစာမစားသည်မှာ လေးငါးရက်ခန့်ရှိပြီဖြစ်၍ ပိန်ချုံးလျက် ရှိလေပြီ။ ဆံပင်ဖရိုဖရဲဖြစ်နေသည့် ကျင်ဝမ်းကို ခုတင်မီးဖိုကြီးပေါ်မှ ဆွဲချပြီးလျှင် အခိုင်းမိန်းမနှစ်ယောက်က ဒယဉ်တိုက် ဆွဲခေါ်သွားလေ၏။

“ဘယ်အဝတ်အစားကိုမှမပေးလိုက်နဲ့။ ဝတ်ထားတာနဲ့ပဲ သွားပေ့စေ။ ကျန်တဲ့အဝတ်အစားဟောင်းတွေကို တခြားအစေတော်တွေကို ပေးရမယ်”ဟု သခင်မဝမ်က ပြောလေ၏။

ထိုနောက်တွင် သခင်မဝမ်ကစစ်ဆေးရန်အတွက်အစေတော်များ အားလုံးကို ခေါ်လိုက်လေ၏။

ဤသို့စစ်ဆေးရခြင်းမှာ အခြားကြောင့်မဟုတ်ချေ။ လွန်ခဲ့သည့်ရက်က ဝမ်ရှန်ပေါက်၏မိန်းမသည် သခင်မဝမ် စိတ်ဆိုးသည်ကို အခွင့်ကောင်းယူကာ ဥယျာဉ်ထဲမှသူမကြိုက်သည့်မိန်းကလေးများနှင့် ကျင်ဝမ်းတို့ကို နှင်ထုတ်သည့်အတွက် လာရောက်စစ်ဆေးခြင်းဖြစ်လေ၏။ ထို့ပြင် ပေါက်ယု၏အနီးတွင်ရှိသည့် အစေတော်များသည် မိန်းမပျက်ကလေးများ ဖြစ်သည့်အလျောက် ပေါက်ယုအား မကောင်းသည့် နည်းလမ်းများကို သင်ကြားပေးနေသည်ဟု သတင်းကြားသောကြောင့်လည်း ဖြစ်လေ၏။ ခပ်စောစောပိုင်းက စန္ဒီပွဲတော်အတွက် အလုပ်များနေသည့်အတွက် ယခုမှသာရောက်စစ်ဆေးခြင်းဖြစ်ပေ၏။ ယနေ့ကိစ္စမှာ ကျင်ဝမ်းကိစ္စတက်ဆိုးသည့်အတွက် သခင်မဝမ်သည် မာလာမှအစ အလုပ်ကြမ်းလုပ်သည့် အခိုင်းမိန်းမများအထိ အားလုံးကို စစ်ဆေးလျက် ရှိလေ၏။

ဤတွင် အထိန်းတော်ကြီးက မိန်းကလေးတစ်ယောက်ကို ဆွဲထုတ်လာကာ

“သူပါပဲ သခင်မကြီး။ ဟွာ့ဆိုင်းလို့လဲခေါ်ပါတယ်။ စုအဲလို့လဲ ခေါ်ပါတယ်”

သခင်မဝမ်သည် ထိုမိန်းကလေးကို သေချာစွာကြည့်ရှုလျက် ရှိလေ၏။ ထိုမိန်းကလေးမှာ ကျင်ဝမ်း၏တစ်ဝက်လောက်မျှ မချောသည့်တိုင် ရှင်ရှည်သနားကမားဖြင့် အကင်းပါးဟန်ရှိပြီး တောက်ပစွာဝတ်စားထားလေ၏။ သခင်မဝမ်သည် လှောင်ပြုံးပြုံး၍ ကြည့်လိုက်ရင်း

“ဟင်း....အရှက်နည်းလိုက်တဲ့ အပျက်မ။ တစ်နေ့တည်း မွေးတဲ့ယောကျ်ားလေးနဲ့ မိန်းကလေးဆိုတာ ညားတတ်တယ်လို့ နင်ပဲဟိုလူပြောဒီလူပြော လျှောက်ပြောခဲ့တာ မဟုတ်လား။ ပေါက်ယုကိုလဲ နင်ပဲပြောခဲ့တယ် မဟုတ်လား။ တို့က တခြားနေလို့ မသိဘူးအောက်မေ့နေတယ်

ပေါ့လေ။ ငါက ဥယျာဉ်ထဲသာမရောက်ပေမယ့် နင် ဘာတွေလုပ်ကိုင်နေတယ်ဆိုတာ ငါအကုန်သိတယ်ဟဲ့။ ငါ့မှာ သားဆိုလို့ သူတစ်ယောက်ပဲရှိတာ။ နင်တို့လိုအပျက်မတွေနဲ့ ငါကလွှတ်ထားနိုင်ပါ့မလား ဟင်”

ပေါက်ယုအား သူပြောထားသည့်စကားကို သခင်မဝမ် သိသွားသည့်အခါတွင် စုချီမှာ မျက်နှာနီရဲသွားကာ ငိုလျက်ရှိလေ၏။

သခင်မဝမ်သည် စုချီအား မိဘများကို အပြင်သို့ ခေါ်ထုတ်သွားရန် ပြောလိုက်ပြီးနောက် သခင်မဝမ်က

“နေ့စမ်းပါဦး၊ ယာလီဆုန်နဲ့ဆိုတဲ့ကောင်မကကော ဘယ်သူလဲ”

အထိန်းတော်များသည် ဖန်ကွမ်းကို လက်ညှိုးထိုးပြကြလေ၏။

“ဪ၊ ကချေသည်မလား။ အင်း၊ ကချေသည် တစ်ခါဖြစ်တာ ဘာဆန်းသလဲ။ အလျင်တစ်ခါတုန်းက ညည်းကို ပြန်လွှတ်ပြီးပြီ။ အဲဒီတုန်းက ညည်း မသွားခဲ့ဘူး။ဒီတော့ ညည်းကိုလဲ သတိပေးလိုက်ပါပေရဲ့။ အနေအထိုင် ဆင်ခြင်ပါ။ ငါ့သားကို သွားပြီး ပြိတ္တာမလုပ်ပါနဲ့”

“မလုပ်ဝံ့ပါဘူး သခင်မကြီး”ဟု ဖန်ကွမ်းက ပြောလေ၏။

“အံမယ်၊ သူကများ ငါ့ကို ပြန်ပြောနေရသေးတယ်။ ဒီလိုဆိုယင် ငါမေးမယ်။ မနှစ်က ရွှေနန်းတော်က ဆွေမျိုးတော်တွေရဲ့ သချိုင်းဂူကို သွားတုန်းက စုအဲဆိုတဲ့ကောင်မကို ခေါ်လာဖို့ ပေါက်ယုကို သွားပြီး ဖျားယောင်းသွေးဆောင်တာ ဘယ်သူလဲ၊ ပြောစမ်း။ ဟိုကောင်မကစောစောစီးစီး သေသွားပေလို့ပေါ့။ နို့မဟုတ်ယင် ညည်းတို့နှစ်ယောက်ပေါင်းပြီး ဥယျာဉ်ထဲမှာ ဘယ်လောက်များ မွှေနှောက်နေကြမလဲ မသိဘူး။ ညည်းဆိုတဲ့ကောင်မက တခြားသူကိုမပြောနဲ့၊ ကိုယ့်မွေးစားအမေကိုတောင် အနိုင်ကျင့်ချင်တဲ့ကောင်မ”

သခင်မဝမ်သည် မွေးစားအမေကို ခေါ်ကာ ဖန်ကွမ်းကိုလည်း အပြင်သို့ပို့၍ ယောကျ်ားပေးစားရန် ပြောလေ၏။ ထို့ပြင်မကယမန်နှစ်က မိန်းကလေးများ၏ အဆောင်အသီးသီးသို့ ပို့ထားသည့် ကချေသည်များ အားလုံးကိုလည်း အပြင်သို့ ပို့၍ ယောကျ်ား ပေးစားရန် အမိန့် ပေးလိုက်လေ၏။

"နောက်ကျတော့ အတင်းအဖျင်း ပြောစရာ မရှိတော့ဘူးပေါ့အေ။ ဒီလို လုပ်လိုက်တော့ ရှင်းတာပေါ့။ မာလာ ဆိုတဲ့ ကောင်မနဲ့ ရွှေယွေ့ဆိုတဲ့ ကောင်မနှစ်ယောက်လဲ ကျပ်ကျပ်သတိထားမှပါ။ နောင်မှ ညည်းတို့နဲ့ပတ်သက်လို့ တစ်စုံတစ်ခုကြားရယင် ညည်းတို့ကိုလဲ အပြင်ကို နှင်အထုတ်ပဲ"

ထိုနောက် သခင်မဝမ်သည် ပြက္ခဒိန်ကိုကြည့်ရာ ယခုနှစ်တွင် နေရာ အပြောင်းအရွှေ့လုပ်ရန် မသင့်သည့်အတွက် ပေါက်ယုကို ဥယျာဉ်ထဲမှာပင် ဆက်လက်နေထိုင်ရန် ခွင့်ပြုခဲ့လေ၏။

"နောင်နှစ်ကျယင် သူ့ကိုလဲ ငါ့အဆောင်မှာ ပြောင်းနေရမယ်။ ဒါမှ ကိစ္စပြတ်မှာ"

ထိုနောက်တွင် သခင်မဝမ်သည်လက်ဖက်ရည်ပင်မသောက်တော့ဘဲ အခြားအဆောင်များကို စစ်ဆေးရန် အခြွေအရံများနှင့် အတူထွက်သွားလေ၏။

ပေါက်ယုအကြောင်းကို ဆက်ဦးအံ့။ သခင်မဝမ် လာရောက် စစ်ဆေးသည်ဟု ဆိုသည့်အခါတွင် သာခန့်မျှလောက်ဖြစ်ပြီး ဤမျှလောက် ပြင်းထန်လိမ့်မည်ဟု မထင်ခဲ့ချေ။ မိမိတို့အချင်းချင်း ပြောခဲ့သည့်စကားများကိုလည်း သိလိမ့်မည်ဟုမထင်ခဲ့ချေ။ ယခုမူ အခြေအနေကိုဖုံးကွယ်၍ မရတော့ပြီကို သိသည့်အတွက် ပေါက်ယုမှာ ထိုနေရာတွင် ချက်ချင်းလဲသေပစ်သိုက်ချင်ပေ၏။သို့ရာတွင် မိခင်ကြီးမှာ အကြီးအကျယ် စိတ်ဆိုးလျက်ရှိသဖြင့် ပေါက်ယုသည် ဘာမျှ မပြောရဲတော့ဘဲ အသာပင် နေလိုက်ရလေ၏။ ပေါက်ယုသည် မိခင်ကြီး နှင့်အတူ တတိုင်းမွေး အဆောင်အထိ လိုက်လာခဲ့လေ၏။ အဆောင်သို့ရောက်လျှင် သခင်မဝမ်က

"သွား၊ မင်း စာတွေကျက်စရာရှိယင် သွားကျက်ချေ။ မင်းအဖေကြီး တော်တော်စိတ်ဆိုးနေပြီ"

မိမိတို့အကြောင်းကို သခင်မဝမ်အား မည်သူ သွား၍ ပြောလေသနည်းဟု တစ်သမ်းလုံး ပေါက်ယု စဉ်းစားလာခဲ့လေ၏။ မိမိအဆောင်တွင် ဖြစ်ပျက်နေသည်တို့ကို အပြင်လူ တစ်ယောက်မှ မသိနိုင်ပါဘဲလျက် အဘယ့်ကြောင့် မိခင်ကြီးသည် ခ ရေ စေ့ တွင်း ကျ သိနေလေသနည်း။

ပေါက်ယုသည် စိတ်ရှုပ်ရှုပ်ဖြင့် အဆောင်သို့ လာခဲ့သည်တွင် တရှုပ်ရှုပ်ငိုနေသည့် မာလာ့ကိုတွေ့ရလေ၏။ပေါက်ယုသည် သူအနှစ်သက်ဆုံး အစေတော် ကျင်ဝမ်းမရှိတော့သည့်အတွက် စိတ်ထိခိုက်သဖြင့် မျက်ရည်တို့ကို မထိန်းနိုင်တော့ဘဲ ငိုလျက်ရှိလေ၏။

ကျင်ဝမ်းမရှိသည့်အတွက် စိတ်ထိခိုက်ခြင်းဖြစ်ကြောင်းကို မာလာကသည်း ကောင်းစွာသိပေ၏။ မာလာသည် ပေါက်ယုကို တံတောင်ဖြင့် တို့လိုက်ရင်း

"ငိုမနေပါနဲ့ သခင်လေးရယ်၊ ငိုနေလို့အပိုပေါ့။ မာလာပြောတာကို နားထောင်စမ်းပါ။ ကျင်ဝမ်းလဲ ခုတလော ပြန်ပြီး နေလို့ထိုင်လို့ကောင်းလာပါပြီ။ ခုသို ပြန်သွာ ရပြီဆိုတော့ သူလဲ နည်းနည်းပါးပါး အနားရတာပေါ့။ တကယ်လို့ သူ မပြန်စေချင်ဘူး ဆိုယင် သခင်မဝမ် စိတ်ပြေအောင် နည်းနည်းစောင့်လိုက်။ သူစိတ်ပြေတော့မှ သူ့ကိုပြန်ခေါ်ပေးဖို့ သွားပြောချည်။ အဲဒီအခါကျတော့ ဒီလောက်ခက်တော့မှာမဟုတ်ပါဘူး။ ခုဟာကလဲ ဘေးစကားကိုကြားပြီး စိတ်ဆိုးနေတုန်းမို့ ဒီလို လုပ်လိုက်တာပါ"

"ဘာ့ကြောင့်လဲဆိုတာ မောင်ဖြင့် စဉ်းစားလို့ကိုမရဘူး"

"ရုပ်ချောတဲ့ မိန်းကလေးဆိုဘာ ပျံတန်တန် နန့်တန့်တန့် နိုင်လိမ့်မယ်လို့ သခင်မကြီးထင်နေတယ်လေ။ ဒီတော့ ဒီလောက်လှတဲ့မိန်းကလေးရှိယင် ဒီမှာရှုပ်ရှုပ်ယှက်ယှက်ဖြစ်လိမ့်မယ်လို့ ထင်ပုံရတယ်။ ဒါကြောင့်မို့ ကျင်ဝမ်းကို မကြိုက်ဘာဖြစ်မှာပေါ့။ သခင်မဝမ်က မာလာတို့လို အရုပ်ဆိုးဆိုး၊ ခပ်အအ မိန်းကလေးတွေကိုမှ သဘောကျတာ"

"ဒါကထားပါတော့လေ။ ဘာဖြစ်လို့မောင်တို့အချင်းချင်းပြောတဲ့စကားတွေကို သူသိနေရတာလဲ။ဒါဟာ အပြင်ကဘယ်နည်းနဲ့မှ မကြားနိုင်ဘူး။ အထဲကကြားတာပဲဖြစ်ရမယ်။ မောင်ခံပြင်းတာက ဒါ့ကြောင့်ခံပြင်းနေတာ"

"သခင်လေးကာ ကာ စကားကို ဆင်ဆင်ခြင်ခြင် ပြောလို့လား၊ ပြောချင်ပြီဆိုယင် အနားဘယ်သူရှိတယ်မရှိဘူးဆိုတာကို မကြည့်တော့ဘဲ ပြောချင်ရာကို ပြောချလိုက်တာပဲမဟုတ်လား။ သခင်လေးဒီလိုပြောလွန်း

လို မာလာပဲ မကြာခဏ မျက်စိမှိတ်ပြရ၊ မျက်စပစ်ပြရနဲ့ လုပ်ရပေါင်းများလှပြီ။ ဒါပေမယ့်ရှူးလို့လား”

“မေဖျားဟာ ဒီပြင်အစေတော်တွေရဲ့အဖြစ်ကိုတော့ အကုန်သိပြီ။ မာလာတို့၊ ချင်ဝမ်းတို့၊ ရွှေယွေ့တို့ရဲ့ အဖြစ်တွေကိုတော့ ဘာဖြစ်လို့ မသိတာလဲ”

တိုက်ရိုက်ကြီးမေးလိုက်သဖြင့် မာလာမှာ မည်သို့ဖြေရမည် မသိတော့ဘဲ ခေါင်းကိုငုံ့သားလိုက်မိလေ၏။

“ဟုတ်တယ်၊ အဲဒါကတော့ နည်းနည်းဆန်းသလိုလိုပဲ။ မာလာတို့လဲ ရယ်စရာ မောစရာ ပြောချင်ရာတွေ ပြောခဲ့ကြတာပဲ။ ဒါပေမယ့် သခင်မဝမ်က ဒါတွေကိုတော့ သတိရဟန်မတူဘူး။ ဒါမှ မဟုတ်ယင်လဲ သူ့မှာ ဒီပြင်အရေးတကြီးကိစ္စတွေရှိနေလို့ သူတို့ကိုအလျင်ရှင်းပြီး နောက်ကျမှ မာလာတို့ကို ရှင်းမလားမှမသိတာ”

“မာလာဟာ အကျင့်သိလကောင်းတဲ့ မိန်းကလေးဆိုတာ အားလုံးသိပါတယ် မာလာရယ်။ ချင်ဝမ်းနဲ့ ရွှေယွေ့တို့ဟာလဲ မာလာနဲ့ ပေါင်းသင်းနေတော့ မာလာရဲ့အရှိန်အဝါရှိတာပေါ့။ ဒီတော့ မာလာဟာ ဒီအဖြစ်ဒဏ်ခံရလောက်အောင် စကားမျိုးကို ဘယ်မှာပြောပါ့မလဲ။ ဖန်ကွမ်းကတော့တစ်မျိုးပေါ့လေ။ ငယ်လဲငယ်၊ အတွေ့ အကြုံကလဲ မရှိသေးတော့ တချို့လူတွေကို သူ့အနိုင်ကျင့်ချင်ယင်ကျင့်မှာပေါ့။ စုအဲကိစ္စကတော့ မောင့်အပြစ်သက်သက်ပါ။ အဲဒီနေ့က မောင်က မာလာနဲ့ စိတ်ကောက်နေတော့ သူ့ကိုမောင့်အနားမှာ ခေါ်ထားလိုက်မိတယ်။ ဒီတင် သူလဲဘဝင်မြင့်ပြီး တစ်မျိုးဖြစ်သွားတော့တာပဲ။

“ဒါပေမယ့်ကျင်ဝမ်းကတော့ မာလာနဲ့အတူတူပါပဲ။ မယ်မယ်ရဲ့ အခဆောင်ကနေ ဒီကိုပြောင်းလာတုန်းက ကလေးလေး သာသာ ရှိသေးတာပဲ။ ကျင်ဝမ်းဟာ ရုပ်ချောကောင်းချောမယ်။ ဒါပေမယ့် ရုပ်ချောတော့ကောဘာဖြစ်သလဲကွယ်။ ကျင်ဝမ်းက နှုတ်သီးကောင်း လျှာပါး၊ ပြောယင်လဲ ပောပောဒိုင်းဒိုင်းပြောတတ်တယ်။ ဒါပေမယ့် မာလာကို ဘာမှမထိခိုက်ဘူးမဟုတ်လား။ အင်း၊ ခုတော့ ရုပ်ချောမိတာနဲ့ ဒုက္ခ

ရောက်ရပြီပေါ့လေ”ဟုဆိုကာ ပေါက်ယုသည် မျက်ရည် တွေတွေစီးကျလျက်ရှိလေ၏။

ထိုစကားများကိုကြားကြ၍ မိမိသည် သခင်မဝမ်အား မကောင်းစကားများကို သွားပြောသည်ဟု ပေါက်ယု သံသယဖြစ်ဟန် ရှိသဖြင့် မာလာလည်းမည်သို့မျှမပြောတော့ဘဲ ထိုအကြောင်းကို ရပ်လိုက်လေ၏။

မာလာက သက်ပြင်းချလိုက်လျက်

“ကဲပါလေ၊ ငိုမနေပါနဲ့။ သခင်မဝမ်ကို ဒီစကားတွေ ဘယ်သူသွားပြောသလဲဆိုတာ ဘုရားမှသိတော့မှာပဲ။ သခင်မစိတ်ပြေသွားသည်အထိ အေးအေးဆေးဆေးနေလိုက်ပါဦး။ အဲဒီတော့မှ အကျိုးအကြောင်းကိုပြောပြီး ကျင်ဝမ်းကို ပြန်အခေါ်ခိုင်းကြည့်ပေါ့”

“မဟုတ်တဲ့ မျှော်လင့်ချက်တွေ ထားစမ်းပါနဲ့ မာလာရယ်။ မေဖျားစိတ်ပြေသည်အထိ စောင့်နေယင် အချိန် နောက်ကျသွားပြီ။ ကျင်ဝမ်းရဲ့ ကျန်းမာရေးက အဲဒီအချိန်အထိ စောင့်မှာ မဟုတ်ဘူး။ ကျင်ဝမ်းဟာ တစ်သက်လုံး သက်သက်သာသာနဲ့နေလာရတာ။ သူ့ဘဝမှာ တစ်နေ့မှဆင်းဆင်းရဲရဲ မနေခဲ့သေးဘူး။ သူ့အကြောင်းကို ကောင်းကောင်းသိတဲ့မောင်တောင် သူ့ကို မကြာခဏ စိတ်ထိခိုက်အောင် လုပ်ခဲ့မိတယ်။ ခုလို အသည်းအသန်ဖြစ်နေတုန်းမှာ သူ့ကိုနှင်ထုတ်လိုက်တယ်ဆိုတော့”

ပေါက်ယုမှာ လွန်စွာစိတ်ထိခိုက်လျက်ရှိဟန်ဖြင့် ပြောဆိုလျက်ရှိလေ၏။

“အင်မတန်နူးညံ့တဲ့ သစ်ခွပန်းကလေးတစ်ပွင့်ကို အမှိုက်ခြင်းထဲ ထိုးထည့်ပစ်သလိုဖြစ်ရှာမှာပေါ့။ ပြီးတော့ သူ့မှာ မိဘကလဲ မရှိရှာဘူး။ သူ့အစ်ကိုဝမ်းကွဲက ယစ်ထုပ်။ အဲဒီမှာ ဘယ့်နှယ်လုပ်နေနိုင်ပါ့မလဲမာလာရယ်။ မာလာမို့လို့ ပြောရက်ပသေးတယ်။ ကျင်ဝမ်းကို ဒီတစ်သက်မှာ နောက်ထပ်တွေ့ရတော့မယ်မထင်တော့ပါဘူး”

မာလာက ရယ်လိုက်၏။

“သခင်လေးက ဘာနဲ့တူနေသလဲဆိုယင် ‘ရွာသူရွာသား တွေကိုတော့ မီးထွန်းခွင့်မပေးဘဲ ကိုယ်ဘိုင်ကတော့ရွာကို မီးရှို့နေတဲ့ခုံသမာဓိ

နဲ့ တူနေပြီ’ မာလာတို့က ချင်ဝမ်းများ သေမလားဘာလားလို့ မတော်တဆပြောမိယင် မပြောကောင်းဘူး၊ နိမိတ်မရှိနမာမရှိ မပြောပါနဲ့လို့ တားပြီး မောင်ကိုယ်တိုင်ကျတော့သူသေတော့မှာပဲလို့ ပြောနေတယ်။ ကျင်ဝမ်းဟာသိပ်ပြီးနူးညံ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် ဒီလောက်လဲ မစိုးရိမ်ပါနဲ့ဦး မောင်ရဲ့၊ သခင်လေးရဲ့”

“မောင်က တွေ့ရာထင်ရာကို လျှောက်ပြောနေတာ မဟုတ်ဘူး။ ဒီနှစ်ခုနှဦးတုန်းက မောင်အတိတ်နိမိတ်တွေကို မြင်နေတယ်”

“ဘယ်လိုအတိတ်နိမိတ်တွေများလဲ”

“လှေကားရင်းက ဂမုန်းတွေသိပ်ပွင့်နေတယ်လေ။ အဲဒီလိုပွင့်နေတုန်းမှာပဲ ဘာဖြစ်လို့မှန်းမသိဘူး၊ အကိုင်းတွေညှိုးခြောက်ပြီးသေသွားတယ်။ အဲဒါကိုမြင်ကတည်းက နိမိတ်သိပ်မကောင်းဘူးလို့ မောင်စွဲနေတာ။ ခုဘော့မောင်ထင်တဲ့အတိုင်းဖြစ်ပြီမဟုတ်လား”

မာလာက နောက်တစ်ကြိမ်ရယ်လိုက်ပြန်၏။

“ပြောဘော့မပြောသင့်ဘူး။ ဒါပေမယ့်ပြောရဦးမှာပဲ။ သခင်လေးဟာ တကယ့်ရှေးအဘွားကြီးနဲ့သိပ်တူတာပဲ။ ပညာတတ်တဲ့လူငယ်ကလေးတစ်ယောက်က ဒီစကားမျိုးပြောတာကို မာလာ အံ့သြတယ်။ ဂမုန်းပင်ညှိုးသွားတာနဲ့ သူနဲ့ဘာဆိုင်လို့လဲ သခင်လေးရဲ့။ သခင်လေးဟာ ရှေးအဘွားကြီးတစ်ယောက် ဟုတ်ယင်ဟုတ်၊ မဟုတ်ယင် သက်သက် စိတ်ရူးထတာပဲဖြစ်ရမယ်”

ပေါက်ယုက သက်ပြင်းချလိုက်လျက်

“မာလာ နားမလည်ပါဘူးကွယ်။ ပန်းပင်တွေ သစ်ပင်တွေ တင်မကဘူး။ လောကကြီးမှာရှိတဲ့အရာတိုင်းဟာ မောင်တို့လူတွေလို သခါရတွေ၊ စဉ်းစားတွေးခေါ် နိုင်စွမ်းရှိတဲ့ ပစ္စည်းတွေချည်းပဲ မာလာ။ တစ်ယောက်ယောက်နဲ့သွားပြီး ခါတ်နာမ်တူနေလို့ရှိယင် အပင်တွေ ပန်းပင်တွေဟာ နိမိတ်ပြတယ်။ ဒီပြင်ဟာကို မကြည့်နဲ့။ ကွန်ဖြူးဇီရဲ့ ဝတ်ကျောင်းရှေ့မှာရှိတဲ့ ကျောက်ထင်းရှူးပင်ကြီးရှိတယ် မဟုတ်လား။ ပြီးတော့ သူ့သင်္ချိုင်းရှေ့က ကသစ်ပုပ်ပင်ကြီးရယ်၊ သုံးနိုင်ငံခေတ်က အမတ်ကြီးချူကိုလျံရဲ့ ဝတ်ကျောင်းရှေ့က ထင်းရှူးပင်ကြီးရယ်၊ ဆွန်မင်းဆက်

ခေတ်က စစ်သူကြီးယွေ့ဖိရဲ့သင်္ချိုင်းနားက မိုးမခပင်ကြီးရယ်။ အဲဒီအပင်ကြီးတွေဟာ သူတို့တစ်တွေရဲ့ဉာဏ်ပါရမီနဲ့ ခါတ်တူ နာမ်တူ ဖြစ်လို့လား မသိဘူး၊ နှစ်ပေါင်းများစွာ ကတည်းက ခုတိုင် ကြံ့ကြံ့ခံပြီး ရှင်သန်ခဲ့ကြတယ်။ ဟော၊ တိုင်းပြည်လဲ ကသောင်းကနင်းဖြစ်လာရော အဲဒီအပင်ကြီးတွေဟာ အလိုလို ညှိုးခြောက်သွားကြတယ်။ တိုင်းပြည် အေးချမ်းလာတာနဲ့တစ်ပြိုင်နက် သူတို့လဲပြန်ပြီး ဝေဝေဆာဆာဖြစ်လာပြန်တာပဲ၊ ခုဆိုယင် အဲဒီခေတ်တွေ ကတည်းက ဒီအပင်ကြီးတွေ ညှိုးသွားလိုက်၊ လန်းလာလိုက်နဲ့ဖြစ်နေတာ နှစ် ထောင်ချီပြီးရှိနေပြီ။ ဒီတော့ သူတို့ဟာ နိမိတ်တွေမဟုတ်ဘူးလား။

“ဒီထက်သေးဖွဲတဲ့ ဥပမာတွေလဲ အများကြီးရှိသေးတယ်။သခင်မယန်ရဲ့နံ့သာဆောင်ရှေ့က ထပ်တစ်ရာပန်းပင်တွေ့ရယ်၊ မိုးထိမျှော်စင်ရှေ့ အလှမ်းငင်ကြီးရယ်၊ ဝမ်ခက်ချန်ရဲ့သင်္ချိုင်းထိပ်နားက မြက်ရှည်ပင်တွေရယ်။ အဲဒီအပင်တွေဟာ နတ်မျက်စိ နတ်တန်ခိုးရှိသလား မသိဘူး။ ခုလဲ ဒီအတိုင်းပဲ။ ခု မောင့်အဆောင်ထဲမှာရှိတဲ့ ဂမုန်းပင်တွေဟာ ညှိုးခြောက်သွားကြတယ်။ ဒါကို ကြည့်ယင် မောင်သိပါတယ် မာလာရယ်။ သူသေတော့မှာပါ”

မာလာသည် ပေါက်ယု၏စကားကို ကြားရသည့် အခါတွင် ငိုရမည်လော ရယ်ရမည်လောဟုပင် မဝေခွဲနိုင်ဖြစ်လျက်ရှိလေ၏။

“သခင်လေးဟာ တော်တော် ရူးနှမ်းနှမ်းစကားတွေကို တော်တော်ပြောတယ်။ ကျင်ဝမ်လို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ရှေးပညာရှိကြီးတွေနဲ့ မဆိုမဆိုင် ဘယ့်နှယ်လုပ်ပြီး သွားနှိုင်းယှဉ်ရတာလဲ။ ပြီးတော့လဲ ကျင်ဝမ်းဟာ ဘယ်လောက်ပဲ စိတ်ရင်း ကောင်းတယ်ဆိုပေမယ့် မာလာ့ထက်တောင် အဆင့်နိမ့်သေးတယ်မဟုတ်လား။ တကယ်ဆိုယင် ဂမုန်းပန်းတွေကို သူနဲ့မနှိုင်းမီ မာလာနဲ့နှိုင်းဖို့ ကောင်းတယ်။ အဲဒီတော့မှာ မာလာလဲ သေရော၊ သေတော့လဲ အေးတာပါပဲ”

ပေါက်ယုက မာလာ၏ပါးစပ်ကို လက်ဖြင့်လှမ်းပိတ်လိုက်၏။

“မပြောစမ်းပါနဲ့ မာလာရယ်။ တစ်ယောက်သေတဲ့ အကြောင်းကိုမှ ပြောလို့မဆုံးသေးဘူး။ နောက်တစ်ယောက်က သေမယ့်အကြောင်း

ကို ပြောပြန်ပြီ။ ကဲ၊ ဒီအကြောင်းကို ဒီတင်ပဲ ရပ်ကြစို့။ မောင့် အစေတော်သုံးယောက် ဆုံးရှုံးခဲ့ရပြီ။ နောက်ထပ်တစ်ယောက် အဆုံးမခံနိုင်တော့ဘူး"

မှာလာသည် စိတ်ထဲကကျိတ်၍ ကျေနပ်လျက်ရှိရာမှ "ဩော်၊ သခင်လေး၊ သခင်လေး၊ သူတို့ ပြန်သွားကြလို့သာ။ သူတို့သာ မပြန်ကြသေးယင် ဘယ်လောက်များ အမူးအရူးဖြစ်လိုက်မလဲမသိဘူး" ဟု တစ်ယောက်တည်း ပြောလျက်ရှိလေ၏။

"ကဲ၊ ဒီတော့ ခုအချိန်ကစပြီး ဒီအကြောင်းတွေကို မပြောကြနဲ့တော့။ သူတို့သုံးယောက်ကိုလဲ သေပြီ၊ မရှိတော့ဘူးလို့ပဲ သဘောထားလိုက်ကြစို့။ ဒီပြင်သူတွေဘောင် သေခဲ့ကြပြီပဲ။ မောင့်မှာ ဘာမှမဖြစ်ခဲ့ဖူး။ ခုလဲ သူတို့သေပြီလို့ သဘောထားလိုက်တော့မယ်။ သေဘာနဲ့ အတူတူပေါ့၊ ဘာထူးသလဲ။ ဒီပြင်လက်တွေ့ကိစ္စတွေကိုပြောကြရအောင်။ မောင်တို့အနေနဲ့ သူ့ပစ္စည်းတွေကို မေဖျားတို့ ဒေါ်လေးဆင့်တို့ မသိအောင် ပို့လိုက်ကြမယ်၊ သူ့ဆေးဖိုးဝါးခအတွက် မောင်တို့စုသားတဲ့ ငွေထဲက နည်းနည်းပါးပါး ပို့လိုက်မယ်။ မကောင်းဘူးလား။ အလျင်တုန်းက ကိုယ့်အိမ်မှာ နေသွားခဲ့တဲ့ လူတစ်ယောက်အတွက် မောင်တို့ တတ်နိုင်သလောက် ကူညီဖို့လဲ ဝတ္တရားရှိတယ်"

မာလာက

"သခင်လေးကလဲ၊ မာလာတို့ဟာ ဒီလောက် နှလုံးသား ကင်းမဲ့တဲ့လူတွေ၊ ကပ်စေးနဲတဲ့လူတွေလို့များ ထင်နေသလား။ မာလာတို့ကို ဒီလောက်လဲ ပြောနေစရာမလိုပါဘူး သခင်လေးရယ်။ သူ့အဝတ်အစားတွေကို ရွေးထုတ်ပြီး ဖယ်ထားပြီးပါပြီ။ နေ့လယ်ကျတော့ ဟိုလူမြင် ဒီလူမြင်မှာ့လို့ မပေးသေးဘဲ နေတာပါ။ မိုးချုပ်တာနဲ့တစ်ပြိုင်နက် အသွားဆိုကိုခေါ်ပြီး အပ်ခိုင်းဖို့ စီစဉ်ပြီးသားပါ။ သူ့ကိုပေးဖို့ဆိုပြီး မာလာစုထားတဲ့ ငွေလေးလဲ နည်းနည်းပါးပါး ရှိပါတယ်"

ပေါက်ယုက ကျေးဇူး တင်ကြောင်း ပြောလေ၏။ မာလာက သော့ပါသည့် အနေဖြင့်

"မာလာက စိတ်ကောင်းရှိတဲ့ ပါရမီရှင်လို့ ပြောကြတယ် မဟုတ်လား။ ဒီလောက် နာမည်ကြီးပြီးမှ ခုလောက်ကလေးပဲ သူတစ်ပါးကို ကျေးဇူးပြုတယ်ဆိုတော့ သိပ်တော့ မကောင်းလှဘူးပေါ့။ ဒါပေမယ့် မာလာက ဒီလောက်ပဲ တတ်နိုင်တာကိုး"

ဤတွင် ပေါက်ယုက မာလာထောက်ပံ့သောပစ္စည်းမှာ နည်းသည် များသည်က အကြောင်းမဟုတ်ကြောင်း၊ စေတနာသာ ပဓာနဖြစ်ကြောင်းဖြင့် ပြောပြလေ၏။

ထိုနေ့မိုးချုပ်တွင် သူတို့သည် အဒေါ်ဆုံကို တိတ်တဆိတ် အပြင်သို့ လွှတ်၍ ပစ္စည်းများကို အပ်ခိုင်းလိုက်လေ၏။ အစေတော်များ အိပ်ပျော်သွားသည့်အခါတွင် ပေါက်ယုသည် တစ်ယောက်တည်း အပြင်သို့ ထွက်လာခဲ့ကာ မလှယ်တံခါးရှိ အစောင့်မိန်းမကြီး တစ်ယောက်အား ကျင်ဝမ်းထံ လိုက်ပို့ရန် ပြောလေ၏။ အစတွင် အစောင့်မိန်းမကြီးသည် အကြောက်အကန် ငြင်းဆန်လျက်ရှိသော်လည်း ပေါက်ယု အတင်းတောင်းပန်ပြီး သူ့ကိုလည်း ဆုငွေများများပေးမည်ဟု ပြောလိုက်သည့်အခါတွင် အစောင့်မိန်းမကြီးလည်း လိုက်ပို့ပေးလေ၏။

ကျင်ဝမ်းသည်အသက်ဆယ်နှစ်မတိုင်မီ ခေါင်းတုံးပြောင်ကလေးနှင့်ရှိစဉ်က သူ့မိဘများသည် လိုင်တ၏မိသားစုထံ ကျွန်အဖြစ် ရောင်းခဲ့ကြလေ၏။ လိုင်တ၏မိန်းမသည် ကျင်ဝမ်းကို ယွန်းစံအိမ်ကြီးသို့ ခေါ်သွားလေ့ရှိသည်တွင် ကျင်ဝမ်း အကင်းပါးပုံ၊ ရုပ်ချောပုံတို့ကိုမြင်ကာ မယ်မယ်က သဘောကျသွားသဖြင့်လိုင်တ၏မိန်းမကကျင်ဝမ်းကို မယ်မယ်ထံ လက်ဆောင်ပေးခဲ့ခြင်းဖြစ်လေ၏။ ဤသို့ဖြင့် ကျင်ဝမ်းသည် ပေါက်ယု၏အဆောင်တွင် အစေတော်ဖြစ်လာခဲ့ရခြင်းဖြစ်၏။ လူမမည်အရွယ်တွင် ရောက်လာခဲ့ခြင်းဖြစ်သဖြင့် ကျင်ဝမ်းသည် မိမိ၏မွေးရပ်ဌာနေနှင့် မိဘများကိုလည်း ကောင်းစွာ မမှတ်မိတော့ချေ။ ဆွေမျိုးသားချင်းဆို၍လည်း အဖေ့ဘက်မှတော်သည့် ဝမ်းကွဲအစ်ကိုတစ်ယောက်သာရှိ၍ ထမင်းချက်ကောင်းသည့်တိုင် အလုပ်လက်မဲ့ဖြစ်လျက်ရှိလေ၏။ ကျင်ဝမ်းသည် သူ့အစ်ကိုဝမ်းကွဲကို ယွန်းစံအိမ်ကြီးသို့ခေါ်သွားရန် အဒေါ်လိုင်တကိုပြောလေ၏။ ထိုအချိန်၌ ကျင်ဝမ်းမှာ မယ်မယ်ထံတွင် အစေ

တော် ဖြစ်နေလေပြီ။ ကျင်ဝမ်းသည် ခပ်ထက်ထက်၊ ခပ်စွာစွာ၊ စိတ်ဆတ်ဆတ် သူငယ်မကလေးတစ်ယောက် ဖြစ်လာခဲ့လေ၏။ သို့ရာတွင် သူ့ဝမ်းကဲ့ အစ်ကိုအတွက် တမှိုင်မှိုင် တတွေတွေ ဖြစ်လျက်ရှိသည့်အတွက် အဒေါ်လိုင်တသည် သူ့ကိုလည်းဝယ်ယူလိုက်ကာ ကျွန်မတစ်ယောက်နှင့် ပေးစားထားလေ၏။

သို့ရာတွင် ကျင်ဝမ်း၏ အစ်ကိုဝမ်းကွဲမှာ ဇိမ်နှင့်နေရသည်နှင့် တစ်ပြိုင်နက် ငယ်ငယ်က ဆင်းဆင်းရဲရဲနေခဲ့ရသည့်ဘဝကိုမေ့ပျောက်ကာ အရက်ကို အလွန်အကျူးသောက်စားလျက် ခပ်ချောချော၊ ခပ်ပျိုပျို မယားကိုသည်း ဂရုမစိုက်တော့။ ဤသို့ဖြင့် လင်ဖြစ်သူက သောက်စားပျော်ပါးကာ မယားကို ပစ်ထားသည့်အခါတွင် မယားမှာလည်း ချုံကြားထဲတွင် ပစ်ထားခံရသည့် ကျောက်စိမ်းတုံးကဲ့သို့လည်းကောင်း၊ တစ်ကိုယ်တည်းဖြင့် အရိုး ထုတ်တော့မည့် အလှမယ် တစ်ဦးကဲ့သို့လည်းကောင်း ငြီးငွေ့ ခြောက်ကပ်လျက် ရှိလေ၏။ သူ့ယောကျ်ားမှာ ပျော်ရပါးရလျှင်ပြီးရော၊ မယားနှင့်ပတ်သက်၍ မနာလိုဝန်တိုခြင်းရှိသူ တစ်ယောက် မဟုတ်ကြောင်းကို တွေ့ရသည့်အခါ၌ မယားကလည်း ယောကျ်ားလေး တောင့်တောင့်ချောချောများနှင့် ဖြစ်ချင်တိုင်း ဖြစ်လျက်ရှိလေရာ သူတို့ဝင်းထဲမှသခင်နှင့် အစေတော်များကိုပါ မရှောင်တော့ချေ။ ယခုအချိန်သိဆိုလျှင် လေးငါးခြောက်ယောက်ထက်ပင် နည်းတော့မည်မဟုတ်ချေ။ အဆွေစာဖတ်သူသည် ထိုအမျိုးသမီး၏အမည်ကို သိလိုသည်ဆိုပါက ထိုသူမှာ အခြားမဟုတ်။ တစ်ခါက ကျီလျှံနှင့် တိတ်တိတ်ပုန်းညားခဲ့သော ပိုးတီ၏မိန်းမ မတိုးပင်ဖြစ်လေ၏။

ကျင်ဝမ်းမှာ အခြားဆွေမျိုး မရှိသည်နှင့် စံအိမ်မှ ပြန်ပို့ခံရသည် ဆိုလျှင်ပင် သူတို့လင်မယားနှင့် အတူနေရလေ၏။ သူ့အစ်ကိုဝမ်းကွဲမှာ အိမ်တွင်မရှိဘဲ မတိုးမှာလည်း ညစောစောပြီ ကတည်းက အိမ်သည်ထွက်နေသဖြင့် အိမ်တွင် ကျင်ဝမ်းတစ်ယောက်တည်းသာ အိပ်ရာပေါ်တွင်လှဲရင်း ကျန်ရစ်ခဲ့လေ၏။ ပေါက်ယုသည် လိုက်ပို့သော ဝင်းစောင့်မိန်းမကြီးအား ဝင်းဝကိုကြည့်နေရန် မှာထားခဲ့ပြီးလျှင် ဝါးသရိုက်ကလေးကိုမ,ကာ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။ ကျင်ဝမ်းမှာ ရွှံ့ဖြင့်လုပ်ထားသည့် ခုတင်မီးဖိုကြီး

ရှိ ဖျာကြမ်းတစ်ချပ်ပေါ်တွင် လှဲလျက်ရှိလေ၏။ စံအိမ်မှပါလာသည့် ခေါင်းအုံးကလေးနှင့် အိပ်ရာခင်းကလေးရှိ၍ တော်ပေသေး၏။ ပေါက်ယုသည် မည်သို့လုပ်ရမည်မသိဘဲ မျက်ရည်တွေလည်ရင်း သူ့အနီးသို့ ကပ်လာကာ လက်ကိုဆွဲပြီး အမည်ကို ခပ်တိုးတိုးခေါ်လေ၏။

ကျင်ဝမ်းမှာ အအေးမိကာ နေထိုင်မကောင်းဖြစ်နေရသည့်အထဲတွင် ယခုကဲ့သို့ပြန်အပို့ခံရသဖြင့် အစ်ကိုနှင့် ယောက်မက ဆူသည့်အတွက် စိတ်ထိခိုက်လျက်ရှိလေ၏။ ကျင်ဝမ်းသည် တစ်နေ့လုံး ချောင်းတဟွပ်ဟွပ် ဆိုးပြီးနောက် သက်သာသွားသဖြင့် ခဏမှိန်းနေစဉ် မိမိ၏အမည်ကို ခပ်တိုးတိုးခေါ်သံကြားသဖြင့် ကြိုးစား၍ မျက်လုံးများကို ဖွင့်ကြည့်လေ၏။ ပေါက်ယုကို မြင်လိုက်သည့်အခါတွင်မှ ကျေနပ်ခြင်း၊ ဝမ်းနည်းခြင်း၊ အံ့ဩခြင်း စသည့် ဝေဒနာပေါင်းစုံတို့ကြောင့် မဆည်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုလေ၏။ ကျင်ဝမ်းသည် ပေါက်ယု၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ ချောင်းတဟွပ်ဟွပ်ဆိုးနေရာမှ

"သခင်လေးကို ကျွန်မတစ်သက်မှာ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်နေတာ"

ပေါက်ယုမှာလည်း ဘာမျှ မပြောနိုင်ဘဲ မျက်ရည် ဝဲလျက် ရှိလေ၏။

"သခင်လေးရယ်၊ သခင်လေးလာတာ ကျွန်မ ဝမ်းသာလိုက်တာ။ ခုနေရောက်လာတာ အတော်ပဲ။ ကျွန်မကို လက်ဖက်ရည်လေး တစ်ခွက်လောက်တိုက်ပါ နော်။ အားခေါ်တွေကလဲ ခြောက်လိုက်တာ။ အော်ခေါ်တော့လဲ ဘယ်သူမှမရှိကြဘူး"

"လက်ဖက်ရည်အိုးက ဘယ်မှာလဲ"

"မီးဖိုပေါ်မှာ"

ပေါက်ယုသည် မီးဖိုပေါ်တွင် မည်းနက်နေသော မြေအိုးတစ်လုံး မြင်လေ၏။ သူ့စိတ်ထဲတွင် လက်ဖက်ရည်အိုးဟု မထင်မိချေ။ ထို့နောက် စားပွဲပေါ်မှ ခပ်ကြီးကြီးခွက်ကြမ်းကြမ်း ပန်းကန်ကြီး တစ်လုံးကို လှမ်းယူလိုက်သည့်အခါတွင်လည်း ထိုအရာသည် လက်ဖက်ရည်ပန်းကန် ဖြစ်လိမ့်မည်ဟု မထင်မိချေ။ ကိုင်ကြည့်လိုက်သည့်အခါ ပန်းကန်မှာ ကြေးခေါ်

နံလျှက်ရှိလေ၏။ ပေါက်ယုသည် ပန်းကန်ကို အထပ်ထပ်အပြန်ပြန် ဆေးကြောပြီးနောက် လက်ဖက်ရည်ကို ပန်းကန်ဝက်လောက် ထည့်လိုက်လေ၏။ နီကြင့်မည်းမှောင်နေသည့် သည်လက်ဖက်ရည်မျိုးကိုလည်း ယခုတစ်ကြိမ်သာ ပေါက်ယုမြင်ဖူးသေး၏။

ကျင်ဝမ်းက ခေါင်းအုံးပေါ်တွင် လက်ထောက်၍ ထထိုင်ရင်း

"ခင်မြန်မြန်ကလေး လုပ် လိုက်စမ် ပါ သခင်ကလေးရယ်။ ကြည့်မနေပါနဲ့။ ရေဆာလှပြီ။ သခင်လေးတို့အိမ်က လက်ဖက်ရည်မျိုးနဲ့တော့ ဘယ်တူနိုင်ပါမလဲ"

ပေါက်ယုသည် သူကိုယ်တိုင် တကျိုက်လောက် မြည်းကြည့်လိုက်၏။ လက်ဖက်ရည်မှာ အနံ့ဆို၍ လုံးဝမရှိချေ။ လက်ဖက်ရည်ဟုပြောနိုင်ရုံ ခပ်ခါးခါးမျှသာရှိ၏။ သို့ရာတွင် ကျင်ဝမ်းကို လှမ်းပေးလိုက်သည့်အခါ၌ ချင်ဝမ်းသည် ချိုမြသော နှင်းရည်ကို သောက်ရသည့်နှယ် တစ်ကျိုက်ကျိုက်မြည်အောင် တစ်ခွက်လုံး သောက်ချလိုက်လေ၏။ "အင်း၊ အလျှင်တုန်းကဆိုယင်တော့ အကောင်းဆုံးဆိုတဲ့ လက်ဖက်ရည်ကိုတောင် သိပ်ကျေနပ်ချင်ခဲ့တာ မဟုတ်ဘူး။ ခုတော့ ဒီလက် ဖက် ရည် မျိုး ကို အကောင်းထားပြီး သောက်နေရပြီ။ 'အစာဝသူတို့သည် အမဲဟင်းလျာတို့ကို မျက်နှာလွှဲသွားကြ၏။ သို့ရာတွင် ဝေမှတ်သူတို့မှာကား အရက်အနည်နှင့်ဖွဲ့ကိုပင် နတ်သုဒ္ဓါ လုပ်နေကြရ၏' ဆိုတဲ့ ရှေးစကားဟာ တကယ်မှန်ပေတာပဲ၊ ပြီးတော့ 'သလေးထမင်းကိုစားရသဖြင့် ငြီးငွေ့နေသူသည် ယက်မန်းရည်ကျဲကျဲကို ကြိုက်တတ်၏' ဆိုတဲ့ ရှေးစကားများဟာ မှန်ပေတာပဲ"ဟု စဉ်းစားလျှက်ရှိလေ၏။

"မောင့်ကို ဘာအထူးအထွေပြောစရာရှိများရှိသလဲ။ ပြောစရာရှိယင်လဲ လူရှင်းတုန်း ပြောလေ"

ကျင်ဝမ်းက ငိုရှိုက်လျက်

"အထူးအထွေတော့ပြောစရာမရှိပါဘူးသခင်လေးရယ်။ကျွန်မလဲ တစ်နေ့ထက်တစ်နေ့ တစ်နာရီထက်တစ်နာရီလုံးပါးပါးနေပါပြီ။ နောင်အလွန်ဆုံးနေရယင် ရက်ပိုင်းလောက်ပဲ ရှိတော့မှာပါ။ဒါပေမယ့် ကျွန်မစိတ်ထဲမှာ အသေမဖြောင့်ဘူး သခင်လေး။ကျွန်မဟာ ကံအားလျော်စွာ

သနားကမားရှင်ကလေးနဲ့ ငွေမွေးလာခဲ့ပေမယ့် သခင်လေးနဲ့ ကျွန်မဟာ ဘာမှမဖြစ်ခဲ့ကြပါဘူးနော်။ သခင်လေးကိုလဲ ကျွန်မ ဘာမှ ဆွဲဆောင်ဖျားယောင်းတာမျိုး မလုပ်ခဲ့ဖူးပါဘူး။ ဒါပေမယ့် ခုတော့ ကျွန်မကို ပိုင်းလုံးမတဲ့၊ ဖာသည်မတဲ့၊ ပွပ်စွဲလိုက်ကြတာ။ ဒါကိုတော့ ကျွန်မ မခံနိုင်ဘူး သခင်လေး။ ခုတော့ ကျွန်မမှာ မတရားသဖြင့်လဲ အစွပ်စွဲခံရသေးတယ်။ ဒီအထဲမှာ ရောဂါဝေဒနာကိုလဲ ခံစားနေရသေးတယ်။ ဒီလိုသာ အစွပ်စွဲခံရမှန်းသာ သိခဲ့ယင် စောစောကတည်းက ဒီလို မနေခဲ့ဘူး။ ဟော့ဟော့ရမ်းရမ်းနေပြခဲ့တယ်။ ကျွန်မဟာ တစ်သက်လုံး အဲဒီစံအိမ်မှာပဲ နေရမယ်၊ သခင်လေးတို့နဲ့လဲ ဘယ်တော့မှ ခွဲရမှာမဟုတ်ဘူးလို့ ထင်ခဲ့မိတယ်။ ခုလို သွားပုပ်လေလွင့်အပြောခံရပြီး ဘယ်သူ့ကိုမှ မရှင်းခဲ့ရဘဲနဲ့ သေသွားလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ခုတော့..."

ကျင်ဝမ်းသည် ရှိုက်ကြီးတငင်ငိုကြွေးလျှက်ရှိလေ၏။

ပေါက်ယုက သူ့လက်ကို ကိုင်လိုက်၏။ တုတ်ချောင်းကဲ့သို့ သေးကွေးသည့် သူ့လက်ကောက်ဝတ်ပေါ်တွင် ငွေလက်ကောက် လေးကွင်း ဝတ်ထားလေ၏။

"ဒီလက်ကောက်ကြီးတွေကို ချွတ်လိုက်စမ်းပါဦး ကျင်ဝမ်းရယ်။ နေလောင်းဘော့မှ ပြန်ဝတ်ဘားပေါ့" ဟု ဆိုကာ လက်ကောက်များကို ချွတ်ပေးပြီး ခေါင်းအုံးအောက်သို့ ထိုးထားလိုက်လေ၏။

"အလျှင်တုန်းကတော့ လှအောင်ဆိုပြီး လက်သည်းတွေကို နှစ်လက်မလောက်အထိအရှည်ထားခဲ့တယ်။ခုတော့ ဒီလက်သည်းရှည်ကြီးတွေဟာ အနှောင့်အယှက်ဖြစ်နေပြီမဟုတ်လား"

ကျင်ဝမ်းသည် မျက်ရည်များကိုသုတ်လိုက်ပြီးနောက် လက်ဝဲဘက်မှ လက်သည်းရှည်ကြီး နှစ်ချောင်းကို ကတ်ကြေးဖြင့် ညှပ်လိုက်လေ၏။ ထို့နောက် စောင်ခြုံထဲမှနေ၍ သူ၏ စုတ်ပြတ်ဟောင်းနွမ်းနေပြီဖြစ်သည့် အနီရောင် ပိုးအတွင်းခံအကျီကို ချွတ်လိုက်ပြီးလျှင် လက် သည်းနှင့်အကျီကို ပေါက်ယုသို့ လှမ်းပေးလိုက်လေ၏။

"ကျွန်မကို အမှတ်ဘရအနေနဲ့ ဒီပစ္စည်းကလေးတွေကို ယူသွားပါနော်။ ပြီးတော့ သခင်လေးရဲ့ အတွင်းခံအင်္ကျီကို ကျွန်မကိုပေးပါ။ ကျွန်မကို အဲဒီအင်္ကျီကလေးဝတ်တဲ့အခါမှာကူဝတ်ပေးနော်။ ဒါမှ ကျွန်မတလားထဲကိုရောက်ယင် နီမောင်းပျော်ဖွယ်ရိပ်သာမှာ နေရသလို ဖြစ်နေအောင်လို့ပါ။ အမှန်ကတော့ ကျွန်မအနေနဲ့ ဒီလိုလုပ်ဖို့မသင့်တော့မသင့်ပါဘူး။ ဒါပေမယ့် နာမည်ပျက်မှာဘော့လဲ ဘာထူးသေးသလဲ သခင်လေးရယ်"

ပေါက်ယုသည် သူ့အတွင်းခံအင်္ကျီကို ချွတ်ပေးပြီးနောက် သူ့ကိုယ်တွင်လည်း ကျင်ဝမ်း၏ အောက်ခံအင်္ကျီကလေးကိုဝတ်လိုက်ပြီးလျှင် လက်သည်းများကို အိတ်ထဲသို့ထည့်လိုက်လေ၏။

"ဒါတွေကို သူတို့မြင်သွားလို့ မေးယင်လဲ လိမ်ပြော မနေပါနဲ့ သခင်လေးရယ်၊ အမှန်အတိုင်းသာ ပြောလိုက်ပါ။ ကျွန်မ ပစ္စည်းတွေလို့ ပြောလိုက်ပါ။ ကျွန်မကို မတရားသဖြင့် စွပ်စွဲမှတော့ ကျွန်မလဲ မသေခင်မှာ စိတ်ကျေနပ်သွားအောင် ဒီလောက်တော့ လုပ်ချင်တယ်"

ထိုသို့စကားပြောနေကြစဉ် သူ့အစ်ကိုဝမ်းကွဲ မိန်းမ မတိုးသည် ကဲလားကိုမရှဲ ဝင်လာကာ ခပ်ပြုံးပြုံးဖြင့်

"အင်း၊ တော်ကြပါတော့ရဲ့နော်၊ ညည်းတို့ပြောတာ အားလုံးကို ငါကြားပြီးပါပြီ"ဟုဆိုကာ ပေါက်ယုဘက်သို့လှည့်လိုက်ရင်း

"ဒီက သခင်လေးကရော အစေခံတန်းလျားကိုလာပြီး ဘာလာလုပ်တာလဲ။ ဘာလဲ၊ ကျွန်မကို သွေးဆောင်ဖို့ လာတာပေါ့ ဟုတ်လား။ ကျွန်မကို ငယ်ငယ်ကလေး၊ လှလှကလေး အောက်မေ့နေလို့လား"

"မလုပ်ပါနဲ့ဗျာ၊ ခပ်တိုးတိုးပြောပါ။ လူတွေကြားကုန်ပါမယ်။ ကျင်ဝမ်းဟာ ကျွန်တော့် ဆီမှာ သုံးနှစ်လုံးလုံး အလုပ်လုပ်လာခဲ့တယ် မဟုတ်လား။ ဒါကြောင့်မို့ သူ့ကို တိတ်တဆိတ် လာကြည့်တာပါ"

မတိုးသည် ပေါက်ယုကို အတွင်းခန်းဘက်သို့ အတင်းဆွဲခေါ်သွားကာ

"ဒါပဲနော်၊ အော် လိုက်ရမလား။ မအော်စေချင်ယင် ဒီကကောင်မကို အလိုလိုက်ရမယ်၊ သိလား"

မတိုးသည် ပေါက်ယုကို အဘင်းဖက်ကာ ခုတင်မီးဖိုကြီးပေါ်သို့ အတင်းလှဲချလေ၏။ ပေါက်ယုသည် ထိုသို့သောအချင်းအရာကို တစ်ခါမျှ မမြင်ဖူးသေးချေ။ မျက်နှာတစ်ခုလုံး နီရဲကာ နှလုံးမှာလည်း တဒိတ်ဒိတ် ခုန်လျက်ရှိလေ၏။

"အစ်မကြီးရယ်၊ ကျွန်တော့်ကို ဒီလိုမနှောက်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့ဗျာ'

မတိုးသည် ခပ်မူးမူးဖြင့် ရယ်မောလျက်ရှိလေ၏။

"ဟင်၊ သခင်လေးဟာ မိန်းမဝါသနာပါတယ်ဆို။ ဒီနေ့မှ ဘာရှက်နေရတာလဲ"

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော်သွားပါရစေ။ စကားပြောယင်လဲ ကောင်းကောင်းမွန်မွန်ပြောရအောင်ပါ။ အပြင်မှာစောင့်နေတဲ့ အစောင့်မိန်းမကြီးကြားသွားယင် ဒုက္ခပါပဲ"

"အံမယ်လေး မပူပါနဲ့။ အစောကြီးကတည်းက မတိုးရောက်နေတာ။ အဘွားကြီးကို ဥယျာဉ်ဝင်းဝမှာ ပြန်စောင့်ချည်ဆိုပြီး လွှတ်လိုက်ပြီ။ ခုလိုအခွင့်အရေးကို မူရာမာယာတွေများနေရသေးတယ်။ ခုတော့ အလကားပါပဲ။ ဘာမှ အစွမ်းအစမရှိဘူး။ သခင်လေးက အပေါ်ယံ နာမည်ပျက်ရုံလောက်ပဲရှိတာ။ ရုပ်ကလေးကတော့ ချောပါရဲ့။ ဒါပေမယ့် ယမ်းမရှိတဲ့ ဗျောက်အိုးများလို ဟန်ရေးပြရုံလောက်ပဲကိုး။ ကဲပါ ရှက်မနေပါနဲ့တော့။ ရှက်ချင်းရှက်ယင် ဒီက ရှက်ရမှာပါ။ အစတုန်းကတော့ သခင်လေးဟာ မိန်းမပွေတယ်ဆိုတော့ အဟုတ်မှတ်ထင်မိတာပေါ့။ ခုမှ သူများပြောတိုင်း ယုံလို့မဖြစ်ဘူးဆိုတာ သိရတော့မယ်။ ဒီပြင်မကြည့်နဲ့လေ။ ကျင်ဝမ် အိမ်ပြန်လာတော့ သခင်လေးနဲ့တစ်ခုခုဖြစ်လို့သာ ပြန်လာရတာပဲလို့ အောက်မေ့မိတာပေါ့။ ဒါကြောင့်မို့ ကျွန်မပြန်လာပြီး ချောင်းနားထောင်နေတာ။ နားထောင်ကြည့်လိုက်တော့မှ ဘာမှမဖြစ်ဘူးဆိုတာ တွေ့ရတော့တယ်။ သခင်လေးနဲ့ ကျင်ဝမ်းသာ တစ်ခုခု ဖြစ်ခဲ့

အဘူးမာန်သစ်စာပေ

တယ်ဆိုယင်ခုလိုနှစ်ဦးယှဉ်ကွဲချင်းရှိတဲ့ အချိန်မှာ အဲဒီကိစ္စကို ပြောရမယ်။ ဒါပေမယ့် ဘာမှမပြောကြတော့ ကျွန်မလဲ တော်တော်လေးအံ့ဩသွားမိတယ်။ ဒီတော့မှ လောကကြီးမှာ အမှားမှားအယွင်းယွင်း အထင်ခံ၊ အစွပ်စွဲခံရတဲ့လူတွေ အများကြီး ရှိပါကလားဆိုတာ ကျွန်မ သဘောပေါက်လာတော့တယ်။ ကဲပါ သခင်လေးရယ်၊ သခင်မလေးကို ကျွန်မှ အထင်လွဲပြီး တစ်မျိုးတစ်မည် ပြောမိလုပ်မိတဲ့အတွက် ကျွန်မတောင်းပန်ပါတယ်။ ဒါတွေအတွက် မစိုးရိမ်ပါနဲ့တော့။ သခင်လေးလာချင်တဲ့ အချိန်ကို လာနိုင်ပါတယ်။ ကျွန်မ ဘာမှ အနှောင့်အယှက်မပေးတော့ပါဘူး”

ပေါ်က်ယုသည် ထိုအခါကျမှ အလုံးကြီးကျသွားကာ ဆက်ပြင်းချ၍ ထိုင်ရာမှ ထလိုက်ရင်း အင်္ကျီများကို ဆွဲဆန့်လျက်ရှိလေ၏။

“ကဲ အစ်မကြီး၊ ခုနှစ်ရက်သုံးရက်လောက် အတွင်းမှာတော့ ကျင်စမ်ကို ကောင်းကောင်းပြုစုလိုက်ပါဗျာ။ ကျွန်တော်သွားမယ်”

ပေါက်ယုသည် ကျင်ဝမ်းကို နှုတ်ဆက်ရန် အပြင်နန်းသို့ ထွက်လာခဲ့လေ၏။ နှစ်ယောက်စလုံး မခွဲနိုင်ကြသည့်တိုင် မခွဲ၍မဖြစ်တော့ချေ။ ကျင်ဝမ်းမှာ ပေါက်ယုစိတ်ထိခိုက်နေသည်ကို သိသဖြင့် ခေါင်းကို မြိုးခြုံ၍ မသိချင်ယောင်ဆောင်လျက်ရှိလေ၏။

ပေါက်ယုသည် စံအိမ်မှအထွက်တံခါးရှိသော ကြောင်ရုပ်နှင့် ဇုအဲတို့ကိုလည်း တွေ့ချင်သေး၏။ သို့ရာတွင် မှောင်ကလည်းမှောင်၊ အိမ်မှထွက်လာသည်ကလည်း အတော်ကြာသွားပြီဖြစ်သည့်အတွက် ယခုလောက်ဆိုလျှင် သူ့ကိုမတွေ့၍ ရှာဖွေနေကြပြီလောဟု တွေးမိလေ၏။ ထို့ကြောင့် မနက်ဖြန်မှ သွားတော့မည်၊ ဉယျာဉ်သို့ ပြန်သည်က ပို၍ကောင်းသည်ဟု ယူဆလေ၏။ နောက်ဖေးမကွယ်ပေါက်တံခါးသို့ ရောက်သည့်အခါ၌ သူငယ်တော်များသည် အိပ်ရာလိပ်များကို သိမ်းဆည်းလျက်ရှိကြပြီး၊ အထိန်းတော်ကြီးများကလည်း လူများကိုလိုက်လံစစ်ဆေးလျက်ရှိလေရာ နောက်တစ်မိနစ်လောက်သာ နောက်ကျသွားသည်ဆိုလျှင် ဉယျာဉ်ဝင်းတံခါး

ကြီးများ ပိတ်သွားတော့မည် ဖြစ်လေ၏။ ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ပေါက်ယုသည် ဝင်းထဲသို့ အသာဝင်လာခဲ့လေ၏။

အိမ်သို့ ပြန်ရောက်သည့်အခါ၌ ဒေါ်လေးဆွေ့တို့ထံ သွားနေသည်ဟုသာ မာလာကိုပြောလိုက်၏။ မာလာသည်ပေါက်ယုအတွက်အိပ်ရာပြင်နေစဉ် ယနေ့ည မိမိတို့ မည်သို့အိပ်ကြမည်နည်းဟု မေးလေ၏။

“ကြိုက်သလိုအိပ်ပေါ့”

လွန်ခဲ့သည့်နှစ်နှစ်ခန့်အတွင်း၌ သခင်မဝမ်၏ အရေးပေး အထင်ကြီးခြင်းကို ခံခဲ့ရသည့်အတွက် မာလာသည် ကိုယ့်သိက္ခာ ကိုယ်ဆည်ကာ နှစ်ယောက်ချင်းဖြစ်စေ၊ညအိပ်ရာတွင်ဖြစ်စေ ပေါက်ယုနှင့်ဆက်ဆံရာတွင် ယခင်ကကဲ့သို့ ရင်းနှီးစွာမနေတော့ဘဲ မှန်တန်း ဆက်ဆံ လာခဲ့လေ၏။ ငယ်ရွယ်စဉ်ကလို ပွန်းပွန်းတီးတီး မနေတော့ချေ။ မာလာသည် မည်သူ့ကိုမျှ စောင့်ရှောက်ပြုစုစရာ မလိုတော့သည့်တိုင် အိမ်တွင်ရှိသည့် အချုပ်အလုပ် လုပ်ငန်းများကို လုပ်ခြင်း၊ စာရင်းအင်းများကို ရေးမှတ်ခြင်း၊ ပေါက်ယု၏ အဝတ်အစားများကို ကြည့်ရှုထိန်းသိမ်းခြင်း၊ အစေတော်ကလေးများကို ကြီးကြပ်ရခြင်းစသည်တို့ကို လုပ်ကိုင်ရသဖြင့် အားရသည်ဟူ၍ပင် မရှိချေ။ ထို့ပြင် ယခင်ကလောက် ဖျားနာခြင်း မရှိတော့သည့်တိုင် အအေးမိသည့်အခါနှင့် ပင်ပန်းသည့်အခါမျိုးတွင် ချောင်းဆိုးလျှင်သေးပါတတ်ပေ၏။ ထို့ကြောင့်ပင်လျှင် မာလာသည် ပေါက်ယုနှင့် တစ်ခန်းတည်းမအိပ်တော့ဘဲ တခြားစီအိပ်ခဲ့ခြင်း ဖြစ်လေ၏။ သို့ရာတွင် ပေါက်ယုမှာ ညဆိုလျှင် မကြာခဏ နိုးနေတတ်ပြီး ကြောက်တတ်သည့် အလျောက် တစ်ယောက်ယောက်ကိုလှမ်းခေါ်နေတတ်လေ၏။ထို့ကြောင့် အအိပ်ဆတ်ပြီး သွက်လက်ဖျတ်လတ်သည့် ကျင်မေ်က အိပ်ရာမှ ထကာ လက်ဖက်ရည်ငှဲ့ပေးပြီး၊ သူ့အနီးရှိ အိပ်ရာတစ်ခုပေါ်တွင် စောင့်၍အိပ်ခဲ့ရလေ၏။

မာလာက ယနေ့ည သူ့အိပ်ရာအနီးရှိ အိပ်ရာပေါ်တွင် မည်သူအိပ်ရမည်နည်းဟု ပေါက်ယုကို မေးနေလေပြီ။ ည စောင့်အိပ်ရသည့်

လုပ်ငန်းသည် နေ့တွင်လုပ်ရသည့်အလုပ်များထက်အရေးကြီးကြောင်းကို မာလာ ကောင်းစွာသိ၏။ ပေါက်ယုက ကြိုက်သလိုဟု ပြောသည့်အခါ၌ မာလာသည် သူ့အိပ်ရာလိပ်များကိုလိပ်ကာ ဈေးအခါများကကဲ့သို့ပင် ပေါက်ယုအခန်းထဲသို့ ပြောင်းလာခဲ့လေ၏။

ထိုနေ့ညက ပေါက်ယုမှာ ငိုင်တိုင်တိုင်ဖြစ်လျက်ရှိလေ၏။ မာလာက အိပ်ရာသို့ဝင်ရန် ချော့မော့ပြောရလေ၏။ သို့ရာတွင် မာလာနှင့် အခြား အစေတော်များ အိပ်ရာထဲသို့ ဝင်ခဲ့ကြသည့်တိုင် ပေါက်ယု အိပ်ပျော်သေးဟန် မတူဘဲ တလူးလူး တလွန့်လွန့် ဖြစ်နေသည်ကို တွေ့ရလေ၏။ သန်းခေါင်ကျော်သည်တွင် သူ့ထံမှ ဟောက်သံပေါ်ထွက်လာလေ၏။ မာလာသည် သူ့ကိုစောင့်ရင်း ငိုက်မျဉ်းလျက်ရှိစဉ် လက်ဖက်ရည်ပန်းကန် ဝက်ကုန်လောက်အကြာ၌ ကျင်ဝမ်းကိုခေါ်နေသော ပေါက်ယု၏ အသံကိုကြားလိုက်ရသဖြင့် ချက်ချင်းလန့်နိုးလာကာ ဘာအလိုရှိသနည်းဟု မေးလေ၏။ လက်ဖက်ရည်သောက်ချင်ကြောင်းပြောသဖြင့် ဇလုံထဲတွင် လက်ဆေးပြီးနောက် ရေနွေးကရားထဲမှ လက်ဖက်ရည်ပန်းကန်တစ်ဝက် ခန့် ပေးလေ၏။

လက်ဖက်ရည်ကို တစ်ကျိုက်နှစ်ကျိုက် သောက်ပြီးသည့်အခါ၌ ပေါက်ယုက ဘောင်းပန်တိုးလျှိုးသောအပြုံးဖြင့်

"ကျင်ဝမ်းကို ခေါ်နေကျဖြစ်လို့ ယောင်ခေါ်မိတာ။ မာလာ ရှိတယ်ဆိုတာကို မေ့သွားတယ်"

"ကျင်ဝမ်းရောက်လာစတုန်းကလဲ ဒီလိုပဲ သခင်လေးဟာ မာလာကို ယောင်ပြီးခေါ်ခေါ်နေတယ်မဟုတ်လား။ သခင်လေးက အကျင့် တစ်ခု စွဲမိယင် တော်တော်နဲ့ မပျောက်တော့ဘူးလေ။ လတွေ ကြာမှ ပျောက်ဘတ်ဘာ။ ဒါ့ကြောင့် ကျင်ဝမ်းမရှိတော့ပေမယ့်လဲ သူ့နာမည် ဟာ သခင်လေး ပါးစပ်ဖျားမှာ တော်တော်နဲ့ ပျောက်ဦးမှာ မဟုတ်ဘူး ဆိုတာ မာလာသိပါတယ်"

သူတို့ နှစ်ယောက်သည် ကိုယ့် အိပ်ရာတွင် ပြန်အိပ်ကြလေ၏။ ပေါက်ယုမှာ တော်တော်နှင့်အိပ်မပျော်နိုင်ဘဲ လင်းအားကြီးအချိန်ကျမှ အိပ်ပျော်သွားလေ၏။ ထိုအခိုက်တွင် ကျင်ဝမ်းသည် ခါတိုင်းကဲ့သို့ လှုပစွာ ဝတ်စားကာ အခန်းထဲသို့ဝင်လာလေ၏။ ကျင်ဝမ်းက ခပ်ပြုံးပြုံးဖြင့်

"သခင်လေး၊ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်နော်။ ကျွန်မကတော့ သွားရတော့မှာ" ဟုဆိုကာ ကျင်ဝမ်းသည် လှည့်ထွက်သွားလေ၏။

ပေါက်ယုက ကျင်ဝမ်းကို လှမ်းခေါ်လိုက်သဖြင့် မာလာသည် ပြန်၍ နိုးလာပြန်လေ၏။ ခါတိုင်းကဲ့သို့ပင် ယောင်ယမ်း၍ ခေါ်သည်ဟု ထင်လိုက်သော်လည်း ပေါက်ယုက ငိုလျက်

"ကျင်ဝမ်း မရှိတော့ဘူး"

"အို၊ ဘာတွေလျှောက်ပြောနေတာလဲ။ သခင်လေး ဘယ့်နှယ် လုပ် သိသလဲ။ ဒီပြင်လူတွေကြားယင် မဟုတ်တာတွေလျှောက်ပြောနေ တယ်လို့ ထင်ကြဦးမယ်"

ပေါက်ယုက အမှန်ဖြစ်ကြောင်းပြောကာ မနက်လင်းသည်အထိ ပင် မစောင့်တော့ဘဲ အတင်းအမေးနိုင် မည်ဘကဲကဲ ဖြစ်လျက် ရှိလေ၏။ သို့ရာတွင် မိုးလင်းသည်နှင့်တစ်ပြိုင်နက် သခင်ကြီးကျိချိန်ထံမှ အစေ တော် သူငယ်မကလေး တစ်ယောက်သည် သခင်ကြီးက ခိုင်းလိုက်သဖြင့် ဥယျာဉ်ဝင်းတံခါးကိုဖွင့်ပေးရန် အော်ဟစ်ပြောဆိုလေ၏။

"သခင်ကြီးကမှာလိုက်တယ်။ သခင်လေးပေါက်ယု မြန်မြန် ရေ မျက်နှာသစ်ပြီး အဝတ်အစားလဲထားတဲ့။ ရှင်းနဲ့ ခွာညိုပန်းတွေ ပွင့်တာ ကို လျှောက်ကြည့်မယ်တဲ့။ သခင်လေးစပ်တဲ့ ကဗျာတွေကို သဘောကျ တာနဲ့ ခုလဲ သူ့ကိုခေါ်ပြီး ကဗျာစပ်ခိုင်းချင်လို့တဲ့။ သခင်ကြီးကမှာလိုက် တာနော်။ သေသေချာချာပြော၊ အဝတ်အစားမြန်မြန်လဲပြီး လာခဲ့လို့ ပြောပါ။ သခင်ကြီးစောင့်နေတယ်။ သခင်လေးကျဲဟုန်လဲ ရောက်နေပြီ။ သခင်လေးကျိလန်ကိုလဲ အခေါ်ခိုင်းထားတယ်"

အပြင်ဘက်မှအစေခံတော်က အော်ဟစ်ပြောဆိုလျက်ရှိစဉ် အထဲ တွင် ရှိသည့် တံခါးစောင့်သည် အကျီကိုကြယ်သီးတပ်ရင်း ဝါကျ တစ်ခု

ချင်း တစ်ခုချင်းကို နားလည်ကြောင်း လှမ်းအော်ပြောကာ တံခါးကို ဖွင့်ပေးလေ၏။ အခြားသောအစေတော်များသည်လည်း အဝတ်အစားများကို လဲကာ ထိုသတင်းပို့ရန်အတွက် ပေါက်ယု၏အဆောင်သို့ အပြေးအလွှား ရောက်လာကြလေ၏။

မိမိတို့ အဆောင်တံခါးကို ခေါက်သံကြားသည့်အခါ၌ မာလာသည် အဘယ့်ကြောင့် ဤမျှအရေးတကြီး ဖြစ်နေရသနည်းဟု အစိုးစမ်းခိုင်းလိုက်လေ၏။ ထိုညွှန်ကြားချက်ကိုသိရသည့်၌ မာလာသည် ရေနွေးအယူခိုင်းကာ ပေါက်ယုကိုနှိုး၍ ကိုယ်လက် သုတ်သင်စေပြီးနောက် သူကိုယ်တိုင်မှာမူ ပေါက်ယုဝတ်ရန် အဝတ်အစားများကို အသင့်ပြင်လျက်ရှိလေ၏။ ပေါက်ယုမှာ သူ့ဖခင်ကြီးနှင့် လိုက်ရမည် ဖြစ်သည့်အတွက် တောက်တောက်ပပအဝတ်အစားများကို ထုတ်မပေးရဲဘဲ သာမန်အဝတ်အစားများလောက်ကိုသာ ထုတ်ပေးလေ၏။

ပေါက်ယုမှာလည်း မလိုက်ဘဲနေ၍မဖြစ်တော့ချေ။ လူပျိုဆောင်သို့ ရောက်သည့်အခါ ဖခင်ကြီးကျိချိန်မှာ လက်ဖက်ရည် သောက်လျက်ရှိပြီး ထူးထူးခြားခြားကြည့်လင်ရွှင်ပျနေသည်ကိုတွေ့ရလေ၏။ ပေါက်ယုက ဖခင်ကြီးကိုဝတ်ပြုပြီးသည့်နောက်တွင် ကျိဟုန်နှင့် ကျိလန်တို့ကလည်း သူ့ကိုနှုတ်ဆက်ကြလေ၏။ ဖခင်ကြီးကျိချိန်က သူနှင့်အတူလာ၍ မနက်စာ စားရန် ပြောလေ၏။

ကျိချိန်က

"ပေါက်ယုကတော့ မင်းတို့လောက် စာမကြိုးစားဘူးကွ။ ဒါပေမယ့် လက်ရေးပန်းချီတို့ ကဗျာတို့ကျတော့ တော်တယ်။ ဒီနေ့ ညှိသည့်တွေက မင်းတို့ကို ကဗျာအစပ်ခိုင်းလိမ့်မယ်။ ဒီတော့ ပေါက်ယုက သူတို့ နှစ်ယောက်ကို ကူညီပြီးစပ်ပေး"

သင်မဝမ်မှာ ကျိချိန်က သူ့သားအား ဤသို့တစ်ခါမျှချီးကျူးပြောဆိုသံကို မကြားဖူးသည့်အတွက် ဝမ်းလည်းဝမ်းသာ၊ အံ့အားလည်း သင့်လျက် ရှိလေ၏။ ကျိချိန်တို့သားအဖ ထွက်သွားကြလျှင် မိမိလည်း

မယ်မယ့်ထံသွားမည်ဟု စိတ်ကူးနေခိုက် ဖန်ကွမ်း၊ အိုကွမ်းနှင့် ယွီကွမ်းတို့၏ မေးစားအမေများ ရောက်လာလေ၏။

"သခင်မကြီးတို့က သနားသဖြင့် ဖန်ကွမ်းကို ပြန်လွှတ်လိုက်တာတော့ ဟုတ်ပါရဲ့သခင်မကြီးရယ်။ ဒါပေမယ့် ဖန်ကွမ်းတစ်ယောက်ကတော့ အိမ်ပြန်ရောက်ကတည်းက ဘယ်လိုဖြစ်မှန်း မသိတော့ဘူး။ အစာလဲမစားဘူး၊ ရေလဲမသောက်ဘူး၊ ငြိမ်အတိုင်းနေတော့တာပဲ။ ခုတော့ သူတို့ ဖန်ကွမ်းရော၊ ယွီကွမ်းရော၊ အိုကွမ်းရော သုံးယောက်စလုံး အရူးကြီးတွေလို ဖြစ်နေကြတယ်။ သူတို့ဆံပင်တွေကိုဖြတ်ပြီး သီလရှင် ဝတ်တော့မယ်တဲ့။ တကယ်တော့ သူတို့ကို သီလရှင်ဝတ်ခွင့်မပြုယင်သူတို့ကိုယ်သူတို့ သတ်ကြမလို့တဲ့။ အစတုန်းကတော့ အပြင်မှာ ကျွန်မတို့လို ဆင်းဆင်းရဲရဲမနေနိုင်လို့ပြောနေတာပဲ၊ နည်းနည်းနေသားကျသွားယင် ပြီးသွားမှာပဲလို့ အောက်မေ့နေတာ။ ဒါပေမယ့် ခုတော့ ဆိုးသည်ထက်ဆိုးလာတယ်သခင်မကြီးရယ်။ ကျွန်မတို့တော့ သူတို့ကို ရိုက်လဲရိုက်၊ ဆိုလဲဆိုပြီးပြီ။ ဒါပေမယ့် မထူးပါဘူး။ ကျွန်မတို့တော့ မကြံတတ်အောင် ဖြစ်နေပြီ။ ဒါကြောင့် သခင်မကြီးဆီကို လာပြီး အကူအညီတောင်းရတာပါ။ ကျွန်မတို့အဖို့ကတော့ သူတို့ကို သီလရှင်ဝတ်ခွင့်ပြုယင်ပြု၊ မပြုယင်လဲ တတ်နိုင်တဲ့ ကြေးရတတ်အိမ်တစ်အိမ်ကို ပို့ရပါတော့မယ်။ ကျွန်မတို့ သူတို့ကို ကျွေးမွေးထားနိုင်တဲ့ အခြေအနေမရှိတော့ပါဘူး"

"မဟုတ်တာအေ။ သူတို့လုပ်ချင်တိုင်း လုပ်နေလို့ ဖြစ်မတဲ့လား။ သီလရှင်ဝတ်ဘယ်ဆိုတာလွယ်လွယ်လေး အောက်မေ့လို့လား။ ဒီလောက်တောင်ရှိလှတာ ကောင်မတွေကို ခပ်နာနာကလေး ရိုက်လိုက်စမ်းပါယ်။ ဒါမှ သတိတရားလေးဘာလေးရမှာ"

အချိန်မှာ နွေနှောင်းရာသီ အလှူအတန်းများ ကျင်းပချိန်ဖြစ်သည့်အတွက် သီလရှင်ကျောင်း တိုက်မှ သီလရှင်များ အလှူခံထွက်ချိန်ဖြစ်လေ၏။ သခင်မကြီးဝမ်သည် အိမ်တွင် သီဘာစန္ဒီကျောင်းတိုက်မှ သီလရှင်ဆရာကြီး ချိတုန်နှင့် စိတ္တိဂဗ္ဗကျောင်းတိုက်မှ သီလရှင် ဆရာကြီးယုန်ဆင့်တို့ကို ပင့်ဖိတ်ထားလျက်သားရှိလေ၏။ ထိုသတင်းကိုကြားသည့်အခါတွင်

သီလရှင်ဆရာကြီးနှစ်ပါးမှာ မိမိတို့ သာသနာပြန့်ပွားရေးအတွက် အခွင့်ကောင်းကြုံလေပြီဟု ဝမ်းသာလျက် ရှိလေ၏။

သီလရှင်ဆရာကြီးနှစ်ပါးက သခင်မဝမ်အား ပြောသည်မှာ

"အမှန်ကတော့ တကာမကြီးအိမ်ဟာ အလှူရေစက် လက်နဲ့ ကွာတဲ့ အိမ်မဟုတ်လား။ တကာကြီးကိုယ်တိုင်ကလဲ ကုသိုလ်ကောင်းမှုပြုရာမှာ အလွန် အထုံကြီးသူဖြစ်ပေတယ်။ ဒီတော့ ဒီလိုအိမ်မျိုးမှာ နပြီး ဒီလိုသခင်မမျိုးဆီက ထွက်လာတဲ့ သူငယ်ကလေးများမှာ သာသနာဝန် ထမ်းချင်တယ်ဆိုတာဟာ သဘာဝကျပါပေတယ်။ အမှန်ကတော့ ဘိက္ခုသာသနာကိုဝင်ဖို့ဆိုတာဟာ အင်မတန်ခက်ခဲတဲ့ ဒုလ္လဘတရားကြီးဖြစ်ပေတယ်။ ဗုဒ္ဓရဲ့တရားတော်ဟာ ဝေနေယျသတ္တဝါအားလုံးတို့ကို အလင်းဆောင်ပေးနေတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဝေနေယျသတ္တဝါအားလုံးကို သံသရာကြီးက လွတ်မြောက်တော်မူစေလိုတယ်။ အဟိတ်တိရစ္ဆာန်များကိုလဲ အပါယ်လေးဘုံကလွတ်မြောက်အောင် ကယ်တင်တော်မူလိုသယ်။ ဒေါသမောဟတွေ ပိတ်ဖုံးနေသူများသာလျှင် တရားကိုမမြင်ကြခြင်းဖြစ်တယ်။ စိတ်ရင်းစေတနာဖြစ်တဲ့သူ၊ တရားကိုမြင်နိုင်တဲ့သူဟာ နောင်ဘဝမှာလဲ သံသရာက လွတ်မြောက်အောင် လုပ်နိုင်စွမ်းရှိသူဖြစ်ပေတယ်"

"ခု မိဘဆိုးတတဆိုး မိန်းကလေးသုံးယောက်ဟာ ဇာတိကို ခွာပြီး ဒီမှာလာနေခဲ့ကြတယ်။ စည်းစိမ်ချမ်းသာတွေကြားထဲမှာ လာနေခဲ့ကြတယ်။ ခုတော့ ငယ်ငယ်ကတည်းက ဆင်းရဲခဲ့တာကို သတိပြန်ရပြီး သူတို့တစ်တွေ ဆင်းဆင်းရဲရဲနေခဲ့ကြလို့ ဒီဘဝကိုရောက်ခဲ့ကြရတယ်။ ဒုက္ခသုက္ခတွေကိုမြင်တဲ့အခါကျတော့ လောကကိုစွန့်ပြီး လောကုတ္တရာအတွက် လုပ်တော့မယ်၊ နောင်ဘဝကူးပြောင်းအောင်လုပ်တော့မယ်လို့ ပိုင်းဖြတ်တာဟာ သိပ်ကောင်းတာပေါ့။ ကျောင်း အစ်မကြီးရယ်၊ အင်မတန်ကောင်းပြီး အင်မတန် သာခုခေါ်သင့်တဲ့ ဆုံးဖြတ်ချက်ပေါ့။ ဒီတော့ ကျောင်းအစ်မကြီး သူတို့ကိုမဖျက်နဲ့။ သူတို့အလိုကို လိုက်လိုက်ပါ"

သခင်မဝမ်သည် ကောင်းမှုကုသိုလ်ပြုရန် အထုံဝါသနာ ကြီးသူတစ်ယောက်ဖြစ်လေ၏။ ဖန်ကွမ်းတို့ တစ်သိုက်အား သီလရှင်မဝတ်ရန်ပြောခြင်းမှာ သူတို့ငယ်ငယ်ရွယ်ရွယ်၊ မသိမ်မွေ့မလိမ်မာ ဖြစ်သည့်အတွက် စိတ်သိုက်မာန်ပါ ဆုံးဖြတ်သည် ထင်သောကြောင့် ပြောခြင်း ဖြစ်၏။ သာသနာ့ဘောင်တွင် ငြိုးငြံနေရခြင်းမျိုးကို မပျော်ပိုက်နိုင်ဘဲ ပို၍ဒုက္ခရောက်မည်စိုးသည့်အတွက်ကြောင့်ဖြစ်၏။ ယခု သီလရှင်နှစ်ပါး၏စကားကိုကြားရသည့်အခါတွင် ယုတ္တိရှိပေသည်ဟု သဘောပေါက်သွားလေ၏။ သခင်မဝမ်မှာ တခုဘလေလာတွင် မိမိ၏ အိမ်တွင်းရေး ကိစ္စများကြောင့်လည်းကောင်း၊ ဒေါ်လေးဆင့်ကလည်း မနက်ဖြန်တွင် သူ့သမီးအားယောက်ျားလေးများကို ပြချင်သည်ဟုဆိုကာ ခေါ်ထားသည့်အတွက်ကြောင့်လည်းကောင်း၊ ယင်ချုန်းအတွက်လည်း တရားဝင် အောင်သွယ်များလာရောက်ကာ တီးခေါက် မေးမြန်းလျက်ရှိသည့် အတွက်ကြောင့်လည်းကောင်း၊ စိတ်ရှုပ်လျက်ရှိသေ၏။ သခင်မဝမ်သည် ထိုကိစ္စများကြောင့် အသေးအဖွဲကလေးများကို ခေါင်းရှုပ်ခံ၍ စဉ်းစား မနေနိုင်တော့ဘဲ

"ဒီလိုဆိုယင်လဲ ဆရာကြီးတို့ ကျောင်းဆိုက်ကို ခေါ်သွားပြီး သာသနာ့ဘောင်ကို သွင်းပေးလိုက်ပါတော့"

"သာဓုပါတော်၊ သာဓုပါ၊ အင်မတန်ကြီးတဲ့ကုသိုလ်ပါ"

"သူတို့ကိုတော့ ခေါ်မေးလိုက်ယင် ကောင်းမယ်ထင်တယ် ဆရာကြီးတို့။ ကျွန်မရှေ့မှာဘင် သူတို့ဘကယ်ဝတ်မှာလား မေးကြည့်လိုက်ယင်သိမှာပါ"

မွေးစားအမေ သုံးယောက်သည် မွေးစားသမီး သုံးယောက်ကို ခေါ်လာခဲ့ကြလေ၏။ သူတို့ရောက်လာသည့်အခါ၌ သခင်မဝမ်သည် သူတို့သုံးယောက်ကို သေချာစွာမေ မြန်းကြည့်ပြန်လေ၏။ သူတို့သုံးယောက်စလုံးမှာ သန္နိဋ္ဌာန်ချပြီးဖြစ်သည့်အတွက် သီလရှင်ဆရာကြီး နှစ်ပါးနှင့် မယ်မယ်ကိုကန်တော့ကြလေ၏။ မယ်မယ်မှာ သူတို့သုံးယောက်ကို ဖျက်၍ မရနိုင်မှန်းသိသည့်အတွက် သနားကရုဏာ သက်ရုံမှတစ်ပါး မတတ်နိုင်တော့ပြီ။ မယ်မယ်သည် သူတို့အတွက်နှင့် သီလရှင် ဆရာကြီး နှစ်ပါး

အတွက် လှူဖွယ်ဝတ္ထုများကိုအပို့ခိုင်းလိုက်လေ၏။ ဖန်ကွမ်းမှာ သီလရှင်ဆရာကြီး ချိတုန်နှင့်အတူ သီတာစန္ဒီကျောင်းသို့လိုက်သွားပြီး အခြားနှစ်ယောက်တို့မှာကား သီလရှင်ဆရာကြီး ယုန်ဆင့်နှင့် အတူ စိတ္တိဂဗ္ဗကျောင်းသို့လိုက်သွားကြလေ၏။

နောက်မည်သို့ဖြစ်သည်ကို သိလိုလျှင် ဆက်ဖတ်ပါလေ။

အခန်း ၇၀

သုခမိန်အိုသည် ဘုန်းတော်ဘွဲ့ကို ဖွဲ့ဆိုခြင်း။

ရှေးထုံးကိုပယ်သည့် ဉာဏ်မဲ့သောသားသည် သော်ကပွင့်အတွက် ပူဆွေးခြင်း။

သီလရှင်ဆရာကြီးနှစ်ပါးက ကချေသည်မိန်းကလေးများကို သီလရှင်ကျောင်းတိုက် အသီးသီးသို့ ခေါ်သွားသည့်အခါတွင် သခင်မဝမ်သည်လည်း မယ်မယ်ကို ဝတ်ပြုကန်တော့ရန် ထွက်လာခဲ့လေ၏။ မယ်မယ်စိတ်လက်ရွှင်ပျလျက်ရှိသည်ကို တွေ့ရသည့်အခါ၌ သခင်မဝမ်က

"ပေါက်ယုရဲ့အစေတော်တစ်ယောက်ဖြစ်တဲ့ကျင်ဝမ်းဟာအသက်အရွယ်လဲရောက်ပါပြီ မယ်မယ်။ ခုနှစ်အတွင်းမှာ သိပ်ပြီးတော့လဲ နေလို့ထိုင်လို့မကောင်းလှဘူး။ ပြီးတော့ ကြီးလာမှ သူများထက်ပျင်းပြီး စွာလဲစွာလာတယ်။ သမားတော်ကြီးများကပြောတော့ သူ့ရောဂါဟာ အဆုတ်နာရောဂါလို့ ပြောပါတယ်။ ဒါကြောင့် သူ့ကို နေကောင်းယင်လဲပြန်မလာတော့ဖို့ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ သူ့ဆွေမျိုးများကိုလဲ သင့်တော်တဲ့လူများရှိယင် ပေးစားနိုင်တယ်လို့ ပြောလိုက်ပါပြီ။ ပြီးတော့ ကချေသည် သူငယ်မကလေးများကိုလဲ ကျွမကိုယ်တိုင်ကြီးကြပ်ပြီး ပြန်

လွတ်လိုက်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကလေးမများဟာ သဘင်သည် ပီပီ အပြောအဆို သိပ်မတတ်ကြလေတော့ သူတို့ပြောတဲ့စကားတွေကို ဉယျာဉ်ထဲက တူမလေးတွေကြားယင် မသင့်လျော်ဘူး ထင်လို့ပါ။ကျွန်မ တို့ဆီမှာ အတန်ကြာအောင်လဲ ကပြဖျော်ဖြေခဲ့ဖူးလေတော့ သူတို့ကိုလဲ ထိုက်သင့်သလောက် ငွေကြေးပေးလိုက်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မတို့မှာလဲအစေတော်တွေက သိပ်များလွန်းနေတယ်လို့ ထင်ပါတယ်။ နောင်မှာ လိုအပ်လာလို့ရှိယင်လဲ ရှိတဲ့အထဲက ရွေးခေါ်လို့ရပါတယ်'

မယ်မယ်က သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လျက် "အင်း ညည်းလုပ်တာမှန်ပါပေတယ်အေ။ ငါလဲဒီအတိုင်းပဲ စိတ်ကူးရှိပါတယ်။ ဒါပေမယ့် ငါကတော့ ကျင်ဝမ်းဟာ တော်တော် တော်တဲ့ သူငယ်မကလေးလို့ ထင်ခဲ့တာပဲ။ ဘာဖြစ်လို့များ ခုလောက်ဆိုး သွားရသလဲ မဆိုနိုင်ဘူး။ ငါ့အထင်တော့ ကျင်ဝမ်းဟာ တစ်ခြား မိန်း ကလေးတွေထက် အများကြီးသာတယ်လို့ ထင်တာပဲ။ အပြောအဆိုလဲ တတ်ဘယ်။ အချုပ်အလုပ်လဲတော်တယ်။ နောင်မှာဆိုယင် ပေါက်ယု အတွက် အမြှောင်အဖြစ်ထားပေးမယ်လို့တောင် ငါစိတ်ကူးနေတာ။ အင်း ဘယ်လိုကနေ ဘယ်လို ဒီလောက်တောင်ဆိုးသွားရသလဲ မပြောတတ်ဘူး"

"ပေါက်ယုအတွက် အမြှောင်တစ်ယောက်အနေနဲ့ကတော့ သင့် တော်ပါတယ် မယ်မယ်။ ဒါပေမယ့် သူ့မှာ ဒီလိုနေဖို့ ကုသိုလ်ကံမပါ တော့ မတတ်နိုင်ဘူးပေါ့။ အကြောင်းကံမပါလို့သာ သူ့မှာ အဆုတ်နာ ဖြစ်တယ်လို့ပဲ ပြောရတော့မှာပဲ။ အေးလေ သူ့ကံပေါ့။ မိန်းကလေးတို့ မည်သည် ကုမ္မာရီအမျိုးသမီးအရွယ်မရောက်မီ ဆယ့်ရှစ်ကြိမ်ပြောင်းလဲ တတ်၏။' ဆိုတဲ့ ရှေးစကားလဲ ရှိပေသားကိုး။'မိန်းကလေးများ ထက်ပြီဆို လေလေ အထိန်းရခက်လေလေ ဖြစ်တော့တာပဲ။ မယ်မယ်လဲ ဒီအဖြစ်မျိုး ကို တွေ့ဖူးတယ်မဟုတ်လား။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းကတော့ ကျွန်မ ကိုယ်တိုင်ကလဲ ပေါက်ယုရဲ့အမြှောင်အဖြစ်ထားယင် အကောင်းဆုံးပဲလို့ ယူဆခဲ့တာပါပဲ။ ဘယ်သူမှ သူနဲ့ယှဉ်လို့မရပါဘူး။ အဲ နည်းနည်းပျံတန်တန်တော့ နိုင်

PDF CREATOR - NYEYADHAMMA@GMAIL.COM

သပေါ့လေ။ ဇူကြွေလဲရ ဗိုင်းကောင်းကျောက်ဖိလဲ ဖြစ်ရမယ်ဆိုယင်တော့ မလောက်ပဲ အလျှင်ဆုံးရွေးရမှာပဲ။ 'မယားကောင်းတစ်ယောက်မှာအကျင့် သိက္ခာ၊ အမြှောင်ကောင်းတစ်ယောက်မှာ ရုပ်ရည်ရှုပ်ကာ' လို့ အဆိုရှိ တယ်မဟုတ်လား မယ်မယ်။ အကောင်းဆုံးကတော့ ရုပ်လဲချော၊ အကျင့် သိက္ခာလဲရှိတဲ့ မိန်းကလေးဟာ အကောင်းဆုံးပေါ့။ မာလာဟာ ကျင်ဝမ် လောက် ရုပ်မလှသော်လဲ ပေါက်ယု အမြှောင်တစ်ယောက်အနေနဲ့တော့ ပေါက်ယုအတွက် အသင့်တော်ဆုံးလို့ ကျွန်မထင်တာပဲ။ ရိုးလဲရိုးသား တယ်၊ စိတ်လဲချရတယ်။ သူရောက်ကတည်းက ပေါက်ယုကို ဖျက်လိုဖျက် ဆီးလုပ်တာမျိုး တစ်ခါမှ မကြားရဘူး။ မလုပ်တဲ့ပြင်ပေါက်ယုမဟုတ် တာလုပ်နေယင်တောင် သူက ဖျောင်းဖျတားမြစ်တယ်။ သူရောက်နေတဲ့ နှစ်နှစ်အတွင်းမှာ ဒါကိုတော့ ကျွန်မသေသေချာချာသိတယ်။

"ဒါကြောင့်မို့ သူ့ကိုအစေတော်လစာမပေးပဲနဲ့ ကျွန်မအိတ်ထဲ က စိုက်ပြီး တစ်လကို ငွေစင်နှစ်ကျပ်သား ပေးတာပေါ့ မယ်မယ်။ ပေါက်ယုကိုလဲ သည်ထက်သည် ပိုပြီးသည်းခံပါစေတော့၊ စောင့်ရှောက် ပါစေတော့ဆိုတဲ့ သဘောနဲ့ ပေးတာပါ။ ကျွန်မဒီအကြောင်းကို ဘယ် သူ့ကိုမှတောင် မပြောခဲ့ပါဘူး။ မပြောခဲ့တာကတော့ ပေါက်ယုက ငယ် လဲငယ်သေးတယ်။သူ့အဖေသိယင်လဲ ကလေးကို စာသင်ပျက်မယ်လို့ပြော မှာကတစ်ကြောင်း၊ နောက်တစ်ကြောင်းကတော့ မာလာ သူ့အမြှောင် ဖြစ်သွားယင် ပေါက်ယုကို ထိန်းနိုင်တော့မှာမဟုတ်တော့ဘူး။ မထိန်းနိုင် ယင် ပေါက်ယုဟာ ဆိုးသည်ထက် ဆိုးသွားပြီး ပျက်စီးသွားမှာလဲတစ် ကြောင်း၊ ဒီအကြောင်းတွေကြောင့် မာလာကို အမြှောင်အဖြစ် ထားမယ် ဆိုတာ ကျွန်မဘယ်သူ့ကိုမှမပြောခဲ့သေးပါဘူး။မယ်မယ်ကိုလဲ ဒါကြောင့် စောစောကမပြောခဲ့တာပါ"

"ဒီလိုဆိုယင် ပိုပြီးကောင်းတာပေါ့အေ။ မာလာက သိပ်စကား နည်းလွန်းတော့ ငါဖြင့် ဒီကောင်မလေးကို အ‌လုံကလေးလို့ထင်နေတာ။ ဒါပေမယ့် ညည်းက ငါ့ထက်ပိုသိတော့ ညည်းပြောတာ မှားနိုင်ပါဘူး။ သူ့ကို အမြှောင်ပေးမယ်ဆိုတာ ပေါက်ယုမသိတာ ကောင်းမယ်လို့ ငါ့ အနေနဲ့လဲယူဆတယ်။ ဒီအကြောင်းကို ပေါက်ယု သိခွင့်မပေးသင့်ဘူးဆို

တာ ငါလဲသဘောတူတယ်။ ဒီတော့သူ့ ရှေ့မှာဘာမှမပြောကြနဲ့။ မသိမသာပဲ နေလိုက်တာကောင်းတယ်။ နောင်မှာဆိုယင် ပေါက်ယုဟာ သူ့ မိန်းမစကားလဲနားထောင်မှာ မဟုတ်ဘူး။ သူ့ အမြှောင်စကားကိုလဲ နားထောင်မှာမဟုတ်ဘူး။

"ငါလဲ ပေါက်ယုကိုသိပ်နားမလည်ဘူး။ သူ့ လို သူငယ်ချင်းကိုလဲ တစ်ယောက်မှမတွေ့ဘူးဘူး။ ယောကျ်ားလေးဆိုတာ အပျော်အပါးတို့ ဘာတို့ဆိုတာရှိရပါတယ်အေ။ ဒါပေမယ့် အစေတော်ကလေးတွေနဲ့ သူ နေပုံထိုင်ပုံကို ငါတွေးလိုက်တိုင်း တွေးတွေးပြီးပူနေတယ်။သူ့ ကိုမကြည့်လိုက်နဲ့၊ ကြည့်လိုက်တိုင်း အစေတော် ကောင်မလေးတွေနဲ့ ရောထွေးယှက်တင်နေတာကိုပဲ တွေ့ရတယ်။ အစတုန်းကတော့ ကြော် အရွယ်ရောက်လာလို့ သူလဲမိန်းကလေးတွေဘာတွေကို စိတ်ဝင်စားတာထင်ပါရဲ့လို့အောက်မေ့လိုက်မိတယ်။ ဒါပေမယ့် သေသေချာချာ ကြည့်လိုက်တဲ့ အခါကျတော့ ဒီလိုလဲမဟုတ်ပြန်ဘူး။ သူ့ နေပုံက ဆန်းဆန်းပြားပြား မဟုတ်ဘူး။ ရိုးရိုးသားသားပဲ။ ဒီတော့ ပုံပြီးခက်တာပေါ့။ မူလတုန်းက မိန်းကလေးအဖြစ်မွေးဖို့များ ဇာတာပါလာခဲ့သလားမဆိုနိုင်ဘူး"

ဤတွင် အားလုံးဝိုင်း၍ရယ်လိုက်ကြလေ၏။ ထိုနောက် သခင်မဝမ်က ယနေ့မနက်တွင် သူ့ ဖခင်ကျိချိန်က သားဖြစ်သူ ပေါက်ယုကို မည်သို့မည်ပုံချီးကျူးပြောဆိုကြောင်း၊ ဥယျာဉ်ကို လျှောက်ကြည့်သည့်အခါတွင် ပေါက်ယုတို့တစ်သိုက်ကို ခေါ်သွားကြောင်းတို့ကိုပြောပြလေ၏။ မယ်မယ်မှာ ထိုသတင်းကြောင့် စိတ်ကြည်လင်သွားလေ၏။

မကြာမီ အပြင်သို့ထွက်မည့်သင်ချွန်းသည် အဝတ်အစားများကို ဝတ်ဆင်ကာ မယ်မယ်နှင့် သခင်မဝမ်တို့ကို လာ၍နှုတ်ဆက်လေ၏။ ထို့နောက် နတ်ငှက်မယ်ရောက်လာပြန်ကာ မယ်မယ်ကို ကန်တော့နှုတ်ဆက်ပြီး မယ်မယ်မနက်စာစားသည်ကို စောင့်ပေးလေ၏။သူတို့တစ်သိုက်သည် မယ်မယ်နေ့လယ်အိပ်ချိန်အထိ စကားဆိုနေကြကာ မယ်မယ် အိပ်သည့်အခါ၌ သခင်မဝမ်သည် နတ်ငှက်မယ်ကိုခေါ်ကာ စားရန် ဆေးဖော်ပြီးမပြီးမေးလေ၏။

"မဖော်ရသေးပါဘူး ဒေါ်လေးဝမ်။ ဒါပေမယ့် ငှက်မယ် နှလုံးသွေးအားတိုးဆေးကို စားနေပါတယ်။ မစိုးရိမ်ပါနဲ့။ ငှက်မယ် တော်တော်လေးနေကောင်းလာပါပြီ"

နတ်ငှက်မယ်မှာ ခါတိုင်းထက်ခွန်အားပြည့်ကာ သွက်လက်ဖျတ်လတ်လျက်ရှိသဖြင့် သခင်မဝမ်လည်း သူ့ စကားကို ယုံကြည်မိလေ၏။ သခင်မဝမ်က ကျင်ဝမ်းအား ထုတ်ပယ်လိုက်သည့်အကြောင်းကိုပြောပြလေ၏။

"နေစမ်းပါဦး၊ ပေါက်ကြည်တစ်ယောက် သူ့ အမေအိမ်ပြန်နေတာကို ညည်းဘာဖြစ်လို့မသိရတာလဲ။ မကြာခင်တုန်းက ဥယျာဉ်ထဲက အဆောင်တွေကို ငါကိုယ်တိုင်ကြီးကြပ်ပြီး အရှာခိုင်းခဲ့တယ်။ အဲဒီတော့မှ ကျိလန်ရဲ့အထိန်းတော် ကောင်မဟာ တကယ် ပိုင်းလုံးမဆိုတာ သိရတော့တယ်။ ဒီကောင်မကိုကြည့်ရတာမဟန်ပါဘူး။ ဒါကြောင့်မို့ သူ့ ကိုလဲ ပြန်လွှတ်လို့ ငါခိုင်းပစ်ခဲ့တယ်။တကယ်ကတော့ ကျိလန်ဟာကြီးပြီပဲ။ အထိန်းတော်များများစားစားမလိုတော့ပါဘူး။နည်းနည်းပါးပါးရှိယင်တော်ရောပေါ့။ဒါနဲ့ ဥယျာဉ်ထဲရောက်တော့ ပေါက်ကြည်ကိုမတွေ့တာနဲ့ ပေါက်ကြည်ပြန်သွားတာကို ညည်းသိသလားလို့မေးတယ်"

"ဒီတော့သူက ဒေါ်လေးဆွေ့နေမကောင်းလို့ ပြန်သွားတာတဲ့။ နေကောင်းတာနဲ့တစ်ပြိုင်နက် ပြန်လာခဲ့မယ်လို့ပြောသွားသတဲ့။ မဆွေ့က နှစ်တိုင်းချောင်းဆိုးနေကျ။ ပြီးတော့ ခါးနာနေကျ။ ဒါကမဆန်းတော့ပါဘူး။ ဒါပေမယ့် ငါ့အထင်ကတော့ မဆွေ့ ဒီရောဂါက ဒီလောက်ဟုတ်ပုံမရဘူး။ ဖြစ်နေကျပါ။ ငါ့အထင်ကတော့ ပေါက်ကြည်ပြန်သွားတာဟာ ဒါကြောင့်မဟုတ်ဘူးထင်တယ်။ တခြားအကြောင်းရှိလိမ့်မယ်။ တစ်ယောက်ယောက်နဲ့များစိတ်ကောက်လို့ ပြန်သွားတာလား။ ကောင်မလေးက နဂိုကမှ စိတ်ကခပ်ဆတ်ဆတ်မဟုတ်လား။ ဒီလောက် ကြာကြာနေလာပြီးမှ တို့ဘက်က အမှားအယွင်းရှိလို့ပြန်သွားရတာဆိုယင်မကောင်းဘူးပေါ့အေ"

"သူ့ ကို ဘယ်သူကမှ ဘာမှမပြောပါဘူး ဒေါ်လေးဝမ်။ ပြောစရာအကြောင်းလဲမရှိပါဘူး။ သူတို့တစ်သိုက်လုံး ဥယျာဉ်ထဲမှာ စိတ်

ကြိုက်နေနေကြတာပဲဟာ။ အဲ သူတို့မိန်းကလေးအချင်းချင်း စိတ်ကောက်သွားယင်တော့ မပြောတတ်ဘူးပေါ့လေ”

“ပေါက်ယုမျှား အပြောအဆိုမှားလို့လား။ ပေါက်ယုက ဘာမှ ပြောတတ်ဆိုတတ်တာမဟုတ်ဘူး။ ပြောချင်ရာကိုပြောချလိုက်တာ။ စိတ်တိုပြီဆိုယင် သာတောင်ဆိုးသေးတယ်။ ပါးစပ်ကတွေ့ရာကိုပြောချလိုက်တော့တာပဲ”

“ပေါက်ယုအတွက်ကတော့ ဒီလောက်ပူမနေပါနဲ့ဒေါ်လေးဝမ်။ ပေါက်ယုဟာ အလုပ်အကိုင်တို့ ဘာတို့မှာဆိုယင် ဖျင်းယင် ဖျင်းမယ်။ မဟုတ်တယုတ် ကို့ရိုးကားရားတွေ ပြောချင်ပြောလာမယ်။ ဒါပေမယ့် မိန်းကလေးတွေနဲ့ဆိုယင် ဘယ်တော့မှ စကားမမှားဘူး။ နေတတ်ထိုင်တတ်ပါတယ်။ အစေတော်တွေနဲ့ဆိုယင်လဲ ဘယ်တော့မှတစ်ဘက်စောင်းနင်းမပြောတတ်ဘူး။ သူတို့စိတ်ထိခိုက်မှာကို ·အင်မတန်စိုးရိမ်တတ်တယ်။ ဒီတော့ ပေါက်ယုကြောင့်တော့ ဘယ်သူမှ စိတ်ထိခိုက်စရာအကြောင်း မရှိဘူး”

“ငှက်မယ်အထင်ပြောရယင်တော့ ပေါက်ကြည်ပြန်သွားတာဟာ ဟိုတစ်နေ့ညက ရှာကြဖွေကြတာတွေလုပ်လို့ ပြန်သွားတယ် ထင်တာပဲ။ ဥယျာဉ်ထဲမှာ တစ်ယောက်ကိုတစ်ယောက် မယုံဘူးဆိုတဲ့ပုံမျိုး ဖြစ်နေတော့ သူလဲအနေရခက်ချင်ခက်မှာပေါ့။ ဒါပေမယ့်သူက အပြင်က သူစိမ်းဆိုတော့ ငှက်မယ်တို့တစ်တွေကလဲ ဘာမှသူ့အစေတော်တွေကို ရှာတာဖွေတာတွေ မလုပ်ခဲ့ကြပါဘူး။ လုပ်လို့လဲ မကောင်းဘူးပေါ့။ ပေါက်ကြည်က နဂိုကမှ သိုသိုသိပ်သိပ်နေတတ်တာမဟုတ်လား။ ဒီတော့ သူ့မိသားစုကို သက်မကောင်း ဖြစ်ချင် ဖြစ်နေမယ်။ ဖြစ်ယင်မကောင်းဘူး။ ဒါ့ကြောင့် စောစောစီးစီး ရှောင်နေပါင် ကောင်းတယ်လို့ဆိုပြီး ရှောင်ထွက်သွားတာ လားမှမသိတာ။ ဒါလဲကောင်းပါတယ်လေ”

သခင်မဝမ်သည် ထိုစကားကို ကြားသိအခါတွင် ခေါင်းငုံ့၍ အတန်ကြာစဉ်းစားနေပြီးနောက် အစေတော် တစ်ယောက်ကို ပေါက်ကြည်အား သွားခေါ်ရန်လွှတ်လိုက်လေ၏။ သခင်မဝမ်သည် ဥယျာဉ်ထဲ

ရှာသည့်ကိစ္စနှင့်ပတ်သက်၍ ပေါက်ကြည်အားတစ်စုံတစ်ရာ စိတ်အနှောင့်အယှက်မဖြစ်ရန် ပေါက်ကြည်အားပြောပြီးလျှင် ဥယျာဉ်ထဲသို့ပြန်ပြောင်းရန်ပြောလေ၏။

ပေါက်ကြည်က ခပ်ပြုံးပြုံးဖြင့်

“ခဏလောက်တော့ မေမေ့ဆီမှာနေချင်သေးတယ် ဒေါ်လေးဝမ်။ အဲဒီတုန်းက ဒေါ်လေးဝမ်ကိုပြောပြီးမှ ပြောင်းမလို့ပါပဲ။ ဒါပေမယ့် ဒေါ်လေးဝမ်က အလုပ်တွေများနေတာနဲ့ မပြောဖြစ်ခဲ့ဘူး။ အဲဒီနေ့တုန်းကတော့ မေမေကလဲတော်တော် အနေဆိုးနေတယ်။ မေမေ့ရဲ့ အစေတော်နှစ်ယောက်ကလဲ နေမကောင်းဘူး။ ဒါကြောင့်မို့ ချက်ချင်းပြောင်းသွားတာပါ။ ဒီတော့ ဒေါ်လေးဝမ်လဲအကြောင်းစုံကိုသိပြီပဲ။ ဒီနေ့လဲ ပေါက်ကြည်ရဲ့ပစ္စည်းကလေးတွေကို ပြောင်းဖို့ ခွင့်တောင်းချင်ပါတယ်”

ဒေါ်လေးဝမ်နှင့် နတ်ငှက်မယ်တို့သည် သူ့စကားကို လက်မခံကြချေ။

“ဒီလောက် ခေါင်းမမာစမ်းပါနဲ့အေ။ ပြောင်းမှာသာပြောင်းခဲ့စမ်းပါ။ တို့အချင်းချင်းမှာ အရေးမကြီးတာကလေးတွေကို မှတ်ယူမနေစမ်းပါနဲ့”ဟု သခင်မဝမ်နှင့်နတ်ငှက်မယ်တို့က ရယ်ရယ်မောမောပြောကြလေ၏။

“ဒေါ်လေးဝမ်တို့ဘာတွေပြောနေမှန်းကို ပေါက်ကြည်မသိဘူး။ ပေါက်ကြည်ပြောင်းတာက ဒီမှာဖြစ်နေတာတွေနဲ့ ဘာမှမဆိုင်ပါဘူး။ မေမေနေမကောင်းလို့ ပြောင်းတာပါ။ အားမရှိသေးတော့ သူ့အနားမှာ ကူဖော်လောင်ဖက်ဆိုလို့လဲ တစ်ယောက်မှ မရှိဘူး။ ပြီးတော့လဲ ပေါက်ကြည်ရဲ့အစ်ကို ဆွေ့ဖန်က မကြာခင် လက်ထပ်တော့မှာ။ မင်္ဂလာဆောင်အတွက် ချုပ်စရာကလေးတွေလဲ ရှိနေသေးတယ်။ သူ့အခန်းကိုလဲ ပြင်ရဆင်ရဦးမယ်။ ဒီတော့ မေမေ့ကို ပေါက်ကြည် ကူလုပ်ရဦးမှာ။ ပေါက်ကြည်တို့အိမ်ထောင်စုအကြောင်း ဒေါ်လေးဝမ်တို့မလေးငှက်မယ်တို့လဲ သိသားပဲ။ ပေါက်ကြည် ညာပြောနေတာ မဟုတ်ပါဘူး။

"ပြီးတော့လဲ ပေါက်ကြည် ဥယျာဉ်ထဲ ရောက်လာကတည်းက ပေါက်ကြည် လွတ်လွတ်လပ်လပ် ကူးနိုင်သန်းနိုင်အောင်ဆိုပြီး အရှေ့တောင်ဘက်က မလှယ်တံခါးကလေးကို အလှယ်တကူ ဖွင့်ပေးထားခဲ့တယ် မဟုတ်လား။ ဒီတော့ ဒီတံခါးကလေးကနေပြီး တချို့လူတွေ ဝင်ထွက်နေတာတွေ ရှိတယ်။ ဒီတော့ အပြင်လူတွေဝင်လို့ ဝင်းထဲမှာဘစ်စုံတစ်ခု ဖြစ်တယ်ဆိုယင် ပေါက်ကြည်တို့လဲ မကောင်းဘူး၊ ဒေါ်လေးဝမ်တို့လဲ မကောင်းဘူး။

"ပြီးတော့ ဥယျာဉ်ထဲကို ပေါက်ကြည်လာအိပ်တာ မအိပ်တာကလဲ အကြောင်းမဟုတ်ပါဘူး။ ဟိုတုန်းကတော့ ပေါက်ကြည်တို့ကလဲ ငယ်သေးတယ်။ ပေါက်ကြည်မှာ အိမ်မှာလဲ အလုပ်လုပ်စရာ မရှိဘူး။ ဒါကြောင့် အပြင်မှာနေတာထက် ဝင်းထဲမှာနေတာက ပိုကောင်းတယ်။ ပေါက်ကြည်လဲ သူတို့နဲ့လာပြီးအချုပ်အလုပ်ကလေးတွေ လုပ်နိုင်တယ်။ အဖော်လဲရတယ်ဆိုပြီးလာနေတာ။ အိမ်မှာ တစ်ယောက်တည်းထိုင်နေရတာထက် ဒီမှာနေရတာက ပိုပြီးကောင်းတာကိုး။ ခုတော့ ပေါက်ကြည်တို့လဲ ကြီးလာကြပြီ။ ကိုယ့်မှာ လုပ်စရာကိုင်စရာတွေ အသီးသီး ရှိနေကြပြီ။ ဒီအပြင် ဒီနှစ်နှစ်သောက်အတွင်းမှာလဲ ပြဿနာကလေးတွေရှိလာတယ် ဒေါ်လေးဝမ်။ ဥယျာဉ်ကြီးကကျယ်တော့ ဒေါ်လေးဝမ်တို့လဲ နေရာတကာလိုက်ကြည့်နေနိုင်ကြတာမဟုတ်ဘူး။ ဥယျာဉ်ထဲမှာလူနည်းလေလေ ဒေါ်လေးဝမ်တို့မှာလဲ တာဝန်ကင်းလေလေပေါ့။ ဒါကြောင့်မို့ အပြင်ကို ပြောင်းနေဖို့ ပေါက်ကြည်ဆုံးဖြတ်ပြီးပါပြီ။ ဒေါ်လေးဝမ်တို့ကိုလဲ ပေါက်ကြည် အကြံပေးချင်တာကတော့ ဥယျာဉ်ထဲမှာ စရိတ်တွေကို လျှော့နိုင်သမျှလျှော့ချလိုက်တာ ကောင်းမယ်ထင်တယ်။ ဒီတော့ အားလုံး မျက်နှာမပျက်ရဘူးပေါ့။ ပေါက်ကြည်အထင် ပြောရမယ်ဆိုယင်တော့ ဥယျာဉ်ထဲက အသုံးစရိတ်တွေကို လျှော့ပစ်လိုက်ယင်တော့ ကောင်းမယ်လို့ထင်တာပဲ၊ ခေတ်ကြီးက ပြောင်းနေပြီ ဒေါ်လေးဝမ်။ ပေါက်ကြည်တို့ မိသားစုရဲ့ အခြေအနေကို ဒေါ်လေးဝမ် သိပါတယ်။ ပေါက်ကြည်တို့အခြေအနေလဲ့ အလျင်ကလောက် မဘိုးလှတော့ပါဘူး"

နတ်ငှက်မယ်သည် ပေါက်ကြည်၏ စကားကို နားထောင်ပြီးနောက်

'သူပြောတာလဲ ဟုတ်ပါတယ် ဒေါ်လေးဝမ်၊ အတင်းလဲ တိုက်တွန်းမနေပါနဲ့တော့"

သခင်မဝမ်က ခေါင်းညိတ်လိုက်၏။

"ငါတော့ မပြောတတ်တော့ပါဘူးအေ။ ညည်းကြိုက်သလိုသာ လုပ်ပါတော့"

ထိုစဉ် ပေါက်ယုသည် အခြား သူငယ်ချင်းနှင့်အတူ ရောက်လာလေ၏။

"ဖေဖျားကတော့ စားသောက်နေတုန်းပဲ ခင်ဗျ။ မိုးချုပ်တော့မယ်၊ အိမ်ကိုအလျင်ပြန်လာခဲ့လို့ မှာလိုက်တယ်"

"ဒီနေ့ ငါ့သား ကိုးရိုးကားရား ဖြစ်ခဲ့သေးသလား"

"ဘာမှမဖြစ်ဘူး မေဖျား။ မဖြစ်ခဲ့တဲ့အပြင် ဆုတွေတောင် ရခဲ့သေးတယ်"

အချို့သောအခိုင်းမိန်းမကြီးအချို့သည် ပေါက်ယုတို့တစ်သိုက်ရလာသည့် ဆုများကို အတွင်းဝင်းပေါက်ဆီမှ သယ်သာကြလေ၏။ ယင်းတို့မှာ ယပ်တောင်သုံးချောင်း၊ ယပ်တောင်ဆွဲ ပန်းပွားသုံးခု၊ စုတ်တံနှင့် မင်အိုးခြောက်စုံ၊ နံ့သာပုတီးသုံးကုံးနှင့် ကျောက်စိမ်းလက်စွပ် သုံးကွင်းတို့ ဖြစ်လေ၏။ ထိုပစ္စည်းများမှာ သူတို့အား ပါမောက္ခဆရာကြီးမေ့၊ ဒုတိယအမတ်ချုပ်ကြီးယင်နှင့် အတွင်းဝန်းမင်းလီတို့ကပေးလိုက်သည့် ဆုများဖြစ်ကြောင်းဖြင့် ပေါက်ယုက ပြောပြလေ၏။ ထို့နောက် ပေါက်ယုသည် စန္ဒကူးဖြင့်ထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကလေးတစ်ဆူကိုလည်း အိတ်ထဲမှထုတ်ပြလေ၏။

"ဟောဒါကချင်ကောက်အမတ်ကြီးကပေးလိုက်တဲ့လက်ဆောင်"

သခင်မဝမ်က ယမင်းစားပွဲသို့ မည်သည့်ဧည့်သည်များ လာ၍ သူတို့ဘစ်တွေက မည်သည့်ကဗျာများကို စပ်ခဲ့ကြောင်း မေးမြန်းလေ၏။ ထို့နောက် သူတို့သုံးယောက်အား မယ်မယ့်ထံသွား၍ ဂါရဝပြုစေပြီး

လျှင် ဆူတို့ရလာသည့်ဆုများကိုလည်း အတူလိုက်ပို့လိုက်ရန် ပြောလေသည်။

မယ်မယ်မှာလည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် အကျိုးအကြောင်းကို ထပ်မံမေးမြန်းခြင်း ပြုလေ၏။ ပေါက်ယုမှာ ကျင်ဝမ်းအတွက် စိတ်ထိခိုက်လျက် ရှိသည့်အတွက် မယ်မယ်မေးသည့် မေးခွန်းများကို ဖြေကြားပြီးနောက် မိမိမှာ မြင်း စီးလာခဲ့သဖြင့် ကိုယ်တွေလက်တွေ နာနေသည်ဟု ပြောလေ၏။

"အလို၊ ဟုတ်သား။ ဒီလိုဆိုယင် မြန်မြန်ပြန်။ အဆောင်ရောက်တော့ အဝတ်အစားလဲပြီး အနားယူလိုက်။ ဒါပေမယ့် အိပ်ရာပေါ်ကို လှဲပြီး မအိပ်လိုက်နဲ့ နော်"

ထို့ကြောင့် ပေါက်ယုသည် ဉယျာဉ်ရှိအဆောင်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့လေ၏။

ရှေယွှေ့နှင့်ချင်ဝမ်းတို့သည်မယ်မယ်၏အဆောင်တွင် အစေတော်နှစ်ယောက်နှင့်အတူ စောင့်ဆိုင်းလျက်ရှိကြလေ၏။ ပေါက်ယုပြန်သည့်အခါတွင် ချင်ဝမ်းသည် ပေါက်ယုရလာသည့်ပစ္စည်းများကိုကိုင်၍ ပြန်လိုက်လာခဲ့လေ၏။

"ပူလိုက် အိုက်လိုက်တာ မပြောပါနဲ့တော့"ဟု ပေါက်ယုကပြော၏။

ပေါက်ယု သည် လမ်း လျှောက် လာရင်း ဦး ထုပ်၊ ခါးပတ်နှင့်အပေါ်အင်္ကျီတို့ကိုချွတ်သည့်တွင် ရှေယွှေ့က သူ့ပစ္စည်းများကို သယ်လာခဲ့လေ၏။ ပေါက်ယုမှာ အစိမ်းရောင် ဖဲအင်္ကျီ၊ ကြက်သွေးရောင်ဘောင်းဘီတို့ကို ဝတ်ထားလေ၏။ ထိုဘောင်းဘီများမှာ ကျင်ဝမ်း ချုပ်ပေးသွားသော ဘောင်းဘီဖြစ်ကြောင်းကိုမြင်သည့်အခါ၌ ချင်ဝမ်းသည် သက်ပြင်းချမိလေ၏။

"ဒီဘောင်းဘီကလေးကို အမှတ်ဘရ သိမ်းထားပါလား သခင်လေးရဲ့။ ကျင်ဝမ်းကလဲ မရှိတော့ဘူး။ သူ့လက်ရာ ဘောင်းဘီကလေးတော့ ကျန်ရစ်ခဲ့တယ် နော်"

PDF CREATOR - NYEYADHAMMA@GMAIL.COM

ရှေယွှေ့က သူ့ကို တံတောင်ဆစ်ဖြင့် တွက်လိုက်ရင်း ရှင်လန်းစွာဖြင့်

"ဟုတ်တယ်၊ ကျင်ဝမ်းရဲ့လက်ရာ နော်။ ဒါ့ကြောင့် ရှေးလူကြီးများ ပြောကြတာကိုး။ 'လုပ်သူမရှိဘော့သော်လဲ လက်ရာကျန်ရစ်၏' တဲ့။

ချင်ဝမ်းက

"အဲဒီဘောင်းဘီကလေးရယ်၊ ဝတ်လုံစိမ်းကလေးရယ်၊ ဖိနပ်ပြာလေးရယ်နဲ့ဆိုယင် ဆံပင်ကလေးနက်နက်၊ အသားကလေးဖွေးဖွေးနဲ့ သိပ်လိုက်တာပဲ နော်'

ရှေ့မှသွားနေသော ပေါက်ယုသည် သူတို့စကားများကို မကြားယောင်ပြုကာ ဆက်သွားနေရာမှ ရှေ့ခပ်လှမ်းလှမ်းသို့အရောက်တွင် ရပ်လိုက်၏။

"ဉယျာဉ်ထဲမှာ မောင် နည်းနည်းလမ်းလျှောက်ချင်တယ်၊ ဖြစ်ပါ့မလား'

'ဘာလို့မဖြစ်ရမှာလဲသခင်လေးရဲ့။ နေ့ခင်းကြောင်တောင်ကြီးမှာ ဘာကြောက်စရာရှိသလဲ။ လမ်းလဲမမှားနိုင်ပါဘူး"ဟုဆိုကာ ရှေယွှေ့သည် အစေတော်သူငယ်မကလေးနှစ်ယောက်ကို နောက်မှလိုက်သွားရန် ပြောလေ၏။

"ဒီပစ္စည်းတွေကိုသိမ်းပြီးယင် တို့လဲလိုက်ခဲ့မယ်"

"ချင်ဝမ်၊တို့တစ်တွေ ဒီနားမှာပဲ စောင့်နေကြပါလား"

"ဟုတ်ပြီလေ၊ ဒီလိုဆိုယင် ကျွန်မတို့ ဒီကို မကြာခင် ပြန်လာခဲ့မယ်။ ကျွန်မတို့ ဖြစ်နေပုံကိုလဲ ကြည့်စမ်းပါဦး။ တကယ့်မင်းသား မင်းသမီးတွေရဲ့ နောက်တော်ပါးတော့ကျနေတာပဲ။ လက်ထဲမှာပြည့်လို့။ တစ်ဖက်မှာ ဗေဒင်ကျမ်းလေးပုံနဲ့၊ တစ်ဖက်မှာ ဖောင်းထုပ်တွေ၊ ခြေနင်းတွေနဲ့။ ကြည့်ရတာ ပွဲထဲကလူပြက်တွေကျနေတာပဲ"

ပေါက်ယုမှာ သူတို့ကို မြန်မြန်သွားစေချင်လှပြီ။ သူတို့ထွက်သွားသည့်အခါ၌ ပေါက်ယုသည် အစေတော် သူငယ်မကလေးနှစ်ယောက်ကို ကျောက်ဆောင် ကျောက်ပန်းခက်ကြီးများနောက်ကွယ်သို့ ခေါ်လာခဲ့လေ၏။

ကျောက်ဆောင်ကြီးများနောက်ကွယ်သို့ရောက်လျှင် ပေါက်ယုက နိဒါန်းသွယ်မှုနေတော့ပဲ

"နေစမ်းပါဦး။ ငါထွက်သွားတော့ မာလာက ကျင်ဝမ်းဆီကို တစ်ယောက်ယောက်ကို လွှတ်တာများတွေ့သလား"

"ဟုတ်ဘယ်ရှင့်။ သခင်လေးလဲထွက်သွားရော အဒေါ်ဆုံကို အစ်မကျင်ဝမ်းတို့အိမ်ကိုလွှတ်လိုက်တယ်"

"ပြန်လာတော့ဘာပြောသလဲ"

"အစ်မကျင်ဝမ်းဟာ တစ်ညလုံး ငိုနေတယ်တဲ့။ ဒီနေ့မနက်ကျတော့ မျက်လုံးလဲ ကောင်းကောင်းမဖွင့်တော့ဘူး။ ဘယ်သူ့ကိုမှလဲမခေါ်တော့ဘူးတဲ့။ စကားလဲကောင်းကောင်းမပြောနိုင်ဘူးတဲ့။ သတိလဲကောင်းကောင်းမရချင်တော့ဘူးတဲ့။ အသက်ကိုတောင် မနည်းရှူနေရတယ်တဲ့"

"မနေ့ညတုန်းကကော ဘယ်သူ့ကို ခေါ်နေသတဲ့လဲ"

"သူ့အမေနာမည်ကိုပဲ ခေါ်နေတာပဲတဲ့"

ပေါက်ယုသည် မျက်ရည်များကို သုတ်လိုက်၏။

"ပြီးတော့ကော"

"ပြီးတော့ ဘယ်သူ့ကိုမှမခေါ်ဘူးတဲ့ရှင့်"

"ဟယ်၊ နင်တို့ ဘာမှသိမယ့် ကောင်မလေးတွေမဟုတ်ပါဘူး"

သူ့ဘေးမှတစ်ယောက်မှာ ပထမမိန်းကလေးထက် ပါးဟန်ရှိ၏။ ထိုမိန်းကလေးသည် ရှေ့သို့တက်လာပြီးလျှင်

"ဟုတ်ဘယ်ရှင့်။ သူက ဘာမှသိတာမဟုတ်ဘူး။ ကျွန်မသိဘယ်။ တခြားသွားမယ်လို့ပြောပြီး အစ်မကျင်ဝမ်းအိမ်ကိုတောင် ရောက်ခဲ့သေးတယ်"

"နင်က ဘာဖြစ်လို့သွားတွေ့ရတာလဲ"

"အစ်မကျင်ဝမ်းဟာ တခြားလူတွေနဲ့ မတူဘူး သခင်လေး။ ကျွန်မတို့အပေါ်မှာ အင်မတန်စိတ်ကောင်းရှိတယ်။ ခုဟာက အစ်မကျင်ဝမ်းခမျာ မတရားအစွပ်စွဲခံရပြီး မတရားအထုတ်ခံလိုက်ရတာ။ ဒီတော့ ကျွန်မတို့အနေနဲ့ ဘာမှမတတ်နိုင်တောင် အကျိုးအကြောင်းတော့ သွား

မေးဖို့ကောင်းတာပေါ့။ ကျွန်မတို့သွားမေးတာကို တွေ့သွားလို့ ကျွန်မတို့ကို ဆူလား ပူလားလုပ်မယ်၊ ရိုက်လားနှက်လား လုပ်မယ်ဆိုယင်လဲ ခံရုံပဲ။ ဒါကြောင့်မို့ ရိုက်ချင်လဲရိုက်ပေစေတော့ဆိုပြီး သွားတာ။ အစ်မကျင်ဝမ်းဟာ အကင်းလဲပါးတယ်။ သတိလဲကောင်းတယ်။ သေသာသွားရော သတိတစ်ချက်မှမလွှတ်ဘူးရှင့်။ စိတ်ဆိုးစိတ်ယုတ်ရှိတဲ့လူတွေ အနားလာယင် စကားမပြောတော့ဘူး။ မျက်လုံးကို မှိတ်ထားလိုက်တော့တာပဲ။ ဒါပေမယ့် ကျွန်မရောက်သွားတော့ မျက်လုံးဖွင့်ပြီး ကျွန်မလက်ကို လှမ်းကိုင်တယ်။

"လက်ကိုလှမ်းကိုင်ပြီး သခင်လေးပေါက်ယုကောတဲ့။ ဒီတော့ ကျွန်မကလဲ သခင်လေးသွားမယ်လို့ထင်တဲ့နေရာကို ပြောလိုက်တာပေါ့။ ဒီတော့ သူက သက်ပြင်းချပြီး သခင်လေးကို နောက်ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်တော့ဘူးနော်တဲ့။ ဒီတော့ ကျွန်မက အစ်မရယ် တွေ့ရမှာပေါ့။ ခဏနေယင် သခင်လေး ပေါက်ချင်ယင်ပေါက်လာမှာပါ။ သခင်လေးကလဲ အစ်မကိုတွေ့ချင်ရှာမှာပေါ့လို့ ပြောတယ်။

"ဒီတော့ သူကပြုံးပြီး ညည်းနားမလည်ပါဘူးအေ။ ညည်းက ငါသေမယ်လို့ထင်သလား။ ငါမသေပါဘူးတဲ့။ ခုကောင်းကင်မှာ ပန်းစောင့်နတ်သမီးရဲ့နေရာမှာ လစ်လပ်နေတယ်တဲ့။ အဲဒါ ကျောက်စိမ်းဘုရင် သိကြားမင်းကြီးက ငါ့ကိုခန့်မယ်တဲ့။ ည နာရီပြန်နှစ်ချက်နဲ့ကျယင် ငါ့ရာထူးသစ်ကို စဉ်း ဝင်ရတော့မယ်တဲ့။ ဒါပေမယ့် သခင်လေးပေါက်ယုက ငါ့ဆီကို သုံးနာရီထိုးခင် တစ်မောင်းအလိုကျမှ လာမှာတဲ့။ ဒီတော့ ငါနဲ့တွေ့ရတော့မှာ မဟုတ်ဘူးတဲ့။ တစ်မောင်းလောက် နောက်ကျသွားပြီတဲ့။ လူတွေသေလို့ ငရဲကျကာနီးကျယင် ငရဲမင်းကြီးက သူတို့ဝိညာဉ်တွေကို ဖမ်းခေါ်လာဖို့ ဖုတ်တွေ သဘက်တွေကို လွှတ်လိုက်တယ်တဲ့။ တကယ်လို့ ငရဲမင်းကြီးခေါ်တာကို ချက်ချင်းမလိုက်ချင်သေးဘဲ ခဏလောက် အစောင့်ခိုင်းချင်ယင် ငွေကြေးတွေကို မီရှို့ပူဇော်ရတယ်။ ခေါ်စာတို့ဘာတို့ပစ်ရတယ်တဲ့။ ဖုတ်တွေ သဘက်တွေက ငွေကြေးတွေ ခေါ်စာတွေကိုလုနေတုန်းမှာ ခဏလောက်ဖြစ်စေဆိုင်းနင့်ရတာပေါ့တဲ့။ ဒါပေမယ့် ငါကတော့ ကောင်းကင်ဘုံက ဖိတ်ထားတော့ ဆိုင်းနေရမလိုပါဘူးတဲ့။

"အဲဒီအချိန်တုန်းကတော့ ကျွန်မ သူပြောတာတွေကို နည်းနည်းမှမယုံဘူးရှင့်။ ကယောင်ကတမ်းတွေလျှောက်ပြောနေတာပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် ကျွန်မအိမ်ပြန်ရောက်လို့ နာရီကိုကြည့်လိုက်တော့ သူပြောတဲ့အတိုင်းပဲရှင့်။ နှစ်နာရီခွဲမှာဆုံးတာ။ ဟော၊ သုံးမောင်းလဲရိုက်ရော၊ သခင်လေးလဲ ရောက်လာတယ်ဆိုပြီး လာပြောတာပဲ။ နှစ်ခုစလုံး သူပြောတဲ့အတိုင်း တဲ့လို့"

ပေါက်ယုက

"အင်း၊ နင်ကစာမတတ်တော့ ဒါတွေကို နားလည်ချင်မှ နားလည်မှာပေါ့လေ။ ပန်းပွင့်တိုင်း ပန်းပွင့်တိုင်းမှာ ပန်းစောင့်နတ်သမီး တစ်ပါးစီရှိကြတယ်။ အဲဒီနတ်သမီးတွေအပေါ်မှာ ခေါင်းချုပ်ရတဲ့ ပန်းနတ်သမီးတစ်ပါးရှိတယ်။ အဲဒီအချိန်တုန်းကတော့ ပန်းနတ်သမီးဟာ ပန်းတွေအားလုံးဆီကို ပိုက်ကြည့်နေသလား ပန်းတစ်ပွင့်တည်းကိုကြည့်နေသလား ဆိုတာတော့ ငါလဲမသိဘူးပေါ့လေ"

အစေတော်ကလေးက မည်သို့မျှမပြောတော့ချေ။ ထိုအချိန်မှာ အင်္ဂမလဖြစ်သည့်အတွက် ဥယျာဉ်ထဲရှိ ကန်ဘေးတွင် လေးညှင်းစကြာပန်းတွေ ဖွေးဖွေးလှုပ်အောင် ပွင့်လျက်ရှိလေပြီ။ အစေတော်သူငယ်မကလေးက ပန်းတစ်ပွင့်ကို လှမ်းခူးလိုက်၏။

"မဆုံးခင်မှာ ကျွန်မက ဘယ်ပန်းကိုစောင့်တဲ့ နတ်သမီး ဖြစ်ချင်သလဲ၊ နောင်မှာ ကျွန်မတို့လဲ အစ်မကို ရည်စူးပြီး အမျှအတန်း ဝေရတာပေါ့လို့ပြောတော့ သူက ကောင်းကင်ဘုံရဲ့လျှို့ဝှက်ချက်ကို မဖော်ထုတ်စကောင်းဘူးတဲ့။ ဒါပေမယ့် ညည်းကတော့ ဘုရားတရားကြည်ညိုတဲ့အတွက် ငါပြောခဲ့မယ်အေ၊ သခင်လေးပေါက်ယုမှအပ တခြား ဘယ်သူ့ကိုမှ မပြောပါနဲ့တဲ့။ ပြောယင် ညည်း တစ်နေ့မှာ မိုးကြိုးပစ်မှာတဲ့။ ပြီးတော့မှ သူက အဲဒီ လေးညှင်းစကြာပန်းနတ်သမီးဖြစ်မှာတဲ့"

ပေါက်ယုမှာ အံ့အားသင့်ရမည့်အစား ဝမ်းနည်းပူဆွေးစိတ်တွေပျောက်သွားကာ ဝမ်းသာသွားလေ၏။ ပေါက်ယုသည် လေးညှင်းစကြာပွင့်ကို လက်ညှိုးထိုး ပြသိုက်ပြီးလျှင်

"ဒီလို ပန်းပွင့်မျိုးကို စောင့်ရှောက်ဖို့အတွက် ကျင်ဝမ်းလို မိန်းကလေးတစ်ယောက် လိုတာပေါ့။ ကျင်ဝမ်းလို အရည်အချင်းရှိတဲ့ ကောင်မလေးတစ်ယောက်ဟာ တာဝန်ရှိတဲ့အလုပ်တစ်ခုကို ပေးသင့်တာပေါ့"

ကျင်ဝမ်းသည် ဤဝဋ္ဋဒုက္ခပင်လယ်ကြီးမှ လွတ်မြောက်သွားပြီ ဖြစ်သည့်တိုင်နောက် မည်သည့်အခါတွင်မျှ ပြန်၍တွေ့နိုင်ကြတော့မည်မဟုတ်ဟု တွေးမိလိုက်သည့်အခါ၌ကား ပေါက်ယု၏ရင်ထဲတွင် ပူဆွေးသောကတို့သည် ရင်နှင့်အမျှ ပြည့်နှက်လျက်ရှိသေ၏။

"ကျင်ဝမ်းဆုံးတာကိုင ါမမြင်လိုက်ရပေမယ့် သူနဲ့ငါ ခြောက်နှစ်လုံးလုံး မိတ်ဆွေရောင်းရင်းတွေအဖြစ် ပေါင်းသင်းခဲ့တဲ့ အထိမ်းအမှတ်အဖြစ် နတ်ကွန်းကိုသွားပူဇော်ပြီး အမျှအတန်းဝေရမယ်"

ပေါက်ယုသည် ချက်ချင်းပင် အခေါင်သို့ပြန်၍ အဝတ်အစားလဲပြီးလျှင် ထိုက်ယုထံ သွားဦးမည်ဟု အကြောင်းပြကာ အလောင်းကို မြိုလိုမြင်ရဘိ. ယခန်နေ့က သူသွားခဲ့သည့် ကျင်ဝမ်းအိမ်သို့ ခပ်သုတ်သုတ်ထွက်လာခဲ့လေ၏။

သို့ရာတွင် ကျင်ဝမ်း ဆုံးသည့်အခါ၌ သူ့ အစ်ကို ဝမ်းကွဲနှင့် ယောက်မတို့သည် အသုဘအတွက်စရိတ်ရလိုရငြားဟုဆိုကာ သခင်မကြီး ဝမ်ထံသို့ အကြောင်းကြားသည့်တွင် ကျင်ဝမ်းမှာ အဆုတ်ရောဂါဖြင့် ဆုံးခြင်းဖြစ်သောကြောင့် သခင်မဝမ်သည် အသုဘစရိတ်အတွက် ငွေစင်တစ်ဆယ်သားပေးကာ သုသာန်သို့ ချက်ချင်းထုတ်၍ သင်္ဂြိုဟ်ရန် အမိန့်ပေးခဲ့လေ၏။ ကျင်ဝမ်း၏ အစ်ကိုနှင့် ယောက်မတို့သည် ပိုက်ဆံကိုယူ၍ ပြန်ရောက်လျှင်ရောက်ချင်းပင် အလောင်းကို ခေါင်းသွင်းပြီး သင်္ဂြိုဟ်ရန် မြို့ပြင်သို့ ထုတ်သွားကြလေ၏။ ငွေစင်သုံးလေးပိသာခန့်တန်သည့် ကျင်ဝမ်း၏လက်ဝတ်လက်စားများ၊ အဝတ်အစားများကိုမူ နောင်တွင် လိုလျှင် သုံးရန်အတွက် သိမ်းဆည်းထားလေ၏။ ထို့နောက်တွင် သူတို့သည် အိမ်ကိုသော့ပိတ်ကာ အသုဘသို့ လာခဲ့ကြလေ၏။

ကျင်ဝမ်းအစ်ကို အိမ်သို့ ရောက်သည့်အခါ၌ ပေါက်ယုသည် မည်သူ့ကိုမျှမတွေ့ရသဖြင့် အတန်ကြာ ရပ်နေပြီးနောက် ဘာမျှမတတ်

နိုင်တော့သည့်အတွက် ဉယျာဉ်ထဲသို့ ပြန်လာခဲ့လေ၏။ အဆောင်သို့ ပြန်ရောက်သည့်အခါတွင်လည်း စိတ်မှာဆောက်တည်ရာမရဖြစ်လျက်ရှိသဖြင့် ထိုက်ယုထံ ထွက်လာခဲ့လေ၏။ ထိုက်ယုကိုလည်း မတွေ့ရချေ။ ထိုက်ယု ဘယ်သို့ထွက်သွားသနည်းဟု မေးသည့်အခါတွင် အစေတော်တစ်ယောက်ကပင်

"မလေးပေါက်ကြည်တို့အိမ်ဘက်ကို သွားတယ်ရှင့်"ဟုပြောလေသည်။

ထို့ကြောင့် ပေါက်ယုသည် ပေါက်ကြည်တို့နေထိုင်ရာ ဂမုန်း ရိပ်သာ အဆောင်သို့ လိုက်လာခဲ့သည်တွင် ရိပ်သာတစ်ခုလုံးမှာ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိကာ ပရိဘောဂများပင် မရှိတော့သည်ကို တွေ့ရလေသည်။ ပေါက်ယုမှာအံ့အားသင့်လျက်ရှိလေ၏။ မိမိတို့ဘက်သို့ လျှောက်လာသော အခိုင်းမိန်းမကြီးတစ်ယောက်ကိုတွေ့သဖြင့် မည်သို့ဖြစ်သနည်းဟု အကျိုးအကြောင်းကို မေးမြန်းလေ၏။

"သခင်မလေးပေါက်ကြည် ပြန်သွားပါပြီ သခင်လေး။ ကျွန်တို့ပစ္စည်းတွေကိုလဲကြည့်ထားဆိုပြီး အကျွန်တို့ကို အစောင့်ခိုင်းထားတယ်။ ဒီပစ္စည်းတွေကို ရွှေ့ပြောင်းရှင်းလင်းပြီးယင် ဝင်းကြီးတစ်ဝင်းလုံးလဲ ပိတ်ထားတော့မယ်တဲ့။ ဒီတော့ သခင်လေး အကျွန်တို့အိမ်ထဲကိုမဝင်တာ ကောင်းမယ်။ အကျွန်တို့ အမှိုက်သရိုက်တွေရှင်းနေကြတာ။ နောက်လဲ ဒီအဆောင်ကိုလာစရာမလိုတော့ဘူးပေါ့ သခင်လေးရယ်"

ပေါက်ယုသည် အတန်ကြာမျှ ငိုင်၍ရပ်နေမိလေ၏။ မွှေးကြိုင်သည့် ဘယဆေးပင်များနှင့် နွယ်ပင်များမှာ ဝင်းထဲတွင် ခါတိုင်းကဲ့သို့ပင် စိမ်းလန်းရှင်သန်လျက် ရှိသည့်တိုင် ထိုဆေးပင်များ၊ နွယ်ပင်များသည် ရုတ်တရက် ချက်ချင်းညှိုးနွမ်းသည့်အသွင်ကို ဆောင်သွားသည့်နှယ်ရှိလေရာ ထိုရှုခင်းသည် ပေါက်ယု၏သောကကို ထပ်လောင်းဖြည့်စွက်သည့်နှယ်ရှိလေ၏။ ပေါက်ယုသည် တိတ်ဆိတ်စွာပြန်လှည့်လာခဲ့လေ၏။ တစ်ခါကမူ ဝင်းအပြင်ဝရှိ သစ်ပင်တို့ တန်းစီပေါက်လျက်ရှိသည့်ကန်ပေါင်တွင် မိန်းမပျိုတစ်သိုက် အဖော်တစ်သင်းနှင့် ပျော်ရွှင်းပါးရင်းလာလေ့ရှိကြ

သော်လည်း ပေါက်ယုစိတ်တွင်မူ ထိုကန်ပေါင်ရိုးသို့ လူသူမရောက်သည်မှာ နှစ်ပရိစ္ဆေဒကြာလှပြီဟုထင်မိလေ၏။ ငုံ့ကြည့်လိုက်၍ မြောင်းပေါင်အောက်ရှိမြောင်းမှ ရေတသွင်သွင် စီးဆင်းနေသည်ကို မြင်သည့်အခါတွင်မူ သဘာဝကြီးသည် လူတို့၏ခံစားချက်များကို ငဲ့ညှာထောက်ထားခြင်း မရှိဘဲ ဖြစ်ပျက်မြဲဖြစ်ပျက်နေနိုင်အားလွန်းလှသည်တကားဟု တွေးမိလေ၏။ သို့ဖြင့် ပေါက်ယုသည် အချိန်အတန်ကြာမျှ ငေးငိုင်ပြီးနောက် စဉ်းစားမိသည်မှာ

"အင်း၊ ခုဆိုယင် အစေတော်ငါးယောက်ထွက်သွားကြပြီ၊ စုချိရယ်၊ ယုဟွာရယ်၊ ဖန်ကွမ်းရယ်က သုံးယောက်၊ ကျင်ဝမ်းကလဲ မရှိတော့ဘူး။ ပေါက်ကြည်ကလဲ သူ့အိမ်ကိုပြန်သွားပြီ။ ယင်ချွန်းကတော့ မသွားသေးဘူး။ ဒါပေမယ့် သူလဲတစ်နေ့မှာ သွားရတော့မယ်။ ခုပဲ သူ့ဆီကိုလာပြီး အောင်သွယ်တော်တွေက စကားကမ်းလှမ်းကြ၊ စေ့စပ်ကြနဲ့ ဖြစ်နေပြီ မဟုတ်လား။ ဒီလိုနဲ့ ဟောဒီဉယျာဉ်ကြီးထဲက မိန်းမပျိုလေးတွေဟာ လူစုကွဲကြရတော့မယ်။ အေးလေ၊ ဒါတွေတွေးပြီး စိတ်မကောင်း ဖြစ်မနေနိုင်ပါဘူး။ ထိုက်ယုနဲ့သွားပြီး စကားစမြည်လေးဘာလေး ပြောဦးမှ ထင်ပါရဲ့။ ပြီးတော့မှ မာလာ့ဆီကိုပြန်မယ်။ အင်း ဉယျာဉ်ထဲမှာ သေသည်အထိ ကျန်ရစ်ခဲ့မယ့်သူဆိုလို့ တို့နှစ်ယောက် သုံးယောက်ပဲ ရှိတော့မယ် ထင်ပါရဲ့"

ပေါက်ယုသည် ဤသို့တွေးတောကာ ဝေဠုဝန်ရိပ်သာသို့လာခဲ့လေ၏။ သို့ရာတွင် ထိုက်ယုကိုလည်း မတွေ့ရချေ။ ပေါက်ယုသည် ကျင်ဝမ်း၏ အသုဘသို့သွားမည်ဟု စိတ်ကူးသေးသော်လည်း သွားနေလျှင်ပို၍ စိတ်မကောင်း ဖြစ်ရတော့မည်ဟု တွေးမိသဖြင့် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်သည်။ သို့ဖြင့် ပေါက်ယုသည် မရွှင်သောနှလုံးဖြင့်မိမိအဆောင်သို့ ပြန်လာခဲ့လေ၏။

ပေါက်ယုသည် ဘာလုပ်မည်နည်းဟု ထိုင်၍စဉ်းစားနေစဉ် မိခင်ဖြစ်သူ သခင်မဝမ်၏အဆောင်မှ အစေတော်တစ်ယောက် ရောက်လာပြီး သူ့ကိုလာခေါ်လေ၏။

"သခင်ကြီးကျိုချိန် ပြန်ရောက်နေပြီ။ သခင်လေးကိုအခေါ်လွှတ်လိုက်လို့။ ကဗျာစပ်ခိုင်းမလို့ဆိုလား ဘာလား။ ကဲ မြန်မြန်လုပ် သခင်လေး"

ပေါက်ယုသည် လာခေါ်သည့် အစေတော်နှင့်အတူ သခင်မ၏အဆောင်သို့ လိုက်လာခဲ့လေ၏။ သို့ရာတွင် ဖခင်ကြီးကျိုချိန် မရှိတော့ချေ။ ပြန်သွားနှင့်လေပြီ။ သို့ကြောင့် သခင်မက ပေါက်ယုအား သခင်ကြီးကျိုချိန်ရှိရာ စာကြည့်ဆောင်သို့ ခေါ်သွားရန်ပြောလေ၏။

ကျိုချိန်မှာ စာရေးကြီးများနှင့်အတူ နွေနှောင်းရှုခင်း မည်မျှလှပသာယာပုံကို ပြောဆိုလျက်ရှိလေ၏။

"အလျင်တစ်ခေါက် တို့တွေကြတုန်းက ပုံပြင်တစ်ခုအကြောင်းကို တို့ပြောခဲ့ကြတယ် မဟုတ်လား။ ငါ့အထင်တော့ ခေတ်အဆက်ဆက်မှာ ဒီပုံပြင်လောက်ကောင်းတဲ့ ပုံပြင်ရှယ်လို့ ရှိမယ်တောင် မထင်တော့ဘူးကွ။ ပုံပြင်ထဲမှာ ရဲရင့်ခြင်း၊ မြင့်မြတ်ခြင်း၊ သစ္စာရှိခြင်း၊ ရက်ရောသဘောထားကြီးခြင်းစတဲ့ ကောင်းမြတ်တဲ့အရည်အသွေးတွေ အားလုံးအပြည့် ရှိတယ်။ ဒတော့ အဲဒီပုံပြင်ကို ပျို့ကြီးတစ်စောင်လို ရေးရယင် မကောင်းပေဘူးလား။ စမ်းကြည့်ကြတာပေါ့ကွာ"

စာရေးများက ထိုပုံပြင်အကြောင်းကို ထပ်၍မေးမြန်း ကြလေသည်။

"ပုံပြင်က ဒီလိုကွ။ ရှေးတုန်းက ချင်ချောင်းမြို့ကို အုပ်ချုပ်တဲ့ မင်းသားကြီးဟိန်ဆိုတာရှိတယ်။ မင်းသားကြီးဟိန်ဟာ မိန်းမချောချောမြင်ယင် ချစ်တတ်တယ်။ အားတဲ့အခါများမှာ လေးမြားစတဲ့ သေနင်္ဂဗျူဟာအတတ်တွေကို သင်ကြားလေ့ရှိတယ်။ ဒါနဲ့ တစ်နေ့တော့ မင်းသားကြီးဟိန်ဟာမိန်းမချောကလေးတွေကိုခေါ်ပြီး စစ်ပညာကိုနေ့တိုင်းသင်ပေးသတဲ့။ သင်တန်းပြီးတဲ့ အခါကျတော့ မင်းသားကြီးဟိန်ဟာ မိန်းမချောကလေးတွေကို ရက်ပေါင်းများစွာ ကောင်းမွန်စွာ ကျွေးမွေးပြုစုပြီး ခေါ်ရေးပြုဖို့၊ ဒါမှမဟုတ် ခံတပ်တစ်ခုကို သိမ်းပြဖို့ ပြောသတဲ့။

သူတို့အထဲမှာ သူတို့အိမ်သားစုရဲ့ စတုတ္ထမြောက် လင်းဆိုတဲ့ မိန်းမချောကလေးတစ်ယောက်ပါတယ်။ သူကတော့ သူတို့အထဲမှာအချောဆုံးတဲ့။ သူ့အိမ်မှာဆိုယင်လဲ စတုတ္ထမြောက်သမီးတဲ့။ သူဟာ ရုပ်အချောဆုံးဖြစ်ရုံတင် မကဘူး၊ စစ်သေနင်္ဂဗျူဟာအတတ်မှာလဲ အတော်ဆုံးတဲ့။ သူ့ကို စတုတ္ထသခင်မလေးလင်းလို့ခေါ်ကြသတဲ့။ မင်းသားကြီးဟိန်ဟာ စတုတ္ထသခင်မလေးလင်းကိုသဘောကျပြီး အခြားသောမိန်းမချောကလေးတွေရဲ့ တပ်မှူးအဖြစ် ခန့်လိုက်ပြီး သူ့ကို တပ်မှူးချစ်ဖွယ်လို့ အမည်ပေးလိုက်သတဲ့။

စာရေးကြီးများသည် တအံ့တသြဖြင့်

"အလို၊ ဟုတ်လား သခင်ကြီး။ တပ်မှူးနဲ့ ချစ်ဖွယ်ဆိုတဲ့စကားလုံး နှစ်လုံးကို တွဲပေးလိုက်တယ်နော်။ နာမည်ကိုက တော်တော့်ကို စိတ်ကူးယဉ်ပေတာပဲ။ ဒါပေမယ့် ခေါ်လို့လဲကောင်းပြန်ရော။ ကြည့်ရတာတော့ မင်းသားကြီးဟိန်ကိုယ်တိုင်ကိုက တော်တော် စိတ်ကူးယဉ်ပုံရတယ်"

ကျိုချိန်က ပြုံးလိုက်လျက်

"ဟုတ်တာပေါ့။ ဒါပေမယ့် နားထောင်ဦး။ နောက်ကျယင် ဒီထက်တောင် စိတ်ဝင်စားစရာ ကောင်းသေးတယ်"

"ဘယ်လိုများပါလိမ့် သခင်ကြီး"

"နောက်တစ်နှစ်ကျတော့ ခေါင်းပေါင်းဝါသူပုန်နဲ့ မျက်ခုံးနီသူပုန်ကြီး ထပါလေရော။ ဒါနဲ့ အဲဒီသူပုန်တွေကပေါင်းပြီး တိုက်ဟန်းဘောင် အရှေ့ဘက် နယ်ပယ်တွေကို ဝင်တိုက်ကြရောတဲ့။ မင်းသားကြီးဟိန်ဟာ အဲဒီသူပုန်တွေကို မလောက်လေး မလောက်စား သူပုန်တွေလို့ထင်ပြီး တပ်သားအနည်းငယ်နဲ့ သူပုန်တွေကိုသွားတိုက်သတဲ့။ ဒါပေမယ့် သူပုန်တွေက ညာဏ်များတယ် မဟုတ်လား။ သူ့တပ်တွေဟာ တိုက်ပွဲနှစ်ပွဲရှုံးပြီး သူလဲ တိုက်ပွဲမှာကျသွားသတဲ့။ ဒါနဲ့ ပြည်နယ်မြို့တော်မှာကျန်ရစ်ခဲ့တဲ့ ဗိုလ်ချုပ် ဗိုလ်မှူးတွေ၊ မှူးမတ်တွေ စုဝေးတိုင်ပင်ကြသတဲ့။ မင်းသားကြီးကိုယ်တိုင်မှ နှိမ်နင်းလို့မရယင် ဘယ်သူနှိမ်နင်းလို့ ရတော့မလဲလို့

အချင်းချင်း ပြောမိကြသတဲ့။ အားလုံး လက်မြှောက်ချင်နေကြပြီပေါ့ကွာ။ ဒါပေမယ့် စတုတ္ထသခင်မလေးလင်းက ဒီသတင်းကိုကြားတဲ့အခါကျတော့ သူတို့ မိန်းမချောစစ်သည်တွေ စုဝေးပြီး မင်းသားကြီးဟာ သက်ရှိထင်ရှား ရှိခဲ့စဉ်တုန်းက တို့များအပေါ်မှာ အင်မတန် ဂရုစိုက်တယ်။ ဒါကြောင့် ကျေးဇူးဆပ်သင့်တယ်။ ခု မင်းသားကြီးဟာ အရှင့်အမှုတော်ကိုထမ်းရင်း ကျဆုံးသွားပြီ ဖြစ်တဲ့အတွက် ငါလဲ အသေခံပြီး ရန်သူတို့ကိုတိုက်တော့မယ်။ လိုက်ချင်တဲ့သူ လိုက်ခဲ့။ မလိုက်ချင်တဲ့သူလဲ မလိုက်ဘဲနေနိုင်တယ်လို့ ပြောသတဲ့။

"စတုတ္ထသခင်မကလေး လင်းရဲ့ပိုင်းဖြတ်မှုကို မြင်တော့ ကျန်တဲ့ မိန်းမချောကလေးတွေက သူတို့လဲ မနေရစ်ဘူး၊ အတူလိုက်တိုက်မယ်လို့ ပြောပြီး စတုတ္ထသခင်မကလေး ခေါင်းဆောင်တဲ့ မိန်းမချောစစ်သည်တပ်ဟာ သူပုန်တွေရဲ့စခန်းကို ဝင်တိုက်သတဲ့။ သူပုန်တွေဟာလဲ အလစ်အငိုက်မှာ ခံလိုက်ရတဲ့အတွက် ဖရိုဖရဲဖြစ်ပြီး သူပုန်ဗိုလ်တွေ ကျဆုံးကုန်ကြသတဲ့။ သေသေချာချာကြည့်လိုက်တော့ သူတို့ကိုလာတိုက်တဲ့ စစ်သည်တွေဟာ အများကြီးမဟုတ်ဘဲ မိန်းမချောကလေးတစ်သိုက်လောက်သာ ဖြစ်တာကို တွေ့ရတဲ့အခါကျတော့ သူတို့ကလဲ ပြန်တိုက်ကြတာပေါ့။ ဒီတင် အပြင်းအထန် တိုက်ပွဲဖြစ်သွားပြီး စတုတ္ထ သခင်မကလေးရော အခြားစစ်သည်တွေပါ ကျဆုံးကုန်ကြသတဲ့။ ဒီအကြောင်းကို နေပြည်တော်ကို သတင်းပို့လိုက်တဲ့အခါကျတော့ ဘုရင်ဧကရာဇ်နဲ့တကွ ဝင်ကြီးမှူးကြီးများကပါ အံ့အားသင့်ပြီး တပ်တွေကို လွှတ်ပြီး သူပုန်တွေအားလုံးကို အပြီးသတ် ချေမှုန်းလိုက်သတဲ့။ ကျန်တာကတော့ ထားလိုက်ပါတော့ကွာ။ သိပ်မထူးလှပါဘူး။

"ဒီတော့ ခု ငါပြောတဲ့ စတုတ္ထ သခင်မကလေး လင်းရဲ့ ပုံပြင်ကို ကြားရတာ ဘယ်လောက်ကောင်းသလဲ"

"ချီးကျူးဖို့လဲကောင်း၊ အံ့သြဖို့လဲ ကောင်းပေတယ်ခင်ဗျာ။ တော်တော်ကောင်းတဲ့ ပုံပြင်ကလေးပဲ။ စတုတ္ထ သခင်မလေး လင်းအကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ မော်ကွန်း ရေးသင့်ပေတာပေါ့"

"အေး ကောင်းလိုက်လေကွယ်။ စကားပြေနဲ့တော့ သမိုင်းတွေဘာတွေထဲမှာ ပါပြီးပြီကွယ့်။ ချီးမြှောက်သင့်သူများနဲ့ ပတ်သက်လို့ ကျန်နေတဲ့သူများရှိယင် ထပ်မံ ချီးမြှောက်မယ်ဆိုပြီး ရှေးသမိုင်းတွေ၊ မှတ်တမ်းတွေထဲက စာရင်းအင်းဟောင်းများကို ပြန်ရှာမယ်လို့ တစ်နေ့ကတင်ပဲ ဘုန်းတော်ကြီးသောဘုရားရဲ့ အမိန့်တော်ပြန်တမ်း ထွက်လာပါပကော ကွယ့်။ တွေ့လို့ရှိယင် စာရင်းကို ပူဇော်ပွဲသဘင် ကျင်းပရေးအဖွဲ့ကို ပို့ရမယ်။ အဲဒီကမှတစ်ဆင့် ဘုန်းတော်ကြီးသောဘုရားက အတည်ပြုပေးတော်မူမယ်။ ဒါ့ကြောင့် မင်းတို့လဲ ပုံပြင်ကို ကြားပြီးကြပြီ။ ဒီတော့ တပ်မှူးချစ်ဖွယ်ကို ဂုဏ်ပြုတဲ့ကဗျာ တစ်ပုဒ်လောက်တော့ စပ်ကြစမ်းကွယ်ရို့"

စာရေးများသည် ရယ်မောလျက်

"စပ်သင့်တာပေါ့ သခင်ကြီး။ ကျွန်တော်တို့ ခု ဘုန်းတော်ကြီးသော ဘုရားရဲ့ ရွှေလက်ထက်တော်ဟာ တိုင်းသူပြည်သားကို ငဲ့ညှာသနားတဲ့နေရာမှာ ဘယ်လက်ထက်တော်နဲ့မှမတူဘူး။ ဒါ့ကြောင့် ပိုပြီးတောင် စပ်ဆိုသင့်သေးတယ်။ 'ငါတို့အရှင်၏ ရွှေလက်ထက်တော်သည် ဘယ်အရာကိုမျှ ပေါ့ဆမှုလျော့ခြင်းမရှိ' လို့ တန်ခေတ်က ပညာရှင်တွေက ပြောခဲ့ကြတယ်။ ဒီနေ့ ရွှေလက်ထက်တော်ဟာ တန်ခေတ် သုခမိန်တွေ ပြောခဲ့တဲ့ ရွှေလက်ထက်တော်နဲ့ အတူတူပဲခင်ဗျ"

"ဟုတ်ပေတာပေါ့" ဟု ကျီချိန်ကပြော၏။

ထိုသို့ပြောဆိုနေစဉ် ကျိဟုန်နှင့် ကျိလန်တို့လည်း ရောက်လာကြသဖြင့် ထိုအကြောင်းကိုလေ့လာရန် ကျီချိန်က ပြောလေ၏။ သူတို့နှစ်ယောက်သည် ပေါက်ယုကဲ့သို့ပင် စာပေကဗျာ၌ ဝါသနာ ထုံကြသော်လည်း ယခုအကြောင်းအရာမှာ သူတို့စိတ်ဝင်စားသောအကြောင်းအရာ မဟုတ်ချေ။ စာပြန်ပွဲစာများကိုရေးသားရာ၌ ကျိဟုန်နှင့်ကျိလန်တို့သည် ပေါက်ယုထက် အဆများစွာ သာကြသည့်တိုင် ကျမ်းဂန်စာပေဗဟုသုတ အရာဘွင်မူ ပေါက်ယုလောက်နှံ့စပ်ခြင်းမရှိကြချေ။ ထို့ပြင် ပေါက်ယုလောက်လည်း စာစပ်မကောင်းကြချေ။ ထို့ကြောင့် သူတို့စပ်သည့်ကဗျာများသည် အင်္ဂါရှစ်ခုရှိသည့်ဆောင်းပါးစာများကဲ့သို့ ခြောက်သွေ့ကာ ပျင်းစရာကောင်းလျက်ရှိလေ၏။

ပေါက်ယုမှာ သူခမိန့်ဖြစ်ဖို့ ဝါသနာမရှိသည့်တိုင် အထွေထွေဗဟုသုတနှင့်ဉာဏ်အရာတွင် ထက်မြက်သူ ကျယ်ပြန့်သူ တစ်ယောက် ဖြစ်၏။ ရှေးစာပေကျမ်းဂန်များမှာ အမှားအယွင်းတွေ ပါသည့် အတွက် ယင်းတို့ကို အမှန်ဟုယူဆခြင်းမပြုချေ။ နှောင်းလူတို့က ရှေးစာပေတို့ကို မလွန်ဆန်ရဲ၍ ထိုစာပေများအတိုင်း လိုက်နေလျှင် ပျင်းရိငြီးငွေ့စရာကောင်းသည်ဟုလည်း ပေါက်ယု ယူဆလေ၏။ သို့ဖြစ်လေရာ ပေါက်ယုသည် စာစပ်စရာတစ်ခုကိုတွေ့သည်နှင့် တစ်ပိုင်နက် လွယ်သည်ခက်သည်ကို ပမာနမထားတော့ဘဲ ကောက်၍စပ်လိုက်သည်ချည်းသာ ဖြစ်လေ၏။ စကားပြောကောင်းသူ တစ်ယောက်သည် ဘာမဟုတ်သည့် အကြောင်းကလေးတစ်ခုကိုပင် လူနားထောင်ကောင်းအောင် ပြောတတ် သကဲ့သို့ ပေါက်ယုသည်လည်း ဘာမဟုတ်သည့် အကြောင်းကိုပင် ကောက်သာ ငင်ကာ ကဗျာစပ်ဆိုနိုင်သူတစ်ဦးဖြစ်လေ၏။

ယခုအချိန်၌ ကျိချိန်မှာ အသက်သည်း ကြီးလာပြီ ဖြစ်သည့် အလျောက် ကျော်ကြားမှုကိုလည်းကောင်း၊ စည်းစိမ် ဥစ္စာကိုလည်းကောင်း မက်မောခြင်းမရှိတော့ပြီ၊ ကျိချိန်မှာ နဂိုကတည်းကပင်လျှင် အရက်ကလေးသောက်လိုက်၊ ကဗျာကလေးဖတ်လိုက်၊ စာကြောင်းပေကြောင်းကလေးပြောလိုက်ဖြင့် နေလိုသူတစ်ယောက်ဖြစ်လေ၏။သားဖြစ်သူ ပေါက်ယုသည် စာကိုကြိုးစားခြင်းမပြုသော်လည်း ကဗျာစာပေတို့ကို ဝါသနာပါသည့်အလျောက် မိမိတို့ဘိုးဘွားစဉ်ဆက်ရှိခဲ့သည့် စာပေအထုံပါရမီကျန်သေးသည်ဟု ယူဆကာ ဝမ်းမြောက်လျက်ရှိလေ၏။မိမိတို့ဘိုးဘေးများသည် စာပြန်ပွဲများတွင် ရာထူးကြီးများကိုရအောင် ဖြေဆိုနိုင်ခဲ့ကြသော်လည်း ကဗျာစာပေဘွင် ထွန်းထွန်းပေါက်ပေါက် မဖြစ်ခဲ့ကြချေ။ ထို့ကြောင့် ကျိချိန်သည် ပေါက်ယုအား စာပြန်ပွဲဘွင် ဝင်၍ရာထူးရာခံကြီးများကိုရအောင် ကြိုးစားရန် အဘင်းအဓမ္မ တိုက်တွန်းခြင်းမပြုတော့ဘဲ နောက်ပိုင်းတွင်သက်သက်ညာညာ ဆက်ဆံခြင်းပြုလေ၏။ ကျိဟုန်နှင့်ကျိုလန်တို့ကိုလည်း စာပြန်ပွဲများကို ဇလ္လာခိုင်းသည့်တိုင် ပေါက်ယုကဲ့သို့စာပေကဗျာ စသည်တို့တွင် ထူးချွန်စေလိုသောဆန္ဒရှိလေ၏။ထို့ကြောင့် ကဗျာစပ်ခိုင်းတိုင်း ကျိချိန်သည် သူတို့သုံးယောက်

ကိုခေါ်၍ ကဗျာစပ်ခိုင်းတတ်လေ၏။ သို့ရာတွင် ထိုအကြောင်းကို ညှိမျှဖြင့် တော်ဦးမည်။

ကျိချိန်သည် သူတို့သုံးယောက်အား တစ်ယောက်လျှင် တစ်ပုဒ်ကျ စပ်ခိုင်းပြီးလျှင် အလျင်ပြီးသူကို ဆုပေးမည်ဖြစ်ကြောင်း၊ ထိုမျှမက အကောင်းဆုံးကဗျာကိုလည်း ဆုပေးဦးမည်ဖြစ်ကြောင်းဖြင့်ပြောလေ၏။ ကျိဟုန်နှင့် ကျိလန်တို့မှာလည်း ယခင်က ကဗျာရေးခဲ့ဖူးပြီ ဖြစ်သည့် အလျောက် ယခုတစ်ကြိမ်တွင်လည်း ကဗျာရေးနိုင်သည်ဟု သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချထားကြလေ၏။ သူတို့သုံးယောက်သည် တပ်မှူးချစ်ဖွယ်အကြောင်းကိုဖတ်ပြီးနောက် ကဗျာရေးရန် စဉ်းစားကြလေ၏။ မကြာမီ ကျိလန်မှာ ပထမဆုံးပြီးသွားလေ၏။ သူတို့နှစ်ယောက်က သူတို့ကဗျာများကို ရေးကူးနေစဉ် ပေါက်ယုမှာကား မပြီးနိုင်သေးဘဲစဉ်းစားလျက်ရှိလေ၏။ ကျိချိန်နှင့် စာရေးနှစ်ယောက်သည် သူတို့၏ကဗျာများကို ဖတ်လျက်ရှိကြလေ၏။ ကျိလန်၏ကဗျာမှာအောက်ပါအတိုင်းဖြစ်၏။

သခင်မလင်း၊ ပယင်းလိုလှ
စိတ်ကခိုင်ဘိ၊ သံမဏိသို့
မင်းသားဟိန်၏၊ ချစ်ကဇာတိကို
အတိသစ္စာ၊ စောင့်ထိန်းပါ၏။
ထိုသစ္စာကြောင့်၊ သူ့ဇာတိတွင်
ဗုန်တောပင်လျှင်၊ သင်းပျံ့ရှင်၏။

စာရေးတော်များက အားရပါးရဖြင့်
"ဆယ့်သုံးနှစ်ရွယ် သူငယ်ကလေးက ဒီလောက်ရေးနိုင်တာကို ထောက်ယင် ဘိုးဘွားမိဘတွေရဲ့ ဉာဏ်အရှိန်အဝါ ဘယ်လောက် ကြီးတယ်ဆိုတာ သိနိုင်ပါတယ် သခင်ကြီး"

ကျိချိန်က ပြုံးကာ
"စကားလုံးသုံးပုံကတော့ သိပ်မကောင်းသေးဘူးကွယ့်။ ကလေးသာသာပဲရှိသေးတယ်"

ထိုနောက် ကျိဟုန်၏ ရှစ်ကြောင်းပါကဗျာကို ဖတ်ကြပြန်လေ၏။

အလှတင့်မော၊ မိန်းမချောတို့
သောကမရှိ၊ စီးသည့်မျက်ရည်
သုတ်ပြီ သည်နောက်၊ ဓားမြှောက်ခန်းဆီး
မ,တင်ပြီးလျှင်၊ စစ်မြေပြင်သို့
အလျင်အမြန် ထွက်ခဲ့၏။
သူ့အချစ်ကို၊ ပြသလို၍
ထိုထိုရန်ပေါင်း၊ ထောင်းထောင်းညက်ကြေ
သူခွင်းပေ၏။ အသက်သေပြား
သူ့စွမ်းအားကို၊ ကျော်ကြားဂုဏ်ခွင်
မော်ကွန်းတင်အံ့။

"အလို၊ ဒီကဗျာက ပိုကောင်းသေးတယ်ခင်ဗျ၊ သူက အသက် နည်းနည်း ပိုကြီးတော့ ပိုကောင်းတယ် ခေါ်ရမှာပေါ့လေ"

"အင်း၊ တယ်တော့မဆိုးလှပါဘူး။ ဒါပေမယ့် သူလဲ ခံစား ချက် မပါသေးဘူးဗျ"

"ကောင်းပါတယ် သခင်ကြီး။ ဒီအရွယ်က ဒီလောက်ပဲ စပ်နိုင် မှာပေါ့။ ရှေးစာဆိုကြီး ယုန်ဆင့်တို့လို ယုန်ချိတို့လို မဖြစ်လာဘူးလို့ ဘယ်ပြောနိုင်မလဲ"

ကျိချိန်က ရယ်လေ၏။

"မင်းတို့က မြှောက်လွန်းနေပြီကွ။ ဒီကောင်တွေက မကြိုးစား တာက ခက်တယ်" ဟုဆိုကာ ပေါက်ယုအား ကဗျာစပ်၍ ပြီးမပြီး မေး လေ၏။

"သခင်လေးပေါက်ယုကတော့ တော်တော်ကို ကြိုးကြိုးစားစား စပ်နေတာပဲခင်ဗျ။ ပိုပြီးကောင်းမယ်လို့တော့ ထင်တာပဲ"

"အကြောင်းအရာက ရှေးကဗျာဟန်တွေအတိုင်းစပ်လို့မကောင်း ဘူးဗျ။ ပျို့လိုစပ်မှကောင်းမှာ"

စာရေးများသည် မတ်ဘတ်ရပ်ကာ လက်ခုပ်သြဘာ ပေးကြ လေ၏။

"သခင်လေးပေါက်ယုဟာ ကိုယ်ပိုင်ဟန်နဲ့စပ်မယ်လို့ ကျွန်တော် တို့ဘွက်ပြီးသားခင်ဗျ။ ကဗျာစပ်ဖို့အကြောင်းအရာကို တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် ပထမဆုံးစဉ်းစားရမှာက ဘယ်သဏ္ဍာန်နဲ့ စပ်မလဲဆိုတဲ့ ပြဿနာပဲ။ ဒီလိုစဉ်းစားတတ်ပြီဆိုကတည်းက သခင်လေးပေါက်ယုဟာ ကဗျာစပ်ရာမှာ ဝါမငယ်တော့ဘူးဆိုတာ ထင်ရှားနေတယ်။ အပ်ချုပ် သည်များလိုပေါ့ခင်ဗျ။ တစ်ထည်ကို ချုပ်တော့မယ် ဆိုယင် ဝတ်သူ့ရဲ့ အချိုးအစားကို တိုင်းထွာကြည့်ရမယ်မဟုတ်လား။ ခုစပ်မယ့်ကိုစ္စက ချစ် စရာကောင်းတဲ့ တပ်မှူးကလေးတစ်ယောက်အကြောင်း၊ နိဒါန်းတို့၊ အချိုး တို့ပါရဦးမယ်။ ရှေးတုန်းက စာဆိုကြီး ပင်ထိုက်ယွန်စပ်ခဲ့တဲ့ 'အိုးသည် ပျို့' တို့လို၊ ပိုက်ချူယီစပ်တဲ့ 'သောကပျို့' တို့လို ပုံစံမျိုးနဲ့ စပ်မှ ကောင်း မယ်ထင်တယ်။ တစ်ဘက်က ဇာတ်ကြောင်းပါရမယ်။ နောက်တစ်ဘက် က သံစဉ်ချိုရမယ်။ သွက်လဲသွက်ရမယ်။ ဂူဠ္ဌေလဲရရမယ်။ အကြောင်း အရာကောင်းတစ်ခုကိုစပ်တဲ့ကဗျာတစ်ပုဒ်ဟာ အဲဒီအရည်အချင်းကောင်း တွေနဲ့ ပြည့်စုံရလိမ့်မယ်"

ကျိချိန်သည် နှုတ်တံကို ကောက်ယူကာ ကဗျာကို လိုက်ရေးရန် အသင့်ပြင်လိုက်ရင်း ပေါက်ယုကို ပြုံးကြည့်လိုက်ပြီးလျှင်

"ကဲ စပ်ပေတော့။ ငါလိုက်ရေးမယ်။ မကောင်းယင်တော့ ဒီလောက်တောင်အကြွားသန်ဦးဆိုပြီး ခပ်စပ်စပ်ကလေးရိုက်ရမယ်"

ပေါက်ယုက ပထမအကြောင်းကိုစလိုက်၏။

"သေနင်္ဂနှင့်၊ အလှကညာ၊ သူ့ဝါသနာတည့်၊ နှိုင်းယှဉ်ချင့်ချိန်၊ မင်းသားဟိန်ဟု၊ ဂုဏ်သိမ်ကျော်စော...."

ကျိချိန်သည် ခေါင်းကိုယမ်းနေလေ၏။

"စကားလုံးတွေကလွှဲ ထောင့်လိုက်ကြမ်းလိုက်ဘာကွယ်"

"သိပ်တော့မကြမ်းပါဘူးသခင်ကြီး။ ရှေးကသံပိုင်းတွေ၊ မော် ကွန်းတွေ ဒီလိုပဲစပ်ကြတာပဲ"

စာရေးတစ်ယောက်က ပြောလေ၏။

"ကဲ ထားပါဦးလေ။ ဆက်စပ်ပါဦး"

ပေါက်ယုက ဆက်၍စပ်သည်မှာ

ချောမောနွဲ့လျ၊ မိန်းမလှကို
နစ္စဂီတ၊ ဝါဒိတတို့
သင်ပြမပေး၊ ခါးရေးလေးမြား
ပြေးလွှားခုန်ရပ်၊ မြင်းအတတ်နှင့်
ဗျူဟစက္က၊ သေနင်္ဂကို
သင်ကြားပေ၏။

ထိုစာကြောင်းများကို ကျို ချိန် လိုက်ရေးပြီးသော အခါတွင် စာရေးများက

"တတိယအပိုဒ်ကတော့ ရှေးကဗျာထဲကနဲ့လဲတူတယ်။ ခွန်အား လဲရှိတယ်။ ကောင်းပါတယ်။ ပျိုဆိုတဲ့ အဖွဲ့အနွဲ့လိုက်ပါပေတယ်"

"သိပ်လဲ မြှောက်မနေကြနဲ့ဦးကွယ့်။ သူ ဘယ်လိုစပ်မလဲ့ ဆိုတာ စောင့်ကြည့်ရဦးမယ်"

ပေါက်ယုက ဆက်စပ်လေ၏။

ဖွေးဖွေးမှုန်မှုန်၊ သဲဖုန်မရှိ
ထွန်းညှိမီးအိမ်၊ ငြိမ်းထိန်ထိန်တွင်
သွင်ပြင်ခန့်ညား၊ စစ်ယောကျ်ားလျှင်
မားမားရပ်၍နေသတည်း။

ထိုနှစ်ကြောင်းပြီး သည့်အခါ၌ အားလုံးက ဩဘာပေးကြလေ၏။

"ကောင်းလိုက်လေခင်ဗျာ။ ဘငနဲ့နီးစပ်ပါပေတယ်။သခင်လေး ပေါက်ယုကိုယ်တိုင်များ တပ်မှူးချစ်ဖွယ်ကို ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ရ သလားလို့တောင် ထင်ရတယ်။သူ့ရုပ်ကိုမြင်၊ သူ့ရန့်ကိုများရခဲ့သလား မဆိုနိုင်ဘူး။ ဒါကြောင့်မို့ ဒီလောက်ကောင်းတဲ့ စာမျိုးကို စပ်နိုင်တာ ဖြစ်မှာပေါ့"

"ဒါကတော့ဗျာ မိန်းမတွေ ဘယ်လောက်ပဲ စစ်တိုက်တော်တယ် ဆိုပေမယ့် ယောကျ်ားတွေကို ဘယ်မီနိုင်ပါ့မလဲ။ နူးနူးညံ့ညံ့တော့ ဖြစ် နေမှာပေါ့"ဟု ပေါက်ယုကပြောလေ၏။

"ကဲကဲ စကားများမနေနဲ့၊ စပ်မှသာစပ်"

ပေါက်ယုသည် အတန်ကြာစဉ်းစားပြီးနောက် အောက်ပါအတိုင်း စပ်လေ၏။

တိုက်ကြကြေးကြော်၊ စစ်အော်သံတိုင်း
သံလိုင်းချိုမြ၊ သူမ ထွက်သက်
ကရမက်ကို၊ သင်းပြက်ထုံ့ပျံ့လျက်သာရှိပေ၏။

"ဒီနေရာမှာ ကာရန်ပြောင်းသွားပုံကလေးက သိပ်ကောင်းတာ ပဲခင်ဗျ။ ပျော့ပျောင်းသွက်လက်တယ်ဆိုတဲ့သဘောကို ပြနေတယ်။ စာ ကြောင်းကလေးကလဲ လှတယ်"ဟု စာရေးများကပြောလေ၏။

ကျိချိန်က လိုက်၍ရေးလိုက်ပြီးလျှင်

"စာကြောင်းက ဒီလောက်လဲအကောင်းကြီးမဟုတ်ပါဘူးကွယ်။ ခပ်စောစောက 'သင်းမြကိုယ်နံ့' လို့ရေးလာခဲ့ပြီး ခုတော့ 'လူနွေ့ယိုင်၊ မပြိုင်နိုင်တည့်' လို့ပြောထားပြန်တယ်။ တယ်ပြီး ရှေ့နောက် မညီချင်ဘူး"

"ဒီလောက်ရှည်တဲ့ ကဗျာကြီးမှာ ပသာဒဂုဏ်မြောက်တဲ့အလင်္ကာ တွေတော့ လိုမှာပေါ့ ဖေဖျား။ ဒါမှ ဖတ်သူရဲ့စိတ်ထဲမှာ ထင်းခနဲ ပေါ် လာမှာပေါ့"

"မင်းကဗျာက အလင်္ကာတွေချည်းပဲ ရှာကြံသုံးနေယင် စစ်တိုက် တဲ့ စစ်မြေပြင်ကို ဘယ်ရောက်တော့မလဲကွ။ရှည်လျားနေမှာပေါ့။နောက် တစ်ခါလဲ ဒါမျိုးတွေကို လိုက်စပ်ရဦးမယ်ဆိုတော့ စကားလုံး အပိုတွေ သိပ်များနေမယ်"

"ဒီလိုဆိုယင် နောက်တစ်ပုဒ်ကို ဆက်စပ်မယ်လေ"

ကျိချိန်က ပြုံးလိုက်လျက်

"မင်းက ကဗျာမှာ ဘယ်လောက်များ ကျွမ်းကျင်နေလို့လဲ။ ပထမတစ်ပုဒ်မပြီးသေးဘဲနဲ့ နောက်တစ်ပုဒ်ကို ဘယ်နှယ်လုပ်စပ်မလဲ။ တစ်ပုဒ်ကိုကျော်ပြီး နောက်တစ်ပုဒ်ကို သွားစပ်ယင် မဖျို့နိုင်ဘဲနဲ့ အလုပ်ကြီးကြီးသွာ စားသလို ဖြစ်မှာပေါ့"

ပေါက်ယုသည် ခေါင်းကိုငုံကာ စဉ်းစားနေပြီးလျှင် ဆက်၍စပ်လေ၏။

"လှပရင်ဝယ် ပုလဲမသွယ်၊ ဆောင်ဓားလွယ်လျက်...."

"ဒီအတိုင်း စ လို့ ဖြစ်ပါမလား"

စာရေးများက လက်ခုပ်တီးကြလေ၏။

ကျီချိန်ကလိုက်၍ကူးရင်း

"ရပါတယ်ဗျာ ဆက်စပ်ကြည့်ပါဦး"

"ဒီအတိုင်းကြိုက်တယ်ဆိုယင် ကျွန်တော်ဆက်စပ်တော့မယ်နော်။ မကြိုက်သေးဘူးဆိုယင်လဲ နောက်တစ်ပိုဒ်ပြင်စပ်ပေးမယ်"

"စပ်မှာစပ်စမ်းပါကွာ။ နောက်တစ်ခါပြန်စပ်ယင်လဲ ဒီ့ထက်ကောင်းမှာမဟုတ်ပါဘူး။ ကဗျာလေးဒီလောက်ရေးရတာကိုများ ရေးကြီးခွင့်ကျယ်လုပ်လို့"

ပေါက်ယုက စဉ်းစားပြီးဆက်စပ်ပြန်၏။

ညည့်ယံတိုက်ပွဲ၊ အသံစဲသော်
နှမ်းလျော်ခဲ့ပြီ၊ စစ်သည်ပျို့မ
ခေါင်းမှာဝါ၊ ချွတ်ပြီးကာလျှင်
နံ့သာပန်းမွှန်၊ လိမ်းကျံကုန်လျက်။

"အဲဒါနောက်တစ်ပိုဒ်နော်။ ဒါပြီးဘယ်လိုလာဦးမလဲ"

ပေါက်ယုက ဆက်၏။

နောက်တစ်နှစ်တွင်၊ မင်းလှင်မှိုင်းစ
ရွှေရိုးမကို၊ သူပုန်ဗိုလ်ပေါင်း
ကသောင်းကနင်း၊ စီးနင်းတိုက်ခိုက်
အငိုက်ထိုးခုတ်၊ ကျားရဲသုတ်သို့

"အင်း 'ကသောင်းကနင်း၊ စီးနင်းတိုက်ခိုက်' ဆိုတဲ့စကားလုံးကလေးကတော့ လှပါရဲ့"

ပေါက်ယုဆက်စပ်၏။

မင်းသားပျိုလည်း၊ တပ်ဗိုလ်ရဲမက်
ခေါင်းဆောင်လျက်ဖြင့်၊ ရက်ဆက်နေ့စဉ်
တိုက်ပွဲဝင်၏၊ ကောက်ပင်ပျိုးခင်း
လေညင်းဖျန်းပက်၊ ထူလျက်အလံ
တံခွန်ကုက္ကား၊ ကြွားကြွားဝေဝေ
ရေမြေတောတောင်၊ ညိုမှောင်စိမ်းလန်း
စခန်းသာခိုက်၊ နှင်းအလိုက်သို့
ဖြိုက်ဖြိုက်ကျည်ဆန်၊ သွန်ကျပြန်သော်
ရဲမာန်မအို၊ မင်းသားပျိုလည်း
ထိုထိုကျည်ဆန်၊ ထိမှန်ခဲ့ရ
ကျဆုံးရ၏၊ မိုးစ မိုးစက်
အရိုးပုံထက်သို့ ပက်ကျစီးဆင်း
မြက်ခင်းစိမ်းစိမ်း၊ သွေးနီလိမ်းလျက်။

"ကောင်းပါပေတယ်ခင်ဗျာ။ တော်ပါပေတယ်။ အလင်္ကာမှာရော၊ ဇာတ်ကြောင်းပြန်မှာရော၊ စကားလုံးမှာရော ဆိုစရာမရှိပါဘူး။ ပြည့်စုံပါပေတယ်။ စတုတ္ထသခင်မကလေးအကြောင်းကို ဘယ်လိုများဆက်စပ်သလဲ။ ကြည့်ကြဦးစို့"

ပေါက်ယု ဆက်စပ်၏။

တပ်မှူးဘိုသား၊ လူအများတို့
တွားတွားအေးဝေး ထွက်ပြေးကြ၏။
စိမ်းမြကြာခြည်၊ သဥ္စာလိမ္မ
အာဇာနည်မယ်၊ ပေါ်ထွက်ဖွယ်ဟု
ဘယ်သူထင်ကြ၊ ထိုခဏ၌
ချစ်သူပြင်ပြင်၊ လင်းသခင်မ
ဒေါ်သထစ်ချုန်း၊ မိုးသို့ချုန်းလျက်။

"ကောင်းပါ့ပတယ်ဗျာ"

"စကားလုံးတွေများတယ်။ ဟုန်နေပြီ" ဟု ကျိချိန်ကပြော၏။ ပေါက်ယုက ဆက်စပ်၏။

စစ်သူကြီးမ၊ လုပချောမော
ချစ်ဖွယ်သွယ်သပ်၊ သူ့စစ်ဘပ်ကို
ထပ်ထပ်ဝိုင်းစေ၊ ချီတက်စေ၏။
သူ့စစ်တပ်သည်၊ ပန်းဝတ်ပန်းငုံ
မက်မုံပွင့်နှင့်၊ ဆီးတော်ပွင့်ပမာ
လှပပါ၏။ ငွေဇာပြိုးပြက်
ကုန်းနှီးထက်၌၊ စက်စက်မျက်ရည်
စိုရွဲသည်တည့်။ နိုင်၏ ရှုံး၏
မသိသည့်တိုင်၊ ခိုင်ကျည်စိတ်ဓာတ်
ချစ်စိတ်ဓာတ်ဖြင့်၊ သတ်အံ့ရန်သူ
သတိမူ၏။ ရန်သူအင်အား
လွန်များပြား၍၊ ဝါးပင်စိမ်းညို့
မိုးမခသို့၊ လှပနွဲ့နှောင်း
စစ်သူပေါင်းကို၊ ထောင်းထောင်းခြေ၏။
မူးဝေစစ်မြင်း၊ အတင်းနင်းကျော်
ဟီသံအော်လျက်၊ စင်ရော်တောင်မျက်ခုံး
ပါးနီဖုံးသည့်၊ တုံးလုံးလဲကျ
မိန်းမလှစစ်သည်၊ ပန်းကုံးသီသို့
မြေဆီရဲရဲ၊ သွေးရဲရဲတည့်။
ထိုသတင်းကြောင့်၊ မြို့တွင်းမြို့ပြင်
ရှိက်ငင်ငိုကြွေး၊ တပ်မမှူးနှင့်
ဗိုလ်မှူးဗိုလ်ချုပ်၊ အမတ်ချုပ်တို့
ငုတ်တုတ်ထိုင်ထ၊ အရှက်ရလျက်။
မည်သူမျှပင်၊ လှပျိုခင်နှင့်
နှိုင်းယှဉ်မရဲ၊ အရှက်ကွဲလျက်။
စစ်သည်ပျိုမ၊ ထိုအလှကို
ချီးပင့်ကျူးအင်၊ ပေထက်တင်၍
ငါလျှင် ဥဒါန်း ကျူးသတည်း။ ။

ပေါက်ယုစပ်ပြီးသည့်အခါတွင် စာရေးများသည် သူ့ကိုချီးကျူးကာ ကဗျာကို တစ်ယောက်တစ်လှည့်စီ ဖတ်နေကြလေ၏။

ကျိချိန်က ပြုံးကာ

"တချို့စာပိုဒ်တွေကတော့ ကောင်းပါရဲ့။ ဒါပေမယ့် တစ်ခုလုံးအနေနဲ့ ခြုံကြည့်ယင်တော့ ဒီလောက်မကောင်းလှပါဘူး"

ထိုနောက်တွင် ကျိချိန်သည် သူငယ်သုံးယောက်ကို ပြန်လွှတ်လိုက်လေ၏။ ထိုအခါ၌ ပေါက်ယုတို့သုံးယောက်သည် အကျဉ်းကျရာမှ လွတ်လာသူများပမာ မိမိတို့အဆောင်များဆီသို့ ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့ကြလေ၏။

အချိန်တန်သည်နှင့် ထုံးစံအတိုင်း အိပ်ရာထဲသို့ဝင်ကာ အိပ်ပျော်သွားသူများအကြောင်းကို ကျွန်ုပ်တို့ပြောစရာမလိုတော့ပြီ။ သို့ရာတွင် ပေါက်ယုမှာကား ဥယျာဉ်ထဲသို့ပြန်လာ၍ ကန်ဘေးတွင် တဝေဝေ ပွင့်နေသည့် ဗေဒါပန်းတို့ကို မြင်သည့်အခါ၌ ကျင်ဝမ်းက သူသေလျှင် ဗေဒါပန်းစောင့် နတ်သမီး ဖြစ်မည်ဟု အစေတော် သူငယ်မကလေးထံမှ တစ်ဆင့်ကြားရသည့် ကျင်ဝမ်း၏စကားများကို ပေါက်ယုသတိရမိလေ၏။ ပေါက်ယု၏စိတ်သည် ချက်ချင်းလှိုက်လာကာ သက်ပြင်းချရင်း ဗေဒါပွင့်များကို ငေးကြည့်နေမိလေ၏။ သို့ကြည့်ရင်း မိမိသည် ကျင်ဝမ်း၏ အသုဘသို့ သွားမည်ဟု စိတ်ကူးထားသော်လည်း ယခုထိ မရောက်သေးကြောင်းကို သတိရလာလေ၏။ ကျင်ဝမ်းအား ထုံးစံအတိုင်း အများသူငါထုံးစံ အလောင်းစင်အနီးတွင်သွား၍ အမျှအတန်းဝေရသည်ထက် ကျင်ဝမ်းကိုယ်စားပြုရာ ဤဗေဒါပွင့်များရှေ့တွင် အမျှအတန်းဝေရလျှင် ပို၍ဆန်းသစ်သည်၊ ပို၍လေးနက်သည်ဟု ရုတ်တရက် စိတ်ကူးပေါ်၍ လာလေ၏။

ထို့ကြောင့် ပေါက်ယုသည် ဗေဒါပွင့်များကို ဦးညွှတ်ကာ အမျှအတန်းဝေမည့်အပြုတွင် အတွေးတစ်ခုဝင်ရောက်လာပြန်လေ၏။

"ကျင်ဝမ်းအတွက်အမျှအတန်းဝေမယ်ဆိုယင် သာမန်ကာလျှံကာတော့ မလုပ်သင့်ဘူး။ အလေးအနက်လုပ်သင့်တယ်။ ဒီတော့ သူ့ကို လေးစားတဲ့ အနေနဲ့၊ သူ့ အပေါ်မှာ ရိုးသားတဲ့ အနေနဲ့ အဝတ်အစား ကောင်းကောင်းမွန်မွန်လဲပြီး အလေးအနက် အမျှအတန်းဝေသင့်တယ်။

"ဒီလို အမျှအတန်း ဝေရာမှာလဲ တခြား လူတွေ လုပ်သလို ရိုးရိုးတန်းတန်း သာမန်လောက် မလုပ်ချင်ဘူး။ ထူးထူးခြားခြားကလေး လုပ်သင့်တယ်။ ဆန်းလဲဆန်းသစ်ရမယ်၊ ထူးလဲထူးခြားရမယ်။ ဒါမှ ကျင်ဝမ်း အပေါ်မှာ ရိုးသားရာ ရောက်မယ်။ ထုံးစံတွေအရ လုပ်တာမျိုး မဟုတ်ဘဲနဲ့ နတ်တွေ၊ သိကြားတွေ စတဲ့ အဆင့်မြင့်တဲ့ဘုံဘဝမှာ ကျင်လည်တဲ့ ပုဂ္ဂိုလ်များ လုပ်သလို လုပ်ရမယ်။ ငါ့မှာ လူဖွယ်ဝတ္တု အဖိုးတန်တာ မတန်တာက အကြောင်းမဟုတ်ပါဘူး။ 'မြောင်းရေနှင့် ကိုင်းမြက်ကဲ့သို့ အဖိုးမတန်သောအရာတို့ကိုလည်း မင်းညီမင်းသားများ၊ နတ်သိကြားများထံ ဆက်သကောင်းပေ၏။ လူဖွယ်ပစ္စည်း၏ အဖိုးထိုက်ခြင်း မထိုက်ခြင်းသည် အကြောင်းမဟုတ်။ စေတနာရှိခြင်း မရှိခြင်း၊ ကြည်ညိုသဒ္ဓါရှိခြင်း၊ မရှိခြင်းသာလျှင် အဓိကဖြစ်ပေ၏'လို့ ရှေးလူကြီးသူမများ ပြောခဲ့ဖူးသားပဲ။ ဒါက ပထမအချက်။

"နောက်တစ်ချက်၊ ကျင်ဝမ်းအတွက် ငါတောင်းတဲ့ဆုတောင်းနဲ့ ငါရေးတဲ့ တမ်းချင်းဟာ ထူးခြားဆန်းသစ်ရမယ်၊ ခေတ်မီရမယ်၊ ဟိုတုန်းကလို ရှေးစာကြီးတွေ၊ ရှေးပုံစံကြီးတွေ လုပ်နေလို့မဖြစ်ဘူး။ ငါကျတဲ့ မျက်ရည်တွေဟာ သာမန်မျက်ရည်တွေ မဖြစ်သင့်ဘူး။ သွေးပေါက်မျက်ရည်တွေ ဖြစ်သင့်တယ်။ စာလုံးတစ်လုံးတိုင်းဟာ ရှိုက်သံတစ်ခုနဲ့ ညီစေရမယ်။ စာပုဒ်တစ်ပုဒ်တိုင်းဟာ ငိုညည်းသံတစ်သံဖြစ်စေရမယ်။ အမျှအတန်းဝေတဲ့ ဆုတောင်းတွေထက် ကိုယ့်ရင်ထဲက ခံစားချက်တွေကို ပေါ်လွင်စေမယ့်စာသားမျိုးဖြစ်စေရမယ်။ ဒါပေမယ့် ခု ငါ့ကျမှ ဒီလို ဆန်းသစ်တဲ့ အမျှဝေ ဆုတောင်းကို စိတ်ကူးရတာ မဟုတ်ဘူး။ ရှေးတုန်းကတည်းက ရှိခဲ့ကြတာပါ။ ဒါပေမယ့် ခုခေတ်လူတွေကတော့ ဒါတွေကို ခေတ်မစားတော့ဘူး၊ ခေတ်စားတဲ့ ပုံစံအတိုင်း လုပ်ကြမယ်ဆိုပြီး ရာထူးအတွက်၊ ကျော်စောမှုအတွက်၊ လူအထင်ကြီးမှုအတွက် ရှေးထုံးတွေကို

ပယ်နေကြတယ်။ ငါကတော့ ရာထူးကိုလဲစိတ်မဝင်စားဘူး။ ကျော်ကြားမှုကိုလဲ စိတ်မဝင်စားဘူး။ ငါ့ဆုတောင်းစာကို လူတွေ ဖတ်ဘယ်မဖတ်ဘူး ဆိုတာလဲ အကြောင်းမဟုတ်ဘူး။ ဒီတော့ ငါဟာ ရှေးဆုတောင်း စာတမ်းတွေရဲ့ဟန်အတိုင်းလိုက်ရေးရမယ်။ ဘာဖြစ်လို့မရေးရမှာလဲ။ ရှေးတုန်းက 'ကြီးမြင့်သူတို့၏မှာတမ်း' တဲ့၊ 'စိတ်ဝိညာဉ်ကို ဆင့်ခေါ်ခြင်း'၊ 'သောက မှာပုံတော်' စတဲ့ ချူမင်းဆက်ခေတ်က ဆုတောင်းစာတွေ ရှိခဲ့တယ်။ 'ညိုးခြောက်သောသစ်ပင်'၊ 'ပုစ္ဆာထုတ်ချက်များ'၊ 'နွေနှောင်း ရေလျှံခြင်း'၊ 'ကြီးမြင့်သူတို့၏အတ္ထုပ္ပတ္တိများ' စတဲ့ ကျမ်းစာတွေထဲက ရေးနည်းတွေအတိုင်း ငါရေးမယ်။ ကြားထဲမှာ ကဗျာညှပ်ပြီးရေးမယ်။ ဥပမာတွေ၊ အလင်္ကာတွေနဲ့ ငါရေးတတ်သလိုပဲ ရေးတော့မယ်။ ပျော်နေယင် ခပ်မြူးမြူးရေးနိုင်တယ်။ ဝမ်းနည်းနေယင် ငါ့သောကကို မှတ်တမ်းတင်မယ်။ ငါ့စိတ်ထဲမှာ ခံစားနေရတဲ့ ခံစားချက်တွေကို တတ်နိုင်သမျှ ပေါ်လွင်အောင်ရေးမယ်။ ဘာဖြစ်လို့ အနှောင်အဖွဲ့ စည်းမျဉ်း တောင်တွေ အတွင်းကနေပြီး ရေးနေတော့မှာလဲ"

ပေါက်ယုသည် စာကြိုးစားသူတစ်ယောက်မဟုတ်ချေ။ ယခုကဲ့သို့ ကိုးလိုကန့်လန့်အတွေးတွေရှိနေလျှင် ကဗျာကောင်း၊ ဆောင်းပါးကောင်းကို မည်သို့ ရေးနိုင်မည်နည်း။ သို့ရာတွင် ပေါက်ယု ကဗျာရေးခြင်းမှာ အများသူငါတို့၏ ချီးမွမ်းခံရန် မဟုတ်ဘဲ အပျော်ရေးခြင်း၊ ဝါသနာအလျောက် ရေးခြင်းဖြစ်၏။ သို့ဖြင့် သူ့စိတ်ကို ဇက်ဖြေလွှတ်လိုက်သည်နှင့် သူရေးသည့်စာတမ်းသည် ငိုချင်းရှည်ကြီးတစ်ပုဒ် ဖြစ်လာခဲ့လေ၏။ ပေါက်ယုသည် ထိုစာတမ်းရှည်ကြီးကို ကျင်ဝမ်း လက်ဆောင်ပေးခဲ့သည့် ဖြူဖွေးသန့်ရှင်းသော ပိုးလက်ကိုင်ပဝါကြီးပေါ်တွင် ရေးထိုးပြီးလျှင် "ဗေဒါမယ်သို့ တမ်းချင်း"ဟု ခေါင်းစဉ်တပ်ထားလေ၏။ အစတွင် နိဒါန်းရေးထားပြီး အဆုံးတွင် တေးကဗျာဖြင့် အဆုံးသတ်ထားလေ၏။ ညမှောင်၍ လထွက်လာသည့်အခါတွင် ပေါက်ယုသည် အစေတော်တစ်ယောက်ကို စေလွှတ်ကာ ဗေဒါပင်များရှေ့တွင် အထားနိုင်းလေ၏။ ပထမတွင် ပေါက်ယုသည် ဦးညွှတ်ကာ ပန်းကိုင်းများပေါ်တွင် ချိတ်ဆွဲထားပြီးနောက် မျက်ရည်စမ်းစမ်းဖြင့် ကိုယ်တိုင်ရွတ်ဖတ်ခြင်းပြုလေ၏။

ထိုမှာတမ်းကဗျာကို ရွတ်ဆိုပြီးလျှင် ပေါက်ယုသည် ပိုးလက်ကိုင်ပဝါကလေးကို မီးရှို့ပူဇော်လိုက်ပြီးနောက် နှင်းရည်ဖြင့် ကျိထားသည့် လက်ဖက်ရည်ကို လောင်းလိုက်လေ၏။ သို့တိုင်အောင် ပေါက်ယုသည် ထိုနေရာမှမထွက်ခွာနိုင်သေးချေ။ အိမ်ထဲသို့ပြန်ဝင်ရန် အစေတော်လေးက တဖွဖွသတိပေးသည့်အခါတွင်မှ ပေါက်ယုသည် အိမ်ထဲသို့ ဝင်လာခဲ့လေ၏။ အိမ်ထဲသို့ဝင်မည်ပြုစဉ် ကျောက်ဆောင်ကြီးများနောက်မှရယ်သံကို ကြားလိုက်ရသဖြင့် သူတို့နှစ်ယောက်မှာ လန့်ဖျပ်၍ သွားကြလေ၏။

"ခဏနေဦး၊ မပြန်ကြနဲ့ဦး"

လှည့်ကြည့်လိုက်သည့်အခါ၌ ပန်းချုံများကြားမှ လူတစ်ယောက်လာသော သဏ္ဍာန်တစ်ခုကို မြင်လိုက်ရလေ၏။

"အံမယ်လေးတော့ ကယ်ကြပါဦး။ သရဲတော့၊သရဲ။ ကျင်ဝမ်းလာခြောက်တာတော့"

ပေါက်ယုမှာလည်း လန့်ဖျပ်၍ ပြန်ကြည့်လိုက်လေ၏။

သရဲဟုတ်မဟုတ်သိလိုလျှင် နောက်တစ်ခန်းကိုဖတ်ပါလေ။

အခန်း ၄၉

ဆွေ့ဖန်သည် ကြောက်ဖွယ် မိန်းမယုတ် တစ်ဦးကို လက်ထပ်မိသဖြင့် အကြီးအကျယ် နောင်တရခြင်း။

ယင်ချွန်းသည် သစ္စာမဲ့သော ယောကျ်ားယုတ်ကို မှား၍ ယူမိခြင်း

ကျင်ဝမ်းအား အမျှအတန်းဝေပြီးသည့်နောက်၌ ပန်းရုံများကြားမှအသံတစ်သံကို ပေါက်ယုကြားလိုက်ရလေ၏။ ပေါက်ယုသည် အနားသို့ကပ်၍ သေသေချာချာ ကြည့်လိုက်သည့်အခါ ထိုက်ယု ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုက်ယုက မျက်နှာဝင်းထိန်လျက်ဖြင့်

"ငိုချင်းကတော်တော်ဆန်းသစ်တယ်နော်။ရှေးခေတ်က မင်းသမီးစောငိုရဲ့ငိုချင်းနဲ့ တွဲထားဖို့ကောင်းတယ်"

ပေါက်ယုမှာ ရှက်သဖြင့် မျက်နှာတွေနီရဲလျက်ရှိလေပြီ။

"ခါတိုင်းကြားနေကျငိုချင်းတွေက ရိုးနေပြီမဟုတ်လား။ ဒီတော့ မောင်ကလဲ ပုံသဏ္ဌာန်သစ်တစ်ခု ထွင်ကြည့်ရတာပေါ့။ အပျင်းပြေ

စိတ်ကူးတည့်ရာ ရေးထားတာပါ။ မလေး ထိုက်ယု ရှိမှန်း ဘယ်သိမလဲ။ မကောင်းယင် မလေးထိုက်ယုက ပြင်ပေးပေါ့"

"မောင်လေးရဲ့ ကဗျာမူကြမ်းက ဘယ်မှာလဲ။ မလေး အလျင်ဖတ်ကြည့်မယ်လေ။ တစ်ပုဒ်လုံးတော့ မကြားလိုက်ရပါဘူး။ နှစ်ပိုဒ် သုံးပိုဒ်လောက်ပဲ ကြားလိုက်ရတာ"

"ဒီအပိုဒ်က သိပ်မကောင်းလှဘူး၊ ကန့်လန့်ကာနီဆိုတာကလဲ ရိုးနေပြီ။ ဒီပြင်အလင်္ကာတွေ အများကြီးရှိသားနဲ့။ အဲဒါတွေကို သုံးပါလား"

ပေါက်ယုက အကျိုးအကြောင်းကို ရှင်းအပြခိုင်း၏။

"ခုခေတ်မှာ ပန်းနုရောင်ဇာခန်းဆီးတွေကို ပြတင်းပေါက်တွေမှာ တပ်ထားလေ့ရှိတယ် မဟုတ်သား၊ မောင်လေးရဲ့။ 'ဇာစိမ်းပန်းကြွ၊ ပြတင်းဝဋ္ဌ၊ နှမပြာဖူ၊ ရှိလိမ့်ဟူ၍'တို့ ဘာတို့ စပ်ပါလား။ ဆန်းတာပေါ့"

ပေါက်ယုက ဝမ်းသာအားရဖြင့် ခုန်လိုက်လျက်

"ဟာ သိပ်ကောင်းတာပဲ။ မလေးထိုက်ယုမို့ လို ဒီလိုစကားလုံးတွေကို ရတာ။ ဟို ရှေးတုန်းကတည်းက ဒီနေ့ထိသုံးခဲ့တဲ့ အလင်္ကာတွေ၊ ဥပမာတွေကတော့ ပြည့်နေတာပဲ။ ဒီလောက် ပြည့်နေတာတွေကိုတောင် မောင်ပြန်စဉ်းစားလို့မရဘူး။ ခု မလေးထိုက်ယု စပ်လိုက်တာက ဆန်းလဲဆန်းသစ်တယ်။ ကိုယ်ပိုင်လဲဖြစ်တယ်။ အလကား ပါ၊ မောင်ဟာ ကဗျာဆရာ မဖြစ်ထိုက်ပါဘူး။ အလကားပဲ"

ပေါက်ယုသည် တတွတ်တွတ်ရွတ်ဆိုလျက် ရှိလေ၏။ ထိုက်ယုက ရယ်လိုက်လျက်

"ကိစ္စမရှိပါဘူး။ ဇာစိမ်းပန်းကြွ၊ ပြတင်းဝဆိုတာ မလေးထိုက်ယုရဲ့ ပြတင်းဆိုယင် အဲဒါဟာ မောင့်ရဲ့ပြတင်းလဲ ဟုတ်တာပေါ့။ အတူတူပေါ့။ ဘာခြားနားသလဲ။ မလေးနဲ့မောင်တို့ဟာ သူစိမ်းတွေကျနေတာပဲ။ မောင်ပြောပုံက သူစိမ်းဆန်လိုက်တာ။ ရှေးတုန်းက ဆိုယင် သူစိမ်းတွေတောင်မှပဲ မြင်းတစ်ကောင်ကို အတူစီးပြီး သား မွေးအင်္ကျီတစ်ထည်ကို အတူဝတ်ကြသတဲ့။ ပျက်စီးစုတ်ပြတ်သွားယင်လဲ ဗွေမယူကြ

ဘူးတဲ့။ သူတို့တောင် ဒီလိုနေနိုင်ကြသေးတာပဲ၊ မလေးနဲ့မောင်က ဘာဖြစ်လို့ မနေနိုင်ရမှာလဲ။ မလေးနဲ့မောင်ဟာ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ရင်းနှီးနေကြတဲ့သူတွေ မဟုတ်လား"

"ဟုတ်ပါတယ်လေ။ မိတ်ဆွေတွေကြားမှာ မြင်းနဲ့ သားမွေးအင်္ကျီကို မပြောနဲ့၊ ရွှေနဲ့ကျောက်စိမ်းဆိုယင်တောင် မနှမြောသင့်ပါဘူး၊ အမျိုးသမီးတစ်ယောက်ကို နှိမ့်ချဖို့ဆိုတာကတော့ စိတ်ကူးတောင်မထည့်သင့်ဘူးပေါ့။ ပြီးတော့ မောင်တစ်ခုပြောချင်တယ်။ အဲဒီ ကဗျာထဲက 'သခင်'ဆိုတဲ့ စာလုံးနေရာမှာ မလေးထိုက်ယုကိုအစားထိုးထည့်ချင်တယ်။ ပိုပြီးမကောင်းဘူးလား။ ပြီးတော့ မလေးဟာလဲ သူ့အပေါ်မှာ ခင်မင်ရင်းစွဲရှိတယ် မဟုတ်လား။ မလေးပြောတဲ့ ဇာစိမ်းပန်းကြွ၊ ပြတင်းဝမှာ ဆိုတဲ့စကားလုံးကိုတော့ ဖြုတ်မပစ်နိုင်ဘူး။ ဒါဖြုတ်ပစ်ရမယ့်အတူတူ မောင်စပ်ပြီးသားတွေကို ဆွဲဆုတ်ပြီး အဲဒီစကားလုံးနဲ့ကာရန်ကိုက်အောင် အသစ်ပဲ ပြန်စပ်တော့မယ်။ ဥပမာ ဒီလိုပြန်စပ်ယင်ကော"

ဇာစိမ်းပန်းကြွ၊ ပြတင်းဝဋ္ဌ
အလှသခင်၊ လွမ်းရိပ်ဆင်လျက်
ထက်ခွင်မိုးဖုံး၊ ကျစ်မြေကုန်း၌
ဆုံးပါးခဲ့ရ၊ ရုံရွှေလှ၏
ရုပ်အလပ်လျှင်၊ မြေတွင်မြုပ်ထား....။

"ခုစာပိုဒ်က မောင့်ကိုယ်စား မောင့်အနေနဲ့ စပ်တာတော့မဟုတ်တော့ဘူး ပါ့။ မလေးထိုက်ယုရဲ့ အနေနဲ့ စပ်တာမျိုးတော့ ဖြစ်သွားတာပေါ့။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မောင်ကျေနပ်ပါတယ်"

"ဒါပေမယ့် ကျင်ဝမ်းဟာ မလေးရဲ့ အစေတော်မှမဟုတ်တာ။ ဘယ့်နှယ်လုပ် ဒီလိုစပ်လို့ရမလဲ။ ပြီး မောင်စပ်ထားသလို သခင်နဲ့နှမဆိုတဲ့ စကားလုံ နှစ်လုံးကလွဲလို့ လှပါတယ်။ ခုအပိုဒ်ထဲမှာပါတဲ့ မယ်နဲ့မောင်ဆိုတဲ့ စကားလုံးကတော့ နှမဆိုတဲ့ စကားလုံးနဲ့ ဘယ်လိုက်မလဲ။ မလေးရဲ့ အစေတော် ဇူချန်းသေသွားတယ်ဆိုယင်တော့ ဒီလိုစပ်လို့ ကောင်းမလား မဆိုနိုင်ဘူး"

ပေါက်ယုက ရယ်လိုက်၏။

"မလုပ်ပါနဲ့။ မောင်တို့ကဗျာစပ်ချင်တာနဲ့ သူ့ခမျာ အချောင်သေပေးရမယ့်ပုံဖြစ်နေပြီ"

"သိဘူးလေ။ မောင်ကပြီး မလေးကိုယ်စား စပ်ချင်တယ်လို့လာပြောနေတာကိုး"

"ဟုတ်ပါပြီလေ။ ထားပါတော့။ မောင်ပြောတာက ဒီလိုပါ"

ဇာစိမ်းပန်းကြွ၊ ပြတင်းဝမှ
နှမဖြူပြာ၊ မျှော်ချေပါလည်း
ကြမ္မာသေ့ညှိုး၊ ကုသိုလ်ဆုံးခဲ့
ရေသွဲ့ညိုးမြေအောက်၊ သူတစ်ယောက်လည်း
ရောက်ရရှာပြီ၊ ဖြေဆည်ပါနိုင်....

ထိုက်ယုသည် နိမိတ်မကောင်းသော ထိုစကားလုံးများကို ကြားလိုက်သည့်အခါတွင် ရုတ်တရက် မျက်နှာဖြူရော်သွားလေ၏။ သို့ရာတွင် ဣန္ဒြေဆည်ကာ ချက်ချင်းပြုံးလိုက်ပြီး

"ကောင်းသားပဲ။ ဒါပြီးယင်တော့ နောက်ထပ်မပြင်ပါနဲ့တော့ မောင်ရယ်။ ကဲ၊ ဒါတွေထားပြီး လုပ်စရာရှိတာလုပ်ဦး။ မောင့်မေမေက မနက်ဖြန်ကျယင် ဒေါ်လေးဆင့်တို့အိမ်ကို သွားချည်တဲ့။ မောင့်အစ်မတော် ယင်ချွန်းကို မနက်ဖြန်စေ့စပ်ကြတော့မယ်တဲ့။ ဒီတော့ မောင်လဲရှိဖို့ကောင်းတယ်တဲ့"

"သူတို့ကိစ္စကလဲ မြန်လှချည်လား။ မောင်က ကောင်းကောင်းနေမကောင်းဘူး။ ဒီတော့ မနက်ဖြန်မှာ သွားချင်မှ သွားနိုင်မှာ"

"သွားလိုက်ပါ မောင်ရယ်။ မကောင်းပါဘူး။ ဒီလောက်လဲလျစ်လျူရှုဖို့ မသင့်ပါဘူး။ မောင်က ကလေးလေးတစ်ယောက်မှ မဟုတ်တော့တာ"

စကားပြောနေရင်း ထိုက်ယုမှာချောင်းတဟွပ်ဟွပ်ဆိုးလာလေ၏။

"ဒီက လေနည်းနည်းတိုက်တယ်။ လေတိုက်ထဲမှာ ရပ်နေဖို့မကောင်းဘူး။ အဆောင်ကို မြန်မြန်ပြန်တော့လေ မလေး"

"ဟုတ်ဘယ်။ ပြန်ပြီးနားလိုက်ဦးမယ်။ မနက်ဖြန်မှတွေ့ကြဦးစို့"

ထိုက်ယုပြန်သွားသဖြင့် ပေါက်ယုလည်း လှည့်၍ပြန်ခဲ့လေ၏။ သို့ရာတွင် ထိုက်ယုတွင် အဖော်တစ်ယောက်မျှမပါသည်ကို ချက်ချင်းသတိရလိုက်သဖြင့် မိမိနှင့်ပါလာသည့် အစေခံသူငယ်မကလေး တစ်ယောက်ကို သူ့နောက်သို့ လွှတ်လိုက်လေ၏၊ နီဓမာင်းပျော်ဖွယ်ရိပ်သာသို့ရောက်သည့်အခါတွင် ထိုက်ယုပြောသည့်အတိုင်း မနက်ဖြန်မနက်တွင် ဒေါ်လေးဆင့်တို့ အိမ်သို့သွားရန် အခင်မဝမ်က အစေခံတစ်ယောက်ကိုလွှတ်၍ အပြောခိုင်းလိုက်ကြောင်း သိရလေ၏။

ကျိရှဲသည် ဟာတွန်နယ် ဆွန်မိသားစုထဲမှ သားတစ်ယောက်နှင့် ယင်ချွန်းကိုပေးစားရန် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်လေ၏။ သူတို့မိသားစုနှစ်ခုမှာ ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ခင်မင်ရင်းစွဲရှိသည့်မိသားစုများ ဖြစ်ကြသည့်အတွက် သမန်ရှည်ခဲ့ကြသော မိတ်ဆွေဟောင်းကြီးများဟု ဆိုနိုင်ပေ၏။ သူတို့အထဲမှ ဆွန်ရှောက်ဆုခေါ်သည့် သူငယ်တစ်ဦးမှာသည်း နေပြည်တော်တွင် ရာနှုန်အဖြစ် အမှုထမ်းလျက် ရှိလေ၏။ ဆွန်ရှောက်ဆုမှာ အသက်သုံးဆယ်ခန့်မျှသာရှိလျက် ကြီးမားတုတ်ခိုင်သော ကိုယ်ခန္ဓာရှိသူတစ်ယောက်ဖြစ်ပြီးလျှင် သေ မြားအတတ်၊ မြင်းစီးအတတ်တို့တွင် ကျွမ်းကျင်ခဲ့မျှမက အသက်ဘန်းလှသာအသိုက်အဝန်းတွင်အပေါင်းအသင်း ဆန့်သူတစ်ယောက်လည်းဖြစ်လေ၏။ ဆွန်ရှောက်ဆု၏ မိသားစုမှာ ချမ်းသာသေသာမိသားစုဖြစ်ပြီး စစ်ဝန်ကြီးဌာနတွင်နေရာလစ်လပ်လျှင် ပြောင်းရွှေ့ရန် အဆင်သင့်စောင့်ဆိုင်းလျက် ရှိလေ၏။ ဆွန်ရှောက်ဆုမှာ လူလွတ်တစ်ဦးဖြစ်ပြီး မိသားစုချင်းလည်း ခင်မင်ကြသည့်အတွက် ကျိရှဲနှင့် ဒေါ်လေးဆင့်တို့သည် သူတို့သမီးယင်ချွန်းနှင့် လက်ထပ်ရန် သဘောတူခဲ့ကြလေ၏။

ကျိရှဲသည် ထိုအကြောင်းကို မယ်မယ့်အားပြောသည့်အခါ၌ မယ်မယ်မှာ များစွာ ကျေနပ်ပုံမရချေ။ သို့ရာတွင် မိမိ ကန့်ကွက်လျှင်လည်း ရမည် မဟုတ်သည့်ပြင် လူငယ်တို့၏ နှဖူးစာဆိုသည်ကလည်း ရှိသေးသည့်အတွက် မယ်မယ်သည် မည်သို့မျှပြောဆိုခြင်း မပြုတော့ချေ။ ထို့ပြင် ဆုံး

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဖြတ်ချက်မှာ ယင်ချွန်း၏ဖခင်ဖြစ်သူကိုယ်တိုင်က ဆုံးဖြတ်ခြင်း ဖြစ်သည့်အတွက် မိမိအနေဖြင့် ဘာမျှ ပြောစရာသည်းလိုမည် မဟုတ်တော့ချေ။

မယ်မယ်သည် 'ဩော်....ဟုတ်လား' ဟု တစ်ခွန်းမျှသာ ပြောလေသည်။

သို့ရာတွင် ကျိုချိန်မှာကား ဆွန်မိသားစုကို အလွန်မုန်းတီးသူဖြစ်လေ၏။ သူတို့မိသားစုများ ဘိုးဘွားလက်ထက်ကတည်းကစ၍ ရင်းနှီးလာခဲ့သည် ဆိုခြင်းမှာလည်း အခြားကြောင့် မဟုတ်၊ ဆွန်မိသားစုသည် အကြောင်းကိစ္စကြီးငယ်ပေါ်လာလျှင် ကျိုမိသားစု၏ ဩဇာအရှိန်အဝါကို သုံးချင်သည့်အတွက်ဖြစ်ကြောင်း၊ အပေါ်ယံအားဖြင့်သာ ကျိုမိသားစုကို ဆရာသဖွယ် ဆက်ဆံနေသော်လည်း နောက်ကွယ်တွင် သူ့ရည်ရွယ်ချက် နှင့်သူ ရှိကြောင်း ကျိုချိန် ကောင်းစွာ သိလေ၏။ ထို့ အပြင် ဆွန်မိသားစုမှာ စာတတ် ပေတတ်၊ ကျမ်းတတ် ထဲမှ လည်း မဟုတ်ချေ။ ထို့ကြောင့် ကျိုချိန်သည် သူတို့နှစ်ဦးလက်ထပ်ရေး ကိစ္စကို တစ်ကြိမ်နှစ်ကြိမ်ကန့်ကွက်ခဲ့သေးသော်လည်း ကျိုရှဲက သူ့ကန့်ကွက်ချက်ကို အရေးမထားသည့်အခါတွင် မည်သို့မျှမပြောတော့ဘဲ လက်လျှော့လိုက်လေ၏။

ပေါက်ယုမှာ ဆွန်ရှောက်ဆူဆိုသည့်လူကို တစ်ခါမျှမမြင်ဖူးသေးချေ။ ထို့ကြောင့် နောက်တစ်နေ့မနက်၌ ယဉ်ကျေးသမှုအလိုငှာ သူနှင့်တွေ့ရန် ဦးလေးကျိုရှဲနှင့် ဒေါ်လေးဆင့်တို့အိမ်သို့လာခဲ့လေ၏။ ယင်ချွန်းသည် မကြာခင်မှာပင် လက်ထပ်တော့မည်ဖြစ်ကြောင်း၊ လက်ထပ်ပြီးလျှင် ယောကျ်ားနောက်သို့ လိုက်သွားတော့မည် ဖြစ်ကြောင်း၊ သခင်မဆင့်နှင့် အခြားသူများက ယင်ချွန်းအားဉယျာဉ်ထဲမှပြန်ခေါ် နေကြပြီဖြစ်ကြောင်း စသည်တို့ကို ကြားရသည့်အခါ၌ ပေါက်ယုမှာ စိတ်ပျက်သည်ထက် ပျက်လာခဲ့လေပြီ။ ပေါက်ယုသည် မည်သို့လုပ်ရမည်မသိဘဲ ငိုင်လျက်ရှိလေ၏။ ယင်ချွန်းသည် လက်ထပ်ပြီးနောက်တွင် အနေစဝော် လေးယောက်ကိုလည်း ခေါ်သွားမည်ဟုကြားရသည့်အခါ၌ ပေါက်ယုသည် သက်ပြင်းကြီးတစ်ခုကို ချလိုက်ကာ 'အင်း၊ လောကကြီးမှာ သန့်ရှင်း စင်ကြယ်တဲ့ လူငါးဦးလျော့ပြန်ဦးတော့မယ်' ဟု တစ်ကိုယ်တည်းပြောမိလေ၏။

ပေါက်ယုသည် ထိုရက်များအတွင်း၌ အားအားရှိလျှင် လေးညှင်းစကြာကျွန်းတစ်ပိုက်သို့သာသွား၍ နေလေ့ရှိပေ၏။ကျွန်း အနီးရှိအိမ်ငယ်ကလေးမှာ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိပြီး ညစောင့်ကျသည့်မိန်းမကြီးအချို့သာလျှင်ရှိလေ၏။ကျူပင်များ၊ကိုင်းပင်များနှင့်လေးညှင်းစကြာပင်များပင်လျှင် ညှိုး ရော်ခြောက်သွေ့ကာ ရှင်လန်းခြင်းကင်းလျက်ရှိသည်ဟု ပေါက်ယုအောက်မေ့မိလေ၏။ ပေါက်ယုသည် ညှိုးငယ်စရာ ကောင်းသည့် ထိုရှုခင်းကိုမြင်သည့်အခါ၌ ရင်ထဲတွင် ပေါ်ပေါက်လာသည့်ခံစားချက်တို့ကို မျိုသိပ်ခြင်းမပြုနိုင်တော့ဘဲ ကဗျာတစ်ပုဒ်ကိုစပ်၍ဆိုမိလေ၏။

ညဉ့်ဦးယံမှ၊ ကန်၏ရှုခင်း
လေညင်းချမ်းမြ၊ ဆောင်းဦးလဉ်
စိမ်းမြပယင်း၊ သီတင်းအနီ
မပီမသ၊ ကြာပန်းလှနှင့်
ဗေဒါပွင့်တို့၊ လေလွင့်ကြွေမျော
သောကနှင်းစက်၊ ဖိစီးချက်ကြောင့်
ထက်အောက်မျောပါ၊ ဝဲလှည့်ရာသို့
လိုက်ပါတတ်ကြ။
စင်တုရင်သမား၊ ကျားကွက်မရွေ့
တစ်နေ့လုံးဆိတ်၊ ခွေသံတိတ်လျက်။
စစ်တုရင်ခုံနား၊ ပျံလွှားငှက်ချေး
ဖြူဖြူဖွေးလျက်။
ရှေးအတိတ်က၊ လူကြီးသူမ
ရောင်းရင်းလှကို၊ လွမ်းတ သောယောင်
မျှော်ငေးဆောင်သို့၊ ပျခေါင်ဟိုရှေး
ကဗျေးဘဝ၊ ငယ်စဉ်ကပင်၊
ကျွမ်းဝင်နှီးရင်း၊ သူငယ်ချင်းကို
လွမ်းရင်းနှင့်သာ နေတော့သည်။ ။

ပေါက်ယု၏ တေးသံဆုံးသည်နှင့် နောက်မှ ရယ်သံတစ်ခုကိုကြားလိုက်ရလေ၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

“ဘယ့်နှယ်လဲ။ စိတ်တွေလေနေပြန်ပြီလား”

အသံကြားသဖြင့် လှည့်ကြည့်လိုက်သည်အခါ၌ ယဉ်လင်းကိုတွေ့ရလေ၏။ ပေါက်ယုသည် ပုံး၏ သူ့ဘက်သို့လှည့်လိုက်ပြီးလျှင်

“ဟင်၊ ယဉ်လင်း အချိန်မတော်ကြီးမှာ ဉယျာဉ်ထဲ ဘာလာလုပ်နေတာလဲ။ ဉယျာဉ်ထဲမလာတာကြာပြီမဟုတ်လား”

ယဉ်လင်းက လက်ခုပ်တီးလိုက်ကာ

“ဉယျာဉ်ထဲကို ယဉ်လင်းမလာတာက မလာချင်လို့မဟုတ်ပါဘူး သခင်လေးရယ်။ ခု သခင်လေး တို့အစ်ကိုဝမ်းကွဲ ဆွေ့ဖန်က ပြန်ရောက်လာပြီမဟုတ်လား။ ဒီတော့ အလျှင်တုန်းကလို သိပ်မအား တော့ဘူးလေ။ ခုတောင် ယဉ်လင်းတို့သခင်မဲက မလေးငှက်မယ်ကို အရှာခိုင်းလိုက်လို့ ထွက်လာတာ။ အိမ်မှာမရှိဘူး၊ ဉယျာဉ်ထဲကို ထွက်သွားတယ်လို့ ပြောလိုက်လို့ လိုက်ရှာတာ။ဉယျာဉ်ထဲရောက်တော့ သူ့အဓေတော်ဘစ်ယောက်နဲ့တွေ့သို့မေးကြည့်တော့ စပါးချိုတဲဘက်မှာ ရှိတယ်လို့ ပြောတယ်လေ။ ဒါနဲ့ ဒီဘက်ကိုထွက်အလာမှာ သခင်လေးနဲ့တွေ့တာပဲ။ ဒါထက် မာလာကော ခုတစ်လော့မှာ ကျန်းကျန်းမာမာပဲနော်။ ကျင်ဝမ်ကကော ဘာ့ကြောင့်ဆုံးတာပါလိမ့်။ ဘာရောဂါလဲဟင်။ မလေး ယင်ချွန်းကကော ဉယျာဉ်ထဲက ဘာဖြစ်လို့ပြုန်းစားကြီးပြောင်းမယ်လုပ်တာလဲ။ ဉယျာဉ်ထဲကိုကြည့်ရတာ အလျှင်ကလို စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက် မရှိတော့ဘူးနော်။ ခြောက်ကပ်ကပ်ကြီးရယ်”

ပေါက်ယုသည် သူ့မေးခွန်းများကို ခပ်သုတ်သုတ်ဖြေပြီးနောက် သူ့ကိုနီမောင်းပျော်ဖွယ်ရိပ်သာသို့လိုက်၍ လက်ဖက်ရည်သောက်ရန် ဖိတ်လေ၏။

“ခု မအားသေးဘူးသခင်လေး။ မလေးငှက်မယ်ကို လိုက်ရှာပြီး အပြောခိုင်းလိုက်တာ၊ မလေးကိုပြောပြီးမှ လာခဲ့မယ်”

“ဘာကိစ္စမို့လို့ ဒီလောက်အရေးတကြီးဖြစ်နေရတာလဲ”

“အစ်ကိုလေးဆွေ့ဖန်ရဲ့မင်္ဂလာကိစ္စပါ။ ဒါကြောင့် အရေးကြီးနေတာ။ အရေးတကြီးပြောစရာကလေးရှိနေလို့”

“ဒါဖြင့်ယင် နေစမ်းပါဦး။ သတို့သမီးက ဘယ်ဆွေမျိုးထဲကလဲ။ သူတို့အချင်းချင်း စဉ်းစားနေကြတာကတော့ တော်တော်လေးကြာပြီ။ နှစ်ဝက်လောက်တောင်ရှိနေပြီ။ ချန်မျိုးထဲက စဉ်းစားလိုက်၊ လီမျိုးထဲက စဉ် စားလိုက်၊ ဝမ်မျိုးထဲကစဉ်းစားလိုက်နဲ့။ အမျိုးမျိုး စဉ်းစားနေတာပဲ။ ဒီလောက်တောင်ရွေးနေရတာ အဲဒီမိန်းကလေးတွေက ဘာဖြစ်လို့လဲ”

“ခုတော့ ကိစ္စပြတ်သွားပါပြီ။ ဘယ်ဆွေမျိုးထဲကမှ စဉ်းစားစရာ မလိုတော့ပါဘူး”

“ဒါဖြင့် ဘယ်ဆွေမျိုးထဲကတဲ့လဲ”

“အစ်ကိုလေး ဆွေ့ဖန် နောက်ဆုံးအခေါက် အရောင်းအဝယ်ကိစ္စနဲ့သွားတုန်းက သူတို့ဆွေမျိုးတွေဆီကို ဝင်သွားခဲ့တယ်။ ယဉ်လင်းတို့နဲ့လဲ နည်းနည်းပါးပါး ဆွေနီးမျိုးစပ် တော်တယ်ဆိုပါတော့။ သူတို့က ရွှေနန်းတော်ကြီးက အဝယ်တော်အလုပ်လုပ်ကြတယ်။ အချမ်းသာဆုံးဆိုတဲ့ သူကြွယ်တွေထဲမှာပါတာပေါ့လေ။ တစ်နေ့ကတော့ သခင်မအချင်းချင်းပြောကြတော့ သူတို့နဲ့လဲ နှစ်အိမ်ထောင်လုံးနဲ့ဆွေမျိုးတော်တယ်တဲ့။ ရွှေမြို့တော်တစ်ခုလုံးကတော့ သူ့ကို ခွာညိုသျှားလို့ ခေါ်ကြတာပဲ”

“အလို၊ ဘာဖြစ်လို့ ဒီနာမယ်ကို ခေါ်တာတဲ့လဲ”

“သူတို့ဆွေမျိုးစုရဲ့ အမည်က သျှားတဲ့။ စွည်းဆိုတာလဲ ကျိကျိတက်ပဲတဲ့။ သူတို့မှာ တခြားမြေယာတွေ အများကြီးပိုင်တဲ့အပြင် ခွာညိုတွေစိုက်ထားတာကလဲ ကေရာပေါင်းများစွာရှိသတဲ့။ နေပြည်တော်မှာကို ခွာညိုအရောင်းဆိုင်တွေက ဖြည့်နေပြီ။ ရွှေနန်းတော်ကြီးကိုလဲ ပန်တော်ဆက်ရသတဲ့။ ဒါကြောင့် သူတို့ကို ခွာညိုသျှားလို့ တစ်မြို့လုံးကခေါ်ကြတယ်။ ခုတော့ အဘိုးကြီးသျှားကဆုံးရှာပါပြီ။ ဇနီးနဲ့သမီးလေးတစ်ယောက်ပဲကျန်ရစ်ခဲ့တယ်။ သားယောကျ်ားလေးဆိုလို့ တစ်ယောက်မှ မကျန်ရစ်ခဲ့ဘူး။ သူတို့မှာ သားယောကျ်ားလေးမရှိတော့ သားမျိုးဆက်ပြတ်သလို ဖြစ်သွားတာပေါ့လေ”

ပေါက်ယုက

"အဲဒါက ထားပါတော့လေ။ အဲဒီမိန်းကလေးကကော ဘယ်လို နေသလဲ။ ဆွေ့ဖန်နဲ့ ဘယ်လိုတွေ့သွားကြတာလဲ"

"တစ်ကြောင်းကတော့ နဖူးစာပေပေါ့လေ။ နောက်တစ်ကြောင်း ကလဲ 'ကြည့်တတ်သော သူသည် အလှကိုမြင်၏' ဆိုတဲ့စကားလိုပေါ့။ ဟို တုန်းက သူတို့မိသားစုချင်း တရင်းတနှီး ရှိခဲ့ကြသတဲ့။ သူတို့နှစ်ယောက် ကလဲ ကလေးဘဝကတည်းက ကစားဖော်တွေတဲ့။ ဒါနဲ့ နောက်တော့ ကွဲ ကွာသွားကြတာပေါ့လေ။ ကြီး မှပြန်တွေ့ကြတဲ့အခါကျတော့ အဒေါ် သျှားမှာလဲ သားယောကျ်ားလေးမရှိလေတော့ အစ်ကိုလေးဆွေ့ဖန်ကို မြင်တယ်ဆိုယင်ပဲ ရုပ်ရည်ကိုကြည့်ပြီး အဘွားကြီးက တစ်ခါတည်း သဘောကျသွားသတဲ့။ ဒါနဲ့ သူတို့လူငယ်နှစ်ယောက်ကို အဘွားကြီးက တွေ့ပေးတာပေါ့လေ။ ခွာညိုသျှားကလဲ တော်တော်လေးလှသတဲ့။ အိမ် မှာတင် စာသင်လို့ အရေးအဖတ်ကိုလဲ ကောင်းကောင်းတတ်တယ်တဲ့။ အစ်ကိုလေး ဆွေ့ဖန်ကလဲ ချက်ချင်းသဘောကျသွားပြီး အဲဒီမှာတင် တစ်ထိုင်တည်း ဆုံးဖြတ်လိုက်သတဲ့။ ခွာညိုသျှားတို့အိမ်က သုံးလေးရက် တိုင်တိုင် ပွဲတွေ တည်ခင်းကျွေးမွေးသတဲ့။ အစ်ကိုဆွေ့ဖန်တို့ အပေါင် ဆိုင်က အမှုထမ်းတွေကလဲ ပွဲကြီးတွေ တည့်ခင်းကျွေးမွေးသတဲ့။ မပြန် ပါနဲ့ဦး၊ နေပါဦးလို့ အတင်းတားနေသေးသတဲ့။ နောက်ဆုံး မဖြစ်သို့ပါ လို့ အတန်တန်ဘောင်းပန်ပြီး ခရီးဆက်လာခဲ့ကြရသတဲ့။

"အစ်ကိုလေးဆွေ့ဖန်ကတော့ အိမ်ပြန်ရောက်တာနဲ့ တစ်ပိုင်နက် ဘာပြောကောင်းမလဲ၊ ခွာညိုသျှားကို တောင်းပေးဖို့ အိမ်ကိုပူဆာ တော့တာပဲ။ အစ်ကိုလေးဆွေ့ဖန်ကလဲ သဘောကျ၊ လူကြီးချင်းကလဲ ရင်းနှီးပြီးသားတွေဆိုတော့ ဒေါ်လေးဆွေ့ကလဲ သဘောတူလိုက်တာ ပေါ့လေ။ ဒေါ်လေးဆွေ့က သခင်လေး မေမေ သခင်မဝမ်နဲ့ရော မလေး ငှက်မယ်နဲ့ရော တိုင်ပင်ကြီး တစ်ယောက်ကို လွှတ်အစေခိုင်းလိုက်လို့ ဟိုက လဲ သဘောတူလိုက်ပြီ။ မင်္ဂလာဆောင်တော့မှာမို့လို့ ယဉ်လင်းတို့လဲ ဒီနေ့ာက်အလုပ်များနေကြတာပေါ့။ ယဉ်လင်းတို့အဖို့တော့ ခွာညိုသျှား

မြန်မြန်ရောက်လာလေလေ ကောင်းလေပေါ့။ ရောက်လာယင် ယဉ်လင်း တို့မှာ ကဗျာဆရာတစ်ယောက် တိုးတာပေါ့လို့တောင် ပြောမိသေးတယ်"

ပေါက်ယုက စိတ်ပျက်လက်ပျက် ပြုံးလိုက်လေ၏။

"အင်း၊ ဘယ်လိုပဲဖြစ်ဖြစ် မောင်ကတော့ ယဉ်လင်းအတွက်ပဲ ပူ တယ်"

ယဉ်လင်းမျက်နှာမှာ နီရဲသွားလေ၏။

"ဒီလိုလဲမပြောပါနဲ့ သခင်လေးရယ်။ ယဉ်လင်းနဲ့ အစ်ကိုလေးဆွေ့ ဖန်ဟာ တစ်ယောက်ကိုတစ်ယောက် လေးစားမှုနဲ့ ဆက်ဆံနေကြတာပါ။ သခင်လေးက ဒီလိုပြောလိုက်တာကတော့ ဘယ်ကောင်းမလဲ။ ဒါ့ကြောင့် သခင်လေးနဲ့ ရင်းရင်းနှီးနှီးဆက်ဆံတာ မကောင်းဘူးလို့ လူတွေကပြော ကြတာ"

ထိုသို့ပြောဆိုပြီးနောက် ယဉ်လင်းသည် ထွက်သွားလေ၏။ ပေါက် ယုမှာ ဘာမျှမပြောနိုင်ဘဲ ကျန်ရစ်လေ၏။ ပေါက်ယုသည် အတန်ကြာမျှ ငိုင်နေပြီးလျှင် မျက်ရည်တွေဝဲလျက်ဖြင့် စိတ်ပျက် လက်ပျက်ဖြစ်ကာ အဆောင်သို့ပြန်လာခဲ့လေ၏။

ထိုညတွင် ပေါက်ယုမှာ ကယောင်ချောက်ချား အိပ်မက်များကို မြင်မက်မိလေ၏။ တစ်ခါတစ်ရံတွင်လည်း ခြောက်အိပ်မက်များကို မြင်မက် လေ၏။ နောက်တစ်နေ့တွင် ပေါက်ယုမှာ အစာလဲမဝင်တော့ဘဲ အဖျား သွေးဝင်လာလေ၏။ ယင်းမှာ အခြားကြောင့်မဟုတ်၊ ဥယျာဉ်ထဲတွင် အရှာခံရခြင်း၊ စုချိကို နှင်ထုတ်လိုက်ခြင်း၊ ယင်ချွန်းတစ်ယောက် အိမ် ထောင်ပြုခြင်း၊ ကျင်ဝမ်း ကွယ်လွန်ခြင်း စသည့် အကြောင်းများကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်နေသည့်အထဲတွင် အအေးမိကာ အိပ်ရာသို့ ဗုန်းဗုန်းလဲခဲ့ခြင်းဖြစ်လေ၏။

ပေါက်ယုနေထိုင်မကောင်းဟု ကြားသည့်အခါ၌ မယ်မယ်သည် သူကိုယ်တိုင် နေ့စဉ်လာရောက်ကာ သခင်မဝမ်မှာလည်း ကျင်ဝမ်းကိုပြင်း ပြင်းထန်ထန် ဆဲဆိုကြိမ်းမောင်းကာ အိမ်မှ နှင်ထုတ်လိုက်မိသည့်အတွက်

နောင်တရ၍ မဆုံး ဖြစ်လျက်ရှိလေ၏။ သို့ရာတွင် အပြင်ပန်းမှ မပြဘဲ အထိန်းတော်များအား ကောင်းစွာ ကြည့်ရှုရန် မှာကြားခြင်း၊ သမားတော်များကို တစ်နေ့လျှင် နှစ်ကြိမ်ပင့်ဖိတ်၍ ဆေးဝါးများ တိုက်ကျွေးခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိလေ၏။

တစ်လလောက်ကြာသည့်အခါတွင်မှ ပေါက်ယုမှာ ပြန်၍ နာလန်ထလာခဲ့၏။ သမားတော်များက ရက်ပေါင်း တစ်ရာမျှ အနားယူရန်၊ အဆီပါသည့် အစားအစာများကို စားသောက်ခြင်းမပြုရန်နှင့် အဆောင်အပြင်ဘက်သို့ ထွက်ခြင်းမပြုရန် ပြောကြ၏။ ထိုကာလအတွင်း ပေါက်ယုမှာ မိမိအဆောင်၏ ဝင်းဝသို့ပင် သွားခွင့်မရချေ။ အိမ်တွင်းတွင် အောင်း၍သာ အပြင်းဖြေရလေ၏။ ဤနည်းဖြင့် အရက်လေးငါးဆယ်ခန့် နေလာရသည့်အခါတွင်မူ ပေါက်ယုမှာ မခံမရပ်နိုင်အောင် ပျင်းရိငြီးငွေ့လာခဲ့လေပြီ။ ဤအတိုင်း မည်သို့ဆက်၍ နေရပါမည်နည်း။ ထို့ကြောင့် ပေါက်ယုသည် အပြင်သို့ ထွက်ခွင့်ပေးရန် မယ်မယ်နှင့် သခင်မဝမ်ကို ပူဆာသော်လည်း ထွက်ခွင့်မရသည့်အတွက် ပေါက်ယုမှာ ကြိတ်မှိတ်နေရလေ၏။ ဤတွင် ပေါက်ယုသည် အစေတော်ကလေးများနှင့် ကြံဖန်၍ ဆော့လေ၏။

တစ်နေ့တွင် ဆွေဖန်သည် မင်္ဂလာညစ့်ခံပွဲကြီးတစ်ခု ကျင်းပကာ ပြဇာတ်များလည်းပြသည်ဟု ကြားရလေ၏။ ဆွေ့ဖန်၏ဇနီးသည် ခွာညိုသျှားမှာ အလွန်လှပချောမောသည့် မိန်းကလေးတစ်ယောက်ဖြစ်ရုံမျှမက ကဗျာစာပေအရာတွင်လည်း အလွန်ဝါသနာပါသည့် မိန်းကလေး တစ်ယောက်ဖြစ်သည်ဟု ကြားရသည့်အခါ၌ ပေါက်ယုမှာသူ့ကို တွေ့ချင်စိတ် ပြင်းပြလျက် ရှိလေ၏။

နောက်ရက်အတန်ကြာသည့် အခါတွင်လည်း ယင်ချွန်းလက်ထပ်ပြီးသဖြင့် သူ့ယောကျ်ားနောက်သို့ လိုက်တော့မည်ဟု ကြားရပြန်သည့် အခါတွင် ယင်ချွန်းကိုသွား၍ နှုတ်မဆက်နိုင်သဖြင့် ပေါက်ယုမှာ အကြီးအကျယ် စိတ်မကောင်းဖြစ်မိလေ၏။ မိမိနှင့်ယင်ချွန်းတို့ မောင်နှမဝမ်းကွဲ နှစ်ယောက်မှာ ငယ်ငယ်ကတည်းက ကစားဖော်များ ဖြစ်ခဲ့ကြသည့်တိုင်

ယခုကွဲကွာသွားပြီး ပြန်တွေ့သည့်အခါတွင် ယခင်ကကဲ့သို့ ရင်းနှီးသော အခြေအနေသို့ ပြန်၍ရောက်နိုင်တော့မည်မဟုတ်ဟုတွေးကာ သူ့ကို သွားရောက် နှုတ်ဆက်နိုင်ခြင်း မပြုနိုင်သည့်အတွက် ပေါက်ယုမှာ စိတ်တိုလျက်ရှိလေ၏။သို့ရာတွင် မတတ်နိုင်တော့ပြီ။ အစေတော်များနှင့်နောက်ပြောင်ကစားရင်းသာ အချိန်ကုန်ရလေ၏။

နေထိုင်မကောင်းသည့်အတွက် ဖခင်ကြီး၏ ဆူပူကြိမ်းမောင်းခံရခြင်းမှ လွတ်ကင်းကာ စာပေတို့ကို သင်အံရခြင်းမှမူ သက်သာလျက်ရှိလေသည်။ ရက်ပေါင်းတစ်ရာ အတောအတွင်း၌ကား ပေါက်ယုနှင့် အစေတော်များသည် မကြားဖူးသော နောက်ပြောင်ကစားနည်း မျိုးစုံဖြင့် နောက်ပြောင်ကစားကြ၊ ဆူပူသောင်းကျန်းကြလေရာ နီမောင်းပျော်ဖွယ်အဆောင်ကြီးပြုံပျက်မကျရုံတစ်မည်မျှသာ ကျန်လေတော့သည်။ အသေးစိတ်ကိုမူ မပြောတော့ပြီ။

ယဉ်လင်းသည် ပေါက်ယုကို ပြောဆိုပြီးနောက် ပြန်လာခဲ့သည့် နေ့မှစ၍ ပေါက်ယုသည် မိမိအပေါ်တွင် တမင်သက်သက်ရိုင်းပျစွာပြောသည်ဟု ယူဆလိုက်လေပြီ။

"အင်း၊ မလေးပေါက်ကြည်ဟာ သူနဲ့ရင်းရင်းနှီးနှီး မနေရဲဘူးလို့ ပြောတာ ဟုတ်မှာပဲ။ ငါက မလေးပေါက်ကြည်လို ဉာဏ်မှ မရှိဘဲကိုး။ ဒီတော့ သူနဲ့သွားပြီး ရင်းရင်းနှီးနှီး စကားပြောမိပေသပေါ့။ မလေးထိုက်ယုလဲ ဒါကြောင့် သူနဲ့ခဏခဏ ရန်ဖြစ်ပြီး စိတ်ဆိုးတာကိုး။ မလေးထိုက်ယု မခံချင်အောင် ဘာတွေပြောမှန်းမှမသိတာ။ ငါလဲ သူနဲ့ဝေးဝေး နေတာပဲ ကောင်းပါတယ်"

သို့ဖြင့် ယဉ်လင်းသည် နောက်တွင် ဉယျာဉ်ထဲသို့မသွားတော့ချေ။ ယဉ်သင်းမှာ ဆွေဖန်၏မင်္ဂလာဆောင်ကိစ္စအတွက်လည်း နေ့တိုင်း အလုပ်ရှုပ်လျက် ရှိလေ၏။ ဆွေဖန်၏နောက်မိန်းမသည် ဆွေဖန်၏အလုပ်တာဝန်များကို မျှဝေယူကာ အေးအတူပူအမျှ ခံစားကြမည့် မိန်းမတစ်ယောက်ဖြစ်လိမ့်မည်၊ သို့ဆိုလျှင် ဆွေဖန်တစ်ယောက်လည်း အေးဆေးငြိမ်သက်စွာ နေထိုင်တော့မည်ဟု ထင်ခဲ့၏။ ခွာညိုသျှားမှာ စာပေ ကဗျာမှာ ကျွမ်းကျင်နှံ့စပ်ရုံမျှမက ရုပ်လည်းချောမောသည်ဟု ကြားရသည့် အတွက်

ထိုမိန်းကလေးသည် လှပ၍ ယဉ်ကျေးသိမ်မွေ့သည့် မိန်းကလေး တစ်ယောက်ဖြစ်လိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့၏။ သို့ကြောင့် ယဉ်လင်းသည် ခွာညိုသျှာ ရောက်လာမည်ကို ဆွေဖန်ထက်ပင် မျှော်လင့်စောင့်စားလျက် ရှိလေသည်။

နောက်ဆုံး၌ သတို့သမီးရောက်မည့်နေ့သို့ ရောက်လာခဲ့လေပြီ။ ယဉ်လင်းသည် သူ့သခင်မ အသစ်အား ကိုယ်ပိုင်ရင်ဖိ စောင့်ရှောက်ပြုစုလေ၏။

ခွာညိုသျှားမှာ အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိပြီး ရုပ်ချောသည့်ပညာတတ် အမျိုးသမီးကလေးတစ်ယောက် ဖြစ်လေ၏။ လုပ်ရည်ကိုင်ရည်နှင့် လည်ပတ်သည့်နေရာတွင်မူ နတ်ငှက်မယ်နှင့်တူလေ၏။ သို့သော် ခွာညိုသျှား ကံမကောင်းသည့် အချက်တစ်ချက်မူရှိ၏။ ယင်းမှာ အခြားမဟုတ်၊ ခွာညိုသျှား၏ ဖခင်မှာ ခွာညိုသျှား ငယ်ငယ်ကတည်းက ကွယ်လွန်ခဲ့လေရာ မွေးချင်း ဟူ၍ တစ်ယောက်မျှမရှိဘဲ သမီးလေးတစ်ယောက်သာ ရှိသည့်အတွက် ထိုသမီးကို အလိုလိုက်ခဲ့သဖြင့် ခွာညိုသျှားမှာ နွဲ့ဆိုးဆိုးချင်တိုင်း ဆိုးလျက်ရှိလေ၏။ မိခင်က အလိုလိုက်လွန်းသဖြင့် ခွာညိုသျှားမှာ ရှေးခေတ်က လူဆိုးဗိုလ် တော်ချိကဲ့သို့ စရိုက်ဆိုးသွမ်းလေ၏။ သူ့ကိုယ်သူ နတ်သမီးတစ်ပါးကဲ့သို့ အောက်မေ့လျက် ကိုယ့်ကိုယ်ကိုယ်လည်း အလွန်အထင်ကြီးသူတစ်ယောက်ဖြစ်ပြီး အခြားသူများကို ဖုန်မှုန့်လောက်ယူဆကာ အထင်သေးတတ်လေ၏။ ခွာညိုသျှားသည် ရုပ်ဆင်းသဏ္ဌာန်တွင် ပန်းပွင့်ကလေး နှယ် လှပသလောက် အတွင်းစိတ်ထားမှာ ကောက်ကျစ်ဆိုးယုတ်သူ တစ်ယောက်ဖြစ်လေ၏။ အိမ်တွင် ခွာညိုသျှားသည် ဗိုလ်ကျချင်တိုင်းကျကာ အစေတော်များကို ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်နှက်ခြင်းတို့ကိုလည်း ပြုလုပ်တတ်သေး၏။ ယခုအိမ်ထောင်ကျသည့်အခါတွင် ခွာညိုသျှားသည် အိမ်ကြီးရှင် သခင်မအဖြစ် ပြုမူဆက်ဆံရမည်ဟု အထင်ရောက်ကာ မိန်းမငယ်တစ်ယောက်ကဲ့သို့ နူးညံ့ ရှက်ကြောက်ခြင်းမရှိဘဲ အားလုံးကို မောက်မာစွာ ဆက်ဆံလေ့ရှိလေ၏။

ထိုအထဲတွင် ဆွေဖန်မှာလည်း ဉာဏ်နည်းရုံမျှမက မောက်မာဝင့်ကြွားသူတစ်ယောက်ဖြစ်လေရာ ယခုလို ညားကာစ အချိန်ချိုးတွင် ဆွေဖန်ကို ဦးကျိုးအောင်လုပ်လျှင်လုပ်၊ ယခုမလုပ်လျှင် နောင်လုပ်ဖို့ လွယ်တော့မည်မဟုတ် ယူဆကာ ယောကျ်ားအပေါ်တွင်လည်း ဩဇာအာဏာပြတတ်လေ၏။ ထိုအထဲတွင် ယဉ်လင်းဆိုသည့် အမြှောင်မယားကလေးကလည်း ရှိနေပြန်သည်တွင် ခွာညိုသျှားသည် ဆွန်ခေတ် ပထမ ကေရာဇ်က 'ငါနှင့်အတူ မည်သူ့ကိုယှဉ်ပြိုင် အိပ်ခွင့်ပြုရမည်နည်း' ဟု ဆိုကာ မင်းသားထန်ကို သတ်ပစ်သကဲ့သို့ ယဉ်လင်းကိုလည်း ဖယ်ရှားပစ်ရန်စိတ်စောလျက် ရှိလေ၏။

ခွာညိုသျှား၏ မိသားစုသည် ခွာညိုခြံများကို ပိုင်ဆိုင်သဖြင့် သူ့ကို ကျင်ဆွေ (ရွှေခွာညို)ဟု ခေါ်တတ်ကြရာ ခွာညိုသျှားသည် သူ့အိမ်မှ အစေခံများကိုလည်း ထိုစကားနှစ်လုံးကို သုံးစွဲခြင်းမပြုရန် အမိန့်ထုတ်ထားလေ၏။ ထိုစကား သုံးမိသည့် အစေခံကို ပြင်းထန်စွာ ရိုက်နှက်ကာ အပြစ်ဒဏ်ပေးတတ်လေ၏။ ထို့နောက်တွင်မူ ခွာညိုဟူသောစကားလုံးကို သုံးစွဲခြင်းမပြုရဟု အမိန့်ပေးရခြင်းမှာ လွန်စွာခက်ခဲသည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု သဘောပေါက်သွားကာ ခွာညိုပန်းကို အမည်သစ်ပေးရန် ဆုံးဖြတ်လိုက်လေ၏။ ဤတွင် ခွာညိုသျှားသည် ခွာညိုပန်းနှင့် လနတ်သမီးတို့ပုံပြင်ကို အမှတ်ရကာ ခွာညိုပန်းကို 'လနတ်သမီးပန်း' ဟု အမည်ပြောင်းလေ၏။

ဆွေဖန်မှာ အသစ်ကိုမြင်လျှင် အဟောင်းကိုစွန့်သူဖြစ်ပြီး အပြင်ပန်း အားဖြင့် ကြမ်းတမ်းသည်ဟု ထင်ရသည့်တိုင် အတွင်းစိတ်ဓာတ် ပျော့ညံ့သူတစ်ယောက် ဖြစ်လေ၏။ ဆွေဖန်သည် မယားသစ်ကလေးကို အမျိုးမျိုး အလိုလိုက်ကာ အကြိုက်ကိုဆောင်ပေးလေ၏။ ဤအချက်ကို မြင်သည့် ခွာညိုသျှားကလည်း လင်ဖြစ်သူဆွေဖန်ကို တစ်စထက်တစ်စ တင်းကျပ်စွာ ချုပ်ကိုင်ခြင်းပြုလေ၏။ ပထမတစ်လတွင် လင်မယား နှစ်ယောက်မှာ တန်းတူရည်တူ ဆက်ဆံသော်လည်း နောက်နှစ်လကြာသည့်

အခါတွင် ဆွေ့ဖန်မှာအရှုံးပေးလိုက်ရလေပြီ။ တစ်နေ့တွင် ဆွေ့ဖန်သည် အရက်ကလေးထွေထွေဖြင့် အလုပ်ကိစ္စနှင့်ပတ်သက်၍ ခွာညိုသျှားကို တိုင်ပင်ကြည့်လေ၏။ ခွာညိုသျှားက သဘောမတူသည့်အခါ၌ ဆွေ့ဖန်သည် စိတ်ဆိုးကာ ဆူပူမာန်မဲပြီးနောက် ထွက်သွားလေ၏။ ခွာညိုသျှားမှာ အရူးကြီးပမာအော်ဟစ်ငိုယိုပြီးနောက် အစားအသောက်လည်း မစားတော့ဘဲ အိပ်ခန်းထဲတွင်အောင်းကာ နေထိုင်မကောင်းချင်ယောင်ပြုလျက် ရှိလေ၏။ ခွာညိုသျှားကိုလာကြည့်သည့် သမားတော်ကြီးက

"သခင်မလေးသွေးက သိပ်ဆူနေတယ်။ ဒီတော့ သူ့ကို စိတ်ငြိမ်ဆေးကလေးများ တိုက်မှသင့်မယ်"

ဒေါ်လေးဆွေ့ကမူ သူ့သားဖြစ်သူဆွေ့ဖန်ကို ဆူပူကြိမ်းမောင်းလေ၏။

"ငါ့သားက အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေပြီနော်။ တစ်နေ့ကျယင် သားကိုယ်တိုင် ဖခင်တစ်ယောက် ဖြစ်လာတော့မှာ။ ခုထက်ထိ ရူးတုန်း မိုက်တုန်းပဲလား။ ခွာညိုသျှားဟာ နတ်ငှက်ကလေးတစ်ကောင်လို ကြီးပြင်းလာခဲ့ပြီး ပန်းပွင့်လေးတစ်ပွင့်လိုလဲ နူးညံ့တယ်။ သူ့မိသားစုက သူ့ကိုသားနဲ့ပေးစားလိုက်တာဟာ သားကိုလူကြီးလူကောင်းတစ်ယောက်အမှတ်နဲ့ ပေးစားလိုက်တာ။ ခုတော့ သားက ကိုယ့်ကိုယ်ကိုယ်မထိန်းဘူး။ အေးအေးချမ်းချမ်း မနေဘူး။ အရက်မူးပြီး လူဆိုးလူရမ်းကားလို ဆူဆူပူပူလုပ်တာ ဘာကောင်းသလဲ။ ခုတော့ မင်းပဲ စိတ်ညစ်ရပြီ။ နေထိုင်မကောင်းတော့ မင်းပဲပိုက်ဆံကုန်ရတယ် မဟုတ်လား"

ဆွေ့ဖန်မှာ ယခုကဲ့သို့ဆူပူကြိမ်းမောင်းခြင်းခံရလျှင် နောင်တရ၍မဆိုးဖြစ်လျက်ရှိကာ ဇနီးဖြစ်သူ ခွာညိုသျှားကိုချော့မော့ရန် အခန်းတွင်းသို့ဝင်သွားလေ၏။ သို့ရာတွင် ခွာညိုသျှားမှာ ယောက္ခမဖြစ်သူ ဒေါ်လေးဆွေ့ကိုယ်တိုင်က မိမိဘက်မှပါနေသည်ကို တွေ့ရသည့်အခါတွင် ပို၍မောက်မာလာကာ ဆွေ့ဖန်ချော့မော့သည်ကို လက်မခံဘဲ စိတ်ကောက်မြဲကောက်လျက်ရှိလေ၏။ ဆွေ့ဖန်မှာမည်သို့လုပ်ရမည်မသိတော့ဘဲ အသာ

ကုပ်၍ နေရကာ ရက်သတ္တနှစ်ပတ်မျှ ကြာအောင် သူ့ကို ချော့နေရလေ၏။

ထိုနောက်တွင်မူ ဆွေ့ဖန်သည် ခွာညိုသျှားစိတ်မဆိုးအောင်အထူးသတိထား၍နေရလေ၏။ သို့ဖြင့် ဆွေ့ဖန်မှာ မယားကြောက်တစ်ယောက်သို့ လျှောကျသွားလေ၏။ မိမိယောကျ်ားဆွေ့ဖန်သည် အလံဖြူပြနေပြီကိုလည်းကောင်း၊ မိမိ၏ယောက္ခမကြီးမှာလည်း သဘောကောင်းသည်ကိုလည်းကောင်း ကောင်းစွာသိသည့် ခွာညိုသျှားသည် ဆွေ့ဖန် အပေါ်တွင်တစ်စထက်တစ်စတိုး၍ အနိုင်ကျင့်လာခဲ့လေ၏။ ပထမတွင် ခွာညိုသျှားသည် ဆွေ့ဖန်ကိုသာအုပ်စီးထားသော်လည်း နောက်တွင်မူ တဖြည်းဖြည်းဖြင့် ယောက္ခမဖြစ်သည့် ဒေါ်လေးဆွေ့ကိုလည်း အုပ်စီးစပြုလာခဲ့လေပြီ။ ပေါက်ကြည်ကိုလည်းအုပ်စီးစပြုလာခဲ့လေပြီ။ ပေါက်ကြည်သည်ယောက်မဖြစ်သူ ခွာညိုသျှား၏စရိုက်ကို ရောက်စကတည်းက အကဲခတ်ခဲ့မိသည့်အတွက် အရောတဝင်မလုပ်ဘဲ ခပ်တန်းတန်းနေခဲ့၏။ ခွာညိုသျှားသည် ပေါက်ကြည်က မခံမှန်းသိသည့်အခါတွင် ပေါက်ကြည်ကို တစ်နည်းမဟုတ်တစ်နည်း အပြစ်အမျိုးမျိုးရှာလျက် ရှိလေ၏။ သို့ရာတွင် အပြစ်ရှာမရသည့်အဆုံး၌ ခွာညိုသျှားသည် ပေါက်ကြည်နှင့် သင့်မြတ်အောင်နေလေ၏။

တစ်နေ့တွင် အားအားရှိသည်နှင့် ခွာညိုသျှားသည် ယဉ်လင်းနှင့် စကားပြောနေရာမှ ယဉ်လင်း၏ဇာတိရပ်ရွာနှင့်တကွ မိဘဆွေမျိုးများအကြောင်းကိုမေးမြန်းလေ၏။ ယဉ်လင်းက ကောင်းစွာမမှတ်မိတော့ဟု ပြောသည့်အခါတွင် ခွာညိုသျှားသည် အကြီးအကျယ်ဒေါ်ပွကာ တမင်ဖုံးကွယ်ပြောခြင်းဖြစ်သည်ဟုဆို၍ မာန်မဲလေ၏။ ယဉ်လင်းဆိုသည့်အမည်ကို မည်သူပေးသနည်းဟုလည်း မေးမြန်းလေ၏။ ပေါက်ကြည်က ပေးသည့်အမည်မှန်း သိရသည့်အခါ၌ ခွာညိုသျှားသည် ခပ်ပြောင်ပြောင်ပြုံးလိုက်ကာ

"အများကပြောကြတော့ ပေါက်ကြည်ဟာ တယ်ပြီးပညာရှိတယ်ဆို။ နာမည်ပေးတာကျတော့ ပညာရှိပေးတဲ့နာမည်နဲ့လဲ မတူပါကလား"

ယဉ်လင်းက ခပ်ယို့ယို့ပြုံးလိုက်လျက်

"ဒါတော့ အစ်မ သိချင်မှသိမှာပေါ့လေ။ ဒါပေမယ့်သူ့ဦးကြီးကတော့ မလေးပေါက်ကြည်ဟာ ပညာရှိတယ်လို့ ချီးကျူးနေတာပဲ"

ခွာညိုသျှားက မည်သို့ပြောသည်ကို သိလိုလျှင် နောက်တစ်ခန်းကို ဖတ်ပါလေ။

အခန်း ၁၀

ချစ်စရာယဉ်လင်းသည် အလိုရမ္မက်ကြီးသော လင်ယောကျ်ား၏ မတရားရိုက်နှက်ခြင်းကို ခံရခြင်း။

တာအိုကိုရင်ကြီးဝမ်သည် ကောက်ကျစ်သူတစ်ဦးကို ကုသပေးခြင်း။

ခွာညိုသျှားသည် မျက်နှာကိုတစ်ဘက်သို့လှည့်လိုက်ကာ နှုတ်ခမ်းကိုမဲ့လိုက်ပြီးလျှင် လက်ဝါးနှစ်ဖက်ကို ဖြန်းဖြန်းမြည်အောင်တီးလိုက်လျက်

"ကဲဒါဖြင့် ငါသိမသိစမ်းရအောင် မေးကြည့်မယ်။ လေးညှင်းမှာ ဘာနံ့ရှိသလဲ။ ပြောစမ်း။ လေးညှင်းနံ့ကို မွှေးတယ်လို့ ပြောယင်တကယ်မွှေးတဲ့ပန်းတွေကို ဘယ်လိုလုပ်ပြီးပြောတော့မလဲ။ ညည်းနားညည်ကလဲ ဒီအတိုင်းပါပဲ။ ဘာမှအစိပ္ပာယ်မရှိတာ"

ယဉ်လင်းက

"ဒါကတော့ အစ်မရယ်၊ လေးညှင်းမှမပတ်ပါဘူး၊ ကြာရွက်နဲ့ကြာစေ့ဟာလဲ သူ့အနံ့နဲ့သူတော့ရှိတာပဲ။ ဒါပေမယ့် ကြာရွက်ကအနံ့နဲ့ကြာစေ့ကအနံ့ကို ပန်းတွေရဲ့ရနံ့နဲ့တော့ မနှိုင်းယှဉ်သာပေဘူးပေါ့။ လေငြိမ်နေတဲ့ နေ့တစ်နေ့၊ ဒါမှမဟုတ် လေငြိမ်တဲ့ညတစ်ည၊ ဒီလိုမှမဟုတ်သေးယင်လဲ သန်းကောင်ယံနဲ့ အရုဏ်တက်မှာ ကြာရွက်နဲ့ ကြာ

စေ့ရဲ့အနံ့တွေကို ရှူရှိုက်ကြည့်လို့ရှိယင် ပန်းတွေထက်တောင် မွှေးပါ သေးတယ်။ လေပြည်ထဲမှာဖြစ်ဖြစ်၊ နှင်းမှုန်ထဲမှာပဲဖြစ်ဖြစ် လေးညှင်းတို့၊ ကျူရွက်တို့၊ ကိုင်းရွက်တို့ဟာလဲပဲ အနံ့က ချိုမွှေးပြီး စိတ်နှလုံးကို ကြည်လင်စေတာပါပဲ"

"ဒါဖြင့် ညည်းက သစ်ခွတို့၊ ခွာညိုတို့စတဲ့ ပန်းတွေရဲ့ အနံ့ကို မကြိုက်ဘူးလို့ဆိုလိုချင်တာပေါ့"

ဤအခါ ယဉ်လင်းသည် ခွာညိုဟူသော စကားကို မသုံးရဟူသော ပညတ်ချက်ကို မေ့သွားက

"သစ်ခွတို့ ခွာညိုဘို့ရဲ့ ရနံ့ဟာ ထူးခြားတာတော့ မှန်ပါတယ်"

ယဉ်လင်း၏ စကားမဆုံးခင် ခွာညိုသျှား၏ အစေတော်တစ်ဦး ဖြစ်သည့် ကျွဲ့ချန်းက လက်သီးထောင်ပြလိုက်က

"ဘာလဲ သေချင်လို့လား။ သခင်မလေးရဲ့နာမည်ကို ထည့်မပြောရဘူးဆိုတာ မေ့သွားပြီလား"

"မဟုတ်ပါဘူးရှင်၊ မေ့သွားလို့ပါ။ စိတ်မရှိပါနဲ့မလေးရယ်"

ခွာညိုသျှားက ရယ်လိုက်လျက်

"ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ဒီလောက်လဲ မစိုးရိမ်ပါနဲ့။ ညည်း နာမည်မှာ ယဉ်ဆိုတဲ့အဓိပ္ပာယ် ဗ မွှေးတယ်ဆိုတဲ့ အဓိပ္ပာယ်ထွက်တယ်။ ဒီတော့ ညည်းနဲ့မလိုက်ဘူးလို့ထင်တယ်။ ညည်းသဘောတူမယ်ဆိုယင် အဲဒီ စာလုံးကို ပြောင်းပေးချင်တာပဲ။ ဘယ့်နှယ်လဲ"

ယဉ်လင်းက ရယ်လိုက်လျက်

"အိမယ်လေး၊ ဒါများ ပြောနေရသေးသလား သခင်မလေးရယ်။ တကယ်တော့ ကျွန်မဟာ သခင်မလေးပိုင်တာပဲဥစ္စာ။ ဘာတိုင်ပင်နေစရာလိုသေးသလဲ။ ကျွန်မနာမည်ကို သခင်မလေးမကြိုက်ဘူးဆိုယင် သခင်မလေးကြိုက်သလို ပြောင်းနိုင်ပါတယ်။ ကျွန်မအဖို့ သခင်မက နာမည်ပြောင်းပေးတယ်ဆိုတော့ ဂုဏ်တောင်ယူရဦးမယ်။ သခင်မလေး ကြိုက်သလိုပြောင်းပါ။ ရပါတယ်"

"ညည်းသဘောတူမှ ဖြစ်မှာပေါ့။ ညည်းသဘောမတူဘဲပြောင်းတယ်ဆိုယင် ငါ့ကို ငါ့ယောက်မ ပေါက်ကြည်က တွက်ချက်ချင်တွက်နေဦးမှာ။ တကယ်လို့ သူကြိုက်ယင်တော်ပါရဲ့။ မကြိုက်ယင် ရောက်တာမှ နှစ်ရက်တစ်ပိုင်းရှိသေးတယ်၊ ငါလုပ်တဲ့ ဟာတွေက ခြေနဲ့လိုက်ဖျက်နေတယ်လို့ပြောယင်မခက်ပါလား"

"သခင်မလေးသိအောင် ကျွန်မ တစ်ခုတော့ပြောပါ့မယ်။ ကျွန်မကိုဝယ်လာတုန်းက ဒေါ်လေးဆွေ့ကို ပြုစုစောင့်ရှောက်ဖို့ ဝယ်လာတာပါ။ ဒါကြောင့် သခင်လေးဆွေဖန်ကို ပြုစုရမယ်ဆိုတော့ မလေးပေါက်ကြည်နဲ့ မဆိုင်တော့ပါဘူး။ ခုဆိုယင် သခင်မလေးကို ပြုစုနေရပြီဆိုတော့ မလေးပေါက်ကြည်နဲ့ သာတောင်မဆိုင်သလို ဖြစ်သွားပါပြီ။ ပြီးတော့လဲ မလေးပေါက်ကြည်ဟာ နားလည်ခွင့်လွှတ်တတ်တဲ့ မိန်းကလေးတစ်ယောက်ပါ။ စိတ်ဆိုးမှာ မဟုတ်ပါဘူး"

"ဒီလိုဆိုယင် (မွှေးသော) ယဉ်ဆိုတဲ့စာလုံးအစား (နွေနှောင်း) ချူဆိုတဲ့စာလုံးကို ပြောင်းယင် မကောင်းဘူးလား၊ လေးညှင်းပွင့်ဆိုတာ နွေနှောင်းကျမှပွင့်တယ်၊ မွှေးတယ်။ ဒီတော့ ပိုပြီးတိုက်တာပေါ့"

"ဒါတော့ သခင်မကြိုက်သလိုပြောင်းနိုင်ပါတယ်"

ထိုနောက်မှစ၍ ယဉ်လင်း၏အမည်ကို ချူလင်းဟု ပြောင်းလိုက်လေ၏။ ပေါက်ကြည်ကလည်း တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိချေ။

'လုံ့နယ်မြေကိုရလျှင် ရှုနယ်မြေကို လိုချင်ပြန်သည်' ဟူသော စကားပုံရှိရာ ဆွေဖန်သည် ထိုစကားပုံကို ဥဒါဟရုဏ်ဆောင်သကဲ့သို့ ရှိလေ၏။ ဆွေဖန်သည် ခွာညိုသျှားကို ရပြီးသည့်နောက်တွင် သူ့အစေတော်ပေါက်ချန်ကို သဘောကျလျက် ရှိပြန်လေ၏။ ပေါက်ချန်မှာ ချဉ်းကပ်၍ လွယ်ကူသည့်ပြင် ပြီတီတီနိုင်သူတစ်ယောက်လည်း ဖြစ်သည့်အတွက် ဆွေဖန်သည် ပေါက်ချန်အား လက်ဖက်ရည် အပုခိုင်းခြင်း၊ ရေအခပ်ခိုင်းခြင်း စသည့်လုပ်ငန်းကလေးများကို အလုပ်ခိုင်းပြီးနောက် ပလူးပလဲ လုပ်လေ၏။ ပေါက်ချန်မှာ ဆွေဖန်၏ခြေလှမ်းကို ရိပ်မိလိုက်လေပြီ။ သို့ရာတွင် သူ့သခင်မ စိတ်ဆိုးမည်စိုးသဖြင့် ဆွေဖန်၏ အပြုအမူကို အား

ပေး အားမြှောက် ၊လုပ်ရဲချေ။ ခွာညိုသျှားကလည်း သူတို့နှစ်ယောက်
အခြေအနေကို ရိပ်မိလေ၏။

"အင်း၊ ါအမိဖမ်းချင်တာက ဆိုင်ယွန်းကို အမိဖမ်းချင်တာ။
ဒီကောင်မကို အကြောင်းပြချက် တစ်ခုခုရှာပြီးမောင်းထုတ်ရမယ်။ ဒါပေ
မယ့် ခက်တာက အမ်ကကိုယ်တော်ချောကလဲ ပေါက်ချန်ကိုမှ တန်းတန်း
စွဲဖြစ်နေတယ်။ တခုတော့ရှိရဲ၊ ပေါက်ချန်နဲ့ လွတ်ပေးလိုက်ယင် ဆိုင်
ယွန်းအပေါ်မှာတော့ စိတ်ဝင်စားမှု လျော့သွားမှာ အမှန်ပဲ။ ဒီလိုစိတ်
ပြတ်နေတုန်းမှာ ဟိုကောင်မယဉ်လင်းကို အပြတ်ရှင်းပစ်လိုက်မယ်။ ပေါက်
ချန်ကတော့ ကိစ္စမရှိဘူး၊ ငါ့အစေတော်ဆိုတော့ ငယ်နိုင်ပဲ။ သူ့ကိုနောက်
မှ ကြည့်ရှင်းတော့မယ်" ဟု တွေးနေလေ၏။

သို့ဖြင့် ခွာညိုသျှားသည် စိတ်ကို ဆုံးဖြတ်ပြီးနောက် ယဉ်လင်းကို
မောင်းထုတ်ရန် အခွင့်ကောင်းကို စောင့်ဆိုင်းလျက်ရှိလေ၏။

တစ်ညနေ၌ ဆွေ့ဖန်သည် အရက်သောက်ပြီးနောက် ပေါက်ချန်
ကို လက်ဖက်ရည် အသုခိုင်းလိုက်လေ၏။ လက်ဖက်ရည်ကို လှမ်းယူလိုက်
စဉ် ဆွေ့ဖန်သည် ပေါက်ချန်၏လက်တစ်ဖက်ကို ဖမ်းကိုင်ကာ ညှစ်ထား
လေ၏။ ပေါက်ချန်သည် ရှန်းဟန်ဆောင်လိုက်ပြီးနောက် လက်ဖက်ရည်
ပန်းကန်ကို လွှတ်ချလိုက်ရာ ကြမ်းပေါ်သို့ ပန်းကန်ကျကွဲသံနှင့်အတူ သူ့
အဝတ်အစားနှင့် ကြမ်းပြင်တွင် လက်ဖက်ရည်တွေ စွန်းထင်းကုန်လေ၏။
ဤတွင် ဆွေ့ဖန်ကလည်း သူ့အပြုအမူကို ဖုံးကွယ်သည့်အနေဖြင့် ပေါက်
ချန်အား နမော်နမဲ့ ိုင်ရမည်လောဟုမြည်တွန်တောက်တီးခြင်းပြုလေ၏။
"သခင်လေးကမှ ကောင်းကောင်းလှမ်းမယူဘဲကိုး" ဟုပေါက်ချန်
က ပြန်ပြောလေ၏။

ခွာညိုသျှားက လှောင်ပြုံးပြုံးလိုက်ကာ
"သြ၊ နှစ်ယောက်စလုံးကမြင်းကြတာ ဒီကမသိတော့ပဲကိုး။ ဒီကို
များ အအကြီးများအောက်မေ့နေကြသလား မသိဘူး"
ပေါက်ချန်မှာ အခန်းပြင်သို့ထွက်သွားသည်တွင် ဆွေ့ဖန်မှာလည်း
မည်သို့မျှ မပြောသာတော့ဘဲ ရှက်ရှက်ဖြင့်ပြုံးရင်း ခေါင်းကို ငုံ့နေလေ
သည်။

ညပိုင်းအိပ်ချိန်သို့ ရောက်သည့်အခါ၌ ခွာညိုသျှားသည် သူ့
ယောကျ်ားကို အတူအိပ်ခွင့်မပေးဘဲ တစ်နေရာသို့သွားအိပ်ရန် ပြောလေ
သည်။

"သွားပါ၊ ဒီလောက်တောင်စွဲစွဲလမ်းလမ်းဖြစ်နေယင်လဲ ခွာညိုနဲ့
မအိပ်ပါနဲ့။ ကိုယ်ကြိုက်တဲ့နေရာကိုသွားအိပ်ချည်ပါ"

ဆွေ့ဖန်သည် ပါးစပ်ကြီးဖြဲ၍နေရင်းက
"ခွာညို ဘာလိုချင်လို့လဲကွယ်။ လိုချင်တာကိုပြောပါ။ မောင့်ကို
ဒီလိုနှိပ်စက်ဖို့တော့ မကောင်းပါဘူး"

ဆွေ့ဖန်သည် အရက်လည်းမူးနေသည့်အလျောက် မေ့ရာပေါ်
တွင် ဒူးထောက်ထိုင်ကာ တရှုပ်ရှုပ်နမ်းလိုက်ရင်း
"ခွာညိုရယ်၊ ပေါက်ချန်ကို မောင့်ကိုပေးပါကွယ်နော်။ သူ့ကို
ပေးမယ်ဆိုယင် ခွာညိုခိုင်းတာ ဘာမဆို လုပ်ပါ့မယ်။ လူတစ်ယောက်ရဲ့
ဦးနှောက်ကိုလိုချင်တယ်ဆိုယင်လဲ မောင်ရအောင်လုပ်ပေးပါ့မယ်"

"တော်စမ်းပါ၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာပြောမနေစမ်း
ပါနဲ့။ ဘယ်သူ့ကိုသဘောကျသလဲဆိုတာ ရှင်းရှင်းပဲပြောပါ။ ဟိုပြော
ဒီပြော လျှောက်ပြောမနေပါနဲ့။ တည့်တည့်ပဲ ပြောစမ်းပါ။ ခွာညို ရှာ
ပေးမယ်။ ဟိုလူဒီလူပြောတာကိုလဲ မခံနိုင်ဘူး။ ကိုယ်တော်ကြိုက်တဲ့သူကို
ပြောတော်မူပါ"

ဆွေ့ဖန်သည်၊ ခွာညိုသျှား၏စကားကြောင့် များစွာ ဝမ်းမြောက်
ဝမ်းသာဖြစ်ကာ ကျေးဇူးတင်လျက် ထိုနေ့ညတွင် လင်ယောကျ်ား တစ်
ယောက်က မယားတစ်ယောက်အားပေးနိုင်သော ပျော်ရွှင်မှုမျိုးကိုအစွမ်း
ကုန် ကြိုးစား၍ ပေးလေ၏။

နောက်တစ်နေ့တွင် ဆွေ့ဖန်မှာ တကျာ့စိတ်တိုယိုဖိတ်လျက်ရှိခြင်း
ကြောင့် အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်နိုင်တော့ဘဲ အခန်းတွင်းတွင်
အောင်းနေလေ၏။ နေ့လယ်စာ စားပြီးသည့်အခါ၌ ခွာညိုသျှားသည်
သူတို့နှစ်ယောက်ကို ရှောင်ပေးသည့်အနေဖြင့် အပြင်သို့ ထွက်သွားလေ၏။

ဤတွင် ဆွေဖန်သည် ပေါက်ချန်ထံသို့ ရောက်လာကာ တိုကနန်း ဆိတ်ကနန်းလုပ်လေ၏။ ပေါက်ချန်သည် ဆွေဖန်၏ အခြေအနေကို ရိပ်မိသည့်အလျောက် ရှန်းကန်ဟန်ပြုလေ၏။ ဆွေဖန်သည် တစ်ဆင့်တက်ရန် ပြင်လိုက်စဉ် သူတို့နှစ်ယောက်ကို ချောင်းပိတ်ဖမ်းရန် အကွက်ဆိုက်ပြီဟု သိလိုက်သည်နှင့် မိမိ မိဘများထံမှ ခေါ်လာခဲ့သည့် အစေတော် သူငယ်မကလေးတစ်ယောက်ဖြစ်သည့် ရွှေအဲကိုလှမ်းခေါ်လိုက်လေ၏။ ရွှေအဲသည် အမျတွယ်တာစရာမရှိသည့် မိဘမဲ့သူငယ်မကလေးတစ်ယောက်ဖြစ်သည့်အတိုင်း ကြမ်းကြမ်းတမ်းတမ်းလုပ်ရမည့်အလုပ်များကို တာဝန်ခံ၍ လုပ်ကိုင်ရသူဖြစ်လေ၏။ ခွာညိုသျှားသည် နဂိုကကြံတင်စီစဉ်ထားသည့်အတိုင်း ရွှေအဲကိုခေါ်ကာ

"သွား၊ အိမ်ပြန်ပြီး ယဉ်လင်းကို သွားခေါ်ချည်စမ်း။ အခန်းထဲမှာ ငါ့သက်ကိုင်ပဝါ မေ့ကျန်ရစ်ခဲ့လို့ ပေးလိုက်စမ်းလို့ပြော။ ဒီပြင် ဘာဘာညာညာမှမပြောခဲ့နဲ့" ဟု ခိုင်းလိုက်လေ၏။

ရွှေအဲသည် ယဉ်သင်းထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကာ "အစ်မယဉ်သင်းရေ၊ သခင်မလေး အခန်းထဲမှာ လက်ကိုင်ပဝါ မေ့ကျန်ရစ်ခဲ့တယ်။ အဲဒါကိုယူပြီးလာပို့ပါလို့ ပြောလိုက်တယ်" ဟုဆိုလေ၏။ (?) "အဲဒါကိုယူပြီးလာပို့ပါလို့ ပါသား"

ယဉ်သင်းမှာ ယခုတစ်လောတွင် ခွာညိုသျှားက သူ့အပေါ်တွင် မျက်နှာသာမပေးသည့်အလျောက် မျက်နှာသာရရန် အခွင့်ကောင်းကို စောင့်လျက်ရှိလေ၏။ ထို့ကြောင့် ထိုသတင်းကိုကြားသည့်အခါတွင် သူ့သခင်မ၏အခန်းသို့ ခပ်သုတ်သုတ် လာခဲ့လေ၏။ ယဉ်သင်းသည် ဘာမသိဖြင့် အခန်းထဲသို့ ဗြုန်းစားကြီးဝင်လာရာ လုပ်ငန်းဝင်နေသော ဆွေဖန်တို့နှစ်ယောက်ကို တွေ့လိုက်ရလေ၏။ ဤတွင် ယဉ်လင်းလည်း တစ်ချက်နှာလုံး နိုရဲကာ အခန်းထဲမှ ပြေးထွက်လာခဲ့လေ၏။

ဆွေဖန်သည် ထိုအခွင့်အရေးကိုရအောင် ခဲခဲကတ်ကတ် ကြိုးစားခဲ့ရ၏။ ယခုမူ အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ဆိုဘိသို့ ယဉ်လင်းကြောင့် အစ်အစဉ်တွေ အကုန်ပျက်သွားလေရာ ယဉ်လင်းကို အကြီးအကျယ်ဒေါသထွက်လျက် အလိုရှမ့်က်တို့သည် ယဉ်လင်း အပေါ်တွင်

ဒေါသ အစိုင်အခဲကြီး အဖြစ် ပြောင်းလဲ၍သွားလေ၏။ ဆွေဖန်သည် ယဉ်လင်းနောက်သို့ပြေးလိုက်လာကာ တံတွေးဖြင့်ထွေးလိုက်ပြီး

"သောက်ကန်းမ၊ ဒီအခန်းထဲကို ဘာလာလုပ်တာလဲဟင်"

ယဉ်လင်းမှာ ဒုက္ခရောက်တော့မည်ကိုသိဖြင့် ပြန်၍မပြောတော့ဘဲ အတင်းထွက်ပြေးလာခဲ့လေ၏။ ဆွေဖန်သည် အခန်းထဲသို့ ပြန်လာကာ ပေါက်ချန်ကိုရှာသော်လည်း မတွေ့တော့ချေ။ ဤတွင် ယဉ်လင်းကို ပို၍ စိတ်ဆိုးသည်ထက်စိတ်ဆိုးလာပြန်လေ၏။

ထိုနေ့ညနေ ထမင်းစားပြီးချိန်၌ ဆွေဖန်သည် အရက်မူးမူးဖြင့် ရေချိုးမည်ပြုစဉ် ရေနွေးဖြစ်သဖြင့် ခြေထောက်ကို လောင်းမိပြီး အပူလောင်သွားလေ၏။ ဆွေဖန်သည် ယဉ်လင်း နမော်နမဲ့နိုင်၍ ဤသို့ဖြစ်ရသည်ဆိုကာ အဝတ်အစားကိုပင် မဝတ်နိုင်တော့ဘဲ ကိုယ်တုံးလုံးဖြင့်ထွက်လာကာ ယဉ်သင်းကို ရိုက်နှက်ကန်ကျောက်ရန် ပြေးထွက်လာခဲ့လေ၏။ ယဉ်လင်းသည် သူ့တစ်သက်တွင် ဤသို့တစ်ခါမျှ ရက်စက်စွာ ရိုက်နှက်ခြင်းမခံရဖူးချေ။ သို့ရာတွင် မည်သို့မျှမဘတ်နိုင်သည့်အတွက် ကြိတ်မှိတ်၍သာခံရလေ၏။

ထိုအချိန်၌ ခွာညိုသျှားသည် ယဉ်လင်း၏အခန်းတွင် ဆွေဖန်နှင့် အတူအိပ်ရန်၊ ဆွေဖန်၏ အမြှောင်မယားလုပ်ရန် သူ့အစေတော် ပေါက်ချန်ကို တိုးတိုးတိတ်တိတ်မှာထားပြီးဖြစ်လေ၏။ ယဉ်လင်းကိုမူ မိမိနှင့်အတူလာအိပ်ရမည်ဟု ပြောသဖြင့် ယဉ်လင်းက ခပ်ငိုင်ငိုင်လုပ်နေသည့်အခါ၌ မိမိအိပ်ရာသည် ညစ်ပတ်သည့် အိပ်ရာဖြစ်၍လော။ သို့တည်းမဟုတ် ညတွင် ကိုယ့်သခင်မကို စောင့်ရှောက်ပြုစုခြင်း မပြုလို၍လောဟု အမျိုးမျိုးရန်ရှာလျက်ရှိလေ၏။

"ညည်းသခင်တကျာရှူးက မိန်းမမြင်ယင် ငမ်းငမ်းတက်နေတဲ့လူ။ ငါ့အစေခံကောင်မလေး ပေါက်ချန်ကို ဆွဲခေါ်သွားပြီး ငါ့ကို ပြုစုဖို့တော့ အစေတော်တစ်ယောက်မှမပေးဘူး။ ဒါက ဘာသဘောတဲ့လဲ။ ဒါ ငါ့ကို သက်သက် တရိရိညှဉ်းဆဲနေတာ"

ထိုသို့ ပြောဆိုနေသံကို ဆွေဖန်ကြားလျှင် မိမိအား ဆူပူမာန်မဲဦးမည်ကို တွေးမိသဖြင့် ချက်ချင်းပေါက်လာကာ

"ဟဲ့ တိရစ္ဆာန်မ၊ နင် ဒီလောက် ကျေးဇူးကန်းရသလား၊ သွား၊ သူ့အခန်းမှာ ညစောင့်ပြီးပြုစုချည်။ နို့မဟုတ်ယင် နင့်ကို ငါရိုက်သတ်မိလိမ့်မယ်" ဟု ယဉ်လင်းကိုလာ၍ မာန်မဲလေ၏။

သို့ဖြင့် ယဉ်လင်းအဖို့ အိပ်ရာလိပ်ကလေးကို သယ်ကာ ခွာညိုသျှား၏အခန်းသို့ သွားအိပ်ရန်မှတစ်ပါး အခြားလမ်းမရှိတော့ချေ။ ခွာညိုသျှားက ကြမ်းပေါ်တွင် အိပ်ရန် ပြောသည့်အခါတွင်လည်း သူခိုင်းသည့်အတိုင်းပင် အိပ်ရလေ၏။ သို့ရာတွင် အိပ်ရာပေါ်သို့လှဲအိပ်လိုက်ပြီး မကြာမီတွင် ခွာညိုသျှားက လက်ဖက်ရည် သောက်ချင်သည်ဆို၍ လက်ဖက်ရည်ငှဲ့ပေးရလေ၏။ တစ်ဖန် ခြေသလုံးကို အနှိပ်ခိုင်းပြန်သဖြင့် နှိပ်နေရ၏။ တစ်ဖန် အိပ်ရာမှနိုးကာ ခြေသလုံးကို အနှိပ်ခိုင်းပြန်သဖြင့် လေးငါးရှစ်ကြိမ်ထက်မနည်း နှိပ်ပေးနေရသည်တွင် ယဉ်လင်းမှာတစ်ညလုံး အိပ်မရတော့ပြီ။

ထိုအချိန်၌ ဆွေ့ဖန်မှာ ရတနာ တစ်ပါးသဖွယ် လိုချင်မက်မောတောင့်တလျက် ရှိသည့် ပေါက်ချန်ကို လက်ဝယ်ပိုင်ပိုင် ရရှိသည့်ဖြစ်သည့်အတွက် မည်သူ့ကိုမျှ ဂရုမထားနိုင်တော့ပဲမွန်းလျက်ရှိလေရာ ခွာညိုသျှားသည် သူ့လင်၏အဖြစ်ကို ကြည့်၍ စက်ဆုပ် ရွံရှာလျက်ရှိလေ၏။

"အင်း ခုတလောတော့ သောင်းကျန်းနှင့်ဦးပေါ့ ဆွေ့ဖန်ရယ်။ တစ်နေ့ကျ မိခွာညိုတို့ဆီ ပြန်ရောက်တော့ သိကြသေးတာပေါ့။ အဲဒီတော့မှ ဘာဘာညာညာမပြောနဲ့" ဟု ကျိတ်၍ ပြောနေလေမိ၏။

ထိုအတောအတွင်း၌ ခွာညိုသျှားသည် မိမိ၏ အမျက်ဒေါသကို မျိုသိပ်ကာ ယဉ်လင်းကိုသာနှိပ်စက်ညှဉ်းဆဲလျက်ရှိလေ၏။ ရက်သတ္တ နှစ်ပတ်မျှ ကြာသွားသည့်အခါ၌ ခွာညိုသျှားသည် ရုတ်တရက် နေထိုင်မကောင်းဖြစ်ဟန်ဆောင်ကာ ရင်ထဲကအောင့်လှချည့်၊ ခြေတွေလက်တွေ မလှုပ်နိုင်ဖြစ်ကာ သေရချည့်ဟု ညည်းညူလျက် ရှိလေ၏။ သမားတော်များကိုပင့်ခေါ်၍ကုသော်လည်း မည်သူမျှ ပျောက်ကင်းအောင် ကုသနိုင်စွမ်း မရှိချေ။ ဤသို့ဖြစ်ရခြင်းမှာ ယဉ်လင်းအပေါ် ဒေါသထွက်လွန်းသည့်အတွက်ဖြစ်သည်ဟု တစ်အိမ်လုံးက ပြောကြလေ၏။

တစ်နေ့တွင် ခွာညိုသျှား၏ခေါင်းအုံးထဲမှ သူ့မွေးနေ့နှင့်ဇာတာခွင် ရေးထားသည့် စက္ကူရုပ်ကလေးတစ်ရုပ် ကျလာသဖြင့် ကောက်၍

ကြည့်လိုက်ရာ ထိုစက္ကူရုပ်ပေါ်တွင် အပ်ငါးချောင်း စိုက်ထားသည်ကို တွေ့ရလေ၏။ တစ်ချောင်းမှာ ရင်ဝတွင်စိုက်ထားပြီး ကျန်လေးချောင်းကို ခြေနှစ်ဖက် လက်နှစ်ဖက်နေရာတွင် တစ်ချောင်းစီ စိုက်ထားသည်ကို တွေ့ရလေ၏။ ထိုအင်းရုပ်ကိုတွေ့သည့်အခါ၌ အစေတော်များကြားတွင် ပွက်လောရိုက်သွားကာ ထိုအကြောင်းကို ဒေါ်လေးဆွေ့သို့ သွား၍ တိုင်ကြလေ၏။ ဒေါ်လေးဆွေ့မှာလည်း အလန့်တကြား ဖြစ်လျက် ရှိလေ၏။ ဆွေ့ဖန်ကား ခေါင်းထက်စိတ်ဆိုးလျက်ရှိကာ အစေတော်များအားလုံးကို ရိုက်နှက်၍စစ်မည်တကဲကဲလုပ်လျက် ရှိလေ၏။

"မလုပ်ပါနဲ့မောင်ရယ်။ အပြစ်မရှိတဲ့လူတွေ အရိုက်ခံရယင် ဘယ်ကောင်းပါ့မလဲ။ ကြည့်ရတာတော့ ခွာညို့ရဲ့အစေတော် ပေါက်ချန်ဆိုတဲ့ ကောင်မ့ရဲ့လက်ချက်ဖြစ်မှာပဲ"

"မဖြစ်နိုင်တာပဲကွာ။ ခုတလောမှာ မင်းအခန်းထဲကို သူမှ မဝင်တာပဲ။ အပြစ်မရှိတဲ့သူတစ်ယောက်ကို မစွပ်စွဲကောင်းပါဘူး"

ခွာညိုသျှားသည် လှောင်ပြုံးပြုံးလိုက်ကာ

"သူမဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲရှင့်။ ဘာလဲ၊ ခွာညိုကိုယ်တိုင် မြှုပ်ထားတဲ့အင်းလို့ ဆိုချင်တာပေါ့။ ခွာညို့အခန်းထဲကို ဘယ်သူဝင်ရဲလို့လဲ"

"ယဉ်လင်း သိချင်သိမှာပေါ့။ ခုတလောမှာ သူပဲ မင်းအခန်းထဲမှာ လာလာပြီးအိပ်နေရတယ် မဟုတ်လား။ ဒီလိုဆိုယင် ဒီကောင်မကို ရိုက်စစ်မယ်။ သူသိမှာပဲ"

"အံမယ်လေး၊ ရှင့်ဘာသာရှင် ဘယ်သူ့ရိုက်ရိုက်၊ ရိုက်ချင်တဲ့သူရိုက်၊ တကယ်လုပ်တဲ့လူက ဖော်မတဲ့လား။ ကဲကဲ ခွာညို့စကားကို နားထောင်ပါ။ မောင့်အနေနဲ့ ဘာမှမသိချင်ယောင်ဆောင်နေလိုက်။ မေ့မေ့ပျောက်ပျောက်သာနေလိုက်။ ခွာညိုသေသွားယင်လဲ မောင့်အဖို့ အရေးမကြီးပါဘူး။ ဒီထက်သာတဲ့တစ်ယောက်ကို ယူချင်နေတာမဟုတ်လား။ ဒီကကောင်မကလဲ သိပါတယ်ရှင်။ ရှင်တို့သုံးယောက်စလုံးက ဒီကောင်မကို သေစေချင်နေကြတာပါ"

ခွာညိုသျှားသည် တဟင့်ဟင့်ငိုရှိုက်လျက် ရှိလေ၏။

ခွာညိုသျှား၏ အထေ့အငေါ့ စကားများကို ကြားသည့်အခါတွင် ဆွေ့ဖန်သည် အကြီးအကျယ် စိတ်ဆိုးကာ တံခါးမင်းတုပ်ကြီးကိုကိုင်လျက် ယဉ်လင်းဆီသို့ ပြေးလာလေ၏။ အနီးသို့ရောက်လျှင် ယဉ်လင်းအား ဖြေရှင်းခွင့်မပေးတော့ဘဲ အင်းမြုပ်သည့်ကိစ္စသည် ယဉ်လင်း၏လက်ချက်ဖြစ်သည်ဆိုကာ မင်းတုပ်ကြီးဖြင့်ရိုက်လေ၏။ ယဉ်လင်းက မိမိဘာမျှ မသိရကြောင်းဖြင့်ပြောသည့်အတွက် ဒေါ်လေးဆွေ့လည်း မနေသာတော့ဘဲ သားထံသို့ပြေးလာခဲ့လေ၏။

“ဟဲ့ ဟဲ့၊ မစစ်မဆေး မမေးမမြန်းဘဲနဲ့ ဘယ့်နှယ်အရမ်းလုပ်ရတာလဲ။ ဒီကောင်မလေးဟာ မင်းကို ပြုစုစောင့်ရှောက်လာတာ သုံးနှစ်သုံးမိုးရှိပြီ၊ ဘာများပျက်ကွက်ခဲ့ဖူးလို့လဲ။ ကိုယ့်အပေါ်မှာ ဒီလောက်သစ္စာရှိတဲ့ကောင်မကလေးက ဒီလိုယုတ်ယုတ်မာမာကြံစည်ပါ့မလားကွယ်။ သေသေချာချာများ စုံစမ်းပါဦး”

ဤသို့ ဆွေ့ဖန်သည် အမေ၏စကားကို နားယောင်သွားမည်စိုးသည့်အတွက် ခွာညိုသျှားက ငိုယိုလျက်

“ရှင် ကျွန်မအခန်းကို မလာတာ နှစ်ပတ်ကျော်သွားပါပြီနော်။ ရှင်ပဲ လက်ဝါးကြီးပေါက်ချန်ကိုလဲ ကျွန်မအခန်းကို မသွားရဘူးဆိုပြီး ရှင်ပဲ လက်ဝါးကြီးအုပ်ထားတယ် မဟုတ်သား။ ကျွန်မမှာ ယဉ်လင်းနဲ့ပဲအိပ်ခဲ့ရတာ မဟုတ်လား။ ခု ကျွန်မက ပေါက်ချန်ကို မေးကြည့်မယ်ဆိုတော့လဲ မမေးရဘူးတဲ့၊ ခုတော့ စိတ်ဆိုးဆိုးရှိတိုင်း ယဉ်လင်းကိုပဲ မရိုက်နေတာပေါ့လေ။ သူ့ကိုရိုက်မနေပါနဲ့၊ ကျွန်မကိုပဲသတ်ပါ၊ ခွာညိုကိုပဲသတ်ပါ။ ဒီကကောင်မကိုပဲ အသေသတ်လှည့်ပါ။ ဒီကကောင်မ မရှိတော့မှ ဥစ္စာပေါ၊ ရုပ်ချောမိန်းမတစ်ယောက်ကို ရှာယူပါ။ ခုလိုတော့ ဟိုလူနှိပ်စက် ဒီလူနှိပ်စက်လုပ်မနေပါနဲ့”

ထိုစကားကိုကြားရသည့်အခါ၌ ဆွေ့ဖန်မှာ စောစောကထက်ပင် စိတ်ရိုင်းတို့ ဝင်လာခဲ့လေပြီ။

သားဖြစ်သူ ဆွေ့ဖန်အား ချွေးမဖြစ်သူ ခွာညိုသျှားက နိုင်လိုမင်းထက် ပြောဆိုလျက်ရှိပြီး သားဖြစ်သူကလည်း မယားကို တစ်လုံးမျှ ပြန်မပြောဘဲကုပ်နေသည်ကို တွေ့ရသည့်အခါ၌ ဒေါ်လေးဆွေ့မှာ အကြီးအကျယ် ဒေါသထွက်လာခဲ့လေပြီ။ ဆွေ့ဖန်မှာ နဂိုကမှမယားကိုကြောက်ရသည့် အထဲတွင် သူ့အစေတော်ကို သွား၍ အမြှောင်ထားမိပြန်သည့်အခါ၌ ခွာညိုသျှားမှာ အမျိုးအမြင်တွင် လင်ဆိုးမယားတစ်ယောက်နှယ် ဟန်ဆောင်၍ ကောင်းနေလေ၏။ ဒေါ်လေးဆွေ့သည် မည်သူဟုပင် ချမှန်းမသိသည့်အတွက် ဘာမျှ ပြန်မပြောနိုင်ဘဲ ရှိလေ၏၊ အိမ်တွင်းရေးကိစ္စများကို မင်းကောင်း မင်းမြတ်တို့ပင် ဝင်ရောက် ဖြေရှင်းခြင်း မပြုနိုင်ဆိုသည့် စကားကဲ့သို့ သားနှင့်ချွေးမတို့ အချင်းများကြသည့်ကိစ္စကိုလည်း မည်သည့်မိဘမျှ ဝင်ရောက်ဖျန်ဖြေခြင်းမပြုနိုင် ဖြစ်လျက်ရှိလေ၏။ သို့ဖြစ်ရကား ဒေါ်လေးဆွေ့မှာ သားဖြစ်သူ ဆွေ့ဖန်ကို ဆူပူရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့ချေ။

“နင်ကလဲ ဒီလောက်တောင် အရှက်နည်းရသလားဟဲ့၊ တိရစ္ဆာန်တောင် နင့်လောက် အရှက်နည်းမှာမဟုတ်ဘူး။ ခုလဲ ကြည့်ပါဦး။ ကိုယ့်မိန်းမရဲ့ အစေတော်ကိုတောင် မရှောင်တော့ဘူး။ ခုတော့ဘယ့်နှယ်ရှိစ။ သူ့အစေတော်ကိုတောင် လက်ဝါးကြီးအုပ်ထားပြီလို့ နင့်မိန်းမက စွပ်စွဲနေပြီ မဟုတ်လား။ ဒီမျက်နှာကြီးကို လူတွေရှေ့မှာ နင်ဘယ်လိုလုပ် ပြမှာလဲဟင်။ နင့်မိန်းမကို ဘယ်သူ အင်းချထားတယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး။ ခုတော့ ဘာမဆိုင်ညာမဆိုင် တရားခံကိုမရှာဘဲနဲ့ ကိုယ့်အမြှောင်ကို မတရားသက်သက် ရိုက်လားနှက်လားလုပ်တယ်။ နင့်အကြောင်းကို ငါ သိတယ်ဟဲ့။ ခုတော့ နင်က ငါးစိမ်းမြင်လို့ ငါးကင်ကို ပစ်တယ်ပေါ့။ အသစ်ကိုမြင်လို့ အဟောင်းကို ပစ်တယ်ပေါ့၊ ဟုတ်သား။ တကယ်လို့ ယဉ်လင်းလုပ်တယ်ပဲထားဦး၊ နင်ရိုက်စရာ ဘာမှအကြောင်းမရှိဘူး။ နင် ဒီလောက်တောင်ဖြစ်နေယင် ငါ ပွဲစားတစ်ယောက်ကို ခေါ်ပြီး သူ့ကို အရောင်းခိုင်းပစ်လိုက်မယ်။ ဒီလိုတော့ နှိပ်စက်မနေနဲ့”

ထိုသို့ပြောပြီးလျှင် ယဉ်လင်းသို့လှည့်၍ “သွား၊ နင့် အဝတ်အစားတွေ၊ ပစ္စည်းတွေ သွားသိမ်းချည်” ဟု ပြောလေ၏။

ထိုနောက် အစေခံများဘက်သို့ လှည့်လိုက်ပြန်ကာ

"သွား၊ ပွဲစား တစ်ယောက်လောက်ကို သွား ရှာချည်စမ်း။ ဒီလောက်တောင် ရှိလှတာ၊ ဒီ ကောင်မကို ရတဲ့ ဈေးနဲ့ ရောင်းပစ်မယ်။ ခုတော့ အိမ်မှာ အသေးအမွှားကပ်ပြီး ရင်ဘတ်မှာ ဆူးစူးတာနဲ့ အတူတူပဲ။ သူရှိလို့ တို့မှာ ဒီလောက် ဒုက္ခသုက္ခတွေ ရောက်နေရတာ"

ဆွေဖန်သည် မည်သို့မျှမပြောဘဲ ခေါင်းကို ငုံ့နေလေ၏။ သို့ရာတွင် ချောင်းနားထောင်နေသည့် ခွာညိုသျှားသည် ပြတင်းပေါက် အဝသို့ ရောက်လာကာ

"ဒီမှာဒေါ်ဒေါ်၊ ဒေါ်ဒေါ်ဘာသာ ဒီကောင်မကို ဘယ်ရောင်းရောင်း ခွာညိုတို့ကိစ္စမဟုတ်ဘူး။ ဒါပေမယ့် ဟိုလူဒီလူကိုတော့ ဆွဲမထည့်ပါနဲ့။ ကျွန်မက အမြှောင်ထားလို့ ဆူပူနေတာမဟုတ်ဘူး။ ကျွန်မဟာ ဒီလောက် မနာလို ဝန်တိုတတ်တဲ့ မိန်းမစားလဲ မဟုတ်ဘူး။ အိမ်မှာ အသေးအမွှားကပ်ပြီး ရင်ဘတ်မှာ ဆူးစူးတယ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ ဘယ်သူက သူ့ကိုအသေးအမွှားပြောလို့လဲ၊ ဘယ်သူက ရင်ဘတ်မှာ ဆူးစူးတယ်လို့ပြောလို့လဲ။ ကျွန်မသာ မနာလိုဝန်တိုဘတ်တဲ့ မိန်းမစားဆိုယင် ကိုယ့်အစေတော်ကို သူ့ရဲ့ အမြှောင်အဖြစ် ပေးစားမလား"

ဒေါ်လေး ဆွေမှာ သူ့ကို ဈေးမက ရန်ထောင်သည့်အတွက် ဒေါသအကြီး အကျယ်ထွက်ကာ တံတွေးတစ်ချက်တွေးလိုက်ပြီး

"အလိုတော်၊ ညည်းက ငါ့ကို ဘာစကားပြောတာလဲ။ယောက္ခမက သူ့သားကို သူ့ဘာသာသူ ဆုံးမနေတာ ဈေးမက ပြတင်းဝက လာရပ်ပြီး ဘယ့်နှယ် ရန်ထောင်ရတာလဲ။ ညည်းဟာ ဂုဏ်သရေရှိ အမျိုးကောင်းသမီးဆို။ အမျိုးကောင်းသမီးက ဒီလိုပဲ အော်ကြီးဟစ်ကျယ်လုပ်ရသလားအေ့။ ကြောက်စရာပါလား"

ဆွေဖန်က ခြေကို ဆောင့်လိုက်ပြီးလျှင်

"တော်ကြပါတော့ဗျာ။ လူကြားယင် ဘယ်လောက် ရှက်စရာကောင်းသလဲ"

ခွာညိုသျှားမှာလည်း မထူးတော့ပြီဟုဆိုသော သဘောမျိုးဖြင့်

"ဘာဖြစ်သလဲ။လူတွေကြားတော့ ဘာဖြစ်သလဲ။ သောက်ဂရုစိုက်လိုတော်။ ရှင့်အမြှောင်မယားက စော်ကားချင်တိုင်း စော်ကားတာ ကျွန်မက ဒီအတိုင်းကြည့်နေရမှာလား။ဒီအတိုင်းသည်းခံနေရမှာတဲ့လား။ ရောင်းခြင်းရောင်းယင် ကျွန်မကိုရောင်းပါလား။ဘာဖြစ်လို့ ရှင့်အမြှောင်မယားကိုရောင်းနေရသေးသလဲ။ ရှင်တို့အမျိုးမှာ လာဘ်ပေးဖို့ ပိုက်ဆံတွေအများကြီးရှိတယ်ဆိုတာ လူတိုင်းသိပါတယ်ရှင့်။ လူတွေကို ပါးစပ်ပိတ်နိုင်ဖို့ အာဏာပါဝါရှိတဲ့ ဆွေမျိုးတွေရှိတယ်ဆိုတာလဲ သိပါတယ်။ ကြိုက်သလိုလုပ်ကြပါ။ ဘာဖြစ်လို့မရောင်းဘဲနေသေးသလဲ။ ကျွန်မဟာ မိန်းမကောင်းမဟုတ်ဘူးဆိုယင် ရှင်အစကတည်းက မသိဘူးလား။ ရှင့်မျက်လုံးမှာ ဘာဖုံးနေလို့လဲ။ဆိုးမှန်းသိယင် အစကတည်းက ဘာဖြစ်လို့ အိမ်ကို ရေထွက်မတတ်လာပြီးတောင်းနေရသေးသလဲ။ ခုတော့ ကျွန်မတစ်ကိုယ်လုံး ရှင်ပိုင်ပြီ။ကျွန်မလက်ဖွဲ့ရတဲ့ရွှေတွေငွေတွေကိုလဲ သုံးလို့ဖြုန်းလို့အားရပြီကိုး။ ကျွန်မကိုပစ်ချင်တော့ ဆိုးတယ်လို့ ပြောတော့မှာပေါ့။ သနားကမား အစေတော်ပါလာတာလဲ ရှင်ချမ်းသာမပေးခဲ့ဘူး မဟုတ်လား။ ဒီကကောင်မ ဖွတ်ဖွတ်ကြေတော့ စွန့်ပစ်ဒတော့မှာပေါ့"

ခွာညိုသျှားသည် သူ့ပါးကိုသူပြန်ရိုက်ပြီး မြေကြီးပေါ်တွင် လှိမ့်၍ အော်ဟစ်ငိုယိုလျက်ရှိလေ၏။

ဆွေဖန်မှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ခွာညိုသျှားကို တောင်းပန်ရမည်လော၊ ရိုက်နှက်ရမည်လောဟု ဝေခွဲမရဘဲ ဖြစ်လျက်ရှိလေ၏။ ဆွေဖန်သည် အခန်းထဲသို့ဝင်လာလိုက်၊ အခန်းထဲမှ ပြန်ထွက်သွားလိုက်လုပ်ရင်း ဆူပူကြိမ်းမောင်းလျက်ရှိလေ၏။

ထိုအတောအတွင်း၌ ပေါက်ကြည်သည် သူ့အမေဒေါ်လေးဆွေကို အိမ်သို့ပြန်ရန် ခေါ်လျက်ရှိသော်လည်း ဒေါ်လေးဆွေမှာယဉ်လင်းကိုရောင်းပစ်မည်ဟု အတင်းပြောလျက်ရှိလေ၏။

"မေမေရယ် လူကြားလို့မကောင်းပါဘူး။ပေါက်ကြည်တို့မိသားစုဟာ ကျွန်တွေကိုသာဝယ်တာ။ ကျွန်ရောင်းတယ်လို့ဘယ်မှာ ရှိဖူးလို့လဲ။

ဒီလောက်စိတ်ဆိုးနေယင် စကားတွေ မှားကုန်လိမ့်မယ်။ အပြင်လူတွေ ကြားယင် ရယ်ကြလိမ့်မယ်။ ယဉ်လင်းကို အစ်ကိုဆွေဖန်တို့ ခွာညိုတို့ မကြိုက်ယင် ပေါက်ကြည်ဆီကို ပို့လိုက်ပါ။ ပေါက်ကြည်မှာလဲ အစေတော်သိုနေတာနဲ့အတော်ပဲ”

“ဒီလောက် ဒုက္ခပေးတဲ့ ကောင်မကို ဘာဖြစ်လို့ ထားရဦးမှာလဲအေ့။ မောင်းထုတ်လိုက်ယင် ပြီးနေတဲ့ကိစ္စပဲဟာ”

“ပေါက်ကြည်နဲ့အတူနေတုန်းမှာလဲ ဒီလိုပြဿနာတွေ ရှုပ်နေယင် ပေါက်ကြည်ထိန်းပါ့မယ်။ အဲဒီဘက်ကို အသွားမခိုင်းပါဘူး။ နောက်ဘေးဆောင်မှာပဲထားပါ့မယ်။ ဒီတော့ သူ့ကိုရောင်းတာနဲ့အတူတူပဲပေါ့။ မဟုတ်ဘူးလား”

ယဉ်လင်းသည် ဒေါ်လေးဆွေ့ထံသို့ပြေးလာကာ သူ့ကို ရောင်းမပစ်ရန်၊ မလေးပေါက်ကြည်ထံတွင် နေခွင့်ပြုရန် တောင်းပန်သည်တွင် နောက်ဆုံး၌ ဒေါ်လေးဆွေ့ကလည်း သနားသောအားဖြင့် သဘောတူလိုက်လေ၏။

ထိုနောက်တွင်မူ ယဉ်လင်းသည် ပေါက်ကြည်၏ အဆောင်သို့ ပြောင်းလာခဲ့လေရာ ဆွေဖန်ကိုလင်မယားနှင့်လည်း မတွေ့ရတော့ချေ။ သို့တိုင်အောင် ယဉ်လင်းမှာ မိမိ၏ ဆိုးရွားလှသော အကြောင်းကံကို တွေးမိတိုင်း လရောင်ကိုကြည့်၍ တငိုငိုဖြစ်လျက်ရှိပြီး မီးရောင်တွင် သက်ပြင်းတချချနှင့် ရှိလေ၏။ ယဉ်လင်းသည် ဆွေဖန်နှင့် သုံးနှစ်တိုင်တိုင် နေထိုင်ခဲ့သော်လည်း ဓမ္မတာမမှန်သည့်အတွက် ပဋိသန္ဓေမရခဲ့ချေ။ ယခုတစ်ဖန် ခံပြင်းခြင်း၊ သောကရောက်ခြင်း စသည်တို့ကြောင့် ယဉ်လင်း၏ သွေးအားနည်းသည့်ရောဂါမှာ ပို၍ဆိုးလာခဲ့လေ၏။ ယဉ်လင်းမှာ ချောင်းဆိုးတိုင်း သွေးပါလာကာ အစားအသောက်ပျက်လာခဲ့လေ၏။ သမားတော်များကို ပင့်ဖိတ်၍ ကုသော်လည်း သက်သာသည်ဟူ၍ မရှိတော့ချေ။

ခွာညိုသျှားမှာမူ ခါတိုင်းလို ဆူပူ ငြူစူလျက်ရှိသဖြင့် ဒေါ်လေးဆွေနှင့် ပေါက်ကြည်တို့မှာ စိတ်ညစ်လျက်ရှိကြလေ၏။ သို့ရာတွင် ဘာမျှ

မတတ်နိုင်ပဲ ကျိတ်၍သာ ငိုနေကြရလေ၏။ ဆွေဖန်သည် အရက်မူးလာကာ နှစ်ကြိမ်သုံးကြိမ်မျှ ခွာညိုသျှားကို ရိုက်မည်နှက်မည်လုပ်သေးသော်လည်း ခွာညိုသျှားက အလျှော့မပေးဘဲ ကြိုက်သလိုရိုက်ဟု ဆိုလေ၏။ ဆွေဖန်က ဓားနှင့်ထိုးမည်ဟု ကြိမ်းမောင်းသည့်အခါတွင်လည်း သူ့ကို အသေသတ်ပါဟုဆိုကာ လည်ကို စင်းပေးလေ၏။ သို့ဖြင့် ဆွေဖန်မှာ ဘာမျှမတတ်နိုင်တော့ဘဲ တစ်ယောက်တည်း ရှုးရှုးရှားရှား ဖြစ်ရုံသာတတ်နိုင်လေ၏။ ဤသို့ ကြိမ်ဖန်များစွာ ဖြစ်လာသည့် အခါ၌ကား ခွာညိုသျှားသည် အနိုင်ယူသည်ထက်ယူလာကာ ဆွေဖန်မှာလည်း မယားကို ကြောက်သည်ထက်ကြောက်လာခဲ့လေ၏။

ခွာညိုသျှားသည် ယဉ်လင်းတစ်ယောက် အိမ်ထဲတွင် ရှိနေသမျှ ကာလပတ်လုံး စိတ်မအေးနိုင်သေးချေ။ သို့ရာတွင် လောလောဆယ်တွင် မိမိအား မည်သို့မျှ အနှောင့်အယှက်မရှိသေးသဖြင့် ထိုအတိုင်း နေခွင့်ပြုထားလေ၏။

ခွာညိုသျှားသည် ယဉ်လင်းကို ရန်မပြုသာတော့သည့် အခါ၌ ပေါက်ချန်ကို ရန်ရှာလာပြန်လေ၏။ ပေါက်ချန်မှာ ယဉ်လင်းကဲ့သို့ ခပ်အေးအေးမဟုတ်ဘဲ ခပ်စွာစွာဖြစ်သည့်ပြင် ဆွေ့ဖန်၏ အရေးပေးခြင်းကိုလည်း ခံနေရသည့် အလျောက် သခင်မဖြစ်သူ ခွာညိုသျှားကို မထီမဲ့မြင်ပြုလေ၏။ ခွာညိုသျှားက သူ့ကို အနိုင်ကျင့်သည့်အခါတွင် အလျှော့မပေးဘဲ ပြန်ပက်သဖြင့် မကြာခဏ ရန်ဖြစ်ကြလေ၏။ နောက်ပိုင်းတွင်မူ ခွာညိုသျှားသည် ဒေါသထွက်လာလျှင် ပေါက်ချန်အား ဆဲဆို ရိုက်နှက်ခြင်းပြုလေ၏။ ပေါက်ချန်သည် ပြန်၍ ရိုက်နှက်ခြင်းမပြုသော်လည်း အကြီးအကျယ် အော်ဟစ်ငိုယိုကာ မြေကြီးပေါ်တွင် လူးလိမ့်လျက် ကိုယ့်ကိုယ်ကိုယ် သတ်သေမည်ဟုဆိုကာ နေ့လယ်ဘက်ဆိုလျှင် ဓားရှာ၊ ကတ်ကြေးရှာ လုပ်တတ်ပြီး ညဆိုလျှင် ကြိုးဆွဲချ သေမည်ဟု ဆိုကာ ကြိုးကို လိုက်ရှာနေတတ်သဖြင့် တစ်အိမ်သုံးမှာ ယောက်ယက်ခတ်၍ နေလေ၏။ ဆွေ့ဖန်မှာ နှစ်ယောက်စလုံးကို မထိန်းနိုင်တော့ သဖြင့် သူတို့နှင့် မလှမ်းမကမ်းတွင် ဟိုလျှောက် သည်လျှောက်လုပ်ရင်း စောင့်၍သာ ကြည့်နေ

ရလေ၏။ သူတို့နှစ်ယောက် သတ်လား ပုတ်လား ဖြစ်လာပြီဆိုသည်နှင့် ဆွေ့ဖန်သည် အိမ်မှထွက်သွားတတ်ပြီး တော်တော်နှင့်ပြန်မလာတော့ချေ။

ခွာညိုသျှားသည် စိတ်လက်ကြည်သာ ရှိသည့် အခါများတွင် မိတ်ဆွေအပေါင်းသင်းများကိုဖိတ်၍ ဖဲကစားလေ့ရှိပေ၏။ ခွာညိုသျှားသည် ငယ်ငယ်ကလေးကတည်းက အရိုးကြိုက်တတ်သူ ဖြစ်သည့်အတွက် နေ့တိုင်း အိမ်တွင် ဘဲ၊ ကြက်စသည်တို့ကို ချက်ပြုတ်စေပြီးလျှင် အသားကို အခြားသူများအားစားစေပြီး သူကိုယ်တိုင်မှာမူအရက်ကလေးသောက်လိုက်၊ အရိုးကလေးဝါးလိုက်နှင့်နေတတ်လေ၏။ ထိုသို့ အေးအေးဆေးဆေး နေရသည်ကို ငြီးငွေ့သွားပြန်ပြီဆိုလျှင် တစ်ယောက်ယောက်ကို ရမည်ရှာကာ ဆူပူကြိမ်းမောင်းခြင်း ပြုပြန်လေ၏။

"လူဆိုးတွေအပျက်မတွေတောင် ပျော်နိုင်ကြသေးယင် ငါကော ဘာဖြစ်လို့ မပျော်နိုင်ရမှာလဲ" ဟုလည်း ပြောတတ်လေ၏။ ဒေါ်လေးဆွေ့နှင့် ပေါက်ကြည်တို့မှာမူ သူ့ကို လျစ်လျူရှုထား ရလေ၏။ ယခုအခါ၌ ဆွေ့ဖန်မှာလည်း လက်လျှော့လိုက်ကာ သဘာကမကိုနှယူမိခဲ့လေခြင်းဟု နေ့ရောညပါ နောင်တရ၍မဆုံးဖြင့်လျက် သားအမိသုံးယောက်စလုံး မကြံတတ်အောင်ဖြစ်လျက် ရှိကြလေ၏။ စံအိမ်ကြီးနှစ်အိမ်စလုံးမှ လူများကလည်း ထိုအကြောင်းကို သိနေကြသည့်တိုင် သူတို့လည်းဘာမျှ မတတ်နိုင်ဘဲ စိတ်မကောင်းရုံမျှသာ တတ်နိုင်လေ၏။

ထိုအချိန်၌ကား ပေါက်ယုမှာ ရက်တစ်ရာ အိမ်တွင်းအောင်းနေရသည့်ကာလ ကုန်ဆုံးပြီ ဖြစ်သည့်အလျောက် အပြင်သို့ထွက်နိုင်လေပြီ။ ပေါက်ယုသည် ခွာညိုသျှားကို လာ၍နှုတ်ဆက်လေရာ ခွာညိုသျှားမှာ ကောက်ကျစ်ဆိုးသွမ်းသည့်အမူအရာဆို၍ တစ်စက်မျှမရှိဘဲ အခြားသောမိန်းကလေးများနည်းတူ လှပချောမောကာချစ်စရာကောင်းလျက်ရှိသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ခွာညိုသျှား၏သတင်းများကို ကြားသည့်အခါတွင် ပေါက်ယုမှာတအံ့တဩဖြစ်ကာ နားမလည်နိုင်အောင်ဖြစ်လျက် ရှိလေ၏။

တစ်နေ့တွင် ပေါက်ယုသည်မိခင်ဖြစ်သူသခင်မဝမ်ကို သွားရောက်ဝတ်ပြုစဉ် ယင်ချွန်း၏ အစေတော်တစ်ယောက် သခင်မဝမ်ထံရောက်နေကာ ယင်ချွန်း၏ယောကျ်ား ဆွန်ရှောက်ဆူ၏အကြောင်းကို ပြောနေသံကို ကြားရလေ၏။

"အင်း၊ ကျွန်မတို့ သခင်မကလေးမျာတော့ ကံဆိုးရှာပါတယ် သခင်မကြီးရယ်။ တိတ်တိတ် သူမသိအောင် ကျိတ်ငိုရုံကလွဲလို့ ဘာတတ်နိုင်တော့မှာလဲ။ ခုလဲ အိမ်ကို ခဏလောက်ပြန်ချင်တယ်လို့ ပြောနေတယ်"

"အင်း၊ တလောတုန်းကတောင် သူ့ကိုအခေါ်လွှတ်မယ်လို့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် ငါ့မှာလဲ ကိစ္စဝိစ္စတွေနဲ့ဆိုတော့ မေ့သွားတယ်အေ။ တစ်နေ့ကတင် ပေါက်ယုဒီကိုလာတုန်းကတောင် ယင်ချွန်းကို ခဏဖြစ်ဖြစ်ပြန်ခေါ်ဖို့ ပြောသွားသေးတယ်။ မနက်ဖြန်ကာ ဥပုသ်နေ့ မဟုတ်သား။ ဒီလိုဆိုယင် သူ့ကိုအခေါ်လွှတ်လိုက်ဦးမယ်"

ထိုစဉ် မယ်မယ်ထံမှ အစေတော် တစ်ယောက် ရောက်လာကာ သခင်လေး ပေါက်ယု ကျန်းမာလာသည့်အတွက် တိန်ချိဘုံကျောင်းသို့ သွား၍ လူဖွယ်ဝတ္ထုတို့ဖြင့် ကန်တော့ရန် အမိန့်ရှိကြောင်း ပြောလေ၏။ ပေါက်ယုမှာ အပြင်သို့ ထွက်ချင်လှပြီဖြစ်ရာ ယခုကဲ့သို့ မြို့ပြင်ရှိ ဘုံကျောင်းသို့ထွက်သွား၍ ကန်တော့ရမည် ဆိုသည့်အခါတွင် ဝမ်းသာလွန်းသဖြင့် တစ်ညလုံး အိပ်၍ပင်မပျော်တော့ချေ။

နောက်တစ်နေ့မိုးသောက် အလင်းသို့ရောက်လျှင် ပေါက်ယုသည် ကိုယ်လက်သန့်စင်ကာ အဝတ်အစားလဲပြီးနောက် မိမိ၏နို့ထိန်းမိန်းမကြီး သုံးယောက်နှင့်အတူ ကရထားစီး၍ အနောက်ဘက် ဝင်းပေါက်မှထွက်၍ တိန်ချိ ဘုံကျောင်းသို့ မီးပူဇော်ရန် လာခဲ့လေ၏။ ဘုံကျောင်းတွင်မူ အမွှေးတိုင်ပူဇော်ပွဲအတွက် ယမန်နေ့ကတည်းကပင်လျှင် ကြိုတင်ပြင်ဆင်ထားနှင့်လေပြီ။ ပေါက်ယုမှာ နဂိုက ကြောက်တတ်သူဖြစ်သည့်အလျောက် ဘုရားဘုံကျောင်းထဲတွင်ရှိသည့် ကြောက်ဖွယ် ဘီလူး ရုပ်ကြီး များကို ကြည့်၍ လန့်နေလေ၏။ ထိုဘုံကျောင်းမှာ နာမည်ကြီး ဘုံကျောင်းကြီး

တစ်ဆောင်ဖြစ်သည့်တိုင် ယာဉ်မင်းဆက်က တည်ခဲ့သည့် ရှေးဘုံကျောင်းကြီးဖြစ်ပြီး ပြုပြင်သူမရှိသဖြင့် ကျောက်ဆစ်ပန်းပုရုပ်များ၊ စဉ့်ရုပ်များသည် ကွာကျ ပဲ့ရွဲ့လျက်ရှိသည်တွင် ပို၍ ကြောက်စရာ ကောင်းလျက်ရှိလေ၏။

ပန်းစက္ကူတို့ကို မီးရှို့ပူဇော်ပြီးနောက် ပေါက်ယုသည် နောက်ဘက်မှ အခန်းတစ်ခန်းထဲတွင် အနားယူလျက် ရှိလေ၏။ ပါလာသည့် စားသောက်ဖွယ်များကို စားသောက်ကြပြီးလျှင် အထိန်းတော်ကြီး လီကျေ့တို့တစ်သိုက်သည် ပေါက်ယုကို ဘုံကျောင်းဝင်းထဲသို့ လျှောက်ကြည့်ရန် ခေါ်သွားကြရာ အတန်ကြာလျှင် ညောင်းလာကြသဖြင့် ဘုံကျောင်းထဲသို့ပြန်လာပြီး နားကြပြန်လေ၏။ ပေါက်ယု အိပ်ပျော်မည်စိုးသဖြင့် အထိန်းတော်များသည်ပေါက်ယုနှင့်စကားပြောရန် ဝမ်အမည်ရှိ တာအိုကိုရင်ကြီးတစ်ပါးကို သွား၍ပင့်လာခဲ့ကြလေ၏။ ကိုရင်ကြီးဝမ်မှာ တစ်ခါက နယ်အနှံ့သွားရောက်၍ ဆေးကုပေးနေသည့် ဗိန္ဒောဆရာကြီး တစ်ဦးဖြစ်ပြီး ဆေးကုခြင်းဖြင့် အတော်အတန် စီးပွားလမ်းဖြောင့်ခဲ့သူ တစ်ဦးဖြစ်လေ၏။ ဘုံကျောင်းဝတွင်လည်း ဆေးလုံးများ၊ ဆေးဖယောင်းချက်များ၊ ဆေးမှုန့်များနှင့် ဆေးရည်အမျိုးမျိုး ရနိုင်သည်ဟု ရေးထားသည့် ဆိုင်းဘုတ်လေးတစ်ခု ကပ်ထားလေ၏။ ကိုရင်ကြီးမှာ နိန့်စံအိမ်ကြီးနှင့် ယွန့်စံအိမ်ကြီးနှစ်လုံးသို့လာ၍ ဆေးကုနေကျဖြစ်ပြီး သူ့တွင်ရှိသည့် ဆေးဖယောင်းချက်မှာ ကိုးဆယ့်ခြောက်ပါး ရောဂါတို့ကို ပျောက်ကင်းစေနိုင်သော အာနိသင်ရှိသည်ဟုပြောလေ့ရှိသည့်အတွက် ‘ဖယောင်းချက်ကိုရင်ကြီး” ဟု ခေါ်ကြလေ၏။

ဖယောင်းချက်ကိုရင်ကြီး ဘုံကျောင်းထဲသို့ ရောက်လာသည့်အခါတွင် ပေါက်ယုသည် နတင်မီးဖိုကြီး တစ်လုံးပေါ်တွင် လှဲရင်း အိပ်ငိုက်လျက်ရှိပြီး အထိန်းတော်ကြီးများက မအိပ်ရန် သတိပေးလျက်ရှိလေ၏။

“ကိုရင်ကြီး ကြွလာတာ အတော်ပဲကိုရင်ကြီး။ ကိုရင်ကြီးကပုံပြောကောင်းတယ်လို့ နာမည်ကြီးတယ် မဟုတ်လား ဘုရား။ တပည့်တော်တို့ သခင်လေးကို ပုံကလေး ဘာလေး ပြောပြပေးပါဘုရား”

ကိုရင်ကြီးက ရယ်လိုက်လျက်

“ကောင်းပါပြီ။ ကော်ရည်နဲ့ ဟင်းသီးဟင်းရွက်ကြော်တွေကို စားပြီးယင် မအိပ်ကြနဲ့ဗျ။ အိပ်ယင် ဗိုက်ထဲမှာ အစာတွေ နေလိမ့်မယ်ဗျ”

ပေါက်ယုနှင့်တကွ အထိန်းတော်များသည် ကိုရင်ကြီး စကားကြောင့် သဘောကျကာ ရယ်လိုက်ကြလေ၏။ ပေါက်ယုသည် လှဲနေရာမှထကာ အဝတ်အစားများကိုသပ်ရပ်အောင် ပြင်ဆင်လျက် ရှိလေ၏။ ကိုရင်ကြီးသည် ကျောင်းသားလေးများအား လက်ဖက်ရည် ကောင်းကောင်း ကျိုလာခဲ့ရန် ခိုင်းလိုက်လေ၏။

ပေါက်ယု၏ သူငယ်တော် မိန်ယန်းက

“တော်ပြီ ကိုရင်ကြီးဘုရား။ တပည့်တော်တို့ သခင်လေးမှာ ကိုရင်ကြီးရဲ့ ဆေးဖယောင်းချက်အနံ့တွေကြောင့် အသက်ရှူမဝနိုင်အောင် ဖြစ်နေရတဲ့အထဲမှာ ကိုရင်ကြီးရဲ့လက်ဖက်ရည်ကိုသောက်လို့ မဖြစ်ဘူး ထင်တယ်ဘုရား”

“ဆေးဖယောင်းချက်တွေက ဒီဘုံကျောင်းထဲမှာ မထားဘူးဗျ။ မင်းတို့သခင်လေး ပေါက်ယုလာမယ်ကြားလို့ ဒီဘုံကျောင်းထဲကို ငါကိုယ်တိုင် လှည်းကျင်းပြီး အမွှေးတိုင်နံ့တွေ ဘာတွေ ဖျန်းထားပြီးသားဗျ”

“ကိုရင်ကြီးရဲ့ဖယောင်းချက်တွေ ကောင်းတယ်လို့တော့ တယ်ပြီး နာမည်ကြီးတာပဲ ဘုရား။ ဒါပေမယ့် ဘယ်လို ရောဂါတွေအတွက် ကောင်းတာလဲဘုရား”

“ပြောရယင်တော့ အရှည်ကြီးပဲဗျ။ ကျုပ်ဆေးဖယောင်းချက်ထဲမှာ ဆေးအမည်ပေါင်း တစ်ရာနဲ့ချီပါတယ်ဗျ။ အဲဒီဆေးမည်တွေဟာ တကာလေးတို့မင်းညီမင်းသားတွေနဲ့ အမတ်များကို အပြန်အလှန် ကျေးဇူးပြုနေကြတဲ့အမည်တွေဗျ။ တကာလေးတို့ အိမ်သည်နဲ့ ဧည့်သည်လို အချင်းချင်း ပေါင်းစည်းနေတဲ့ ဆေးမည်တွေဗျ။ တချို့ဆေးတွေက

ဆေးပူတွေဗျ။ အချို့ဆေးတွေကတော့ ဆေးအေးတွေဗျ။ တချို့က တော့ အဖိုးတန်ဆေးတွေဗျ။ အချို့ကတော့လဲ ခပ်ပေါပေါတွေဗျ။ အဲဒီဆေးဖယောင်းချက်ကို ကပ်လိုက်လို့ရှိယင် အတွင်းက သွေး၊ ခေလ၊ သည်းခြေတို့ကို အားကောင်းစေတယ်ဗျ။ လူ့ရဲ့ခွန်အားကို ပွားစေတယ်ဗျ။ ခံတွင်းလိုက်စေတယ်ဗျ။ ကိုယ်ခံအားကို ကောင်းစေတယ်ဗျ။ အာရုံကြောများကို ငြိမ်သက်စေတယ်ဗျ။ အပူနဲ့အအေးကို မျှတစေဘယ်ဗျ။ အစာကြေခြင်းတို့ ဖြစ်စေပြီး ချွဲ သလိပ်တို့ကို ပြေ ပျောက် စေတယ်ဗျ။ အပြင်ပန်းအားဖြင့် သွေးလေအလျောက် ကောင်းစေတယ်ဗျ။ ကြွက်သားများကို ပျော့ပျောင်းစေတယ်ဗျ။ ချုပ်ပျက်သွားတဲ့ အသားအမျှင်များကိုဖယ်ရှားပေးပြီး အသားအမျှင်များကိုအသစ်တစ်ဖန်မွေးပေးတယ်ဗျ။ အအေးမိခြင်းကိုတားဆီးစေပြီးအဆိပ်အတောက်တို့ကိုလဲပြေစေတယ်ဗျ။ ဒကာလေး စမ်းကြည့်ယင် ဒီဆေးရဲ့အာနိသင်ကို ကိုယ်တွေ့ သိရမှာဗျ”

“ဆေးဖယောင်းချက်ကလေးတစ်ခုက ဒီလောက်များတဲ့ရောဂါတွေကို ပျောက်ကင်းစေနိုင်တယ်ဆိုတာ ဟုတ်ပါ့မလား ကိုရင်ကြီးရယ်။ တခြားရောဂါတွေ မပျောက်ချင်ယင်ရှိပါစေတော့။ တပည့်တော်ရဲ့စိတ်ထဲမှာရှိတဲ့ ရောဂါတစ်ခုကို ပျောက်မပျောက်ဘဲသိချင်ပါတယ်”

“ရောဂါမှန်သမျှ ပျောက်ရမယ်ဗျ။ ဒကာလေးရောဂါမပျောက်ဘူးဆိုယင် ကျုပ်ကို ပြောချင်သလောက်ပြောဗျ။ ဒကာလေး ရောဂါလက္ခဏာချက်တွေကိုသာပြောဗျ”

“ကိုရင်ကြီး မှန်းကြည့်လေ။ ကိုရင်ကြီး မှန်းကြည့်တာ မှန်ယင် ကိုရင်ကြီးရဲ့ဆေးစွမ်းကိုလဲ့ယုံမြီ”

ကိုရင်ကြီးသည် အတန်ကြာမျှ စဉ်းစားလျက်ရှိလေ၏။

“အင်း၊ ဒကာလေးက တယ်ပြီးဟန်ဆောင်တာကိုးဗျ။ ထားပါတော့ဗျာ။ ဒကာလေးရောဂါကို ကျုပ် ဆေးဖယောင်းချက်နဲ့ ကုနိုင်မှာ မဟုတ်ဘူးလို့ ပြောလိုက်ပြီဗျ”

ထိုနောက် ပေါက်ယုက လီကျေ့နှင့် အခြားသောအစေတော်များဘက်သို့လှည့်ကာ

“ကဲ ကျောင်းထဲကို တစ်ပတ်လောက်လျှောက်ကြည့်လိုက်ကြဦး။ လူများလာတော့ မွန်းပြီး အသက်ရှူရကျပ်တယ်”

ဤတွင် အစေတော်များသည် ပေါက်ယုနှင့်မိန်ယန်းတို့နှစ်ယောက်ကိုသာ ကျောင်းထဲတွင် ထားခဲ့ပြီး အပြင်သို့ တွက်လာကြလေ၏။ ပေါက်ယုသည် အိပ်ခန်းအမွေးတိုင်ကို ထွန်းပြီးနောက် သူ့ကိုယ်ပေါ်တွင်မှီရန် မိန်ယန်းအား အနီးသို့လာ၍ အထိုင်ခိုင်းလေ၏။ ကိုရင်ကြီးလည်း ဇကြံတစ်ခုရလာကာ ပြုံး၍ တင်စုံတစ်ရာကို တီးတိုးပြောလိုက်လေ၏။

“ဩော်၊ သိပြီ သိပြီ။ ခု ဒကာလေးက အရွယ်ရောက်လာပြီဆိုတော့ ခွန်အားတို့ဘာတို့ လိုချင်တယ်ထင်တယ်”

မိန်ယန်းက

“ဟာ ကိုရင်ကြီးကလဲ မဟုတ်တယုတ်တွေလျှောက်ပြောနေတယ်။ တော်ပါတော့”ဟု ပြောလိုက်၏။

ပေါက်ယုက အကျိုးအကြောင်းကိုမေးသည်တွင်

“အလကားပါ၊ ကိုရင်ကြီးမဟုတ်တယုတ်တွေပြောနေတယ်”

ဤတွင် ကိုရင်ကြီးလည်း မည်သို့မျှမပြောရဲတော့ချေ။

“ဒကာလေးပြောယင် ပိုကောင်းတာပေ”

“တပည့်တော်လိုချင်တဲ့ဆေးက ဒီပြင်ဆေး မဟုတ်ပါဘူးဘုရား။ မနာလို ဝန်တိုဘတ်တဲ့ မိန်းမတစ်ယောက်ကို ကုတဲ့ဆေးလိုချင်တာပါ”

ကိုရင်ကြီးသည် လက်ခုပ်လက်ဝါးတီးလိုက်လျက်

“ကျုပ်အရှုံးပေးပါပြီဗျ။ ကျုပ်မှာ ဒီလိုဆေးမျိုးမရှိရုံတင်မက ဘူး၊ ဒီလိုရောဂါမျိုးကိုတောင် မကြားဖူးဘူးဗျ”

"ဒီလိုဆိုယင် ကိုရင်ကြီးဆေးဖယောင်းချက်က စွမ်းလှတယ် စွမ်းလှတယ်နဲ့ ဘယ်မှာစွမ်းလို့လဲ" ဟု ပေါက်ယုကပြောလေ၏။

"ကျုပ်မှာ ကောက်ကျစ်တဲ့လူကို ကုတဲ့ ဖယောင်းချက်တော့ မရှိဘူးဗျ။ ဒါပေမယ့် ဆေးရည်တော့ ရှိတယ်။ ချက်ချင်း ယူပစ်သလိုတော့ မပျောက်ဘူး။ အချိန်တော့ကြာတယ်ဗျ"

"ဘယ်လိုဆေးရည်မျိုးလဲ ကိုရင်ကြီးရဲ့။ ဘယ်လိုသုံးရသလဲ"

"မနာလို ဝန်တိုပျောက်ဆေးကြီးလို့ ခေါ်တယ်ဗျ။ ဖော်နည်းကားကတော့ အကောင်းစားပန်းသီးတစ်လုံး၊ သကြားခဲတစ်ကျပ်သားရဲ့ ငါးပုံတစ်ပုံ၊ လိမ္မော်ခွံ ဆယ်စိတ် တစ်စိတ်ကို ရေသုံးခွက်ထည့်ပြီး သုံးခွက်တစ်ခွက် ကျအောင်ကျို။ မနက်လင်းတာနဲ့တစ်ပြိုင်နက် ဘာမှမစားခင် နေ့တိုင်းသောက်သွား။ ကြာယင်ပျောက်သွားလိမ့်မယ်ဗျ"

"ကိုရင်ကြီး ဆေးကလဲ တန်ဖိုးကလဲ ဘာမှမကျပါကလား။ ဒီလောက်နဲ့ ပျောက်ပါ့မလား"

"တစ်ခွက်နဲ့ မပျောက်ယင် ဆယ်ခွက်သောက်ဗျ။ တစ်နေ့နဲ့ မပျောက်လို့ရှိယင် နောက်တစ်နေ့ ဆက်သောက်ဗျ။ တစ်နှစ်နဲ့မပျောက်လို့ရှိယင် နောက်တစ်နှစ်ဆက်သောက်ဗျ။ ဒီဆေးထဲမှာ ပါတဲ့ပစ္စည်းတွေဟာ အန္တရာယ်ဖြစ်စေတာ တစ်ခုမှမပါဘူး။ အဆုတ်ကို အားကောင်းစေပြီး အစာကြေစေတယ်။ ချောင်းဆိုးလဲပျောက်တယ်။ သောက်လို့လဲ အရသာရှိတယ်။ ဒီဆေးကိုနှစ်တစ်ရာလောက်သောက်သွား။ သောက်နေတုန်းမှာ အိုပြီး သေသွားလိမ့်မယ်။ သေသွားတဲ့နောက်တော့ ဘယ်မှာမနာလိုတာတွေ၊ ဝန်တိုတာတွေ ရှိနိုင်တော့မလဲ။ ဒီတော့ နောက်ဆုံး ကျုပ်ဆေးဟာ ဘယ်ကလောက် အာနိသင်ရှိတယ်ဆိုတာ တွေ့လိမ့်မယ်ဗျ"

"ဟာ၊ ကိုရင်ကြီးကလဲ ကြံကြံဖန်ဖန်" ဟု ဆိုကာ ပေါက်ယုနှင့် မိန်ယန်းတို့သည် တဟားဟားရယ်လျက်ရှိကြလေ၏။

ကိုရင်ကြီးက

"ကျုပ်က တကာလေးတို့ အိပ်ချင်နေမှန်းသိလို့ အပျင်းပြေအောင် မျက်လုံးကျယ်အောင် ပြောနေတာဗျ။ တကာလေးတို့ကို ရယ်အောင် လုပ်နိုင်တယ်ဆိုတဲ့ အတွက် ဝတ္ထုကလေး ဘာလေးတောင် လူသွားကြဖို့ ကောင်းတယ်ဗျ။ အမှန်ပြောရယင်တော့ ကျုပ်ပြောနေတဲ့ ဆေးဖယောင်းချက်ဆိုတာတွေကလဲ အတုတွေဗျ။ ကျုပ်မှာ တကယ်ဆေးစွမ်းကောင်းရှိတယ်ဆိုယင် ခုလိုလာပြီး လုပ်နေပါ့မလားဗျာ၊ ကျုပ်ဘာသာကျုပ် အသက်ရှည်အောင် လုပ်နေမှာပေါ့"

လူဒါန်း ဝတ်ပြုရန် အချိန်ရောက်လာပြီဖြစ်သည့်အတွက် ပန်းစက္ကူများကို မီးရှို့ပူဇော်ရန် လှူဖွယ်ဝတ္ထုများကို လူဒါန်းရန် ပေါက်ယုကို လာခေါ်ကြလေ၏။ လူဒါန်း၍ပြီးလျှင် ပေါက်ယုလည်း အိမ်သို့ပြန်လာခဲ့လေ၏။

သူပြန်ရောက်သည့် အချိန်၌ ယင်ချွန်းမှာ အိမ်သို့ ပြန်ရောက်နှင့်လေပြီ။ သူ့ကို လိုက်ပို့သည့် ဆွန်ရှောက်ဆူ၏အိမ်မှ အစေခံများကို ကျွေးမွေးဧည့်ခံ၍ ပြန်လွှတ်လိုက်ပြီးနောက် သခင်မဝမ်နှင့် နှစ်ယောက်တည်းရှိသည့် အခါ၌ ယင်ချွန်းသည် သူကြုံတွေ့ရသည့်ဆင်းရဲဒုက္ခများကို ပြောပြလေ၏။

ယင်ချွန်းသည် ငိုရှိုက်လျက်

"ဆွန်ရှောက်ဆူဟာမိန်းမလိုက်တာရယ်၊ အရက်သောက်တာရယ်၊ ဖဲကစားတာရယ်နဲ့ပဲ အချိန်ကုန်တာပဲ ဒေါ်လေးဝမ်။ အစေတော်တွေ အခစားလုံးနဲ့ရော လင်ရှိမယားတွေနဲ့ရော တစ်ယောက်နဲ့မှ မလွတ်ကင်းဘူး။ ယင်ချွန်းက သူ့ကို သာယာညှင်းပျောင်း နှစ်ကြိမ် သုံးကြိမ် ပြောပါသေးရဲ့။ ဒီတော့ သူက ယင်ချွန်းကို မနာလိုဝန်တိုအားကြီးတယ်။ နင့်ကို နုတ်နုတ်စင်းပြီး ချဉ်ရေထဲစိမ်ပစ်ဖို့ပဲကောင်းတယ်လို့ ပြောတယ်ရှင့်။ ပြီးတော့ ယင်ချွန်းကိုတောင်းတုန်းက အဖေတို့ကို ငွေစင်ငါးပိဿာ ပေးခဲ့ရတယ်တဲ့။ ဒါတွေကို ယင်ချွန်းရဲ့မိဘတွေသုံးပစ်တယ်တဲ့။ ဒါကြောင့်အဖေတို့ဆီကို ခဏခဏလာပြီးတောင်းပါတယ်။ မရတော့ ယင်ချွန်းကို တဆူဆူ

တပ္ပုပ္ပ လုပ်တော့တာပါပဲ။ ဟဲ့ ကောင်မ၊ ခုမှ ပုပုံပန်းရုပ် မင်းသမီးပုံ ဖမ်းမနေနဲ့တဲ့။ နင့်အဖေက ငါ့ငွေတွေကို သုံးထားလိုက်တာတဲ့။ ငါ့ ငွေတွေကိုယူပြီး နင့်ကိုရောင်းလိုက်တာတဲ့။ နင်ကောင်းကောင်းမနေယင် နင့်ကိုရိုက်ပြီး အစေခံတွေနဲ့ အအိပ်ခိုင်းမယ်တဲ့။ နင်တို့အဘိုးလက်ထက်တုန်းက ငါတို့မိသားစု ချမ်းသာတာမြင်တော့ တို့နဲ့ အဆက်အသွယ်ရအောင်၊ မိတ်ဆွေဖြစ်အောင် ဘယ်လောက် ကြိုးစားရသလဲတဲ့။ ခုလို လွယ်လွယ် အဆက်အသွယ်ရတယ် ထင်သလားတဲ့။ တကယ်ကတော့ ငါက နင့်အဖေ နဲ့မှ ရှယ်တူလောက် ရှိသတဲ့။ ခု နင့်ကိုယူလိုက်တော့ ငါမှာ အောက်ကို တစ်ထစ် ပြန်ဆင်းရတာတဲ့။ ကြည့်ပါဦး ဒေါ်လေးဝမ်ရယ်။ ယင်ချွန်း ကပဲ ငွေတွေဂုဏ်တွေမက်လို့ သူ့ကိုအတင်းဖမ်းတဲ့အတိုင်းပဲ”

ယင်ချွန်းသည် ပြောရင်းငိုလျက်ရှိလေရာ သခင်မဝမ်နှင့် အခြား မိန်းကလေးများမှာလည်း သူ့စကားကိုကြားသဖြင့် မျက်ရည်မဆည်နိုင် အောင် ဖြစ်နေကြလေ၏။

“အင်း၊ ငါတူမ လင်ကံဆိုးတာပေါ့အေ။ အေးလေ၊ ယူပြီးပြီ ဆိုတော့ ဘာတတ်နိုင်တော့မှာလဲ။ ညည်းဦးကြီးကျိချိန်ကတော့ အစ ကတည်းက သဘောမတူဘူးလို့ ညည်းအဖေကိုပြောခဲ့သားပဲ။ ဒါပေမယ့် သူနားမထောင်ဘဲ သူ့သဘောနဲ့သူ လုပ်ခဲ့တာကိုး။ ခုတော့ ဒုက္ခရောက် ကုန်တာပေါ့။ ကံပေါ့ ငါ့တူမရယ်”

ယင်ချွန်းက ရှိုက်ငိုရင်း

“ကံဆိုးတိုင်း ကျွန်မက ဒီအတိုင်းနေရတော့မှာလား ဒေါ်လေး ဝမ်ရယ်။ ကျွန်မမှာ ငယ်ငယ်ကလေး ကတည်းက အမေဆုံးခဲ့ရတယ်။ ဒေါ်လေးတို့နဲ့အတူ နေရတော့ ကျွန်မမှာ အေးအေးချမ်းချမ်းနဲ့ နေခဲ့ရ တယ်။ ခုတော့ ဒေါ်လေးတို့နဲ့နေရယင် အကောင်းသား။ အားကိုးရ မလားလို့ ယောကျ်ားယူလိုက်မိကာမှ”

သခင်မဝမ်သည် ယင်ချွန်းကိုနှစ်သိမ့်ရင်း မည်သည့် နေရာတွင် နေလိုသနည်းဟု မေးလေ၏။

“ယင်ချွန်းမှာ မလေးတို့တစ်သိုက်နဲ့ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရာက ခုလိုဖြစ်သွားတော့ မလေးတို့တစ်သိုက်ကို သိပ်သတိရတာပဲ။ ယင်ချွန်းရဲ့ အဆောင်ကလေးကိုလဲ သတိရတယ်။ ယင်ချွန်းနေတဲ့ ဥယျာဉ်ထဲက အဆောင်ကလေးကို နေလိုက်ရတယ်ဆိုယင် ယင်ချွန်းသေပျော်ပါပြီ ဒေါ် လေးဝမ်။ နောင်မှာ ဒီလိုလာချင်မှ လာရတော့မှာ”

“ဒီလိုမပြောပါနဲ့အေ။ လင်မယားရကာစဆိုတာ ဒီလိုပဲဖြစ်တတ် ပါတယ်။ ညည်းစကားတွေက နမိတ်မရှိ နမာမရှိ”

သခင်မဝမ်သည် လေးညှင်းစကြာကျွန်းရှိ အဆောင်ကို ချက်ချင်း ပြင်ဆင်စေပြီး ယင်ချွန်းကိုပျော်ပျော်ထားရန်လည်း သူငယ်မကလေးများ ကို သေသေချာချာမှာလိုက်လေ၏။

ပေါက်ယုကို သခင်မဝမ်က သတိပေးသည်မှာ

“ဒီအကြောင်းကို မယ်မယ့်ကိုယောင်လို့တောင် သွားမပြောလိုက် လေနဲ့နော်။ မယ်မယ်ဆီ သတင်းပေါက်ယင်တော့ မင်းတာဝန်ပဲ”

ပေါက်ယုကလည်းမပြောဘဲနေပါမည်ဟု ကတိပေးသွားလေ၏။

ထိုနေ့ညဉ့် ယင်ချွန်းသည် သူ့အဆောင်ကလေးထဲသို့ ပြန်လာရာ ဥယျာဉ်ထဲမှမိန်းကလေးများသည် ယင်ချွန်းကိုဝမ်းသာအားရကြိုဆို နှုတ် ဆက်ကြလေ၏။ သို့ရာတွင် သုံးရက်နေပြီးသည့် နောက်ပိုင်း၌ ယင်ချွန်း သည် သခင်မဆင့်နှင့်အတူ သွားနေရလေ၏။ မယ်မယ်နှင့် ဒေါ်လေးဝမ် တို့ကို ဦးစွာနှုတ်ဆက်ပြီးနောက် ဥယျာဉ်ထဲမှ မိန်းကလေးများကို နှုတ် ဆက်သည့်အခါတွင် ယင်ချွန်းမှာ မြေမဆည်နိုင်အောင်ဖြစ်လျက် ရှိလေ သည်။ ဒေါ်လေးဝမ်နှင့် ဒေါ်လေးဆွေ့တို့က သူ့ကိုချော့မော့ဖျောင်းဖျ ကာ အခြားအိမ်များသို့လည်းသွား၍ နေထိုင်ငံ့ကြောင်း ပြောသဖြင့် ယင်ချွန်းလည်း အားလုံးစိတ်ကျေနပ်အောင် ဒေါ်လေးဆင့်တို့ အိမ်သို့ သွား၍ နေရလေ၏။ မျာမကြာပဲ ဆွန်ရှောက်ဆူသည် သူ့မိန်းမကို လာ ခေါ်လေရာ ယင်ချွန်းသည် လင်ဆိုးနောက်သို့ မလိုက်လို သော်လည်း သောကကို အနိုင်နိုင် ချုပ်တည်းကာ အားလုံးကို နှုတ်ဆက်ပြီးနောက် လိုက်ပါသွားရလေ၏။

ဒေါ်လေးဆင့်မှာမူကား ယင်ချွန်းကို သနားကရုဏာ မရှိသည့်အလျောက် ယောကျ်ားနှင့်အဆင်ပြေခြင်း ရှိမရှိ၊ သို့မဟုတ် အိမ်တွင်းရေး အခြေအနေကောင်း မကောင်းစသည်တို့ကို မေးမြန်းခြင်းပင် မပြုဘဲ ယင်ချွန်းကို ဝတ်ကျေတမ်းကျေမျှသာ လက်ခံကြိုဆိုခြင်း ပြုလေ၏။

နောက် မည်သို့ဖြစ်သည်ကို သိလိုလျှင် နောက်တစ်ခန်းကိုဖတ်ပါလေ။

樓夢

မြသန်းတင့်

ခန်းဆောင်နီအိပ်မက်

A DREAM OF RED MANSIONS

TSAO HSUEH CHIN
& KAO NGO

(ဆဋ္ဌမတွဲ)

အတဲ၊၆၊